# ဝေဖန်ပိုင်းခြားစဉ်းစားသောစာသင်ခန်းအတွက် သင်ကြားခြင်းနှင့်သင်ယူခြင်းနည်းလမ်းများ




**ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်း (RWCT)**

**သင်တန်းများအတွက်**

**မြန်မာနိုင်ငံသားများ ဆရာအတတ်ပညာသင်တန်းမှ ဘာသာပြန်ဆိုထုတ်ဝေသည်။**

မူရင်းအင်္ဂလိပ်ဘာသာစာအုပ်ကို ထုတ်ဝေသူ
The International Debate Education Association
400 West 59 th Street
New York, NY 10019
USA

Copyright © 2005 Open Society Institute
ISBN: 1 - 932716 - 11 - 4
978 - 1 - 932716 - 11 -5

မြန်မာဘာသာပြန်စာအုပ်ကို ထုတ်ဝေသူ
Teacher Training Centre For Burmese Teachers (TTBT)
PO Box 6, Chiang Mai University
Chiang Mai 50202
Thailand

www.educationburma.org
www.educationburma.net

Copyright © 2006 TTBT

# မာတိကာ


ဘာသာပြန်ဆိုသူများ၏အမှာစာ
စာရေးသူများ၏အမှာစာ

**အပိုင်း(၁)။ တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၏မူများ**
အကျိုးအဖြစ်ထွန်းဆုံး သင်ကြားမှု ................................. ၁
တက်ကြွစွာသင်ယူခြင်းအတွက် ပို့ချချက်ကိုစုစည်းခြင်း..................... ၁
ဝေဖန်ပိုင်းခြားစဉ်းစား၍တွေးခေါ်ခြင်း ................................. ၄
စာသင်ခန်းပတ်ဝန်းကျင် ......................................... ၈
ဤသင်ယူမှုအစီအစဉ်ကို အကျိုးအများဆုံးရှိအောင်မည်သို့ပြုလုပ်မည်နည်း ........... ၁၀

**အပိုင်း(၂)။ သင်ကြားနည်းများနှင့်နည်းဗျူဟာများ** ......................... ၁၁
ပင်မကျောရိုးသင်ခန်းစာများနှင့် ယင်းတို့ကိုဖတ်ရှုနည်း......................... ၁၁

**ပထမကျောရိုးသင်ခန်းစာ။ ဖတ်စာအုပ်မှသတင်းအချက်အလက်ကို သင်ယူခြင်း** ........ ၁၄
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........................................ ၁၄
**သင်ခန်းစာ** .................................................. ၁၄
**နည်းလမ်းများ**................................................. ၂၅
ခြုံငုံသုံးသပ်ခြင်း .......................................... ၂၅
သိပြီး – သိလို – သိလာ ..................................... ၂၆
နှစ်ယောက်တွဲစာဖတ်ခြင်း / နှစ်ယောက်တွဲအကျဉ်းချုံးခြင်း ................. ၂၈
တန်ဖိုးမျဉ်း ................................................ ၃၀
အမြန်ရေးချနည်း ............................................. ၃၁
**မူကွဲများနှင့် အခြားဆက်နွယ်သောနည်းများ** ......................... ၃၂
ဘာလဲ၊ ဒီတော့ ဘာဖြစ်လဲ၊ ယခုကော .............................. ၃၂
အကြံဉာဏ်ထုတ်ခြင်း ......................................... ၃၃
နှစ်ဦးတွဲအကြံဉာဏ်ထုတ်ခြင်း ................................... ၃၄
မေးခွန်းသင်ပုန်း ............................................. ၃၅
မေးခွန်းရှာဖွေခြင်း........................................... ၃၆

**ဒုတိယကျောရိုးသင်ခန်းစာ။ ဇာတ်လမ်းဖတ်စာကို နားလည်ခြင်း**.................. ၄၀
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........................................ ၄၀
**သင်ခန်းစာ** .................................................. ၄၀
**နည်းလမ်းများ**................................................. ၄၈
လမ်းညွှန်မှုဖြင့် စာဖတ်ခြင်းနည်း ..................................... ၄၈

**မူကွဲများနှင့် အခြားဆက်နွယ်သောနည်းများ** ........ ၅၁
လမ်းညွှန်မှုဖြင့်စဉ်းစား၍ စာဖတ်ခြင်းနှင့်ကားချပ် ........ ၅၁
**တတိယကျောရိုးသင်ခန်းစာ။ စုပေါင်းသင်ယူခြင်း** ........ ၅၄
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........ ၅၅
**သင်ခန်းစာ** ........ ၅၅
**နည်းလမ်းများ** ........ ၆၂
ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ ........ ၆၂
သင်္ကေတမှတ်၍ စာဖတ်ခြင်း ........ ၆၃
ဂျစ်ဆောလုပ်ဆောင်ချက် ........ ၆၄
**မူကွဲများနှင့် အခြားဆက်နွယ်သောနည်းများ** ........ ၆၇
စုပေါင်းအဖွဲ့များအတွင်းမှ အခန်းကဏ္ဍများ ........ ၆၇
လူမှုအသိုင်းအဝိုင်း၏ သဘောတူညီမှုများ ........ ၆၈
ဘောပင်များကို အလယ်မှာချနည်း ........ ၇၀
လှည့်သွား – လိုက်ပြော ........ ၇၁
တစ်ကောင်နေ – သုံးကောင်ပျံ ........ ၇၂
ပညာရှင်များငြင်းခုံဆွေးနွေးခြင်း ........ ၇၄
ပြဿနာတစ်ခုကို လဲလှယ်ခြင်း ........ ၇၅
ဆွေးနွေးခန်းများမှ အထူးကဏ္ဍများ ........ ၇၆
အခြားဘာသာရပ်များအတွက် ဆွေးနွေးရန်ကဏ္ဍများ ........ ၇၉
အပြန်အလှန်မေးမြန်းခြင်းနည်း ........ ၈၀
စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း ........ ၈၁
အပြန်အလှန် သင်ကြားခြင်း ........ ၈၂
**သွေးပူလေ့ကျင့်ခန်းအပေါ် အာရုံစိုက်ခြင်း** ........ ၈၄
ထူးခြားချက်ရှိသူကို ရှာဖွေခြင်း ........ ၈၄
လျှို့ဝှက်သော စွမ်းရည်များ ........ ၈၅
အမှန်နှစ်ခု၊ အမှားတစ်ခု ........ ၈၅
ပင့်ကူအိမ်ဖွဲ့ခြင်း ........ ၈၅
အချစ်ရေ – ချစ်လိုက်တာ ........ ၈၅
ကျွန်ုပ်ကို စကားပြောပါ ........ ၈၆
မှန်ရေ မော့ကြည့်ပါ ........ ၈၇

**စတုတ္ထကျောရိုးသင်ခန်းစာ။ ဆွေးနွေးခန်းကိုပြုလုပ်ခြင်း** ........ ၈၉
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........ ၈၉
**သင်ခန်းစာ** ........ ၈၉
**နည်းလမ်းများ** ........ ၁၀၄
ဝေါဟာရများကို အခြေပြု၍ခန့်မှန်းခြင်း ........ ၁၀၄
လမ်းညွှန်မှုဖြင့် စဉ်းစား၍ နားထောင်ခြင်း ........ ၁၀၅

ဖလှယ်စူးစမ်းခြင်းနည်းဖြင့် ချဉ်းကပ်ခြင်း .............................. ၁၀၆
ဆွေးနွေးပွဲကွန်ယက် .............................................. ၁၁၀
**မူကွဲများနှင့်အခြားဆက်နွယ်သောနည်းများ** .............................. ၁၁၂
စကားရည်လုပွဲများ .............................................. ၁၁၂
နောက်ဆုံးစကားပြောခွင့်ပေးပါ ....................................... ၁၁၄

**ပဉ္စမကျောရိုးသင်ခန်းစာ။ စာရေးခြင်းနှင့်စုံစမ်းမေးမြန်းခြင်း** ...................... ၁၁၇
ဤသင်ခန်းစာကိုဖတ်ရှုနည်း ............................................ ၁၁၇
**သင်ခန်းစာ** ....................................................... ၁၁၈
**နည်းလမ်းများ** .................................................... ၁၂၈
သတင်းအချက်အလက်ရှာဖွေနည်း လုပ်ငန်းစဉ် ............................ ၁၂၈
သတင်းအချက်အလက်များရှာဖွေရာ၌ စုံစမ်းမေးမြန်းရန် စာတမ်းပုံစံ ........... ၁၃၁
စာရေးနည်းသင်ကြားရန်အခြားနည်းလမ်းများ ............................. ၁၃၂
**မူကွဲများနှင့်အခြား ဆက်နွယ်သောနည်းများ** ............................ ၁၃၅
လူမှုရေးလုပ်ငန်းလက်တွေ့လုပ်ခြင်းဖြင့် သင်ယူခြင်း ........................ ၁၃၅

**ဆဋ္ဌမကျောရိုးသင်ခန်းစာ။ လက်ခံနိုင်ဖွယ်ဖြစ်အောင် စာရေးခြင်း** .................... ၁၄၀
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........................................... ၁၄၀
**သင်ခန်းစာ** ....................................................... ၁၄၀
**နည်းလမ်းများ** .................................................... ၁၄၇
လက်ခံနိုင်ဖွယ်ဖြစ်အောင် စာရေးခြင်း ................................... ၁၄၇
**မူကွဲများနှင့်အခြားဆက်နွယ်သောနည်းများ** .............................. ၁၄၉
သင်ယူရန် စာရေးခြင်း ............................................... ၁၄၉
**အခြားစာရေးနည်းများအပေါ် အာရုံစိုက်ခြင်း** ............................ ၁၅၀
အမြန်ရေးချနည်း ................................................... ၁၅၀
လက်တန်းစာအလွတ်ရေးနည်း .......................................... ၁၅၁
နှစ်ပိုင်းပါ မှတ်တမ်းရေးနည်း ......................................... ၁၅၁
သင်ယူမှုအခြေပြဇယား .............................................. ၁၅၂

**သတ္တမကျောရိုးသင်ခန်းစာ။ အချေအတင်အဆိုများကို နားလည်ခြင်း** .................. ၁၅၅
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........................................... ၁၅၅
**သင်ခန်းစာ** ....................................................... ၁၅၅
**နည်းလမ်းများ** .................................................... ၁၆၄
M ကားချပ် ........................................................ ၁၆၄
အချေအတင်အဆိုများအပေါ် အာရုံစိုက်သောသင်ခန်းစာ ........................ ၁၆၅
**မူကွဲများနှင့်အခြားဆက်နွယ်သောနည်းများ** .............................. ၁၆၆
ဝတ္ထုဇာတ်လမ်းများကို ဝေဖန်သုံးသပ်ခြင်း ................................ ၁၆၆

**အဋ္ဌမကျောရိုးသင်ခန်းစာ။ ဝေဖန်ပိုင်းခြား၍နားထောင်ခြင်း** ......................... ၁၆၉
ဤသင်ခန်းစာကို ဖတ်ရှုနည်း ........................................... ၁၆၉
**သင်ခန်းစာ** ....................................................... ၁၆၉

**နည်းလမ်းများ** ............................................ ၁၇၈
စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးပွဲနှင့် M – ကားချပ်ကို ..................... ၁၇၈
အသုံးပြုသောအထူးပြင်ဆင်ထားသည့် သင်ခန်းစာ
**မူကွဲများနှင့်အခြားဆက်နွယ်သောနည်းများ** ............................ ၁၈၁
ဆိုကရေးတီး၏ မေးခွန်းမေးနည်း ........................................ ၁၈၁

**အပိုင်း(၃)။ သင်ခန်းစာပြင်ဆင်ခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း** ............... ၁၈၄
**၁။ သင်ခန်းစာပြင်ဆင်ခြင်း** ............................................ ၁၈၄
စစ်မှန်မှု၊ ရွေးချယ်မှုနှင့်လုပ်ငန်းတူလုစု ................................. ၁၈၄
နည်းပြရန် ပြင်ဆင်ခြင်း ................................................ ၁၈၆
သင်ခန်းစာတစ်ခုချင်းကို ပြင်ဆင်ခြင်း .................................... ၁၈၆
ပဏာမပြင်ဆင်မှုများ ................................................. ၁၈၆
လက်တွေ့လုပ်ဆောင်ချက်များ ............................................ ၁၈၇
စီမံခန့်ခွဲမှုဆိုင်ရာများ ................................................. ၁၈၈
အကြောင်းအရာခေါင်းစဉ်တစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်း ...................... ၁၉၀
အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းတွင်လုပ်ဆောင်ရန်အဆင့်များ .. ၁၉၃
အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်းနမူနာသင်ခန်းစာ ............. ၁၉၆
**၂။ အကဲဖြတ်စစ်ဆေးခြင်း** ............................................ ၁၉၈
ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် တက်ကြွစွာသင်ယူခြင်းကို အကဲဖြတ်စစ်ဆေးခြင်း .. ၁၉၈
တက်ကြွစွာသင်ယူသည့် ပတ်ဝန်းကျင်တွင် အကဲဖြတ်စစ်ဆေးခြင်း ............... ၁၉၉
တက်ကြွစွာသင်ယူစဉ်တွင် အကဲဖြတ်စစ်ဆေးခြင်းကို လွယ်ကူအောင် ........... ၂၀၁
လုပ်နည်းအဆင့်ဆင့်
ရေးသားထားသည့်စာများမှတဆင့်ကျောင်းသားများ၏ ......................... ၂၀၄
စဉ်းစားမှုအရည်အချင်းကို အကဲဖြတ်စစ်ဆေးခြင်း
စည်းမျဉ်းများ ရေးသားပြုစုခြင်း ........................................... ၂၀၆
ဆရာများ မိမိကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း ................................ ၂၀၇

**အပိုင်း(၄)။ ဘာသာရပ်နယ်ပယ်အတွင်းနှင့်ဘာသာရပ်နယ်ပယ်ကို ကျော်လွန်၍** ......... ၂၀၉
**သင်ကြားခြင်း**
၁။ စာပေလေ့လာခြင်း ................................................... ၂၀၉
၂။ သင်္ချာ ............................................................ ၂၁၉
၃။ သိပ္ပံ ............................................................. ၂၂၄
၄။ အနုပညာ .......................................................... ၂၃၀
၅။ ဘာသာရပ်တစ်ခုထက်မက တွဲ၍သင်ကြားခြင်း ............................. ၂၃၄
၆။ တက်ကြွစွာသင်ယူမှုကို ကိုယ်တိုင်ပြုလုပ်ခြင်း ............................. ၂၄၀

**နောက်ဆက်တွဲ(၁)။ ကျောင်းသားနှင့်ဆရာ၏ လုပ်ဆောင်ချက်အတွက်** ............... ၂၄၃
**စံထားချက်များနှင့်စည်းမျဉ်းများ**
၁။ ကျောင်းသားအတွက် စံထားချက်များနှင့်စည်းမျဉ်းများ ...................... ၂၄၃
၂။ ဆရာအတွက် စံထားချက်များနှင့်စည်းမျဉ်းများ ............................ ၂၄၉

**နောက်ဆက်တွဲ(၂)။ ဆွေးနွေးရန် ဖတ်စာများ** .............................. ၂၅၂
ဆင်များနှင့်တောင်သူများ .............................. ၂၅၂
တစ်သျှီလင် .............................. ၂၅၃
ကိုလံဘတ်ကို သတိရခြင်း .............................. ၂၅၅
အိုင်ဗင်နှင့်ဖျံအရေခွံ .............................. ၂၅၇
ဂျက်နှင့်ပဲနွယ်ပင် .............................. ၂၅၉
ဆေးလိပ်သောက်သူများအတွက် ကြားနာကြစို့ .............................. ၂၆၂
ကမ္ဘာ့လေထုကိုအပူချိန်မြင့်တက်စေသည့်ဓါတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရန် .............................. ၂၆၃
ချုပ်ဆိုထားသည့်ကျိုတိုသဘောတူညီချက်ကိုဆန့်ကျင်ပြောဆိုသည့် ဟောပြောပို့ချမှုအကျဉ်း
ဘာမထီဆိတ်သုံးကောင် .............................. ၂၆၅

**ဝေါဟာရအဓိပ္ပါယ် ဖွင့်ဆိုချက်** .............................. ၂၆၆
**မှီငြမ်းသည့်စာအုပ်စာတမ်းများ** .............................. ၂၇၃

## ဘာသာပြန်ဆိုသူများ၏အမှာစာ

ဤစာအုပ်ကို မြန်မာနိုင်ငံသားများ ဆရာအတတ်ပညာသင်တန်း(TTBT) မှတာဝန်ယူပြန်ဆိုပါသည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်အခြေစိုက်သော မြန်မာနိုင်ငံသားများ ဆရာအတတ်ပညာသင်တန်းသည်RWCT သင်တန်းများကို ၂၀၀၂ခုနှစ်တွင် စတင်ပို့ချခဲ့ပါသည်။ သင်တန်းစတင်သည့်နှစ်တွင်RWCT အစီအစဉ်များနှင့်နည်းစနစ်များကို စတင်ရေးဆွဲခဲ့သူများထဲမှProf. Jeannie Steele နှင့် Prof. Kurt Meredith ၊ နိုင်ငံတကာစေတနာ့ဝန်ထမ်းဆရာများဖြစ်သည့်Prof. Karin Dahl နှင့် Prof. Terry McEachern တို့လာရောက်သင်ကြားပို့ချပေးပါသည်။ အဆိုပါ ဆရာများသည် ထိုင်းနိုင်ငံသို့နှစ်စဉ်လာရောက်၍ သင်တန်းပို့ချခြင်း၊ အကြံဉာဏ်များပေးခြင်းပြုလုပ်ပါသည်။ သင်တန်းများစတင်သည့် ပထမနှစ်နှစ်တွင် နိုင်ငံတကာစာဖတ်အသင်းနှင့်OSI တို့မှ စီမံခန့်ခွဲမှုနှင့်ငွေကြေးအကူအညီပေးပါသည်။ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများ ဆရာအတတ်ပညာသင်တန်းသည်RWCT နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (RWCT International Consortium) တွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံသားများ ဆရာအတတ်ပညာသင်တန်း၊ ချင်းမိုင်မြို့သင်တန်းမှRWCT သင်တန်းဆင်း (၁၀၀) ကျော်နှင့် ချင်းမိုင်သင်တန်းဆင်းများက ဆင့်ပွားပို့ချသည့်သင်တန်းများမှ သင်တန်းဆင်း (၁၀၀၀)ကျော် မွေးထုတ်ခဲ့ပါသည်။ အဆိုပါRWCT သင်တန်းဆင်းဆရာများမှ စာသင်ခန်းများတွင် ကျောင်းသားကျောင်းသူ (၂၀၀၀၀)ကျော်ကို ဝေဖန်ပိုင်းခြားစဉ်းစားသည့်နည်းစနစ်များဖြင့် သင်ယူရန်အခွင့်အလမ်းများ ရရှိစေခဲ့ပါသည်။

မြန်မာနိုင်ငံစာသင်ကျောင်းများသည် အစဉ်အလာအားဖြင့် ဆရာဗဟိုပြုသောသင်ကြားနည်းစနစ်များနှင့် အလွတ်ကျက်မှတ်သည့်နည်းစနစ်များကို ကျင့်သုံးခဲ့ရာမှ ကျောင်းသားများကိုယ်တိုင် မိမိတို့၏သင်ယူမှုကို ဦးဆောင်သော၊ သင်ယူမှုတွင်တက်ကြွစွာပါဝင်၍ ဝေဖန်ပိုင်းခြားစဉ်းစားသောစာသင်ခန်းများအဖြစ် ပြောင်းလဲလာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲနေပြီဖြစ်ရာ RWCT နည်းစနစ်များသည် ဒီမိုကရေစီနည်းကျ ပညာရေးပြုပြင်ပြောင်းလဲမှုများကို စာသင်ခန်းမှစတင်၍ကျင့်သုံးရန် အားပေးကူညီပါသည်။ ကျောင်းသားတစ်ဦးချင်းအနေဖြင့်လည်း မိမိတို့သင်ယူလေ့ကျင့်သောအတတ်ပညာများသည် မိမိတို့၏ကိုယ်ပိုင်ဖြစ်စေပြီး ရာသက်ပန်သင်ယူမှုကိုလည်း ကျင့်သားရစေပါသည်။ RWCT နည်းစနစ်များကြောင့် ကျောင်းသားများသည် တစ်ဦးချင်းအကျိုးစီးပွားမှ အများ၏အကျိုးစီးပွားကို ကြည့်မြင်တတ်လာပါသည်။ ရှုထောင့်အမြင်တစ်မျိုးတည်းကြည့်မြင်လေ့ရှိရာမှ ရှုထောင့်အသီးသီးမှကြည့်မြင်တတ်လာပါသည်။

အထက်ပါအကျိုးကျေးဇူးများကိုဖြစ်စေသည့် RWCT နည်းစနစ်များကို စတင်ခဲ့သူများ၊ ထောက်ပံ့အားပေးခဲ့သူများကို အထူးကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ ထို့ပြင် ဤ 'ဝေဖန်ပိုင်းခြားစဉ်းစားသော စာသင်ခန်းများအတွက် သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းလမ်းများ' ကို ရေးသားပြုစုသည့် ဆရာများကိုလည်း ကျေးဇူးတင်ပါသည်။ ဤစာအုပ်သည် နိုင်ငံပေါင်း(၂၀) ကျော်တွင် နှစ်အတော်ကြာရရှိခဲ့သည့် RWCTအတွေ့အကြုံများကို အခြေခံပြုစုထားပြီး နည်းစနစ်အသစ်များကိုဖြည့်သွင်းလျက် ရှင်းလင်းစွာ ရေးသားထားသောကြောင့် များစွာအကျိုးရှိပါသည်။

အထူးသဖြင့် ဤစာအုပ်အား ဘာသာပြန်ဆိုခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ ထပ်မံပြန်ဆိုခြင်း၊ ကွန်ပြူတာဖြင့်စာစီစိုရိုက်ခြင်း၊ စာအုပ်အဖြစ်ထွက်ပေါ်လာရန်ပြင်ဆင်ခြင်းတို့ကို စိတ်ရှည်ကျွမ်းကျင်စွာဆောင်ရွက်ခဲ့ကြသည့်RWCT မိသားစုဝင် ဆရာ၊ ဆရာမများ ဖြစ်ကြသော ဦးအောင်ကိုဦး၊ ဦးကောင်းညွန့်၊ ဦးကျော်ကျော်မင်းထွဋ်၊ ဒေါ်ဟောင်းစိုင်း၊ ဒေါက်တာ ခါလွှမ်း နှင့် ဒေါက်တာ သိန်းလွင်တို့ အားကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ဘာသာပြန်ဆိုရာတွင် စကားလုံးရွေးချယ်မှုများ၊ သဒ္ဒါအသုံးအနှုန်းများကို အကြံဉာဏ်ပေးခဲ့ကြသည့် စာရေးဆရာမ ဒေါ်မေငြိမ်း၊ ဦးသိန်းဝင်း၊ စိုင်းဆိုင်လိတ်ခမ်းနှင့် ဒေါ်နန်းလုံ တို့အားလည်းကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်အား မြန်မာဘာသာဖြင့် ထုတ်ဝေရန်အတွက် ခွင့်ပြုချက်ပေးအပ်ပြီး ငွေကြေးထောက်ပံ့ကူညီခဲ့သော OSI အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဘာသာပြန်ဆိုနေစဉ်အတွင်း မရှင်းလင်းသည့်အချက်များကို မူလစာရေးဆရာများထံမေးမြန်းခဲ့ပါသည်။ ပြန်လည်ဖြေကြားပေးသော Prof. Alan Crawford အား ကျေးဇူးတင်ရှိကြောင်း ထပ်မံဖော်ပြလိုပါသည်။ သို့ရာတွင် ဘာသာပြန်ဆိုရာ၌ ဘာသာစကားအခက်အခဲနှင့် ဘာသာရပ်ဆိုင်ရာတတ်ကျွမ်းနားလည်မှု အားနည်းချက်များကြောင့် အဓိပ္ပါယ်ကောက်ယူမှုများနှင့် ပြန်လည်ဖော်ပြချက်များတွင် အမှားအယွင်းများရှိနိုင်ပါသည်။ အမှားအယွင်းနှင့်ချို့ယွင်းချက်များတွေ့ရှိပါက ဝေဖန်ထောက်ပြစေလိုပါသည်။

မြန်မာနိုင်ငံဒေသအသီးသီးနှင့် အရှေ့တောင်အာရှနိုင်ငံများတွင်RWCT သင်တန်းများပို့ချလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။


မြန်မာနိုင်ငံသားများ ဆရာအတတ်ပညာသင်တန်း

PO Box 6, Chiang Mai University, Chiang Mai 50202,Thailand

Email : edubur@gmail.com

www.educationburma.net

www.educationburma.org

# စာရေးသူများ၏အမှာစာ

ကျောင်းဆရာများသည် ဆွဲဆောင်မှုရှိသောသင်ကြားခြင်းနှင့် တက်ကြွစွာသင်ယူခြင်းတို့ကို နားလည်သဘောပေါက်ကြပါသည်။ ကျောင်းသားများအား မေးခွန်းများမေးရန်နှင့် အဖြေများရှာဖွေရန်ပြဿနာများဖြေရှင်းရန်အလို့ငှာ သင်ယူခဲ့သည်များကိုအသုံးချရန်၊ တစ်ဦးနှင့်တစ်ဦးနားထောင်ရန်နှင့် အယူအဆများကို ယဉ်ယဉ်ကျေးကျေး အပြုသဘောဆွေးနွေးဖြေဆိုကြရန် သင်ကြားခြင်းသည် ကျောင်းသားများဘဝတစ်လျှောက်လုံးသုံးပြုနိုင်ရန်ဖြစ်သည်။ သို့ရာတွင် ဤအရာများကို အရေးကြီးသည်မှာ နားလည်ခြင်းသည် ဘာသာရပ်များ များပြားကျပ်သိပ်နေသည့် သင်ရိုးညွှန်းတမ်း၊ တိုတောင်းသောစာသင်ချိန်၊ များပြားသော ကျောင်းသားများနှင့် စာသင်ခန်းအတွင်းလက်တွေ့ပြုလုပ်ရန် နားလည်ခြင်းတို့သည် တူညီမှုမရှိပါ။

ဝေဖန်ပိုင်းခြားစဉ်းစားသောစာသင်ခန်းအတွက် သင်ကြားခြင်းနှင့်သင်ယူခြင်းနည်းလမ်းများ (စဉ်းစားသောစာသင်ခန်း) ကို ပို့ချသောဆရာမြှင့်တင်ရေးအစီအစဉ်သည် နက်နက်နဲနဲသင်ယူရန်အတွက် ကျောင်းများတွင်လိုအပ်ချက်များကို ဖြည့်ဆည်းရန် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ဤသင်ယူခြင်းသည် ဘဝတစ်သက်တာသင်ယူခြင်း(life-long learning)ဖြစ်ပြီး၊ ကျောင်းသားများသည် ကျောင်းသားကောင်းများဖြစ်ရုံမျှမက လူ့အဖွဲ့အစည်းကိုအကျိုးပြုသူများဖြစ်လာရန် အဆိုပါ နည်းလမ်းများကို အသုံးပြုနိုင်သည်။ ထို့ပြင် ဆရာတစ်ဦးကတောင်းဆိုသည့် လက်တွေ့လုပ်ဆောင်ရန်အသေးစိပ်နည်းလမ်းများ(small ideas)ကို သင်ကြားရန်အလို့ငှာ ပေါ်ထွက်လာခြင်းလည်းဖြစ်သည်။ စိတ်ကူးကြီးများ (big ideas) ဆိုသည်မှာ တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းတို့သည် အဘယ်မျှအရေးကြီးကြောင်းကို မြင့်မြင့်မားမားကြေညာထားခြင်းဖြစ်သည်။ လက်တွေ့လုပ်ဆောင်ရန်အသေးစိပ်နည်းလမ်းများ (small ideas) သည် တကယ့်စာသင်ခန်းတွင် တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းတို့ကို လက်တွေ့သင်ကြားပေးခြင်း ဖြစ်သည်။

စဉ်းစားသောစာသင်ခန်း (Thinking Classroom) သည် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်း (RWCT) မှထွက်ပေါ်လာခြင်းဖြစ်သည်။ ဤစာအုပ်ကို ရေးသားသူများသည်RWCT စီမံကိန်းတွင် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့ကြသည်။ RWCT သည် နိုင်ငံပေါင်း (၂၉) ခုတွင် ဆရာပေါင်း (၄၀၀၀၀)ကျော်နှင့်ဆောင်ရွက်ခဲ့သည်။RWCT အစီအစဉ်ကို Jeannie Steele, Charles Temple, Scott Walter နှင့် Kurt Meredithတို့ကပုံစံထုတ်ပေးခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ယူကေနှင့် ဩစတြေးလျတို့မှ စေတနာ့ဝန်ထမ်းသင်တန်းဆရာ (၇၀)ကျော်တို့က အကောင်အထည်ဖော်ခဲ့ကြသည်။ နိုင်ငံပေါင်း(၂၉)ခုတွင် လက်မှတ်ရသင်တန်းပို့ ချသူဆယ်ဆတိုးပွားခဲ့သည်။ သင်တန်းပို့ချသူများကို နိုင်ငံတကာစာဖတ်အသင်း (IRA) က ရွေးချယ်စုဆောင်းပြီး စီမံခန့်ခွဲမှုအကူအညီ ပေးခဲ့သည်။ George Soros ၏ပွင့်လင်းသောလူ့အဖွဲ့အစည်း(OSI) မှ ငွေကြေးထောက်ပံ့ကူညီခဲ့သည်။ ကမ္ဘာတဝှမ်းလုံးရှိOSI ရုံးပေါင်း ၂၉ခုတို့မှRWCT စီမံကိန်းအတွက်နေရာဖန်တီးပေးခဲ့သည်။ RWCT စီမံကိန်းအတွင်းမှ ဆရာများနှင့်ကျောင်းသားများ၏ အဆိုအမိန့်များကို ဤစာအုပ်တစ်လျှောက်လုံး ကိုးကားဖော်ပြထားပါသည်။

စဉ်းစားသောစာသင်ခန်း (Thinking Classroom) အစီအစဉ်အတွက် ပို့ချသောဆရာများသည် ကမ္ဘာ့နေရာအနှံ့အပြားသို့သွားရောက်နိုင်ကြသည်။

ဥရောပနှင့် အာရှအလယ်ပိုင်းသင်တန်းများအတွက်RWCT အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အောက်ပါပုဂ္ဂိုလ်များမှတဆင့် ဆက်သွယ်နိုင်ပါသည်။

Daiva Penkauskiene < daiva.dc@vpu.lt >

(သို့မဟုတ်)

Maria Kovacs < mkovacs_rwct_ro@yahoo.com >

ကမ္ဘာ့အခြားဒေသသင်တန်းများအတွက်

Critical Thinking International, Inc. < info@criticalthinkinginternational.org >

# အပိုင်း ၁
# တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းမှုများ

## အကျိုးအဖြစ်ထွန်းဆုံးသင်ကြားမှု

များစွာသောကျောင်းဆရာ၊ ဆရာမတို့သည် ဝေဖန်ပိုင်းခြားစဉ်းစားရန်အတွက် စာဖတ်ခြင်းနှင့်စာရေးခြင်းကို အထောက်အကူပြုရန် သူတို့၏ကျင့်သုံးမှုများကိုပြောင်းလဲရန် ရှာဖွေနေကြသည်။ သူတို့သည် သူတို့၏ကျောင်းသားများကို သင်ခန်းစာအလွတ်ကျက်မှတ်ရုံမကဘဲ မေးခွန်းမေးတတ်ရန်၊ စစ်ဆေးသုံးသပ်ရန်၊ တီထွင်ကြံဆရန်၊ ပြဿနာဖြေရှင်းရန်၊ အနက်ဖွင့်ရန်နှင့် အချေအတင်ဆွေးနွေးတတ်ရန် စိန်ခေါ်လိုကြသည်။ ထိုသို့သောသင်ကြားနည်းကို ယခုအခါတွင် အကောင်းဆုံးလေ့ကျင့်မှုဟူ၍ ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ်ပြုကြသည်။ တက်ကြွစွာသင်ယူသောအတန်းများသည် ရည်ရွယ်ချက်ကောင်းကောင်း၊ စည်းရုံးစုစည်းမှုကောင်းကောင်းရှိသရွေ့ အပြည့်စုံဆုံးနှင့်အကျိုးအရှိဆုံး သင်ယူနိုင်ကြောင်း သက်သေပြလျက်ရှိသည်။ အပြည့်စုံဆုံးနှင့် အကျိုးအရှိဆုံးသင်ယူခြင်းဟူသည်မှာ ကျောင်းသားများအနေဖြင့် သူတို့သင်ယူသောအကြောင်းအရာအကြောင်းစဉ်းစားတတ်ပြီး တကယ့်လက်ရှိဘဝအခြေအနေ (သို့မဟုတ်) ရှေ့ဆက်၍သင်ယူမှုအတွက် လက်တွေ့အသုံးချတတ်ခြင်းနှင့် မိမိဘာသာမိမိ ဆက်လက်သင်ယူတတ်ခြင်းကိုဆိုလိုသည်။ ( Gardner 1993; Marzano 2001 )။ အသုံးချနိုင်၍ ရေရှည်ခံသောသင်ယူခြင်းသည် ဆရာပြောသမျှနာခံကျက်မှတ်သင်ယူခြင်း( passive ) တစ်မျိုးတည်းကိုသာ ထပ်ခါထပ်ခါလုပ်ရ၍ ဆရာများငြီးငွေ့ခြင်းနှင့် လက်တွေ့အသုံးမကျသောကြောင့်(သို့မဟုတ်)လက်တွေ့အသုံးချရန် ပြင်ဆင်ထားမှုမရှိသောကြောင့် လွယ်ကူစွာမေ့ပျောက်ပစ်သောသင်ယူခြင်းထက်ပိုကောင်း၍ ဆရာ၏လုပ်အားနှင့်အချိန်၊ ရပ်ရွာ၏ငွေကြေးများရင်းနှီးရကျိုးနပ်သော သင်ယူခြင်းဖြစ်သည်။

> **ကျွန်ုပ်၏တပည့်များသည် သူတို့၏အတွေးအခေါ်များကို ပိုမိုလွတ်လပ်စွာ ဖွင့်ဟတင်ပြတတ်လာကြသည်။ သူတို့အချင်းချင်းလည်း ပိုမိုအာရုံစိုက် နားထောင်တတ်လာကြသည်။ တီထွင်ကြံဆမှုဖြင့် အသိပညာတည်ဆောက်ရာတွင် ပိုမိုတက်ကြွစွာပါဝင်လာကြသည်။**
>
> (Armenia **EdkifiHrSrlwef;jyq&mr**)

ဤလမ်းညွှန်စာအုပ်သည် ဝေဖန်ပိုင်းခြားစဉ်းစားရန်အတွက် စာဖတ်ခြင်းနှင့်စာရေးခြင်း အကျိုးဖြစ်ပေါ်စေရေးအတွက် အသက်ဝင်သောသင်ကြားမှုကို လက်တွေ့လေ့ကျင့်ရန် အသားပေးထားသည်။ ဤစာအုပ်သည် သင်ယူမှုကို ဖိတ်ခေါ်ပြီး အထောက်အကူဖြစ်စေရန်အတွက် သေချာကောင်းမွန်စွာ ရေးသားပြုစုထားသည့် နည်းဗျူဟာများကို ဖော်ပြ၍ ရှင်းလင်းတင်ပြထားသည်။ ထို့အပြင် ဤလမ်းညွှန်စာအုပ်၌ သင်ကြားမှုလက်တွေ့လေ့ကျင့်ခန်းများစွာ ထည့်သွင်းဖော်ပြထားပြီး ဆရာဖြစ်သူများအတွက် မိမိ၏တပည့်ကျောင်းသားများနှင့် သင်ကြားပို့ချမည့်ဘာသာရပ်အလိုက် သင့်လျော်သောသင်နည်းဗျူဟာများကို ဆုံးဖြတ်ရွေးချယ်အသုံးပြုနိုင်ခွင့်ပေးထားသည်။

ဤစာအုပ်သည် rlvwef; အထက်ဆင့်မှ အထက်တန်းအဆင့်အထိ အသုံးပြုနိုင်သော သင်ကြားခြင်းနှင့် သင်ယူခြင်းနည်းဗျူဟာများကို ပေးလိမ့်မည်။ ဤချဉ်းကပ်နည်းများသည် သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော ဘာသာရပ်မျိုးစုံအတွက် လက်တွေ့အသုံးချနိုင်ပြီး မည်သည့်ဘာသာရပ်နှင့်မျှတိုက်ရိုက်အကြုံးမဝင်သော လက်ရှိအရေးကြီးဖြစ်ပျက်မှု (crosscutting issues) အခြေအနေများကို လေ့လာရန်အတွက်လည်း လက်တွေ့အသုံးချနိုင်သည်။

## တက်ကြွစွာသင်ယူခြင်းအတွက် ပို့ချချက်ကိုစုစည်းခြင်း

လွန်ခဲ့သောနှစ်အတန်ကြာက Swiss လူမျိုးစိတ်ပညာရှင် Jean Piaget က ကျွန်ုပ်တို့သည် ရရှိထားပြီးသားခံယူချက်သဘောတရား (concept) ဖြင့်ချိန်ထိုး၍ ဤကမ္ဘာလောကကို အဓိပ္ပါယ်ဖော်ခြင်းဖြင့် သင်ယူတတ်မြောက်ကြောင်း ဖော်ထုတ်တင်ပြခဲ့သည်။ ဤကမ္ဘာလောကကို အဓိပ္ပါယ်ရှိရှိ အနက်ဖော်ဆောင်သည့်ဖြစ်စဉ်တွင် ကျွန်ုပ်တို့၏ခံယူချက်သဘောတရားအဟောင်း (old concept) ကို ပြုပြင်ပြောင်းလဲပြီး ရှေ့အနာဂတ်တွင် ကမ္ဘာလောကကိုပိုမိုအဓိပ္ပါယ်ရှိရှိ

အနက်ဖော်ဆောင်နိုင်ရန် ကျွန်ုပ်တို့၏စွမ်းအားကိုတိုးချဲ့ရသည်။ ဥပမာ ကျောင်းသားများအနေဖြင့် ၁၄၉၂–ခုနှစ် ဖန်ဆိုင်မှုနှင့်ပတ်သက်သောသင်ခန်းစာကို လက်ခံအသိအမှတ်မပြုမီ ကမ္ဘာ့ပထဝီဝင်ဗဟုသုတ၊ ကုန်သွယ်ခြင်း၏အရေးကြီးမှု၊ (၁၅) ရာစု ဥရောပယဉ်ကျေးမှုစသော ဗဟုသုတများကို ကြိုတင်သိရှိထားရန်လိုသည်။ ထို့နောက် ရင်ဆိုင်မှု(encounter) အကြောင်း ဖတ်ရှုလေ့လာပြီးသောအခါ ကမ္ဘာ့ပထဝီဝင်အကြောင်း၊ ကုန်သွယ်မှု၏အရေးကြီးပုံနှင့် ယဉ်ကျေးမှုအချင်းချင်း အပြန်အလှန်သက်ရောက်ခြင်းကို ပိုမိုကျယ်ပြန့်စွာနားလည်သဘောပေါက်နိုင်လာမည်။ သူတို့၏ အထူးကောင်းမွန်စွာအချောသပ်ထားသော သဘောတရားအယူအဆများသည် ဤအကြောင်းအရာများနှင့် ဆက်နွယ်သောခေါင်းစဉ်များကို ပိုမိုလွယ်ကူစွာစူးစမ်းရန် ပြင်ဆင်ပေးလိမ့်မည်။

၁၉၇၀ လွန်နှစ်များနှင့် ၁၉၈၀ လွန်နှစ်များအတွင်း သိမှတ်မှုဆိုင်ရာစိတ်ပညာရှင်များ(**cognitive psychologists**) သည် **Piaget** ၏တွေးခေါ်မှုကို သင်ကြားနည်းအားချဉ်းကပ်ရန် နည်းလမ်းတစ်ခုအဖြစ် တိုးချဲ့ခဲ့ကြသည်။ (**Neisser 1976, Pearson and Anderson 1984**)။ ကျောင်းသားများရရှိထားပြီးသား အသိပညာယူဆချက်များသည် ချို့ယွင်းချက်မကင်းသည့်တိုင်၊ ပြည့်စုံခြင်းမရှိသည့်တိုင် (သို့မဟုတ်) အယူသည်းမှုနည်းနည်းရှိသည့်တိုင် ထိုအသိပညာကိုအသုံးပြု၍ သူတို့သင်ယူတတ်မြောက်သောကြောင့် ဆရာများက ကျောင်းသားများ၏ရရှိပြီးသားအသိပညာသဘောတရားခံယူချက်များကို ဆွဲထုတ်၍မေးခွန်းများမေးခြင်း၊ သင်ယူခြင်း၏ရည်ရွယ်ချက်များကို ချမှတ်ပေးခြင်း စသည်တို့ဖြင့် သင်ခန်းစာကိုစတင်သင့်သည်။

ကျောင်းသားများသည် ရှာဖွေစူးစမ်းခြင်း၊ မေးမြန်းစုံစမ်းခြင်းဖြင့် အဓိပ္ပါယ်ထွက်အောင်ပြုလုပ်ပြီး သင်ယူသောကြောင့်ကျောင်းဆရာများအနေဖြင့် မိမိ၏ကျောင်းသားများကို မေးမြန်းစုံစမ်းရန် အားပေးသင့်သည်။ မေးမြန်းခြင်းသည် တစ်စုံတစ်ယောက် ကောင်းမွန်စွာလုပ်ဆောင်နိုင်သောအရာဖြစ်သောကြောင့် ကျောင်းဆရာများက မိမိ၏ကျောင်းသားများကိုမေးမြန်းတတ်ရန်၊ မေးခွန်းထုတ်နည်းနှင့် သတင်းအချက်အလက်များကို ရှာဖွေစစ်ဆေးနည်းများသင်ပေးသင့်သည်။

နောက်ဆုံးအချက်အနေဖြင့် သင်ယူခြင်းသည် ကျွန်ုပ်တို့၏အကြံဉာဏ်ဟောင်းများကိုပြောင်းလဲစေပြီး အကြောင်းအရာအသစ်အဆန်းများကိုသင်ယူရန် ကျွန်ုပ်တို့၏စွမ်းအားကို ချဲ့ထွင်ပေးသောကြောင့် ဆရာများသည် ကျောင်းသားများကို သူတို့သင်ယူခဲ့သော အကြောင်းအရာများအပေါ် ဆင်ခြင်သုံးသပ်ရန်သော်လည်းကောင်း၊ ပါဝင်ပတ်သက်မှုကို စစ်ဆေးရန်လည်းကောင်း၊ အသုံးဝင်သည့်နည်းလမ်းများဖြင့် လက်တွေ့လုပ်ဆောင်ရန်လည်းကောင်း၊ အကြောင်းအရာအပေါ် တွေးတောဆင်ခြင်မှုနည်းဟောင်းများကို ပြုပြင်ရန်လည်းကောင်း တိုက်တွန်းနှိုးဆော်သင့်သည်။

ဤစာအုပ်၏နောက်ပိုင်းတွင်တွဲ၍ပါလာသော ပင်မကျောရိုးသင်ခန်းစာများ၏ပုံစံ (**pattern in the core lesson**) ကို သတိပြုမိပါလိမ့်မည်။ ပုံစံတိုင်းတွင် **Piaget** နှင့်သူ၏လုပ်ဖော်ကိုင်ဖက်များထောက်ပြသော သင်ယူမှုဆိုင်ရာ လုပ်ဆောင်မှုနှင့်လျော်ညီသော အပိုင်းသုံးပိုင်းပါရှိသည်။ [၁]

## **ကြိုတင်သိမြင်ခြင်းအပိုင်း(THE ANTICIPATION PHASE)**

ပထမတွင် ကျောင်းသားများသင်ယူမည့်ခေါင်းစဉ်အကြောင်းတွေးခေါ်ရန်နှင့် မေးခွန်းများမေးမြန်းရန် ကျောင်းသားများအားလမ်းညွှန်ပေးမှုပါသည့် ကြိုတင်သိမြင်ခြင်း (**anticipation**) အပိုင်းဖြင့် သင်ခန်းစာကိုအစပြုသည်။

[၁] ဤလမ်းညွှန်စာအုပ်တွင် သင်ခန်းစာ၏အပိုင်း (၃)ပိုင်းကို **ကြိုတင်သိမြင်ခြင်း** (Anticipation)၊ **အသိပညာတည်ဆောက်ခြင်း** (Building Knowledge)နှင့် **စုစည်းခြင်း** (Consolidation) အင်္ဂလိပ်ဘာသာဖြင့် အတိုကောက် ABC ဟုခေါ်တွင်ထားပါသည်။ ဝေဖန်ပိုင်းခြားစဉ်းစားရန်အတွက် စာဖတ်ခြင်းနှင့်စာရေးခြင်း(Reading and Writing for Critical Thinking)(RWCT) စီမံကိန်း (www.rwct.net) တွင် Jeannie Steele နှင့် Kurt Meredith (1997) တို့အခေါ်အရ **အကြံဉာဏ်ထွက်ပေါ်စေခြင်း** (Evocation)၊ **အဓိပ္ပါယ်ကိုနားလည်သဘောပေါက်ခြင်း** (Realization of Meaning) နှင့် **ပြန်လည်သုံးသပ်ခြင်း** (Reflection) ဟုခေါ်သော အပိုင်း(၃)ပိုင်း ပေါ်တွင် အခြေခံတည်ဆောက်ထားသည်။ Joseph Varghn နှင့် Thomas Estes (1986) တို့သည် အဆိုပါအပိုင်း(၃)ပိုင်းကို ယခင်က ကြိုတင်သိမြင်မှု(Anticipation) နားလည်သဘောပေါက်မှု (Realization) နှင့် အာရုံစိုက်တွေးတောမှု (Contemplation) ဟုခေါ်တွင်ခဲ့ကြသည်။

ကြိုတင်သိမြင်ခြင်းအပိုင်းသည် အောက်ပါအချက်များကို ဖြစ်စေသည်။

- ❖ ကျောင်းသားများရရှိထားပြီးသော အသိပညာကိုစုစည်းခြင်း
- ❖ ကျောင်းသားများသိပြီးသောအရာများနှင့် လွဲမှားစွာနားလည်ထားသောအရာများ ကိုပုံစံတကျအတိုင်း မဟုတ်သောနည်းဖြင့် အကဲဖြတ်ခြင်း
- ❖ သင်ယူမှု၏ ရည်ရွယ်ချက်ကိုချမှတ်ခြင်း
- ❖ သင်ယူမှုခေါင်းစဉ်ကို အာရုံစူးစိုက်ခြင်း
- ❖ အကြံဉာဏ်အသစ်များကိုနားလည်ရန် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာအခြေအနေတစ်ခု ဖန်တီးပေးခြင်း

## အသိပညာတည်ဆောက်ခြင်းအပိုင်း(THE BUILDING KNOWLEDGE PHASE)

သင်ခန်းစာအစပြုပြီးနောက် သင်ကြားပို့ချမှုသည် ကျောင်းသားများအား သင်ခန်းစာအကြောင်း စုံစမ်းမေးမြန်းခြင်း၊ သင်ခန်းစာ၏ဆိုလိုရင်းကို နားလည်အောင်ရှာဖွေခြင်း၊ ယခင်က သူတို့မေးခဲ့သောမေးခွန်းများကို ဖြေဆိုခြင်း၊ မေးခွန်းအသစ်များမေးမြန်းခြင်း၊ ယင်းမေးခွန်းအသစ်များကိုလည်း ဖြေဆိုခြင်းအဆင့်သို့ဦးဆောင်သွားသည်။ ဤအပိုင်းကို ဒုတိယအပိုင်းဖြစ်သော အသိပညာတည်ဆောက်ခြင်းအပိုင်း (Building knowledge phase) ဟုခေါ်ဆိုပါသည်။

ဤအသိပညာတည်ဆောက်ခြင်းအပိုင်းသည် အောက်ပါအချက်များကိုဖြစ်ပေါ်စေသည်။

- ❖ ကြိုတင်မျှော်လင့်ခဲ့သောအရာများကို ယခုသင်ယူနေသောအရာနှင့်နှိုင်းယှဉ်ခြင်း
- ❖ ကြိုတင်မျှော်လင့်ခဲ့သောအရာများကို ပြန်လည်ပြောင်းလဲပြင်ဆင်ခြင်း (သို့မဟုတ်) ကြိုတင်မျှော်လင့်မှုအသစ်ကိုဖန်တီးခြင်း
- ❖ အဓိကအချက်များကို ရှာဖွေထောက်ပြခြင်း
- ❖ မိမိ၏စဉ်းစားတွေးခေါ်မှုကို ကြီးကြပ်စစ်ဆေးခြင်း
- ❖ သင်ခန်းစာအပေါ်ကောက်ချက်ဆွဲခြင်း
- ❖ မိမိနှင့် သင်ခန်းစာကို ဆက်စပ်ခြင်း
- ❖ သင်ခန်းစာအပေါ် မေးခွန်းထုတ်ခြင်း

## စုစည်းခြင်းအပိုင်း(THE CONSOLIDATION PHASE)

သင်ခန်းစာပြီးဆုံးခါနီးအပိုင်းတွင် ကျောင်းသားများကသင်ခန်းစာ၏ သဘောတရားအကြောင်းအရာများကို နားလည်ပြီးသောအခါ နောက်ထပ်လုပ်ဆောင်ရန် ကိစ္စကျန်ရှိပါသေးသည်။ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားများအား သူတို့သင်ယူခဲ့သောအရာများအပေါ် ပြန်လည်စဉ်းစားသုံးသပ်ရန်၊ သူတို့အတွက် မည်သို့အဓိပ္ပါယ်ရှိကြောင်း သုံးသပ်ရန်၊ သူတို့စဉ်းစားထင်မြင်ခဲ့သည့် အချက်များကို မည်ကဲ့သို့ပြောင်းလဲစေကြောင်းသုံးသပ်ရန်နှင့် ရရှိလာသော အသိပညာကို မည်ကဲ့သို့အသုံးပြုရမည်ဟု စဉ်းစားတွေးတောရန် ဆရာ၊ ဆရာမများက အလိုရှိကြသည်။ သင်ခန်းစာ၏ဤအပိုင်းကို စုစည်းခြင်းအပိုင်း (consolidation phase) ဟုခေါ်ဆိုသည်။

စုစည်းမှုအပိုင်းသည် အောက်ပါအချက်များကိုဖြစ်ပေါ်စေသည်။

- ❖ အဓိက အကြံဉာဏ်အချက်အလက်များကို အကျဉ်းချုံးခြင်း
- ❖ အကြံဉာဏ်များကို အနက်ဖွင့်ပေးခြင်း
- ❖ စိတ်ကူးသဘောထားများကို ဖလှယ်ခြင်း
- ❖ တစ်ဦးချင်း၏ကိုယ်ပိုင်တုန့်ပြန်မှုပေးခြင်း
- ❖ အကြံဉာဏ်များကိုစစ်ဆေးခြင်း
- ❖ သင်ယူမှုကို အကဲဖြတ်သုံးသပ်ခြင်း
- ❖ နောက်ဆက်တွဲမေးခွန်းများမေးခြင်း

ဤလမ်းညွှန်စာအုပ်တစ်လျှောက်လုံးတွင် **ကြိုတင်သိမြင်ခြင်း** (anticipation)၊ **အသိပညာတည်ဆောက်ခြင်း**(building knowledge)နှင့် **စုစည်းခြင်း**(consolidation) ဟူသောဝေါဟာရသုံးလုံးကို ထပ်ခါထပ်ခါသုံးသွားပါမည်။ ဤစာအုပ်၏ စာမျက်နှာများတွင် တင်ပြထားသောသင်ကြားမှုဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များ ( teaching activities) သည် သင်ခန်းစာ၏ အဆိုပါအပိုင်းသုံးပိုင်းအတွက် တစ်နည်းမဟုတ်တစ်နည်း အသုံးဝင်ပါလိမ့်မည်။

ABCပုံစံကို ဤစာအုပ်တစ်လျှောက်လုံးတွင် ဂျုံပင်သက်တမ်းစက်ဝန်းဖြစ်သော သင်္ကေတပုံသုံးမျိုးဖြင့် သရုပ်ဖော် ရှင်းလင်းတင်ပြထားသည်။



ကြိုတင်သိမြင်ခြင်းအပိုင်းတွင် မျိုးစေ့ကို မြေဆီလွှာကောင်းတွင်စိုက်ရသည်။ သင်ခန်းစာ၏အောင်မြင်မှုသည် ဤမျိုးစေ့တစ်ခုတည်း အပေါ်မူတည်မနေ။ မျိုးစေ့သည် မြေကြီးထဲမှမြေဆီလွှာအာဟာရကို ထုတ်ယူသုံးစွဲသကဲ့သို့ ကျောင်းသား၏ဆည်းပူးထားပြီးသော အသိပညာဗဟုသုတကို ဆွဲယူအသုံးပြုမှသာ ကြီးထွားလာနိုင်သည်။



ဆရာ၊ ဆရာမအနေဖြင့် အခြေခံအုတ်မြစ်ချပြီးနောက် အသိပညာတည်ဆောက်ခြင်းအပိုင်းတွင် ဂျုံစေ့သည် အညှောင့်ထွက်၍ အပင်ကြီးထွားလာသည်။



သင်ခန်းစာကို စုစည်းခြင်းအပိုင်းဖြင့် အဆုံးသတ်ရသည်။ ဂျုံအနှံရင့်မှည့်ပြီး အခြားဂျုံပင်များစွာအတွက် ဂျုံစေ့များရှိသည့်နည်းတူ ဤသင်ခန်းစာမှတဆင့် အခြားလက်တွေ့လုပ်ဆောင်ချက်(activities) များစွာ ပေါ်ပေါက်စေသည်။


ဆရာ၊ ဆရာမများအား ကြိုတင်သိပြီးသောအကြောင်းအရာပေါ်အခြေခံရန်နှင့် နောက်ထပ်လာမည့်အချက်အလက်များကို ကြိုတင်မျှော်လင့်ရန် သတိပေးသည့်အနေဖြင့် ဤဖော်ပြပါသင်္ကေတပုံသုံးမျိုးကို ရှေ့နောက်အစီအစဉ်အတိုင်း အမြဲဖော်ပြထားပါသည်။ ဂျုံစေ့မှမြေဆီလွှာ၊ မြေဆီလွှာမှဂျုံပင်၊ ဂျုံပင်မှဂျုံမျိုးစေ့ သံသရာသက်တမ်းစက်ဝန်းသည် ပညာသင်ကြားမှုတွင် သိထားပြီးအသိပညာမှတဆင့် ရှေ့သို့ဆက်လက်တည်ဆောက်သော စဉ်းစားတွေးတောမှုသံသရာကို အကြံပြုထားသည်။

## ဝေဖန်ပိုင်းခြားစဉ်းစား၍ တွေးခေါ်ခြင်း

အောင်မြင်မှုအရှိဆုံးစာသင်ခန်းများမှာ ကျောင်းသားများအား မိမိတို့ကိုယ်တိုင်စဉ်းစားရန်နှင့် ဝေဖန်ပိုင်းခြား၍ တွေးခေါ်တတ်ရန်အားပေးတိုက်တွန်းသော စာသင်ခန်းဖြစ်သည်။(Halpern 1996; Kurland 1995; Unrau 1997) ဝေဖန်ပိုင်းခြားစဉ်းစားခြင်း (critical thinking) သည် ကျွန်ုပ်တို့၏စဉ်းစားတွေးခေါ်မှုအပေါ်စဉ်းစားရန်နှင့် ကျွန်ုပ်တို့၏ အမြင်ရှုထောင့်နောက်ကွယ်မှ အကြောင်းရင်းများကို စိတ်ကူးကြည့်ရန်ခွင့်ပြုထားသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်ချပုံချနည်းနှင့် ပြဿနာဖြေရှင်းပုံဖြေရှင်းနည်းကို စဉ်းစားသုံးသပ်ခြင်းဖြစ်သည်။ ဤကဲ့သို့ ဆုံးစားခြင်းဖြင့် ကျွန်ုပ်တို့၏အတွေးအခေါ်များသည် ပန်းတိုင်တစ်စုံတစ်ခုသို့ သိသိမှတ်မှတ်အာရုံစိုက် ဦးတည်စေသည်။ ကျွန်ုပ်တို့၏ တွေးခေါ်မှုများသည် ပုဂ္ဂလဓိဋ္ဌာန်သဘောအမြင်များနှင့် တစ်ဖက်သတ်အာဃာတတရားအပေါ် အခြေခံခြင်းမဟုတ်ဘဲ အရင်းအမြစ်များစွာမှစစ်ယူရရှိလာသော အချက်အလက်များနှင့်ယုတ္တိရှိသော သတင်းများအပေါ်တွင် အခြေခံ၍တွေးတောမှုပြုခြင်းဖြစ်သည်။ ဝေဖန်ပိုင်းခြားခြင်းဖြင့်စဉ်းစားတွေးခေါ်ရာတွင် ကျွန်ုပ်တို့စဉ်းစားသော အကြောင်းအရာကိုလည်းကောင်း၊ မည်သို့မည်ပုံစဉ်းစားကြောင်းကိုလည်းကောင်း အမြဲအာရုံစိုက်လျက်ရှိသည်။ အမှားတစ်ခုခုကို နောက်ရောင်ခံလိုက်ရာတွင်လည်းကောင်း၊ ပြဿနာတစ်ခုခုကိုအခြားရှုထောင့်မှ စဉ်းစားရာတွင်လည်းကောင်း ကျွန်ုပ်တို့သည် စိတ်ဆန္ဒပြင်းပြစွာရှာဖွေကြသည်။ ဝေဖန်ပိုင်းခြားမှုဖြင့်စဉ်းစားတွေးခေါ်သော ကျောင်းသားများသည် သူတို့၏ သင်ယူမှုတွင် စိတ်လှုပ်ရှားလျက်ရှိတတ်ကြသည်။ ဦးနှောက်အခြောက်ရဆုံး ခက်ခဲသောသင်ယူမှုတွင်ပင်လျှင် သင်ယူမှု၏စိန်ခေါ်ချက်နှင့် သင်ယူနိုင်ရန်အခွင့်အလမ်းများကို သူတို့သိမြင်ကြသည်။ ဤကျောင်းသားများသည် စာသင်ခန်းတွင်ဖြစ်စေ၊ အပြင်လောကပတ်ဝန်းကျင်တွင်ဖြစ်စေ သူတို့၏ဝေဖန်ပိုင်းခြားစဉ်းစားတတ်သော ကျွမ်းကျင်မှုကို

အသုံးပြုရန်အခွင့်အလမ်းများအားသိမြင်ပြီး အဆိုပါအခွင့်အလမ်းများကိုအသုံးချရန် စိတ်အားထက်သန်ကြသည်။ ဤကျောင်းသားများသည် ပညာသင်ကြားမှုကို ပျော်ရွှင်စရာကောင်းအောင် စိတ်လှုပ်ရှားတက်ကြွမှုရှိအောင် ဖန်တီးသူများဖြစ်ကြသည်။

Anderson(2000) ကဲ့သို့သော ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် တက်ကြွစွာသင်ယူခြင်းကို သင်ပေးသော ပုဂ္ဂိုလ်များက သင်ကြားမှုနှင့်သင်ယူမှုပန်းတိုင်များချမှတ်သောနည်းတစ်ခုမှာ မေးခွန်းပုံစံ (သို့မဟုတ်) မေးခွန်းအမျိုးအစား အမျိုးမျိုးဖန်တီး၍ သင်ယူမှုရည်ရွယ်ချက်ပန်းတိုင်များ ချမှတ်ပေးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အချက်အလက်များ မှတ်မိရုံမေးမြန်းခြင်းသည် အဆင့်နိမ့်မေးခွန်းများဖြစ်ပြီး၊ အဆင့်နိမ့်ရည်မှန်းချက်လည်းဖြစ်သည်။ အခြားတစ်ဖက်မှာ အဆင့်မြင့်မြင့် (High Level) အတွေးအခေါ်အသစ်များတီထွင်ဖန်တီးခြင်းနှင့် အဆင့်မြင့်မြင့် ယူဆချက်များဖန်တီးပေးခြင်းဖြစ်သည်။ အောက်ဖော်ပြပါဇယားတွင် အနိမ့်ဆုံးအဆင့်မေးခွန်းမေးခြင်းနှင့် ရည်ရွယ်ချက်များမှတ်မိခြင်း (Remembering)မှတဆင့် အမြင့်ဆုံးအဆင့်တီထွင်ကြံဆဖန်တီးခြင်း( Creating )အထိ အတန်းအစားအဆင့်ဆင့်ဖော်ပြထားသည်။




အဆင့်တိုင်းတွင်လုပ်ဆောင်ရန်လိုအပ်သော်လည်း ကျွန်ုပ်တို့ဆရာ၊ ဆရာမများအနေဖြင့်မှတ်ဉာဏ်နှင့် အချက်အလက်များကို မှတ်မိသမျှစစ်ဆေးသောမေးခွန်းမေးခြင်းအဆင့်မှ အမှန်တကယ်အသိပညာတည်ဆောက်မှုကို ဖွံ့ဖြိုးစေရန်ဆောင်ရွက်ရာ၌ပင် အဆင့်မြင့်ဝေဖန်ပိုင်းခြားစဉ်းစားရန် ကျောင်းသားများကို ကူညီကြသည်။ အဆင့်မြင့်မေးခွန်းများမေးရန်နှင့် အဆင့်မြင့်ရည်ရွယ်ချက်ပန်းတိုင်ရောက်ရှိရန် ဆရာ၊ ဆရာမများအနေဖြင့် ဝေဖန်ပိုင်းခြားသောစဉ်းစားမှုကို အထောက်အကူပြုစေမည့်စာသင်ခန်းများ ပြန်လည်ပြုပြင်ဖန်တီးရသည်။ ဤကိစ္စနှင့်ပတ်သက်၍ စာသင်ခန်းများကို ပြန်လည်ပြုပြင်ဖွဲ့စည်းနည်းများကို မကြာသေးမီက ပညာရေးလုပ်ငန်းဆောင်ရွက်သူများနှင့် ပညာရေးသုတေသီများက လမ်းညွှန်ချက်များပေးထားကြသည် ( Herrenkohl 1998; Herrenkohl 1999)။ ထိုစာသင်ခန်းမျိုးများတွင် တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို တန်ဖိုးထားပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများက အားပေးတိုက်တွန်းကြသည်။ ကျောင်းသားများအချင်းချင်းသော်လည်းကောင်း၊ ကျောင်းသားနှင့်ဆရာကြားတွင်လည်းကောင်း၊ မကြာခဏဆွေးနွေးမှုရှိပြီး ယဉ်ကျေး၍အသက်ပါသောဆွေးနွေးမှုဖြစ်ပေါ်လျက်ရှိသည်။ အခါပေါင်းများစွာတွင် ဆွေးနွေးမှု၏နောက်ပိုင်း၌ ကျောင်းသားများ (သို့မဟုတ်) ဆရာ၊ ဆရာမထံမှပေါ်ထွက်လာသောမေးခွန်းများကို တွေ့ရတတ်သည်။ မေးခွန်းများ၏အဆင့်အတန်း မေးခွန်းအမျိုးအစားနှင့် မေးခွန်းဖွဲ့စည်းပုံသည် နောက်ဆက်တွဲဆွေးနွေးမှုအတွက် အရေးကြီးပါသည်။ ထိုမေးခွန်းမျိုးသည် ကျောင်းသားကျောင်းသူများ၏ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းတွင် ပိုမိုအဆင့်မြင့်သောရှုပ်ထွေးမှုကို အထောက်အကူပေးသည်။ ဤသင်ခန်းစာအပိုင်းတွင် စာသင်ခန်းအတွင်း၌ဆွေးနွေးရန် မေးခွန်းအမျိုးအစား မေးခွန်းအဆင့်အတန်း၊ နမူနာမေးခွန်းနှင့် လမ်းညွှန်ချက်များကိုထည့်ပေးထားသည်။

မေးခွန်းအဆင့်များ ( levels of questions) အကြောင်းပြောဆိုရာတွင် အမည်၊ ရက်စွဲ၊ နေရာ၊ မြို့တော်များ၊ တိုင်းနှင့်ပြည်နယ်များကို အသေးစိတ်မေးမြန်းသောမေးခွန်းမျိုးနှင့် အတွေးအခေါ်အယူအဆ၊ အခြေအနေသဘောတရားများ အချင်းချင်းဆက်နွယ်မှုကိုမေးမြန်းသည့် ပိုမိုရှုပ်ထွေးသောမေးခွန်းမျိုးတို့ ခြားနားချက်ကိုဆိုလိုသည်။

အဆင့်နိမ့်မေးခွန်းများသည် အချက်အလက်များကို အသေးစိတ်မေးမြန်းသည်။ ဤမေးခွန်းမျိုးတွင် အောက်ပါအချက်အလက်များပါဝင်သည်။

- ❖ မက္ကဆီကိုနိုင်ငံသည် မည်သည့်ခုနှစ်တွင် စပိန်နိုင်ငံမှလွတ်လပ်ရေးရရှိခဲ့သနည်း။
- ❖ ပင်လယ်ရေမျက်နှာပြင်၏ ရေခဲအမှတ်မည်မျှနည်း။
- ❖ Cervantes ၏ အကောင်းဆုံးစာပေလက်ရာစာအုပ်အမည် အဘယ်နည်း။
- ❖ Orinoco မြစ်သည် မည်သည့်တိုက်ကြီးတွင်ရှိသနည်း။

ကျောင်းသားများအတွက် ဤအချက်အလက်များသိရှိထားရန် အရေးကြီးကောင်းကြီးပေမည်။ သို့သော် ထိုသို့ အချက်အလက်များကိုသိထားရုံမျှဖြင့် ထိုအချက်အလက်များကို ပြဿနာဖြေရှင်းရေးအတွက် (သို့မဟုတ်) အရေးကြီးသောဆုံးဖြတ်ချက်ချရန်အတွက် အသုံးပြုတတ်မည်ဟု သေချာပေါက်မဆိုနိုင်။

အဆင့်နိမ့်သင်ယူမှုတွင် အောက်ပါနည်းဗျူဟာများပါဝင်သည်။

- ❖ အချက်အလက်များကို နှုတ်ဖြင့် ထပ်ခါထပ်ခါ ရွတ်ဆိုကျက်မှတ်ခြင်း
- ❖ သတင်းအချက်အလက်များကို ထပ်ခါထပ်ခါပြန်ရေးခြင်း
- ❖ ဖတ်ရန်စာများကိုမှတ်မိဖို့အတွက် ထပ်ခါထပ်ခါ ပြန်ဖတ်ခြင်း

ဤနည်းဗျူဟာများသည် သိပ်မဝေးလှသောအနာဂတ်တွင် အသုံးဝင်မည်ဖြစ်သော်လည်း ဤနည်းများသည် အချက်အလက်များကို ရေရှည်မှတ်မိရန် အထောက်အကူမပြု။ ပညာသင်ကြားရေး၏ ရည်ရွယ်ချက်ပန်းတိုင်သည် အချက်အလက်အကြောင်းအရာများကို မှတ်မိရန်သာမက ယင်းအချက်အလက်များကို ပြဿနာများဖြေရှင်းရန်နှင့် အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရန်အတွက် အသုံးပြုရန်ရည်ရွယ်လျှင် ကျောင်းသားများအား ပို၍ရှုပ်ထွေးနက်နဲသောမေးခွန်းမျိုးမေးမြန်းခြင်း၊ အဆင့်မြင့်မေးခွန်းမျိုးဖြစ်သော ဝေဖန်ပိုင်းခြားစဉ်းစားခြင်း (higher order critical thinking) နှင့် အဆင့်မြင့်မေးခွန်းများ (higher order questions) မေးမြန်းခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းနိုင်သည်။

အဆင့်မြင့်မေးခွန်းများသည် အကြောင်းအရာတစ်စုံတစ်ခု အဘယ်ပုံဖြစ်ပျက်ကြောင်း အဘယ်ကြောင့် ထိုအကြောင်းအရာဖြစ်ပေါ်လာကြောင်း (သို့မဟုတ်) အကြောင်းအရာတစ်ခုခု၊ အရာဝတ္ထုတစ်ခုခုအနေဖြင့် အခြားအကြောင်းအရာများ၊ အခြားအရာဝတ္ထုများနှင့် မည်သို့ဆက်နွယ်နေကြောင်း၊ မည်သို့ဆက်စပ်ကြောင်း မေးမြန်းသည့် မေးခွန်းမျိုးဖြစ်သည်။ ဤမေးခွန်းမျိုးသည် မေးခွန်းဖြေဆိုသူအား ဝေဖန်ပိုင်းခြားသည့်တွေးခေါ်မှုမျိုး ပြုလုပ်စေသည်။ ဤမေးခွန်းကို ဖြေဆိုသောကျောင်းသားများအနေဖြင့် အကြောင်းအရာတစ်ခု၏အချက်အလက်အသေးစိတ်ကို အသုံးပြု၍ဖြေဆိုရသော်လည်း ထိုအခြေအနေမှတဆင့်တုံ့ပြန်မှုပြုရန် ကျိုးကြောင်းဆင်ခြင်မှု (rationale) တည်ဆောက်ရသည်။ အဆင့်မြင့်မေးခွန်းဖြေဆိုသူသည် အကြောင်းအရာများနှင့် ဆက်နွယ်နေမှုများ၏နေရာကို ကိုယ်တိုင်ကိုယ်ကျအဆိုပြုရသည်။ အဆင့်မြင့်မေးခွန်းများထုတ်ရာတွင် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့်ဆက်နွယ်သော အတွေးအခေါ်များကို အသုံးပြုရန်လိုသည်။

အဆင့်မြင့်မေးခွန်းများသည် ကျောင်းသားများအား အရေးကြီးသောသတင်းအချက်အလက်များကိုရှာဖွေတတ်ရန်နှင့် ယင်းအချက်အလက်များကိုအသုံးပြုပြီး နိဂုံးဆွဲတတ်ရန်လည်းကောင်း၊ နှိုင်းယှဉ်ဖော်ပြတတ်ရန်လည်းကောင်း တိုက်တွန်းအားပေးသည်။ ဥပမာ –

- ❖ မက္ကဆီကိုနိုင်ငံသည် စပိန်နိုင်ငံမှလွတ်လပ်ရေးရရှိရန် လှုပ်ရှားမှုပြုခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများကိုမည်ကဲ့သို့ အကျိုးသက်ရောက်စေခဲ့သနည်း။
- ❖ ဆောင်းရာသီအချိန်တွင် မြို့ကြီးပြကြီးများအတွင်းနှင့် တံတားအနီးမှရေများသည် အဘယ်ကြောင့် ကျေးရွာရှိရေကန်များထက် နောက်ကျ၍အေးခဲရသနည်း။
- ❖ အမေဇုန်မြစ်သည် ဘရာဇီးနိုင်ငံ၏ဒေသများစွာတွင် အကျိုးသက်ရောက်လွှမ်းမိုးနေသည်။ ယင်းသြဇာသက်ရောက်မှုသည် ဘရာဇီးနိုင်ငံ၏ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေဒေသနှင့် ဘရာဇီးနိုင်ငံ၏ အလယ်ပိုင်းဒေသကို

အကျိုးသက်ရောက်လွှမ်းမိုးမှုတွင် မည်သို့ကွာခြားသနည်း။

ဤမေးခွန်းမျိုးတွင် မှန်ကန်တိကျ၍ ကျိုးကြောင်းခိုင်လုံပြီး ဖြစ်နိုင်ချေရှိသော အဖြေတစ်ခုထက်မက ရှိနိုင်သည်။ ဤမေးခွန်းများသည် အချက်အလက်များအား ပြန်လည်ဖြေကြားနိုင်သောအဖြေမျိုးကိုတောင်းဆိုသော မေးခွန်းများ အပေါ်ကျော်လွန်၍ စဉ်းစားတွေးခေါ်ရသော အဆင့်မြင့်တုံ့ပြန်မှုကို ရောင်ပြန်ဟပ်တင်ပြသည်။

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို တိုက်တွန်းအားပေးအကောင်အထည်ဖော်သည့် မေးခွန်းမျိုးဖြစ်ရန် အရေးကြီးသည်သာမက မေးခွန်းမေးပုံမေးနည်းလည်း အရေးကြီးသည်။ ဆရာများအနေဖြင့် ပိုမိုထိရောက်စွာ မေးခွန်းမေးရန်အသုံးပြုနိုင်သောမေးခွန်းမေးနည်း နည်းဗျူဟာအမျိုးမျိုးရှိသည်။

- ❖ ဖြစ်နိုင်သောအဖြေတစ်မျိုးထက်မက ပို၍ဖြေနိုင်မည့်မေးခွန်းမျိုးမေးပါ။
- ❖ မိမိကိုယ်ကို စိတ်ချမှုနည်းသောကျောင်းသားများအား သူတို့၏ကိုယ်ပိုင်တုံ့ပြန်မှု အဖြေတည်ဆောက်ခွင့်ရရှိစေရန် မေးခွန်းမေးပြီးနောက် အချိန်ယူ၍စောင့်ဆိုင်းချိန်ပေးပါ။
- ❖ နောက်ဆက်တွဲ မေးခွန်းများမေးပါ။ ဥပမာ – နောက်ထပ်ဘာများထပ်ထည့်နိုင်ဦးမလဲ။ မင်းရဲ့သဘောထားက ဘယ်လိုလဲ Margarita ။ – အစရှိသောမေးခွန်းများမေးပါ။
- ❖ ကျောင်းသား၏ တုံ့ပြန်မှုအဖြေ (response)ကို အတည်ပြုခြင်းလည်းမရှိ၊ ငြင်းပယ်ခြင်းလည်းမပြုသောတုံ့ပြန်သုံးသပ်မှုမျိုး(feedback) ကိုပေးပါ။ ထို့နောက် ဆွေးနွေးမှုကို ရှေ့ဆက်ရန်လမ်းဖွင့်ထားပေးပါ။ ဥပမာ – စိတ်ဝင်စားစရာ ကောင်းလိုက်တာ။ ဒါမျိုး အရင်ကမတွေးမိဘူး – စသဖြင့်။
- ❖ အကျဉ်းချုံး၍ပြောခိုင်းပါ။ ဥပမာ – Jamila ၏ထင်မြင်ယူဆချက်အဆိုကို အခြားတစ်နည်းနဲ့ ဘယ်သူပြောပြနိုင်မလဲ။
- ❖ အခြားကျောင်းသားများကို စစ်ဆေးလေ့လာကြည့်ပါ။ ဥပမာ – Max ရဲ့အဆိုကို ဘယ်သူသဘောတူသလဲ။ ဘယ်သူဆန့်ကျင်ဘက်အဆိုပြုမလဲ။ ဘာကြောင့်သဘောတူသလဲ။ ဘာကြောင့်သဘောမတူတာလဲ။
- ❖ မေးခွန်းများကို အခြားကျောင်းသားများထံ လမ်းညွှန်ရန်အားပေးပါ။ သင်၏တုံ့ပြန်ချက်အပေါ် Michael ကထပ်မံဖြည့်စွက်ရန်ရှိမရှိမေးပါ။
- ❖ နတ်ဆိုး၏ရှေ့နေအဖြစ်ရပ်တည်ပါ၊ (Be the devil's advocate) ဥပမာ – အကယ်၍ဒီလိုဖြစ်လာရင် သင်ဘယ်လိုခံစားရမလဲ။ အကယ်၍ ဒီလိုဖြစ်သွားရင်သင်၏အဖြေ ဘယ်လိုပြောင်းသွားမလဲ။
- ❖ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားနည်း ( think – aloud ) ကိုအသုံးပြုပါ။ ဥပမာ – အဲဒီအဖြေကို သင်ဘယ်လိုတွေးခေါ်လို့ရလာသလဲ။
- ❖ ဖြေဆိုရန် လက်ထောင်သောကျောင်းသားများကိုသာမက၊ လက်မထောင်သောသူများကိုလည်း ဖြေဆိုရန်ဖိတ်ခေါ်ပါ။ ကျောင်းသားတစ်ယောက်က မဖြေဆိုလိုကြောင်းတွေ့ရှိလျှင် သူ့ထံသို့လျင်မြန်စွာလိုက်သွားပါ။
- ❖ ဖြစ်နိုင်သောအဖြေများကိုပေးရန် ကျောင်းသားများကိုနိုးကြားစေပါ။ ဥပမာ ဒီမေးခွန်းကိုတခြားနည်းများစွာနဲ့ဖြေဆိုနိုင်ပါတယ်။
- ❖ ရှုထောင့် (perspective) ကိုပြောင်းလိုက်ပါ။ ဥပမာ – အကယ်၍ မင်းသာတခြားတစ်ယောက်ဆိုရင် မင်းရဲ့အဖြေဘယ်လိုပြောင်းသွားမလဲ။
- ❖ စိတ်ကူးဉာဏ်ထုတ်ကြည့်ပါ။ ဥပမာ – အကယ်၍ တစုံတရာဖြစ်ရင် ဘာဖြစ်လာမလဲ။
- ❖ တုံ့ပြန်မှုအဖြေကို အကြောင်းအရာတစ်ခုခုနှင့်ဆက်သွယ်တွဲဖက်ပေးပါ။ ဥပမာ – ကျောင်းသားရဲ့တုံ့ပြန်မှုအဖြေဟာအခြားအဆိုနဲ့ဘယ်လိုတူညီသလဲ။ ဘယ်လိုကွာခြားသလဲ။
- ❖ တုံ့ပြန်မှုကိုအခြားတစ်နည်းဖြင့် အသွင်ပြောင်းပေးပါ။ ဥပမာ – အကယ်၍ သင်သည်ကျောင်းသား၏ အတွေးအခေါ်ကိုပြောင်းလိုက်လျှင် ဘယ်လိုနေမလဲ။ Jamila ၏အတွေးအခေါ်နှင့် Michael ၏အတွေးခေါ်ကို ပေါင်းစပ်လိုက်လျှင်ဘယ်လိုနေမလဲ။

ဒီကျောင်းမှာဆရာ့ကို ကျွန်တော့်ရဲ့လျှို့ဝှက်ချက် ပြောပြနိုင်တယ်။ ကျွန်တော်တို့အဖွဲ့လိုက် ဝိုင်းဝန်းလုပ်ဆောင်မှုရှိပြီး တခြားကျောင်းမှာမရှိတဲ့ ကိုယ်ပိုင်အခွင့်အရေးရရှိကြတယ်။ တခြားကျောင်းတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ကျွန်တော်တို့ကျောင်းက ဘုရင်ပဲ။

(**Republic of Georgia** မှကျောင်းသားတစ်ဦးအဆို)

## စာသင်ခန်းပတ်ဝန်းကျင်

တက်ကြွစွာသင်ယူ၍ ဝေဖန်ပိုင်းခြားစဉ်းစားတတ်ရန် ကျောင်းသားများကိုဖိတ်ခေါ်သော ကျောင်းများတွင် အောက်ပါလက္ခဏာများတွေ့ရသည်။ ( Mathews 2003 )


၁။ **စာသင်ခန်းအခြေအနေအတွက် ဆရာများနှင့်ကျောင်းသားများ တာဝန်ခွဲဝေဆောင်ရွက်ကြသည်**။ ဥပမာ– ကျောင်းသားများက စာသင်ခန်းတွင်လိုက်နာရန်စည်းကမ်းချက်များရေးဆွဲရာ၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည်။ ကျောင်းသားများတာဝန်ယူဦးဆောင်ရန် ဆရာကဖိတ်ခေါ်ရမည်။ ဥပမာ စုပေါင်းသင်ယူနည်းဗျူဟာကို အသုံးပြုခြင်းဖြင့် ကျောင်းသားအသီးသီးသည် အခြားအတန်းဖော်ကျောင်းသားများကိုကူညီရာတွင် မိမိပါဝင်ရမည့်အခန်းကဏ္ဍပေးအပ်ထားပြီးဖြစ်သည်။ (တတိယကျောရိုးသင်ခန်းစာ စုပေါင်းသင်ယူခြင်းတွင်ဖတ်ပါ။)

၂။ **ဆရာများအနေဖြင့် ကျောင်းသားများအတွက် စဉ်းစားမှုပုံစံချမှတ်ပေးပြီး ကျောင်းသားများစဉ်းစားမှုနည်းဗျူဟာများကို ဝေဇဖလှယ်ကြသောအခါတွင်လည်း ပံ့ပိုးအားပေးရမည်**။ ဆရာများက မိမိတို့နှုတ်မှပြောသမျှသေချာပေါက် အမှန်ချည်းဖြစ်သည်ဟူသောသဘောဖြင့် အတွေးအခေါ်အကြံဉာဏ်များကို ရှင်းပြခြင်းမဟုတ်ဘဲ အကြံဉာဏ်များကို လက်တွေ့ကျကျချဉ်းကပ်ခြင်း၊ အခြေအနေအမျိုးမျိုးအရချဉ်းကပ်ခြင်း၊ ကျောင်းသားများ၏သင်ခန်းစာအပေါ်ရှုမြင်မှုအမျိုးမျိုးကိုလေးစားလျက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က မည်သို့ဝေဖန်ပိုင်းခြားစဉ်းစားသည်ကို နမူနာပုံစံပြ၍သင်ကြားရမည်။ ကျောင်းသားများအချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြပြီး တစ်ဦးချင်း၏အကြံဉာဏ်ကိုသာမက တစ်ဦးချင်း၏စဉ်းစားတွေးခေါ်ပုံတွေးခေါ်နည်းများကို သင်ယူကြသည်။ ဆရာများကမိမိတို့ကိုယ်တိုင်၏ နိဂုံးဆွဲအဖြေထုတ်မှုကိုလည်းကောင်း၊ ကျောင်းသားများ၏နိဂုံးဆွဲမှုကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်များ၏ နိဂုံးဆွဲမှုကိုလည်းကောင်း မေးခွန်းထုတ်ပြီး ကျောင်းသားများကိုလည်း အလားတူလုပ်ခိုင်းသည်။


၃။ **မေးမြန်းစုံစမ်းခြင်းနှင့် ပွင့်လင်းသောပတ်ဝန်းကျင်အခြေအနေရှိသည်**။ ဆရာများနှင့်ကျောင်းသားများသည် အဆင့်မြင့်မေးခွန်းများ (high-level questions) ကိုအသုံးပြုကြသည်။ (ဘာလဲ၊ ဘယ်မှာဖြစ်သလဲ၊ ဘယ်တော့လဲဟူသောမေးခွန်းမျိုးသာမက ဘာကြောင့်လဲ၊ အကယ်၍ထိုသို့မဖြစ်လျှင် ဘယ်လိုနေမလဲ စသောမေးခွန်းမျိုး)ကို အသုံးပြု၍ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်း ပြုလုပ်ရသည်။ ကျောင်းသားများက တွေးခေါ်နည်းအမျိုးမျိုးကို အသုံးပြုလေ့ကျင့်သောအခါ လက်တွေ့လုပ်ဆောင်မှုများတွင်ပါဝင်ကြသည်။ ကြိုတင်ခန့်မှန်းချက်ထုတ်ခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်း၊ သတင်းများကိုစုစည်းတည်ဆောက်ခြင်းနှင့် နိဂုံးများကိုမေးမြန်းခြင်းပြုလုပ်ကြသည်။ စာသင်ခန်းထဲတွင် ဆရာများကိုယ်တိုင် ထိုတာဝန်ဝတ္တရားလုပ်ငန်းများကို သရုပ်ပြလုပ်ဆောင်ပြီးနမူနာပြသည်။ ဆရာများကဝေဖန်ခြင်း အကဲဖြတ်သုံးသပ်ခြင်းထက် အမှားပြင်အကြံပေးခြင်းကို ပိုမိုလုပ်ဆောင်ကြသည်။

၄။ **ကျောင်းသားများကို လိုသလောက်သာအထောက်အပံ့ပေးသည်**။ ကျောင်းသားများသင်ယူနေသောအကြောင်းအရာနှင့် သင်ယူနေစဉ်သူတို့စဉ်းစားပုံစဉ်းစားနည်း၊ စုံစမ်းမေးမြန်းနည်းနှင့် အချင်းချင်းဆက်သွယ်နည်းများကို ဆရာများကအနီးကပ်စောင့်ကြည့်ကြသည်။ ကျောင်းသားများအား မိမိတို့၏သင်ယူမှုနှင့် မိမိတို့လုပ်ဆောင်မှုများအပေါ်စိစ်ဆေးတတ်ရန်သင်ပေးသည်။ ဆရာများအနေဖြင့် လမ်းညွှန်မှုအမျိုးမျိုးအပြောင်းအလဲလုပ်ပေး၍ သူတို့သင်ယူရန်အသင့်ဖြစ်သောအခါ လွတ်လွတ်လပ်လပ်လုပ်ဆောင်ခွင့်ပေးရသည်။ တာဝန်အသစ်ကို အစမ်းထမ်းဆောင်ကြည့်ရန် လုံခြုံမှုခံစားရသောသင်ယူမှုပတ်ဝန်းကျင်ရှိပြီး မအောင်မြင်သောကြိုးပမ်းမှုကို နောက်ဆုံးအောင်မြင်ခြင်းသို့ပို့ဆောင်ပေးနိုင်သည်။


၅။ **စာသင်ခန်းနေရာကို ပြောင်းလဲစီစဉ်ခြင်းသည် ကျောင်းသားများအား အတူတကွလုပ်ဆောင်ရန်နှင့် အချင်းချင်းစကားပြောရန်လွယ်ကူ၍ သဘာဝကျစေသည်။** သမားရိုးကျစာသင်ခန်းအနေအထားတွင် ကျောင်းသားများသည် အတန်းလိုက်ထိုင်ပြီး ပွဲကြည့်ပရိသတ် (သို့မဟုတ်) ဘုရားကျောင်းတက်သူများကဲ့သို့သော ပွဲနေပွဲထိုင်အနေအထားမျိုးတွင်ရှိသည်။ ဆရာများက စာသင်ခန်း၏ရှေ့တွင်ထိုင်ပြီး တခါတရံ မြို့တော်ဝန်(သို့မဟုတ်) ဘုန်းတော်ကြီးကဲ့သို့ ထိုင်ခုံအမြင့်တွင်ထိုင်ကြသည်။ ကျောင်းသားများသည် အရေးကြီးကြောင်းနှင့် သူတို့ပြောဆိုသောအကြောင်းအရာများသည် စိတ်ဝင်စားဖွယ်ဖြစ်သောကြောင့် အချင်းချင်းဝေမျှလှယ်ရန်လိုကြောင်း အလေးအနက်ပြုရန်လိုအပ်ရာ ကျောင်းသားများအတူတကွပြောဆိုဆွေးနွေး၍ အလုပ်ပူးပေါင်းလုပ်ဆောင်နိုင်မည့် နေရာအနေအထားမျိုးဖန်တီးပေးရသည်။ အောက်ဖော်ပြပါ စာသင်ခန်းအနေအထားများသည် ကျောင်းသားများအချင်းချင်း ဆက်သွယ်ပြောဆိုနိုင်ရန် အထောက်အကူပြုသော အနေအထားမျိုးဖြစ်ကြသည်။ အောက်ပါပုံစံမျိုး အကြံပြုချက်ပေးထားသည်။





ဤစာသင်ခန်းအနေအထားမျိုးသည် ဆရာကိုနားထောင်ရန်အကောင်းဆုံးသောအနေအထားဖြစ်သော်လည်း ကျောင်းသားများအကြားဆက်သွယ်ပြောဆိုရန်မကောင်းပါ။ ကျောင်းသားများကို အချင်းချင်းပြောဆိုဆွေးနွေးစေလိုသော ဆရာများက ဤပုံစံမျိုးကိုရှောင်ကြသည်။




ဤစာသင်ခန်းအနေအထားသည်အဖွဲ့ငယ်များတွင် ဆွေးနွေးရန်ကောင်းမွန်သောအနေအထားမျိုးဖြစ်သည်။ ဆရာ၊ ဆရာမတို့ကတစ်နေရာတည်းတွင်မနေဘဲ အတန်းထဲတွင်လှည့်ပတ်သွားလာ၍ အဖွဲ့ငယ်များကိုစောင့်ကြည့်သည်။ မေးခွန်းများကိုဖြေသည်။ လိုအပ်သောလမ်းညွှန်ချက်များပေးသည်။




ဤပုံစံမျိုးသည် အတန်းတစ်ခုလုံးဆွေးနွေးရန် ကောင်းမွန်သောအနေအထားမျိုးဖြစ်သည်။ ဆရာ၊ ဆရာမသည်လည်း ပါဝင်ဆွေးနွေးသူများထဲတွင်တစ်ယောက်ဖြစ်ကြောင်းသတိပြုပါ။




ကျောင်းသားများကို ရွှေ့ပြောင်း၍မရသောခုံရှည်များတွင် ထိုင်ခိုင်းသည့်အခါ ဤပုံစံမျိုးကိုသုံးသည်။ စာရေးစားပွဲရှေ့တွင်ထိုင်နေသောကျောင်းသားက နောက်လှည့်၍ စာရေးစားပွဲနောက်တွင် ထိုင်နေသောကျောင်းသားနှင့် အလုပ်တွဲလုပ်နိုင်သည်။

## ဤသင်ယူမှုအစီအစဉ်ကို အကျိုးအများဆုံးရှိအောင် မည်သို့ပြုလုပ်မည်နည်း။

သင်ကြားနည်းအသစ်တစ်မျိုးကိုသင်ယူခြင်းသည် အားကစားနည်းတစ်မျိုးကို သင်ယူခြင်းနှင့်တူသည်။ သင်ကြားပုံကို ဦးစွာကြည့်ပြီးနောက် ထိုသို့သင်ကြားတတ်သူ၏ရှေ့မှောက်တွင် သင်ကြားနည်းသစ်ကို ကိုယ်တိုင် စမ်းသပ်အသုံးပြုရသည်။ ထို့နောက် မိမိ၏သင်ကြားပုံကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံပြုချက်များကိုရယူသည်၊ သင်တန်းများကို ဤအတိုင်းစီစဉ်ရမည်။ သင်ကိုယ်တိုင် ကျောင်းသားတစ်ဦးအဖြစ်ဖြင့် သရုပ်ပြသင်ကြားမှုတွင် ပါဝင်လုပ်ဆောင်ရသည်။ ထို့နောက် သင်နည်းစနစ်ကို ဆွေးနွေးပြီး သင်ကြားနည်းကိုလေ့လာသင်ယူရသည်။ ပြီးလျှင် ထိုသင်နည်းကို သင်ကိုယ်တိုင်အသုံးပြု၍ သင်ခန်းစာတစ်ခုကိုရေးသားပြုစုရသည်။ သင်တန်းအဆုံးပိုင်းတွင် သင်တန်းပြီး ဆုံးပြီးနောက် သင်၏စာသင်ခန်းတွင် အမှန်တကယ်သင်ကြားမည့် သင်ခန်းစာတစ်ခုကို ပုံစံရေးဆွဲပြုစုရပါမည်။

ဤလမ်းညွှန်စာအုပ်၏ အပိုင်း (၂)တွင်သင်ကြားနည်းကို လက်တွေ့အသုံးချမည့် အဓိကပင်မကျောရိုးသင်ခန်း စာများပါရှိသည်။ ထို့နောက် သရုပ်ပြလုပ်ဆောင်ပြီးသော သင်ကြားနည်းများကိုအသုံးပြုရန် တစ်ဆင့်ပြီးတစ်ဆင့်ရှင်း ပြသည်။ ပင်မကျောရိုးသင်ခန်းစာများတွင် သင်ကြားပို့ချနည်းတစ်ခုစီကိုအသုံးပြုပြီး သင်ကြားပြပြီးနောက် လမ်းညွှန် ချက်က အလားတူပန်းတိုင်မျိုးကိုရောက်ရန် အသုံးပြုနိုင်မည့်အခြားဆက်နွယ်နေသော သင်ကြားနည်းများကိုလည်း ပြသပေးသည်။

အပိုင်း (၃)တွင် ယေဘုယျယူဆချက်များအဖြစ် ဝေဖန်ပိုင်းခြားစဉ်းစားရန်အတွက် စာဖတ်ခြင်းနှင့်စာရေး ခြင်းနည်းများကိုအသုံးပြုစဉ် အကဲဖြတ်ခြင်း (assessment)နှင့် သင်ခန်းစာရေးဆွဲခြင်း (lesson planning)ကိုဖော်ပြထား ပေးသည်။ ဤအခန်းတွင် အတန်းအဆင့်မျိုးစုံ၊ ဘာသာရပ်မျိုးစုံကို သင်ကြားပို့ချသော အောင်မြင်သည့်ဆရာပေါင်းစုံ၏ လက်တွေ့လုပ်ဆောင်ချက်များအပေါ်အခြေခံ၍ တည်ဆောက်သော စာသင်ခန်းစီမံခန့်ခွဲခြင်းနှင့် အကဲဖြတ်ရန်စည်းမျဉ်း များကို ထည့်သွင်းထားသည်။

အပိုင်း (၄)တွင် ဘာသာရပ်တစ်ခုချင်းသော်လည်းကောင်း၊ အခြားဘာသာရပ်များနှင့်တွဲ၍လည်းကောင်း သင်ကြားခြင်းသည် စာပေဘာသာရပ်၊ သင်္ချာဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ပန်းချီအနုပညာဘာသာရပ်၊ အတန်းစည်း ကမ်းဘာသာရပ်များနှင့် အခြားအရေးကြီးသောအကြောင်းအရာ (crosscutting) များသင်ကြားရာတွင် RWCT နည်း လမ်းများကို လက်တွေ့အသုံးချခြင်းအပေါ် အထူးအာရုံစိုက်ထားသည်။

သတိပြုမှတ်သားရန်မှာ ဤနည်းများကို အသုံးပြု၍ကောင်းမွန်စွာတတ်မြောက်ရန် သင်စမ်းသပ်ကြည့်ရမည် ဟူသောအချက်ဖြစ်သည်။ သင်၏သင်ကြားပို့ချမှုတွင် အသုံးပြုမည့်နည်းသစ်တစ်ခုသည် အမှန်တကယ်လက်တွေ့ ဖြစ်နိုင်ကြောင်း မဆုံးဖြတ်နိုင်မီ ထိုနည်းသစ်ကို ကြိမ်ဖန်များစွာစမ်းသပ်အသုံးပြုရန် အကြံပြုလိုပါသည်။ ထိုနည်းသစ်ကို သင်အသုံးပြု၍သင်ကြားရာတွင် ကျင့်သားရအောင်ဆောင်ရွက်ရမည့်အပြင် သင်၏ကျောင်းသားများလည်း ထိုသင် ကြားနည်းအသစ်ဖြင့် သင်ယူခြင်းကျင့်သားရရန်လိုအပ်သည်။

သင်သည် အခြားဆရာများနှင့်လည်း ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရဦးမည်။ ဤသင်ကြားနည်းကိုအသုံးပြု သော အခြားဆရာများနှင့်အတူ အနည်းဆုံးတစ်လတစ်ကြိမ်တွေ့ဆုံဆွေးနွေးပါ။ သင်၏အောင်မြင်မှုအကြောင်း မေးခွန်း များနှင့်အဖြစ်အပျက်များကိုရေးမှတ်ပြီး၊ အစည်းအဝေးတွင် အခြားဆရာများနှင့်ဆွေးနွေးရန် ထိုစာရွက်များကိုယူလာပါ။ သင်၏သင်ခန်းစာအစီအစဉ်နှင့် ကျောင်းသားများ၏ရေးသားပြုစုချက်များကို အစည်းအဝေးတွင်ဆွေးနွေးနိုင်ရန် ယူလာပါ။ သင်၏လုပ်ဖော်ကိုင်ဖက်များ ကြုံတွေ့နေရသောပြဿနာများကို အောင်မြင်ကျော်လွှားနိုင်ရန် ကူညီပေးမည့် အကြံဉာဏ်ကောင်းများသင့်တွင်ရှိမည်မှာသေချာပြီး၊ သူတို့ထံမှ အကြံဉာဏ်ကောင်းများလည်း ရရှိလိမ့်မည်။

> ဘွဲ့ရပညာရေးဝန်ထမ်းတစ်ဦးအဖြစ်နှင့် ကျောင်းဆရာလုပ်သက်(၃၀)အတွေ့အကြုံရထားသူအဖြစ် သင်တန်းတွင် လာရောက်ပါဝင်ရခြင်းသည် အခြားအဆင့်မြင့်ဘွဲ့ယူရန်အပြီးသတ်ခြင်းနှင့် တန်းတူခံစားရပါသည်။
>
> ( **Azerbaijan** မှ ကျောင်းဆရာတစ်ဦး )

# အပိုင်း ၂
# သင်ကြားနည်းများနှင့်နည်းဗျူဟာများ

သင်ကြားခြင်းသည် နည်းစနစ်များစုစည်းထားခြင်းမျှသာမကပေ။ ကောင်းမွန်ထိရောက်စွာ သင်ကြားခြင်းဟူသည်မှာ သတ်မှတ်ထားသော သီးသန့်ကျောင်းသားတစ်စုအတွက် စာသင်နှစ်အချိန်ပိုင်းတစ်ခုတွင် သင်ကြားနည်းအထောက်အကူပစ္စည်းအချို့ဖြင့် သတ်မှတ်ထားသောစာသင်ချိန်ဘောင်အတွင်း စာသင်ကျောင်းတစ်ခု (သို့မဟုတ်) ရပ်ကွက်လူမှုအဖွဲ့အစည်းတစ်ခု၌ သင်ကြားပို့ချနည်းတစ်ခုကို အသုံးပြုခြင်းကိုဆိုလိုသည်။ ထိုနည်းလမ်းသည် တိုက်ရိုက်လမ်းညွှန်မှုနှင့် ကျောင်းသားတစ်ဦးချင်းသို့မဟုတ် ကျောင်းသားအဖွဲ့ငယ်များအကြား လုပ်ဆောင်ချက်ကို ချိန်ခွင်လျှာညှိပေးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျောင်းသားတစ်ဦးချင်း၏ကျွမ်းကျင်မှု တိုးတက်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ပေးစဉ် တချိန်တည်းမှာပင် သင်ရိုးညွှန်းတမ်း၌ပါရှိသော အကြောင်းအရာများကို သင်ယူခြင်းကိုဆိုလိုသည်။

အနုပညာစာတ်ခံရှိသောဆရာများသည် ဘာသာရပ်ဆိုင်ရာကိစ္စများအပေါ်တွင် ပုံသေအသိပညာ သို့မဟုတ် သက်မဲ့အတွေးအခေါ်များအဖြစ် မချဉ်းကပ်ဘဲ သိကျွမ်းခြင်းနည်းလမ်းများအဖြစ် ချဉ်းကပ်ကြသည်။ သိကျွမ်းခြင်းနည်းများကိုအသုံးပြုခြင်း(ဘာသာရပ်နယ်ပယ်တစ်ခုအတွင်း စဉ်းစားခြင်း) ဟူသည် သဘောတရားတစ်ခုကို တည်ဆောက်ပြီး မေးခွန်းမေးခြင်းနှင့် အသိပညာဖန်တီးခြင်းအတွက် နည်းဗျူဟာတစ်စုံအားချမှတ်အသုံးပြုခြင်းကိုဆိုလိုသည်။ ဘာသာရပ်နယ်ပယ်အားလုံးတွင် စဉ်းစားခြင်းဟူသည် ပြဿနာတစ်ခုကိုရှာဖွေထောက်ပြခြင်း၊ မှန်ကန်သောမေးခွန်းများမေးခြင်း၊ ခံယူရန်မှန်ကန်သောအသိပညာကိုဖော်ဆောင်ခြင်း၊ မှန်ကန်သောအဖြေကိုတွေ့အောင်ရှာဖွေဖော်ထုတ်ခြင်းနှင့် မိမိ၏အောင်မြင်မှုအတိုင်းအတာအမှန်တစ်ခုအထိ လက်တွေ့အသုံးချခြင်းတို့ကိုဆိုလိုသည်။

သင်ကြားခြင်းသည် နည်းဗျူဟာများစုပေါင်းထားသော အစီအစဉ်တစ်စုံထက်မကသော်လည်း တီထွင်ဖန်တီးတတ်သောဆရာ၏ သင်ကြားပြသမှုတစ်စိတ်တစ်ဒေသဖြစ် သင့်လျော်သည့်နည်းလမ်းများရှိသည်။ ဤနည်းများထဲမှအချို့သည် သင်ခန်းစာတစ်ခုလုံးပုံဖော်ရန် နားလည်လွယ်သောနည်းဗျူဟာများဖြစ်ကြသည်။ ကျန်အခြားနည်းလမ်းများကို သင်ခန်းစာအစီအစဉ်ရေးဆွဲရာတွင် အပြီးသတ်ရန်အသုံးပြုနိုင်သည်။

## ပင်မကျောရိုးသင်ခန်းစာများနှင့် ယင်းတို့ကိုဖတ်ရှုနည်း

ရှေ့ဆက်လာမည့် စာမျက်နှာများတွင် ပင်မကျောရိုးသင်ခန်းစာ ( Core lessons ) ရှစ်ခုကို အသေးစိတ်ဖော်ပြထားသည်။ ဤသင်ခန်းစာများအနက်တစ်ခုစီသည် လုပ်ဆောင်ရန်အစီအစဉ်များ ( activities ) နှင့် ယခင်အပိုင်းတွင်ဖော်ပြခဲ့ပြီးသော ကြိုတင်သိမြင်ခြင်း( anticipation )၊ အသိပညာတည်ဆောက်ခြင်း( building knowledge)နှင့် စုစည်းခြင်း ( consolidation ) ဟူသောအပိုင်းကြီးသုံးပိုင်းမှ တစ်ပိုင်းစီအတွက်ရွေးချယ်သည့် သင်ကြားနည်းဗျူဟာများ ထည့်သွင်းထားသည်။ ဆရာနှင့်ကျောင်းသားများ ပြောဆိုလုပ်ဆောင်ရမည့်အချက်အလက်များကို သင့်အတွက်လွယ်ကူစွာသဘောပေါက်စေရန် ဤသင်ခန်းစာများကို ပြဇာတ်နှင့်ဇာတ်ညွှန်းစာမူရေးသကဲ့သို့ ရေးသားပြုစုပေးထားပါသည်။ သင်သည်သင်တန်းတွင်ပါဝင်တက်ရောက်လျှင် ဤအခန်းများတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်သရုပ်ဆောင်ရန် အခွင့်အရေးရရှိမည်ဖြစ်သည်။

ဇာတ်ညွှန်းစာမူ၏စာသားများတွင် သင်ခန်းစာတစ်ခုစီအတွက် အောက်ပါသရုပ်ဖော်ပုံများဖြင့် ဖော်ပြထားကြောင်းတွေ့ရလိမ့်မည်။



သင်ခန်းစာ၏ကြိုတင်သိမြင်ခြင်းအပိုင်း


အသိပညာတည်ဆောက်ခြင်းအပိုင်း


စုစည်းခြင်းအပိုင်း

သင်ခန်းစာတစ်ခုစီ၏နောက်ဆက်တွဲတွင် မည်သို့လုပ်ဆောင်ခဲ့ကြောင်းနှင့် မည်သည့်အရာများကိုလုပ်ဆောင်ပြီးခဲ့ကြောင်းသုံးသပ်ရန် ဖိတ်ခေါ်ချက်များပါရှိသည်။ ထို့နောက် သင်၏သင်ခန်းစာများတွင် ထိုအတိုင်းလိုက်နာနိုင်ရန် သင်ကြားနည်းလမ်းများကို သေချာစွာဖော်ပြပြီး သင်ကြားနည်းအဆင့်ဆင့်ကို ရှင်းပြထားသည်။ နောက်ဆုံးတွင် အလားတူသင်ခန်းစာများ၌ သုံးနိုင်မည့်မူကွဲနည်းများ၊ အခြားဆက်နွယ်နေသောနည်းများကို ရှင်းလင်းဖော်ပြပေးထားသည်။

ဤနည်းများအနက် အချို့နည်းလမ်းများသည် ABC အဆင့်သုံးဆင့်တွင် တစ်မျိုး (သို့မဟုတ်)တစ်မျိုးထက်ပို၍အသုံးဝင်ကြောင်းသတိပြုမိရန် အရေးကြီးသည်။ အထက်တွင်ဖော်ပြထားသည့် ABCသင်္ကေတများကို နည်းလမ်းများတွင် ထည့်သွင်းဖော်ပြထားသည်။ နည်းလမ်းကိုမည်သည့်အဆင့်တွင် အသုံးပြုနိုင်ကြောင်းဖော်ပြရန်ဖြစ်သည်။ အချို့နည်းလမ်းများသည် အပိုင်း (phases)များစွာအတွက်အသုံးဝင်ကြောင်း(သို့မဟုတ်) အပိုင်းတစ်ခုထက်ပို၍ အသုံးဝင်ကြောင်းတွေ့ရသည်။ ဥပမာ




(ဤနည်းသည် ကြိုတင်သိမြင်ခြင်း(anticipation phase)နှင့် စုစည်းခြင်း(consolidation phase) အပိုင်းတို့အတွက် အသုံးဝင်သည်။)


သင်အမှန်တကယ် သင်ခန်းစာပြုစုသောအခါတွင် အသုံးပြုလွယ်စေရန် နည်းလမ်းတိုင်းကို ပုံစံတစ်မျိုးတည်းဖြင့်ဖော်ပြပေးထားသည်။



**ကျိုးကြောင်းဆင်ခြင်မှု** (Rationale) – သင်ကြားနည်း၏ရည်ရွယ်ချက်ပန်းတိုင် အဓိကအပိုင်းအခြားအချက်အလက်များနှင့် ကျောင်းသားများသင်ယူတတ်မြောက်ရန် အထောက်အကူပေးပုံကိုဖော်ပြသည်။




**အဖွဲ့အရွယ်အစား** (Group size) – ဤသင်ကြားနည်းတွင်ပါဝင်ရန် အသင့်လျော်ဆုံးကျောင်းသားအရေအတွက်။



**လိုအပ်သောပစ္စည်းများ** (Resources) – လိုအပ်သောစာအုပ်စာတမ်းများ။



**လိုအပ်သောအချိန်** (Time Required )



**လက်တွေ့လုပ်ဆောင်ချက်** (Activity) – သင်ကြားနည်း၏ အဆင့်တစ်ခုစီကို အသေးစိတ်ဖော်ပြသည်။



**အကဲဖြတ်စစ်ဆေးခြင်း** (Assessment) – သင်ခန်းစာသင်နေစဉ်အတွင်းနှင့် သင်ခန်းစာအပြီးတွင် လိုအပ်လျှင်စစ်ဆေးရန်။



**ပြန်လည်စဉ်းစားခြင်း** (Reflections) – စာဖတ်သူအား ဤသင်နည်းကို ဘယ်နည်းဖြင့် (သို့မဟုတ်) ဘာကြောင့်အသုံးပြုရကြောင်း ပို၍ကောင်းသောအကြံဉာဏ် ရရှိစေမည့်နည်းလမ်းများဆွေးနွေးခြင်း။



**စကားရိပ်** (Tips) – ဤနည်းကို ပို၍ထိရောက်စွာသုံးရန် (သို့မဟုတ်) လိုအပ်ချက်မတူညီသော အခြားသီးသန့်အုပ်စုများကို ဤနည်းသုံးရန်အကြံပြုချက်များ။

အောက်ဖော်ပြပါ ပင်မကျောရိုးသင်ခန်းစာများသည် အတန်းအသီးသီးမှ ကျောင်းသားများအတွက်ဘာသာရပ်အမျိုးမျိုးသင်ကြားရာတွင် အသုံးပြုနိုင်ရန်စီမံထားသော သင်ခန်းစာများဖြစ်သည်။ ပင်မကျောရိုးသင်ခန်းစာတစ်ခုစီက မတူညီသောရည်ရွယ်ချက်အမျိုးမျိုး သင်ကြားခြင်းအတွက်ရွေးချယ်ထားသည်။

ပထမကျောရိုးသင်ခန်းစာ – ဖတ်စာအုပ်ထဲမှ သတင်းအချက်အလက်ကိုသင်ယူခြင်း
( Learning Information from Text )

ဒုတိယကျောရိုးသင်ခန်းစာ – ဇာတ်လမ်းဖတ်စာကို နားလည်ခြင်း
( Understanding Narrative Text )

တတိယကျောရိုးသင်ခန်းစာ – စုပေါင်းသင်ယူခြင်း
( Cooperative Learning )

စတုတ္ထကျောရိုးသင်ခန်းစာ – ဆွေးနွေးခြင်း
( Conducting Discussions )

ပဉ္စမကျောရိုးသင်ခန်းစာ – စာရေးခြင်းနှင့် စုံစမ်းမေးမြန်းခြင်း
( Writing and Inquiry )

ဆဋ္ဌမကျောရိုးသင်ခန်းစာ – လက်ခံနိုင်ဖွယ်ဖြစ်အောင် ရေးသားခြင်း
( Writing to Persuade )

သတ္တမကျောရိုးသင်ခန်းစာ – အချေအတင်အဆိုကို နားလည်ခြင်း
( Understanding Arguments )

အဋ္ဌမကျောရိုးသင်ခန်းစာ – ဝေဖန်ပိုင်းခြားစိတ်ဖြင့် နားထောင်ခြင်း
(Critical Listening)

## ပထမကျောရိုးသင်ခန်းစာ – ဖတ်စာအုပ်မှ သတင်းအချက်အလက်ကိုသင်ယူခြင်း

ဤသင်ခန်းစာသည် သတင်းအချက်အလက်များပါရှိသည့်စာအုပ်ကို ကျောင်းသားများဖတ်ရှုသင်ယူရန် အထောက်အကူပြုသော နည်းလမ်းများကိုဖော်ပြသည်။ သင်ခန်းစာတွင် ဤလမ်းညွှန်စာအုပ်၏ ပထမပိုင်းတွင်တင်ပြခဲ့သည့် ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်း ဟူသောအပိုင်းသုံးပိုင်းပုံစံအတိုင်း လိုက်နာသည်။ သင်ခန်းစာသည် – Structured Overview (Ausubel 1968), Know / Want to know / Learn ( K-W-L ) procedure ( Ogle 1986 ), Paired Reading / Paired Summarizing (Vaughn 1986)နှင့် the Value Line (Kagan 1997) တို့ကိုအသုံးပြုသွားပါမည်။

ဤသင်ခန်းစာအတွက်ဖတ်စာမှာ ဆင်များနှင့်တောင်သူများ (Elephants and Farmers) ဖြစ်သော်လည်း သင်ခန်းစာ၏လုပ်ထုံးလုပ်နည်းမှာ ရှိထားပြီးသောမည်သည့်သတင်းအချက်အလက်ကိုမဆို အသုံးပြုရန်စီစဉ်ထားသည်။ ဤသင်ခန်းစာကို ဆဋ္ဌမတန်းကျောင်းသားများအတွက် စီစဉ်ထားသော်လည်း ဆဋ္ဌမတန်းအောက်(သို့မဟုတ်) အထက်တန်းအဆင့်များအတွက်လည်း အသုံးပြုနိုင်သည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။(ဆင်အကြောင်းသင်ကြားရန်မဟုတ်။) ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။

## သင်ခန်းစာ



### ကြိုတင်သိမြင်ခြင်း

ဆရာမသည် အပေါ်ယံ ခြုံကြည့်ခြင်း (Structured Overview) မှအစပြု၍ ဤအပိုင်းတွင် ခေါင်းစဉ်အကြောင်း ခပ်တိုတိုပြောပြရသည်။ ကျောင်းသားများ၏ အတွေးကိုခေါင်းစဉ်နှင့် ကိုက်ညီအောင်ဘောင်ခတ်၍ သူတို့၏သိလိုစိတ်ကို နှိုးဆွပေးရန်မျှသာဖြစ်သည်။ ပြောဆိုမှုသည် အောက်ပါအတိုင်းဖြစ်သည်။

**ဆရာမ** – ဒီနေ့ကျွန်ုပ်တို့အနေနဲ့ ပျောက်ဆုံးပျက်သုဉ်းခါနီး သတ္တဝါများကို ဘယ်လိုကာကွယ်ကြမလဲဆိုတဲ့ ခေါင်းစဉ်အကြောင်းပြောဆိုကြမယ်။ ဆင်အကြောင်းကို အဓိကထားပြီး ဆွေးနွေးကြမယ်။ ပြီးတော့ ဆင်များကိုမပြုန်းတီးအောင် ဘယ်လိုကာကွယ်ကြမလဲဆိုတာ ပြောကြမယ်။ မေးခွန်းကိုတခြားနည်းနှင့်လည်း ကြည့်ရှုသုံးသပ်ကြမယ်။ ထိန်းသိမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာများအကြောင်း စဉ်းစားကြည့်ကြမယ်။

အချို့ဆင်တွေဟာအာရှတိုက်မှာ နေထိုင်ကြတယ်။ သို့သော်ဆင်အများဆုံးနှင့် အကြီးဆုံးဆင်များ နေထိုင်တာကတော့ အာဖရိကတိုက်မှာဖြစ်ပါတယ်။ အထူးသဖြင့် အာဖရိကအရှေ့ပိုင်း ကင်ညာနိုင်ငံ၊ တန်ဇန်နီးယားနိုင်ငံနဲ့

ယူဂန်ဒါနိုင်ငံများမှာ နေထိုင်ကြပါတယ်။ (ဆရာမက ကမ္ဘာ့မြေပုံပေါ်မှာ ထိုတိုင်းပြည်များကို ထောက်ပြရန်)။ ဆင်များဟာ မြက်ခင်းလွင်ပြင်များနှင့် သစ်တောကြီးများမှာနေထိုင်ကြပါတယ်။

ခဏလောက်အချိန်ယူပြီး ဆင်များကိုအန္တရာယ်ဖြစ်အောင် ခြိမ်းခြောက်နေတဲ့အရာအချို့အကြောင်း တွေးကြည့်ကြပါ။ ပြီးတော့ သင့်ရဲ့ရှေ့မှာထိုင်နေတဲ့ အဖော်ဘက်လှည့်ပြီးတော့ အဖြေညှိကြည့်ပါ။

တစ်မိနစ်ခန့်ကြာသော် အတွဲသုံးတွဲမှအဖြေများကို တင်ပြရန်ဖိတ်ခေါ်ပါ။

**အတွဲ(၁)** – ငါတို့ကတော့ လူတွေသေနတ်နှင့်လိုက်ပစ်ကြတယ်လို့ထင်တယ်။

**ဆရာမ** – မှန်ပါတယ်။ ဟိုအရင်တုန်းကဆိုရင် အမဲလိုက်မုဆိုးတွေဟာ ဆင်တွေကို အပျော်တမ်းလိုက်ပစ်ကြတယ်။ နှစ်ပေါင်းများစွာအတွင်း ဆင်ကောင်ရေထောင်ပေါင်းများစွာဟာ အဲဒီလိုနည်းနှင့်ပစ်သတ်ခံရတယ်။ ၁၉၇၀ ကျော်နှစ်များက တိုင်းပြည်အတော်များများမှာဆင်ပစ်ခွင့်ကို ဥပဒေအရတားမြစ်လာခဲ့ကြတယ်။ ဒါပေမဲ့တရားမဝင် မှောင်ခိုဆင်ပစ်သမားတွေဟာ ဆင်စွယ်အတွက် ဆက်လက်ပစ်သတ်ကြတယ်။ ဆင်စွယ်ဟာရှားပါးပြီး တန်ဖိုးကြီးမားတယ်။ ပြီးတော့

**အတွဲ(၂)** – လူတွေက ဆင်တွေနေထိုင်တဲ့တောကို ဖျက်ဆီးကြတာဖြစ်နိုင်တယ်။

**ဆရာမ** – ဒါလဲ ကြီးမားတဲ့ခြိမ်းခြောက်မှုတစ်မျိုးပါပဲ။ ဆင်တွေနေတဲ့တောတွေကို လူတွေကစိုက်ပျိုးရေးအတွက် သုံးပစ်ကြတယ်။

ခြုံပြီးပြောရရင် ကမ္ဘာပေါ်မှာဆင်ကောင်ရေဟာ ဆက်လက်လျော့နည်းနေဆဲဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့ဆင်ကောင်ရေကို ကာကွယ်ဖို့လုပ်ဆောင်နေကြပြီ။ ဒီလုပ်ဆောင်ချက်တွေဟာ ဘယ်လိုခြေလှမ်းမျိုးဖြစ်မယ်လို့ ထင်ကြသလဲ၊ တစ်မိနစ်လောက်အချိန်ယူပြီး ဘယ်လိုကာကွယ်မလဲဆိုတာစဉ်းစားကြပါ။ ပြီးရင် ကိုယ့်ဘေးကအဖော်ဘက်ကိုလှည့်ပြီး အဖြေညှိကြည့်ပါ။

တခဏလောက်ကြာလျှင် ဆရာမက တစ်ခြားကျောင်းသားအတွဲကို ဆက်ခေါ်လိုက်ပါ။

**အတွဲ(၃)** – လူတွေအနှောက်အယှက်မပေးနိုင်တဲ့ ဆင်နဲ့အခြားတိရစ္ဆာန်တွေ နေထိုင်နိုင်တဲ့ဥယျာဉ်ကြိုးဝိုင်း မရှိဘူးလား။

**ဆရာမ** – ရှိပါတယ်။ အစိုးရတွေအနေနဲ့ ကျယ်ဝန်းတဲ့ဥယျာဉ် ဒါမှမဟုတ် ဘေးမဲ့ကြိုးဝိုင်းတွေ သတ်မှတ်ပေးထားကြပါတယ်။ တချို့နေရာတွေဆိုရင် ကီလိုမီတာများစွာကျယ်ဝန်းပြီး ဆင်တွေကို တိရစ္ဆာန်ထိန်းသိမ်းတဲ့အစောင့်တွေက အကာအကွယ်ပေးပြီး တိရစ္ဆာန်တွေရဲ့သဘာဝနေထိုင်ရာဒေသအတိုင်း ထားရှိကြပါတယ်။ ပြီးတော့ ရတနာကုန်သည်တွေကိုလည်း ဆင်စွယ်အရောင်းအဝယ်မလုပ်ဖို့တိုက်တွန်းပြီး ဆင်စွယ်ရောင်းဝယ်မှုရှိသည့်တိုင် လူအများမဝယ်ကြဖို့လည်းတိုက်တွန်းပါတယ်။

ဒါပေမဲ့ မင်းတို့စဉ်းစားဖို့မေးခွန်းတစ်ခုရှိတယ်။ အာဖရိကတိုက်မှာဆိုရင် ဆင်တွေဟာ မြက်ခင်းလွင်ပြင်နဲ့ သစ်တောကြီးတွေထဲမှာ နေထိုင်ကြပါတယ်။ တချို့ဆင်တွေဟာ လူတွေရဲ့စိုက်ခင်းနဲ့နီးတဲ့နေရာတွေမှာ နေထိုင်ကြပါတယ်။ ဒါဆိုရင် ဘယ်လိုပြဿနာမျိုးကို ဖြစ်စေမှာလဲ၊ လူအများစုအနေနဲ့ ဆင်တွေကို ကာကွယ်စောင့်ရှောက်ပေးရမယ်လို့ ခံယူထားကြတယ်ဆိုတာသတိရကြပါ။ ဒါပေမဲ့ လူတွေဟာ စိုက်ခင်းကထွက်တဲ့အစားအစာကိုလည်း စားသုံးဖို့လိုတယ်။

ယခု ဆရာကကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲခိုင်းပြီး ဆင်တွေကိုထိန်းသိမ်းရန်နည်းလမ်းများအား သိသမျှစာရင်း ရေးချခိုင်းပါ။

မင်းတို့ဘေးက လူဘက်ကိုလှည့်ကြည့်ပါ။ ဆင်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ နည်းလမ်း ၃–၄ မျိုးကိုစဉ်းစားကြည့်ကြပါ။ သေချာပေါက်သိထားတဲ့အကြောင်းအရာတွေကို စဉ်းစားကြပါ။ ခုနပြောခဲ့တဲ့ အချက်အလက်တွေနဲ့ မကန့်သတ်ကြပါနဲ့။

ဆရာက သိပြီး – သိလို – သိလာ ဇယားကွက် (K-W-L Chart ) ကို သင်ပုန်းကြီးပေါ်တွင် ရေးဆွဲပါ။

## ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး

| **သိထားပြီးအရာ**<br>(What do we know?) | **သိလိုသောအရာ**<br>(What do we want to know?) | **သိလာသောအရာ**<br>(What did we learn?) |
|---|---|---|
| | | |

ယခု ဆရာအနေဖြင့် ကျောင်းသားအတွဲများကို ဆင်ဦးရေထိန်းသိမ်းရေးနှင့် ပတ်သက်သောအချက်အလက်များစဉ်းစားရသမျှထဲမှအချို့ကိုပြောခိုင်းပြီး၊ K-W-L Chart ပေါ်တွင် သိထားပြီးအရာ(What do we know?) ခေါင်းစဉ်အောက်၌ရေးချပါ။

**ဆရာမ –** ဆင်တွေကိုထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့အချက်အလက်တွေထဲက သိထားပြီး၊ အရေးကြီးအချက်တွေနှင့် တခြားဆက်နွယ်နေတဲ့ ပြဿနာတွေကိုရေးချကြည့်စို့။

ကျောင်းသားများက ဆင်များသည် ပျက်သုဉ်းခါနီးအန္တရာယ်နှင့်ကြုံတွေ့နေကြကြောင်း၊ လူတွေက ဆင်များနေထိုင်ရာဌာနကို ဖျက်ဆီးနေကြကြောင်းစသဖြင့် ပြောဆိုကြမည်။ ဆရာမက ဤအချက်အလက်များကို ရေးမှတ်ရမည်။

## ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး

| **သိထားပြီးအရာ**<br>(What do we know?) | **သိလိုသောအရာ**<br>(What do we want to know?) | **သိလာသောအရာ**<br>(What did we learn?) |
|---|---|---|
| ဆင်များမျိုးပြုန်းမည့်အန္တရာယ်ကြုံတွေ့နေရသည်။ လူတွေကဆင်တွေကိုပစ်သတ်ကြသည်။ ဆင်ဖမ်းသမားမုဆိုးများက ဆင်စွယ်အတွက် ဆင်သတ်ကြ၏။ လူများက ဆင်များနေထိုင်ရာအရပ်ကို ဖျက်ဆီးပစ်ကြ၏။ ဆင်မပစ်ရဥပဒေရှိသည်။<br>ဆင်များအတွက်ဘေးမဲ့ ကြိုးဝိုင်းများ သတ်မှတ်ပေးထားသည်။ အချို့ဆင်များသည် စိုက်ခင်းနားတွင်နေထိုင်ကြ၏။ ဆင်များက တောင်သူများ၏စိုက်ခင်းကို ဖျက်ဆီးနိုင်သည်။ | | |

ယခု ဆရာမက ကျောင်းသားများအတွဲအား သူတို့သေချာပေါက်မသိကျွမ်းသည့် အကြောင်းအရာများကိုမေးပြီး သူတို့၏မသေချာမရေရာသော အချက်အလက်များကို မေးခွန်းပုံစံပြောင်းပြီးKWL - chart ပေါ်တွင် ရေးမှတ်ခြင်းပြုလုပ်ရန်ကူညီပါ။ ဆရာမက သိထားပြီးအရာဇယားကွက်မှ အချက်အလက်များကို အသံကျယ်ကျယ်ဖတ်၍ အစပြုပါ။

**ဆရာမ** – ဆင်ထိန်းသိမ်းရေးစောင့်ရှောက်ရေးအကြောင်း ဒို့သိထားတာမနည်းပါဘူး။ နောက်ထပ်ဘာတွေထပ်သိဖို့လိုအုံးမလဲ။

ကျောင်းသားများက ဆင်များကောက်ပဲသီးနှံဖျက်ဆီးသည့်အတွက် ဘယ်လောက်ပျက်ဆီးဆုံးရှုံးကြောင်း သိလိုကြသည်။ ဆရာမက မေးခွန်းများကိုသိလိုသောအရာ ခေါင်းစဉ်အောက်တွင်ရေးချပါ။

## ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး

| သိထားပြီးအရာ (What do we know?) | သိလိုသောအရာ (What do we want to know?) | သိလာသောအရာ (What did we learn?) |
|---|---|---|
| ဆင်များမျိုးပြုန်းမည့် အန္တရာယ်ကြုံတွေ့နေရသည်။ လူတွေကဆင်တွေကို ပစ်သတ်ကြသည်။ | ဆင်များကသီးနှံများကို ဖျက်ဆီးကြသလား။ | |
| ဆင်ဖမ်းသမားမုဆိုးများက ဆင်စွယ်အတွက်ဆင်သတ်ကြ၏။ | ဆင်များက ဘယ်လောက်ဖျက်ဆီးနိုင်သလဲ။ | |
| လူများက ဆင်များနေထိုင်ရာအရပ်ကို ဖျက်ဆီးပစ်ကြ၏။ ဆင်မပစ်ရဥပဒေရှိသည်။ | ဆင်များနှင့်နီးနီး နားနားနေထိုင်သူများက ဆင်များနှင့်ပတ်သက်၍ မည်သို့ခံစားရသလဲ။ | |
| ဆင်များအတွက် ဘေးမဲ့ကြိုးဝိုင်းများ သတ်မှတ်ပေးထားသည်။ | | |
| အချို့ဆင်များသည် စိုက်ခင်းနားတွင် နေထိုင်ကြ၏။ ဆင်များကတောင်သူများ၏စိုက်ခင်းကို ဖျက်ဆီးနိုင်သည်။ | ဆင်ကိုကာကွယ်ဖို့လိုအပ်၊ မလိုအပ် ဘယ်သူက ဆုံးဖြတ်သင့်သလဲ။ | |
| ဆင်များသည် မြက်ခင်းလွင်ပြင်များနှင့် သစ်တောများတွင် နေထိုင်ကြသည်။ | | |



## အသိပညာ တည်ဆောက်ခြင်း

ယခုဆရာမသည် ကျောင်းသားများအား ဖတ်စာအုပ်မှစာကိုဖတ်စေရန် ပြင်ဆင်ရမည်။ ကျောင်းသားများက မိမိတို့ဖတ်နေသော စာအကြောင်းစဉ်းစားရန် အထောက်အကူအဖြစ် နှစ်ယောက်တွဲစာဖတ်ခြင်းနှင့် နှစ်ယောက်တွဲအကျဉ်းချုံးခြင်းနည်း (Paired Reading / Paired Summarizing) ကိုသုံးမည်ဖြစ်သည်။ ဤစာဖတ်နည်းသည် ကျောင်းသားများအတွက် အသစ်အဆန်းဖြစ်နေသေးသဖြင့် ဤနည်းကိုမိတ်ဆက်ပေးရန်ဆရာက အချိန်ယူသင်ပေးရမည်။

**ဆရာမ –** အခုဒို့ဟာ ဆင်များကို မျိုးမပြုန်းအောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအကြောင်းနဲ့ ဒီလိုစောင့်ရှောက်ထိန်းသိမ်းလို့ဖြစ်ပေါ်လာတဲ့ အရေးကိစ္စများအကြောင်း ဖတ်စာကိုဖတ်ကြမယ်။ မဖတ်ခင် မေးထားတဲ့မေးခွန်းတွေကို အရင်မှတ်ထားပြီး ဆောင်းပါးကိုဖတ်သွားတဲ့အခါ လိုချင်တဲ့အဖြေတွေ့ မတွေ့ကြည့်ကြစို့။

**သိလိုသောအရာ** ကော်လံမှ မေးခွန်းများကို ဆရာမကပြန်ဖတ်ပြပါ။ မေးခွန်းအဖြစ်မတွေးမိတဲ့ အကြောင်းအရာတွေအတွက် အကြံဉာဏ်အသစ်တွေကိုလည်း စောင့်ကြည့်ပါ။

ကျောင်းသားများ စာဖတ်ခြင်းမစတင်မီ နှစ်ယောက်တွဲစာဖတ်ခြင်း၊ နှစ်ယောက်တွဲအကျဉ်းချုံးခြင်းကို နမူနာသရုပ်ပြရမည်။

**ဆရာမ** – ဒီဖတ်စာကို **နှစ်ယောက်တွဲစာဖတ်ခြင်း၊ နှစ်ယောက်တွဲအကျဉ်းချုံးခြင်း** ဆိုတဲ့အထူးနည်းနဲ့ ဖတ်စေချင်တယ်။ မင်းတို့လုပ်ရမယ့်အရာကို ဆရာမသရုပ်ပြနေတုန်း သေသေချာချာကြည့်ကြပါ။ ပထမဆုံး ဆရာမက စာပိုဒ်တစ်ပိုဒ်ကိုဖတ်ပြမယ် ပြီးမှအကျဉ်းချုံးမယ်။

ဆရာမဖတ်ပြရန်

## ဆင်များနှင့် တောင်သူများ

အာဖရိကနိုင်ငံများစွာတွင် ဆင်ကောင်ရေဆက်လက်လျော့နည်းလျက်ရှိသည်။ အခြားအာဖရိကတိုင်းပြည်များတွင်မူ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရေရှည်လုပ်ဆောင်လာကြသောကြောင့် သမိုင်းတလျှောက်တွင် ယခင်ထက် ဆင်ပေါများလာသည်အထိ အောင်မြင်နေသည်။

**ဆရာမ** – ဒီစာပုဒ်ကို မင်းတို့အကျဉ်းချုံးတဲ့အခါ၊ မင်းတို့လုပ်သမျှကို ဆရာမသရုပ်ပြပါမယ်။ စာပိုဒ်အဆိုအရ ဆင်ကောင်ရေဟာ များစွာလျော့နည်းလာသော်လည်း တစ်ချို့က အာဖရိကနိုင်ငံများမှာ ဆင်ကောင်ရေဟာ ယခင်ကထက်တိုးပွားလာကြောင်းပြောထားပါတယ်။ ဒီလိုဖြစ်လာတာဟာ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းအားထုတ်ခြင်းရဲ့ အကျိုးသက်ရောက်မှုကြောင့်ပဲဖြစ်ပါတယ်။ တွေ့ကြရဲ့လား။ ဒါဟာအရေးကြီးတဲ့ အချက်အလက်အကြံဉာဏ်မျှသာဖြစ်ပါတယ်။ အသေးစိတ်မပြောဘူး။

ကိုယ့်အတွဲထဲမှ တစ်ယောက်က စာပိုဒ်ကိုဖတ်ပြီး အကျဉ်းချုံးရမယ်။ ကျန်တဲ့တစ်ယောက်က စာပိုဒ်မှာပါတဲ့ အချက်အလက်တွေအကြောင်းကို မေးရမယ်။ ဒါကိုလည်း ဆရာမသရုပ်ပြမယ်။ အခုလေးတင်ဖတ်သွားတဲ့စာပိုဒ်နဲ့ ပတ်သက်လို့ ဒီလိုမေးနိုင်တယ်။ “ဒီစာပိုဒ်ထဲမှာဖော်ပြသွားတဲ့ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်နည်းများ တစ်ချို့ဟာ ဘယ်နည်းမျိုးတွေလဲ”။

ကျောင်းသားများဖြေကြပါစေ။

**ဆရာမ** – ဒီအဖြေတွေဟာ ကောင်းတဲ့အဖြေတွေဖြစ်ပါတယ်။ ဟောဒီမှာ တစ်ခြားမေးခွန်းတစ်ပုဒ်၊ ဆောင်းပါးက တစ်ချို့ဒေသတွေမှာ ယခင်ကထက် ဆင်ဦးရေပိုများလာတယ်လို့ ဆိုပါတယ်။ ဒီလိုဖြစ်တာကောင်းတယ် ထင်သလား၊ ဆိုးတယ်ထင်သလား။ ဒါနဲ့ပတ်သက်လို့ကောင်းတဲ့အချက်က ဘာလဲ။ မကောင်းတာက ဘာတွေလဲ။

ကျောင်းသားများက နောက်ထပ်အဖြေများပေးကြပါစေ။

**ဆရာမ** – ကဲ အခုစာပိုဒ်ကို ဘယ်လိုအကျဉ်းချုံးရမယ်ဆိုတာရယ် မေးခွန်းဘယ်လိုထုတ်ရမယ်ဆိုတာရယ် ပြောပြပြီးပါပြီ။ မင်းတို့နှစ်ယောက်တစ်တွဲ တွဲကြပါ။ အတွဲထဲက အရင်ဆုံးတစ်ယောက်က စာပိုဒ်ကိုဖတ်ရမယ်။ ပြီးရင် ဆရာမလုပ်သလို အဲဒီလူကပဲ သူဖတ်တဲ့စာပိုဒ်ကို အကျဉ်းချုံးရမယ်။ တစ်ခြားကျောင်းသားအဖော်က ဒီစာပိုဒ်နှင့်ပတ်သက်ပြီး မေးခွန်းနှစ်ခု သုံးခုမေးမယ်။ မေးခွန်းတစ်ခုစီကို မင်းတို့နှစ်ဦးစလုံး ကြိုးစားပြီးဝိုင်းဖြေကြရမယ်။

သဘာဝတောရိုင်းတိရစ္ဆာန်ပါရဂူများက ဤအချက်ကို အောင်ပွဲဟုခေါ်ဆိုကြသည်။ သို့သော် ဆင်းရဲရုန်းကန်နေရသော အာဖရိကတောင်သူတစ်ဦးအနေဖြင့် သူမ၏မသေချာမရေရာသည့် ဘဝရှင်သန်မှုအတွက် သဘာဝလောက၏ခြိမ်းခြောက်ခြင်း နမူနာတစ်မျိုးဖြစ်နေသည်။ ဆင်များက ကောက်ပဲသီးနှံများကို

ရှားပါးအောင် အငမ်းမရရှာဖွေစားသောက်လာပြီး ဆင်ကောင်ရေတိုးပွားလာခြင်းသည် စိုက်ခင်းအားလုံးကို နာရီအနည်းငယ်အတွင်းဖျက်ဆီးပစ်နိုင်သည်။ မျိုးစေ့နှင့်ဓါတ်မြေသြဇာဈေးနှုန်းမြင့်တက်လာခြင်း၊ ကမ္ဘာတစ်ဝှမ်းဖြန့်ကျက်မှု (globalization)၏ အကျိုးသက်ရောက်ခြင်း စသည်တို့၏ခြိမ်းခြောက်မှုကို ခံနေကြရသော စိုက်ခင်းကြီးများ၏အမြတ်အစွန်းသည်လည်း ကျဆင်းလျက်ရှိနေကြသည်။ တစ်နိုင်စိုက်ပျိုးရေးသမားတောင်သူနှင့် သူ၏မိသားစုအတွက် ဆင်အုပ်စုတစ်စု၏ ရုတ်တရက်ဝင်ရောက်ကျူးကျော်မှုသည် တစ်ရာသီစိုက်ပျိုးသီးနှံများနှင့် အိုးအိမ်များပျက်စီးခြင်းကိုဖြစ်စေနိုင်ပြီး ဆင်းရဲနွမ်းပါးရပ်တည်ရာအခြေမဲ့ဘဝသို့ ရောက်စေနိုင်သည်။

ဆရာမက ကျောင်းသားများအား စာပိုဒ်ကိုဖတ်ရှုရန် အချိန်ပေးပြီး အကျဉ်းချုံးခိုင်းပါ။ ဆရာက ကျောင်းသားအတွဲများရှိရာသို့ တိတ်ဆိတ်စွာလျှောက်သွားပြီး သူတို့အကျဉ်းချုံးပြောဆိုခြင်းများကို နားထောင်ရန်ဖြစ်သည်။

**ဆရာမ** – ခဏာရပ်ကြစို့။ အဲဒီစာပိုဒ်ကို ဘယ်သူကကောင်းကောင်းလေး အကျဉ်းချုံးနိုင်ကြသလဲ။ ဒီမှာသတင်းအချက်အလက်တွေအများကြီးပါရှိတယ် မဟုတ်လား။ ဒီစာပိုဒ်က ဘာပြောပြခဲ့သလဲ။

**ကျောင်းသား(၁၆) –** အဲဒီစာပိုဒ်ဟာစိုက်ခင်းတစ်ချို့ကို ဆင်တွေကဖျက်ဆီးပစ်တယ်လို့ဆိုပါတယ်။

**ဆရာမ** – မှန်ပါတယ်။ ဒီထက် အဲဒီအကျဉ်းချုံးရေးသားချက်မှာပါတဲ့ တခြားအရေးကြီးတဲ့ အကြံဉာဏ်တွေကို ရှာကြည့်ကြစို့။ တခြားနောက်တစ်ယောက်ပြောတာ နားထောင်ကြည့်ကြရအောင်။

**ကျောင်းသား(၁၇) –** ဆင်ကောင်ရေများလာတော့ အစာရှာဖို့ပိုပြီးဝေးဝေးသွားရတယ်။ ဆင်တွေဟာ စိုက်ခင်းကြီးတွေဆီကိုလာပြီး ဖျက်ဆီးပစ်ကြတယ်။ ဒါကြောင့် စိုက်ခင်းကငွေမဖြစ်တော့ဘူး။ ဆင်တွေဟာ စိုက်ခင်းငယ်တွေကို ဖျက်ဆီးပစ်ပြီး တောင်သူကို ဆင်းရဲဒုက္ခရောက်စေတယ်။

**ဆရာမ** – ဒီအကျဉ်းချုံးစာပိုဒ်ဟာ အရေးကြီးတဲ့အချက်တွေကို ကောင်းကောင်းလှလှလေး ဖော်ထုတ်ပြထားပါတယ်။ အကျဉ်းချုံးတယ်ဆိုတာ နဂိုမူလစာပိုဒ်ထက်တိုတောင်းရမယ်။ ပြီးတော့ အရေးကြီးတဲ့အကြံဉာဏ်တွေလဲပါရမယ်ဆိုတာသတိပြုမိကြရဲ့လား။

ကဲ ဆက်သွားကြမယ်။ အခုအချိန်ကစပြီး ကျန်တဲ့အဖော်တစ်ယောက်က စာပိုဒ်နှင့်ပတ်သက်တဲ့မေးခွန်းတွေကို စမေးမြန်းဖို့ဖြစ်ပါတယ်။

ဆရာမက စာသင်ခန်းကို အချိန်အနည်းငယ်လျှောက်လှည့်ကြည့်ပြီး ကျောင်းသားများ၏မေးခွန်းများကို နားထောင်ရမည်။ ကျောင်းသားအများစု အချင်းချင်းမေးပြီးကြသောအခါ ဆရာမက“ကဲမေးခွန်းတစ်ခုလောက် နားထောင်ကြည့်ကြစို့” ဟုပြောပါ။

**ကျောင်းသား(၁၈)** – တောင်သူအကြောင်းကို စာရေးဆရာက ဘာကြောင့်သူမလို့ပြောသလဲ။

**ဆရာမ** – မေးခွန်းကောင်းဖြစ်ပါတယ်။ တစ်ခြားအတန်းသူ၊အတန်းသားတွေကို မေးကြည့်ပါလား။

ထိုကျောင်းသားက အတန်းသားများကိုမေးကြည့်သည်။ ကျောင်းသားများ ဝိုင်းဖြေကြသည်။

**ဆရာမ** – ကောင်းပြီ။ မင်းတို့ရဲ့စာပိုဒ်ကို ဘယ်လိုအကျဉ်းချုံးရမယ်ဆိုတာသိပြီ။ မေးခွန်းလဲ မေးတတ်ပြီ။ နောက်ထပ်ကျန်တဲ့စာပိုဒ်နှစ်ပိုဒ်ကိုဖတ်တဲ့အခါ ဆရာမ ဝင်မပါတော့ဘူး နောက်စာပိုဒ်ကို နောက်ဆုံးမေးခွန်းမေးတဲ့လူကဖတ်ပြီး အကျဉ်းချုံးရမယ်။ ကျန်တဲ့ကျောင်းသားအဖော်တစ်ယောက်က အဲဒါနဲ့ပတ်သက်တဲ့မေးခွန်းနှစ်ခု သုံးခုကိုမေးမယ်။

သူတို့နှစ်ဦးစလုံးက အဖြေကို ကြိုးစားပြီးဝိုင်းဖြေကြရမယ်။ အဲဒီနောက် နေရာချင်းလဲပြီး နောက်စာပိုဒ်တစ်ခုကို ဖတ်ရမယ်။ ဆောင်းပါးရဲ့ကျန်ရှိတဲ့စာပိုဒ်တွေကိုလည်း အဲဒီလိုပဲတစ်လှည့်စီ ဆက်ဖတ်ပြသွားရမယ်။

ဆောင်းပါးက ဆက်လက်ပြီး–

ဤအကြောင်းများကြောင့် တောင်သူများစွာတို့က ဆင်ပစ်ခွင့်နှင့် ဆင်သား၊ ဆင်သားရေ၊ ဆင်စွယ်စသည်တို့ကို ရောင်းဝယ်ခွင့်ပြန်ဖွင့်ပေးရန် တောင်းဆိုလာကြသည်။ ဆင်စွယ်တစ်ချောင်း၏ တန်ဖိုးငွေသည် ဆင်းရဲနွမ်းပါးသော တောင်သူတစ်ဦးအတွက် နှစ်ပေါင်းများစွာလုပ်စာဝင်ငွေနှင့် ညီမျှနိုင်သည်။ ဆင်းရဲသောတောင်သူများ၏ စားဝတ်နေရေးအခက်အခဲက ဆင်များ၏အသက်ရှင်ရေးထက် ပိုမိုခဲယဉ်းသောဒေသမျိုးတွင် ဤအကြောင်းပြချက်သည် လက်ခံနိုင်ဖွယ်ရှိသောအဆိုတစ်ရပ် ဖြစ်နေသည်။ ထို့ပြင် တရားဝင်ရောင်းဝယ်ခွင့် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ဆင်စွယ်မှောင်ခိုသမားများ၏ ကြမ်းတမ်းသောအမူအကျင့်ကိုထိန်းချုပ်ရန် အသုံးပြုလေ့ရှိသောစစ်ဆင်ရေးအရ ရဲဝန်ထမ်းများခန့်ထားရသောကုန်ကျစရိတ်ကိုလျှော့ချနိုင်သည်။

သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများစွာတို့က ဤအဆိုကိုထိတ်လန့်တကြားတုံ့ပြန်ခဲ့ကြသည်။ ဆင်ပစ်ခွင့်တရားဝင်ဥပဒေကို အကန့်အသတ်ဖြင့် ထုတ်ပြန်သည့်တိုင်အောင် လူတိုင်းလွတ်လပ်စွာကျင့်သုံးလာကြပြီး ဆင်မျိုးပြုန်းအောင်တွန်းပို့နိုင်ကြောင်း ထိုပုဂ္ဂိုလ်များကန့်ကွက်ကြသည်။ ဆင်စွယ်ကုန်ကူးခြင်းနှင့်ဆက်နွယ်နေသော အကျင့်ပျက်ခြစားမှုနှင့် ခေါင်းပုံဖြတ်မှု ပြန်ပေါ်ပေါက်လာနိုင်သည်။ လူများစွာအနေဖြင့်လည်း ဆင်ကိုသတ်ဖြတ်ခြင်းသည် ဝေလငါးကိုသတ်ဖြတ်ရသကဲ့သို့သော စက်ဆုတ်ရွံရှာဖွယ်ကောင်းသည့်အလုပ်ကို ကြီးကျယ်မြင့်မြတ်ပြီး ဥာဏ်ရည်ထက်မြက်သည့်အလုပ်ဟု ယူဆလာနိုင်သည်။

ကျောင်းသားများက စာပိုဒ်နှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းပြီး အကျဉ်းချုံးစဉ်တွင် ဆရာမက ကျောင်းသားနှစ်ယောက်တွဲများအကြား လှည့်လည်သွားလာနေရမည်။ ကျောင်းသားများလုပ်နေသောအရာကို သူတို့ကိုယ်တိုင်သိကြောင်း ဆရာမကတွေ့ရလျှင် ဆက်လုပ်ခိုင်းရမည်။ ကျောင်းသားတစ်ယောက်ယောက်အနေဖြင့် အကျဉ်းချုံးရန် (သို့မဟုတ်) မေးခွန်းထုတ်ဖို့စဉ်းစားရန် အခက်အခဲရှိကြောင်း ဆရာမကတွေ့ရလျှင် အကူအညီပေးပါ။ အကယ်၍ ကျောင်းသားတော်တော်များများက အလားတူအကူအညီမျိုးလိုအပ်ကြောင်းကို ဆရာမကတွေ့ရှိလျှင်၊ အတန်းတစ်တန်းလုံးကို အာရုံစိုက်ရန်ဆွဲဆောင်ပြီး အကျဉ်းချုံးနည်းနှင့် မေးခွန်းထုတ်နည်းတို့ကို ပြန်သတိပေးရမည်။



## စုစည်းခြင်း

စုစည်းခြင်း (Consolidation) အပိုင်းမှာ ကျောင်းသားများအား သူတို့သင်ယူခဲ့သော အကြောင်းအရာများကို ပြန်လည်စဉ်းစားခိုင်းခြင်း ရရှိလာသောအကြံဉာဏ်များကို လက်တွေ့အသုံးချခိုင်းခြင်းနှင့် ယခုသင်ယူတတ်မြောက်သော အသိပညာအမြင်ကိုအသုံးပြု၍ ယခင်ကကြိုတင်သိရှိထားသော အကြောင်းအရာများအပေါ် ပြန်လည်သုံးသပ်ခိုင်းခြင်းတို့ပါဝင်သည်။ ဤသင်ခန်းစာတွင် စုစည်းခြင်းကို လက်တွေ့လုပ်ဆောင်ရန်အတွက် **သိပြီး၊ သိလို၊ သိလာ** (Know/ Want to Know/ Learn activity)နှင့် တန်ဖိုးမျဉ်း (value line) တို့ကိုထည့်သွင်းပေးထားသည်။

K-W-L Chart သို့ပြန်သွားပြီး ဆရာမက ကျောင်းသူကျောင်းသားများကို သူတို့သင်ယူပြီးသော အကြောင်းအရာများအပေါ် ပြန်လည်စဉ်းစားသုံးသပ်ခိုင်းရမည်။ သူတို့သည် မေးခွန်းများအပေါ် ဖြေဆိုခဲ့သောအဖြေ အရေအတွက်ကိုရေတွက်၍ စဉ်းစားသုံးသပ်မှု စတင်ကြလိမ့်မည်။

**ဆရာမ** – ကဲ ယခုဒီဆောင်းပါးကနေ ဒို့ဘာတွေသင်ယူခဲ့ပြီးပြီလဲဆိုတာ စဉ်းစားကြည့်ကြစို့။ ပထမဆုံးအနေနဲ့မေးခွန်းတွေရဲ့အဖြေများကိုတွေ့ရှိခဲ့ကြသလား။ နှစ်ယောက်တစ်တွဲတွဲပြီး သိလိုသောအရာဇယားထဲက မေးခွန်းတွေကို

ဖတ်ပြီးတော့ အဲဒီမေးခွန်းတွေရဲ့အဖြေတွေကိုရရှိပြီလားဆိုတာ စစ်ဆေးကြည့်ကြပါ။ ဒါလုပ်ဖို့ နှစ်မိနစ်အချိန်ပေးပါမယ်။

နှစ်မိနစ်ကြာပြီးနောက် ဆရာမက ကျောင်းသားများအား အဖြေပြောပါစေ။

**ကျောင်းသား(၂၁)** – ဟုတ်ကဲ့ ဆင်တွေကစိုက်ပျိုးသီးနှံတွေကို ဖျက်ဆီးပြီး တခြားအဖျက်အဆီးတွေ အများကြီးလဲ လုပ်ကြတယ်။

**ဆရာမ** – ဒါဆိုရင် ပထမမေးခွန်းရဲ့အဖြေဟာ "ဟုတ်တယ်"ဖြစ်တယ်။ ဆရာမက Chart ရဲ့ ဘာသင်ယူခဲ့သလဲဆိုတဲ့ ခေါင်းလိုက်အကွက်မှာ ရေးချပါ။

**ကျောင်းသား(၂၂)** – ဒီဆောင်းပါးဟာ ဆင်တွေက အများကြီးဖျက်ဆီးတယ်လို့ပြောပါတယ်။

**ဆရာမ** – ဟုတ်ပါတယ်။ ဒီသတင်းအချက်အလက်ကို ဆောင်းပါးဘယ်နေရာမှာ ဖော်ပြထားသလဲဆိုတာပြောပြပါဦး။

**ကျောင်းသား(၂၂)** – ဒီမှာဖတ်စာအုပ်က ဒီလိုဆိုထားပါတယ်။ "တစ်နိုင်စိုက်ပျိုးရေးသမားတောင်သူနှင့် သူ၏မိသားစုအတွက် ဆင်အုပ်စုတစ်စု၏ ရုတ်တရက်ဝင်ရောက်ကျူးကျော်မှုသည် တစ်ရာသီစိုက်ပျိုးသီးနှံများနှင့် အိုး အိမ်များပျက်စီးခြင်းကို ဖြစ်စေနိုင်ပြီး ဆင်းရဲနွမ်းပါးရပ်တည်ရာ အခြေမဲ့ဘဝသို့ရောက်သွားစေနိုင်သည်"လို့ပြောပါတယ်။

**ဆရာမ** – ကောင်းတယ်။ ဒါနဲ့ "ဆင်းရဲနွမ်းပါး ရပ်တည်ရာအခြေမဲ့ဘဝ" (destitution) ဆိုတာက ဘာကိုဆိုလိုသလဲ ဆိုတာ ဘယ်သူရှင်းပြနိုင်မလဲ။

**ကျောင်းသား(၂၁)** – ငွေလုံးဝမရှိတာကို ဆိုလိုပါတယ်။

**ဆရာမ** – တော်တယ်။ ဆက်သွားကြစို့။

**ကျောင်းသား(၂၃)** – ဘာပဲပြောပြော အဲဒါမလာခင် "မျိုးစေ့နှင့်ဓါတ်မြေသြဇာဈေးနှုန်း မြင့်တက်လာခြင်း၊ ကမ္ဘာ တစ်ဝှမ်းဖြန့်ကျက်မှု (globalization)၏ အကျိုးသက်ရောက်ခြင်း စသည်တို့၏ခြိမ်းခြောက်မှုကိုခံနေကြရသော စိုက်ခင်း ကြီးများ၏အမြတ်အစွန်းသည်လည်း ကျဆင်းလျက်ရှိနေကြသည်။"လို့ ဆိုထားပါတယ်။ တခြားနည်းနဲ့ပြောမယ်ဆိုရင် စိုက်ခင်းကြီးတွေလည်း ငွေတွေဆုံးရှုံးတာပဲ။

**ဆရာမ** – ကောင်းတယ်။ ဒါကို ဇယားကွက်ပေါ်မှာရေးချကြစို့။

ဆရာမက ယင်းအဖြေများကို **သိလာသောအရာ** ခေါင်းလိုက်အကွက်တွင် ထပ်ရေးချသည်။

ကျောင်းသားများက ဖတ်စာထဲတွင်တွေ့ရှိရသော နောက်ထပ်အဖြေများကိုပေးကြသည်။ ဆရာမက သိလာ သောအရာ ခေါင်းလိုက်အကွက်တွင်ရေးမှတ်သည်။

**ဆရာမ** – နောက်ဆုံးမေးခွန်းကရော ဘယ်လိုလဲ။ "ဆင်များကိုကာကွယ်ရန်လိုအပ် မလိုအပ်ဆိုတာ ဘယ်သူက ဆုံးဖြတ်မလဲ။" ဒီမေးခွန်းရဲ့အဖြေကို တွေ့ရှိပြီလား။

**ကျောင်းသား(၂၆)** – ဖတ်စာအုပ်ထဲကဆောင်းပါးမှာ ဘာမှပြောမထားဘူး။ ဆောင်းပါးထဲမှာတော့ ဆင်သတ်တာ ကိုတစ်ချို့လူတွေကဆန့်ကျင်ကြတယ်လို့ပဲပြောထားပါတယ်။ ဒီကိစ္စကို ဘယ်သူဆုံးဖြတ်သင့်တယ်လို့မပါဘူး။

**ဆရာမ** – ဒါဆိုရင် ဒါဟာ ဒို့ကိုယ်တိုင်ဖြေဆိုရမယ့်မေးခွန်းတစ်ပုဒ်ဖြစ်နေတယ်။ ယခု လောလောဆယ်မှာ အရင်က မေးခွန်းမထုတ်ရသေးတဲ့အကြောင်းအရာတစ်ခုခုကို ဒီဆောင်းပါးထဲက ရှာဖွေတွေ့ထားကြသလား။ မင်းတို့ရဲ့မျက်နှာချင်းဆိုင်မှာထိုင်နေတဲ့ အဖော်ဘက်ကိုလှည့်ပြီး အကြံဉာဏ်တစ်စုံတစ်ခုကို တွေ့နိုင်ဦးမလားဆိုတာ ရှာကြည့်ကြပါဦး။ ဆရာမက ကျောင်းသားများအား ဤသို့ပြုရန် အချိန်တစ်မိနစ်ပေးပါ။

ကျောင်းသားများက နောက်ထပ်အကြံဉာဏ်များတင်ပြကြပြီး ဆွေးနွေးပွဲ၏အဆုံးတွင် K-W-L Chart ကို အောက်ပါအတိုင်းတွေ့ရမည်။

## ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး

| သိထားပြီးအရာ (What do we know?) | သိလိုသောအရာ (What do we want to know?) | သိလာသောအရာ (What did we learn?) |
|---|---|---|
| ဆင်များမျိုးပြုန်းမည့် အန္တရာယ်ကြုံတွေ့နေရသည်။ လူတွေကဆင်တွေကို ပစ်သတ်ကြသည်။ | ဆင်များကသီးနှံများကို ဖျက်ဆီးကြသလား။ | ဟုတ်ပါတယ်။ ဆင်များဟာ စိုက်ခင်းများနှင့်အိမ်များကို ဖျက်ဆီးကြတယ်။ |
| ဆင်ဖမ်းသမားမုဆိုးများက ဆင်စွယ်အတွက်ဆင်သတ်ကြ၏။ | ဆင်များက ဘယ်လောက် ဖျက်ဆီးနိုင်သလဲ။ | စိုက်ခင်းကြီးများကို ငွေတန်ဖိုးမြောက်များစွာဆုံးရှုံးစေတယ်။ |
| လူများက ဆင်များနေထိုင်ရာ အရပ်ကိုဖျက်ဆီးပစ်ကြ၏။ ဆင် မပစ်ရဥပဒေရှိသည်။ | ဆင်များနှင့်နီးနီး နားနားနေထိုင်သူများက ဆင်များနှင့် ပတ်သက်၍ မည်သို့ခံစားရသလဲ။ | တောင်သူများဟာ ဆင်များကို ကြောက်ကြတယ်။ သူတို့ဟာ ဆင်ကိုသတ်ပြီး ငွေရှာချင်ကြတယ်။ |
| ဆင်များအတွက် ဘေးမဲ့ကြိုးဝိုင်းများသတ်မှတ်ပေးထားသည်။ | | |
| အချို့ ဆင်များသည် စိုက်ခင်းနားတွင်နေထိုင်ကြ၏။ ဆင်များကတောင်သူများ၏စိုက်ခင်းကို ဖျက်ဆီးနိုင်သည်။ | ဆင်ကိုကာကွယ်ဖို့ လိုအပ်၊ မလိုအပ် ဘယ်သူက ဆုံးဖြတ်ရမလဲ။ | ဘယ်သူကဆုံးဖြတ်ချက်ချရမယ် ဆိုတာဒို့ပဲဆုံးဖြတ်ရမယ်။ ဆိုလိုတာကတော့ ဆင်တစ်မျိုးကို အမဲပစ်သင့်၊မသင့် ဘယ်သူကဆုံးဖြတ်ချက်ချရမယ်ဆိုတာပါပဲ။ |
| ဆင်များသည် မြက်ခင်းလွင်ပြင်များနှင့်သစ်တောများတွင် နေထိုင်ကြသည်။ | | |

သင်ခန်းစာကို ဤနေရာတွင် အဆုံးသတ်နိုင်သည်။ သို့သော် ဆရာမအနေဖြင့် ဖတ်လိုက်သောစာပိုဒ်မှ ထွက်ပေါ်လာသော ကျင့်ဝတ်ဆိုင်ရာမေးခွန်းကို ဆက်လက်ဖြေကြားလိုသောကြောင့် တန်ဖိုးမျဉ်း (Value Line) လုပ်ဆောင်ချက်ကို ထပ်ထည့်ပေးထားသည်။ တန်ဖိုးမျဉ်းဟူသည်မှာ ကျောင်းသားများသည် ကိစ္စရပ်တခုတွင် ဘက်တစ်ဘက်ဘက်မှရပ်တည်ပြီး ရပ်တည်သောဘက်အတွက် အကြောင်းပြချက်ပေးခြင်းဖြစ်သည်။ ဆရာမသည် နှစ်ဖက်အချေအတင်ငြင်းခုံဆွေးနွေးနိုင်သည့် မေးခွန်းဖြင့်စတင်ရသည်။

**ဆရာမ** – မင်းတို့ထဲကတစ်ယောက်ဟာ ဒီဖတ်စာအုပ်မှာဖြေမထားတဲ့ မေးခွန်းကောင်းတစ်ခုကို မေးတာတွေ့ရတယ်။ ဒီမေးခွန်းကတော့ "တောင်သူတွေကို ဆင်သတ်ခွင့်ပေးသင့်သလား" ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ မင်းတို့ကို ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဆွေးနွေးစေချင်ပါတယ်။ ပထမဆုံး စာရွက်တစ်ရွက်ယူပြီး အဲဒီစာရွက်ပေါ်မှာ ဒီမေးခွန်းရဲ့အဖြေကိုရေးချပါ။ ဆင်ပစ်ခွင့်ပေးသင့်တယ်လို့ပဲဖြစ်ဖြစ် မပေးသင့်ဘူးလို့ပဲဖြစ်ဖြစ်ဖြေနိုင်တယ်။ ဒါပေမဲ့ ကိုယ်ရေးတဲ့အဖြေကို ခိုင်လုံတဲ့အထောက်အထားပြရမယ်။ နှစ်မိနစ်အချိန်ပေးမယ်။ ယခုစနိုင်ပါပြီ။

နှစ်မိနစ်စေ့လျှင် ဆရာမက နောက်တစ်ဆင့်ကိုရှင်းပြရန်။

**ဆရာမ** – အခုအချိန်ကစပြီး ဆန့်ကျင်ဘက်အဆိုနှစ်ရပ်ကို မင်းတို့ကြားရပါမယ်။

ယခု ဆရာမက အခန်း၏အခြားတစ်ဖက်စွန်းသို့လျှောက်သွားပြီး မေးခွန်း၏အခြားဆန့်ကျင်ဘက် အဆိုတစ်ရပ်ကို တင်ပြမည်။

**ဆရာမ –** ဆင်များကိုဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဒုက္ခမပေးသင့်ဘူး။ ဆင်တွေဟာ တောင်သူများရဲ့စိုက်ခင်းကို စားသောက်ချင်တယ်ဆိုရင် စားခွင့်ပြုသင့်တယ်။ တောင်သူများကတခြားနေရာကို ပြောင်းရွှေ့သွားရုံပဲလုပ်ရမယ်။ လူတွေမနေခင်ကတည်းက ဆင်တွေရှိနေခဲ့ကြတဲ့အတွက် ဆင်တွေကိုသူတို့နေထိုင်ချင်တဲ့နေရာမှာ ကြိုက်သလို နေထိုင်ခွင့်ပြုသင့်ပါတယ်။

ဆရာမက ကျောင်းသားတစ်ယောက်ကို မိမိဆန္ဒအလျောက်ရှေ့ထွက်ပြီး အခြားတစ်ဖက်စွန်း အခန်းထောင့်မှရပ်လျက် ဆန့်ကျင်ဘက်ရှုထောင့်ကို တင်ပြခိုင်းသည်။

**ကျောင်းသား(၁)** – လူတွေကအရေးကြီးပါတယ်။ တိရစ္ဆာန်တွေကအရေးမကြီးပါဘူး။ တောင်သူတွေဟာ စားသောက်ဖို့ အစားအသောက်ထုတ်လုပ်ရပါတယ်။သူတို့က ဆင်တွေကို ချမ်းသာမပေးသင့်ဘူး။ တောင်သူတွေဟာ ဆင်တွေကိုသတ် အသားကိုစားပြီး အစွယ်ကိုရောင်းသင့်ပါတယ်။

နောက်တဆင့် ဆရာမက ကျန်ကျောင်းသားများကို ဆရာမနှင့်ဆန့်ကျင်ဘက်အဆိုပြုသော ကျောင်းသားအကြားတွင် လာရောက်စုရုံးကြရန် ဖိတ်ခေါ်ပါ။

**ဆရာမ –** အခုမင်းတို့ အစွန်းနှစ်ဖက်အမြင်ကို ကြားကြရပြီ။ မင်းတို့ကို ဒို့နှစ်ယောက်ကြားမှာကြိုက်တဲ့နေရာဝင်ပြီး ရပ်စေချင်တယ်။ ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် ဆင်တွေကိုမသတ်သင့်ဘူးလို့ မြင်တဲ့သူတွေဟာ ဆရာမအနားမှာ လာရပ်ကြပါ။ တောင်သူများဟာ ဆင်တွေကိုသတ်သင့်တယ်လို့ လုံးဝယုံကြည်တဲ့သူတွေက ဟိုကျောင်းသားအမှတ်(၁) အနားမှာသွားမတ်တပ်ရပ်ကြပါ။ အများအားဖြင့်သဘောတူတော့တူတယ် ဒါပေမယ့် ရာနှုန်းပြည့်သဘောမတူနိုင်ဘူး ဆိုရင် ဒို့နှစ်ယောက်ရဲ့ကြား တစ်နေရာရာမှာလာမတ်တပ်ရပ်ကြပါ။

ကျောင်းသားများနေရာယူကြပြီးနောက် သူတို့ပတ်လည်ကသူများနှင့် သဘောထားကိုက်ညီမှုရှိမရှိ သိနိုင်အောင် အချင်းချင်းပြောဆိုဆွေးနွေးစေပြီး သဘောမတိုက်ဆိုင်လျှင် အခြားတဖက်ဖက်သို့ ဆက်ပြောင်းခိုင်းရမည်။

> **ဤနည်းများသည် ကျောင်းဆရာမက “ငါအကုန်သိတယ်။ ငါသိထားတဲ့ အမှန်တရားကို မင်းတို့လည်းသိထားစေချင်တယ်” ဟူသောအာဏာရှင် အတွေးအခေါ်မျိုးမှကျောင်းသားများကို လွတ်မြောက်စေသည်။**
> **(မူလတန်းပြဆရာမ ရှိမေးနီးယားနိုင်ငံ)**

**ဆရာမ** – ကဲ အခုမင်းတို့နေရာယူပြီးကြပြီ။ ဒီတော့ ကိုယ်နဲ့သဘောထားခံယူချက်ချင်း တူညီတဲ့လူတွေနဲ့အတူရပ်နေပြီဆိုတာ သေချာအောင်စစ်ဆေးကြည့်ကြပါ။ တစ်မိနစ်လောက်အချိန်ယူပြီး ကိုယ့်ခံယူချက်ကို ဘေးနားကလူတွေ သိအောင်ပြောပြပြီး ကိုယ်ကဘာကြောင့်ဒီလို ခံယူယုံကြည်တယ်ဆိုတာရှင်းပြကြပါ။ တကယ်လို့ မင်းရဲ့ ဘေးကလူနဲ့ သဘောချင်းမတိုင်ဆိုင်ခဲ့ရင် တစ်ခြားတစ်နေရာကို ပြောင်းရွှေ့သွားနိုင်တယ်။ ဘေးနားကလူသစ်တွေကို ဆက်လက်ပြောဆိုဆွေးနွေးပြီး ကိုယ်နဲ့သဘောထားတိုက်ဆိုင်ကြောင်း သေချာအောင်လုပ်ပါ။

ကျောင်းသားများပြောဆိုဆွေးနွေးနေကြစဉ် ဆရာမက တန်းစီနေကြသောကျောင်းသားအုပ်စု သုံးလေးစုထဲမှ အုပ်စုများရဲ့ကိုယ်စားပြောရေးဆိုခွင့်ရှိသူ တစ်ဦးစီကိုရွေးချယ်ပါ။

**ဆရာမ –** ကဲ အခုရှေ့ကိုထွက်ပြီး အုပ်စုတစ်စုစီရဲ့အမြင်ကို ကိုယ်စားပြုတဲ့အဆိုတစ်ရပ်ကို တင်ပြကြပါ။ တစ်နေရာထဲမှာအတူရပ်နေကြတဲ့သူတွေ ကိုယ့်အုပ်စုရဲ့ပြောရေးဆိုခွင့်ရှိသူကို အုပ်စုရဲ့သဘောထားကို ခပ်တိုတိုတင်ပြနိုင်ဖို့ကူညီကြပါ။

အုပ်စုတိုင်း၏ ပြောရေးဆိုခွင့်ရှိသူတိုင်းက မိမိကိုယ်စားပြုသောအဖွဲ့၏ ရပ်တည်ချက်ကိုရှင်းပြရန်။

**အဖွဲ့ငယ်(၁) (ဆရာမနှင့် အနီးဆုံးအုပ်စု)** – ဆင်တွေက လယ်ယာစိုက်ခင်းတွေကိုဖျက်ဆီးပြီး သစ်တောတွေကို နင်းချေတယ်ဆိုရင် ဘာဖြစ်မလဲ။ လူတွေဟာ အမြဲဒါမျိုးတွေလုပ်နေပြီးတော့ "ဖွံ့ဖြိုးရေး" လို့ခေါ်နေကြတယ်မဟုတ်လား။ ဒီနေရာမှာ ဆင်တွေအရင်ဆုံးနေတာ ဒို့သိတယ်။ လယ်သမားတွေက သူတို့နေရာကိုကျူးကျော်တာ။ လယ်သမားတွေကသာ ရွှေ့ပြောင်းသွားသင့်တယ်။

**ဆရာမ –** ကောင်းပြီ။ ဒါဟာ အတော်ပြင်းထန်တဲ့ အဆိုတစ်ရပ်ဖြစ်တယ်။ ဒါနဲ့တစ်ခြားလူတွေအတွက်လည်း ကိုယ့်စိတ်ကူးကိုပြောင်းသွားစေမယ့် အဆိုတစ်ရပ်ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဒီလို စိတ်ကူးပြောင်းသွားရင် နေရာပြောင်းနိုင်တယ်။ ကိုယ်နဲ့သဘောထားမတိုက်ဆိုင်တဲ့လူတွေနဲ့ဝေးရာကိုသွားပြီး ကိုယ်နဲ့သဘောထားချင်းတိုက်ဆိုင်တဲ့လူတွေနားမှာ သွားရပ်ကြပါ။ ကဲ တစ်ခြားအဖွဲ့ရဲ့သဘောထားကို နားထောင်ကြည့်ကြစို့။

**အဖွဲ့ငယ် (၂)** – ဒို့အနေနဲ့ကတော့ တောင်သူလယ်သမားတွေ အဲဒီနေရာမှာမနေသင့်ဘူးလို့ထင်တယ်။ ဒါပေမယ့် တစ်ချိန်ထဲမှာ တောင်သူလယ်သမားတွေကိုလည်း ကူညီသင့်တယ်။ ဆင်တွေကိုချစ်တဲ့သူများဟာ ရံပုံငွေစုဆောင်း ထည့်ဝင်ပြီး တောင်သူလယ်သမားများကို တစ်ခြားတစ်နေရာရာမှာ အခြေချလုပ်ကိုင်စားသောက်ဖို့ စီစဉ်ပေးသင့်တယ်။ ဒီလိုဆိုရင် ဆင်တွေအတွက်လည်း မြေနေရာအကျယ်ကြီးပိုရမယ်။ တောင်သူလယ်သမားများလည်း အကူအညီအစောင့်အရှောက်ရရှိကြမယ်။

**ဆရာမ –** ဒါဟာအတော်လေး သက်သက်ညှာညှာစဉ်းစားပေးတာဖြစ်တယ်။ သင်တို့ထဲက တစ်ယောက်ယောက် နေရာပြောင်းဖို့စိတ်ကူးသလား။ (မည်သူမျှနေရာမရွှေ့) မပြောင်းကြတော့ဘူးလား။ ဒါဆိုဆရာမပြောင်းမယ်။ အခု ပြောသွားတဲ့အဆိုဟာ လူတိုင်းအတွက်ထည့်စဉ်းစားပေးတဲ့အတွက် ဆရာမစိတ်ပြောင်းသွားပြီ။ (ဆရာမက အဖွဲ့ငယ်(၂) ဘေးသို့ရွှေ့သွားစေ) ကဲ နောက်ထပ်တစ်ခြားအဖွဲ့တစ်ဖွဲ့ရဲ့အဆိုကိုနားထောင်ကြည့်ကြစို့။

**အဖွဲ့ငယ်(၃)** – ဒို့အမြင်မှာဆိုရင် တောင်သူလယ်သမားတွေကို ဆင်ပစ်ခွင့်ပေးသင့်ပါတယ်။ ဆင်အားလုံးပစ်ဖို့ ပြောတာမဟုတ်ပါ။ တစ်ချို့ကိုပစ်ဖို့ပါ။ ဆောင်းပါးက ဆင်ကောင်ရေသိပ်များလွန်းနေပြီလို့ ဆိုထားတယ်။ ကောင်းပြီ တစ်နှစ်တစ်နှစ်မှာ ဆင်ဘယ်နှစ်ကောင်ပစ်ခွင့်ရှိတယ်ဆိုတာ အစိုးရကဆုံးဖြတ်ရမယ်။ တောင်သူလယ်သမားများက ဆင်ပစ်လိုင်စင်ယူရမယ်။ လိုင်စင်မရှိဘဲ ဆင်တွေကိုပစ်တဲ့လူကိုဖမ်းရမယ်။

ဆရာမက ငါးမိနစ်စာစီစာကုံး (quick-write) ရေးနည်းဖြင့် ကျောင်းသားများရဲ့တွေးခေါ်ချက်များကို စာရွက်ပေါ်တွင်ရေးချခိုင်းပြီး သင်ခန်းစာကိုနိဂုံးချုပ်နိုင်သည်။

**ဆရာမ –** ကောင်းပြီ။ တောင်သူလယ်သမားများကို ဆင်ပစ်ခွင့်ပေးသင့်ကြောင်းနှင့်ပတ်သက်တဲ့ မေးခွန်းများအပေါ် အနေအထား ငါးမျိုးကြားရပြီ။ အခုကိုယ့်ထိုင်ခုံကို ကိုယ်ပြန်သွားထိုင်ပြီး ဒီမေးခွန်းနဲ့ပတ်သက်တဲ့အဖြေကို ငါးမိနစ်ခန့်ရေးကြပါ။ ပထမဦးဆုံး ဘာလုပ်သင့်တယ်လို့ ထင်မြင်တာကိုပြောပါ။ တောင်သူလယ်သမားများကို ဆင်ပစ်ခွင့်ပြုသင့်သလား။ ဒုတိယအချက်အနေနဲ့ ဘာ့ကြောင့်ခွင့်ပြုသင့် (သို့မဟုတ် ) မပြုသင့်တယ်လို့ထင်ကြောင်းဖော်ပြပါ။

ကျောင်းသားများ မိမိထိုင်ခုံသို့ပြန်သွားပြီး မိမိတို့၏စာရေးစားပွဲတွင်ထိုင်ရေးကြပါစေ။ ငါးမိနစ်ခန့်ကြာသော် ဆရာမက အချိန်တစ်မိနစ်ကျန်ရှိသေးကြောင်း ကြိုတင်ပြောဆိုသတိပေးပါ။ ပြီးတော့ ဆရာမကရေးနေတာရပ်ခိုင်းပြီး ကျောင်းသားသုံးယောက်ကို မိမိတို့ရေးထားသည့်စာကိုဖတ်ပြပါစေ။

**ဤတွင်သင်ခန်းစာပြီး၏။**

သင်ခန်းစာကိုပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့်စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသားတစ်ဦး အဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူ ရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား(သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသလား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ** – သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ်တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏ အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**ခြုံငုံသုံးသပ်ခြင်း** – သင်ခန်းစာအတွက်ပြင်ဆင်သည့်အနေဖြင့် တိုတောင်းသောပို့ချမှုပေးခြင်း။

**သိပြီး၊ သိလို၊ သိလာ**– ကျောင်းသားများသိထားနှင့်ပြီးသောအချက်အလက်များကို ပြန်လည်သတိရစေ၍ ထိုအချက်အလက်များကို မေးခွန်းများထုတ်ပြီးနောက်မှ သင်ခန်းစာခေါင်းစဉ်အကြောင်း ပိုမိုနားလည်အောင် ဆက်လက်ရှာဖွေခြင်း။

**နှစ်ယောက်တွဲစာဖတ်ခြင်း၊ နှစ်ယောက်တွဲအကျဉ်းချုံးခြင်း** – အကြောင်းအရာကိုနားလည်၍ စာဖတ်ဖော် အချင်းချင်းအကူအညီပေးသော စာဖတ်နည်းဖြစ်သည်။

**တန်ဖိုးမျဉ်း** – အချေအတင်ပြောဆိုဆွေးနွေးနိုင်သောကိစ္စတစ်ရပ်ကို သင်တန်းသားများနေရာယူရွေးချယ်၍ မိမိရပ်တည်ချက်ကို ကာကွယ်ပြောဆိုသောနည်းဖြစ်သည်။

**အမြန်ရေးချနည်း** – ကျောင်းသားများအား ခေါင်းစဉ်တစ်ခုခုအပေါ် စဉ်းစားရသမျှနှင့် အကျိုးအကြောင်း ဆင်ခြေများ ကို ပြန်လည်သုံးသပ်သည့် စာစီစာကုံးတိုတိုရေးခိုင်းသည့်နည်းဖြစ်သည်။

## နည်းလမ်းများ



### ခြုံငုံသုံးသပ်ခြင်း

ခြုံငုံသုံးသပ်ခြင်း (The Structured View - Ausubel 1968) နည်းမှာ သင်ခန်းစာအစပိုင်းတွင် ကျောင်းသား များ၏ စူးစမ်းသိလိုမှုကိုနှိုးဆွပေးရန် အဓိကသော့ချက်သဘောတရားများကို နိဒါန်းပျိုးမိတ်ဆက် ပေးရန်နှင့် သင်ခန်းစာမှသင်ယူရန် အဆင့်သင့်ပြင်ဆင်ပေးသည့်အနေဖြင့် တိုတောင်းသောပို့ချမှု (သို့မဟုတ်) ရှင်းပြ ချက်ဖြစ်သည်။




**ကျိုးကြောင်းဆင်ခြင်မှု –** သင်ယူမှုသဘောတရားအရ ကျောင်းသားများသည် သူတို့သိထားပြီးသော အကြောင်းအရာအချက်အလက်များနှင့် သတင်းအချက်အလက်အသစ်ကို ဆက်စပ်ခြင်းဖြင့်တတ်ကျွမ်းလာသည်။ သို့သော် ကြိုတင်သိပြီးသားအကြောင်းအရာ အသိပညာသည် မလုံလောက်မပြည့်စုံလျှင် (သို့မဟုတ်) စုစည်းခြင်းမရှိဖြစ်နေလျှင် သတင်းအချက်အလက်အသစ်ကိုသင်ယူရန် ပြင်ဆင်ပေးသည့်အနေဖြင့် နောက်ခံအကြောင်းအရာသတင်းအချက်အလက်ကို တိုတိုနှင့်တင်ပြခြင်းသည် အထောက်အကူဖြစ်စေနိုင်၏။ ခြုံငုံသုံးသပ်ခြင်း ကရှင်းပြမည့်သင်ခန်းစာမှ ကျောင်းသားများသင်ယူရရှိရန် လုံလောက်ရုံသတင်းအချက်အလက်များကို ဆရာအတွက် တင်ပြနိုင်ဖို့အထောက်အကူပေးသည်။



**အဖွဲ့အရွယ်အစား** – (၆) ဦးမှ (၆၀) ဦးအထိ။



**လိုအပ်သောအချိန်** – ခြုံငုံသုံးသပ်ခြင်းကို ခပ်တိုတိုပြောရမည်။ (၅)မိနစ်ထက်မပိုရ။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)**– သင်ခန်းစာအပေါ်စဉ်းစား၍ ထိုသင်ခန်းစာထဲမှမည်သည့်အရာများကို သိကျွမ်းရင်းနှီးကြောင်းနှင့် ကျောင်းသားများစိတ်ဝင်စားမည့်အချက်များကို မှတ်သားပါ။ သင်ခန်းစာမှသင်ယူတတ်မြောက်နိုင်ရန် မည်သည့်သဘောတရားနှင့် မည်သည့်ဝေါဟာရများကို ကျောင်းသားများသိထားရန်လိုအပ်ကြောင်း စဉ်းစားကြည့်ပါ။ ဤအချက်များကို စာရင်းရေးချပါ။

**အဆင့် (၂ )** – ကျောင်းသားများ၏ စိတ်ဝင်စားမှုကိုပွင့်လာစေရန် မြေပုံ (သို့မဟုတ်) ဇယားပုံစံ (သို့မဟုတ်) အရာဝတ္ထုများကို ယူလာပါ။

**အဆင့် (၃) –** အဓိကသော့ချက်အကြောင်းအရာများကိုတင်ပြရန် (၅) မိနစ်ထက်မပိုသော ရှင်းလင်းပြောပြမှုတစ်ခုပြုလုပ်ပါ။

**အဆင့်(၄)** – ကျောင်းသားများနှင့် အပြန်အလှန်ပြောဆိုဆွေးနွေးပါ။ မေးခွန်းများမေးခြင်းနှင့် အကြံပြုတင်ပြမှုလုပ်ရန်အားပေးပါ။

**အဆင့်(၅)** – "ဒို့ရှေ့ဆက်တွေ့ရမယ်" ဟူသောအသုံးအနှုန်းမျိုးဖြင့် အဆုံးသတ်ပါ။ ဆိုလိုသည်မှာ ကြိုတင်စိတ်ကူးမျှော်လင့်ခြင်းကို ဖန်တီးခြင်းဖြစ်သည်။



**ပြန်လည်စဉ်းစားခြင်း** – ခြုံငုံသုံးသပ်ခြင်းကို အကျဉ်းချုံးပြန်စဉ်းစားကြည့်ပါ။ ထိုသို့ပြန်လည်စဉ်းစားကြည့်ခြင်းမှာ ကျောင်းသားများကို သင်ခန်းစာတွင်လက်တွေ့ပါဝင်ရန် လုံလောက်သော သတင်းအချက်အလက်ပေးခြင်းဖြစ်ပြီး သင်ခန်းစာကို အစားထိုးခြင်းမဟုတ်ပါ။




**သိပြီး၊ သိလို၊ သိလာ**

(KNOW / WANT TO KNOW / LEARN (K-W-L) )

K-W-L နည်းကို သင်ခန်းစာတစ်ခုလုံးပြင်ဆင်ပြုစုရန်အသုံးပြုနိုင်သည်။ ဤနည်းသည် ကျောင်းသားများအား သင်ခန်းစာ၏ခေါင်းစဉ်များနှင့်ပတ်သက်၍ သူတို့သိထားပြီးအချက်အလက်များကို ပြန်လည်သတိရစေပြီး ထိုသင်ခန်းစာခေါင်းစဉ်အကြောင်းမေးခွန်းမေးခြင်း ထိုမေးခွန်းများ၏အဖြေများကို ရှာဖွေခြင်းပြုလုပ်စေသည်။




**ကျိုးကြောင်းဆင်ခြင်မှု** – သင်ယူမှုသဘောတရားအရ တက်ကြွစွာသင်ယူမှု (active learning)သည် တရားသေလက်ခံသင်ယူမှု (passive learning) ထက်ပိုကောင်းသည်ဟုဆိုသည်။ ကျောင်းသားများသည်(၁)သူတို့သိထားပြီး အချက်အလက်များကို ပြန်သတိရသောအခါ (၂)မေးခွန်းများမေးသောအခါ၊ (၃)အသစ်ရရှိသော အသိပညာဗဟုသုတကို အတည်ပြုသောအခါ ပိုမိုကောင်းမွန်စွာသင်ယူတတ်မြောက်သည်။ ဤ (K-W-L) နည်းသည် အဆိုပါအချက်သုံးမျိုးစလုံးကို လုပ်ဆောင်ရန်စီစဉ်ပေးသည်။



**အဖွဲ့အရွယ်အစား** – ( ၆ )ဦးမှ (၆၀)ဦးအထိ။



**လိုအပ်သောအချိန်** – (၄၅) မိနစ်မှ စာသင်ချိန်ပေါင်းများစွာ။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – ခေါင်းစဉ်အမည်တပ်ပြီး ထိုခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းသားများသိထားပြီးသားအကြောင်းအရာအချက်အလက်များကို ပြန်လည်စဉ်းစားရန် မေးမြန်းခြင်းဖြင့် သင်ခန်းစာကိုအစပြုပါ။ ဤသို့ပြုခြင်းဖြင့် ကျောင်းသားများအား မေးခွန်းများကိုမဖြေဆိုမီ၊ သူတို့၏အကြံဉာဏ်များကိုရေးချခိုင်းပြီး၊ သူတို့၏အတွဲတွင်အကြံဉာဏ်များ ဖလှယ်စေသည်။

**အဆင့်(၂)** – သင်ပုန်းကြီးပေါ်မှာဖြစ်စေ စာရွက်ကြီးပေါ်မှာဖြစ်စေ K-W-L ဇယားကွက်ကိုရေးဆွဲပါ။

**အဆင့်(၃)** – ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်ပြီး သူတို့သိထားပြီးသားအကြောင်းအရာအချက်အလက်များကိုပြောခိုင်းပါ။ သိပြီးအရာကော်လံဇယားတွင် သူတို့၏အတွေးစိတ်ကူးများကိုရေးချပါ။ သူတို့၏အတွေးများကို အုပ်စုခွဲ၍ရေးသားနိုင်သည်။

**အဆင့်(၄)** – ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍ မေးခွန်းများမေးခိုင်းပါ။ သူတို့သိပြီးသောအချက်အလက်များကိုပြန်နွှေးပြီး၊ မပြည့်စုံသောအသိပညာများကို ရှာဖွေခြင်းဖြင့်အစပြုနိုင်သည်။ သူတို့မေးသောမေးခွန်းများကို သိလိုသောအရာကော်လံဇယားကွက်တွင်ရေးဖြည့်ပါ။ ဆရာမကိုယ်တိုင်လည်း လွတ်လပ်စွာမေးမြန်းနိုင်သည်။

**အဆင့်(၅)** – ကျောင်းသားများ ဖတ်စာသင်ခန်းစာကို ဖတ်ရှုရန် ဖြစ်သည်။ (ဟောပြောပို့ချချက်ကို နားထောင်ခြင်း (သို့မဟုတ်) စူးစမ်းရှာဖွေခြင်းတစ်ခုခုကိုလုပ်ခြင်း)။ သူတို့ မေးသောမေးခွန်းများ၏ အဖြေများကိုရှာဖွေရန်နှင့်သူတို့ကြိုတင်မတွေးမိသော အချက်အလက်များကို ပြန်စဉ်းစားရန်သတိပေးပါ။

**အဆင့်(၆)** – ဖတ်စာမှကျောင်းသားများ သင်ယူရရှိလာသော အချက်အလက်များကိုတင်ပြခိုင်းပါ။ ပထမဆုံး သူတို့မေးသောမေးခွန်းများ၏အဖြေများကို ဖတ်စာမှတွေ့ရှိသမျှပြောခိုင်းပါ။ ထို့နောက် စိတ်ဝင်စားစရာအကြောင်းအရာအချက်အလက်များ သူတို့တွေ့ရှိသမျှဆက်ပြောခိုင်းပါ။ ဆရာကသူတို့တင်ပြသမျှကို သိလာသောအရာကော်လံဇယားကွက်တွင်ရေးဖြည့်ပါ။



**အကဲဖြတ်စစ်ဆေးခြင်း** – ဤသင်ခန်းစာတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကိုစစ်ဆေးအကဲဖြတ်နည်း သုံးမျိုးထည့်သွင်းထားသည်။

**၁။ သင်ယူမှုလက်တွေ့လုပ်ဆောင်ချက်တွင် ကျောင်းသားများ ဘယ်မျှလောက်ကောင်းစွာပါဝင်ကြောင်း ဆရာကစောင့်ကြည့်နိုင်သည်။** ပထမဆုံးအနေဖြင့် သင်ခန်းစာမည်မျှထိရောက်ကြောင်းကို ဆရာကသိရန်လိုသည်။ သင်ကြားနည်း အသစ်တစ်မျိုးမျိုးကို စတင်အသုံးပြုသောအခါ၊ ထိုသင်ကြားနည်းအသစ် ကောင်းမွန်ထိရောက်မှုရှိစေရန် ကျောင်းသားရောဆရာပါ အကြိမ်ကြိမ်စမ်းသပ်လေ့ကျင့်ယူရသည်။ ဆရာကမေးခွန်းမေးနိုင်သည်။

နှစ်ယောက်တွဲစာဖတ်ခြင်း(Paired Reading )နှင့် နှစ်ယောက်တွဲအကျဉ်းချုံးခြင်း(Paired Summarizing) လက်တွေ့လုပ်ဆောင်မှုတွင် အတန်းတစ်တန်းလုံးဖြစ်စေ၊ ကျောင်းသားတစ်ဦးချင်းဖြစ်စေ ဘယ်လိုထိရောက်စွာပါဝင်လုပ်ဆောင်နိုင်ခဲ့ကြသလဲ။

တန်ဖိုးမျဉ်း (Value Line)၌ နေရာယူရာတွင် တစ်တန်းလုံးနှင့်ကျောင်းသားတစ်ဦးချင်း ဘယ်လိုပြည့်ပြည့်ဝဝနှင့်ထိရောက်စွာပါဝင်ခဲ့ကြသလဲ။

**၂။ ဆရာက ကျောင်းသားများ သင်ခန်းစာပါအကြောင်းအရာများကို အဘယ်မျှသင်ယူတတ်မြောက်ကြောင်း၊ ဖတ်စာမှအကြံဉာဏ်များအပေါ် နားလည်သဘောပေါက်မှုအခြေအနေတို့ကို စစ်ဆေးအကဲဖြတ်နိုင်သည်။** သင်ခန်းစာမှ အရေးကြီးသောအချက်အလက်အကြောင်းအရာများကို ကျောင်းသားများသင်ယူတတ်မြောက်ကြောင်းကိုလည်း ဆရာကသိရှိရန်လိုပါလိမ့်မည်။ အောက်ပါမေးခွန်းများကို ရေးဖြေခိုင်းခြင်း၊ ရွတ်ဆိုစေခြင်းတို့ဖြင့် ဖတ်စာ၏ဆိုလိုရင်းအပေါ် ကျောင်းသားများနားလည်သဘောပေါက်မှုကို စစ်ဆေးနိုင်သည်။

ဆင်များကိုပစ်သတ်ခြင်းနှင့်ပတ်သက်သောမေးခွန်းများကို ယခုအဘယ်ကြောင့်မေးရသလဲ။

တောင်သူလယ်သမားများက အဘယ်အကြောင်းကြောင့် ဆင်များကိုသတ်လိုကြသလဲ ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက အဘယ်ကြောင့်ဆင်မပစ်စေလိုကြသလဲ။

**၃။ ကျောင်းသားများ၏တွေးခေါ်မှုကို ဆရာကအကဲဖြတ်စစ်ဆေးကြည့်နိုင်သည်။ ဤကိစ္စတွင် သူတို့သည် အယူအဆတစ်ခုတွင် ရပ်တည်မှုပြုနိုင်ရန်နှင့် ထိုရပ်တည်မှုကိုအထောက်အထားပြရန်ဖြစ်သည်။** ကျောင်းသားများ၏စာတမ်းကို အောက်ပါစံထားချက်များဖြင့် တိုင်းတာ၍အကဲဖြတ်စစ်ဆေးနိုင်သည်။

ဤကျောင်းသားက သူ၏ရပ်တည်ချက်ကို ရှင်းလင်းစွာဖော်ပြထားသလား။

ဤကျောင်းသားသည် သူ၏ရပ်တည်ချက်ကို အချက်နှစ်ချက် (သို့မဟုတ်) နှစ်ချက်ထက်ပိုသော အကြောင်းပြချက်များဖြင့် သက်သေအထောက်အထားပြနိုင်သလား။

ဤကျောင်းသားသည် သူ၏ရပ်တည်ချက်ကိုဖော်ပြမှုနှင့် ထိုရပ်တည်ချက်ကို အကြောင်းပြထောက်ခံမှုကြား ရှင်းလင်းစွာဆက်စပ်မှုပေးနိုင်သလား။



**ပြန်လည်စဉ်းစားခြင်း** – သတင်းအချက်အလက်များနှင့်ဆိုင်သောခေါင်းစဉ်အတွက် သင်ခန်းစာပြုစုရန် K-W-L နည်းသည် အလွန်ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ စိတ်ကူးဇာတ်လမ်းများအတွက် ဤနည်းကို သုံးရန်မထောက်ခံပါ။ သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းသားများ ကြိုတင်သိရှိထားသောသတင်းအချက်အလက် အလွန်နည်းပါးလျှင် ဤစာအုပ်တွင်ကျွန်ုပ်တို့ပြုလုပ်ခဲ့သော ကြိုတင်စီစဉ်ခြင်းနည်း (Advance Organizer) ဖြင့် အစပျိုး၍လုပ်ဆောင်သွားနိုင်သည်။




## နှစ်ယောက်တွဲစာဖတ်ခြင်း နှစ်ယောက်တွဲအကျဉ်းချုံးခြင်း

ဤနည်း Paired Reading / Paired Summarizing ( Vaugh 1986) သည် ကျောင်းသားများအားနှစ်ဦးစီတွဲ၍ ဖတ်စာကိုနားလည်ရန် အနီးကပ်ဖတ်ရှုခိုင်းသောနည်းဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု** – စုပေါင်းသင်ယူမှုနည်းများ အားလုံးနည်းတူ နှစ်ယောက်တွဲစာဖတ်ခြင်း၊ နှစ်ယောက်တွဲအကျဉ်းချုံးနည်းသည် ကျောင်းသားများကို မိမိတို့တစ်ဦးချင်းဖြစ်စေ အချင်းချင်းထံမှဖြစ်


စေသင်ယူမှုတွင်ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပါဝင်စေသောနည်းဖြစ်သည်။ ဤနည်းသည် စဉ်းစားနည်းအမျိုးမျိုးကို အားပေးရန်ရည်ရွယ်ပြီး နားလည်သဘောပေါက်မှုကို အဓိကအားပေးသောနည်းဖြစ်သည်။



**အဖွဲ့အရွယ်အစား** – ၂ ဦးမှ ၂၀၀ ဦးအထိ။



**လိုအပ်သောအချိန်** – နှစ်ဦးတွဲဖတ် အကျဉ်းချုံးနည်းသည် ဖတ်စာကို သာမန်အသံထွက်ဖတ်ခြင်းထက် အချိန်သုံးလေးဆပိုကြာတတ်သည်။ အချိန်ချွေတာရန်အတွက် ဖတ်စာပထမစာပိုဒ်(၄)ခုမှ (၆)ခုအထိနှစ်ဦးတွဲဖတ် အကျဉ်းချုံးနည်း နည်းဖြင့်ဖတ်ခိုင်းပြီး ကျန်ဖတ်စာ စာပိုဒ်များကိုတစ်ဦးချင်း ဖတ်ခိုင်းနိုင်သည်။



## လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – အတန်းနှင့်လျော်ညီသလောက်သာရှည်လျားသော သတင်းအချက်အလက်ဖတ်စာကို ရွေးပါ။ ရွေးချယ်သောဖတ်စာတွင် စာပိုဒ်တိုများပါရှိသင့်သည် (စာပိုဒ်တစ်ပိုဒ်တွင် ဝါကျသုံးကြောင်းထက် မပိုစေရ)။ (သို့မဟုတ်) အပိုင်းတိုတိုဖြတ်ပေးပါ။

**အဆင့်(၂)** – ကျောင်းသားများသည် ဤနည်းအဆင့်ဆင့်နှင့်အကျွမ်းမဝင်သေးလျှင် ဆရာကအရင်ဦးစွာလုပ်ပြ ရမည်။

(က) စာပိုဒ်တစ်ပိုဒ်ကိုအသံထွက်ဖတ်ပြီး ထိုစာပိုဒ်ကိုအကျဉ်းချုံးပါ။ ဤလုပ်ဆောင်ချက်သည် လက်တွေ့အလုပ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်းရှင်းပြပါ။ အကျဉ်းချုပ်၏လက္ခဏာအင်္ဂါရပ်များ ကိုလည်းရှင်းပြပါ။ အကျဉ်းချုပ်သည် မူလဖတ်စာထက်တိုသော်လည်း အရေးကြီးသည့်မူလဆိုလိုရင်း အကြောင်းအရာအချက်အလက်အားလုံးပါရှိသည်။

(ခ) ကျောင်းသားများဖြေဆိုရန်အတွက် စာပိုဒ်နှင့်ပတ်သက်သည့် မေးခွန်းနှစ်ပုဒ်မေးပါ။ ဤလုပ်ဆောင်ချက်သည် လည်းလက်တွေ့အလုပ်၏ အခြားအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်းရှင်းပြပါ။

**အဆင့်(၃)** – ကျောင်းသားများကိုနှစ်ယောက်တစ်တွဲ တွဲရန်ပြောပါ။ ဆရာမသရုပ်ပြသကဲ့သို့ကျောင်းသား တစ်ဦးက ပထမစာပိုဒ်ကိုဖတ်ပြီး (သို့မဟုတ်) ဖတ်စာ၏အခန်းတစ်ခုကို ရွေးချယ်သတ်မှတ်ပြီး ထိုစာပိုဒ်အားအကျဉ်း ချုံးရန်ပြောပါ။ ကျောင်းသားတိုင်း ဤလုပ်ဆောင်ချက်ကိုပြုလုပ်ရန်အချိန်ပေးပါ။ ထို့နောက် ကျောင်းသားအတော် များများကို သူတို့၏အကျဉ်းချုံးချက်ကို ဖလှယ်ခိုင်းခြင်းဖြင့် သူတို့၏နားလည်သဘောပေါက်မှုကို စစ်ဆေးကြည့်ပါ။ လိုအပ်ပါကအကြံပေးပါ။

ယခုတဖန် စာပိုဒ်နှင့်ပတ်သက်၍ အခြားကျောင်းသားကို မေးခွန်းမေးခိုင်းပါ။ သူတို့မေးခွန်းထုတ်ခွင့်ရရှိပြီး နောက်၊ ကျောင်းသားအတော်များများကို အချင်းချင်းမေးခွန်းများဖလှယ်ခိုင်းပြီး သူတို့နားလည်သဘောပေါက်မှုကို စစ်ဆေးကြည့်ပါ။ တဖန်လိုအပ်ခဲ့သော် သူတို့တိုးတက်မှုအတွက်အကြံပေးပါ။

**အဆင့်(၄)** – ရှေ့ဆက်ရန်လုပ်ငန်းအဆင့်ဆင့်ကို ကျောင်းသားများနားလည်သောအခါ သူတို့ကိုယ်တိုင် ဆက်ဖတ်ခိုင်းပြီး ဖတ်စာနှင့်ပတ်သက်၍ အကျဉ်းချုံးခြင်း၊ မေးခွန်းများထုတ်ခြင်းကို တစ်ပိုဒ်ပြီးတစ်ပိုဒ်ဆက်လုပ်သွားခိုင်းပါ။ စာပိုဒ်တစ်ပိုဒ်စီကို ဖတ်ရှုဆွေးနွေးပြီးတိုင်း တလှည့်စီတာဝန်ပြောင်းလဲလုပ်ကြရန် သတိပေးပါ။



**ပြန်လည်စဉ်းစားခြင်း** – နှစ်ယောက်တွဲစာဖတ်အကျဉ်းချုံးနည်းသည် ခက်ခဲသောစာပိုဒ်ကို ဖတ်ရန် နည်းကောင်းဖြစ်၏။

## တန်ဖိုးမျဉ်း (Value Line)

တန်ဖိုးမျဉ်းပေါ်တွင် တန်းစီခြင်းသည် ကိစ္စရပ်တစ်ခုပေါ်တွင် တုံ့ပြန်ချက်အမျိုးမျိုးထွက်ပေါ်လာစေရန်အတွက် ကျောင်းသားများ၏အကြံဉာဏ်ကို ထွက်ပေါ်လာစေသည့် စုပေါင်းသင်ယူမှုနည်းလမ်းတခုဖြစ်သည်။ (အဆိုတစ်ခု အပေါ်သဘောတူမှုနှင့် သဘောမတူညီမှုအဆင့်အမျိုးမျိုးကိုဆိုလိုသည်။)

### ကျိုးကြောင်းဆင်ခြင်မှု

မတူညီသော အကြံဉာဏ်များကို အသိအမှတ်ပြုခြင်းနှင့်လေးစားမှုရှိခြင်းတို့သည် အကျိုးရှိသော ခံယူချက်သဘောတရားဖြစ်သည်။ ဤနည်းသည် ကျောင်းသားများ၏ယုံကြည်ချက်များကို အခြား မိတ်ဆွေအဖော်များ သဘောမတူသည့်တိုင်အောင် ဖော်ထုတ်ပြောဆိုရပ်တည်ရဲစေရန်အသုံးဝင်သည်။ တန်ဖိုးမျဉ်းတွင် တန်းစီသောနည်းသည် ကိစ္စရပ်တစ်ခုကို အာရုံစိုက်ရန်နှင့် ကျောင်းသားများ ထိုကိစ္စရပ်နှင့်ပတ်သက်၍ ထင်မြင်ယူဆ ချက်ကို ဆုံးဖြတ်တတ်စေရန်ရည်ရွယ်သည်။ ထို့ပြင် ကိစ္စတစ်ရပ်အပေါ်တွင် မတူညီသောသဘောထားများရှိနိုင် ကြောင်းနှင့် ထိုကိစ္စအပေါ်နေရာ တစ်ခုတွင်ရပ်တည်၍ ထိုရပ်တည်မှုအတွက် အကြောင်းရင်းများဖော်ပြနိုင်ကြောင်း အသိအမှတ်ပြုရန်အသုံးဝင်သည်။

**အဖွဲ့အရွယ်အစား** – (၆) ဦးမှ (၆၀) ဦးအထိ။

**လိုအပ်သောအချိန်** – တန်ဖိုးမျဉ်းနည်းကို (၁၅) မိနစ်အတွင်းလုပ်ဆောင်နိုင်သည်။

### လက်တွေ့လုပ်ဆောင်ချက်

**အဆင့် (၁)** – ဆရာမက တစ်တန်းလုံးကိုမေးခွန်းမေးပါမည်။ ထိုမေးခွန်းသည် ပြတ်ပြတ်သားသား ''ဟုတ်'' အဆိုမှ ''မဟုတ်'' အဆိုသို့ ထင်မြင်ချက်အမျိုးမျိုးပြောင်းလဲနိုင်သောမေးခွန်းမျိုး ဖြစ်သင့်သည်။ ဉပမာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးက ပိုအရေးကြီးသလား (သို့မဟုတ်) လူများ၏လတ်တလောလိုအပ်ချက် ဖြည့်ဆည်း ဖို့ကပိုအရေးကြီးသလား ဟူသောမေးခွန်းမျိုးဖြစ်နိုင်သည်။

**အဆင့် (၂)** – ကျောင်းသားတစ်ဦးစီ မိမိဘာသာမေးခွန်းထုတ်ပြီး ထိုမေးခွန်းများ၏အဖြေများကိုရေးချပါ။

**အဆင့်(၃)** –ဆရာမက စာသင်ခန်း၏တစ်ဖက် ကျောင်းသားတစ်ဦးက အခြားတစ်ဖက်တွင်မတ်တပ်ရပ်ကြမည်။ ဆရာမနှင့်ကျောင်းသားတို့က ပြဿနာအပေါ် ပြတ်ပြတ်သားသားဆန့်ကျင်သည့်အဆိုနှစ်ခုကို တစ်ဦးစီပြောပါမည်။

**အဆင့်(၄)** – ကျောင်းသားများအား မိမိတို့နှင့်သဘောထားတိုက်ဆိုင်သည့် အတိုင်းအစွန်းနှစ်ဖက်အဆိုတို့၏ကြား စိတ်ကူးမျဉ်းကြောင်းပေါ်တွင် အစွန်းနှစ်ခုအနက် နီးစပ်သည့်ဘက်တွင် နေရာယူမတ်တပ်ရပ်ခိုင်းပါ။

**အဆင့်(၅)** – ဆရာမက ကျောင်းသားများအား မိမိတို့နှင့်သဘောထား တိုက်ဆိုင်သူများအနားတွင် မတ်တပ်ရပ် နေကြောင်းသေချာအောင် မေးခွန်းအပေါ်တုန့်ပြန်မှုကို ဘေးနားကလူနှင့်ပြောဆိုဆွေးနွေးခိုင်းပါ။ အကယ်၍သဘော ထားမတိုက်ဆိုင်လျှင် ကြိုက်သည့်ဘက်တစ်ဘက် (သို့မဟုတ်) အခြားတစ်ဘက်သို့နေရာပြောင်းနိုင်သည်။

**အဆင့်(၆)** – ကျောင်းသားများသည် မိမိ၏ဘေးမှ ကြိုက်ရာလူနှင့်ဆက်လက်၍ တုံ့ပြန်မှုများကိုဆွေးနွေးနိုင်သည်။

**အဆင့်(၇)** – ဆရာမက အဖွဲ့ငယ်တစ်ခုစီမှ ကျောင်းသားတစ်ဦးစီအား ကိစ္စအကြောင်းအရာအပေါ် သူတို့၏ရပ်တည်ချက်ကိုမေးပါ။ အဆိုတင်ပြချက်ကိုကြားနာပြီးနောက် ဘက်ပြောင်းလိုသောကျောင်းသားရှိလျှင်ပြောင်းခွင့်ပြုပါ။



**ပြန်လည်စဉ်းစားခြင်း** – ကျောင်းသားများသည် အတန်းထဲလှည့်လည်လျှောက်သွားခြင်းနှင့်အကြံဉာဏ်ဖလှယ်ခြင်းကိုနှစ်သက်သောကြောင့် ဤတန်ဖိုးမျဉ်းလုပ်ဆောင်ချက်ကို ပျော်ရွှင်ကြသည်။ ကိစ္စအကြောင်းအရာတစ်ခုအပေါ် မိမိတို့ရပ်တည်မှုနှင့် နေရာပြောင်းရွှေ့မှုကို ကိုယ်ထိလက်ရောက်သရုပ်ပြခြင်းသည် စိတ်ဝင်စားဖွယ်ကောင်း၏။




**အမြန်ရေးချနည်း** (Quick-write)

ဤနည်းသည် ခေါင်းစဉ်တစ်ခုအပေါ် ပြန်လည်စဉ်းစားခြင်းကို တိုတိုနှင့်ရေးချခြင်းဖြစ်သည်။




**ကျိုးကြောင်းဆင်ခြင်မှု** – အမြန်ရေးချနည်းသည် အတွေးအခေါ်ကိုဖမ်းမိရန် ပုံသေမဟုတ်သောနည်းဖြင့်စာစီစာကုံးရေးခြင်းဖြစ်၏။ အပြင်းအထန်ငြင်းခုံကြသောအခါ အတွေးအခေါ်များစွာကို မြန်မြန်ပြောဆိုသောကြောင့် ရေးချမထားလျှင် အကြံဉာဏ်ကောင်းများ ပျောက်ဆုံးသွားနိုင်သည်။ အမြန်ရေးချနည်းသည် သမားရိုးကျပုံသေမဟုတ်သောနည်းဖြင့် မှတ်စုရေးခြင်းဖြစ်သည်။ အတွေးအခေါ်ကိုဖမ်းမိရန် ရည်ရွယ်၍ပုံစံတကျစာရေးနည်းကို အဓိကမထားပေ။



**အဖွဲ့အရွယ်အစား** – မည်သည့်အရွယ်အစားမဆို။



**လိုအပ်သောအချိန်** – အမြန်ရေးချနည်းကို (၅)မိနစ်မှ (၁၀)မိနစ်အတွင်းပြီးအောင်ရေးနိုင်သည်။ သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံး ကြိုက်သည့်နေရာတွင်သုံးနိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** –သင်ပေးမည့်ခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းသားများအား ခပ်တိုတိုရေးခိုင်းလိုကြောင်းပြောပြထားပါ။ ပေးထားသောအချိန်အတွင်းမရပ်မနား ရေးခိုင်းရန်ဖြစ်သည်။

**အဆင့်(၂ )** – ရေးရမည့်ခေါင်းစဉ်ကိုပြောပြပါ။

**အဆင့်(၃)** – ကျောင်းသားများ အမြန်ရေးချနည်းဖြင့်ရေးနေစဉ် အချိန်သတ်မှတ်ပေးပါ။ (ဤသို့ပြုခြင်းဖြင့် သူတို့ကိုအချိန်ပိုပေးနိုင်လိမ့်မည်)

**အဆင့် (၄)** – ကျောင်းသားများက သူတို့၏စာရွက်များကို မှတ်တမ်း(Journal)တွင်ညှပ်သိမ်းထားနိုင်သည်။ (သို့မဟုတ်) ဆရာမက မိမိ၏သင်ခန်းစာကိုစစ်ဆေးအကဲဖြတ်ရာတွင်သုံးရန် သိမ်းထားနိုင်သည်။


## မူကွဲများနှင့်အခြားဆက်နွယ်သောနည်းများ




**ဘာလဲ။ ဒီတော့ဘာဖြစ်လဲ။ ယခုကော။**(What ? So What ? Now What ?) စိတ်ကူးယဉ်ဝတ္ထု (သို့မဟုတ်) သတင်းဖတ်စာမှအကြံဉာဏ်များကို လက်တွေ့အသုံးချနည်းတစ်မျိုး။



**ကျိုးကြောင်းဆင်ခြင်မှု** – ပညာရေးပါရဂူများက ကျောင်းသားများ စာသင်ခန်းတွင် သင်ယူရရှိသောအသိပညာများသည် သူတို့၏တကယ့်ဘဝနှင့် အဆက်အစပ်မရှိကြောင်း မကြာခဏညည်းညူပြောဆိုကြသည်။ ဩဇာကြီးသောပညာရေးပါရဂူ Paolo Freireက အရေးကြီးသောအကြံဉာဏ်တိုင်းတွင် လက်တွေ့လုပ်ဆောင်ချက်တစ်ခုခု လိုက်လာရမည်ဟုဆိုသည်။ Paolo၏အဆိုအရ Praxis ဆိုသည်မှာ မလုပ်မနေရတိုက်တွန်းနေသော အကြံဉာဏ်နှင့် လူမှုလုပ်ဆောင်ချက်တို့ကြားဆက်သွယ်ရေးဖြစ်သည်။ 'ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော' နည်းသည် ကျောင်းသားများအား စာသင်ခန်းတွင်သူတို့သင်ယူသောအရာနှင့် အပြင်ပတ်ဝန်းကျင်လောက ဆက်စပ်မှုကိုရှာဖွေတွေ့ရှိရန် အထောက်အကူပြုသောနည်းဖြစ်သည်။ ဤနည်းသည် ကျောင်းသားများအားဖတ်စာ၏အဓိက အကြံဉာဏ်ကိုရှာတွေ့ရန် ထိုအကြံဉာဏ်များကို လက်တွေ့ကျင့်သုံးနိုင်ဖို့စဉ်းစားရန်နှင့် ထိုအကြံဉာဏ်များအပေါ်အခြေခံ၍ လူမှုလုပ်ဆောင်ချက်ပြုလုပ်တတ်ရန် သင်ကြားပေးသည်။




**အဖွဲ့အရွယ်အစား –**ဘာလဲ။ ဒီတော့ဘာဖြစ်လဲ။ ယခုကော။ (What ? So What ? Now What ?) နည်းသည် အတန်းတစ်တန်းလုံးနှင့် လုပ်ဆောင်ရသည်။



**လိုအပ်သောပစ္စည်းများ** – စာရေးရန်မြေဖြူသင်ပုန်းကြီး၊ စာရွက်ကားချပ်များ။ သင်ခန်းစာမှလက်တွေ့လုပ်ဆောင်ချက်များပေါ်မူတည်၍ လိုအပ်သောအသုံးပြုရန် ပစ္စည်းများအမျိုးမျိုးရှိနိုင်သည်။



**လိုအပ်သောအချိန်** – ဤနည်းကိုပြင်ဆင်ရန်အချိန်(၁၅)မိနစ်ကြာမည်။ သို့ရာတွင် လက်တွေ့လုပ်ဆောင်သွားသောအခါ ထိုထက်အချိန်ပိုကြာနိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

စာဖတ်ခြင်းနှင့် ပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးခြင်းဖြင့် ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍မိတ်ဆက်ပေးပြီးသားဟု ယူဆထားနိုင်သည်။ သို့ဖြင့်သူတို့၏ အခြေခံနားလည်သဘောပေါက်သည့်အဆင့်အထိဆွေးနွေးနိုင်သည်။

ယခုဆရာမက ကျောင်းသားများစဉ်းစားခဲ့ပြီးသော အခြေခံအကြံဉာဏ်ပေါ်တွင်မည်သည့်လုပ်ဆောင်ချက်များလုပ်ရန် ဆုံးဖြတ်စေလိုကြောင်း ရှင်းပြရမည်။

ဆရာမက ကျောင်းသားများကောင်းမွန်စွာမြင်သာအောင် အောက်ပါဇယားကွက်ကို မြေဖြူသင်ပုန်းကြီးပေါ်တွင်ဖြစ်စေ၊ စာရွက်ချပ်ကြီးပေါ်တွင်ဖြစ်စေ ရေးဆွဲပါ။

| ဘာလဲ<br>(What ?) | ဒီတော့ဘာဖြစ်လဲ<br>(So What ?) | ယခုကော<br>(Now What ?) |
|---|---|---|
| | | |

**ဘာလဲ** – “ဘာလဲ” ကော်လံဇယားကွက်ကို လက်ညှိုးညွှန်ပြပါ။ သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းသားများဆွေးနွေးပြီးသော အရေးကြီးဆုံးအကြံဥာဏ်များကို အကျဉ်းချုံးခိုင်းပါ။ အတော်အတန်ဆွေးနွေးမှုပြုပြီးနောက် ဆရာမက အကြံဉာဏ်အကျဉ်းချုပ်ကို “ဘာလဲ” ခေါင်းစဉ်အောက်တွင်ရေးချပါ။

**ဒီတော့ဘာဖြစ်လဲ** – ကျောင်းသားများရေးချပြီးသောစာရင်းတွင် အရေးကြီးသည့်အရာဘာလဲ ဟုဆရာမက စဉ်းစားခိုင်းပါ။ ဒါတွေဘာကြောင့်အရေးကြီးသလဲ။ ဤအကြံဉာဏ်များ ဤအကြောင်းအရာအချက်အလက်များက လူများ၏ဘဝတစ်သက်တာတွင် ဘာအပြောင်းအလဲဖြစ်စေသလဲ။ အနည်းငယ်ဆက်ဆွေးနွေးပြီးနောက် ဆရာမက ဤအကြံဉာဏ်အကျဉ်းချုပ်ကို “ဒီတော့ဘာဖြစ်လဲ” ကော်လံဇယားကွက်တွင်ရေးချပါ။

**ယခုကော** – ကျောင်းသားများ ယခုဆွေးနွေးခဲ့ပြီးသော အကြောင်းအရာပြဿနာကိစ္စနှင့်ပတ်သက်၍ လက်တွေ့မှာဘာတွေလုပ်ဆောင်နိုင်ကြောင်း ဆရာမကမေးပါ။ ကျောင်းသားများဆွေးနွေးနေသည့် ပြဿနာနှင့်ပတ်သက်၍ အကြံဉာဏ်ထုတ်ခြင်း (brainstorming) ပြုလုပ်ရန် ဆရာမကပြောနိုင်သည်။ (အကြံဉာဏ်ထုတ်ခြင်းလုပ်ဆောင်ချက်ကို အောက်တွင်ဆက်လက်ဖော်ပြထားသည်)။ လုပ်ဆောင်ရန်အရာများမှာ –

**ကျောင်းသားတစ်ဦးချင်းလုပ်နိုင်သည့်အရာ**

ဥပမာ – ပြဿနာက ရေထု၊ လေထုပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်လျှင် ကျောင်းသားတိုင်းက မြေကြီးပေါ်တွင် အမှိုက်မပစ်ရန်တားမြစ်ချက် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်သည်။

**ကျောင်းသားအုပ်စုအတွင်းလုပ်နိုင်သည့်အရာ**

ဥပမာ–ကျောင်းသားအဖွဲ့ငယ်များက မြေကြီးပေါ်အမှိုက်မပစ်ရစာတမ်းများကို ကျောင်းဝန်းနှင့် ရပ်ကွက်အတွင်း လိုက်ကပ်နိုင်သည်။

**အတန်းတစ်တန်းလုံး လုပ်နိုင်သည့်အရာ**

ဥပမာ– စာသင်တန်းတစ်တန်းလုံးက စနေနေ့တစ်နေ့တွင် ပန်းခြံ (သို့မဟုတ်) လမ်းတလျှောက် အမှိုက်လိုက်ကောက်နိုင်သည်။



**ပြန်လည်စဉ်းစားခြင်း** – သင်ခန်းစာများတွင် ဖော်ပြသောအကြံဉာဏ်များ၏ နောက်ဆက်တွဲလုပ်ဆောင်နိုင်မှုကို ဆရာကလွတ်လပ်စွာစဉ်းစားသင့်သည်။ မကြာခဏ ပြဿနာ၏အဖြေသည်အမူအကျင့်ပြောင်းလဲရန် ကျောင်းသားတစ်ဦးချင်း၏ ဆုံးဖြတ်ချက်ဖြစ်လာနိုင်သည်။ သို့သော် တခါတရံ ပြဿနာ၏အဖြေမှာ ကျောင်းသားများရှာဖွေတွေ့ရှိသောပြဿနာနှင့် ဆက်စပ်နေသောနည်းလမ်းများကို ပိုမိုကျယ်ပြန့်စွာဆွေးနွေးရန် စုပေါင်းစီမံကိန်းများရေးဆွဲခြင်းဖြစ်သင့်သည်။ ဤသို့ပြုခြင်းဖြင့် What ? So What ? NowWhat ? ဇယားချပ်ကို အသုံးပြုပြီး ကျောင်းသားများတွေ့ရှိသော ကိစ္စအကြောင်းအရာများနှင့် သူတို့လက်တွေ့လုပ်ဆောင်ချက်၏ ဆက်နွယ်နေမှုကိုသတိရစေသည်။




**အကြံဉာဏ်ထုတ်ခြင်း(Brainstorming)**

သင်ခန်းစာခေါင်းစဉ်အကြောင်း အကြံဉာဏ်အမျိုးမျိုးကို ထွက်ပေါ်စေသောနည်းဖြစ်သည်။




**ကျိုးကြောင်းဆင်ခြင်မှု** – အကြံဉာဏ်ထုတ်ခြင်း၏ လိုက်နာရန်စည်းမျဉ်းမှာ – အကြံဉာဏ်များစွာကိုစဉ်းစားရန်၊ တစ်ခုနှင့်တစ်ခုမတူညီသောအကြံဉာဏ်များကို စဉ်းစားရန်နှင့် ကျောင်းသားများက အကြံဉာဏ်အမျိုးမျိုးမဖော်ထုတ်မချင်း အမှား အမှန်ဆုံးဖြတ်စီရင်ခြင်းကို ဆိုင်းငံ့ထားရန်ဟူ၍ဖြစ်သည်။

အကြံဉာဏ်ထုတ်ခြင်းနည်းသည် သာမန်အခြေအနေမျိုးတွင် စိတ်ကူးမပေါက်နိုင်သော အကြံဉာဏ်မျိုးကို တွေးခေါ် စဉ်းစားတတ်ရန် ကျောင်းသားများ၏စိတ်ကူးဉာဏ်ကို ပွင့်စေနိုင်သည်။ ပေါ်ထွက်သောအကြံဉာဏ်အားလုံး အသုံးဝင်ချင်မှဝင်မည်။ သို့သော် သူတို့ကထောင့်အမျိုးမျိုးမှ စဉ်းစားကြည့်ခြင်းဖြင့် သိပ်အရေးမကြီးသောအချက်များတွင် အဖိုးတန်သော အကြံဉာဏ်များကို ရှာဖွေတွေ့ရှိနိုင်သည်။ အကြံဉာဏ်ထုတ်ခြင်းနည်းကိုမကြာခဏ အသုံးပြုသော ကျောင်းသားသည် အရေးအသားအတွေးအခေါ် ပို၍ရှင်ပြီး တယူသန်တွေးခေါ်မှုလျော့နည်းနိုင်သည်။




**အဖွဲ့အရွယ်အစား** – အကြံဉာဏ်ထုတ်ခြင်းကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့ငယ်များဖြစ်စေ၊ အတန်းတစ်တန်းလုံးဖြစ်စေ ပြုလုပ်နိုင်သည်။



**လိုအပ်သောပစ္စည်းများ** – အကြံဉာဏ်ထုတ်ခြင်းနည်းအတွက် ရေးမှတ်ရန်ခဲတံနှင့်စာရွက်ကြီး (သို့မဟုတ်) မြေဖြူနှင့်သင်ပုန်းကြီးသာလိုအပ်သည်။



**လိုအပ်သောအချိန်** – အကြံဉာဏ်ထုတ်ခြင်းနည်းကို (၁၀)မိနစ် (သို့မဟုတ်) ထို့ထက်စောစောပြီး သင့်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – ပထမဦးစွာ အကြံဉာဏ်ထုတ်ခြင်းနည်းကို အတန်းတစ်တန်းလုံးအား မိတ်ဆက်ပေးပါ။

**အဆင့်(၂ )** – သင်ခန်းစာခေါင်းစဉ် (သို့မဟုတ်) ပြဿနာကိုရှင်းလင်းစွာ တင်ပြမိတ်ဆက်ပေးပါ။

**အဆင့်(၃)** – ပြဿနာကိုအဖြေရှာရန် ကျောင်းသားများကို အချိန်ကန့်သတ်ပေးပါ။

**အဆင့်(၄)** – ပြဿနာနှင့်ဆက်စပ်နေသောအကြံဉာဏ်များ မည်မျှအချိုးမကျသည်ဖြစ်စေ ကျောင်းသားများအချင်းချင်းဝေမျှဖလှယ်ရန် တိုက်တွန်းအားပေးပါ။ အချင်းချင်း၏အကြံဉာဏ်များကို မည်သည့်နည်းနှင့်မျှ ဝေဖန်ပြစ်တင်မှု မပြုကြရန်သတိပေးပါ။ တစ်ဦးနှင့်တစ်ဦး၏ အကြံဉာဏ်များကို ဝိုင်းဝန်းတည်ဆောက်ရန်အားပေးပါ။ အကြံဉာဏ်တစ်ခုတည်းအပေါ်တွင် အချိန်ကြာရှည်စွာမယူပါနှင့်။

**အဆင့်(၅)** – ကျောင်းသားများ မိမိတို့အကြံဉာဏ်များကို တင်ပြစဉ် ဆရာကရေးချပါ။

**အဆင့်(၆)** – ထို့နောက် ကျောင်းသားတစ်ဦးစီဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အကြံဉာဏ်ထုတ်ခြင်းနည်းကို ကျင့်သုံးခိုင်းပါ။



## နှစ်ဦးတွဲ အကြံဉာဏ်ထုတ်ခြင်း

နှစ်ဦးတွဲအကြံဉာဏ်ထုတ်ခြင်း(Paired Brainstorming- De Bono 1973) ခေါ်အကြံထုတ်နည်းမှုကွဲတစ်မျိုးကို ကျင့်သုံးသောအခါ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်သောအကြံဉာဏ်များကို စာရင်းပြုစုခိုင်းပါ။ ထို့နောက် မိနစ်အနည်းငယ်ကြာလျှင် နှစ်ယောက်တစ်တွဲတွဲခိုင်းပြီး၊ အချင်းချင်းအကြံဉာဏ်များဖလှယ်ပြီးနောက် အကြံဉာဏ်စာရင်းတွင်ထပ်ရေးထည့်ခိုင်းပါ။ နောက်ပိုင်း ထိုအကြံဉာဏ်များကို ဆရာမကသင်ပုန်းကြီးပေါ်တွင်ရေးချနေစဉ် ကျောင်းသားနှစ်ယောက်တွဲအဖွဲ့များ၏ အကြံဉာဏ်များကို တစ်တန်းလုံးနှင့်ဝေငှဖလှယ်ခိုင်းနိုင်သည်။



**စကားရိပ်** (TIPS)

အကြံဉာဏ်ထုတ်ခြင်း (Brainstorming) လုပ်ဆောင်ချက်ကိုလက်တွေ့ကျင့်သုံးခြင်းသည် ကျောင်းသားများကို လွတ်လပ်စွာတွေးခေါ် တတ်ရန်နှင့် စိတ်ကူးစိတ်သန်းများထွက်ပေါ်လာရန် အကူအညီပေးသည်။ ဤနည်းကို ဖြန့်ထွက်တွေးခြင်း (Lateral thinking) ဟုလည်းခေါ်သည်။ သဘောတရားကိုကျင့်သားရစေရန် အဓိပ္ပါယ်မဲ့ခေါင်းစဉ်များဖြင့် စတင်လေ့ကျင့်ပေးနိုင်သည်။ ကျောင်းသားများရှေ့တွင် တုတ်ချောင်းတစ်ချောင်းကို ထောင်ပြပြီး ထိုတုတ်ချောင်း၏အသုံးဝင်ပုံကို ပြောခိုင်းနိုင်သည်။ ဥပမာ တုတ်ချောင်းကိုအသုံးပြုနည်းမှာ

သဲပေါ်တွင်စာရေးရန်
ပဲနွယ် တွယ်တက်ရန်
အပေါ်အင်္ကျီ (သို့မဟုတ်) ကော်ဇောဖုန်ခါရန်
မြွေခြောက်ရန်အလို့ငှာ ချုံပုတ်ကိုရိုက်ရန်
အဆောက်အဦး၏ အမြင့်ကိုတိုင်းရန် (တုတ်အဖျားနှင့်ခေါင်မိုးကို တတန်းထဲထား၍ကြည့်ခြင်းဖြင့် အမြင့်ထောင့်ကိုသိနိုင်သည်။)
အဝတ်စနှင့်ပတ်၍ အရုပ်လုပ်ရန်
လေး (သို့မဟုတ်) မြားပြုလုပ်ရန်



**မေးခွန်းသင်ပုန်း**(QUESTION BOARD)

မေးခွန်းသင်ပုန်းမှာ ဆွေးနွေးဝိုင်းမှ ထွက်ပေါ်လာသောမေးခွန်းများကို ကပ်ထားရန် ကြော်ငြာသင်ပုန်းဖြစ်သည်။ ကျောင်းသားများ မေးစရာပေါ်လာလျှင် ချရေးရန်သင်ပုန်း၏တစ်ခြမ်းတွင်ဖြစ်စေ၊ သတင်းရေးရန်စာရွက်ပေါ်တွင်ဖြစ်စေ အသုံးပြုနိုင်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ ကျောင်းသားများ–


- ❖ အတန်းတွင်းဆွေးနွေးမှုတွင် ပါဝင်သောအခါ
- ❖ မိမိဘာသာစာဖတ်စဉ် (သို့မဟုတ်) ဆရာဖတ်ခိုင်းသောစာကို ဖတ်သောအခါ
- ❖ စာရေးသောအခါ
- ❖ လက်တွေ့စမ်းသပ် လုပ်ဆောင်သောအခါ
- ❖ အတန်းထဲအခြားလက်တွေ့လုပ်ဆောင်ချက်များလုပ်သောအခါ ပေါ်ပေါက်လာသောမည်သည့် မေးခွန်းများကိုမဆို ရေးချနိုင်ခွင့်ရရှိရန်ဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု** – မေးခွန်းများသည် စိတ်ဝင်စားစရာပစ္စည်းများ၊ အံ့သြဖွယ်ရာဖြစ်ရပ်များ၊ စာအုပ်များ၊ ရုပ်ပုံဇယားများနှင့် စကားစမြည်ပြောဆိုဆွေးနွေးရာမှ ထွက်ပေါ်လာသည်။ သို့သော် မေးခွန်းများကို မည်သည့်အကြောင်းအရာမှရရှိသည်ဖြစ်စေ သင်ကြားခြင်းနှင့်သင်ယူခြင်း၏ ဗဟိုချက်တွင်ရှိနေစေရမည်။ မေးခွန်းသင်ပုန်းသည် ကျောင်းသားများ၏စူးစမ်းသိလိုစိတ် အစစ်အမှန်ကိုဖော်ထုတ်မိရန်နှင့် အသိအမှတ်ပြုရန်ဖြစ်သည်။ မေးခွန်းသင်ပုန်း၏ ရည်ရွယ်ချက်အမျိုးမျိုးမှာ –

- ❖ ကျောင်းသားများ၏မေးခွန်းများကို ပွဲထုတ်ပေး၍အသိအမှတ်ပြုခြင်းဖြစ်သောကြောင့် ဆရာမအားမေးခွန်းအားလုံးကိုဖြေရသော ဝန်မှပေါ့ပါးစေသည်။
- ❖ ဤသို့ပြုလုပ်ခြင်းဖြင့် ကျောင်းသားများကို အဓိပ္ပါယ်ရှိသော မေးခွန်းများကိုဖြေဆိုရန် အခွင့်အလမ်းရရှိစေသည်။ ဆရာမအနေဖြင့်လည်း အလေးအနက်စဉ်းစားမှုပါဝင်သော မေးခွန်းများနှင့်အဖြေများကို ချီးမွမ်းရန် အခွင့်အလမ်းရရှိသည်။
- ❖ ကျောင်းသားများအား နှုတ်မေးခွန်းကိုရေးချရန်အားပေးပြီး စာရေးလေ့ကျင့်ခန်းများအတွက် ခေါင်းစဉ်ကောင်းများထွက်ပေါ်စေသည်။

❖ ကျောင်းသားများ၏ သိလိုစိတ်နှင့်စိတ်ဝင်စားမှုကို အခြေခံသောလက်တွေ့လုပ်ဆောင်ချက်များသည် သင်ခန်းစာအစီအစဉ်ရေးဆွဲရန် အခြေခံအချက်အလက်အဖြစ်အသုံးဝင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

မေးခွန်းသင်ပုန်းကိုစာသင်ခန်းအတွင်းလွယ်ကူစွာ လက်လှမ်းမီသောနေရာတွင်ထားပါ (ဥပမာ– နံရံတွင်)။ ဆရာမကအချိန်မလုံလောက်သောအခါဖြစ်စေ၊ အကြောင်းအရာအချက်အလက်အားလုံး မပြောပြလိုသောအခါတွင်ဖြစ်စေ၊ အဖြေများကို မသိသောအခါဖြစ်စေ၊ ကျောင်းသားများကသူတို့၏ မေးခွန်းများကို မိမိတို့နာမည်နှင့်တကွ မေးခွန်းသင်ပုန်းပေါ်တွင်ရေးနိုင်သည်။ နေ့ခင်းအားလပ်ချိန်များတွင် ကျောင်းသားများသည် မေးခွန်းသင်ပုန်းတွင်ရေးထားသော အခြားကျောင်းသားများ၏အာဘော်များကိုဖတ်ပြီး ထပ်ဖြည့်လိုသောအချက်များကို ထပ်ရေးဖြည့်နိုင်သည်။ သင်တန်းသုံးလေးပတ်ကြာသောအခါ ဆရာဖြစ်စေ၊ ကျောင်းသားဖြစ်စေ၊ ထိုမေးခွန်းများကို လူတိုင်းရရှိစေရန် အတန်းထဲတွင် စေတနာအလျောက်ဖြန့်ချီပေးနိုင်သည်။ ကျောင်းသားများသည် ဤမေးခွန်းများကို အသုံးပြု၍ အတန်းထဲတွင် ခွဲခြမ်းစိတ်ဖြာဝေဖန်ပိုင်းခြားဆွေးနွေးနိုင်သည်။ မေးခွန်းများသည် စုံစမ်းမေးမြန်းခြင်းကို အခြေခံသောလုပ်ဆောင်မှုနည်းများကို ပေါ်ပေါက်လာစေနိုင်သည်။



**စကားရိပ်**

အဘယ်မေးခွန်းက စုံစမ်းမေးမြန်းခြင်းကိုပို့ဆောင်သလဲ။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက် မေးခွန်းများကိုအုပ်စုနှစ်မျိုးခွဲနိုင်သည်။

**သုတေသနမေးခွန်းများ**သည် အများဆုံးတွေ့ရတတ်သောမေးခွန်းမျိုးဖြစ်ပြီး ထိုမေးခွန်းများကို ဖြေဆိုရန်အတွက် စွယ်စုံကျမ်းများ၊ သတင်းအချက်အလက်ပေးသော စာအုပ်စာစောင်များ၊ အင်တာနက်စသည့် ဒုတိယအဆင့်အထောက်အထားများ (secondary resources) ကို အသုံးပြုရန်လိုအပ်သည်။ ဥပမာ– နေ၏မျက်နှာပြင်၌ အပူချိန်မည်မျှရှိသနည်း။

**လက်တွေ့စမ်းသပ်နိုင်သည့်မေးခွန်းများ**သည် ကျောင်းသားများကိုယ်တိုင် လက်တွေ့လေ့လာစောင့်ကြည့်ခြင်းဖြင့်လည်းကောင်း၊ လက်တွေ့စမ်းသပ်မှုအမျိုးမျိုးကို လုပ်ဆောင်ခြင်းဖြင့်လည်းကောင်း အဖြေကို မိမိတို့ကိုယ်တိုင်ရှာဖွေဖော်ထုတ်နိုင်စေသည်။ ကျောင်းများသည် သုတေသနမေးခွန်းများ (research questions)ကို လက်တွေ့စမ်းသပ်နိုင်သည့်မေးခွန်းများ (testable questions) ထက်ပို၍ အမြဲလိုဦးစားပေးလေ့ရှိသည်။


ဥပမာ– ရေပူကပို၍ အငွေ့ပြန်မှုမြန်သလား။ ရေအေးကပို၍ အငွေ့ပြန်မှုမြန်သလား။

မေးခွန်းသင်ပုန်းပေါ်မှမေးခွန်းများကို နည်းအမျိုးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည်။ သို့သော် ဤနည်းဖြင့် မေးခွန်းအမျိုးအစားခွဲခြင်းသည် ကျောင်းသားများအား စာသင်ခန်းအတွင်း၌ အကြောင်းအရာတစ်ခုအတွင်း ပြောဆိုဆွေးနွေးမှုကိုတိုးတက်စေပြီး မေးခွန်းရှာဖွေနည်းကို တတ်မြောက်စေသည်။ နောက်လာမည့် လုပ်ဆောင်ချက်နည်းများသည် ထိရောက်သောမေးခွန်းမေးနည်းကျွမ်းကျင်မှုကိုဖြစ်စေနိုင်သည်။



**မေးခွန်းရှာဖွေခြင်း** (QUESTION SEARCH)

မေးခွန်းရှာဖွေခြင်း (Pearce 1999,2003) လက်တွေ့လုပ်ဆောင်ချက်ကို စာသင်နှစ်အစပိုင်းတွင်ဖြစ်စေ၊ သင်ခန်းစာ၏နိဒါန်းအဖြစ် ဖြစ်စေအသုံးပြုနိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – ကျောင်းသားအဖွဲ့ငယ်များ ရှေ့ရှိစားပွဲပေါ်တွင် အထူးအဆန်း ပစ္စည်းများထည့်ထားသည့် ခြင်းတောင်းများတင်ထားပါ။ ပုံမကျပန်းမကျခရုခွံများ၊ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ၊ မျိုးစေ့များ၊

စိတ်ဝင်စားစရာကျောက်ခဲများ၊ အိမ်သုံးပစ္စည်းကိရိယာကို ဖြုတ်ထားသော အပိုင်းအစအပိုပစ္စည်းများ၊ လက်သမား သုံးကိရိယာများ စိတ်ကူးရှိသမျှ ဘယ်အရာဝတ္ထုမဆို အသုံးပြုနိုင်သည်။

**အဆင့်(၂)** – ကျောင်းသားများအား ထိုအရာဝတ္ထုပစ္စည်းများ၏ အမည်များကိုရေးခိုင်းပါ။ (သို့မဟုတ်) အမည်များကို တီထွင်၍မှည့်ခိုင်းပါ။

**အဆင့်(၃)** – အရာဝတ္ထုများအကြောင်း စာဖြင့်ရေးသားဖော်ပြခိုင်းပြီး ပုံကြမ်းရေးဆွဲခိုင်းပါ။

**အဆင့်(၄)** – ပုံကြမ်း၏အောက်တွင် ကော်လံဇယားနှစ်ခုရေးဆွဲခိုင်းပါ။ ဇယားကွက်တစ်ခုတွင် ထိုအရာဝတ္ထု အကြောင်း မေးခွန်းများရနိုင်သမျှရေးချပါစေ။ အခြားကော်လံဇယားကွက်တွင် ထိုမေးခွန်းများ၏အဖြေကို ရနိုင်သော နည်းလမ်းများ စာရင်းရေးချပါစေ။


**အဆင့်(၅)** – ကျောင်းသားများကို အဆိုပါအရာဝတ္ထုပစ္စည်းများပြသ၍ဆွေးနွေးခိုင်းပြီး သူတို့၏မေးခွန်းများကို ဝေငှဖလှယ်၍ရနိုင်သောသတင်းဇစ်မြစ်များကိုပြောပြခိုင်းပါ။ သတင်းဇစ်မြစ်ဟူရာတွင် စာအုပ်စာတမ်းများ၊ ကွန်ပြူတာ များ၊ ကျောင်းဆရာများ၊ မိဘများ၊ အထူးကျွမ်းကျင်သူများပါဝင်သည်။ သူတို့၏မေးခွန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အကြံပြုလိုသော ကျောင်းသားအတွက် အဆင်သင့်လုပ်ထားပါ။ ယခုမေးခွန်းသည် လက်တွေ့စမ်းသပ်နိုင်သည့် မေးခွန်း မျိုးဖြစ်သည်။

**အဆင့်(၆)** – ယခု မည်သည့်မေးခွန်းကအစမ်းသပ်ခံနိုင်ကြောင်း အတန်းသားများဆုံးဖြတ်ရန်ဖြစ်သည်။ ထိုမေးခွန်း များကိုဖြေဆိုရန် မည်သည့်လက်တွေ့စမ်းသပ်မှု (သို့မဟုတ်) လေ့လာစုံစမ်းမှုကိုစီစဉ်နိုင်ကြောင်း စဉ်းစားခြင်းဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို တိုးချဲ့နိုင်သည်။

**အဆင့်(၇)** – ကျောင်းသားများကို "ပူဖေါင်းအကြီးကြီးမှုတ်နိုင်မလား"၊ "မျှော်စင်အမြင့်ကြီး ဆောက်နိုင်မလား" စသော"– –နိုင်မလား"မေးခွန်းမျိုးမှတဆင့် ပိုမိုအဓိပ္ပါယ်ရှိသော မေးခွန်းများထုတ်တတ်ရန် လမ်းညွှန်မှုပေးပါ။ ဥပမာ– ပူဖေါင်း ဘယ်လောက်ကြီးသလဲ။ မျှော်စင်ဘယ်လောက်မြင့်သလဲစသဖြင့် အရေအတွက်ဖြင့်ဖော်ပြဖြေဆိုနိုင်မည့် မေးခွန်းမျိုးဖော်ထုတ်ခြင်းသည် ပို၍အဓိပ္ပါယ်ရှိသော လေ့လာစူးစမ်းရှာဖွေမှုကိုဖြစ်စေနိုင်သည်။ "ဟုတ်"၊ "မဟုတ်" t ajzr sm,&Ekf n far ;cEfr sm,r a0;a0;a&&E n+yDyhzgif A အရည်နှင့် ပူဖေါင်း B အရည်ကို နှိုင်းယှဉ်ကြည့်လျှင် ဘယ်ပူဖေါင်းအရည်မျိုးက ပိုမိုကြီးမားသော ပူဖေါင်းကိုလုပ်နိုင်မလဲ စသောပို၍စဉ်းစားစရာပါသည့်မေးခွန်းမျိုးမေးခိုင်းပါ။

၊

**အဆင့်(၈)** – လက်တွေ့စမ်းသပ်၍ရနိုင်သော အခြားမေးခွန်းစာသားများကိုတည်ဆောက်ပါ။ ဥပမာ– ဆားငန်ရေတွင် အပင်စိုက်ပျိုးလို့ရမလား။ သမုဒ္ဒရာပုံစံငယ်ထဲကို ဆီလောင်းထည့်ရင်ဘာဖြစ်သွားမလဲ။ တောင်ကုန်းပုံစံငယ်မှာ ရေတိုက်စားမှုမဖြစ်အောင် ဘယ်လိုကာကွယ်ကြမလဲ။



**စကားရိပ် –** စာအုပ်ကိုအသံထွက်၍ဖတ်စဉ် ခဏရပ်နားပြီး ဆရာမကိုမေးခွန်းများပြောပြခြင်းဖြင့် စာဖတ်သူများ၏နည်းစဉ်အတိုင်းသရုပ်ဖော်ပါ။ အတန်းဖော်များစောင့်ကြည့်နေစဉ် မေးခွန်းသင်ပုန်းပေါ် တွင်သင်၏မေးခွန်းကိုသွား၍ရေးလိုလျှင်ရေးဖြည့်နိုင်သည်။ ဥပမာ – Charlie Pearce က Barbara Brenmer ရေးသည့် မြွေချစ်သူ၏မှတ်တမ်း (A Snake-Lover's Diary)ကို အတန်းရှေ့တွင်ဖတ်ပြပါသည်။ ထိုကောင် လေးကဖမ်းရသောမြွေကိုမွေးမြူခွင့်ပြုရန် မိဘထံခွင့်တောင်းသည်။ သူ၏ညီက မြွေအဖော်မရှိလို့ပျင်းနေမှာစိုးလို့ သူမွေး ထားတဲ့ဖားကလေးတစ်ကောင်ကို အဖော်အဖြစ်လှောင်အိမ်ထဲတွင် အတူထည့်ထားပေးသည်။ ဖားပျောက်ကွယ်သွား ခဲ့သည်။ Charlie က စာဖတ်စဉ် မြွေများနှင့်ဖားများအကြောင်းကျယ်ကျယ်ပြန့်ပြန့်တွေးပြီး သူတို့ဘာစားကြသလဲဟု စဉ်းစားနေသည်။ "မြွေတွေဟာ ဖားတွေကိုစားသလား။ ဒါဆိုမြွေကဖားကို ဘယ်လိုဖမ်းသလဲ။ ဖားတွေဘယ်လောက်

လျင်မြန်ကြသလဲ။ ဖားတွေဘယ်လောက်ဝေးဝေး ခုန်နိုင်သလဲ'' ကျောင်းသားများက Charlie အား သူ၏မေးခွန်းများကို မေးခွန်းသင်ပုန်းကြီးပေါ်တွင် ရေးချခိုင်းကြပါစေ။ Charlie လည်းချက်ချင်းရေးချပါစေ။

ဆရာက သူ၏မေးခွန်းများကို ပုံစံနမူနာအဖြစ်ထုတ်ပြီး မေးခွန်းသင်ပုန်းကိုအသုံးပြုခြင်းဖြင့် သူ၏ကျောင်းသားများကိုစာဖတ်ရန်၊ စဉ်းစားရန်၊ မေးခွန်းများထုတ်ပြီး ရေးမှတ်ရန်သင်ပေးမည်။

မေးခွန်းသင်ပုန်းများကို အခြေအနေအမျိုးမျိုးတွင် အသုံးပြုနိုင်သည်။ ပဥ္စမတန်းမှ မေးခွန်းသင်ပုန်းပေါ်ရှိမေးခွန်းအချို့ကို အောက်တွင်နမူနာဖော်ပြထားပါသည်။

**သင်္ချာဘာသာ** – တစ်နှစ်မှာ စက္ကန့်ပေါင်းဘယ်လောက်ရှိသလဲ။

**စာပေဘာသာ** – အကယ်၍ ဤသရုပ်ဆောင်ပုဂ္ဂိုလ်က တစ်ခုခုဖြစ်သွားရင် ဘယ်လိုနေမလဲ။

**လူမှုရေးဘာသာ** – Alexandria မြို့ကစာကြည့်တိုက်ဟာ အဲဒီစာကြည့်တိုက်ကို တည်ဆောက်ခဲ့စဉ်က လူများအတွက် ဘယ်လောက်အရေးကြီးမလဲ။

**ပန်းချီအနုပညာဘာသာ** – ပန်းချီကားချပ်တစ်ချပ် ကောင်း၊ မကောင်း ဘယ်လိုဆုံးဖြတ်မလဲ။

**ပြန်လည်စဉ်းစားခြင်း –** မေးခွန်းသင်ပုန်းသည် K-W-L နည်းနှင့်တွဲသုံးရန်သင့်လျော်ပြီး သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ခေါင်းစဉ်ခွဲ၍ချဉ်းကပ်ရန် အသုံးဝင်သည်။ အလွယ်ကူဆုံးရိုးရိုးအသုံးပြုရန်မှာ ကျောင်းသားတစ်ဦးချင်းဖြစ်စေ၊ ကျောင်းသားအဖွဲ့လိုက်ဖြစ်စေ သူတို့၏အလုပ်နှင့်ပတ်သက်သည့်မေးခွန်းများကို အခြားကျောင်းသားများအားဝေငှအသိပေးရန်ရေးသားဖော်ပြသောနေရာဖြစ်သည်။ အကယ်၍ အတန်းထဲမှ ကျောင်းသားများကို စုပေါင်းသင်ယူသည့် အဖွဲ့ငယ်များအဖြစ်ခွဲထားပြီး အဖွဲ့ခေါင်းဆောင်၊ အချက်အလက်စုဆောင်းသူ (data collector)၊ အချက်အလက်စာအုပ်စာတမ်းစီစဉ်သူ (material manager) နှင့် သတင်းအစီရင်ခံသူ (reporter) အဖြစ် တစ်ဦးချင်းတာဝန်ပေးထားပါက မေးခွန်းသင်ပုန်းပေါ်တွင် သတင်းအချက်အလက်အသစ်များကို သတင်းအစီရင်ခံသူ (reporter)က ဖြည့်ရေးရမည်။ ဆရာများက မေးခွန်းသင်ပုန်းတွင် ရံဖန်ရံခါ မေးခွန်းသစ်များထပ်ထည့်ပေးနိုင်သည်။ (သို့မဟုတ်) မေးခွန်းသင်ပုန်းတွင်ထည့်သင့်သည်ဟု ယူဆရသောမေးခွန်းများကို ကျောင်းသားတစ်ဦးဦးကမေးလာလျှင် ထိုကျောင်းသားကို မေးခွန်းသင်ပုန်းပေါ်တွင်ရေးဖြည့်ရန် အကြံပေးနိုင်သည်။

မေးခွန်းသင်ပုန်းကို သင်ခန်းစာခေါင်းစဉ်အလိုက်လည်း အသုံးပြုနိုင်သည်။ ဥပမာ – အတန်းသူအတန်းသားများသည် မြေဆီလွှာတိုက်စားခြင်းကဲ့သို့ လတ်တလောအရေးများကို စိတ်ဝင်စားလျှင် သူတို့စာဖတ်စဉ်၊ ဆွေးနွေးစဉ် အဖွဲ့လိုက်သင်ယူမှုပြုစဉ်၊ အင်တာနက်တွင် သတင်းအချက်အလက်များကို ဝိုင်းဝန်းရှာဖွေစဉ် ရပ်ကွက်မှကျွမ်းကျင်သူများနှင့် လူတွေ့မေးမြန်းစဉ်ထွက်ပေါ်လာသောမေးခွန်းများကို တွေ့ရှိနိုင်ကြပေမည်။ မေးခွန်းသင်ပုန်းပေါ်တွင်ထပ်ရေးဖြည့်သောမေးခွန်းများသည် ရှေ့ဆက်၍လေ့လာရန် သတင်းဇစ်မြစ်အသစ်များကိုရှာဖွေရန်နှင့် တစ်ခါတစ်ရံ အဖွဲ့ငယ်အသစ်များဖွဲ့စည်းရန် စိတ်လှုံ့ဆော်မှုဖြစ်စေနိုင်သည်။


အသက်ပိုကြီးသောကျောင်းသားများအတွက် မေးခွန်းသင်ပုန်းပေါ်မှာရေးထားသည့် မေးခွန်းများသည် အမျိုးသား အမျိုးသမီးတန်းတူအခွင့်အရေး အထူးလိုအပ်ချက်များနှင့် အတူတကွပါဝင်ခြင်း၊ HIV/AIDS သဘာဝပတ်ဝန်းကျင်၊ ဘဝကျွမ်းကျင်မှု၊ ကမ္ဘာတစ်ဝှမ်းဖြန့်ကျက်မှု၊ ပြည်သူ့နီတိ၊ လူ့အခွင့်အရေး၊ ကလေးအခွင့်အရေး အစရှိသော ပိုမိုအရေးကြီးသည့် အကြောင်းအရာခေါင်းစဉ်များကို တွေးခေါ်ရန်လမ်းစဖွင့်ပေးနိုင်သည်။ မေးခွန်းသင်ပုန်းပေါ်မှ မေးခွန်းများကြောင့် သူတို့၏ဖတ်စာအုပ်များအပြင် အခြားသတင်းဇစ်မြစ်မျိုးစုံမှ သတင်းအချက်အလက်များကို ဆက်လက်ရှာဖွေလိုစိတ် ပေါ်ပေါက်လာစေနိုင်သည်။

မေးခွန်းသင်ပုန်းအတွက် မေးခွန်းများပြင်ဆင်ရာတွင် အရေးကြီးသောသတိပြုစရာအချက်တစ်ချက်မှာ မေးသောမေးခွန်းများ၏ သဘောသဘာဝပင်ဖြစ်သည်။ အထက်ကဖော်ပြခဲ့သည့်အတိုင်း ဖိတ်ခေါ်သောအဖွင့်သဘောမေးခွန်းမျိုး (Open-ended question)သည် အပိတ်သဘောမေးခွန်းမျိုး (Closed-ended questions) ထက်ပိုမို၍

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် တက်ကြွစွာပါဝင်သင်ယူခြင်း (Active learning) ကိုဖြစ်ပေါ်စေသည်။ ဥပမာ – HIV/ AIDS ကိုပျံ့နှံ့စေသော ရပ်ရွာအသိုင်းအဝိုင်း၏အခြေအနေသည် အဘယ်သို့ရှိမည်နည်းဟူသောမေးခွန်းမျိုးသည် HIV / AIDS ကို အဘယ်အရာကဖြစ်ပွားစေသလဲ ဟူသောမေးခွန်းမျိုးထက်ပို၍သင်ယူမှုကို ဖြစ်စေနိုင်သည်။ ဟုတ်၊ မဟုတ် အဖြေကိုမေးသည့်မေးခွန်းမျိုးကို အပွင့်သဘောမေးခွန်းအဖြစ် ပြောင်းလဲမေးခွန်းထုတ်သင့်သည်။HIV / AIDS ရောဂါဟာ ကလေးသူငယ်များအတွက်အန္တရာယ်ရှိသလား ဟူသည့်မေးခွန်းကို HIV / AIDS ရောဂါဟာ ကလေးသူငယ်များကို ဘယ်လိုအန္တရာယ်ပြုနိုင်သလဲဟုပြင်ဆင်၍ ပြောင်းလဲမေးခွန်းထုတ်နိုင်သည်။ ကျောင်းသားများအား သူတို့၏မေးခွန်းများကို မေးခွန်းသင်ပုန်းပေါ်တွင်ရေးမချမီ အချင်းချင်းတိုင်ပင်ဝေငှဖလှယ်ရန်တိုက်တွန်းနိုင်သည်။ ကျောင်းသားအဖော်အချင်းချင်း၏ အမြင်အကြံဉာဏ်များကိုယဉ်ကျေးစွာနှင့် အပြုသဘောဝေဖန်ပေးမည့် "ဝေဖန်ပိုင်းခြားသည့်မိတ်ဆွေ" (Critical Friend) သဘောကို အားပေးသင့်သည်။

## ABC ဇယားကွက်

ရှေ့ဖော်ပြခဲ့ပြီးသောနည်းလမ်းများ၊ မူကွဲနည်းများနှင့် အခြားဆက်နွယ်သောနည်းများကို ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်း၊ စုစည်းခြင်း (ABC)စည်းမျဉ်းနှင့်မည်မျှကိုက်ညီကြောင်း လေ့လာကြည့်ကြပါစို့။ ဤကားချပ်သည် ABC စည်းမျဉ်းကိုအသုံးပြု၍ သင်ခန်းစာပြင်ဆင်ရာတွင် နည်းလမ်းများကိုအသုံးပြုရန် အကူအညီပေးလိမ့်မည်။ နောက်ထပ်နည်းလမ်းများကို ထပ်ရေးဖြည့်သောအခါ ဤABC ကားချပ်သည် ပိုကြီးလာလိမ့်မည်။



# ဒုတိယကျောရိုးသင်ခန်းစာ
# ဇာတ်လမ်းဖတ်စာကို နားလည်ခြင်း

ဤသင်ခန်းစာသည် ကျောင်းသားများအား အဖြစ်အပျက်ဇာတ်လမ်းဖတ်စာ (သို့မဟုတ်) သတင်းအချက်အလက်ဖတ်စာကို ဖတ်ရှုနားလည်ရန် ကူညီသောနည်းလမ်းများပြသပေးသည်။ သင်ခန်းစာသည် ဤလမ်းညွှန်စာအုပ်၏ပထမပိုင်းတွင်ဖော်ပြခဲ့သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းဟူသော အပိုင်းသုံးပိုင်းပါသည့် ပုံစံအတိုင်းလိုက်နာလျက်ရှိသည်။ ဤသင်ခန်းစာတွင် ဝေါဟာရဖွင့်ဆိုချက်မြေပုံ(Semantic Map - Heimlich 1986)နှင့် ဝေါဟာရများကိုအခြေပြုခန့်မှန်းခြင်း (Predicting From Terms) နည်းများကို စဉ်းစား၊ တွဲ၊ ဖလှယ် (Think-Pair-Share)နည်းနှင့်အတူ ကြိုတင်သိမြင်ခြင်းအပိုင်းတွင်အသုံးပြုပါမည်။ အသိပညာတည်ဆောက်ခြင်းအပိုင်းတွင် လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းနည်း (The Directing Reading Activity (DRA) - Stauffer 1969, Gunning 2000) ကို အသုံးပြုသွားပါမည်။ ဇာတ်ကောင်မြေပုံ (The Character Map - Gillet 2004) ကို စဉ်းစား၊ တွဲ၊ ဖလှယ် ဆက်လက်လုပ်ဆောင်ရာတွင် စုစည်းမှုအပိုင်းအဖြစ်အသုံးပြုသွားပါမည်။

ဤသင်ခန်းစာအတွက် ဇာတ်လမ်းဖတ်စာသည် Liam O'Flaherty ၏ တစ်သျှိလင်(A Shilling) ဟူသောဖတ်စာဖြစ်သော်လည်း၊ လုပ်ထုံးလုပ်နည်းကို သင့်၌ရှိသည့်မည်သည့်ဇာတ်လမ်းဖတ်စာအတွက်ဖြစ်စေ အသုံးပြုနိုင်သည်။ ဤသင်ခန်းစာကို နဝမတန်းကျောင်းသားများအတွက် ပြင်ဆင်ထားသော်လည်း အခြားအလယ်တန်းနှင့်အထက်တန်းကျောင်းသားများနှင့်လည်း အသုံးပြုနိုင်သည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။ ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ စုပေါင်းသင်ယူခြင်းနှင့် တက်ကြွစွာသင်ယူခြင်းနည်းများကို ဤသင်ခန်းစာတွင် ဘယ်လိုပေါင်းစပ်ပြီးအသုံးချသလဲ။

## သင်ခန်းစာ



### ကြိုတင်သိမြင်ခြင်း

သင်ခန်းစာ၏ကြိုတင်သိမြင်ခြင်းအပိုင်းသည် ကျောင်းသားများအား သင်ခန်းစာမှ သင်ယူရန်အဆင်သင့်ဖြစ်စေသောနည်းဖြစ်သည်။ ဤအပိုင်းသည် ဝေါဟာရဖွင့်ဆိုချက်မြေပုံဖြင့်အစပြုပြီး ဝေါဟာရများကို အခြေပြု၍ ခန့်မှန်းခြင်း (Prediction From Terms) နည်းဖြင့် ဆက်လက်လုပ်ဆောင်သွားသည်။ ပထမနည်းသည် ပုံပြင်ထဲမှဝေါဟာရများ၏သဘောတရားကို မိတ်ဆက်ပေးရန် အသုံးပြုသောနည်းဖြစ်၏။ ဒုတိယနည်းမှာ ကျောင်းသားများ၏ နောက်ခံအသိပညာဗဟုသုတကို အကဲဖြတ်စစ်ဆေးရန် အသုံးပြုသောနည်းဖြစ်သည်။ ဆရာမက ကျောင်းသားများအား ပုံပြင်တိုလေးတစ်ပုဒ်ကိုအသံတိတ်ဖတ်ရန်ပြောရမည်။ ထိုဇာတ်လမ်းသည် အဖိုးကြီးများနှင့် ရွက်လှေတစ်စင်း

အကြောင်းဖြစ်သည်။ ဆရာမက စာရွက်ကြီး၏အလယ်တွင် ဘဲဥပုံတစ်ခုရေးဆွဲပြီး ထိုပုံအထဲတွင် ရွက်လှေဟုရေးပါ။ ထို့နောက် ဆရာမက ကျောင်းသားများအား ရွက်လှေအကြောင်း သူတို့သိသမျှကို အချင်းချင်းပြောပြဝေဖလှယ်ခိုင်းပါ။ ဆရာမက သုံးမိနစ်ခန့်အချိန်ယူ၍ ကျောင်းသားများ၏အကြံဉာဏ်များကို စုဆောင်းခြင်း၊ စုစည်းခြင်း ပြုလုပ်ပြီး ဝေါဟာရမြေပုံပေါ်တွင် ရေးချပါ။ ဤလုပ်ဆောင်ချက်တွင် "ရွက်လှေ" ဟူသောဝေါဟာရကို ရွေးချယ်အသုံးပြုထားခြင်းမှာ ထိုဝေါဟာရကို ကျောင်းသားများအနေဖြင့် အကျွမ်းတဝင်မရှိသေးသောကြောင့်ဖြစ်သည်။

**ဆရာမ –** ဒို့ဟာ အဖိုးကြီးတွေနဲ့ ရွက်လှေအကြောင်းဇာတ်လမ်းကိုဖတ်ကြမယ်။ ရွက်လှေဟာ ဘယ်လိုပုံစံမျိုးလဲဆိုတာ ဘယ်သူပြောပြနိုင်မလဲ။ မင်းတို့ပြောသမျှကို ဆရာမက ဒီဝေါဟာရဖွင့်ဆိုချက်မြေပုံပေါ်မှာရေးချမယ်။

**ကျောင်းသား –** လှေတစ်မျိုးပါ။

**ဆရာမ –** ဟုတ်တယ်။ နောက်ထပ်ဘာသိသေးသလဲ။


**ကျောင်းသား** – ရွက်ပါတယ်။ သွားတာနှေးတယ်။

**ဆရာမ** – မှန်ပါတယ်။ ရွက်လှေဟာကြီးသလား။ သေးသလား။

**ကျောင်းသား** – ကြီးပါတယ်ဆရာမ။

**ဆရာမ –** ဘယ်လိုလူမျိုးက ရွက်လှေပိုင်သလဲ။

**ကျောင်းသား –** ပိုက်ဆံချမ်းသာတဲ့လူက ပိုင်ပါတယ်။




**ကျောင်းသား** – ရှင်ဘုရင်ကပိုင်တယ်။

**ဆရာမ –** ကဲ အခုအချက်လေးချက်ကို စဉ်းစားကြည့်ကြပါ။ ငွေဒင်္ဂါး၊ ရွက်လှေ၊ ကြိုးခွေ၊ အဝါရောင်လည်စည်း။ ဒီပစ္စည်းလေးမျိုးပါဝင်တဲ့ပုံပြင်တစ်ပုဒ် ဘယ်လိုပုံပြင်မျိုးဖြစ်မယ်လို့စိတ်ကူးရသလဲ။ ဒါကိုခဏလောက် အချိန်ယူပြီးစဉ်းစားကြည့်ပါ။ ဒီပစ္စည်းတွေပါဝင်တဲ့ ဇာတ်ကွက်၊ ဇာတ်ကောင်နဲ့ အဖြစ်အပျက်ဇာတ်လမ်းကို စဉ်းစားကြပါ။

နှစ်မိနစ် သုံးမိနစ်ခန့်ကြာပြီးနောက် ကျောင်းသားများကိုပြောပါ။ ကဲ အခုမင်းတို့နှစ်ယောက်တစ်တွဲ တွဲပြီး မင်းတို့ရဲ့ စိတ်ကူးအကြံဉာဏ်တွေကို ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင် ဖွဲ့စည်းပေါင်းစပ်ကြပါ။ မင်းတို့အတွဲထဲက တစ်ယောက်ယောက်ဟာ ဒီပုံပြင်ဇာတ်လမ်းကိုပြောပြဖို့ အဆင်သင့်လုပ်ထားရမယ်။

ငါးမိနစ်ခန့်ကြာသော် သူတို့ကိုမေးပါ။ ဘယ်သူတွေကကိုယ့်ရဲ့ ပုံပြင်ဇာတ်လမ်းကို ပြောပြကြမလဲ။

**ကျောင်းသားအတွဲတစ်တွဲ** – ရွက်လှေတစ်စင်းဟာ လေမုန်တိုင်းကြီးတစ်ခုကြောင့် နစ်မြုပ်သွားခဲ့တယ်။ နောက်တစ်နေ့ ပင်လယ်ကမ်းခြေမှာ ငွေဒင်္ဂါးတစ်စေ့ရယ်၊ ကြိုးတစ်ခွေရယ်၊ အဝါရောင်မာဖလာလည်စည်းတစ်ခုရယ် တွေ့ကြတယ်။

**ကျောင်းသားအတွဲတစ်တွဲ** – သူဌေးတစ်ယောက်ဟာ ရွက်လွှင့်နေခဲ့တယ်။ ငွေဒင်္ဂါးတစ်ပြားပေါ် တက်နင်းမိလို့ ခြေချော်ပြီး ကြိုးခွေနဲ့ခလုပ်တိုက်မိတယ်။ ဒါနဲ့သူ့ရဲ့လည်စည်းအဝါနဲ့ လည်ပင်းပတ်ပြီးသေသွားတယ်။ သူ့ရဲ့ရွက်လှေကတော့ဆက်သွားနေဆဲ။



## အသိပညာတည်ဆောက်ခြင်း

ဤသင်ခန်းစာ၏ အသိပညာတည်ဆောက်ခြင်းအပိုင်းတွင် ဆရာကလမ်းညွှန်မှုဖြင့်စာဖတ်ခြင်းနည်း(DRA)ကို အသုံးပြုသွားမည်ဖြစ်သည်။ ဆရာမက ကျောင်းသားများအား နားလည်သဘောပေါက်မှုကို စစ်ဆေးသောအဆင့် မေးခွန်းများမေး၍ အသံတိတ်စာဖတ်ရန် လမ်းညွှန်သွားရမည်။ ကျောင်းသားများသည် စာပိုဒ်အနည်းငယ်ဖတ်ပြီးတိုင်း ရပ်နား၍ ဆွေးနွေးခြင်းဖြင့်ဖတ်သွားရန်ဖြစ်သည်။ ဤလမ်းညွှန်စာအုပ်၏ အပိုင်း(၁)ကိုဖတ်ရှုခြင်းဖြင့် မေးခွန်းကောင်းကောင်းမေးရန် သတင်းအချက်အလက်များရရှိနိုင်သည်။

**ဆရာမ** – ယခုမင်းတို့ဟာ Liam O'Flaherty ရေးတဲ့ "A Shilling" (တစ်သျှီလင်) လို့ခေါ်တဲ့ ဇာတ်လမ်းကို ဖတ်ရမယ်။ ဒီပုံပြင်မှာ အထက်ကဖော်ပြပြီးတဲ့ ဝေါဟာရလေးလုံးပါဝင်တယ်။ ကြားမှာနားနားပြီး အသံတိတ်ဖတ်ရမယ်။ ဇာတ်လမ်းပုံပြင်ရဲ့အပိုင်းတိုင်းမှာ ဆရာမကမေးခွန်းတွေမေးမယ်။ အဲဒီမေးခွန်းတွေရဲ့အဖြေကိုရှာဖို့ မင်းတို့ကအသံတိတ် ဖတ်ရမယ်။ ဘယ်နားရောက်ရင်ရပ်နားရမယ်ဆိုတာ ဆရာမကပြောပြမယ်။ ဇာတ်လမ်းပုံပြင်ရဲ့ ပထမပိုင်းစာပိုဒ်နှစ်ပိုဒ်ကိုဖတ်ပြီး "ရွက်လှေဈေးကြီးကြောင်း အဖိုးကြီးတွေဘယ်လိုသိသလဲ" ဆိုတဲ့ မေးခွန်းရဲ့အဖြေကိုရှာကြပါ။ တိတ်တိတ် ကလေးဖတ်ရင်းအဖြေကိုရှာကြပါ။

ကျောင်းသားများက ဇာတ်လမ်းပုံပြင်၏ ပထမဆုံးစာပိုဒ်နှစ်ပိုဒ်ကို အသံတိတ်ဖတ်ကြပါမည်။

> Kilmillick လေညှင်းခံတံတား၏ကမ်းပါးပေါ်တွင် ပင်လယ်ကိုကျောခိုင်းပြီး၊ ကျေးရွာနှင့် နေဘက်သို့မျက်နှာမူလျှက်ထိုင်နေကြသည်။ နေရောင်နှင့်ထိသော ပင်လယ်ရေညှိအနံ့များကို သယ်ဆောင်လာသည့် လေအေးတစ်ချက်က သူတို့၏နောက်ကျောဘက်မှ တိုက်ခတ်နေလေသည်။ သူတို့အရှေ့တွင်ရှိသော ရွာကလေးမှာ တိတ်ဆိတ်လျှက်ရှိသည်။ အိမ်ငယ်လေး၏မီးခိုးခေါင်းတိုင်မှ ခပ်စောင်းစောင်းလိမ့်တက်သွားသောမီးခိုးတန်းမှလွဲ၍ အခြားရွေ့လျားမှုမရှိ။ တနင်္ဂနွေနေ့ခင်းပိုင်းစောစောဖြစ်၍ Kilmurrage ရွာသားယောကျ်ား မိန်းမအားလုံးသည် ဘောလုံးပွဲကြည့်နေကြ၏။ အဖိုးကြီးသုံးယောက်သည် သူတို့လူငယ်ဘဝတုန်းက ဖမ်းရသောငါးကြီးအကြောင်း ပုံပြင်ဇာတ်လမ်းများပြောနေကြ၏။
>
> ရုတ်တရက်ဆိုသလို ရွက်ဖျဉ်တစ်ချပ်လွင့်လာပြီး တံတားပတ်လည်သို့ ရွက်လှေဖြူဖြူလေးတစ်စင်းလှည့်ပတ်ဝင်လာသည်။ အဖိုးကြီးသုံးယောက်က ချက်ချင်းထခုန်ပြီး တံတားအောက်နားကို ရောက်လာသော ရွက်လှေဘက်ဆီသို့ ငုံ့ကြည့်ကြသည်။ အဖိုးကြီးများအနက် အတက်ကြွဆုံး Patsy Conroy ဆိုသူက သင်္ဘောချည်သောကြိုးကိုဆွဲ၍ ရွက်လှေကို အသေချည်ထားလိုက်သည်။ ထို့နောက် သူပြန်လာပြီး ကုန်းပေါ်

တက်ရန်ပြင်ဆင်နေသော ရှက်လှေသမားကို ဝိုင်းကြည့်နေသူနှစ်ဦးနှင့် လာရောသည်။ ညာဘက်ခြေထောက်ဆာ၍ ညာဘက်နားရွက်နောက်တွင် အသားပိုဖုလုံးရှိသူ Brian Manion က "ဒီရှက်လှေလေး လှလိုက်တာ၊ ဒီရှက်လှေကိုထိန်းသိမ်းဖို့ ငွေအများကြီးကုန်ကျမှာပဲ"ဟု သူ၏ကျောကိုကုတ်ရင်း ပြောလိုက်၏။ "ဟိုမှာကြည့်ကြစမ်း – တောက်ပနေတဲ့ ကြေးဝါဘောင်တန်းတွေနဲ့ ရှက်လှေအလယ်ကအခန်းငယ်ရဲ့ ကြမ်းပြင်ကိုခင်းထားတဲ့ကော်ဇော၊ ဒါမျိုးရှက်လှေနဲ့ တစ်ပတ်လောက် ငါးဖမ်းသွားချင်လိုက်တာ" ဟု Mick ကပြောသည်။

**ဆရာမ** – ဆရာမက "ဒီရှက်လှေတန်ဖိုးကြီးကြောင်းကို အဖိုးကြီးတွေ ဘယ်လိုလုပ်သိကြသလဲ"ဟု ထပ်မေးပါ။

**ကျောင်းသား** – အဲဒီရှက်လှေမှာတောက်ပတဲ့ကြေးဝါရှိတယ်။

**ကျောင်းသား** – ပိုက်ဆံအများကြီးပေးဝယ်ရမှာ။

**ကျောင်းသား** – အခန်းငယ်ကလေးထဲမှာကော်ဇောပါတယ်။

**ဆရာမ** – မင်းတို့ရဲ့အဖြေပါရှိတဲ့ဝါကျကို ခပ်ကျယ်ကျယ်ဘယ်သူဖတ်မလဲ။

**ကျောင်းသား** – ဒီရှက်လှေကိုထိန်းသိမ်းဖို့ ငွေအများကြီးကုန်ကျမှာပဲ။ ဟိုမှာကြည့်ကြစမ်း၊ တောက်ပနေတဲ့ကြေးဝါဘောင်တန်းတွေနဲ့ ရှက်လှေအလယ်ကအခန်းငယ်ရဲ့ကြမ်းပြင်ကို ခင်းထားတဲ့ကော်ဇော။

**ဆရာမ** – အဲဒီကျေးရွာဟာ ဘာကြောင့် ဒီလောက်တိတ်ဆိတ်နေသလဲ။

**ကျောင်းသား** – လူတိုင်းဘောလုံးပွဲသွားကြည့်နေကြလို့ပါ။

**ဆရာမ** – ရှေ့ဆက်ပြီး Patsy Conroy အပေါ် မင်းတို့ဘယ်လိုခံစားရတယ် ဆိုတာသိရအောင် နောက်စာပိုဒ်နှစ်ပိုဒ်ကို ဆက်ဖတ်ကြမယ်။ စာရေးဆရာက မင်းတို့ကို ဒီလိုခံစားရအောင် ဘယ်လိုရေးသလဲ။ မင်းတို့ရဲ့ထင်မြင်ချက်ကို အထောက်အပံ့ပေးတဲ့စာကြောင်းကို အသံကျယ်ကျယ်ဖတ်ဖို့ အသင့်ပြင်ထားကြပါ။

ကျောင်းသားများက ပုံပြင်၏နောက်ထပ်စာပိုဒ်နှစ်ပိုဒ်ကို အသံတိတ်ဖတ်ကြမည်။

Mick Feeney က သူ၏အနီရောင်နှာခေါင်းရှည်ကြီးမှ အသက်ပြင်းပြင်းရှုလိုက်သည်။ အနီရောင်ဘေးကွပ်ထားသောသူ၏ မျက်လုံးပြာများသည် ခုန်ထွက်လိုက်၊ ခုန်ဝင်လိုက်ဖြစ်နေသလိုထင်ရ၏။ သူ၏တုတ်ကောက်ထိပ်ဖျားကို လက်နှစ်ဖက်ဖြင့်ဖမ်းကိုင်ပြီး သူ၏ပုတိုတိုခြေနှစ်ချောင်းကားလျက် ရှက်လှေကို ငုံ့ကြည့်လိုက်သည်။

Patsy Conroy က ဘာတစ်ခွန်းမျှမဟ။ ခါးထောက်လျှက် ခပ်ကွာကွာရပ်နေသည်။ သူသည် အသက်၇၂–နှစ်ရှိပြီဖြစ်သော်လည်း ခါးမတ်ဆဲ၊ ပျော့ပျောင်းဆဲ၊ တက်ကြွဆဲဖြစ်သည်။ သို့သော် သူ၏မျက်နှာသည် အဝါရောင်ရှိပြီး သားရေကဲ့သို့ တွန့်လိမ်နေသည့်အရေပြားနှင့် သွားမရှိသောသွားဖုံးကို သူ၏အဖိုးအိုမေးစေ့တွင် အထင်းသားတွေ့နေရသည်။ သူ၏မျက်လုံးကလေးများသည် အဖြူရောင်မျက်ခုံးမွေးစုပ်ဖွားများအောက်တွင် ဟိုကြည့်ဒီကြည့်နှင့် ပစ္စည်းတစ်ခုခုကိုခိုးယူရန် ကြိုးစားနေသည့်ပုံစံဖြင့် ရှက်လှေကို စဉ်းလဲစွာ စိုက်ကြည့်နေသည်။ သူသည်နေပူသည့်ကြားထဲက သူ၏လည်ပင်းကို အဝါရောင်မာဖလာလည်စည်းဖြင့် မေးစေ့အထိ၊ ထပ်ခါထပ်ခါပတ်၍စည်းထားသည်။

**ဆရာမ** – အဓိကဇာတ်ကောင် Patsy Conroy နဲ့ပတ်သက်လို့ဘယ်လိုခံစားရသလဲ။ မင်းတို့ဒီလိုခံစားရအောင် စာရေးဆရာက ဘယ်လိုဖန်တီးထားသလဲ။

**ကျောင်းသား –** ကျွန်တော် သူ့ကိုမကြိုက်ဘူး။ စာရေးဆရာက သူ့ကိုအရုပ်ဆိုးအောင်လုပ်ထားတယ်။

**ကျောင်းသား –** ကျွန်တော်က သူ့ကိုမယုံကြည်ဘူး။ သူ့မှာ သူခိုးမျက်လုံးမျိုးရှိတယ်လို့ စာရေးဆရာကဖော်ပြထား တယ်။

**ဆရာမ –** ကဲ အဖိုးကြီးဘာကိုစိတ်ဝင်စားတယ်ဆိုတာသိရအောင် နောက်တစ်ပိုဒ်ကိုဆက်ဖတ်ကြည့်ကြပါ။ ရှေ့ဆက် ပြီး ဘာဖြစ်မယ်လို့ခန့်မှန်းကြသလဲ။

"ဘုံဆိုင်နီးနီးနားနား ဘယ်မှာရှိလဲဗျ" ဟု အဖြူရောင်ဝါဂွမ်းပိတ်ချောအင်္ကျီနှင့် ဘောင်းဘီရှည် ဝတ်ထားသော မျက်နှာနီနီလူကြီးက ရွက်လှေကုန်းပတ်ပေါ်မှနေ၍မေးသည်။

အဖိုးကြီးများကသူ့ကိုအားလုံးပြောပြကြသည်။

"လာ၊ အရက်သွားသောက်ကြစို့ Totty " ဟု မျက်နှာနီနီနှင့်လူကြီးက ကပြောလိုက်သည်။

"ကောင်သားပဲ" ဟု ကျန်လူတစ်ယောက်က ပြောသည်။

မျက်နှာနီနီနှင့်လူကြီးက သံလှေကားမှတဆင့် ဆိပ်ခံဘောပေါ်သို့တက်လာစဉ် သူ၏တင်ပါးအိတ် ထောင်ထဲမှ သျှိလင်ဒင်္ဂါးစေ့တစ်စေ့ ထွက်ကျလာသည်။ ထိုသျှိလင်ဒင်္ဂါးစေ့သည် လှေကားရင်းရှိကြိုးခွေ ပေါ်သို့ အသံမြည်၍လိမ့်ကျသွားသည်။ မျက်နှာနီနီနှင့်လူကြီးက ထိုအဖြစ်ကိုသတိမပြုမိဘဲ သူ၏အဖော် မိတ်ဆွေနှင့်အတူ ဆိပ်ခံဘောပေါ်သို့ ဆက်တက်သွားသည်။ အဖိုးကြီးများသည် ဒင်္ဂါးစေ့ကျသွားသည်ကို မြင်သော်လည်း မျက်နှာနီနီနှင့်လူကြီးကို မည်သူကမျှပြောမပြကြ။ သူတို့အချင်းချင်းလည်းမပြောပြကြ။ သျှိလင်ဒင်္ဂါးစေ့ ကြိုးခွေပေါ်သို့ကျ၍ အရောင်လက်လက် ဖြစ်လျှင်ဖြစ်ချင်း အဖိုးကြီးသုံးယောက်သည် သတိပြုမိပြီး စကားပြောမထွက်နိုင်လောက်အောင် နှမြောနေကြသည်။ အဖိုးကြီးတိုင်းက သျှိလင်ဒင်္ဂါးစေ့ကို အာသာငန်းသောအကြည့်ဖြင့် ခပ်မြန်မြန်တစ်ချက်ကြည့်ပြီး ချုံပုပ်ထဲကယုန်ကိုမြင်၍ လက်တစ်ဖက်မြှောက် ကာရပ်လျက် အခြားတစ်နေရာသို့ စိုက်ကြည့်ဟန်ဖြင့်နေသည့်ခွေးကဲ့သို့ အချင်းချင်းလှည့်ကြည့်ပြီး အခြား ဖက်ကိုဆက်ကြည့်နေကြသည်။

**ဆရာမ** – ဆရာမက မေးခွန်းကိုပြန်မေးသည်။ အဖိုးကြီးတွေရဲ့စိတ်ကို ဆွဲဆောင်ဖို့ဘာဖြစ်လာသလဲ။ နောက်ထပ် ဘာတွေ ဆက်ဖြစ်မယ်လို့ထင်ကြသလဲ။

**ကျောင်းသား** – လူကြီးတစ်ယောက်ဆီက ငွေဒင်္ဂါးတစ်ပြားထွက်ကျခဲ့တယ်။

**ကျောင်းသား –** အဖိုးကြီးတစ်ယောက် အဲဒါကိုဆင်းကောက်လိမ့်မယ်။

**ကျောင်းသား –** Patsy က အဲဒီဒင်္ဂါးကို သူပစ်ချလိုက်တာလို့ပြောလိမ့်မယ်။

**ဆရာမ** – အဲဒီလူကြီးတွေ အဲဒီမှာထိုင်နေစဉ် ဘာကြောင့် Patsy စကားမပြောဘဲ တိတ်နေတယ်ဆိုတာ သိရအောင် အဲဒီပုံပြင်ဇာတ်လမ်းကို ဆက်ဖတ်ကြပါ။

အဖိုးကြီးတိုင်းသည် အခြားနှစ်ဦးစလုံးကသျှိလင်ဒင်္ဂါးစေ့ကျကြောင်းတွေ့ပြီးပြီဟု သိထားသော်လည်း မိမိ၏လျှို့ဝှက်ချက်ကို ကျန်လူနှစ်ဦးသိသွားမည်စိုး၍ စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။ သူတို့တစ်ဦး

စီသည် သဘော်ကုန်းပတ်အောက်သို့ဆင်းပြီး ငွေဒင်္ဂါးကိုကောက်ယူ၍ မေးမြန်းခံရခြင်းမရှိဘဲ ပြန်တက်လာရန် မဖြစ်နိုင်ကြောင်းသိထားကြသည်။ အကြောင်းမှာ–သဘော်အခန်းငယ်ထဲတွင် ဦးထုပ်ဖြူဆောင်းထားသော လူကြီးတစ်ဦးရှိနေသည်။ ရံဖန်ရံခါဆိုသလို ထိုလူကြီး၏ဦးထုပ်သည် စကြိန်လမ်းပေါက်ဖက်သို့ပေါ်ပေါ်လာပြီး အိုးခွက်ပန်းကန်ဆေးကြောသံကိုလည်း ကြားနေရသည်။ ငွေဒင်္ဂါးနှင့်စကြိန်လမ်းမှာ နှစ်ပေခန့်သာဝေးသည်။ Patsy Conroy မှအပ ကျန်အဖိုးကြီးနှစ်ယောက်သည် လှေကားကိုဆင်း၍ ပြန်တက်မလာနိုင်လောက်အောင် အသက်ကြီးအိုမင်းလျက်ရှိကြ၏။ ထို့ပြင် ဘေးပတ်လည်တွင်မည်သူမျှမတွေ့မမြင်ရဘဲ လှေကားကိုဆင်း၍ ပြန်တက်လာနိုင်သည့်တိုင်အောင် ကျန်အဖိုးကြီးများက သျှီလင်ဒင်္ဂါးကို မိမိမရရှိလိုက်လျှင် အခြားမည်သူ့ကိုမှ မပိုင်စေလိုသောကြောင့် ကောက်ရသူမပိုင်အောင် ကာကွယ်တားဆီးမည်ဖြစ်ကြောင်း သူတို့တစ်ဦးချင်းသိထားပြီးဖြစ်၏။ သို့တိုင်အောင် သျှီလင်ဒင်္ဂါးပြားစေ့သည် လိုချင်စရာကောင်းလောက်အောင်တောက်ပနေသောကြောင့် အဖိုးကြီးသုံးဦးတို့သည် သျှီလင်ပြားစေ့နှင့်နှစ်ပေအတွင်းရှိ အရာဝတ္ထုများအပေါ် ရင်ခုန်စွာစိုက်ကြည့်၍ ဦးနှောက်ကစားနေကြသည်။ သူတို့သည် ဆူဆူညံညံရန်ဖြစ်သံမျိုးလောက် ကျယ်လောင်သောအသံမျိုးနည်းတူ နာကျည်းသောတိတ်ဆိတ်မှုဖြင့် စိုက်ကြည့်နေကြသည်။ Mick Finney ၏နှာခေါင်းမှ အသက်ရှူသံသည် သူ၏အတွေးကြံစည်မှုကို ဖြေးဖြေးနှင့် အသေးစိတ်ရှင်းပြနေဘိသကဲ့သို့ ကျန်လူနှစ်ဦးအား ဖော်ထုတ်ပြနေသည်။ Brian Manion က သူ၏လက်များကို ဂဏှာမငြိမ်လှုပ်ရှားနေပြီး လက်ဝါးနှစ်ဖက်အားပွတ်နေသည်ကို ကျန်အဖိုးကြီးနှစ်ယောက် တွေ့မြင်သောကြောင့် သူ၏အငန်းမရဖြစ်နေမှုကို ပြစ်တင်ဆဲဆိုကြသည်။ Patsy Conroy တစ်ဦးတည်းသာလျှင် တိတ်ဆိတ်နေသည်။ သို့သော် သူ၏တိတ်ဆိတ်မှုက ကျယ်လောင်လျက်ရှိသည်။ သူ၏ဉာဏ်များသည့်ဦးခေါင်းထဲတွင် ဘာတွေးနေသည်ကို မသိနိုင်သောကြောင့် ကျန်လူနှစ်ဦးကို ဒေါသဖြစ်စေသည်။

**ဆရာမ –** Patsy ဟာဘာကြောင့် ဒီလောက်နှုတ်ဆိတ်နေသလဲ။ ဘာကြောင့်ဒီလိုယူဆသလဲ။

**ကျောင်းသား** – သူဟာ အဲဒီဒင်္ဂါးပြားစေ့ကို ဘယ်လိုခိုးယူရမလဲ ဆိုတာတွေးနေတယ်။ သူဟာ လျှို့ဝှက်ဉာဏ်များသူ ဖြစ်တယ်။

**ကျောင်းသား** – သူအကြံအစည်ထုတ်နေတယ်။ သူတွေးတာကို တခြားလူနှစ်ယောက်မသိစေချင်ဘူး။

**ကျောင်းသား** – အဲဒီဒင်္ဂါးပြားစေ့ကို သူ့အတွက်ရယူချင်တယ်။ တခြားလူတွေနဲ့ခွဲဝေမယူချင်ဘူး။ Patsy ဟာ အတ္တစိတ်များတယ်။

**ဆရာမ –** Patsy Conroy ဟာသူတို့သုံးယောက်ထဲက အလည်ဆုံးဖြစ်တယ်ဆိုတာ ဘယ်လိုလုပ်ပြသလဲ။ သိရအောင် ဆက်ဖတ်ကြည့်ကြစို့။

ပြီးတော့နေရောင်ကလည်း နွေးထွေးစွာထွန်းလင်းနေသည်။ လတ်ဆတ်သော ဆားငန်ရေ၏အနံ့သည် ရေဆာစိတ်ကို ဖြစ်ပေါ်စေပြီး Kelly ၏ဆိုင်မှ အမြုပ်တစီစီထနေသော သိပ်ကောင်းသည့် ဘီယာအေးအေးတစ်ခွက်ကို သတိရစရာဖြစ်လေသည်။ လိုချင်တပ်မက်စိတ်များ တဖွားဖွားပေါ်ပေါက်လာသောကြောင့် အဖိုးကြီးသုံးဦးအနက် မည်သူမှ ထိုဒင်္ဂါးကို အခြားလူတစ်ယောက်ပိုင်ဆိုင်ကြောင်း သတိမပြုမိကြတော့ပေ။ သို့ဖြင့် အဖိုးကြီးတစ်ဦးစီသည် ကျန်နှစ်ဦး၏အရှက်မဲ့သော လိုချင်တပ်မက်စိတ်ကို မုန်းတီး၍ဒေါသဖြစ်နေကြသည်။ သူတို့တစ်ဦးစီ၏စိတ်ထဲတွင် အချင်းချင်းလူသတ်လိုသောစိတ်များပင် ဖြစ်ပေါ်နေကြပေပြီ။ သို့ဖြင့် သုံးမိနစ်ကုန်သွားလေသည်။ ရွက်လှေပိုင်ရှင်နှစ်ဦး မြင်ကွင်းမှပျောက်ကွယ်သွားကြပြီ။ Brian Manion နှင့် Mick Finney တို့သည် တုန်တုန်ရီရီဖြင့် နှုတ်ခမ်းများလှုပ်နေကြ၏။

ထို့နောက် Patsy Conroy က ဆိပ်ခံဘောပေါ်မှ ကျောက်ခဲတစ်ခဲကိုကုန်းကောက်လိုက်သည်။ ထိုကျောက်ခဲကို ရွက်လှေ၏ကုန်းပတ်ပေါ်သို့ ပစ်ချလိုက်သည်။ အခြားလူကြီးနှစ်ဦးက မသိစိတ်ဖြင့် မိုက်မဲစွာ

တုတ်ချောင်းဖြင့် ကျောက်ခဲကိုတားဆီးရန် မသိမသာလှုပ်ရှားလိုက်ကြ၏။ ထို့နောက် သူတို့၏မေးရိုးများလှုပ်ကာ စကားစပြောလာကြသည်။ Patsy Conroy က "ဟေ့ – ဟိုမှာ" ဟု လက်ခုပ်နှစ်ဖက်ကြားမှ အော်ပြောလိုက်သည်။ တင်ပါးတွင်ပုဝါစပတ်ထားသော မျက်နှာဖြူဖတ်ဖြူရော်နှင့်လူကြီးတစ်ယောက်သည် ကြားစကြိန်လမ်း၏ ဒုတိယလှေကားထစ်သို့ထွက်လာသည်။ သူက "မင်းတို့ဘာအလိုရှိသလဲ" ဟုမေး၏။

Patsy Conroy က " ကျေးဇူးပြု၍ ခင်ဗျာ" "ကျွန်တော့်လက်ကလွတ်ကျသွားတဲ့ အဲဒီသျှီလင်ပြားစေ့ကို ကျွန်တော့်ဆီကောက်ပေးပါလား" ဟုပြောလိုက်သည်။

ထိုလူကြီးကခေါင်းငြိမ့်ပြီး သျှီလင်ပြားစေ့ကိုကောက်ကာ "ဖမ်းလိုက်" ဟုဆို၍ ဘောတံတားပေါ်သို့ပစ်တင်ပေးလိုက်သည်။ Patsy Conroy က သူ၏ဦးထုပ်ကို လက်ဖြင့်တွန်းတင်ပြီး ဒင်္ဂါးစေ့ကို ဒိုင်ဗင်ထိုးဖမ်းယူလိုက်သည်။ ကျန်လူနှစ်ဦးသည် အံ့အားသင့် မှင်သက်မိသောကြောင့် ကုန်းကောက်ခြင်း ရှာဖွေခြင်းမပြုနိုင်ကြ။ သူတို့သည်ဒင်္ဂါးပြားစေ့ကို Patsy က တံတွေးထွေး၍ သူ၏အိတ်ထောင်ထဲသို့ထည့်လိုက်သည်ကို သာကြည့်လိုက်ကြရသည်။ တံတားပေါ်သို့ ရဲတစ်ဦးအလား ပိန်ပိန်ရှည်ရှည်ကျောမွဲမွဲ၊ မာဖလာလည်စီးအဝါရောင်ကို လည်ပင်းတွင်ပတ်လျက် ခပ်ကျယ်ကျယ်နှာရှုံ့ကာတက်သွားသော Patsy ကိုသာ သူတို့ဆက်၍ ကြည့်နေလိုက်ကြရပြန်သည်။ သူတို့အချင်းချင်းကြည့်ပြီး သူတို့၏မျက်နှာများတွင် ဒေါသခိုးထွက်နေကြသည်။ သူတို့နှစ်ဦးစလုံး တုတ်ချောင်းကို မြှောက်၍ "ဟဲ့တော်း မင်းဘာကြောင့်သူ့ကိုမတားလိုက်သလဲ" ဟုပြစ်တင်ကြိမ်းမောင်းနေကြတော့သည်။

**ဆရာမ –** Patsy က သူတို့သုံးဦးစလုံးအနက် အလည်ဆုံးလူဖြစ်ကြောင်း ဘယ်လိုလုပ်ပြလိုက်သလဲ။

**ကျောင်းသား –** သူက ရွက်လှေပေါ်မှာရှိနေတဲ့ လူကိုလှည့်စားလိုက်ပါတယ်။

**ကျောင်းသား –** သူဟာ သူ့အဖော်မိတ်ဆွေနှစ်ဦးကိုလည်း တပတ်ရိုက်လိုက်ပါတယ်။

**ကျောင်းသား –** သူက ဒင်္ဂါးပြားစေ့ကို မခိုးယူဘဲ ရရှိလိုက်ပါသည်။

**ကျောင်းသား –** Patsy ဟာ ဒီဒင်္ဂါးပြားစေ့ကို သူ့အဖော်မိတ်ဆွေနှစ်ဦးနဲ့ ခွဲဝေယူစရာမလိုဘူး။



## စုစည်းခြင်း

ဤသင်ခန်းစာ၏စုစည်းခြင်းအပိုင်းတွင် ကျောင်းသားများက ဇာတ်ကောင်မြေပုံ (Character Map) တစ်ပုံကို ရေးဆွဲကြရပါမည်။ သူတို့သည် ဤသင်ခန်းစာ၏ကြိုတင်သိမြင်ခြင်းအပိုင်းကို လုပ်စဉ်ကအတွဲအတိုင်း နှစ်ယောက်တစ်တွဲဆက်လုပ်ဆောင်ရပါမည်။

**ဆရာမ** – ကဲ အခုဒီပုံပြင်ဝတ္ထုထဲက ဇာတ်ကောင်တွေအကြောင်းကို စဉ်းစားကြည့်ကြမယ်။ ဒီသင်ခန်းစာအစပိုင်းကတွဲတဲ့အတွဲအတိုင်း နှစ်ယောက်တစ်တွဲပြန်တွဲကြပါ။ ဒီပုံပြင်ဝတ္ထုထဲကဇာတ်ကောင်နှစ်ယောက်ကို ရွေးချယ်ကြပါ။ တစ်ယောက်က Patsy Conroy ဖြစ်ရမယ် ကျန်တစ်ယောက်က ကိုယ်ကြိုက်နှစ်သက်တဲ့သူတစ်ဦး ရွေးနိုင်တယ်။ ပြီးရင်အောက်မှာဖော်ပြထားတဲ့ ဇာတ်ကောင်မြေပုံဇယားကို ရေးဖြည့်ကြပါ။ ဇယားကွက်ရဲ့ ညာဘက်ထိပ်ကအကွက်မှာ တစ်ခြားဇာတ်ကောင်ရဲ့နာမည်ရေးဖြည့်ကြပါ။ နောက်ပြီး ဇာတ်ကောင်တစ်ဦးချင်းရဲ့ အကျင့်စရိုက်ကို ဒီဇာတ်ကောင်ရဲ့နာမည်အောက်က ဘဲဥပုံစက်ဝိုင်းမှာရေးဖြည့်ကြပါ။ ပြီးတော့ အထောက်အထားများအဖြစ် ပုံပြင်ဝတ္ထုထဲကဖတ်ပြီး အောက်နားကစတုဂံဇယားကွက်များမှာ ရေးဖြည့်ကြပါ။

ကျောင်းသားအတွဲတစ်ခု – အောက်ကဇယားဟာ ကျောင်းသားအတွဲတစ်ခုဆီကဖြစ်ပါတယ်။




**ဆရာမ** – အောက်ပါ အခြေအနေတစ်ရပ်ရပ်မှာ Patsy နဲ့အခြားဇာတ်ကောင်တစ်ယောက် ဘယ်လိုလုပ်ကြမယ်လို့ ထင်ကြသလဲ။ (၁)တောထဲမှာ သူတို့လမ်းပျောက်နေကြလျှင် (၂)ပျောက်ဆုံးနေသော အဖိုးတန်ခွေးတစ်ကောင်ကို သူတို့တွေ့ရှိလျှင် (၃)သူတို့မိုးရွာထဲမှာ ထီးတစ်ချောင်းတည်းရှိလျှင်။ စာရွက်တစ်ရွက်ပေါ်မှာ အထက်ပါအခြေအနေမှ တစ်ခုကိုရွေးချယ်ပါ။ ထို့နောက် Patsy မည်သို့ပြုမူမည်။ သင်၏ဇာတ်ကောင်မြေပုံတွင်ဖော်ပြထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးက မည်သို့ပြုမူမည်စသည်ဖြင့်ရေးဖြည့်ပါ။

**ကျောင်းသား** – ဒီမှာကျောင်းသားတယောက်က ဒီလိုတုံ့ပြန်ပါတယ်။
“(၂) Patsy နှင့် သူ၏မိတ်ဆွေတို့က ပျောက်သောခွေး၏ပိုင်ရှင်ကို ရှာဖွေတွေ့ရှိသည်။ သူတို့က ခွေးကိုပြန်ပို့ သောကြောင့် ဆုချခံရသည်။ Patsy က ထိုဆုကိုသိမ်းထားလိုက်သည်။ သူ့အဖော်မိတ်ဆွေက ဘာမျှမရရှိ။ ”

**ဤတွင်သင်ခန်းစာပြီး၏။**

## သင်ခန်းစာကိုပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့် စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသားတစ်ဦးအဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား(သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသလား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ** – သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ်တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏ အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**ဝေါဟာရဖွင့်ဆိုချက်မြေပုံ** – ကျောင်းသားများကို ဤပုံပြင်ဝတ္ထု၏အဓိကဝေါဟာရများရှာဖွေရန် ဇယားကားချပ် Graphic Organizer တစ်ခုကို အသုံးပြုသောလက်တွေ့လုပ်ဆောင်ချက်။

**ဝေါဟာရများကိုအခြေပြု၍ ခန့်မှန်းခြင်း** – ကျောင်းသားများအား ဖတ်ရှုလေ့လာမည့် ပုံပြင်ဝတ္ထုကို ကြိုတင်သိမြင်စေရန်အတွက် ထိုပုံပြင်ဝတ္ထုပါ ဝေါဟာရစကားလုံးဒါဇင်ဝက်မှတဆင့် ကြိုတင်ခန့်မှန်းစေရန် လုပ်ဆောင်ချက်ဖြစ်သည်။

**စဉ်းစား၊ တွဲ၊ ဖလှယ်** – ဆရာမမေးသော မေးခွန်းအပေါ် ကျောင်းသားတစ်ဦးချင်းစဉ်းစားပြီး အဖြေကို မိမိအဖော်နှင့် ဖလှယ်ကြစေရန် စီစဉ်သောနည်းဖြစ်၏။ ထို့နောက် ဆရာမက ကျောင်းသားနှစ်တွဲ (သို့မဟုတ်)သုံးတွဲကိုဖိတ်ခေါ်၍ သူတို့၏အဖြေများကို အတန်းရှိကျန်အခြားကျောင်းသားအားလုံးနှင့် ဝေမျှဖလှယ်ခိုင်းသောနည်းဖြစ်သည်။

**လမ်းညွှန်မှုဖြင့် စာဖတ်ခြင်းနည်း** (DRA) – နားလည်သဘောပေါက်မှုရှိမရှိ မေးမြန်းသည့်မေးခွန်းဖြင့် အသံတိတ်စာဖတ်သောနည်းဖြစ်သည်။ ကျောင်းသားများက စာပိုဒ်အနည်းငယ်ဖတ်ပြီးတိုင်း ရပ်နား၍ ဆွေးနွေးတိုင်ပင်ရသည်။

**ဇာတ်ကောင် မြေပုံနည်း** – ကျောင်းသားများက အဓိကဇာတ်ကောင်များအပေါ် အာရုံစိုက်စဉ်းစားတတ်စေရန် ဇယားကားချပ် (Graphic Organizer) ကို အသုံးပြုသောနည်းဖြစ်သည်။

## နည်းလမ်းများ




### လမ်းညွှန်မှုဖြင့် စာဖတ်ခြင်းနည်း

ဤနည်းသည် ဇာတ်ကြောင်းပြန်ဝတ္ထု၊ဇာတ်လမ်းဖြစ်စေ၊ သတင်းအချက်အလက်ဖတ်စာဖြစ်စေ၊ ဖတ်ရှုရာတွင် အသိပညာတည်ဆောက်မှုအပိုင်းအတွက် ဖတ်ရှုနားလည်ပြီး ဝေဖန်ပိုင်းခြား၍စဉ်းစားခြင်း လက်တွေ့လုပ်ဆောင်ချက်ဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု** – လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းနည်း (DRA) သို့မဟုတ် လမ်းညွှန်မှုဖြင့် စဉ်းစား၍စာဖတ်ခြင်း (DRTA) နည်းမှာ ကျောင်းသားများဖတ်သောဖတ်စာမှ အရေးကြီးသော သော့ချက်ကို နားလည်အောင်လမ်းညွှန်ကူညီပြီး ထိုအရေးကြီးသောအချက်၏အဓိပ္ပါယ်ကို အခြားအတန်းဖော်ကျောင်းသားများနှင့်ဆွေးနွေးနိုင်ရန် အခွင့်အလမ်းဖွင့်ပေးသည်။



**အဖွဲ့အရွယ်အစား** – ဤလုပ်ဆောင်ချက်ကို ကျောင်းသား (၈)ဦးမှ (၂၅)ဦးဖြင့် လုပ်ဆောင်နိုင်သည်။ ထို့ထက်ပို၍ ကျောင်းသားဦးရေများများနှင့်လုပ်နိုင်သော်လည်း လူများလျှင် ပါဝင်နိုင်ခွင့်နည်းသွားပါမည်။




**လိုအပ်သောပစ္စည်းများ** – ဤနည်းသည် ကျောင်းသားများဖတ်ရန် စာအုပ်အလုံအလောက် လိုအပ်သည်။ ခဲတံနှင့် ဘောပင်များလည်းလိုအပ်ပါမည်။



**လိုအပ်သောအချိန်** – ဤသင်ခန်းစာမျိုးကို မိနစ်(၃၀)မှ မိနစ်(၄၀) အတွင်းပြီးအောင်လုပ်နိုင်သည်။ ကြိုတင်သိမြင်မှုအပိုင်း (၅)မိနစ်မှ (၁၀)မိနစ်၊ အသိပညာတည်ဆောက်ခြင်းအပိုင်း (၁၅)မိနစ်မှ မိနစ်(၂၀)၊ စုစည်းခြင်း (၅)မိနစ်မှ (၁၀)မိနစ်။ ဤသင်ခန်းစာကို ကြိုတင်သိမြင်ခြင်းအပိုင်းအတွက် ပထမတစ်ရက်၊

အသိပညာတည်ဆောက်ခြင်းအပိုင်းအတွက် ဒုတိယနေ့နှင့် တတိယနေ့၊ စုစည်းခြင်းအတွက် စတုတ္ထနေ့အဖြစ် ရက်တိုး၍လည်း ပြုလုပ်နိုင်သည်။



### လက်တွေ့လုပ်ဆောင်ချက်

**အဆင့် (၁)** – ကျောင်းသားများအား သင်ခန်းစာအတွက် စိတ်နိုးဆော်ရန်နှင့် ဝေါဟာရအပါအဝင် လိုအပ်သောနောက်ကြောင်းဗဟုသုတတည်ဆောက်ပေးရန် နည်းတစ်မျိုး (သို့မဟုတ်)နှစ်မျိုးဖြင့် အစပြုပါ။ ဝေါဟာရဖွင့်ဆိုချက်မြေပုံကို ရွက်လှေဟူသောဝေါဟာရနှင့် မိတ်ဆက်ပေးရန်၊ နောက်ခံဗဟုသုတကို နှိုးဆွပေးရန်နှင့် ပုံပြင်ဝတ္ထုမှ ထပ်မံတွေ့ရမည့်ဝေါဟာရများကို လက်တွေ့အသုံးချတတ်ရန် စကားလုံးဝေါဟာရမကြိုတင်ခန့်မှန်းစေခြင်း စသည်တို့ဖြစ်သည်။

**အဆင့်(၂)** – လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းနည်းကိုမပြုလုပ်မီ ကျောင်းသားများအသံတိတ်ဖတ်ရှုလေ့လာနိုင်ရန် ဖတ်စာကို ကိုင်တွယ်လွယ်သည့်အစိတ်အပိုင်းငယ်များအဖြစ် ခွဲပေးရမည်။ ထို့နောက် ကျောင်းသားများဖတ်ရန်အတွက် သင်ခန်းစာမှ နားလည်သဘောပေါက်မှု အဆင့်မေးခွန်းတစ်ပုဒ်၊ နှစ်ပုဒ်ကို သင်ခန်းစာအစိတ်အပိုင်းတစ်စစီအတွက် ထုတ်လုပ် စီစဉ်ပြင်ဆင်ရမည်။

၁။ နားလည်လွယ်ရန် မကြာခဏရပ်နားပေးသော အစိတ်အပိုင်းငယ်များ

၂။ အဆင့်မြင့်မေးခွန်းအတွက် ကျောင်းသားများ အသံတိတ်ဖတ်ရန် လမ်းညွှန်မှုဖြင့်စာဖတ်နည်း

၃။ အသံထွက်ဖတ်၍ မေးခွန်းများ၏ အဖြေများကို အထောက်အထားနှင့်တကွ ဆွေးနွေးခြင်း

**အဆင့်(၃)** – ကျောင်းသားများအား သူတို့ဖတ်သောဖတ်စာကိုနားလည်ရန် ပြန်လှန်လေ့ကျင့်၍ လက်တွေ့အသုံးချခွင့်ပေးသည့် နိဂုံးချုပ်လုပ်ဆောင်ချက် (culminating activity) ကိုလုပ်ခိုင်းပါ။ သင်ခန်းစာများစွာတို့တွင် ဤအပိုင်းကို အိမ်စာအဖြစ်အသုံးပြုနိုင်သည်။

၁။ ဇာတ်ကောင်များအကြောင်း ဝေငှဖလှယ်ရန် (စဉ်းစား၊ တွဲ၊ ဖလှယ်)

၂။ အသိပညာအသစ်ကို ဝေငှဖလှယ်ရန်၊ ဇာတ်ကောင်မြေပုံကို အပြီးသတ်ရန် (ဇယားကားချပ်)

၃။ ဇာတ်ကောင်စရိုက်များအကြောင်း အခြေခံ၍ ရှေ့ဘာဖြစ်နိုင်မည်ဟုခန့်မှန်းခြင်း



**ပြန်လည်စဉ်းစားခြင်း –** ကျောင်းသားများက ဖတ်စာကိုအသံထွက်ဖတ်ခြင်းထက် နားလည်သဘောပေါက်သောအဆင့်မေးခွန်းများ၏ အဖြေများကိုရှာဖွေကြလျှင် နားလည်မှုလျင်မြန်စွာတိုးတက်လာကြောင်း ဆရာများသတိပြုမိကြပါလိမ့်မည်။ အဖြေမှန်တစ်ခုထက်ပို၍ရှိနိုင်သောကြောင့် (သို့မဟုတ်) အဖြေမှန်နှင့်ပတ်သက်၍ အကြံဉာဏ်အမြင်ရှုထောင့် တစ်ခုထက်ပိုမိုရှိနိုင်သောကြောင့် ကျောင်းသားများသည် အဖြေများကို ဆွေးနွေးရာတွင် ပျော်ရွှင်နှစ်သက်ကြသည်။

## လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းတွင် အသုံးပြုသောမေးခွန်းများအကြောင်း

စာဖတ်သူ၏စဉ်းစားမှုကိုလမ်းညွှန်ရန် လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းလုပ်ဆောင်ချက် (DRA) ကိုအသုံးပြုရာတွင် ဆရာက မည်သည့်မေးခွန်းများ မေးသင့်သနည်း။ သုတေသနပြုချက်အရ ဖတ်စာ၏ဖွဲ့စည်းပုံနှင့် ဇာတ်လမ်းဇာတ်အိမ်အမျိုးအစား၏ ကောက်ကြောင်းအတိုင်းလိုက်လျှင် အကောင်းဆုံးမေးခွန်းများရရှိကြောင်း တွေ့ရ၏။ ဆိုလိုသည်မှာ မေးသောမေးခွန်းများသည် ကျောင်းသားများဖတ်နေသော ဖတ်စာအမျိုးအစားအလိုက် သတင်းအချက်အလက်များကို ဖော်ထုတ်ပေးသောမေးခွန်းမျိုး ဖြစ်ရမည်ဟု ဆိုလိုသည်။ ဤပင်မကျောရိုးသင်ခန်းစာမှ လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းလေ့ကျင့်ခန်းသည် စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းကို အသုံးပြုထားသောကြောင့် အောက်ပါဆွေးနွေးချက်များသည် စိတ်ကူးယဉ်ပုံပြင် (သို့မဟုတ်) အဖြစ်အပျက်ဇာတ်လမ်းကို ဗဟိုပြုလျက်ရှိကြောင်းတွေ့ရပါမည်။

## အဖြစ်အပျက်ဇာတ်လမ်း

အဖြစ်အပျက်ဇာတ်လမ်းများသည် စိတ်ကူးယဉ်ပုံပြင်၊ သမိုင်းဝင်ပုံပြင်၊ ရိုးရာပုံပြင်များ၊ စိတ်ကူးဇာတ်လမ်းများ၊ ဒဏ္ဍာရီပုံပြင်များ၊ မျက်လှည့်နှင့် စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်း အမျိုးအစားတွင်ပါဝင်သည်။ ဤနည်းသည် ကျောင်းသားများအား သူတို့ဖတ်နေသောပုံပြင်ဝတ္ထုများ၏ အမျိုးအစားအကြောင်းသတိရစေပြီး ထိုဖတ်စာမှဘယ်လိုဆက်ဖြစ်လာနိုင်ကြောင်း စိတ်ကူးမိစေသည်။ ဥပမာ စိတ်ကူးဇာတ်လမ်းမှ အဖြစ်အပျက်များမှာ ဘဝဖြစ်ရပ်မှန်များမှ ထုတ်ယူသောဇာတ်လမ်းများဖြစ်နိုင်သည်။ သို့သော် စိတ်ကူးယဉ်သက်သက် (သို့မဟုတ်) ရိုးရာပုံပြင်မှမှော်ဇာတ်လမ်းများလည်းဖြစ်နိုင်သည်။ စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းများသည် ကျိုးကြောင်းဆက်စပ်မှုရှိသောအခြေအနေကိုသာ အခြေခံသရွေ့ လက်တွေ့မဖြစ်နိုင်သော အဖြစ်အပျက်များပါရှိသည်။

အဖြစ်အပျက်ဇာတ်လမ်းဖတ်စာများတွင် ကြိုတင်ခန့်မှန်း၍ရနိုင်သော အစိတ်အပိုင်းများပါရှိသည်။ **ဇာတ်လမ်းဇာတ်အိမ်များ၊ ဇာတ်ကောင်များ၊ ဇာတ်လမ်းပြဿနာများ၊ ပြဿနာဖြေရှင်းရန်ကြိုးပမ်းချက်များ၊ သရုပ်ဆောင်မှုများ၏ နောက်ဆက်တွဲအကျိုးဆက်များ**နှင့် **ဇာတ်လမ်း၏ရည်ရွယ်ချက်များ** ပါရှိသည်။

**ဇာတ်လမ်းဇာတ်အိမ်ဖွဲ့စည်းပုံ** နှင့်ပတ်သက်သောမေးခွန်းများသည် ကျောင်းသားများအား ဇာတ်လမ်းဇာတ်အိမ်ကို စိတ်ကူးဖြင့်ဖော်ကြည့်တတ်ရန် လမ်းပြပေးသည်။ စာရေးဆရာက ထိုဇာတ်အိမ်ကိုဖန်တီးရန် ဘယ်ပုံဘယ်နည်းစဉ်းစားကြောင်း ကျောင်းသားများမြင်လာအောင် ပို့ဆောင်ပေးသည်။ စာရေးဆရာအနေဖြင့် ထိုဇာတ်လမ်းဇာတ်အိမ်မှ ဘယ်အရေးကိစ္စမျိုးပေါ်ပေါက်လာရန် မျှော်လင့်ကြောင်း ကျောင်းသားများ တုံ့ပြန်အကြံပေးရန် အထောက်အကူပေးသည်။

**ဇာတ်ကောင်များ**အကြောင်းနှင့်ပတ်သက်သော မေးခွန်းများသည် စာရေးဆရာက စာဖတ်ပရိသတ်များအား ဇာတ်ကောင်များအကြောင်းသိရန် အဘယ်သို့ဆွဲဆောင်ကြောင်း ကျောင်းသားများသိစေရန် အထောက်အကူပေးသည်။ ဇာတ်ကောင်အချင်းချင်းအကြားတင်းမာမှုနှင့် အဓိကဇာတ်ဆောင်၏ ပြဿနာအမျိုးအစားများကို နားလည်စေသည်။ ထိုအဓိကဇာတ်ကောင် ရင်ဆိုင်ရသောပြဿနာ သတင်းရင်းမြစ်များအကြောင်းကိုလည်း နားလည်စေသည်။

**ပြဿနာများ၊ ဖြေရှင်းရန်ကြိုးပမ်းချက်များ**နှင့် **သရုပ်ဆောင်ချက်များ၏ နောက်ဆက်တွဲအကျိုးဆက်များ**နှင့်ပတ်သက်သော မေးခွန်းများသည် စာဖတ်ပရိသတ်များအား ဇာတ်လမ်း၏ဇာတ်ဝင်ခန်းများ ဖွဲ့စည်းပုံကို နားလည်သဘောပေါက်စေသည်။ စာဖတ်သူများအား အဓိကဇာတ်ဆောင်၏ ပြဿနာအကြောင်း မှတ်စုရေးခိုင်းပြီး ဇာတ်ဆောင်၏အကြောင်း သူတို့သိသမျှကိုအခြေခံ၍ ဇာတ်ဆောင်က ပြဿနာ၏အဖြေကိုရှာတွေ့လျှင် အဘယ်သို့ပြုမူမည့်အကြောင်း ကြိုတင်ခန့်မှန်းခိုင်းပါ (သူတို့ဖတ်နေသော ဇာတ်လမ်းထဲမှ သူတို့ကြိုတင်ခန့်မှန်းနိုင်သော အရာကိုမေးပါ)။ ဇာတ်ဆောင်များ၏အပြုအမူ သရုပ်ဆောင်မှုကြောင့် ရှေ့ဆက်ပေါ်ပေါက်လာမည့်နောက်ဆက်တွဲအဖြစ်အပျက်များအကြောင်းလည်းမေးနိုင်သည်။ ဇာတ်လမ်း၏အဆုံးပိုင်းသည် ဇာတ်လမ်း၏အစပိုင်းနှင့် မည်သို့ကွာခြားကြောင်းကိုလည်းမေးနိုင်သည်။

**ဇာတ်လမ်း၏ရည်ရွယ်ချက်**ကို နည်းအမျိုးမျိုးဖြင့်မေးခွန်းမေးနိုင်သည်။ ကျောင်းသားများအတွက် ဇာတ်လမ်းအဓိပ္ပါယ် ဘယ်လိုရှိကြောင်း ကျောင်းသားများအားမေးနိုင်သည်။ ဇာတ်လမ်းကပြောသော သတင်းအချက်အလက်ဆိုလိုရင်းနှင့် သဘောတူလျှင် အဘယ်ကြောင့်သဘောတူကြောင်း သဘောမတူလျှင်လည်း သဘောမတူသောအကြောင်းပြချက်ပေးခိုင်းပါ။ ဥပမာ– လူကြိုက်များသော ဇာတ်လမ်းများတွင် အောင်မြင်မှုရရှိရန် ရုပ်ရည်ချောမော၍တက်ကြွသွက်လက်ရမည်ဟု လက်တွေ့ဘဝတွင် သဘာဝမကျသောသဘောများဆောင်တတ်သည်။

**အခြားဇာတ်လမ်းပုံပြင်အကြောင်းမေးခွန်းများ**


ဆရာများအနေဖြင့် ဇာတ်လမ်းအုပ်စုများဖြစ်သော သတင်းအချက်အလက်ပါသည့် ဖတ်စာနှင့် ဆွဲဆောင်မှုပါသော ဖတ်စာများအတွက် လမ်းညွှန်မှုဖြင့် စာဖတ်နည်းကို အသုံးပြုသောအခါ ဤမေးခွန်းမျိုး မေးနိုင်သည်။ ဤဖတ်စာမျိုး အတွက်မေးခွန်းများကို ဤလမ်းညွှန်စာအုပ်၏လာမည့် သင်ခန်းစာများတွင် ဖော်ပြထားပါသည်။

## မှုကွဲများနှင့် အခြားဆက်နွယ်သော နည်းလမ်းများ




### လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်းနှင့်ကားချပ်

လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း (Directed Reading – Thinking Activity) (Stauffer 1969) နည်းသည် အဖြစ်အပျက်ဇာတ်လမ်းဖတ်စာများကို ကျောင်းသားများ ဖတ်ရှုနားလည်စေသော လုပ်ကြိုက်များသည့်နည်းဖြစ်၏။ ဤနည်းသည် ကျောင်းသားများအား ဆရာ၏ လမ်းညွှန်မှုဖြင့် စာဖတ်ခိုင်းသည့်နည်း (DRA)နှင့်ဆင်တူသည်။ သို့ရာတွင် ဤနည်းတွင်မေးသောမေးခွန်းများသည် DRA နည်းတွင် သုံးသောမေးခွန်းများထက် တိကျမှုနှင့်နားလည်ရန်အထောက်အကူပြုမှုပိုနည်းသောမေးခွန်းမျိုး ဖြစ်သည်။ DRA နည်းကို အောင်မြင်စွာအသုံးပြုခဲ့ပြီးသော ကျောင်းသားများအတွက် သူတို့၏ကိုယ်တိုင် ခန့်မှန်းချက်များထုတ်ရန် ပိုစိတ်ချအားရသောကြောင့် ဤနည်းသည်သင့်လျော်၏။




**အဖွဲ့အရွယ်အစား** – (၄)ဦးမှ (၄၀)ဦးအထိ။



**လိုအပ်သောပစ္စည်းများ** – ကျောင်းသားများ ဖတ်ရန်ဖတ်စာများ၊ စာရွက်များ၊ ဘောပင်များ။



**လိုအပ်သောအချိန်** – ဤလုပ်ဆောင်ချက်ကို (၁၅) မိနစ်မှ မိနစ် (၃၀) အကြားလုပ်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – ဖတ်စာတွင်ရပ်နားမည့်နေရာ ၄–၅ ခုလောက်ရှာပါ၊ ဇာတ်လမ်းအသွားအလာတွင် ရပ်နားရမည့်နေရာများကို စီစဉ်ထားပါ။

**အဆင့်(၂)** – မြေဖြူသင်ပုန်းပေါ်မှာဖြစ်စေ စာရွက်ချပ်ပေါ်မှာဖြစ်စေ အောက်ပါဇယားချပ်မျိုးရေးဆွဲထားပါ။ ဇာတ်လမ်းကိုတစ်ကြိမ်လျှင် တစ်ပိုင်းစီဖတ်ရလိမ့်မည်ဟု ကျောင်းသားများအားရှင်းပြပါ။ ရပ်နားရမည့်နေရာများကိုကျော်၍ ဆက်မဖတ်ရန် အရေးကြီးကြောင်းလည်း သူတို့အားသတိပေးထားပါ။ ကျောင်းသားများက ကြိုတင်ခန့်မှန်းပြီး သူတို့၏ ခန့်မှန်းချက်များ မှန်မမှန် ဆက်ဖတ်၍ အဖြေညှိကြလိမ့်မည်။

**အဆင့်(၃)** – ကျောင်းသားများအား ဖတ်စာ၏ခေါင်းစဉ်ကိုဖတ်ခိုင်းပါ။ စာပေအမျိုးအစားကိုပြောပါ။ စာရေးဆရာ အမည်ကိုဖော်ပြပါ။ စာအုပ်မျက်နှာဖုံးကိုပြပြီး စာအုပ်၏ခေါင်းစဉ်ကိုဖတ်ပြပါ။ ထို့နောက် ပုံပြင်ထဲတွင် ဘာတွေဖြစ်မည်ကိုခန့်မှန်းခိုင်းပါ။ ခေါင်းစဉ်ဖတ်ပြီးနောက် သူတို့၏ခန့်မှန်းချက်များကို **ဘာဖြစ်မယ်လို့ထင်သလဲ** ဟူသော ကော်လံဇယားကွက်တွင်ရေးဖြည့်ပါ။ ကျောင်းသားများအား သူတို့အဘယ်ကြောင့် ထိုသို့ယူဆကြောင်းမေးပါ။ ထို့နောက် သူတို့၏အကြောင်းပြချက်များကို **ဘာကြောင့်ဒီလိုထင်သလဲ** ကော်လံဇယားကွက်တွင် ရေးဖြည့်ပါ။

**အဆင့်(၄)** – ကျောင်းသားများအား ပထမရပ်နားရန်နေရာအထိဖတ်ခိုင်းပြီး ထိုရပ်နားရန်နေရာသို့ ရောက်သောအခါ၊ အစသို့ပြန်ကောက်၍ ယခင်ကခန့်မှန်းချက်များကိုစဉ်းစားပြီး အမှန်တကယ်ဖြစ်ပျက်သောအရာကို

ပြောကြပါစေ။ သူတို့၏ပြောပြချက်များကို **ဘာတွေတကယ်ဖြစ်လာခဲ့သလဲ** ကော်လံဇယားကွက်တွင် ဆရာမက ရေးဖြည့်ပါ။

**အဆင့်(၅)** – ဆရာမက ကြိုတင်ခန့်မှန်းချက်များကို ပြန်လှန်လှေ့လာပြီး ယခုထိ ဘယ်ခန့်မှန်းချက်တွေက မှန်ကြောင်း မေးပါ။ ကျောင်းသားများအားသူတို့၏ ခန့်မှန်းချက်ကို အတည်ပြုသောအချက်များနှင့် မမှန်ကြောင်းအတည်ပြုနိုင်သော အချက်များပါရှိသည့် အပိုင်းများကို အသံထွက်၍ဖတ်ခိုင်းပါ။

**အဆင့်(၆)** – ထို့နောက် ဖတ်စာ၏နောက်တစ်ပိုဒ်တွင်ဖြစ်မည်ထင်သည့် အကြောင်းအရာကို ကျောင်းသားများက ခန့်မှန်းပြီး ပေးထားသောကွက်လပ်တွင် ထိုခန့်မှန်းချက်များကို အထောက်အထားများနှင့်အတူ ဖော်ပြခိုင်းပါ။ ပြီးလျှင် ဆက်ဖတ်ခိုင်းပြီး အမှန်တကယ်ဖြစ်သောအချက်နှင့် သူတို့၏ခန့်မှန်းချက်ကိုနှိုင်းယှဉ်ခြင်း၊ နောက်ထပ်ခန့်မှန်းချက်များထုတ်ခြင်း၊ ထိုခန့်မှန်းချက်များအတွက် အထောက်အထားရှာခြင်းများပြုလုပ်၍ နောက်ဆုံးအပိုင်းအထိဖတ်သွားကြပါစေ။


**အဆင့် (၇)** – အဆုံး၌ သူတို့၏နောက်ဆုံးခန့်မှန်းချက်များကို ပုံပြင်ဇာတ်လမ်းတွင် အမှန်တကယ်ဖြစ်သော အချက်နှင့် တိုက်ကြည့်ပြီး ပုံစံဇယားကွက်တွင်ရေးချခိုင်းပါ။

## လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း

| | ဘာဖြစ်မယ်လို့ ထင်သလဲ | ဘာကြောင့်ဒီလို ထင်သလဲ | ဘာတွေတကယ် ဖြစ်ခဲ့သလဲ |
|---|---|---|---|
| ခေါင်းစဉ်ဖတ်ပြီး နောက် | | | |
| ပထမပိုင်း ဖတ်ပြီးနောက် | | | |
| ဒုတိယပိုင်း ဖတ်ပြီးနောက် | | | |
| အဆုံးအထိ ဖတ်ပြီးနောက် | | | |

## ABC ဇယားကားချပ်

ရှေ့ဆက်၍ ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်း၊ စုစည်းခြင်း (ABC) ပုံစံတွင် နောက်ဆက်တွဲလိုက်လာမည့်နည်းများ၊ မူကွဲများနှင့် အခြားဆက်နွယ်သောနည်းများ မည်ကဲ့သို့အကျုံးဝင်ကြောင်း လေ့လာကြည့်ကြစို့။ ဤဖော်ပြပါဇယားကားချပ်သည် သင်ABC စည်းမျဉ်းကိုအသုံးပြု၍ သင်ခန်းစာပြင်ဆင်ရန်အတွက် ဤလမ်းညွှန်စာအုပ်ထဲမှနည်းများကို အသုံးပြုတတ်ရန်ကူညီလိမ့်မည်။



# တတိယကျောရိုးသင်ခန်းစာ – စုပေါင်းသင်ယူခြင်း

စုပေါင်းသင်ယူနည်းကို ကမ္ဘာတစ်ဝှမ်းမှကျောင်းများတွင် ဆယ်စုနှစ်ပေါင်းများစွာကျင့်သုံးလာခဲ့ကြပြီးဖြစ်သည်။ စုပေါင်းသင်ယူနည်း၏အဖိုးတန်ပုံကို အကြောင်းပြချက်အမျိုးမျိုးဖြင့် သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။

**စုပေါင်းသင်ယူနည်းသည် ကျောင်းသားဦးရေများသောအတန်းများ၌ပင်ဖြစ်စေ၊ ကျောင်းသားများအားတက်ကြွစွာသင်ယူခွင့်ပေး၏။** သင်ယူမှုဆိုင်ရာကျွမ်းကျင်သူများ၏အဆိုအရ ကျောင်းသားများသည် သင်ယူရန်အတွက် တက်ကြွစွာပါဝင်လုပ်ဆောင်၍ အချင်းချင်းပြောဆိုဆက်သွယ်မှုပြုရမည်ဟုဆိုသည်။ သို့သော် ကျောင်းသားဦးရေ ၆၀ (သို့မဟုတ်) ထိုထက်များသောအတန်းများတွင် ကျောင်းသားတစ်ဦးချင်းစကားပြောရန် အချိန်အလွန်ကန့်သတ်မှုရှိနေပါမည်။ စုပေါင်းသင်ယူနည်းသည် ကျောင်းသားတိုင်း အချိန်များများပါဝင်ရန် ခွင့်ပြုပါသည်။ သို့ရာတွင် ပရမ်းပတာမဖြစ်ဘဲ အကျိုးရှိသော ကျောင်းသားများစုပေါင်းပါဝင်သည့်နည်းများကို သူတို့ကိုယ်တိုင် ဝိုင်းဝန်းစီစဉ်ကြရပါမည်။

**စုပေါင်းသင်ယူနည်းသည် ကျောင်းသားများအတွက် ပညာရေးအကျိုးနှင့်လူမှုရေးအကျိုးဖြစ်ထွန်းစေသည်။** စုပေါင်းသင်ယူနည်းသည် ကျောင်းသားဦးရေများသော အတန်းထဲတွင် ကျောင်းသားများအား ပါဝင်လုပ်ဆောင်နိုင်ရန် သင့်လျော်သည့်နည်းမျှသာမဟုတ်။ အောက်ပါအကျိုးရလဒ်များကိုလည်း ဖြစ်ပေါ်စေသည်။

### ၁။ အဆင့်မြင့်စဉ်းစားနည်း

စုပေါင်းသင်ယူမှုအဖွဲ့များရှိကျောင်းသားများအား အကြံဉာဏ်များနှင့် သဘောတရားများကို စဉ်းစားဆွေးနွေးခိုင်းသည်။ ပြဿနာများနှင့်ပတ်သက်သော ခေါင်းစဉ်များအပေါ် ကျောင်းသားများကိုယ်တိုင် အဓိပ္ပါယ်ဖော်ခြင်း၊ ပြဿနာ၏အဖြေရှာခြင်း ပြုလုပ်ရသည်။

### ၂။ စိတ်တက်ကြွစေခြင်းနှင့် စိတ်ဓာတ်ခွန်အား

စုပေါင်းသင်ယူမှုတွင်ပါဝင်သည့် ကျောင်းသားများသည် အတန်းကိုလည်းကောင်း၊ ကျောင်းကိုလည်းကောင်း ပိုမို၍စိတ်သံယောဇဉ်တွယ်တတ်ကြ၏။ ဤအချက်ကြောင့် ကျောင်းတက်ပိုမှန်၍ ပညာကိုစွဲမြဲစွာလိုက်စားနိုင်စွမ်း ပိုများကြ၏။

### ၃။ အပြန်အလှန်လူမှုဆက်ဆံရေးကျွမ်းကျင်မှုကို သင်ယူခြင်း

စုပေါင်းသင်ယူမှုအဖွဲ့မှ ကျောင်းသားများသည် အခြားကျောင်းသားများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန်လည်း သင်ယူကြသည်။ စုပေါင်းလုပ်ဆောင်ခြင်းသည် အလုပ်တွင်အကျိုးအမြတ်ထွက်စေခြင်း၊ မိသားစုပျော်ရွှင်ခြင်း သာမက ဒီမိုကရေစီလူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ခြင်းအတွက် အရေးကြီးသော ဘဝတလျှောက်လုံးသုံးရမည့် စွမ်းဆောင်ရည်တစ်ခုအဖြစ် ပို၍ပို၍အသိအမှတ်ပြုလာကြသည်။

### ၄။ ကျောင်းသားအချင်းချင်း အရည်အသွေးမြှင့်တင်ရေးနှင့် အဖွဲ့လိုက်အပြန်အလှန်နားလည်မှုကို မြှင့်တင်ရေး

စုပေါင်းလုပ်ဆောင်မှုအဖွဲ့တွင် ပါဝင်သောကျောင်းသားများသည် အမျိုးသမီးနှင့်အမျိုးသား အတူတကွလက်တွဲ လုပ်ဆောင်နိုင်သည်။ မတူညီသောလူမှုအဖွဲ့အစည်းများမှလူများနှင့်လည်း ပို၍ပူးပေါင်းလက်တွဲလုပ်ဆောင်နိုင်ကြသည်။ သူတို့သည်မိမိကိုယ်မိမိ ရှုမြင်မှုပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ကြသည်။

ဤသင်ခန်းစာသည် ဤလမ်းညွှန်စာအုပ်၏ ပထမပိုင်းတွင်ဖော်ပြခဲ့သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်း၊ စုစည်းခြင်း (၃)ပိုင်းပါပုံစံအတိုင်း လိုက်နာသည်။ ဤသင်ခန်းစာတွင် ရောနှော(Mix )/ရပ်နား (Freeze)/နှစ်ဦးတွဲ(pair ) (Kagan 1994) နည်းကိုလည်းကောင်း၊ သင်္ကေတမှတ်၍စာဖတ်ခြင်း (Vaughn 1986) နည်းကိုလည်းကောင်း၊ ဂျစ်ဆောနည်း (Jigsaw (Slavin 1994) )ကိုလည်းကောင်း အသုံးပြုထားသည်။

ဤသင်ခန်းစာ၏ဖတ်စာမှာ **ကိုလံဘတ်ကိုသတိရခြင်း** ဖြစ်သော်လည်း ဤနည်း၏လုပ်ဆောင်မှုအဆင့်ဆင့်ကို သင်၌ရှိသည့် မည်သည့်ဖတ်စာနှင့်မဆိုအသုံးပြုနိုင်သည်။ ဤသင်ခန်းစာကို ရှစ်တန်းကျောင်းသားများအတွက် ပြင်ဆင်ထားသော်လည်း၊ ရှစ်တန်းအောက်နှင့်ရှစ်တန်းအထက်အတန်းများအတွက်လည်း အသုံးပြုနိုင်သည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။ (ကိုလံဘတ်အကြောင်းသင်ကြားရန်မဟုတ်) ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ စုပေါင်းသင်ယူခြင်း နှင့် တက်ကြွသင်ယူခြင်းနည်းများကို ဤသင်ခန်းစာတွင် ဘယ်လိုပေါင်းစပ်ပြီး အသုံးချသလဲ။

## သင်ခန်းစာ



### ကြိုတင်သိမြင်ခြင်း

သင်ခန်းစာ၏ ကြိုတင်သိမြင်ခြင်းအပိုင်းသည် ကျောင်းသားများအား သင်ခန်းစာကိုသင်ယူရန်အဆင်သင့်ပြင်ဆင်ပေးသောအပိုင်းဖြစ်သည်။ ဤတွင် ကြိုတင်သိမြင်ခြင်းအပိုင်းကို ရောနှော (Mix )/ရပ်နား (Freeze)/နှစ်ဦးတွဲ (pair ) နည်းဖြင့်အစပြုထားပြီး သင်္ကေတမှတ်၍စာဖတ်ခြင်း( text coding procedure) နည်းဖြင့်ဆက်လက်လုပ်ဆောင်သွားသည်။

ဆရာက ကျောင်းသားများကို ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲနည်းကိုလုပ်ခိုင်းပြီး သင်ခန်းစာကိုအစပြုရမည်။ စာသင်ခန်းအတန်းမှကျောင်းသားများကို ရောနှောခိုင်းပြီး သင်ခန်းစာကို အဖော်အသစ်နှင့်ဆွေးနွေးစေရမည်။

**ဆရာ** – ကဲ မှတ်စုစာအုပ်နဲ့ဘောပင်ယူပြီး မတ်တပ်ရပ်ကြပါ။ ဆရာက "သွားကြ" လို့ ပြောလိုက်ရင် အတန်းထဲမှာ လှည့်ပတ်ပြီးလျှောက်သွားရမယ်။ လူရောပြီးအဘက်ဘက်ကို လျှောက်သွားကြပါ။ "ရပ်"(Freeze) လို့ ဆရာကပြောလိုက်ရင်၊ အဲဒီနေရာမှာရပ်နားပြီး အနီးဆုံးလူကိုလက်ဆွဲနှုတ်ဆက်ပါ။ ပြီးတော့၊ နောက်ထပ်ညွှန်ကြားချက်တွေကို စောင့်ပါ။ ကဲ ဆက်သွားကြ။

ဆရာက တစ်မိနစ်ခန့်တေးသီချင်းဖွင့်ပေးစဉ် ကျောင်းသားများအနေဖြင့် စာသင်ခန်းပတ်လည်လှည့်ပတ်သွားကြရမည်ဖြစ်သည်။

**ဆရာ** – ရပ်ကြ။ ကဲ၊ အခု ကိုယ်နဲ့အနီးဆုံးကျောင်းသားကို လက်ဆွဲနှုတ်ဆက်ကြပါ။ ကိုယ့်ကိုယ်ကို အချင်းချင်းမိတ်ဆက်ကြပါ။ မကြာသေးခင်က ကိုယ်လုပ်ခဲ့တဲ့ဂုဏ်ယူစရာကိစ္စတစ်ခုခုအကြောင်း အဲဒီအဖော်ကိုပြောပြပါ။

တစ်မိနစ်ခန့်ကြာသော် ဆရာက သူ၏လက်ကိုခေါင်းပေါ်မြှောက်၍ အသံတိတ်အချက်ပြလိုက်သည်။ ဆရာ

လက်မြှောက်ပြခြင်းကို ကျောင်းသားများမြင်တွေ့ပြီး ချက်ချင်းတိတ်ဆိတ်သွားကြကာ သူတို့၏လက်များကိုခေါင်းအထက်သို့မြှောက်ပြလျက် ဆရာဘက်သို့မျက်နှာမူလိုက်သည်။ ကျောင်းသားနှစ်ဦးကမမြင်ရ၍ ဆက်လက်စကားပြောနေကြသည်။ သူတို့ဘေးမှလူနှစ်ဦးက ထိုကျောင်းသားနှစ်ဦးကို လက်ဖြင့်ပုတ်လိုက်သောအခါ၊ သူတို့လည်းတိတ်၍လက်မြှောက်ပြလိုက်ကြသည်။

**ဆရာ –** ကျေးဇူးတင်ပါတယ်။ ကဲ အခု မင်းတို့အတွက် နောက်ထပ်လုပ်ခိုင်းစရာတစ်ခုရှိတယ်။ ဒီနေ့ ဒို့တတွေ ခရစ္စတိုဖာကိုလံဘတ် အကြောင်းပြောကြမယ်။ ပြီးတော့ ကမ္ဘာသစ်ကို သူရောက်သွားတဲ့အခါ ဘာတွေဖြစ်တယ် ဆိုတာကို ဆွေးနွေးကြမယ်။ မင်းတို့နှစ်ယောက်တစ်တွဲစီတိုင်း စာရွက်လွတ်တစ်ရွက်ယူပြီး အဲဒီစာရွက်ကို ဒေါင်လိုက်ကော်လံဇယား နှစ်ခုဆွဲစေချင်တယ်။ ကော်လံဇယားတစ်ကွက်ကို အရှေ့အနောက်သို့လို့ရေးပါ။ အခြားဇယားကွက်ကို အနောက်မှအရှေ့သို့လို့ရေးပါ။ အခု ရေးချလိုက်ကြပါ။

ကျေးဇူးတင်ပါတယ်။ ကဲ၊ အခု သုံးမိနစ်အတွင်း ၁၄၉၂–ခုနှစ်နောက်ပိုင်း၊ အရှေ့ကနေအနောက်ကို ခရီးသွားရင် ဘာတွေပါသွားမယ်ဆိုတာစာရင်းပြုစုပြီး ညာဖက်ကော်လံဇယားကွက်မှာရေးဖြည့်ပါ။ အဲဒီလိုပဲ အနောက်ကနေအရှေ့ကို ခရီးသွားရင်ပါသွားမယ့်အရာတွေကို စဉ်းစားမိသလောက်ရေးချပါ။

ဆရာက ကျောင်းသားနှစ်ဦးတွဲများအကြားတွင် သုံးမိနစ်ခန့်လှည့်ပတ်ကြည့်ပြီး၊ သူတို့ပြောဆိုဆွေးနွေးချက်ဖျားကိုနားထောင်သည်။

**ဆရာ** – (တိတ်ဆိတ်စွာနေရန်အချက်ပြလျက်)။ ကျေးဇူးတင်ပါတယ်။ "အရှေ့မှ အနောက်သို့" ခရီးသွားရာမှာ ဘာတွေပါသွားမယ်လို့ စဉ်းစားမိကြသလဲ။

**ကျောင်းသားအတွဲ(၁) –** သေနတ်တွေနဲ့ ယမ်းမှုန့်တွေ။

**ဆရာ –** ကောင်းပြီ။ နောက်ထပ်ဘာရှိဦးမလဲ။

**ကျောင်းသားအတွဲ(၂) –** ခရစ်ယာန်ဘာသာ။

**ကျောင်းသားအတွဲ(၃)** – ရောဂါတွေ။ အင်ဒီယန်းလူနီတွေ ခံနိုင်ရည်မရှိတဲ့ရောဂါကို ဥရောပသားတွေယူလာပါတယ်။

**ဆရာ –** ကောင်းတယ်။ "အနောက်ဖက်ကနေ အရှေ့ဖက်ကို" ဘာတွေပါသွားမလဲ။

**ကျောင်းသားအဖွဲ့(၄)** – ဆေးရွက်ကြီး။

**ကျောင်းသားအဖွဲ့(၅)** – ပြောင်းဖူးနဲ့ အာလူး။

**ဆရာ** – ကောင်းတယ်။ ဒါဟာကောင်းတဲ့အစပြုခြင်းပဲ။ ကဲ အခုကိုယ့်ရဲ့မူလ လေးယောက်အဖွဲ့ထဲမှာသွားထိုင်ကြပါ။ ဒီအဖွဲ့တွေဟာ လွန်ခဲ့တဲ့သုံးပတ်လုံးလုံး အတူလက်တွဲလုပ်လာခဲ့တဲ့အဖွဲ့တွေဖြစ်ပါတယ်။



## အသိပညာတည်ဆောက်ခြင်း

အသိပညာတည်ဆောက်ခြင်းအပိုင်းသည် ရှာဖွေစုံစမ်းသည့်အပိုင်းဖြစ်သည်။ ဤအပိုင်းတွင် ကျောင်းသားများက သင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍ အသိပညာအသစ်ကို ရှာဖွေသောအပိုင်း (သို့မဟုတ်) တည်ဆောက်သောအပိုင်းဖြစ်သည်။

ကျောင်းသားများက ဖတ်စာတွင်သင်္ကေတရေးမှတ်၍ ဖတ်ရပါမည်။ သူတို့ဖတ်ရန် ဖတ်စာကိုပေးပြီး စာပိုဒ်အချို့တွင် စာပိုဒ်၏အဓိကဆိုလိုရင်းအဓိပ္ပါယ်ကိုဖော်ပြသော သင်္ကေတများအား ရေးမှတ်စေပါ။

**ဆရာ** – မင်းတို့မှာ ကိုလံဘတ်ကိုသတိရခြင်းဆိုတဲ့ ဖတ်စာရရှိထားကြပြီးပြီ။ ဒီဖတ်စာကို မင်းတို့ နည်းလမ်းကောင်းတစ်ခုနဲ့ဖတ်စေချင်တယ်။

အရှေ့ဘက်မှ အနောက်ဘက်သို့ဖြစ်စေ၊ အနောက်ဘက်မှအရှေ့ဘက်သို့ဖြစ်စေ၊ ယူဆောင်လာတဲ့ထုတ်ကုန် (ဒါမှမဟုတ်) ကုန်ပစ္စည်းကိုစာပိုဒ်မှာတွေ့ရှိရင် ဘေးမှာခဲတံနဲ့ ကြက်ခြေခတ်အမှတ်အသားရေးမှတ်ပါ။ အဲဒီပစ္စည်းတွေဟာ ကမ္ဘာဟောင်းကနေ ကမ္ဘာသစ်သို့ဖြစ်စေ၊ ကမ္ဘာသစ်ကနေ ကမ္ဘာဟောင်းသို့ဖြစ်စေ ရောက်ရှိသွားတဲ့အရာတွေဖြစ်ကြတယ်။

သမိုင်းဝင်စိတ်ဝင်စားစရာပုဂ္ဂိုလ်တွေကို စာပိုဒ်မှာတွေ့ရှိတိုင်း ဘေးမှာခဲတံနဲ့လူမျက်နှာပုံ ☺ ရေးဆွဲပါ။

ဥရောပတိုက်သားတွေ ကမ္ဘာသစ်ကိုရောက်ရှိလာတဲ့အတွက်ကြောင့် ယဉ်ကျေးမှုအပြောင်းအလဲ(ဒါမှမဟုတ်) စီးပွားရေးအပြောင်းအလဲဖြစ်လာတဲ့အချက်တွေကိုတွေ့ရရင် စာပိုဒ်ရဲ့ဘေးမှာ C / E လို့ သင်္ကေတရေးမှတ်ပါ။

နောက်ဆုံး ပထဝီဝင်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကိုတွေ့ရင် စာပိုဒ်ရဲ့ဘေးနားမှာခဲတံနဲ့ Geo လို့ရေးမှတ်ပါ။

ကဲအခုဆောင်းပါးကိုဖတ်ပြီး ရေးမှတ်နိုင်ပြီ။

## ကိုလံဘတ်ကိုသတိရခြင်း

( Bucksnort Trout )

လွန်ခဲ့သောနှစ်ပေါင်းနှစ်သောင်းခန့်၌ ယခု ဘာရင်းရေလက်ကြား (Bering Strait) ဟုခေါ်သည့်နေရာပေါ်ရှိကုန်းမြေသည် ဖြတ်သွား၍မရလောက်အောင်နိမ့်ကျသွားခဲ့ပြီး ကမ္ဘာ၏အပိုင်းနှစ်ပိုင်းကိုသီးခြားဖြစ်သွားစေခဲ့ပါသည်။ သစ်ပင်များနှင့်တိရစ္ဆာန်များ၊ လူများနှင့်ယဉ်ကျေးမှုများ၊ ကိုးကွယ် ယုံကြည်မှုနှင့် အနာရောဂါများ သီးခြားကွဲကွာသွားခဲ့ရာမှ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၊ အောက်တိုဘာလ၏ နေသာသောနံနက်ခင်းတစ်ခုတွင် ခရစ္စတိုဖာကိုလံဘတ်သည် စန်ပယ်ပဒေါ်ကျွန်းမှသဲသောင်ကို သင်္ဘောနှင့်တိုက်မိပြီး ကမ္ဘာ၏အပိုင်းနှစ်ပိုင်းကို ပြန်လည်ပေါင်းစပ်ပေးလိုက်ပါသည်။

လူတစ်ယောက်က မသိဘဲနှင့်ဒီလိုပထမဆုံးပေါင်းစပ်ပေးလိုက်တယ်ဆိုတာ စဉ်းစားကြည့်လျှင် အံ့သြစရာကောင်းလှသည်။ ထိုအချိန်မှစ၍ ခရစ္စတိုဖာကိုလံဘတ်သည် ကမ္ဘာ၏စူးစမ်းခြင်းကို ထာဝရခံရလေတော့သည်။ ကိုလံဘတ်သည် အီတာလျံလူမျိုးမြေပုံထုတ်လုပ်သူဖြစ်ပြီး၊ တစ်ချိန်က ဂျီနိုအာမြို့တွင် သိုးမွေးများရောင်းဝယ်သူဖြစ်ခဲ့သည်။ သူသည် Castilla နယ်မှစပိန်ဘုရင်မ Queen Isabella ကို မသေချာသောတရုတ်ပြည်ခရီးအတွက် သင်္ဘောသုံးစင်းပေးရန် စည်းရုံးနိုင်ခဲ့သည်။ (Aragon နယ်နှင့်ဆက်စပ်လျှက်ရှိသော နယ်မြေ၏ဘုရင်ဖြစ်သည့် သူမ၏ခင်ပွန်း King Ferdinand ကိုမူ မစည်းရုံးနိုင်ခဲ့ပေ။) သို့သော် စပိန်စစ်သားများက စပိန်နိုင်ငံကိုနှစ်ပေါင်း ၈၀၀ တိုင်တိုင်အုပ်ချုပ်ခဲ့သည့် တောင်ပိုင်းပြည်နယ်မှ မွတ်ဆလင် Moors များကို တိုက်ထုတ်ပစ်နိုင်သည့်အချိန်အထိ မိဖုရားက ကိုလံဘတ်အားစောင့်ခိုင်းစေခဲ့သည်။ တကယ့်ထူးခြားသော ၁၄၉၂ ခုနှစ်ဖြစ်ပါသည်။ Moors များကို စပိန်နိုင်ငံမှနှင်ထုတ်နိုင်ခဲ့ကြသည်။ စပိန်နိုင်ငံတွင် ဘာသာရေးသန့်စင်မှုတည်ထောင်ခဲ့ပြီး ခရစ်ယာန်ဘာသာမှအပ ကျန်ဘာသာအားလုံးကို တရားမဝင်ဘာသာအဖြစ် ကြေညာခဲ့သည်။ ဩဂုတ်လတွင် ကိုလံဘတ်သည် သူ၏နာမည်ကျော်ခရီးကို စတင်ခဲ့သည်။ စပိန်နိုင်ငံအတွက် ထို ၁၄၉၂ ခုနှစ်သည် ဘာသာရေးအစွန်းရောက်ခုနှစ်၊ သည်းခံမှုမရှိသောခုနှစ်နှင့် အသစ်အဆန်းရှာဖွေတွေ့ရှိသောခုနှစ် ဖြစ်ခဲ့ပေသည်။

ကိုလံဘတ်၏ ကမ္ဘာနှစ်ခြမ်းကို ပြန်လည်ပေါင်းစပ်ပေးမှုအပြီးတွင် စီးဆင်းသွားခဲ့သော သိမြင်မှုများသည် ကမ္ဘာတစ်ဝှမ်းလုံးကို ကြီးကြီးကျယ်ကျယ် လျင်လျင်မြန်မြန်ပြောင်းလဲစေလိုက်ပါသည်။ ဥရောပသားများအား အင်ဒီယန်းတွေပေးလိုက်သောအပင်များကို သူတို့သည် သေသေချာချာပျိုးထောင်ထားပြီး ဆွေစဉ်မျိုးဆက်ပေါင်းများစွာ ပိုကောင်းအောင်လုပ်ခဲ့သည်။ မကြာခင်မှာပဲ အာလူး၊ ပြောင်း၊ ချည်မျှင်ရှည်ဝါဂွမ်းစသည်တို့သည် ကမ္ဘာဟောင်း၏တော်မွတ်ခေါင်းပါးမှုကို ဖျောက်ဖျက်လိုက်ပြီး လူဦးရေ

ပေါက်ကွဲမှုများ ဖြစ်ပေါ်စေလိုက်ပါသည်။ စီးပွားရေးမှစ၍ အစားအစာချက်ပုံအထိ အားလုံးပြောင်းလဲကုန်၏။ ခရမ်းချဉ်သီးမပါသော အီတာလျံအစားအစာ (သို့မဟုတ်) ငရုတ်သီးမပါသော အင်ဒီယန်းအစားအစာ (သို့မဟုတ်) အာလူးမပါသော အိုင်းရစ်ရှ်အစားအစာများကို မည်သူ စိတ်ကူးကြည့်နိုင်မည်နည်း။ (ဆေးတံနှင့်စုံထောက်ကြီးရှားလော့ဟုမ်းကိုရော မည်သူစိတ်ကူးနိုင်အံ့နည်း)။ ဤအရာများအားလုံးသည် ကမ္ဘာသစ်မှရောက်လာခြင်းဖြစ်သည်။ ချည်မျှင်ရှည်နှင့်ဝါဂွမ်းသာမရှိလျှင် ဥရောပတွင် ချည်မျှင်နှင့်အထည်စက်ရုံများရှိလာနိုင်မည် မဟုတ်ပေ။ ထို့ပြင် စက်မှုတော်လှန်ရေးလည်း ဖြစ်ချင်မှဖြစ်လာပါလိမ့်မည်။

တခြားတစ်ဖက်ကိုကြည့်လိုက်လျှင် ကျွဲ၊ နွားမရှိသော အနောက်တောရိုင်း ဟုခေါ်သည့် ကမ္ဘာသစ်(သို့မဟုတ်) မြင်းမရှိသော မြေပြန့်မှအင်ဒီယန်းများကို မည်သူစိတ်ကူးလို့ရနိုင်မည်နည်း။ ဤနှစ်မျိုးစလုံးကို စပိန်လူမျိုးများက ၁၄၉၃ခုနှစ်တွင် ကမ္ဘာသစ်ကိုယူဆောင်လာခဲ့ခြင်းဖြစ်ပြီး ထိုတိရစ္ဆာန်တို့သည် နေရာသစ်တွင် နေသားတကျဖြစ်လာကြကာ မျိုးဆက်ပြန့်ပွားလာကြခြင်းဖြစ်ပေသည်။ ၁၅၈၀ခုနှစ်များတွင် စွန့်စားခရီးသွားသူ စပိန်လူမျိုး ကာဘေဇာဒီဗာကာသည် မက္ကဆီကိုပင်လယ်ကွေ့မှနေ၍ မုန်တိုင်းတိုက်ခံရပြီး၊ တက္ကဆပ်ကမ်းခြေပေါ်ရောက်ခဲ့ရပါသည်။ သူသည် တက္ကဆပ်ကိုပထမဆုံးတွေ့သော ဥရောပသားတစ်ဦးဖြစ်သော်လည်း သူ့အရင်ကတည်းက စပိန်မှ ကျွဲ၊ နွားများကရောက်နှင့်နေခဲ့ပြီးဖြစ်သည်။ ထိုအချိန်က အဆိုပါ ကျွဲ၊ နွားများကို ကြည့်ရသည်မှာ အင်မတန်ရိုင်းပြီး ထိုနေရာ၌ နေသားကျနေပုံရပါသည်။ ထို့ကြောင့် သူက အမေရိကန်ဒေသခံဖြစ်မည်ဟု ထင်ခဲ့မိသည်။ အမေရိကန်မြေပြန့်ကျယ်ကြီးတွင်နေထိုင်ကြသော အင်ဒီယန်းများဖြစ်သည့် လာကိုတာစူးလူမျိုးတို့တွင် သူတို့၏ဘဝကို တိုးတက်စေသော ထိုအင်မတန်ကောင်းသည့်တိရစ္ဆာန်များရောက်လာပုံနှင့်ပတ်သက်ပြီး ဒဏ္ဍာရီများရှိကြသည်။ အဲလ်ခွေးများသည် ရေကန်အနက်ကြီး၏အောက်ခြေတွင်ရှိသော မှော်နိုင်ငံမှ ရောက်လာခြင်းဖြစ်သည်ဟု၍ ပြောကြသည်။ တကယ်တော့ မြင်းများဖြစ်ကြသည်။

သို့သော် မကောင်းသောရလဒ်အဖြစ် ကိုလံဘတ်နှင့်သူ၏နောက်လိုက်များယူလာသည့် ရောဂါများသည် ဆယ်စုနှစ်အနည်းငယ်အတွင်း၌ပင် ယဉ်ကျေးမှုထွန်းကားသောနိုင်ငံများစွာကို ဖျောက်ဖျက်ပစ်လိုက်နိုင်ခဲ့ပါသည်။ ဥပမာ – ဟစ်စပန်နီယိုလာ (ယခု ဟေတီနိုင်ငံနှင့်ဒိုမီနီကန် သမ္မတနိုင်ငံ)၏ ကာရစ်ဘီယန်ကျွန်းတွင်နေထိုင်ကြသော တိုင်နိုလူမျိုးများသည် နှစ်ပေါင်းငါးဆယ်အတွင်းတွင် သန်းတစ်ဝက်မှတစ်ယောက်မျှမကျန်တော့သည်အထိ ပျောက်ကျသွားခဲ့ပါသည်။ ကိုလံဘတ်ရောက်လာပြီး နှစ်ပေါင်းများစွာကြာသည်အထိ ဥရောပစွန့်စားခရီးသွားများသည် မြောက်အမေရိကကမ်းရိုးတန်းသို့ မရောက်နိုင်ခဲ့သော်လည်း စပိန်လူမျိုးများယူလာသောရောဂါသည် မြောက်ဘက်သို့ လျှင်မြန်စွာပြန့်နှံ့နေခဲ့ပြီးဖြစ်၍ ၁၆၀၇ခုနှစ်၌ ကပ္ပတိန်ဂျိမ်းစ်မစ်သ်သည် ဗာဂျီးနီးယားရှိ ဂျိမ်းစ်တောင်းသို့ရောက်ချိန်တွင် ဒေသခံလူများသည် ကစဉ့်ကလျားဖြစ်နေခဲ့ကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ တောင်ပိုင်းမှစပိန်စွန့်စားခရီးသွား သူများမှစလိုက်သောကျောက်ရောဂါကြောင့် သူတို့၏လူဦးရေလေးပုံတစ်ပုံလောက်သေဆုံးသွားခဲ့ပြီး လူမျိုးစုတစ်စုကနေ မြောက်ဘက်ကိုလက်ဆင့်ကမ်းလိုက်၍ ဖြစ်ပါသည်။

ကရစ်ဘီယန်တွင် ထိုနှစ်အတိုင်းမီနှစ်ပေါင်းတစ်ရာ၌ ဒေသခံလူများသည် ကြောက်စရာကောင်းလောက်သည့် နှုန်းနှင့်သေနေကြသောအခါ စပိန်လူမျိုးများသည် အာဖရိကမှအလုပ်သမားများကို အတင်းအကြပ်ခိုင်းစေရန် တင်သွင်းခဲ့ပြီး ကျွန်စနစ်၏မျိုးဆက်နှင့်ကမ္ဘာ့အသစ်တွင် လူမျိုးစုံသွေးနှောထားသော လူများကို ပေါ်လာစေခဲ့ပါသည်။

ဤအရာအားလုံးသည် မိမိကိုယ်မိမိ မည်သည့်နေရာရောက်နေမှန်းမသိသော သူတစ်ဦးကြောင့်ဖြစ်ပျက်လာခဲ့ကြရသည်။

## စုစည်းခြင်း

ဤသင်ခန်းစာ၏စုစည်းခြင်းအပိုင်းသည် ကျောင်းသားများက သူတို့သိသောအရာကို ပြန်လည်စဉ်းစားတုံ့ပြန်ပြီး အခြားပြဿနာများတွင်အသုံးပြုကာ အသိပညာအသစ်ကို အနက်ဖွင့်သောအပိုင်းဖြစ်၏။

ကျောင်းသားများက ဆောင်းပါးကိုဖတ်ပြီးသောအခါ ဆရာက ဂျစ်ဆောလုပ်ဆောင်ချက် (Jigsaw Activity) ကို ဆက်လက်လုပ်ခိုင်းရန်ဖြစ်သည်။ ဆရာက မြေဖြူသင်ပုန်းကြီးပေါ်တွင် မေးခွန်းလေးခုရေးချရမည်။

၁။ ၁၄၉၂–ခုနှစ်၏ နောက်ပိုင်းဆက်တိုက်တွင် အရှေ့နှင့်အနောက်ကြား အပြန်အလှန်ကုန်သွယ်သော ထုတ်ကုန်များနှင့် ကုန်ပစ္စည်းများကား အဘယ်နည်း။ မည်သည့်ပစ္စည်းများက အရေးကြီးဆုံးနည်း။ အဘယ်ကြောင့် ထိုသို့ဆိုနိုင်သနည်း။

၂။ ဥရောပတိုက်သားများနှင့်ကမ္ဘာသစ်မှလူများ ပထမဦးဆုံးထိတွေ့ခြင်း၏ လူမှုရေးယဉ်ကျေးမှုအကျိုးဆက်များနှင့် စီးပွားရေးအကျိုးဆက်များကား အဘယ်နည်း။ မည်သည့်အရာတွေက အရေးကြီးဆုံးနည်း။ အဘယ်ကြောင့်ထိုသို့ပြောနိုင်သနည်း။

၃။ ပထမဦးဆုံး တွေ့ဆုံခဲ့ကြသောအဖွဲ့များမှ နာမည်ကျော်ပုဂ္ဂိုလ်များနှင့် နာမည်ကျော်အဖွဲ့များကား အဘယ်နည်း။ ကျွန်ုပ်တို့မသိသော အခြားအရေးကြီးပုဂ္ဂိုလ်များကား မည်သူတို့ဖြစ်သနည်း။

၄။ ပထမဆုံးတွေ့ဆုံခဲ့သော ပထဝီအနေအထားကို နောက်ကြောင်းလိုက်ပါ။ ကိုလံဘတ်မသိရှိခဲ့သော မည်သည့်အကြောင်းအရာကို သင်သိသနည်း။

**ဆရာ** – အခု ဂျစ်ဆောလုပ်ဆောင်ချက်ကိုလုပ်ကြမယ်။ မြေဖြူသင်ပုန်းကြီးပေါ်မှာ မေးခွန်းတချို့ရေးပေးထားတယ်။ ဒီသင်ခန်းစာ သင်ကြားချိန်အဆုံးမှာ မင်းတို့တစ်ဦးစီက အဲဒီမေးခွန်းလေးခုရဲ့အဖြေကို အသိဉာဏ်ရှိရှိအဖြေမျိုးနဲ့ ဖြေဆိုရမယ်။ မင်းတို့အချင်းချင်း သင်ကြားဖို့တာဝန်ယူရမယ်။ ထပ်ပြောပါမယ်။ မင်းတို့ တစ်ဦးချင်း ဖတ်စာဆောင်းပါးကို မိမိဘာသာသိထားဖို့ တာဝန်ရှိတယ်။ ကိုယ့်ရဲ့စားပွဲမှာ ၁၊ ၂၊ ၃၊ ၄ လို့ ရေတွက်ပါ။

မင်းက နံပါတ်(၁) ဖြစ်ရင်မတ်တပ်ထပါ။ ကိုယ့်မှတ်စုစာအုပ်နဲ့ ကိုယ့်ရဲ့ဖတ်စာအုပ်ကိုယူပြီး ဟိုအခန်းထောင့်နားမှာသွားနေပါ (အခန်းထောင့် တစ်ထောင့်သို့ညွှန်ပြရန်)။ အကယ်၍မင်းကနံပါတ်(၂)ဖြစ်ရင် ကိုယ့်မှတ်စုစာအုပ်နဲ့ ဖတ်စာကိုယူပြီး၊ အခန်းရဲ့ဟိုဘက်ထောင့်မှာသွားနေပါ ( အခန်း၏အခြားထောင့်တစ်ထောင့်သို့ညွှန်ပြရန်)။ နံပါတ်(၃) အဖွဲ့ကဟိုဘက်၊ နံပါတ်(၄)အဖွဲ့ကဟိုနားမှာ။

ကျောင်းသားများက နေရာအသစ်သို့ ပြောင်းထိုင်ကြသည်။

**ဆရာ** – အခုမင်းတို့ ကိုယ့်အဖွဲ့ထဲကိုယ်ရောက်နေကြပြီ။ လုပ်စရာ (assignment) ပေးမယ်။ နံပါတ်(၁)အဖွဲ့က မေးခွန်းအမှတ်(၁)ကိုဖြေရမယ်။ နံပါတ်(၂)အဖွဲ့ကမေးခွန်း(၂)၊ နံပါတ်(၃)အဖွဲ့ကမေးခွန်း(၃)၊ နံပါတ်(၄)အဖွဲ့က မေးခွန်း(၄) အသီးသီးတာဝန်ယူရမယ်။ ဒါပေမယ့် သတိထားရမှာက ကိုယ့်အဖွဲ့ဖြေမယ့်မေးခွန်းကိုသေချာအောင် မဖြေကြားမီ အဖွဲ့သားတွေအချင်းချင်းတိုင်ပင်ရမယ်။ နောက်ပြီး ဒုတိယအချက်။ ဒီအချက်ဟာအရေးကြီးတယ်။ မင်းရဲ့မူလအဖွဲ့သားတွေကို မင်းရဲ့မေးခွန်းကိုသင်ကြားပေးဖို့ အဆင်သင့်ပြင်ဆင်ထားရမယ်။ ''သင်ကြားပေးဖို့'' လို့ဆိုတာ ''ရှင်းပြဖို့'' လို့မဆိုလိုဘူး။ ကိုယ့်အဖွဲ့သားတွေကို မေးခွန်းမေးဖို့ဆိုလိုတာဖြစ်တယ်။ အဖြေကနှိုးထောင်ပြီး အချင်းချင်း အချေအတင်ဆွေးနွေးကြပါ။ လူတိုင်းနားလည်သဘောပေါက်အောင် လုပ်ကြပါ။

မင်းတို့ရဲ့မေးခွန်းကိုသင်ကြားပေးဖို့ အချိန် (၈)မိနစ်ရပါမယ်။ မင်းအဖွဲ့ကိုပြန်ရောက်လာတဲ့အခါ မူလအဖွဲ့ (Home Group) ကို သင်ပေးဖို့အချိန်(၅)မိနစ်ရရှိပါမယ်။ အောင်မြင်ကြပါစေ။

ကျောင်းသားများအဖွဲ့လိုက်လုပ်ဆောင်နေကြစဉ် ဆရာကအဖွဲ့လေးဖွဲ့အကြားတွင် သူတို့လုပ်နေသောအရာများကိုလှည့်ပတ်ကြည့်ပြီး လိုအပ်သောအကြံပေးချက်များလုပ်ပေးရမည်။ အချိန်ရှစ်မိနစ်စေ့လျှင် ဆရာက ရပ်နားကြရန် အချက်ပေးပါ။

**ဆရာ** – ကျေးဇူးတင်ပါတယ်။ ခဏနေကျရင် မင်းတို့တွေမိမိရဲ့မူလအဖွဲ့ဆီကို ပြန်သွားကြရမယ်။ မေးခွန်း(၁)ကနေ မေးခွန်း(၄) အထိ အစီအစဉ်အတိုင်းဖြေသွားကြရမယ်။ မေးခွန်းတစ်ခုစီအတွက် အချိန် (၅)မိနစ်စီရမယ်။ အဲဒီအချိန် (၅)မိနစ်စလုံးကို အသုံးပြုကြပါ။ မင်းရဲ့အကြံဉာဏ်ကိုသာဝေငှဖလှယ်ရုံမလုပ်ဘဲ တခြားသူတွေကိုလည်း သူတို့ရဲ့အကြံဉာဏ်ကို ဝေငှဖလှယ်ခိုင်းပါ။

ဆရာက ကျောင်းသားအဖွဲ့ငယ်များထံသွား၍ သူတို့ဆွေးနွေးနေသောအရာများကို နားထောင်ရမည်။ အချိန်မိနစ် (၂၀)ကျော်လျှင် ကျောင်းသားအဖွဲ့များ လုပ်ဆောင်ချက်ပြီးဆုံးကြမည်။ ဆရာက တိတ်တိတ်နေကြရန် အချက်ပြပါ။

**ဆရာ** – မင်းတို့ရဲ့အကြံဉာဏ်တွေကို တတန်းလုံးရှေ့မှာဝေငှဖလှယ်ကြမယ်။ ဆရာက အဖွဲ့တစ်ခုစီမှာ နံပါတ်တစ်ခုစီ ခေါ်မယ်။ အဲဒီနံပါတ်ကျတဲ့သူက အဖွဲ့ကဆွေးနွေးထားတဲ့မေးခွန်းရဲ့ အဖြေအကျဉ်းချုပ်ကိုပြောပြဝေငှရပါမယ်။ နံပါတ်(၄)သမားက မေးခွန်း(၁)အပေါ်မှာ ကိုယ့်အဖွဲ့ရဲ့ဆွေးနွေးရတဲ့အချက်ကိုပြောပါ။ နံပါတ်(၃)သမားက မေးခွန်းနံပါတ်(၂)ကို ဝေငှပါ။ နံပါတ်(၂)က မေးခွန်းနံပါတ်(၃)ကို ဝေငှကြပါ။ နံပါတ်(၁)က မေးခွန်းနံပါတ်(၄)ကိုဝေငှကြပါ။ ကဲ နံပါတ်(၄)လူနဲ့စတင်ကြပါစို့။ ခဏလောက်အချိန်ယူပြီး ကိုယ့်အဖွဲ့က ဘာတွေပြောဆိုခဲ့ကြတယ်ဆိုတာ ပြန်စဉ်းစား ကြပါ။

ဆရာက တစ်မိနစ်ခန့်စောင့်ပေးရန်ဖြစ်သည်။

**ဆရာ** – ကောင်းပြီ။ ဒီဘက်ထောင့်ကအဖွဲ့ပြောတာကို နားထောင်ကြည့်ကြရအောင်။ ဒီအဖွဲ့မှာနံပါတ်(၄) ကျတာဘယ်သူလဲ။ မင်းတို့အဖွဲ့က မေးခွန်း(၁) ကိုဘယ်လိုဖြေထားကြသလဲ။

**ကျောင်းသား(၄)** – ပစ္စည်းမျိုးစုံအလဲအလှယ်လုပ်ကြတယ်။ အရေးကြီးဆုံးက ရောဂါတွေလို့ထင်တယ်။ ဒီရောဂါတွေကြောင့် အင်ဒီယန်းတွေကိုအားနည်းစေပြီး ဥရောပသားတွေက ဌာနေတိုင်းရင်းသားတွေရဲ့နယ်မြေကိုသိမ်းပိုက်နိုင်ခဲ့ကြတယ်။ အာလူးလည်းအရေးကြီးတယ်လို့ကျွန်တော်တို့ထင်ပါတယ်။ အာလူးကြောင့် ဥရောပသားတွေ အငတ်ဘေးက လွတ်ခဲ့ကြတယ်။

**ဆရာ** – သိပ်ကောင်းတယ်။ နောက်ထပ် ဟိုဘက်အခြားထောင့်ကနံပါတ်(၃)သမား။ မင်းကမေးခွန်း(၂) ကို အဖွဲ့ကိုယ်စား ဖြေရမယ်။

**ကျောင်းသား (၃)** – ကျွန်တော်တို့အဖွဲ့သားတွေက ဝါဂွမ်းနဲ့စက်ရုံတွေအကြောင်း ဆွေးနွေးပြီး စက်မှုတော်လှန်ရေးရဲ့အံ့ဩဖွယ်အချက်တွေကို စဉ်းစားခဲ့ကြပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ကမ္ဘာသစ်ကို ရှာဖွေတွေ့ရှိတယ်လို့ မနှိုင်းချင်ဘူး၊ ကမ္ဘာသစ်ကို ရောက်ရှိလာကြတဲ့အတွက် ဥရောပတိုက်မှာ စက်မှုနည်းပညာနဲ့ စီးပွားရေးပညာမှာ တိုးတက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ အရင်က ဒါကို ဒီလောက်အရေးကြီးမှန်း ကျွန်တော်တို့မသိခဲ့ကြဘူး။ ဘာသာရေး ကအရေးကြီးပါတယ်။ လူတွေက ဘာသာရေးနဲ့ရောဂါပိုးတွေကို တချိန်တည်းမှာ ယူဆောင်လာကြတာကိုတော့ ပုခုံးတွန့်မိကြပါတယ်။ ဒါဟာ အာဖရိကတိုက်က ကျွန်တွေကိုခေါ်လာတဲ့အချက်အပေါ် ခရစ်ယာန်ဘုန်းကြီးတစ်ပါး ထောက်ခံ ပြောဆိုတာဟာ အင်မတန်ထူးဆန်းပါတယ်။ ပြီးတော့ ကျွန်တော်တို့အဖွဲ့အမြင်မှာ အနာရောဂါပိုးနဲ့အစားအသောက်ဟာ ယဉ်ကျေးမှုနဲ့ စီးပွားရေးနောက်ဆက်တွဲအကျိုးဆက်များ ပေါ်ပေါက်စေတယ်ဆိုတာ ရှင်းကြောင်း ထောက်ပြလိုကြပါတယ်။

**ဆရာမ** – ဒါလဲကောင်းတယ်။ ဒီအဖွဲ့ကနံပါတ်(၂)ကျောင်းသား။ မင်းက မေးခွန်းနံပါတ်(၃) ကိုဖြေရမယ်။

**ကျောင်းသား(၂)** – သတိပြုမှတ်သားမိတာက ကာဘောဇာဒီဗာကာ ရယ်၊ ကပ္ပတိန် ဂျိမ်းစ်မစ်သ်ရယ်၊ စပိန်ဘုရင်နဲ့ မိဖုရားရယ် ပြီးတော့ ကိုလံဘတ် ဆိုပါတော့။ သေဆုံးကုန်တဲ့ တိုင်းရင်းသားလူမျိုးများရယ် မြင်းတွေကို အဲလ်ခွေးတစ်မျိုးလို့ ထင်တဲ့ လာကိုတာဆူး အင်ဒီယန်းလူနီများရယ် စတဲ့နာမည်တွေကို သတိပြုအမှတ်ရကြပါတယ်။ သို့သော် စပိန်နိုင်ငံမှ နှင်ထုတ်ခံရတဲ့ မွတ်စလင်များနဲ့ ဂျူးလူမျိုးတွေရဲ့နာမည်တွေကို ကျွန်တော်တို့မသိကြပါ။ အနာရောဂါကြောင့် သေဆုံးသွားခဲ့ကြတဲ့ အင်ဒီးယန်းလူနီတွေရဲ့အမည်တွေကိုလည်းမသိပါ။ သမိုင်းအဖြစ်အပျက်ကိုပြောပြတဲ့ လူတွေရဲ့ နာမည်ကိုပဲ ကျွန်တော်တို့သိကြပါတယ်။

**ဆရာ** – ကဲ နောက်ဆုံးအဖွဲ့နံပါတ်(၁)သမား။ မင်းက မေးခွန်းအမှတ်(၄)ကို တင်ပြပါ။

**ကျောင်းသား –** ပထဝီဝင်အကြောင်းအရာ အများကြီးပါရှိနေတာကိုတွေ့ရတယ်။ ဆောင်းပါးမှာ ဘာရင်း ရေလက်ကြားအကြောင်း ပြောထားပါတယ်။ အဲဒီရေလက်ကြားဟာ အလက်စ်ကာနဲ့ ဆားဗီးယားအကြားမှာရှိပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်သောင်းလောက်အထိ ယခု အင်ဒီးယန်းလူနီတွေဖြစ်တဲ့လူမျိုးတွေဟာ အဲဒီရေလက်ကြားကနေပြီး လမ်းလျှောက်ကူးလာခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်း ဒီနေရာအောက်ကိုကျုံ့ကျသွားလို့ ဆက်မကူးလာနိုင်ကြတော့ပါဘူး။ ပြီးတော့ စပိန်နိုင်ငံက ကိုလံဘတ် ထွက်လာတဲ့ ဂျီနိုအာမြို့ရယ်၊ စပိန်နိုင်ငံရဲ့ပြည်နယ်နှစ်ခုရယ် သိရပါတယ်။ ဟစ်စပန်နီယိုလာကျွန်း (ယခု ဟေတီနိုင်ငံနဲ့ ဒိုမီနီကန်သမ္မတနိုင်ငံ ) ကိုတွေ့ရတယ်။ ကိုလံဘတ် မသိတဲ့အချက်ဆိုလို့ သူ အမေရိကတိုက်မှာရောက်နေပြီး သူ့ကိုယ်သူ အာရှတိုက်ကိုရောက်နေတယ်လို့ ထင်တဲ့အချက်ကလွဲလို့ တခြားဘာကိုမှမသိရပါဘူး။

**ဤတွင်သင်ခန်းစာပြီး၏။**

## သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့် စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသား တစ်ဦးအဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူ ရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား(သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသလား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ –** သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ်တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏ အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ** (Mix / freeze / pair ) – ဤတွင် ဆရာကအတန်းတစ်တန်းလုံးကို နေရာရွှေ့ခိုင်းပြီး ကျောင်းသားများကိုကြုံရာအဖော်နှင့် စကားပြောနိုင်သည့်အထိ အတန်းပတ်လည်ပတ်လျှောက်ခိုင်းသည်။

**သင်္ကေတမှတ်၍စာဖတ်ခြင်း –** ကျောင်းသားများသည် ဖတ်စာတွင်မည်သည့်အရာကို ရှာဖွေရမည်ကို သတ်မှတ်ထားပြီးဖြစ်သည်။ ဖတ်သောအခါတွင် ရှာဖွေရမည့်အချက်များအပြင် မည်သည့်သင်္ကေတနှင့်မှတ်ရမည်ဆို သည့်ညွှန်ကြားချက်ဖြင့် ဖတ်ရမည်ဖြစ်သည်။

**ဂျစ်ဆောနည်း –** အတန်းရှိကျောင်းသားအားလုံးကို ဖြေဆိုရန်မေးခွန်းတစ်စုံပေးထားရန်ဖြစ်သည်။ သို့သော် ကျောင်းသားများက မေးခွန်းများအနက် မေးခွန်းတစ်ခုကိုသာ မိမိတို့၏မူလအဖွဲ့တွင် ပြန်လည် သင်ကြားပို့ချရန် အတွက် ကျွမ်းကျင်သူများအဖွဲ့( **expert groups**)နှင့် ချဉ်းကပ်တိုင်ပင်၍ ပြင်ဆင်ရမည်။ ထို့နောက် ကျောင်းသားများ သည် မိမိတို့၏မူလအဖွဲ့သို့ပြန်လာပြီး သူတို့သင်ရမည့်သင်ခန်းစာအပိုင်းကို မူလအဖွဲ့တစ်ဖွဲ့လုံးအား ဦးဆောင် သင်ယူစေရမည်။

သင်ခန်းစာပို့ချသော လုပ်ဆောင်ချက်တစ်ခုချင်းကို သင်သိရှိလိုပါလိမ့်မည်။ တစ်ခုချင်းအတွက် အဆင်သင့်လုပ်ရမည့် နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

## နည်းလမ်းများ




### ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲနည်း

(**Mix / Freeze / Pair** (Kagan, 1994))

ဤနည်းသည် အသေးစိတ်ရှင်းလင်းဖော်ပြထားသော သင်ခန်းစာကိုကျောင်းသားများ အဖော်အသစ် နှင့်အတူလုပ်ဆောင်ရန် အသက်ဝင်သောနည်းလမ်းဖြစ်သည်။




**ကျိုးကြောင်းဆင်ခြင်မှု –** ကျောင်းသားများတစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်းသည် စွမ်းအင် ရရှိစေပြီးပိုမိုတက်ကြွစေသည်။ ကျောင်းသားများပြဿနာတစ်ခုကိုဖြေရှင်းရန်အတွက် အတွဲတွဲရာတွင် ကြုံသလိုတွဲခြင်း သည်တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှု ပိုမိုရရှိစေသည်။ အထူးသဖြင့်ပြဿနာများကို ဖြေရှင်းရန်အတွက် စုပေါင်းလုပ်ဆောင်မှုများတွင် စွမ်းရည်တိုးတက်စေသည်။



**အဖွဲ့အရွယ်အစား** – (၆)ဦးမှ (၆၀)ဦးအထိ။



**လိုအပ်သောအချိန် –** ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ နည်းသည် နှစ်မိနစ်မှငါးမိနစ်အတွင်း အချိန်တိုတိုနှင့် လုပ်ဆောင်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက် –** မေးခွန်းတစ်ပုဒ်ဖြစ်စေ မေးခွန်းအတွဲများဖြစ်စေ ကြိုတင်စဉ်းစားထားပါ။

**အဆင့်(၁)** – မေးခွန်းတစ်ပုဒ်ဖြစ်စေ၊ မေးခွန်းအတွဲများဖြစ်စေ ကြိုတင်စဉ်းစားထားပါ။

**အဆင့်(၂)** – ကမောက်ကမရှုပ်ထွေးမှုကို ရှောင်ရှားနိုင်ရန် လမ်းညွှန်မှုကိုကြိုတင်ပြောပြထားပါ။ သင်အချက်ပြလျှင် ကျောင်းသားများ ထိုင်နေရာကထပြီး အခန်းပတ်လည်လျှောက်သွားရမည်ဟု ပြောထားပါ။ ရပ်နားကြ (Freeze) ဟုပြောလျှင် ကျောင်းသားများကိုရပ်စေ၍ အနီးဆုံးအဖော်နှင့်တွဲစေရမည်။

**အဆင့်(၃)** – အချက်ပြပါ။ ကျောင်းသားများရွေ့လျားသွားလာရန် အချိန်တစ်မိနစ်ပေးပါ။ ထို့နောက် "ရပ်" ဟု အော်ပြောပြီးသူတို့လုပ်စရာကို ဆက်လုပ်ခိုင်းပါ။

**အဆင့်(၄)** – ကျောင်းသားများအား သူတို့လုပ်ရန်အလုပ်များပြီးစီးနိုင်အောင် အချိန်ကန့်သတ်၍ သတ်မှတ်ပေးထားပါ။ ထို့နောက် မိမိတို့ထိုင်ခုံသို့ပြန်သွားခိုင်းပါ။




## သင်္ကေတမှတ်၍စာဖတ်ခြင်း

သင်္ကေတမှတ်၍စာဖတ်ခြင်းနည်းသည် ကျောင်းသားများအား ဖတ်စာထဲမှအကြောင်းအရာတစ်စုံတစ်ခုကို ရှာဖွေခိုင်းပြီး ထိုအချက်များကို တွေ့ရှိသောအခါ သင်္ကေတများဖြင့်ရေးမှတ်နိုင်သောနည်းကို ဆိုလိုသည်။




**ကျိုးကြောင်းဆင်ခြင်မှု –** ကျောင်းသားများက သင်ခန်းစာ၏တစ်စိတ်တစ်ဒေသအဖြစ် ဖတ်စာများကိုဖတ်သောအခါ ဤနည်းသည် သူတို့အနီးကပ်ဖတ်ရှုသောအကြောင်းအရာကို ယင်း၏ ရည်ရွယ်ချက်များ၊ မေးခွန်းများဖြင့်ဆက်စပ်ပေးသည့် စာဖတ်နည်းအဖြစ်အသုံးပြုနိုင်ရန် အထောက် အကူပေးသည်။ ဤနည်းသည် ကျောင်းသားများကို စာဖတ်ခြင်း၏ရည်ရွယ်ချက်ထားရှိရန်နှင့် ထိုရည်ရွယ်ချက်ကို ရောက်ရှိရန် စာဖတ်ခြင်းကို ကူညီသည်။ ထို့ပြင် ဖတ်စာထဲမှ သတင်းအချက်အလက်များကိုလည်း အသုံးပြုနိုင်သည်။



**အဖွဲ့အရွယ်အစား** – အကန့်အသတ်မရှိ။



**လိုအပ်သောအချိန် –** သင်္ကေတမှတ်၍စာဖတ်ခြင်းနည်းသည် ဖတ်စာကိုဖတ်ရန်ကြာမည့်အချိန်တွင် နောက်ထပ်အချိန် ၂၅ ရာခိုင်နှုန်း (သို့မဟုတ်) ထို့ထက်ပို၍ ထပ်လိုအပ်ပါမည်။




## လက်တွေ့လုပ်ဆောင်ချက်

**အဆင့် (၁)** – လုပ်ဆောင်ချက်မစတင်မီ ကျောင်းသားများအား သင်ခန်းစာတွင် ရှာဖွေတွေ့ရှိစေလိုသည့် သတင်းအချက်အလက် ၄–၅ ခုကိုစဉ်းစားထားပါ။ အချက်တစ်ခုစီအတွက်ရေးမှတ်ရန် ရိုးရိုးသင်္ကေတများကိုပြပါ။

**အဆင့် (၂)** – ကျောင်းသားများအား သင်ခန်းစာကိုသူတို့ဖတ်ရှုသွားစဉ် သင့်အနေနှင့်ရှာဖွေစေလိုသောသတင်းအချက်အလက်အမျိုးအစားကို သေချာစွာရှင်းပြပါ။ နမူနာပြပေးပါ။ ထို့နောက် အကြောင်းအရာသတင်းအချက်အလက်တစ်မျိုးစီအတွက် ရေးမှတ်ရန်သင်္ကေတများကို ပြပေးပါ။

**အဆင့် (၃)** – ကျောင်းသားများအားဖတ်ရမည့်စာကို စတင်ဖတ်ရှုခိုင်းပြီး ခဲအရောင်နုနုဖြင့် သတင်းအချက်အလက်တစ်မျိုးစီ၏ အစိတ်အပိုင်းတိုင်းကို ရေးမှတ်ခိုင်းပါ။

**အဆင့်(၄)–(နှစ်သက်ရာ) –** လိုအပ်လျှင်သုံးနိုင်သော အဆင့်အဖြစ်လည်းကောင်း၊ စာဖတ်၍ပြီးနှင့်သောကျောင်းသားများကိုလည်းကောင်း အောက်ပါဇယားမျိုးဆွဲခိုင်းပါ။




ကျောင်းသားများအား သူတို့အနီးကပ်ဖတ်ရှုစဉ်အသုံးပြုခဲ့သော သင်္ကေတများကို လက်သည်းကွင်းမျဉ်းကြားတွင်ရေးမှတ်ခိုင်းပါ။ အမျိုးအစားတိုင်းအတွက် သူတို့တွေ့ရှိခဲ့သောသတင်းအချက်အလက်များစာရင်းကို နှစ်ဦးတွဲ ပြုစုခိုင်းပါ။




## ဂျစ်ဆောလုပ်ဆောင်ချက်

ဂျစ်ဆော **(Slavin 1994)** သည် ကျောင်းသားများအား အချင်းချင်းသင်ယူရန် ကူညီသည်။ ကျောင်းသားများ ဖတ်စာကိုဖတ်နေစဉ်တွင်လည်းကောင်း၊ တင်ပြချက်ကိုနားထောင်နေစဉ်တွင်လည်းကောင်း (သို့မဟုတ်)အဖွဲ့လိုက်စုံစမ်းရှာဖွေမှု ပြုစဉ်တွင်လည်းကောင်း ဤနည်းကိုသုံးနိုင်သည်။ အခြားစုပေါင်းသင်ယူနည်းများကဲ့သို့ ဂျစ်ဆောနည်းသည် မူလအဖွဲ့များ **(home groups)** နှင့်လည်းကောင်း၊ ကျွမ်းကျင်သူများအဖွဲ့ **(expert groups)** နှင့်လည်းကောင်းအသုံးပြုနိုင်သည်။ ဤနည်းတွင် ဆရာက သင်ခန်းစာ၏တာဝန်စာရွက်များကို ကြိုတင်ပြုစုထားရန် လိုအပ်သည်။




**ကျိုးကြောင်းဆင်ခြင်မှု** – ဂျစ်ဆောနည်းသည် ကျောင်းသားများအား သင်ခန်းစာမှအကြောင်းအရာအားလုံးကို လေ့လာသင်ယူရန် အထောက်အကူပေးသည်။ သူတို့တစ်ဦးချင်းသည် သင်ခန်းစာပါအကြောင်းအရာတစ်ခုစီသင်ပြသောအခါ ကျွမ်းကျင်သူများဖြစ်လာကြသည်။ ထို့ကြောင့် ကျောင်းသားတိုင်းသည် သင်ကြားပို့ချခြင်းနှင့်သင်ယူခြင်းတွင် တက်ကြွစွာပါဝင်၍ လေးလေးနက်နက် နားလည်သဘောပေါက်ခြင်းနှင့် အဆင့်မြင့်စဉ်းစားခြင်းကို လက်တွေ့ခံစားတွေ့ကြုံရသည်။



**အဖွဲ့အရွယ်အစား** – အနည်းဆုံးကျောင်းသား (၈)ယောက်မှ ကျောင်းသား (၉၀) ယောက်အထိပါဝင်နိုင်သည်။ ဂျစ်ဆောနည်းကိုအတန်းထဲမှကျောင်းသား (၈)ဦးမှ (၉၀)ဦးနှင့်လုပ်နိုင်သည်။ မူလအဖွဲ့များတွင် ကျောင်းသားလေးဦးပါရှိလျှင် အကောင်းဆုံးဖြစ်သည်။ ဤအဖွဲ့များသည် သီတင်းပတ်သုံးပတ် (သို့မဟုတ်) ထိုထက်ပို၍ကြာကြာအတူတကွဆက်၍လက်တွဲလုပ်နိုင်ပြီး ယောကျ်ားကလေးနှင့်မိန်းကလေး၊ စွမ်းဆောင်နိုင်မှုနိမ့်သူနှင့်မြင့်သူ ရောနှောဖွဲ့စည်းပါဝင်သင့်သည်။ ကျောင်းသားများအားအဖွဲ့များတွင် ထိရောက်စွာ ပါဝင်စေရန် အချိန်ယူ၍ကူညီခြင်း၊ အထူးသဖြင့်သူတို့၏မူလအဖွဲ့များတွင် အကူအညီပေးခြင်းသည် လုပ်ရကျိုးနပ်ပါသည်။ ကျွမ်းကျင်သူအဖွဲ့များလည်းအဖွဲ့ဝင် ကျောင်းသား(၄)ဦးမှ (၅)ဦးအထိ ပါဝင်ဖွဲ့စည်းသင့်သည်။ ဆိုလိုသည်မှာ ဂျစ်ဆောနည်းကိုလုပ်စဉ်တွင် မူလအဖွဲ့တိုင်း၏အဖွဲ့ဝင်ဦးရေသည် ကျွမ်းကျင်သူအဖွဲ့တိုင်း၏အဖွဲ့ဝင်ဦးရေထက် များပြီးမှ လူဦးရေမျှတနေစေရန် ကျွမ်းကျင်သူများတွင် ကျောင်းသားအပိုများကို ကြံ့သလိုတာဝန်ပေးစေရမည်။ အတန်းထဲမှ ကျောင်းသားဦးရေလိုအပ်ခဲ့သော် ကျွမ်းကျင်သူများတစ်ခုစီမှ တစ်ယောက်စီရယူနိုင်သည်။



**လိုအပ်သောအချိန်** – ဂျစ်ဆောနည်းကိုစာသင်ချိန် ၄၅မိနစ်အတွင်းအသုံးပြုနိုင်သော်လည်း အချိန်ကိုကန့်သတ်ပေးနိုင်သည်။ ကျွမ်းကျင်သူများ၏အဖွဲ့တိုင်းအတွက် စည်းဝေးရန်အချိန် (၈) မိနစ်ကြာသည်ဟုယူဆထားလျှင် ကျွမ်းကျင်သူတိုင်းက မိမိတို့ တာဝန်ကျဆွေးနွေးချက်ကို ဦးဆောင်ရန်လေးမိနစ်စီအချိန်ရပါမည်။ ထိုအခါအတန်းစရန်နှင့် အဆုံးသတ်ရန်အပြင် အခြားအတွေ့အကြုံရှိလျှင် သင်ခန်းစာဖတ်ရန် အချိန်မိနစ် ၂၀ ကို ချန်ထားရပါမည်။ အချိန်ပိုမိုရရှိရန်ကျောင်းသားများကို ညဘက်တွင်သင်ခန်းစာဖတ်ခိုင်းခြင်း (သို့မဟုတ်) နောက်တစ်နေ့ဟောပြောပို့ချမှုကို လက်တွေ့တက်ရောက် နားထောင်ခိုင်းခြင်း (သို့မဟုတ်) အတန်းတွင်းလက်တွေ့လုပ်ဆောင်ခိုင်းခြင်းပြုလျှင် အတန်းထဲတွင် ဂျစ်ဆောလက်တွေ့လုပ်ဆောင်ခြင်းတွင်ပါဝင်လုပ်ဆောင်ရန် အတန်းချိန်ပိုရပါမည်။



**လိုအပ်သောပစ္စည်းများ** – ကျွမ်းကျင်သူများအား လမ်းညွှန်ဦးဆောင်ပေးမည့် မေးခွန်းများကို ကြိုတင်ပြင်ဆင်ထားရမည်။ ထိုမေးခွန်းများကို မြေဖြူသင်ပုန်းကြီးပေါ်တွင်ရေးထားနိုင်သည်။ ကျောင်းသားများ ကိုသူတို့ဖတ်ရန် စာမူများပေးထားနိုင်သည်။ သို့သော် သူတို့ကိုပုံပြင်ပြောပြနိုင်သည်။ ဟောပြောပို့ချချက်ပေးနိုင်သည်။ (သို့မဟုတ်) အခြားစိတ်လှုံ့ဆော်စေသော အတွေ့အကြုံများတွင်ပါဝင်ခိုင်းနိုင်သည်။

## လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – ဆရာကကျွမ်းကျင်သူများအတွက် စာရွက်များကို ပြုစုပြင်ဆင်ထားရမည်။ ဆရာသည် သင်ယူမည့်စာရွက်စာတမ်းများကို ပြန်လှန်စစ်ဆေးပြီး အစပြုရမည်။ ကျောင်းသားများ သင်ယူရန်လမ်းညွှန်ပေးသည့် မေးခွန်းများလည်းမေးရမည်။ ဆရာကမေးခွန်းများကို ကျွမ်းကျင်သူအဖွဲ့အရေအတွက် ရှိသမျှလိုက်၍ မေးခွန်းအုပ်စု (၄)ဖွဲ့ သို့မဟုတ် (၅)ဖွဲ့ ပြင်ဆင်ထားရမည်။ မေးခွန်းအုပ်စုတိုင်းသည် ဖတ်စာစာရွက်စာတမ်းနှင့်ပတ်သက်သောအပိုင်းနှင့်သက်ဆိုင်ရမည်။ (မေးခွန်းများရေးသားရန် အကြံပြုနည်းလမ်းများကို Preparing Questions ကဏ္ဍတွင် ဖတ်ပါ)။

**အဆင့် (၂)** – ဆရာကကျောင်းသားများကို မူလအဖွဲ့အစည်း တာဝန်ပေးရမည်။ ကျောင်းသားများကို အဖွဲ့ဝင် လေးဦး (သို့မဟုတ်) ငါးဦးပါဝင်သော မူလအဖွဲ့အစည်းများတွင် နေရာချထားသင့်သည်။ မူလအဖွဲ့အစည်းတိုင်းတွင် ယောကျ်ားကလေးဦးရေနှင့် မိန်းကလေးဦးရေရောနှောပြီး စွမ်းဆောင်ရည်မြင့်သူနှင့် စွမ်းဆောင်ရည်နိမ့်သူအချိုး ညှိပေးရမည်။ မူလအဖွဲ့အစည်းများတွင် ပါဝင်သောကျောင်းသားများသည် အချိန်ကာလအတော်ကြာကြာ အတူတကွ ပူးပေါင်း ဆောက်ရွက်ရန်ဖြစ်ပြီး အချင်းချင်းတာဝန်ယူပေးကြမည်ဖြစ်သောကြောင့် မူလအဖွဲ့အစည်းသည် အရေးကြီး၏။ သို့မှသာ အချင်းချင်းအပေါ် သစ္စာရှိရန်သိရှိကြမည်။ ကျောင်းသားများကို မူလအဖွဲ့အစည်းတစ်ခုတွင် အနည်းဆုံး ရက်သတ္တပါတ်သုံးပတ်ပါဝင်ရန် နေရာချထားပေးရမည်။ သို့ဖြင့် သူတို့သည် ဤဂျစ်ဆောလေ့ကျင့်နည်းအပြင် အခြား စုပေါင်းလုပ်ဆောင်မှုများစွာ အတူဆက်လုပ်ကြရမည်။

**အဆင့် (၃)** – ဆရာက အဖွဲ့တိုင်းကို သွေးပူလေ့ကျင့်ခန်း (သို့မဟုတ်) အဖွဲ့လိုက်လုပ်ဆောင်သောလေ့ကျင့်ခန်း လုပ်ခိုင်းရမည်။ အဖွဲ့ဝင်များကြားသက်တောင့်သက်သာဖြစ်စေရန် သူတို့နှင့်စတွေ့တွေ့ချင်းအချိန်တွင်လည်းကောင်း၊ နောက်ပိုင်း ရံဖန်ရံခါတွင်လည်းကောင်း၊ သွေးပူလေ့ကျင့်ခန်း (သို့မဟုတ်) အဖွဲ့လိုက်လုပ်ဆောင်သောလေ့ကျင့်ခန်း လုပ်ခိုင်းသင့်သည်။ အသုံးဝင်သောသွေးပူလေ့ကျင့်ခန်းတစ်ခုမှာ မူလအုပ်စုတိုင်းကို အသင်းမိတ်ဆက်အားပေးခြင်း "Team cheer" လုပ်နည်းကို သူတို့ဘာသာလုပ်ခိုင်းခြင်းဖြစ်သည်။ နှုတ်ဆက်နည်း cheer ကိုစီစဉ်ရန် အချိန်သုံးမိနစ် ပေးပါ။ ထို့နောက် အဖွဲ့တိုင်းက မိမိတို့စီစဉ်ထားသောအရာကိုအတန်းတစ်ခုလုံးရှေ့တွင်လုပ်ပြပါစေ။ (အောက်ဖော်ပြပါ အပိုင်းတွင် သွေးပူလေ့ကျင့်ခန်းလုပ်နည်းအမျိုးမျိုးကို အကြံပြုတင်ပြထားပါသည်။)

**အဆင့် (၄)** – ကျောင်းသားများက သင်ခန်းစာ၏ဖတ်စာကိုဖတ်ကြပါစေ။ (သို့မဟုတ်) သင်ခန်းစာကို တွေ့ကြုံခံစားကြပါစေ။ ယခုအချိန်တွင် ကျောင်းသားတိုင်းကို ဖတ်ရန်ဖတ်စာ စာရွက်စာတမ်းတစ်စောင်စီပေးထားပါ။ အကယ်၍ ဖတ်စာမရှိလျှင် ဆရာကဖတ်ပြပါ။ (သို့မဟုတ်) ပုံပြင်ဝတ္ထုဇာတ်လမ်းကိုပြောပြပါ။ (သို့မဟုတ်) ဟောပြောပို့ချမှုပေးပါ။ (သို့မဟုတ်) ကျောင်းသားများကို သင်ယူမှုလုပ်ဆောင်ချက်တစ်ခုခုလုပ်ခိုင်းပါ။

**အဆင့် (၅)** – ဆရာက လေ့လာရန်မေးခွန်းများဝေငှပလုယ်ပြီး ကျောင်းသားများကိုကျွမ်းကျင်အုပ်စုများတွင် နေရာချထားပါ။ ယခု ဆရာက မေးခွန်းများကို မြေဖြူသင်ပုန်းကြီးပေါ်တွင် ရေးလျှင်ရေး(သို့မဟုတ်) မေးခွန်း စာရွက်များကို မိတ္တူကူး၍ကျောင်းသားများကို ဝေပေးလျှင်ပေးပါ။ မေးခွန်းများကို အုပ်စုခွဲ၍စာရင်းပြုစုပါ။ (အထက်တွင်ဖော်ပြပြီး)။ ကျောင်းသားများကို ၁၊ ၂၊ ၃၊ ၄ စသဖြင့် တစ်ဦးချင်းနံပါတ်ခေါ်ခိုင်းပါ။ ဆရာကကျွမ်းကျင်သူများ သွားစုမည့်အခန်းထောင့်များကိုလက်ညှိုးညွှန်ပါ။ ဆရာက ကျွမ်းကျင်သူများအားလုံး မိမိတို့စုဝေးရမည့်အခန်းထောင့် သို့သွားနေရာယူပြီးသည်အထိ အဖွဲ့ (၁)က ဒီဘက်ထောင့်၊ အဖွဲ့ (၂)က ဟိုဘက်ထောင့် စသဖြင့်ညွှန်ပြရမည်။ ထို့နောက် ဆရာက ကျွမ်းကျင်အုပ်စုတိုင်းတွင် ဆွေးနွေးပွဲဦးဆောင်မည့်သူ တစ်ဦးစီရွေးချယ်ခန့်ထားပေးပါ။

ဆရာက အဖွဲ့(၁) သင်ကြားပို့ချရမည့် မေးခွန်းအမည်များကို ရှင်းပြရန်ဖြစ်သည်။ အဖွဲ့(၂) သင်ကြားရမည့် မေးခွန်းများ စသဖြင့် အဖွဲ့အားလုံးအတွက် မေးခွန်းအမည်များပြောပြရမည်။

**အဆင့် (၆)** – ကျွမ်းကျင်သူများက မိမိတို့သင်ကြားရန် ကျရောက်သောမေးခွန်းများကိုသင်ရန် ပြင်ဆင်ကြပါစေ။

ဆရာက ကျွမ်းကျင်အုပ်စုများ သူတို့၏မေးခွန်းများကို ဆွေးနွေးရန်အချိန်ခွင့်ပြုပြီး ထိုမေးခွန်းများကို သင်ကြားပေးရန် နည်းကိုလည်းဆုံးဖြတ်ပေးပါ။ ကျွမ်းကျင်အုပ်စု တစ်ခုစီတွင်ပါဝင်သော ကျောင်းသားများသည် မိမိတို့၏အကြံဉာဏ်များကို ဖတ်စာတွင်သော်လည်းကောင်း၊ သူတို့ဖြေဆိုရမည့်မေးခွန်းများတွင်သော်လည်းကောင်း ထည့်သွင်းဖွဲ့စည်းဖော်ပြရမည်။ မူလအုပ်စုတွင် ကျောင်းသားများ၏တာဝန်မှာ သူတို့က မိမိတို့၏မူလအဖွဲ့များထံသို့ ပြန်ရောက်သွားသောအခါ မေးခွန်းတစ်ခုစီကို အကောင်းဆုံးဆွေးနွေးခန်းဖြစ်အောင် အဘယ်ပုံဦးဆောင်ရမလဲဟူသောအချက်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ဆရာများအနေဖြင့် ကျောင်းသားတိုင်းမိမိတို့တာဝန်သည် သူတို့၏အဖွဲ့များအတွက် မေးခွန်းများ ဖြေဆိုရန်မဟုတ်ဘဲ မိမိတို့အဖွဲ့မှအဖွဲ့ဝင်များ ထိုမေးခွန်းများဖြေဆိုရန် ဦးဆောင်ရမည့်တာဝန်ဖြစ်ကြောင်း သေချာစွာနားလည်သည်အထိရှင်းပြရမည်။ ထို့နောက် ကျောင်းသားများက ထိုမေးခွန်းများအပေါ် သူတို့၏ကျွမ်းကျင်အဖွဲ့ဝင်များပါဝင်ဆွေးနွေးလာအောင် လုပ်ဆောင်သည့်နည်းဗျူဟာများကို စဉ်းစားထားရမည်။ ကျွမ်းကျင်အုပ်စုများတွေ့ဆုံဆွေးနွေးနေကြစဉ် ဆရာကလှည့်ပတ်ကြည့်ရှုပြီး သူတို့တာဝန်ကို တစိုက်မတ်မတ်လုပ်ဆောင်ကြရန် ကူညီပေးခြင်း၊ လိုအပ်ပါက ရှင်းလင်းပြောပြခြင်းများပြုလုပ်ပါ။

**အဆင့်(၇)** – ကျွမ်းကျင်သူများက မိမိတို့၏မူလအဖွဲ့သို့ပြန်သွားပြီး ဆွေးနွေးပွဲကိုအလှည့်ကျဦးဆောင်ရမည်။ သူတို့၏ကျရာကျွမ်းကျင်မေးခွန်းများကို သင်ကြားပေးရန် ပြင်ဆင်ပြီးသောအခါ ပါဝင်သူများသည် လေ့လာသူများအဖွဲ့ (study groups) မှထွက်ခွာ၍ မိမိတို့၏မူလအဖွဲ့များသို့ပြန်သွားရမည်။ ကျွမ်းကျင်သူများက သူတို့၏ကျွမ်းကျင်စာရွက်ပေါ်မှတာဝန်ကျရာမေးခွန်းများကို သူတို့၏မူလအဖွဲ့ဝင်အဖော်များနှင့် ဆွေးနွေးရမည်။ ပါဝင်သူတိုင်းသည် ဆွေးနွေးပွဲတွင် မိမိအပိုင်းကို ငါးမိနစ်စီဆွေးနွေးရမည်။ ကျွမ်းကျင်သူ၏တာဝန်မှာအကြံဉာဏ်များကို စုစည်းတင်ပြရုံမျှမကပဲ ကျွမ်းကျင်သူ၏ကျရာတာဝန်သင်ခန်းစာ (သို့မဟုတ်) ဖတ်စာထဲမှအစိတ်အပိုင်းကို လူတိုင်းလုံးစေ့ပတ်စေ့နားလည်၍ သင်ယူမှုရှိစေရန် မေးခွန်းများမေးခြင်း၊ အဖွဲ့ထဲမှမေးခွန်းများကို ဖော်ထုတ်အားပေးခြင်းတို့ကိုလုပ်ရပါမည်။

**အဆင့်(၈)** – ဖြစ်စဉ်ကို တန်ဖိုးဖြတ်သုံးသပ်ပါ။ ကျောင်းသားတိုင်းဆွေးနွေးခန်းတွင် ဘာတွေပြောဆိုပြီး ဝိုင်းဝန်းတင်ပြခဲ့သည်ဟုထင်မြင်ကြောင်း ဆရာကမေးရမည်။ ထိုလုပ်ဆောင်ချက်ကို ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်နည်းကိုလည်းမေးရမည်။



**အကဲဖြတ်စစ်ဆေးခြင်း** – စုပေါင်းသင်ယူခြင်း၏ ဆောင်ပုဒ်မှာ စုပေါင်းတာဝန်ယူ တစ်ဦးချင်းလည်းတာဝန်ရှိ (collective responsibility, individual accountability) ဖြစ်သည်။ ဤအဆို၏အဓိပ္ပါယ်မှာ စုပေါင်းသင်ယူမှုတွင် ကျောင်းသားများသည်သင်ယူမှုကို အချင်းချင်းအားပေးကူညီရန်နှင့် ကျောင်းသားတိုင်းက တစ်ဦးနှင့်တစ်ဦးတာဝန်ရှိရှိ ဆက်ဆံလုပ်ဆောင်ရမည်ဟုဆိုလိုသည်။ သို့သော် သူတို့တစ်ဦးချင်းသည် သင်ခန်းစာများကို အားလုံးဖတ်ရှုသင်ယူရန် တာဝန်ရှိသောကြောင့် တစ်ဦးချင်းတာဝန်ခံရန်လည်းလိုအပ်သည်။ ဆိုလိုသည်မှာ ကျောင်းသားကျောင်းသူအားလုံး တစ်ဦးချင်းရေးဖြေ (သို့မဟုတ်) နှုတ်ဖြေတွင်စမ်းသပ်ခံရန်လိုသည်ဟူ၍ဖြစ်၏။ ဆရာကကျောင်းသားအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုအပေါ်ဆုံးချနိုင်သော်လည်း ထိုအဖွဲ့၏တိုးတက်မှုကိုတွေ့ရလျှင် အချိန်ကာလအတော်အတန်ကြာ ပျမ်းမျှအမှတ်ကိုကြည့်ပြီး အဖွဲ့ဝင်တစ်ဦးချင်း၏လုပ်ဆောင်ချက်အလိုက်လည်းဆုံးချနိုင်သည်။



**စကားရိပ်** – ဆရာက ကျောင်းသားများကို လမ်းညွှန်မှုပေး၍ တစ်ဖွဲ့မှတစ်ဖွဲ့သို့ကူးပြောင်းရမည့် အချိန်ရောက်လျှင်သူတို့ကို ပြောပြခြင်းပြုလုပ်နိုင်ရန် အလုပ်လုပ်နေသောအဖွဲ့များထဲမှ လူတိုင်း၏အာရုံကို ချက်ချင်းဆွဲဆောင်နိုင်သည့်နည်းလမ်းကို ရရှိထားရပါမည်။

သင်တန်းသားများကိုတိတ်ဆိတ်ရန် အချက်ပြသင်္ကေတပြောပြထားပါ။ ဥပမာ – သင်၏လက်ကို လေထဲတွင်ထောင်ပြီး လက်ချောင်းနှစ်ချောင်းဖြင့် အင်္ဂလိပ် အက္ခရာ ‘V’ ပုံသဏ္ဍာန်လုပ်ပြပါ။ သင်ထိုသို့လုပ်ပြသည်ကို တွေ့ရှိသည့်ကျောင်းသားက စကားပြောခြင်းကိုချက်ချင်းရပ်ဆိုင်းပြီး၊ သင့်ဘက်သို့မျက်နှာမူလျက် သင်ပြောမည့်စကားကို

နားထောင်နေရမည်။ သူကစကားပြောနေသော အခြားကျောင်းသားကို ညင်သာစွာလက်ဖြင့်ပုတ်လျှင် ထိုကျောင်းသားလည်း တိတ်ဆိတ်ရန်နှင့် သင့်စကားကိုနားစွင့်ရန်သိရှိလိမ့်မည်။

သင်တန်း၏အစပိုင်းတွင် တိတ်ဆိတ်ရန် အချက်ပြနည်းကို အကြိမ်ကြိမ်လေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသားများ လိုက်နာလုပ်ဆောင်တတ်လာကြလိမ့်မည်။

## မှုကွဲများနှင့် အခြားဆက်နွယ်သောနည်းလမ်းများ




### စုပေါင်းအဖွဲ့များအတွင်းမှ အခန်းကဏ္ဍများ


ကျောင်းသားများကိုအဖွဲ့များအတွင်း တာဝန်ကဏ္ဍများချမှတ်ထားပေးလျှင် စုပေါင်းအဖွဲ့များသည် ပိုမို၍ထိရောက်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်လိမ့်မည်။ လုပ်ဆောင်ရမည့် တာဝန်အခန်းကဏ္ဍများကို အဖွဲ့ဝင်များအားတစ်လှည့်စီပြောင်းလဲချထားပေးလျှင် ကျောင်းသားတိုင်းက အခန်းကဏ္ဍအမျိုးမျိုးကို လေ့ကျင့်ခွင့်ရရှိကြလိမ့်မည်။ အောက်တွင်ဖော်ပြပေးထားသောအခန်းကဏ္ဍများသည် စွမ်းရည်ရှိသောအဖွဲ့ဝင်တစ်ဦး၏ကျွမ်းကျင်မှုနှင့် အကျင့်များကို ပေါင်းစပ်ပေးလိမ့်မည်။



**ကျိုးကြောင်းဆင်ခြင်မှု –** စုပေါင်းအဖွဲ့များအတွင်းမှ အခန်းကဏ္ဍများသည် အဖွဲ့၏အောင်မြင်မှုအတွက် ကျောင်းသားတိုင်းပါဝင်လုပ်ဆောင်ရန်လိုကြောင်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေရန်ရည်ရွယ်ပြီး အချိန်ကြာလာသည်နှင့်အမျှအောင်မြင်၍ အကျိုးပြုသောအဖွဲ့ဝင်ဖြစ်လာစေရန် အပြင် အချင်းချင်းသင်ကြားပေးဖို့ အရေးကြီးကြောင်းလည်းသိရှိရန် ရည်ရွယ်သည်။ ဤအခန်းကဏ္ဍများသည် သူတို့အတွက်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်ကိုလည်း သင်ကြားပေးသည်။



**အဖွဲ့အရွယ်အစား –** စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများကို အတန်းတစ်တန်းလုံးသို့ မိတ်ဆက်ပေးပြီး ကျောင်းသားများအနေဖြင့် မူလအဖွဲ့နှင့်ကျွမ်းကျင်သူအဖွဲ့တွင် အလုပ်လုပ်နေစဉ် ထိုနည်းများကိုအသုံးပြုနိုင်သည်။



**လိုအပ်သောပစ္စည်းများ –** စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများကို မိတ်ဆက်အသုံးပြုရန် မည်သည့် ပစ္စည်းမျှမလိုအပ်ပါ။



### လက်တွေ့လုပ်ဆောင်ချက်

**အဆင့် (၁)** – ကျောင်းသားများအား အောက်ပါအခန်းကဏ္ဍများကို မိတ်ဆက်ပေးပါ။

| | |
|---|---|
| **မေးခွန်းမေးသူ** – မေးခွန်းမေးသူက အဖွဲ့အား တာဝန်များ တင်ပြရန် | **အားပေးသူ** – အားပေးတိုက်တွန်းသူသည် အခြားသူများအား မေးခွန်း၏အဖြေပေးရန် အားပေးခြင်း၊ သူတို့၏ အကြံဉာဏ်ကောင်းများကို ထောက်ခံဂုဏ်ပြုခြင်း၊ နောက်ထပ်ပြောရန် တိုက်တွန်းခြင်းပြုလုပ်ပါ။ |
| **စစ်ဆေးသူ** – စစ်ဆေးသူက လူတိုင်းလက်ရှိအလုပ်ကိုနားလည်ပြီး ဖွဲ့ရှိရှိဆက်လုပ်စေရန် လုပ်ဆောင်သည် | **သတင်းပြန့်ချီသူ**–သတင်းပို့သူသည်အဖွဲ့ငယ်များ၏ရှာဖွေတွေ့ရှိချက်များကို အဖွဲ့တစ်ဖွဲ့လုံးထံသို့အသိပေးရန် |
| **အချိန်မှူး** – အချိန်မှူးသည် သတ်မှတ်ပေးထားသော အချိန်ဇယားအတိုင်းလိုက်နာစေရန် တာဝန်ထမ်းဆောင်ပြီး၊ အဖွဲ့ဝင်တိုင်း မိမိတို့ရရှိသောအချိန်အတွင်း လုပ်နေရန်တာဝန်ထမ်းဆောင်ရသည်။ | |

**အဆင့်(၂)** – တစ်ကြိမ်လျှင် အခန်းကဏ္ဍတစ်ခုရှင်းပြပါ။ အခန်းကဏ္ဍကို ရှင်းလင်းဖော်ပြပါ။ ထိုအခန်းကဏ္ဍကို အဘယ်သို့ထမ်းဆောင်ရမည့်အကြောင်း လက်တွေ့ပြသပေးပါ။

**အဆင့်(၃)** – အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျောင်းသားအတော်များများ၏ တစ်ဦးချင်း အမြင်ကိုတင်ပြခိုင်းပြီး လိုအပ်ခဲ့လျှင်အမှားပြင်ဆင်ခြင်း၊ ပိုမိုရှင်းလင်းအောင်ဖော်ပြခြင်း လုပ်ခိုင်းပါ။

**အဆင့်(၄)** – အခန်းကဏ္ဍများအားလုံးကို ကျောင်းသားများ နားလည်သဘောပေါက်ပြီးနောက် ကျောင်းသားများ အား(၁)မှ(၄)(သို့မဟုတ်)(၅)အထိနံပါတ် ရေတွက်ခိုင်းပါ။ ကျောင်းသားများအား သူတို့၏နံပါတ်အတိုင်း တာဝန်ခွဲပေးထားပါ။

**အဆင့်(၅)** – သတင်းပို့သူ၏အခန်းကဏ္ဍကိုနောက်မှချပေးမည့်အကြောင်း ဆရာက ရှင်းပြပြီး လူတိုင်းအနေဖြင့် ကိုယ့်အခန်းကဏ္ဍဖြစ်လာနိုင်ကြောင်းသတိထား၍ သေချာစွာနားထောင်ကြရန်ပြောပြပါ။



**ပြန်လည်စဉ်းစားခြင်း –** ကျောင်းသားများအဖွဲ့များအလိုက်လုပ်ဆောင်နေစဉ် ဆရာက ကျောင်းသား များအားတစ်ကြိမ်လျှင် အခန်းကဏ္ဍတစ်မျိုး ချမှတ်ပေးရန်အရေးကြီးသည်။ ဤသို့ပြုနိုင်ရန်ကျောင်း သားတိုင်းကိုမိမိတို့၏ နံပါတ်မပြောင်းဘဲဆက်လက်ထားရှိပြီး ကျောင်းများကအဖွဲ့များနှင့် ပါဝင်လုပ် ဆောင်စဉ်တွင် အခြားနံပါတ်ရှင်များနှင့်တစ်ဦးချင်း အခန်းကဏ္ဍညှိ၍ဆောင်ရွက်ခိုင်းပါ။ ကျောင်းသားအားလုံး အခန်း ကဏ္ဍတစ်ခုစီတွင် ပါဝင်လုပ်ဆောင်ပြီးသောအခါ သူတို့သည်ပိုမိုအသားကျကျွမ်းကျင်သော အဖွဲ့ဝင်များဖြစ်လာနိုင် သည်။ ဤအခန်းကဏ္ဍများမှတစ်ခုစီသည် ကျွမ်းကျင်သူအဖွဲ့ဝင်၏ မတူညီသောလုပ်ဆောင်ချက်များကို အလေး အနက်ပြုဖော်ပြပါသည်။




## လူမှုအသိုင်းအဝိုင်း၏ သဘောတူညီမှုများ


လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများသည် ကျောင်းသားများ စုပေါင်းသင်ယူ မှုလက်တွေ့လုပ်ဆောင်ရာတွင်လိုက်နာရမည့် ကိုယ်ကျင့်တရားစည်းကမ်းဖြစ်သည်။




**ကျိုးကြောင်းဆင်ခြင်မှု –** လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုသည် ကျောင်းသားများအား တာဝန် ရှိရှိနေထိုင်လုပ်ဆောင်တတ်ရန်သင်ကြားပေးပြီး အဖွဲ့တွင်စုပေါင်းဆောင်ရွက်တတ်ရန် သွန်သင်သည်။ သင်ယူသောအဖွဲ့များသည် လုပ်ငန်းတာဝန်ကို ကျေပွန်စွာပြီးစီးအောင်လုပ်ရန်နှင့် သူတို့၏ အမူအကျင့် များကို ထိန်းသိမ်းတတ်ရန်လည်းသင်ပေးသည်။



**အဖွဲ့အရွယ်အစား –** လူမှုအသိုင်းအဝိုင်းသဘောတူညီမှုကို တစ်တန်းလုံးမှရယူပြီး တစ်တန်းလုံးနှင့် ဆွေးနွေးရမည်။ ကျောင်းသားများက အဖွဲ့လိုက်ပါဝင်လုပ်ဆောင်သွားသောအခါ လူမှုအသိုင်းအဝိုင်း၏ သဘောတူညီမှုသည် ပိုမိုအားကောင်းလာလိမ့်မည်။



**လိုအပ်သောပစ္စည်းများ –** အများသဘောတူညီချက်ရရှိလာသောအခါ ကျောင်းသားများ၏ ပဏာမ ဆွေးနွေးချက်များကို ဆရာကရေးမှတ်ရန်နှင့် နောက်ပိုင်းတွင် အမြဲတမ်းအတွက်သဘောတူညီချက် အတည်ကို ဆရာကရေးမှတ်ရန် မြေဖြူသင်ပုန်းကြီး(သို့မဟုတ်) စာရွက်ချပ်ကြီးလိုအပ်ပါမည်။



## လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – ဆရာကကျောင်းသားများအား မိမိတို့၏မူလအဖွဲ့များတွင်သွားစုကြရန် ပြောပြပြီး အစပြုပါ။ မူလအဖွဲ့တိုင်းကို သူတို့ကောင်းမွန်စွာလုပ်နိုင်ခဲ့သော အဖွဲ့လိုက်လုပ်ဆောင်ချက်တစ်ခုခုကို စဉ်းစားခိုင်းပါ။ ထိုအဖွဲ့လိုက်လုပ်ဆောင်ချက်သည် ထူးထူးခြားခြား အကျိုးရလဒ်ကောင်းကိုထွက်ပေါ်စေပြီး ထိုအဖွဲ့တွင်

အဖွဲ့ဝင်ဖြစ်ရခြင်းကို နှစ်သက်ပျော်ရွှင်သောလုပ်ဆောင်ချက်မျိုးဖြစ်သည်။ ထို့နောက် ဆရာက ကျောင်းသားများကို ထိုအဖွဲ့လိုက်လုပ်ဆောင်ချက်ကဲ့သို့ အောင်မြင်အောင်အခြားအဖွဲ့များလုပ်လျှင် မည်သို့သောစည်းကမ်းချက်များနှင့် အမူအကျင့်ဆိုင်ရာစည်းမျဉ်းများကို လိုက်နာသင့်ကြောင်း အကြံပြုမည့်အချက်များကို စဉ်းစားခိုင်းပါ။

**အဆင့်(၂)** – ဆရာက အဖွဲ့တစ်ဖွဲ့အား စည်းမျဉ်းတစ်မျိုး၏ အမည်ကိုပေးခိုင်းပါ။ ထိုစည်းကမ်းများ၏စာရင်းကို မြေဖြူသင်ပုန်းပေါ်တွင်ရေးထားသည်။ ဆရာအနေဖြင့် ယခင်ကမထုတ်ပြောသေးသည့် စည်းမျဉ်းအသစ် စာရင်းတွင် ရေးချရန် တစ်ဖွဲ့စီအားမေးပါ။ ထို့နောက် ဤအချက်များကို သင်ပုန်းကြီးတွင်ရေးချပါ။

**အဆင့်(၃)** – အဖွဲ့အားလုံးက အကြံဉာဏ်များတင်ပြပြီးသောအခါ ဆရာက ထိုအကြံဉာဏ်များကို အဖွဲ့တစ်ခုလုံးနှင့် ပြန်လှန်ဆွေးနွေးပါ။ ဆရာက ကျောင်းသားများအား ယခုအခါ ဤအတန်းသည် လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှု တစ်စုံကိုရရှိရန် ကြိုးပမ်းနေကြောင်းပြောပြပါ။ ထိုသဘောတူညီမှုလမ်းညွှန်ချက်သည် အဖွဲ့များတွင်အကျိုးရှိသောအမူအကျင့်အတွက်ဖြစ်ပြီး အဖွဲ့ဝင်အားလုံး မိမိတို့ဆန္ဒအလျောက် အသင်းဝင်နိုင်ကြောင်းပြောပါ။ လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုသည် အချက်လေးချက်မှ ငါးချက်အထိ သူတို့မှတ်မိနိုင်သလောက်ထက် မပိုစေရ။ တူညီသောအချက်များကို ဆရာကပေါင်းစပ်ပြီး ထပ်နေသောအချက် အကြံဉာဏ်များကိုဖယ်ရှားခြင်းဖြင့် မြေဖြူသင်ပုန်းကြီး (သို့မဟုတ်) စာရွက်ချပ်ကြီးပေါ်တွင်ရေးချရန် လေးချက်(သို့မဟုတ်) ငါးချက်ကျန်ရှိလိမ့်မည်။



**စကားရိပ်** – လူမှုအသိုင်းအဝိုင်းသဘောတူညီမှုတွင် အောက်ပါအချက်များပါဝင်တတ်သည်။

- ❖ လူတိုင်းပါဝင်လုပ်ဆောင်သည်။
- ❖ မည်သူတစ်ဦးတစ်ယောက်မျှ အပေါ်စီးမှမလွှမ်းမိုး။
- ❖ ကျောင်းသားများ မိမိတို့၏လုပ်ငန်းတာဝန်အပေါ်တွင် စွဲစွဲမြဲမြဲရှိနေကြသည်။
- ❖ လူအချင်းချင်းချိုးနှိမ်ခြင်းမရှိ။ (ကျောင်းသားများအချင်းချင်း ကဲ့ရဲ့ဝေဖန်ခြင်းမပြုရန် ချုပ်တည်းကြရသည်။)
- ❖ ကျောင်းသားများ တက်ကြွစွာနားထောင်ခြင်း (active listening )ကို လက်တွေ့လေ့ကျင့်ရသည်။

**အဆင့်(၄)** – ဆရာက လူမှုအသိုင်းအဝိုင်းသဘောတညီမှုများကို ရယူခြင်းသည် အရေးကြီးကြောင်း ရှင်းပြပါ။ သို့သော် ကျောင်းသားများအဖွဲ့များတွင် ထိုသဘောတူညီချက်များ၏ လမ်းညွှန်မှုဖြင့်မလုပ်ဆောင်မီ နောက်ထပ်ဆက်လုပ်စရာများရှိကြောင်းပြောပြပါ။ စာရွက်ချပ်ကြီးပေါ်တွင် M- chart ဇယားကွက်ရေးဆွဲပါ။

ထို M-chart ဇယားတွင် အောက်ဖော်ပြပါ လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုမျိုးကို ရေးချပါ။

**တက်ကြွစွာနားထောင်မှုကိုလေ့ကျင့်ခြင်း**

| အမူအရာကဘယ်လိုလဲ | ပြောပုံကဘယ်လိုလဲ | ဘယ်လိုခံစားရသလဲ |
| --- | --- | --- |
| | | |

**အဆင့်(၅)** – ကျောင်းသားများ အချင်းချင်းတက်ကြွစွာ နားထောင်နေကြသောအခါ **"အမူအရာကဘယ်လိုလဲ"** ဟုမေးပါ။ စိတ်ပါလက်ပါ အာရုံစူးစိုက်၍ တက်ကြွစွာနားထောင်ခြင်းကို သင်ကိုယ်တိုင်နမူနာသရုပ်ဆောင်ပြရန် လိုအပ်လိမ့်မည်။ (ဆရာက"ကျောင်းသားတို့ စကားပြောနေတဲ့လူဘက်ကိုညွှတ်ကိုင်းကြပါ" ဟုဆိုနိုင်သည်။ ကျောင်းသားများက စကားပြောနေသူကို ကြည့်ကြပါစေ။ သဘောတူသည့်အနေမျိုးဖြင့်ခေါင်းညိတ်ကြလိမ့်မည်။)

**အဆင့်(၆)** – ကျောင်းသားများ တက်ကြွစွာနားထောင်ခြင်းနည်းဖြင့် နားထောင်လေ့ကျင့်နေစဉ်တွင် **"ပြောပုံက ဘယ်လိုလဲ"** ဟု ဆရာကမေးပါ။ (ပြောသူကပြော၍ ကျန်သူများက "အင်း"၊ "အဲဒါဟုတ်တယ်" ဟုပြောနေသည့် အကြောင်းကို ကျောင်းသားများကပြောကြလိမ့်မည်။)

**အဆင့်(၇)** – အခြားသူများတက်ကြွစွာနားထောင်ခြင်းနည်းဖြင့် နားထောင်လေ့ကျင့်နေစဉ် စကားပြောသူကို **"ဘယ်လိုခံစားရသလဲ"**ဟုဆရာကမေးပါ။ (ကျောင်းသားများကို– "စကားပြောသူအနေနဲ့ယုံကြည်စိတ်ချမှုခံစားရတယ်"။ "စကားပြောသူအနေနဲ့ အရေးကြီးကြောင်းခံစားရတယ်" "ဟန်ကျတယ်လို့ သူခံစားရတယ်" ဟု ပြောကြစေ)။

**အဆင့်(၈)** – နောက်ဆုံးအနေဖြင့် ဤလုပ်မှုအသိုင်းအဝိုင်း သဘောတူညီမှုတစ်ခုချင်းအတွက် M-chart စာရွက်ချပ်တစ်ခုစီပြုလုပ်ပြီး စာသင်ခန်းပတ်လည်တွင်ကပ်ထားပါ။

**အဆင့်(၉)** – နောင်တွင်ကျောင်းသားများအား လူမှုအသိုင်းအဝိုင်းသဘောတူညီချက်နည်းကို လေ့ကျင့်ကြရန် သတိပေးပါ။ ဥပမာ ကျောင်းသားများသည် အဖွဲ့ဖြင့်ပါဝင်လုပ်ဆောင်နေကြစဉ်တွင် ဆရာကအခန်းထဲတွင်သွားလာ၍ သူတို့လုပ်ဆောင်နေခြင်းကိုစောင့်ကြည့်ပါ။ ရံဖန်ရံခါတွင် လူမှုအသိုင်းအဝိုင်းသဘောတူညီမှုနည်းကို လက်တွေ့လုပ်နေခြင်း၊ တက်ကြွစွာအာရုံစိုက်၍နားထောင်ခြင်း၊ ကျောင်းသားအချင်းချင်းဝေဖန်ပြစ်တင်မှုမပြုဘဲ ခင်မင်ရင်းနှီးစွာ ပြောဆိုနေခြင်း စသဖြင့်ကို ဆရာက နမူနာထောက်ပြသင့်သည်။ ထိုသို့ပြုလုပ်ခြင်းသည် "အမူအရာကဘယ်လိုလဲ"၊ "ပြောပုံကဘယ်လိုလဲ" ဟု မေးမြန်းသတိပေးပါ။



**ပြန်လည်စဉ်းစားခြင်း –** ကျောင်းသားများထံမှ လူမှုအသိုင်းအဝိုင်းသဘောတူညီမှုရယူရန်နှင့် ထိုအချက်ကို လိုက်နာရန်သင်ပေးရခြင်းသည် အချိန်ကုန်ရကျိုးနပ်ပါသည်။ ကျောင်းသားများ အဖွဲ့တွင်ကိုယ့်ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်တတ်လျှင် အဖွဲ့လိုက်စုပေါင်းသင်ယူနည်းသည်ပိုမိုထိရောက်အကျိုးရှိနိုင်သည်။



**စကားရိပ် –** ကျောင်းသားအဖွဲ့များတွင် တွေ့ကြုံရတတ်သောပြဿနာတစ်ရပ်မှာ အဖွဲ့ဝင်များညီတူညီမျှပါဝင်ဆွေးနွေးခွင့် မရရှိခြင်းဖြစ်သည်။ အချို့ကျောင်းသားများသည် ဟောင်ဖွာဟောင်ဖွာပြောတတ်သောဗီဇသဘာဝရှိသဖြင့် ဆွေးနွေးပွဲစကားဝိုင်းတွင်လွှမ်းမိုးလျက်ရှိပြီး အချို့ကျောင်းသားများက စကားနည်းသောကြောင့် အဖိုးတန်အကြံဉာဏ်များကိုတင်ပြခြင်းမရှိဘဲ သိုသိပ်ထားတတ်ကြသည်။ အောက်ဖော်ပြပါ လုပ်ဆောင်ချက်လုပ်ထုံးလုပ်နည်းနှစ်ရပ်သည် ကျောင်းသားများအားဆွေးနွေးခန်းတွင် ညီတူညီမျှပါဝင်ခွင့်ရရှိရေး ကျင့်သားရစေရန် ရည်ရွယ်သည်။




## ဘောပင်များကိုအလယ်မှာချနည်း

ကျောင်းသားများအား အဖွဲ့လိုက်ရရှိသောအချိန်ကို ညီတူညီမျှခံစားနိုင်ရန်စုပေါင်းသင်ယူနည်းဗျူဟာတစ်မျိုးဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** စုပေါင်းသင်ယူမှုအဖွဲ့များတွင် ကျောင်းသားတစ်ယောက်က အဖွဲ့တစ်ခုလုံး၏ ပြောဆိုဆွေးနွေးမှုကိုလွှမ်းမိုးထားတတ်သည်။ ကျန်ကျောင်းသားများက အကြံဉာဏ်ဝေငှဖလှယ်ရန် အခက်အခဲတွေ့ရတတ်သည်။ ဘောပင်များကိုအလယ်မှာချနည်းသည် အဖွဲ့ဝင်တိုင်း စုပေါင်းသင်ယူမှုအဖွဲ့တွင် တန်းတူပါဝင်ခွင့်ရရှိစေရန်နှင့် ကျောင်းသားများတင်ပြဆွေးနွေးချက်အကြောင်းမေးမြန်းရန် ဆရာ၏စိတ်ကို လှုံ့ဆော်ပေးသည်။



**အဖွဲ့အရွယ်အစား –** ဘောပင်များကိုအလယ်မှာချနည်းသည် ကျောင်းသား(၃)ဦးမှ (၁၀)ဦးပါဝင်သောအဖွဲ့ငယ်များတွင် အထိရောက်ဆုံးဖြစ်သည်။

**လိုအပ်သောပစ္စည်းများ** –ကျောင်းသားတိုင်း ဘောပင် (သို့မဟုတ်) ခဲတံတစ်ချောင်းစီရှိထားရန်မှအပ မည်သည့်ပစ္စည်းမျှမလိုအပ်။

**လိုအပ်သောအချိန်** – ကျောင်းသားများ အခြားသောစုပေါင်းလုပ်ဆောင်မှုလုပ်နေစဉ် ဤနည်းကို တပြိုင်တည်းဆက်လုပ်နိုင်သည်။

**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – ကျောင်းသား(၃)ဦးမှ (၇)ဦးအထိပါဝင်သော စုပေါင်းသင်ယူသည့်အဖွဲ့တွင် ကျောင်းသားများက အကြံဉာဏ်များကို စတင်ဝေငှဖလှယ်နေစဉ် ကျောင်းသားတိုင်းသည် အဖွဲ့၏အလယ်တွင် ဘောပင် (သို့မဟုတ်) ခဲတံချထား၍ ပါဝင်လုပ်ဆောင်သော သင်္ကေတအမှတ်အသားပြုရမည်။

**အဆင့်(၂)** – ကျောင်းသားတိုင်း မိမိတို့၏ဘောပင် (သို့မဟုတ်) ခဲတံကို အဖွဲ့၏အလယ်တွင်မချထားမချင်း ဘယ်သူ တစ်ဦးတစ်ယောက်မျှ နောက်ထပ်အကြံဉာဏ်ကိုပြန်မတင်ပြရ။ အဖွဲ့သားအားလုံးက ဆွေးနွေးတင်ပြခွင့် တန်းတူ အခွင့်အရေးရရှိပြီး မည်သူကမျှလွှမ်းမိုးခြင်းမပြုရ။

**အဆင့်(၃)** – အကြံဉာဏ်မတင်ပြနိုင်သောကျောင်းသား (သို့မဟုတ်) နောက်ထပ်ဆွေးနွေးတင်ပြစရာမရှိသော ကျောင်းသားသည် မိမိ၏ဘောပင်ကို အဖွဲ့အလယ်တွင်ချထားလိုက်ပြီး "ကျော်လိုက်" ဟုပြောရမည်။

**အဆင့်(၄)** – အချိန်မရွေး ဆရာကအဖွဲ့အလယ်သို့သွားပြီး ဘောပင်တစ်ခုခုကိုကောက်ကာ ထိုဘောပင်၏ပိုင်ရှင်က ဘာတင်ပြခဲ့သလဲ ဟုမေးရမည်။

**စကားရိပ်** – ကျောင်းသားများကအဖွဲ့ငယ်တွင် အကြောင်းအရာတစ်ခုကို ဆွေးနွေးနေကြစဉ် လူတိုင်း ပါဝင်အောင်လုပ်နည်းတစ်မျိုးမှာ ကျောက်ခဲ (သို့မဟုတ်) ဂေါ်လီလုံးတစ်ခုခုကို စကားပြောသူတဦးမှ အခြားတစ်ဦးထံသို့ လက်ဆင့်ကမ်းပေးခိုင်းခြင်းဖြစ်သည်။ ထိုအရာဝတ္ထုကို လက်ဝယ်ကိုင်ထားသူ ကသာလျှင်စကားပြောရမည်။

## လှည့်သွား – လိုက်ပြော

သင်ခန်းစာ၏ကြိုတင်သိမြင်ခြင်းအပိုင်းကာလအတွင်း ကျောင်းသားများ အကြံဖလှယ်ကြရန်အတွက် စုပေါင်းသင်ယူသောလေ့ကျင့်ခန်းလုပ်ဆောင်ချက်ဖြစ်သည်။

**ကျိုးကြောင်းဆင်ခြင်မှု** – ဤနည်းသည် အချိန်တိုတိုအတွင်း အဖွဲ့ကြီးကြီးတွင် အကြံဉာဏ်များကို မြန်မြန်ဝေငှဖလှယ်ရန် အသုံးဝင်သောနည်းဖြစ်သည်။ လုပ်ဆောင်စဉ် အလွန်အသက်ဝင်တက်ကြွ၍ စိတ်ဓာတ်နိုးကြားမှုအလွန်မြင့်မားစေသောနည်းဖြစ်သည်။

**အဖွဲ့အရွယ်အစား** – ကျောင်းသား (၂၀) ဦးမှ (၃၀) ဦး (သို့မဟုတ်) (၃၀) အထက်အဖွဲ့ကြီး။

**လိုအပ်သောပစ္စည်းများ** – နေရာကျယ်ကျယ်။

**လက်တွေ့လုပ်ဆောင်ရန်**

**အဆင့်(၁)** – ဆရာက ကျောင်းသားများအား သင်ခန်းစာနှင့်ဆက်နွယ်နေသောပြဿနာကို အကျဉ်းချုပ်စဉ်းစားခိုင်းပါ။

**အဆင့်(၂)** – ထို့နောက်ကျောင်းသားများသည် အခန်း၏လွတ်နေသောနေရာသို့ လမ်းလျှောက်သွားရမည်။

**အဆင့်(၃)** – ဆရာက လက်ခုပ်တစ်ချက်တီးလိုက်သည့်အချိန်ထိ ကျောင်းသားများသည် အခန်း၏လွတ်နေသော နေရာတွင် ဟိုသွားဒီသွားလှည့်ပတ်သွားနေစေရမည်။

**အဆင့်(၄)** – ကျောင်းသားများသည် ဆရာမေးသောမေးခွန်းကို မိမိနှင့်အနီးဆုံးကျောင်းသားနှင့် ပြောဆိုဆွေးနွေး ရမည်။

**အဆင့်(၅)** – တစ်မိနစ်ခန့်ကြာပြီးနောက် ဆရာက လက်ခုပ်နှစ်ချက်တီးပါ။ ကျောင်းသားများဆက်၍ လှည့်ပတ် လျှောက်သွားကြမည်။

**အဆင့်(၆)** – ဆရာက နောက်ထပ်လက်ခုပ်တစ်ချက်ပြန်တီးလိုက်ပါ။ ကျောင်းသားများသည် လမ်းလျှောက်ရာမှရပ်ပြီး အနီးဆုံးလူနှင့် ပြန်၍စကားပြောကြမည်။

**အဆင့်(၇)** – တတိယအကြိမ် ဤနည်းအတိုင်းပြန်လုပ်ကြမည်။

**အဆင့်(၈)** – ကျောင်းသားများ အခြားကျောင်းသားများနှင့် သုံးကြိမ်ပြောဆိုပြီးလျှင် သူတို့အားလုံးကိုပြန်ထိုင်ကြရန် ဆရာကပြောပါ။

**အဆင့်(၉)** – သူတို့ထဲမှ လူအနည်းငယ် ၃–၄ ယောက်ကို အဖွဲ့ကြီးနှင့် အကြံဉာဏ်ဝေငှဖလှယ်ခိုင်းပါ။ မေးစရာမေးခွန်း ရှိသလားဟု ဆရာကမေးပါ။ မေးခွန်းများနှင့် အကြံဉာဏ်များကို ဆရာကမြေဖြူသင်ပုန်း (သို့မဟုတ်) စာရွက်ချပ် ပေါ်တွင်ရေးချပါ။

**အဆင့် (၁၀)** – ထိုအခါ ဆရာက ကျောင်းသားများအား "ဒီအကြံဉာဏ်တွေအကြောင်း ဒို့ပြောဆိုဆွေးနွေးကြရ အောင်။ ပြီးရင် အရေးကြီးကိစ္စ (၂)ရပ်ကို ရှာဖွေထောက်ပြကြမယ်" ဟုပြောပါ။

**ကိုယ်ပြောတာကို တခြားလူတွေက နားထောင်ခြင်း၊ ကိုယ့်ခံစားချက်ကို ဖော်ထုတ်နိုင်ခြင်း၊ ကိုယ့်ယုံကြည်ချက် ကိုပြောပြနိုင်ခြင်းနှင့် အခြားသူများ၏ခံစားချက်၊ ယုံကြည်ချက်များကို ကြားရခြင်းကား အဓိပ္ပါယ်ရှိလှပါပေ။**

**အထက်တန်း ကျောင်းသားတစ်ဦး Macedonia နိုင်ငံ**




## တစ်ကောင်နေ သုံးကောင်ပျံ (One Stay / Three Stray)


အတန်းတစ်ခုလုံးနှင့် အကြံဉာဏ်ကို ဖလှယ်သော စုပေါင်းသင်ယူနည်းတစ်မျိုးဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** ဤနည်းသည် ကျောင်းသားဦးရေများသောအတန်းတွင် အကြံဉာဏ်များကိုလျင်မြန်စွာဖလှယ်ရန်အသုံးဝင်သည်။ ဤနည်းမှာ ကျွမ်းကျင်သူကျောင်းသားများကို အခြားကျောင်းသားများအား သတင်းအချက်အလက်ဝေငှဖလှယ်ရာတွင် တာဝန်ယူစေသော စုပေါင်းသင်ယူနည်းများစွာကဲ့သို့ အကျိုးအခွင့်အလမ်းရှိသည်။




**အဖွဲ့အရွယ်အစား –** တစ်ကောင်နေသုံးကောင်ပျံနည်းသည် ကျောင်းသား(၄)ယောက်မှ (၅) ယောက် ပါဝင်သောမူလအဖွဲ့များနှင့် ကောင်းစွာအလုပ်ဖြစ်သည်။ အတန်းထဲတွင် ကျောင်းသားဦးရေမည်မျှ ဖြစ်စေပါဝင်၍လုပ်ဆောင်နိုင်သည်။



**လိုအပ်သောပစ္စည်းများ –** တစ်ဦးချင်းက အခြားအဖွဲ့များမှသင်ယူရရှိသောအကြံဉာဏ်များကို ရေးချရန် စာရွက်နှင့်ခဲတံများရှိထားလျှင် အထောက်အကူရပါမည်။



**လိုအပ်သောအချိန် –** ကျောင်းသားများ ဤနည်းကိုကျင့်သားရလျှင် စက္ကန့်ပိုင်းအတွင်းလုပ်ဆောင်နိုင်ပြီး အခြားအဖွဲ့သားများသို့သွားရောက်လည်ပတ်ရန် (၅)မိနစ် (၆)မိနစ် ထက်ပို၍လိုမည်မဟုတ်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – ကျောင်းသားများကို မူလအဖွဲ့များတွင် တစ်ဖွဲ့လျှင်ကျောင်းသား (၄)ဦးမှ (၅)ဦး အထိ ပါဝင်၍ ဖွဲ့စည်းရန်တာဝန်ချပါ။

**အဆင့်(၂)** – ဆရာက နာရီလက်တံလားရာအတိုင်း အခန်းကိုလှည့်ပတ်လျှောက်သွား၍ စားပွဲများကို နံပါတ်ပေးပါ။ စားပွဲတစ်ခုစီတွင်ဝိုင်းထိုင်ကြသော ကျောင်းသားများကိုလည်း နံပါတ် (၁) မှ ( ၄) (သို့မဟုတ်) (၅) အထိတစ်ဦးချင်း ပြောခိုင်းပါ။

**အဆင့်(၃)** – ကျောင်းသားများအား ဆွေးနွေးရန်မေးခွန်းတစ်ပုဒ် (သို့မဟုတ်) သရုပ်ဆောင်ပြရန် တာဝန်တစ်ရပ်ပေးပါ။

**အဆင့်(၄)** – သူတို့ရပ်နားချိန်အထိ (၁၅)မိနစ်ခန့် အတူဝိုင်းလုပ်ပြီးသောအခါ၊ ဆရာက နံပါတ် (၁) ကျောင်းသားများ အားမတ်တပ်ရပ်ခိုင်းပြီး စားပွဲတစ်ခုမှ နံပါတ်ပိုကြီးသောစားပွဲသို့ ပြောင်းရွှေ့ခိုင်းပါ။ (စားပွဲနံပါတ်(၁) မှ စားပွဲနံပါတ်(၂)သို့လည်းကောင်း၊ စားပွဲနံပါတ် (၂) မှ စားပွဲနံပါတ် (၃) သို့လည်းကောင်း၊ စားပွဲနံပါတ် (၃)မှ စားပွဲနံပါတ် (၄) သို့လည်းကောင်းစသည်ဖြင့်)။

**အဆင့်(၅)** – နံပါတ် (၁) လူများနေရာပြောင်းသွားပြီးနောက် နံပါတ် (၂) ကျောင်းသားများကို ပြန်မတ်တပ်ရပ်ခိုင်းပါ။ စားပွဲနံပါတ် (၁) မှ စားပွဲနံပါတ် (၃)သို့လည်းကောင်း၊ စားပွဲနံပါတ်(၂)မှ စားပွဲနံပါတ် (၄)သို့လည်းကောင်း ပြောင်းခိုင်းပါ။ နံပါတ်(၃) ကျောင်းသားများကို စားပွဲ(၃)ခုမြောက်ဆီသို့ပြောင်းခိုင်းပါ။ ဥပမာ စားပွဲနံပါတ်(၁) မှ စားပွဲနံပါတ်(၄) သို့ စသဖြင့်။ နောက်ဆုံး နံပါတ် (၄) (သို့မဟုတ်) နံပါတ်(၅) ကျောင်းသားများကို၊ နေရာမပြောင်းခိုင်းဘဲ မိမိတို့မူလ စားပွဲများတွင် ရှိနေစေပါ။

**အဆင့်(၆)** – မူလအဖွဲ့၏ကျန်နေသောသူများအား မေးခွန်းမေးရန်ရောက်လာသည့် ကျောင်းသားများကို ဆရာက ထိုအဖွဲ့မှ မေးခွန်းကိုမည်သို့ဖြေဆိုကြကြောင်း ရှာဖွေခိုင်းပါ။ သူတို့က မှတ်စုရေးပြီး ထိုမှတ်စုများကို မိမိတို့၏မူလစားပွဲသို့ ပြန်လည်ယူဆောင်သွားရန် ပြင်ဆင်ကြရမည်။ မူလစားပွဲတွင်နေရစ်ခဲ့သည့်ကျောင်းသားက မေးခွန်းကို မိမိ၏ အဖွဲ့သားများ မည်သို့ဖြေဆိုကြကြောင်း အရှင်းလင်းနိုင်ဆုံးဖြစ်အောင်ရှင်းပြရမည်။

**အဆင့် (၇)** – အချိန် (၅) မိနစ်မှ (၈) မိနစ်ကြာလျှင် ကျောင်းသားတိုင်းကို မိမိတို့၏မူလအဖွဲ့များသို့ ပြန်သွားခိုင်းပြီး အခြားစားပွဲမှ သူတို့သင်ယူသိရှိခဲ့သမျှကို အစီရင်ခံတင်ပြစေရန်ဖြစ်သည်။ ကျောင်းသားတိုင်းက မိမိသင်ယူခဲ့သမျှကို အစီရင်ခံတင်ပြရန် အချိန်(၃) မိနစ်စီယူရပါမည်။



**ပြန်လည်စဉ်းစားခြင်း –** တစ်ကောင်နေ သုံးကောင်ပုံနည်းသည် ကျောင်းသားများကို မတ်တပ်ထ၍ ရွှေ့ပြောင်းသွားလာခွင့်ပေးပြီး အခြားသူများနှင့်တစ်ယောက်ပြီးတစ်ယောက်တွေ့ရသောကြောင့် ကျောင်းသားများအတွက် ပျော်စရာကောင်းသောနည်းတစ်မျိုးဖြစ်သည်။ ကျောင်းသားများသည် အခြားအဖွဲ့မှကျောင်းသားများထံသွား၍ တွေ့ဆုံမေးမြန်းခြင်း၌ပျော်ရွှင်မှုခံစားရပြီး သူတို့မေးမြန်း၍သိရှိလာသမျှကို မိမိစားပွဲမှအဖွဲ့သားများအား ပြောပြရခြင်းကိုနှစ်သက်ကြ၏။ အကယ်၍ အစီအစဉ်ကိုသေချာကောင်းမွန်စွာ လုပ်ထားနိုင်ပါက ကျောင်းသားများသည် သူတို့၏အခြားစားပွဲအသစ်များသို့ လျင်မြန်စွာပြောင်းရွှေ့

သွားလာနိုင်ကြပါမည်။ တစ်ခါကTanzania နိုင်ငံမှ ဆဋ္ဌမတန်းကျောင်းသား(၈၀) ယောက်သည် (၁၀) စက္ကန့်အတွင်း မတ်တပ်ရပ်၍ နေရာသစ်များသို့သွားပြီးနောက် ပြန်၍သူတို့၏မူလနေရာများတွင် ထိုင်နိုင်ကြကြောင်းတွေ့ကြုံခဲ့ရ၏။




## ပညာရှင်များငြင်းခုံဆွေးနွေးခြင်း


ကျောင်းသားများအား အကြောင်းကိစ္စတစ်ရပ်၏ အမြင်တစ်ဖက်စီမှအချေအတင်ပြောဆိုကြရန် ဦးတည်သော စုပေါင်းသင်ယူမှုလုပ်ဆောင်ချက်တစ်မျိုးဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** ရပ်တည်မှုတစ်ခုတွင်နေရာယူပြီး ထိုရပ်တည်မှုဘက်မှအကျိုးအကြောင်း အထောက်အထားများဖြင့် ကာကွယ်ပြောဆိုခြင်းသည် ဒီမိုကရေစီလူ့အသိုင်းအဝိုင်း၏ မရှိမဖြစ် လိုအပ်သော ကျွမ်းကျင်မှုတစ်မျိုးဖြစ်၏။ မိမိ၏ခံယူချက်သဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသောအဆိုများကို လက်ခံစဉ်းစားရန်သင်ယူခြင်းသည် ပြဿနာတစ်ရပ်ကို ခိုင်ခိုင်မာမာစဉ်းစားရန်နှင့် အချက်အလက်ပြည့်ပြည့်စုံစုံ ဆုံးဖြတ်ချက်ချနိုင်ရန်အရေးကြီးသောခြေလှမ်းတစ်ခုဖြစ်သည်။ ပညာရှင်များငြင်းခုံဆွေးနွေးခြင်း အချေအတင်နည်းသည် ကျောင်းသားများက ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကျွမ်းကျင်မှုကိုလေ့လာစဉ်တွင် ကျောင်းသားများအဖွဲ့၏ ထောက်ပံ့မှုကို ရရှိစေသောနည်းဖြစ်သည်။




**အဖွဲ့အရွယ်အစား –** အဖွဲ့ဝင်(၄)ဦးပါသော မူလအဖွဲ့ဖြင့် ကျောင်းသားများဤနည်းကို လေ့ကျင့်လျှင်အကောင်းဆုံးဖြစ်သည်။ အကယ်၍လိုအပ်လျှင်အဖွဲ့ဝင်(၅)ဦးဖြင့်လည်း လေ့ကျင့်နိုင်သည်။ စာသင်ခန်းအတွင်း (၄)ယောက်တစ်ဖွဲ့စီဖြင့် အဖွဲ့အရေအတွက်မည်မျှဖြစ်စေရှိနိုင်သည်။



**လိုအပ်သောပစ္စည်းများ –** ဤနည်းသည် ပစ္စည်းတစ်စုံတစ်ခုမျှမလိုအပ်ပါ။ သို့သော် ကျောင်းသားတိုင်းသည် သူတို့၏အကြံဉာဏ်များကို ရေးမှတ်ရန် စာရွက်နှင့်ခဲတံတစ်ချောင်းစီရှိလျှင် အထောက်အကူရပါမည်။



**လိုအပ်သောအချိန်** – ဤလုပ်ဆောင်ချက်ကို မိနစ် (၂၀) အတွင်းလေ့ကျင့်နိုင်သည်။



### လက်တွေ့လုပ်ဆောင်ချက်

**အဆင့် (၁)** – ဆရာက ကျောင်းသားများအား လေးယောက်တစ်ဖွဲ့ ဖွဲ့ခိုင်းပါ။ ဆရာက ကျောင်းသားများကို ဆွေးနွေးရန်မေးခွန်းတစ်ပုဒ်ပေးထားပါ။ ထိုမေးခွန်းတွင် "ဟုတ်"၊ "မဟုတ်" အဖြေမျိုးရှိရမည်ကို သတိပြုပါ။

**အဆင့်(၂)** – မေးခွန်း၏ဆိုလိုရင်းကို ကျောင်းသားများတစ်သဘောတည်း နားလည်သဘောပေါက်ပြီး၊ အဘယ်ကြောင့် ထိုသို့နားလည်သဘောပေါက်ရန် အရေးကြီးကြောင်းသိရှိရန် ဆရာက ကျောင်းသားများအား လေးယောက်တစ်ဖွဲ့ အဖွဲ့များတွင်ဆွေးနွေးခိုင်းပါ။

**အဆင့်(၃)** – ထို့နောက်ဆရာက ကျောင်းသားများအား အဖွဲ့တွင် ၁၊ ၂၊ ၃၊ ၄ နံပါတ်ရွတ်ဆိုခိုင်းပါ။ နံပါတ်(၁) နှင့် နံပါတ်(၂) ကျသောကျောင်းသားများအား "ဟုတ်" အဆိုဘက် အတွက်ပြင်ဆင်ခိုင်းပါ။ နံပါတ်(၃) နှင့် နံပါတ်(၄) ကျသောကျောင်းသားများအား "မဟုတ် ဒို့သဘောမတူဘူး" ဟူသည့် အချေဘက်ရှုထောင့်အမြင်များကို ပြင်ဆင်ထားခိုင်းပါ။

**အဆင့်(၄)** – ဆရာက အဖွဲ့တိုင်းမှ အတွဲ (၂) တွဲစလုံးအား သူတို့၏ရပ်တည်ချက်အတွက် အကြောင်းပြချက်များကို စာရင်းပြုစုရန်အတွက် အခြားနေရာသို့သွား၍ (၅)မိနစ်ခန့် ပြင်ဆင်ခိုင်းပါ။

**အဆင့်(၅)** – ဆရာက နောက်ငါးမိနစ်စေ့လျှင် အချိန်ကိုသတိပေးပါ။ နံပါတ်(၁) (သို့မဟုတ်) နံပါတ်(၂) ရသော ကျောင်းသားတစ်ဦးစီတိုင်းသည် နံပါတ်(၁)နှင့် နံပါတ်(၂ )ကျသော အခြားကျောင်းသားတစ်ဦးဦးကို သွားရှာရန် ဆရာကပြောပါ။ နံပါတ်(၃)နှင့် နံပါတ်(၄) ကျသောကျောင်းသားများလည်း အခြားသောနံပါတ်(၃)နှင့် နံပါတ် (၄) ကျောင်းသားအဖော်တစ်ဦးကို အသီးသီးရှာရန်ပြောပါ။ သုံးမိနစ်အတွင်း မိမိတို့အဖော်၏အကြောင်းပြချက်များကို ကြားနာပြီး ယခင်ကမတွေးမိသောအကြောင်းအရာသစ်ကို ရေးချကြရန်ပြောပါ။

**အဆင့်(၆)** – ဆရာက အချိန်ပြန်၍သတိပေးပါ။ ယခုဆရာက ကျောင်းသားများအား သူတို့၏ မူလနှစ်ယောက်အတွဲ ထံသို့ပြန်သွားခိုင်းပြီး အကြံဉာဏ်များစုစည်းကြပါစေ။ အတွဲတိုင်းသည် မိမိတို့၏ရပ်တည်ချက်ကို ထောက်ခံအထောက် အကူပြုမည့်အကောင်းဆုံးအကြောင်းပြချက်များကို စဉ်းစားပြီး (၄)ယောက်အဖွဲ့မှ အခြားဆန့်ကျင်ဘက်အဆိုများနှင့် စကားရည်လုရန် ပြင်ဆင်ကြရမည်။ စကားရည်လုရန်အတွက် မိမိတို့အဆိုကို ဝါကျတစ်ကြောင်းရေးဖွဲ့ပြီး မိမိတို့ ရပ်တည်ချက်ကို အထောက်အကူပြုသော အကြောင်းရင်းနှစ်ချက် (သို့မဟုတ်) သုံးချက် ရေးချထားသင့်သည်။

**အဆင့်(၇)** – နောက်ထပ် ငါးမိနစ်လွန်သော် ဆရာက ကျောင်းသားအတွဲများကို သူတို့အဖွဲ့မှအခြားကျောင်းသား တွဲများနှင့်ပူးပေါင်းပြီး စကားရည်လုပွဲတွင်ပါဝင်ပြောဆိုကြစေ။ စကားရည်လုပွဲအတွက် တစ်သင်းက မိမိတို့၏ရပ်တည် ချက်ကို ခိုင်လုံသောအထောက်အထားအကြောင်းအရင်းများဖြင့် သက်သေပြပြောဆိုပြီး အခြားဆန့်ကျင်ဘက်အဆို အသင်းကလည်း ထိုနည်းအတိုင်းမိမိတို့အဆိုဘက်မှ ရပ်တည်ပြောဆိုကြမည်။ ထို့နောက် အခြားတဖက်အသင်း၏ အဆိုနှင့်ကောက်ချက်များကို ငြင်းဆိုဆွေးနွေးကြမည်။

**အဆင့်(၈)** – ဆရာက စကားရည်လုပွဲကို အချိန်(၆) မိနစ် (သို့မဟုတ်) (၇)မိနစ် ဆက်လက်ပြောဆိုခွင့်ပြုပါ။ ထို့နောက် ကျောင်းသားများသည် မိမိကိုတာဝန်ပေးထားသောဘက်ကို စွန့်လွှတ်နိုင်ပြီး မိမိအမှန်တကယ်ယုံကြည်သောဘက်သို့ ပြောင်းနိုင်ကြောင်း ဆရာကပြောပြပါ။ ကျောင်းသားများအဖွဲ့အားလုံး အများသဘောတူသည့် အချက်တစ်ချက်ရရှိ နိုင်မည်လားဟုမေးပါ။ ဆိုလိုသည်မှာ လူတိုင်းသဘောတူနိုင်သည့် ရပ်တည်ချက်အနေအထားတစ်ခုနှင့် အဆိုပါရပ် တည်ချက်ကို ထောက်ခံသောအကြောင်းရင်းများ ဟုဆိုလိုသည်။

**အဆင့်(၉)** – ဆရာက အဖွဲ့တိုင်းမှလူတစ်ဦးစီကိုဖိတ်ခေါ်ပြီး စကားရည်လုပွဲတွင် မိမိတို့အဖွဲ့၏နိဂုံးချုပ်ချက်ကို ဖေါ်ပြ ခိုင်းပါ။



## ပြဿနာတစ်ခုကိုလဲလှယ်ခြင်း


ပြဿနာတစ်ခုကိုလဲလှယ်ခြင်းနည်းသည်ကျောင်းသားများအား သူတို့လေ့လာမည့်ခေါင်းစဉ်တွင် အရေးကြီးသည့်ကိစ္စတစ်ရပ်ကိုရှာခိုင်းပြီး အခြားအဖွဲ့ကိုဖြေခိုင်းရန် ပြဿနာတစ်ရပ်ကိုဖန်တီးသည့် စုပေါင်းသင်ယူမှုလုပ်ဆောင်ချက်တစ်မျိုးဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** ဤနည်းမှာ ကျောင်းသားများအား သင်ခန်းစာရှိအရေးကြီးသောအရေး ကိစ္စကိုရှာဖွေထောက်ပြခိုင်းပြီး ထိုအရေးကိစ္စနှင့်ဆက်စပ်သည့်ပြဿနာများကိုဖန်တီးကာ အခြား ကျောင်းသားများနှင့်လည်း အပြန်အလှန်ပြောဆိုဆွေးနွေးသောနည်းဖြစ်သည်။




**အဖွဲ့အရွယ်အစား –** ကျောင်းသားများသည် လေးယောက်တစ်ဖွဲ့လုပ်ဆောင်လျှင် ဤနည်းသည် အကောင်းဆုံးဖြစ်၏။ အကယ်၍လိုအပ်ခဲ့သော် ကျောင်းသားငါးယောက်အဖွဲ့နှင့်လည်း ဤနည်းကို ကောင်းမွန်စွာအသုံးပြုနိုင်သည်။ စာသင်ခန်းတွင် ကျောင်းသားလေးယောက်အဖွဲ့အရေအတွက် မည်မျှ ဖြစ်စေထားရှိနိုင်သည်။



**လိုအပ်သောပစ္စည်းများ** – ဤနည်းသည် ဘယ်ပစ္စည်းမျှမယ်မယ်ရရ အသုံးပြုရန်မလိုပေ။ သို့သော် ကျောင်းသားတိုင်း အကြံဉာဏ်များကိုရေးမှတ်ရန် စာရွက်နှင့်ခဲတံကိုယ်စီရှိလျှင် အထောက်အကူဖြစ်ပါလိမ့်မည်။



**လိုအပ်သောအချိန်** – ဤလုပ်ဆောင်ချက်ကို (၁၅)မိနစ်မှ မိနစ်(၄၀) အတွင်းလုပ်ဆောင်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – ကျောင်းသားအဖွဲ့တိုင်းကို စာရွက်ပေါ်တွင် ပြဿနာကိုရေးချခိုင်းပြီး ထိုစာရွက်ကို အခြားအဖွဲ့သို့ကမ်းပေးခိုင်းပါ။

**အဆင့်(၂)** – ထိုအခြားအဖွဲ့က ပြဿနာကိုဖြေရှင်းရမည်။ အဖွဲ့တိုင်းက ပြဿနာအဆိုကိုရရှိသောအခါ ထိုပြဿနာ၏ အဖြေကိုစဉ်းစားရန် အချိန်အတိုင်းအတာတစ်ခု အညီအမျှရရှိကြမည်။

**အဆင့်(၃)** – (နှစ်သက်လျှင်သုံးနိုင်) သူတို့ပြဿနာဖြေရှင်းပြီးလျှင် အဖွဲ့သားများသည် အခြားအဖွဲ့အား ထိုပြဿနာနှင့် ပြဿနာ၏အဖြေကိုသင်ပေးရန် အစီအစဉ်ဆွဲရမည်။ သူတို့သည် သူတို့၏သင်ခန်းစာကို သင်ပေးသောအခါ

(၁)ပြဿနာကို ပြသာပြပါ၊ မပြောပါနှင့်။
(၂)ကျောင်းသားများကို ပါဝင်ခိုင်းပါ။




## ဆွေးနွေးခန်းများမှအထူးကဏ္ဍများ


ဆွေးနွေးခန်းတွင် အထူးကဏ္ဍများဆိုသည့်နည်းမှာ သတ်မှတ်ထားသောဘာသာရပ်တစ်ခုအတွင်းမှ အဖွဲ့ငယ်များတွင် ဆွေးနွေးမှုများကို ကိုင်တွယ်ဖြေရှင်းသော စုပေါင်းသင်ယူသောနည်းတစ်မျိုးဖြစ်သည်။ ဆွေးနွေးခန်းတွင်အထူးကဏ္ဍများနည်းမှာ ဖတ်စာတစ်ပုဒ်ကိုဖတ်ပြီးနောက် (သို့မဟုတ်) ခေါင်းစဉ်တစ်ခုကို တင်ပြပြီးနောက် အသုံးပြုရန်ဖြစ်သည်။ လုပ်နည်းလုပ်ဟန်မှာ လူတိုင်းက ဖတ်စာခေါင်းစဉ်တစ်ခုတည်းကို ဝိုင်းဆွေးနွေးခြင်းဖြစ်၏။ ကျောင်းသားတိုင်းသည် ကွဲပြားသောကဏ္ဍတစ်ခုစီတွင်ပါဝင်ခြင်းဖြင့် ကွဲပြားသောရှုထောင့်အမြင်များကို တင်ပြရသည်။ ပါဝင်ရသောအခန်းကဏ္ဍများသည် နားလည်မှုရှုထောင့်များ၏ အရေးကြီးသောအချက်များကို ရွေးချယ်ထားသောကြောင့် ဤနည်းသည် ကျောင်းသားများအား ထိုရှုထောင့်များအပေါ် တက်ကြွစွာသင်ယူခြင်းကို ဖြစ်စေသည်။ နောက်ပိုင်းတွင် ကျောင်းသားများ မိမိဘာသာမိမိလေ့လာသောအခါ သူတို့သည် ဤနည်းမျိုးစုံမှ အခန်းကဏ္ဍများကို ပေါင်းစပ်၍ အကြောင်းအရာကို နားလည်သဘောပေါက်နိုင်စွမ်းရှိကြပေမည်။



**ကျိုးကြောင်းဆင်ခြင်မှု** – စာပေဆိုင်ရာ ဖတ်စာတစ်ခုခုကို နည်းမျိုးစုံဖြင့်စဉ်းစားနိုင်ရာ ဤနည်းသည် ကျောင်းသားများအား ထိုစဉ်းစားနည်းအမျိုးမျိုးကို လေ့ကျင့်ခွင့်ပေးသည်။ ဤနည်းကို အခြားဘာသာရပ်များတွင် အသုံးပြုသောအခါ ထိုဘာသာရပ်ဆိုင်ရာအကြောင်းအရာတစ်ခုကို တခြားနည်းဖြင့်စဉ်းစားရန် ဖော်ပြပေးသည်။ ဤနည်းသည် ကျောင်းသားများအား ဆွေးနွေးခန်းတွင် တက်ကြွစွာပါဝင်ရန် သင်ပေးပြီး ဆွေးနွေးခန်းမှအကြောင်းအရာအားလုံးကို သင်ယူရန်လည်းကောင်း၊ အခြားအတန်းဖော်များ တတ်မြောက်ရေးအတွက် တာဝန်ယူတတ်ရန်လည်းကောင်း၊ တစ်ကြိမ်လျှင်ခေါင်းစဉ်တစ်မျိုးကို နားလည်နည်းတစ်မျိုးဖြင့် လေ့ကျင့်နိုင်ရန်လည်းကောင်း သင်ကြားပေးသည်။




**အဖွဲ့အရွယ်အစား** – ဆွေးနွေးခန်းများမှအထူးကဏ္ဍများနည်းကို ကျောင်းသားလေးဦးမှ ငါးဦးပါဝင်သောအဖွဲ့ငယ်များတွင် အသုံးချရသည်။ စာသင်ခန်းတွင် ထိုကဲ့သို့သောအဖွဲ့ငယ်အရေအတွက်မည်မျှဖြစ်စေရှိနိုင်သည်။



**လိုအပ်သောပစ္စည်းများ** – ကျောင်းသားများ မိမိဘာသာဖတ်ရန် ဖတ်စာမိတ္တူများရှိရမည်။ (သို့မဟုတ်) ဖတ်ပြရမည်ဆိုလျှင် အသံထွက်ဖတ်ရန် ဖတ်စာတစ်အုပ်ရှိရမည်။ စာရေးစားပွဲများကို ရွှေ့ပြောင်းနိုင်လျှင် အဖွဲ့များကိုအုပ်စုလိုက်ထိုင်နိုင်ရန်စီစဉ်ပါ။ အကယ်၍ ကျောင်းသားများက ခုံရှည်များတွင်ထိုင်လျှင် နောက်ဘက်သို့လှည့်ထိုင်၍ အခြားခုံဘက်မှကျောင်းသားများနှင့် အုပ်စုတွဲနိုင်သည်။



**လိုအပ်သောအချိန်** – ဤလုပ်ဆောင်ချက်သည် (၁၅)မိနစ်မှ မိနစ်(၄၀) အထိကြာတတ်သည်။



## လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – ဤလုပ်ဆောင်ချက်ကိုမစတင်မီ ဖတ်စာကို ဖတ်ပြီးဖြစ်ရမည်။ (သို့မဟုတ်) အကြောင်းအရာပါရှိသောစာရွက်များကိုတင်ပြပြီးဖြစ်ရမည်။ ဆရာကလည်း မူလအဖွဲ့များတွင်ပါရှိသော ကျောင်းသားအရေအတွက်နှင့်ကိုက်ညီသည့် အခန်းကဏ္ဍအရေအတွက်ကို ရွေးချယ်ထားရမည်။ စာပေဆိုင်ရာဘာသာရပ်အတန်းတွင်သုံးနိုင်ရန် ကဏ္ဍအချို့ကို အောက်တွင်ဖော်ပြပေးထားသည်။

**အညွှန်းစာပိုဒ်ရှာဖွေသူ** – ဤကျောင်းသား၏တာဝန်မှာ အသံထွက်ဖတ်ပြသည်ကို နားထောင်လိုသည့် ဖတ်စာထဲမှစာပိုဒ်အချို့ကိုရွေးထုတ်ရမည်။

**စုံစမ်းမေးမြန်းသူ** – ဤကျောင်းသား၏တာဝန်မှာ ဖတ်စာနှင့်ဆက်နွယ်သော မည်သည့်ခေါင်းစဉ်အပေါ်မဆို နောက်ခံအချက်အလက်အကြောင်းအရာများကို ရှာဖွေရန်ဖြစ်သည်။

**ဆက်စပ်ပေးသူ** – ဤကျောင်းသားလုပ်ရမည့်အလုပ်မှာ ဖတ်စာအုပ်ထဲမှအကြောင်းအရာနှင့် အပြင်လောကကို ဆက်စပ်ပေးရန်ဖြစ်သည်။

**မေးခွန်းမေးသူ** – ဤကျောင်းသား၏တာဝန်မှာ ဆွေးနွေးခန်းမတိုင်မီ အဖွဲ့သားများဆွေးနွေးရန် မေးခွန်းများကိုရေးချထားရမည်။ အခြားသူနှင့် သူဆွေးနွေးလိုသောမေးခွန်းများကို ရေးချရမည်။

**စာလုံးရှာဖွေသူ** – ဤကျောင်းသား၏တာဝန်မှာ အတန်းထဲမှအဖွဲ့များ၏ အာရုံကိုဆွဲဆောင်ရန်နှင့် ဆွေးနွေးရန် အရေးကြီးသောစိတ်ဝင်စားဖွယ် ပဟေဠိဆန်ဆန်စာလုံးများ (သို့မဟုတ်) စာလုံးအသစ်များကို ရှာဖွေရန်ဖြစ်သည်။

**ဇာတ်ကောင်ကို အဓိပ္ပါယ်ဖော်သူ** – ဤကျောင်းသား၏တာဝန်မှာ ဇာတ်ကောင်များအကြောင်းကို သေချာစွာစဉ်းစားပြီး ထိုဇာတ်ကောင်များသည်မည်သည့်ပုံစံမျိုးဖြစ်ကြောင်း အခြားကျောင်းသားများနှင့် ဆွေးနွေးရန်ဖြစ်၏။

**ရေးဆွဲပုံဖော်သူ** – ဤကျောင်းသား၏တာဝန်မှာ အရေးကြီးဇာတ်ကောင်များ၏ ရုပ်ပုံကိုရေးဆွဲပုံဖော်ခြင်း၊ ဇာတ်လမ်းသရုပ်ဖော်ပုံရေးဆွဲခြင်း (သို့မဟုတ်) ဇာတ်ကောင်များ၏ သရုပ်ဆောင်အမူအရာများကို ရေးဆွဲခြင်းဖြင့်၊ ကျောင်းသားများက ရုပ်ပုံများအကြောင်းဆွေးနွေးရန်ဖြစ်သည်။

**ခရီးစဉ်နောက်ကြောင်းလိုက်သူ –** ဖတ်စာတွင်ဇာတ်ကောင်များ တစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့သွားသောအခါ ဤကျောင်းသား၏တာဝန်မှာ သူတို့၏လှုပ်ရှားမှုများကို နောက်ကြောင်းလိုက်ရန်ဖြစ်သည်။

**အဆင့်(၂)** – ကျောင်းသားများအား အဖွဲ့ဝင်လေးဦး (သို့မဟုတ်) ငါးဦးပါဝင်သော မူလအဖွဲ့များတွင် တာဝန်ချပေးရန်ဖြစ်သည်။

**အဆင့်(၃)** – အဖွဲ့တစ်ခုစီတွင် ကျောင်းသားများနံပါတ်(၁) မှ နံပါတ်(၄) (သို့မဟုတ်) (၅) အထိ တစ်ဦးချင်းရွတ်ဆိုပါ။ နံပါတ်တိုင်းကို သင်ရွေးချယ်ထားသော ကဏ္ဍထဲမှတစ်ခုစီတာဝန်ပေးထားပါ။

**အဆင့်(၄)** – ဂျစ်ဆောနည်းကို သင်အသုံးပြုနေစဉ် ကျောင်းသားများအား ကျွမ်းကျင်သူအဖွဲ့များဆီသို့ ပို့ပေးပြီး၊ ကဏ္ဍတစ်ခုစီမှ သင်ခန်းစာအကြောင်းအရာများကို သင်ပြနည်းများအားစီစဉ်ခိုင်းပါ။ ဥပမာ မည်သည့်ညွှန်းချက်များကို ဝေငှဖလှယ်ရမည်ဟု ဆုံးဖြတ်ရန်နှင့် သူတို့၏မူလအဖွဲ့များတွင် မည်သို့ဆွေးနွေးမည်ဟုဆုံးဖြတ်ရန် အညွှန်းစာဗီုရှာဖွေသူအဖြစ် တာဝန်ကျသည့်ကျောင်းသားများအား အတူတကွဆောင်ရွက်ရန် လွှတ်ပေးပါ။ သူတို့အား ကျွမ်းကျင်သူအဖွဲ့များတွင်လုပ်ဆောင်ကြရန် အချိန်(၅)မိနစ် မှ (၈)မိနစ်ပေးပါ။

**အဆင့်(၅) –** ကျောင်းသားများအား မူလအဖွဲ့များသို့ပြန်ခေါ်ယူလိုက်ပါ။ သူတို့၏မူလအဖွဲ့များတွင် ကျောင်းသားတိုင်းအား မိမိတို့တာဝန်ကျသည့်အပိုင်းကို ဦးဆောင်ဆွေးနွေးရန် အချိန်သုံးမိနစ်မှငါးမိနစ်အထိ အတိအကျကန့်သတ်ပေးပါ။



**စကားရိပ် –** ဤအခန်းကဏ္ဍများကို ပိုမိုအောင်မြင်စွာအသုံးချနိုင်ရန် အကြံပေးချက်ငါးချက်ကို အောက်တွင်တင်ပြပေးထားသည်။

၁။ ပထမဆုံးအကြံပေးချက်မှာ အတန်းတစ်ခုလုံးကိုတစ်ကြိမ်လျှင် နည်းတစ်မျိုးသင်ပေးရန်ဖြစ်သည်။ ပုံပြင်ဝတ္ထုတစ်ပုဒ်ကိုဖတ်ပြ (သို့မဟုတ်) နှုတ်ဖြင့်ပြောပြပြီး ဇာတ်လမ်း၏အခန်းကဏ္ဍများထဲမှ တစ်ခုကိုမိတ်ဆက်ပေးပါ။ ဥပမာ-ဆက်သွယ်ပေးသူ၏ကဏ္ဍ။ ထို့နောက် သင်ခန်းစာမှအကြောင်းအရာတစ်ခုနှင့် အပြင်လောကတစ်ကယ့်ဘဝမှ အဖြစ်အပျက်ကိုဆက်စပ်ပေးပါ။ ထို့နောက် ကျောင်းသားအတော်များများအား အလားတူလုပ်ဆောင်ကြရန်ဖိတ်ခေါ်ပါ။ ကျောင်းသားများ ထိုနည်းများကို အဖွဲ့ဆွေးနွေးခန်းများတွင်အသုံးမပြုမီ ရက်ပေါင်းအတော်များများအတွင်း ကဏ္ဍပေါင်းများစွာကို ဤကဲ့သို့မိတ်ဆက်ပေးနိုင်သည်။

၂။ ကျောင်းသားများအား သူတို့သိသောအကြောင်းအရာကိုမပြောခိုင်းဘဲ သူတို့သရုပ်ဆောင်သော ကဏ္ဍများမှ မေးခွန်းများမေးရန် အားပေးတိုက်တွန်းပါ။ ဥပမာ ဇာတ်ကောင်ကိုအဓိပ္ပါယ်ဖော်သူက ဇာတ်ကောင်မြေပုံ (သို့မဟုတ်) သရုပ်ဆောင်တစ်ဦးအကြောင်း အပြုအမူကွန်ယက်ပုံကိုဝိုင်းရေးဆွဲရန် အခြားကျောင်းသားများအားဖိတ်ခေါ်ပါ။ အခြားကျောင်းသားများက သူတို့၏အကြံဉာဏ်များကို ဝေငှဖလှယ်ပြီးနောက်မှသာ မိမိ၏အမြင်၊ အကြံဉာဏ်ကို တင်ပြရန်အားထုတ်ပါ။

၃။ သတ်သတ်မှတ်မှတ်ဆွေးနွေးရန် အသုံးဝင်မည့်ကဏ္ဍများကိုသာရွေးချယ်ပါ။ တစ်ခါတစ်ရံ ကဏ္ဍလေးခုမှငါးခု ဆိုလျှင် လုံလောက်တတ်သည်။

၄။ ကျောင်းသားများအား ကဏ္ဍလဲလှယ်၍တစ်လှည့်စီ သရုပ်ဆောင်ခိုင်းပါ။ ဆွေးနွေးချက်များစွာလုပ်ဆောင်စဉ် ကျောင်းသားတိုင်းအား ကဏ္ဍပေါင်းများနိုင်သလောက် များများသရုပ်ဆောင်ခိုင်းသင့်သည်။ ကျောင်းသားများ ကဏ္ဍအမျိုးမျိုးတွင်သရုပ်ဆောင်ရသော စုပေါင်းအတွေ့အကြုံသည် ကျောင်းသားတစ်ဦးစီ၏ စာပေနှင့်ပတ်သက်သော အသိအမြင်အပေါ်ရှုထောင့်ပေါင်းစုံ ထပ်လောင်းပေးနိုင်သည်။

**၅။** စာပေဆိုင်ရာ စာအုပ်စာတမ်းများ၏ ကြွယ်ဝသောဆွေးနွေးချက်များထက်ပို၍ သရုပ်ဆောင်ကဏ္ဍများကို ဖိအား မပေးမိရန်သတိပြုပါ။ ကျောင်းသားများအား သူတို့၏အခန်းကဏ္ဍများတွင် သရုပ်ဆောင်ခိုင်းခြင်းသည် လုပ်ငန်းတစ်ခု နှင့်ပတ်သက်၍ သူတို့၏ကိုယ်ပိုင်အမြင်ကို ဆွေးနွေးခြင်းသို့ရောက်ရှိစေမည့် နည်းလမ်းတစ်မျိုးဖြစ်သည်။ ဆွေးနွေး မှုလုပ်ဆောင်နေပြီဆိုလျှင် သရုပ်ဆောင်သည့်အခန်းကဏ္ဍများကို လွှတ်ထားလိုက်ပြီး ပြောဆိုဆွေးနွေးမှုကို ဆက်လက် လုပ်နေပါစေ။

## အခြားဘာသာရပ်များအတွက်ဆွေးနွေးရန်ကဏ္ဍများ

ဘာသာရပ်အမျိုးမျိုးတွင် ဖတ်စာများကိုနားလည်၍ လက်တွေ့အသုံးချနိုင်ရန် စဉ်းစားနည်းအမျိုးမျိုးလို အပ်သည်။ ပထဝီဝင်သင်ခန်းစာအတန်းတွင် ဆွေးနွေးခိုင်းရန်နည်းများကို အသုံးပြုလိုလျှင် ဆရာတစ်ဦးက အောက်ပါ ကဏ္ဍများ ရှာထားရမည်။

**မြေပုံထုတ်သူ** – မေးမြန်းသည့် ဧရိယာကိုရေးဆွဲမည့် ကျောင်းသားတစ်ဦး။

**သမိုင်းပညာရှင်** – မေးခွန်းပါ  အရပ်ဒေသဧရိယာ၏ နောက်ခံအကြောင်း အနည်းငယ်ပြောပြမည့် ကျောင်း သားတစ်ဦး။

**ဘူမိဗေဒပညာရှင်** – လေ့လာနေသည့်အရပ်ဒေသ၏ မြေဆီလွှာအမျိုးအစားနှင့် ရာသီဥတု အစရှိသော ပထဝီဝင် အနေအထားကို ရှင်းပြမည့်ကျောင်းသားတစ်ဦး။

**စီးပွားရေးပညာရှင်** – မြေယာပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ဆက်နွယ်နေသော စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ကျောင်းသားများပါဝင်ဆွေးနွေးမည့် အခန်းကဏ္ဍအမျိုးမျိုးကို ပြောပြသူကျောင်းသား တစ်ဦး။

**မနုဿဗေဒပညာရှင်** – အဆိုပါနယ်မြေဒေသဧရိယာတွင် နေထိုင်သောလူများအကြောင်း၊ ထိုလူများ၏ ရိုးရာဓလေ့ထုံးစံများနှင့် သူတို့၏ယဉ်ကျေးမှုအကြောင်းပြောပြမည့် ကျောင်းသားတစ်ဦး။

သင်္ချာသင်တန်း စာသင်ခန်းတွင် အောက်ပါကဏ္ဍများပါဝင်မည်။

**ပုစ္ဆာကိုအနက်ဖွင့်သူ** – လုပ်ရမည့်လက်ရှိကိစ္စကို လူတိုင်းနားလည်ရန် ပုစ္ဆာကိုပြန်လည်ရှင်းပြမည့် ကျောင်းသား။

**ဝေါဟာရစာလုံးရှာဖွေသူ** – ပုစ္ဆာဖြေရှင်းရာတွင်ပါဝင်သည့် သက်ဆိုင်ရာဂဏန်းများကို ရှာဖွေသတ်မှတ် ပေးပြီး အမျိုးအစားခွဲခြားပေးမည့်ကျောင်းသား။

**ဂဏန်းတွက်သူ** – ပြဿနာပုစ္ဆာများကို သင်္ချာဝေါဟာရများတပ်ပြီး အခြားကျောင်းသားများ ထိုပြဿနာကို လိုက်ဖြေရှင်းနိုင်ရန် ဦးဆောင်မည့်ကျောင်းသားတစ်ဦး။

**စစ်ဆေးသူ** – လုပ်ဆောင်စရာများကို မှန်ကန်ကောင်းမွန်စွာလုပ်မလုပ် စစ်ဆေးမည့်ကျောင်းသား။

**ဆက်သွယ်ပေးသူ** – အလားတူဖြေရှင်းနိုင်မည့် အခြားပြဿနာများကို ရှာဖွေရန်ဆွေးနွေးပွဲကို ဦးဆောင်သူ ကျောင်းသား။



**ပြန်လည်စဉ်းစားခြင်း** – ဆွေးနွေးခန်းများမှအထူးကဏ္ဍများနည်းသည် ကျောင်းသားများ ထိထိရောက်ရောက်ပါဝင်လုပ်ဆောင်သည့်နည်းဖြစ်သည်။ သို့သော် ဆွေးနွေးခန်းများကို အတိုင်းအတာတစ်ခုအထိ နက်နဲစွာအလေးအနက်ထားဆွေးနွေးခြင်း ရှိမရှိသေချာအောင် ဆရာအနေဖြင့်သတိပြု၍စောင့်ကြည့်ရမည်။ ထိုသို့မဟုတ်ပါက ကျောင်းသားများသည် သူတို့သိထားပြီးအရာများကိုသာပေါ့ပေါ့ပြောပြီး မိမိတို့၏ကဏ္ဍကို တာဝန်ကျေရုံမြန်မြန်လုပ်ဆောင်ကြသောကြောင့် သင်ခန်းစာကိုကောင်းကောင်းနားမလည်ဘဲ အချို့ကျောင်းသားအဖွဲ့များက အခြားကျောင်းသားအဖွဲ့များထက်တာဝန်စောစောပြီးနေတတ်သည်။ အခြားသောစုပေါင်းသင်ယူနည်းများကဲ့သို့ပင် ကျောင်းသားများဤနည်းကို တစ်ကြိမ်လောက်လက်တွေ့လုပ်ပြီးလျှင် ထိရောက်စွာလုပ်တတ်လာကြလိမ့်မည်။




## အပြန်အလှန်မေးမြန်းခြင်းနည်း (The Request Procedure - Manzo 1969)


ဤနည်းသည် ကျောင်းသားအဖော်များက ဖတ်စာမှခက်ခဲသောအကြောင်းအရာများကို အတူတကွ ဝိုင်းဖတ်သောအခါ အသုံးဝင်သောနည်းတစ်မျိုးဖြစ်၏။




**ကျိုးကြောင်းဆင်ခြင်မှု** – အပြန်အလှန်မေးမြန်းခြင်းနည်းမှာ အောက်ဖော်ပြပါ "စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်းနည်း"နှင့် "ကျောင်းသားချင်းချင်းအပြန်အလှန်သင်ကြားနည်း"ထက်ပိုရှေးကျ၍ ပိုမိုရိုးစင်းသောနည်းဖြစ်၏။ ဤနည်းသည် အထက်ပါနည်း(၂)မျိုးလောက် ကျောင်းသားများဖတ်စာကို ဖတ်ရန်အချိန်မကုန်ဘဲ လုပ်ဆောင်ရန်ပိုမိုလွယ်ကူသောနည်းဖြစ်သည်။



**အဖွဲ့အရွယ်အစား** – ဤနည်းသည် ကျောင်းသားအတွဲအရေအတွက် အကန့်အသတ်မရှိလုပ်ဆောင်နိုင်သည်။



**လိုအပ်သောပစ္စည်းများ** – ကျောင်းသားအတွဲတစ်တွဲတွင် အနည်းဆုံး ဖတ်စာအုပ်တစ်အုပ်စီ လိုအပ်ပါသည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – ဖတ်ရန်ဖတ်စာတစ်ခုပေးထားပြီး ဖတ်စာထဲမှဆွေးနွေးရမည့် အခန်းများကိုဖတ်ရန် တာဝန်ပေးပါ။ (ဝါကျတစ်ခုစီဖြစ်စေ စာပိုဒ်တစ်ပိုဒ်စီဖြစ်စေ၊ စာမျက်နှာတစ်ခုစီဖြစ်စေ)

**အဆင့်(၂)** – အဖော်တစ်ယောက်က ပထမစာပိုဒ်ကို အသံကျယ်ကျယ်ဖတ်ပါ။

**အဆင့်(၃)** – အခြားကျောင်းသားအဖော်က ဖတ်စာတွင် ဆိုလိုချက်ကိုမေးခွန်းများမေးပါ။ အဖော်ကထိုမေးခွန်းများကို ကြိုးစားပြီးဖြေပါ။ မေးခွန်းများ၏ အဖြေကောင်းများအပေါ် နှစ်ဦးစလုံးသဘောတူညီမှုရယူရန် ကြိုးစားကြပါ။

**အဆင့်(၄)** – အဖော်နှစ်ဦး နေရာချင်းလဲပါ။ မေးခွန်းမေးခဲ့သောအဖော်က ယခုစာပိုဒ်ကို အသံကျယ်ကျယ်ဖတ်ပါ။ အခြားကျောင်းသားဖော်က အထက်ရှင်းပြချက်အတိုင်း မေးခွန်းများမေးပါ။



**စကားရိပ်** – မေးခွန်းကောင်းဆိုတာဘာလဲဆိုတာကို ဤနေရာတွင်ရှင်းပြပါမည်။

အဓိကဆိုလိုရင်းအဓိပ္ပါယ်ကိုမေးပါ။ (ဒီမှာစာရေးဆရာပြောထားတဲ့အချက်ထဲက အရေးကြီးဆုံးဟာ ဘာလဲ)

အသေးစိတ်ကိုရှင်းလင်းဖော်ပြပါ။ (စာရေးဆရာက ဘာဆိုလိုတာလဲ။ အဲဒီအကြံဉာဏ်ဟာ အဓိက အကြောင်းအရာနဲ့ ဘယ်လိုသက်ဆိုင်နေသလဲ။)

အညွှန်းများဖော်ပြပါ - (ဒီဖြစ်စဉ်ဟာ ဘာကြောင့်ဒီလိုဖြစ်တယ်လို့ထင်သလဲ။)

ပြောခဲ့ပြီးသောအချက်ကို ရှေ့လာမည့်အကြောင်းအရာနှင့် ဆက်စပ်ပေးပါ။ (အခု – ဒို့ဘာသိဖို့လိုအပ်သလဲ၊ စာရေးသူက နောက်ထပ်ဘာဆက်ပြောပြမယ်လို့ထင်သလဲ။)




**စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း(Reading and Questioning (Temple 2003))**


ဤနည်းသည် ကျောင်းသားနှစ်ဦးတွဲစာဖတ်၍ မေးခွန်းမေးရသည့် ပိုမိုရှုပ်ထွေးသောနည်းတစ်မျိုးဖြစ်သည်။ အကြောင်းအရာများကိုသင်ယူရာတွင် နားလည်၍ပြန်မှတ်မိသတိရရန် အသုံးပြုရမည့်နည်းဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** စာဖတ်ခြင်းနှင့်မေးခွန်းမေးနည်းသည် ကျောင်းသားများအား အဖော်နှင့်တွဲ၍ ဖတ်စာများကို သေချာစွာဖတ်၍သင်ယူနိုင်ရန် အထောက်အကူဖြစ်စေသည်။




**အဖွဲ့အရွယ်အစား –** ဤစာဖတ်ခြင်းနှင့် မေးခွန်းမေးနည်းမှာ အပြန်အလှန်မေးမြန်းခြင်းနည်းကဲ့သို့ ကျောင်းသားအတွဲအရေအတွက် အကန့်အသတ်မရှိ ကြိုက်သလောက်နှင့်လုပ်နိုင်သည်။



**လိုအပ်သောပစ္စည်းများ –** ကျောင်းသားအတွဲတစ်တွဲလျှင် အနည်းဆုံးဖတ်စာအုပ်တစ်အုပ်ရှိရန် လိုအပ်မည်။



**လိုအပ်သောအချိန် –** စာဖတ်ခြင်းနှင့် မေးခွန်းမေးနည်းပြီးစီးရန် နာရီဝက်အချိန်ကြာလိမ့်မည်။ ဤနည်းကိုကျောင်းသားများသည် စာသင်ခန်းအပြင်ဖက်တွင် လွတ်လွတ်လပ်လပ်လုပ်တတ်ကြသည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – သင်ခန်းစာအပိုင်းများထဲမှ တာဝန်ပေးထားသည့်ဖတ်စာကို ကျောင်းသားများအား တစ်လှည့်စီဖတ်ခိုင်းပါ။ ပထမဆုံးကျောင်းသားတစ်ဦးက သတ်မှတ်ထားသောစာပိုဒ်ကို အသံကျယ်ကျယ်ဖတ်ပါ။

**အဆင့်(၂)** – ကျောင်းသားနှစ်ဦးတို့က ဖတ်စာထဲမှအဓိကသော့ချက်စကားလုံးများကို စာပိုဒ်၏ဘေးနားတွင်ရေးရန် ဆုံးဖြတ်ပါ။

**အဆင့်(၃)** – ကျောင်းသား(၁) က စာပိုဒ်ကိုဖတ်ပြီးသောအခါ ကျောင်းသား(၂) သည် စာပိုဒ်ဘေးနားတွင်ရေးချထားသည့် ဝေါဟာရစကားလုံးကိုအသုံးပြု၍ ထိုစာပိုဒ်နှင့်ပတ်သက်သော မေးခွန်းများမေးပါ။ မေးသောမေးခွန်းများမှာ ထိုဖတ်စာကိုခြုံ၍ စာမေးပွဲတွင်မေးနိုင်သည့်မေးခွန်းမျိုး ဖြစ်စေရမည်။ ကျောင်းသားက ဤမေးခွန်းများကို စာရွက်ပိုင်းငယ်ငယ်တစ်ခုစီတွင်ရေးချပါ။ (၈ စင်တီမီတာ x ၁၂ စင်တီမီတာ ) စာရွက်ပိုင်း (သို့မဟုတ်) အညွှန်းစက္ကူကပ်ထူပြားငယ်ကိုသုံးပါ။

**အဆင့်(၄)** – ကျောင်းသား(၁) က အသံကျယ်ကျယ်ဖြင့် တတန်းလုံးကို ထိုအဖြေဖတ်ပြပါစေ။ အကယ်၍ ကျောင်းသား(၂)က ထိုအဖြေကိုသဘောတူလျှင် အညွှန်းစက္ကူကဒ်ပြား၏ နောက်ကျောတွင်အဖြေကိုရေးချကြပါ။

**အဆင့်(၅)** – နေရာချင်းလဲ၍ ဆောင်ရွက်ပါ။ ကျောင်းသား(၂) သည် ယခုအခါ စာပိုဒ်တစ်ပိုဒ်ကိုဖတ်ပါ။ ဖတ်စာ၏ဘေးနားတွင် ရေးချရမည့်စာပိုဒ်၏ သော့ချက်ဝေါဟာရများကို ကျောင်းသားနှစ်ဦးစလုံးက ဆုံးဖြတ်ကြပါ။ ကျောင်းသား

(၁)က ထိုဝေါဟာရများနှင့် ပတ်သက်သည့်မေးခွန်းများမေးပြီး ထိုမေးခွန်းများကို ကျောင်းသား(၂) က အသံကျယ်ကျယ် ဖြေပါ။ အကယ်၍ သူတို့နှစ်ဦးစလုံးထိုအဖြေကို သဘောတူလျှင် ထိုအဖြေကိုသူတို့က စက္ကူကဒ်ပြား၏ နောက်ကျော ဘက် (သို့မဟုတ်) စာရွက်၏အခြားတစ်ဖက်တွင်ရေးချကြပါ။ သူတို့သည် တာဝန်ပေးထားသော စာပိုဒ်အားလုံး ဖတ်ပြီးသည့်အထိ ဤအတိုင်းအပြန်အလှန် ဆက်လက်ဖလှယ်သွားကြပါမည်။

**အဆင့်(၆)** – ကျောင်းသားများသည် မေးခွန်းများနှင့်အဖြေများပါရှိသော စက္ကူကဒ်ထူပြားများ (သို့မဟုတ်) စာရွက် များကိုအသုံးပြုပြီး ကျန်ရှိသောနေ့ခင်းပိုင်းတွင် ဖတ်စာ၏အခြားအပိုင်းမှ အကြောင်းအရာအချက်အလက်များကို အချင်းချင်းမေးခွန်းထုတ်ကြပါမည်။




**စကားရိပ် –** စာဖတ်ခြင်းနှင့် မေးခွန်းမေးနည်းကို ပထမဦးဆုံးအကြိမ် လေ့ကျင့်ပေးသောအခါ ကျောင်း သားများက ဖတ်စာ၏ပထမအပိုင်းကိုဖတ်၍ မေးခွန်းများမေးပြီးချိန်တွင် တစ်ခါရပ်နားခိုင်းပါ။ သူတို့၏ ဝေါဟာရစကားလုံးများ၊ မေးခွန်းများနှင့် အဖြေများကို ပြန်လှန်စစ်ဆေးကြည့်ပြီး လိုအပ်သောအပိုင်းကို အမှားပြင်ပေးပါ။ ထို့နောက် ကျောင်းသားများအကြားတွင် လက်ဆင့်ကမ်းပေးပြီး ကျောင်းသားများ၏ မေးခွန်း များနှင့် အဖြေများကိုနားထောင်ပါ။ ကျောင်းသားများက သူတို့၏မေးခွန်းများနှင့် အဖြေများအပေါ် သင်ယူလေ့လာမှု မပြုနိုင်မီ ထိုမေးခွန်းများနှင့်အဖြေများ တိကျမှန်ကန်၍ လုံလောက်မှုရှိမရှိ စစ်ဆေးကြည့်လျှင် ကောင်းပါမည်။




**အပြန်အလှန်သင်ကြားခြင်း**(Reciprocal Teaching ( Palincsar 1984 ))ဤနည်းကိုသင်ယူမှုဆိုင်ရာ ပညာရှင်များက ကျောင်းသားများ ကောင်းစွာနားလည်အောင် ဂရုတစိုက်ဖတ်နည်းအဖြစ် တီထွင်ဖော် ထုတ်ခဲ့ကြသည်။



**ကျိုးကြောင်းဆင်ခြင်မှု –** ဆရာအားလုံးသိသည့်အတိုင်း အကောင်းဆုံးသင်ယူနည်းမှာ အခြားသူများ ကိုထပ်ဆင့်သင်ပေးခြင်းဖြစ်၏။ အပြန်အလှန်သင်ကြားခြင်းနည်းတွင် ကျောင်းသားများသည် အတန်း ဖော်သူငယ်ချင်းများကို သင်ခန်းစာသင်ပေးရုံမျှမက ထိုသို့သင်ပေးစဉ် အရေးကြီးသောနားလည်သဘော ပေါက်ခြင်းကျွမ်းကျင်မှုများကို လေ့လာကြပါသည်။ စာဖတ်ခြင်းနှင့်မေးခွန်းမေးနည်းသည် ကျောင်းသားများကို နားလည်အောင်စာဖတ်နည်းအားသင်ပေးသည်။ အဓိကအကြောင်းအရာများကိုရှာဖွေခြင်း၊ အသေးစိတ် ကိုရှာခြင်း၊ ဖတ်စာထဲမှအကြောင်းအရာများကိုဆက်စပ်ပေးခြင်း စသည်တို့ကိုသင်ပေးသည်။




**အဖွဲ့အရွယ်အစား –** ဤနည်းကို လေးယောက်အဖွဲ့များတွင် အကောင်းဆုံးကျင့်သုံးနိုင်သည်။ ဤနည်းသည် လေးယောက်တစ်ဖွဲ့နှင့် အဖွဲ့အရေအတွက်ပေါင်း အကန့်အသတ်မရှိ အသုံးပြုနိုင်သည်။



**လိုအပ်သောပစ္စည်းများ –** လေးယောက်တစ်ဖွဲ့တိုင်းတွင် ဖတ်စာအုပ်အနည်းဆုံးတစ်အုပ်စီရှိရန် လိုအပ်ပါသည်။



**လိုအပ်သောအချိန် –** အပြန်အလှန်သင်ကြားခြင်းသည် အချိန်များစွာကုန်သည်။ သို့သော်နားလည် ရန်သင်ယူရသောကြောင့်အချိန်ကုန်ရကျိုးနပ်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့် (၁)** – သင်တန်းသားများကို လေးယောက်တစ်ဖွဲ့ (သို့မဟုတ်) ငါးယောက်တစ်ဖွဲ့တာဝန်ချ ထားပါ။ အပြန်အလှန်သင်ကြားခြင်းကို စုပေါင်းလေ့ကျင့်သင်ယူရမည်ဖြစ်ကြောင်းပြောပြထားပါ။ သူတို့သည် မိမိတို့အဖွဲ့အတွင်း အလှည့်ကျဆရာလုပ်ကြရမည်။ ဆရာလုပ်ရန် အလှည့်ကျသူက အောက်ပါအချက် ငါးချက်ကို လိုက်နာရမည်။

၁။ စာပိုဒ်တစ်ပိုဒ်ကို အသံကျယ်ကျယ်ဖတ်ပါ။ အသံရှင်းရှင်းဖြင့် အလေးအနက်ပြုပြီး ဖြေးဖြေးဖတ်ပါ။

၂။ ဆိုလိုရင်းကို အတိုချုံးပါ။ စာပိုဒ်၏အဓိကအချက်ကို ဝါကျတစ်ကြောင်း (သို့မဟုတ်) နှစ်ကြောင်းဖြင့် အသံကျယ်ကျယ်ပြောပါ။

၃။ ထိုစာပိုဒ်နှင့် ပတ်သက်သောမေးခွန်းများမေးပါ။ မေးခွန်းများကို စီစဉ်ဖော်ထုတ်ပြီး အောက်ပါအချက်များကို မေးပါ။

- ❖ အဓိကအကြောင်းအရာ (အဲဒီမှာဖြစ်တဲ့ မြေဆီလွှာတိုက်စားမှု နှစ်မျိုးဟာဘာလဲ။)
- ❖ ထိုအကြံဉာဏ်အချက်အလက်များ၏ နောက်ကွယ်မှအကြောင်းအရာများကို ရှင်းလင်းချက်(အချို့နေရာများတွင် အခြားနေရာများထက် အဘယ်ကြောင့် လေတိုက်စားမှု ပိုများသလဲ။)
- ❖ ထိုအကြံဉာဏ်များကို လက်တွေ့အသုံးချခြင်း (ကျွန်ုပ်တို့ဖတ်ရှုခဲ့သော အကြောင်းအရာကိုကြည့်ခြင်းဖြင့် ဤနေရာတွင် မြေဆီလွှာတိုက်စားမှုဖြစ်နိုင်မလား။)

၄။ ခဲယဉ်းသောအပိုင်းကိုရှင်းလင်းပါ။ မရှင်းမလင်းသောအပိုင်းကို ပိုရှင်းအောင်ဖော်ပြပါ။

- ❖ ဝေါဟာရ ခက်ဆစ်စကားလုံးများ (Wind break ဟူသောဝေါဟာရသည် လေတိုက်စားမှုကိုကာကွယ်ရန်သစ်ပင်များ စိုက်ထားခြင်းကိုဆိုလိုသည်။)
- ❖ နောက်ခံဗဟုသုတ(အပေါ်ယံမြေဆီလွှာသည်အောက်ခံမြေလွှာအပေါ်ထပ်မှ မြေသြဇာကောင်းသောမြေဆီဖြစ်သည်။ ဤအပေါ်ယံမြေဆီလွှာသည် အပင်များကိုအဟာရဖန်တီးပေးသည်။)

၅။ နောက်လာမည့်အချက်များကို ကြိုတင်ခန့်မှန်းပါ။ စာရေးသူ၏တင်ပြချက်သည် ဘယ်ကိုဦးတည်သွားနေကြောင်းကြိုတင်ခန့်မှန်းပါ။ ကျွန်ုပ်တို့သိရန်လိုသော အကြောင်းအရာများကိုပြောပါ။ ရှေ့ဆက်လာမည့် အကြောင်းအရာအား ကြိုတင်အသိပေးသည့်စကားလုံးများကို ဖတ်စာထဲတွင်ရှာပါ။ (ဥပမာ – ဒို့တွေ့ရမှာကတော့)

**အဆင့်(၂)** – သင့်ဘာသာသင် စာပိုဒ်ကိုအသံထွက်ဖတ်ပါ။ ထို့နောက် ထိုစာပိုဒ်ကို သေချာစွာအကျဉ်းချုံးပါ။ သင်၏အကျဉ်းချုံးတွင် အဓိကအကြောင်းအရာများကိုမည်ကဲ့သို့ စုစည်းထားကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။ ထို့နောက် ထိုအကျဉ်းချုံးနှင့်ပတ်သက်၍ မေးခွန်း (၂)ပုဒ်မေးပါ။ သင်မေးသည့် မေးခွန်းများ၏ မေးခွန်းအမျိုးအစားကို အာရုံစိုက်ရန်ဖိတ်ခေါ်ပါ။ (အဓိကအကြံဉာဏ်လား၊ ရှင်းပြချက်လား၊ လက်တွေ့အသုံးချနည်းလား) ထို့နောက် ခဲယဉ်းသောအပိုင်းများကိုရှင်းလင်းပြီး ဝေါဟာရနှင့် နောက်ခံအကြောင်းအရာ အချက်အလက်များကို အလေးပေးဖော်ပြကြောင်းထောက်ပြပါ။ နောက်ဆုံးအနေဖြင့် ဆက်ဖြစ်လာမည့်အရာကို ကြိုတင်ခန့်မှန်းပြီး အဘယ်အချက်အလက်ကိုအခြေခံ၍ ထိုသို့ခန့်မှန်းကြောင်းပြောပြပါ။

**အဆင့်(၃)** – အဆင့်တိုင်းတွင် ကျောင်းသားများအား သူတို့ကိုယ်တိုင် ထိုအဆင့်များကိုလုပ်ကြည့်ခိုင်းပြီး သူတို့ပြောသောအချက်များအပေါ် ဝေဖန်အကြံပြုချက်တင်ပြကြပါ။ လုပ်နည်းအဆင့်ဆင့်ကို သင်ကရှင်းပြပြီးသောအခါ၊ လေးယောက်တစ်ဖွဲ့ (သို့မဟုတ်) ငါးယောက်တစ်ဖွဲ့ကျောင်းသားများအား ဖတ်စာထဲမှာမြေဆီလွှာတိုက်စားခြင်းအကြောင်းကို အချင်းချင်းအပြန်အလှန်သင်ကြားခြင်း လေ့ကျင့်ခိုင်းပါ။

**အဆင့်(၄)** – ကျောင်းသားများက အကျဉ်းချုံးနည်းအဆင့်အားလုံးလုပ်ပြီးသောအခါ အဖွဲ့များအာရုံစိုက်ရန်ဖိတ်ခေါ်ပြီး မိမိဆန္ဒအလျောက် သူတို့အကျဉ်းချုံးထားသည့် အကြောင်းအရာများကို တင်ပြခိုင်းပါ။ ကောင်းမွန်သောအကျဉ်းချုပ်များကို ထောက်ပြ၍ပိုကောင်းအောင် အကြံပြုဝေဖန်တင်ပြခြင်းပြုလုပ်ပါ။ ထို့နောက် တဆင့်တက်ခိုင်းပြီး သူတို့၏မေးခွန်းများဝေငှဖလှယ်၍ ထိုအချက်များကို ဝေဖန်အကြံပြုခိုင်းပါ။

**အဆင့်(၅)** – ယခုအခါ အဖွဲ့များ မိမိဘာသာဆက်လုပ်ကြပါစေ။ အနည်းဆုံးအပိုင်းလေးပိုင်းကို သူတို့ဖတ်ပြီးနောက် အချိန်သိပ်မရှိတော့လျှင် ကျန်အပိုင်းကို သူတို့ဘာသာလွတ်လပ်စွာဆက်ဖတ်ကြပါ။



**စကားရိပ်** – သင်တန်းသားများအား အပြန်အလှန်သင်ကြားခြင်း မလေ့ကျင့်ခိုင်းမီ အဆင့်တိုင်းကို သေချာစွာရှင်းလင်း၍ သရုပ်ပြရန်အရေးကြီးသည်။



## သွေးပူလေ့ကျင့်ခန်းအပေါ်အာရုံစိုက်ခြင်း

သင်ယူတတ်မြောက်ရန်အတွက် ကျောင်းသားများသည် စိတ်ခါတ်ရေးရာအရ စွန့်စားရန်အဆင်သင့်ဖြစ်နေရမည်။ ပညာရေးစိတ်ပညာရှင်များ၏ အကြံပြုချက်အရ စိတ်ခါတ်ရေးရာ ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်တွင် သင်ယူတတ်မြောက်မှု အလွယ်ကူဆုံးဖြစ်ကြောင်းသိရ၏။ (Marzano, 1992) ဆိုလိုသည်မှာ ကျောင်းသားများသည် မေးခွန်းများကို စိတ်လွတ်လပ်စွာဖြေဆိုရန်လည်းကောင်း၊ မေးခွန်းအသစ်များမေးရန်လည်းကောင်း မိမိ၏ထင်မြင်ချက်များကို “ခပ်ကြောင်ကြောင်” မဖြစ်ဘဲ တင်ပြအဆိုပြုနိုင်ကြမည်ဖြစ်သည်။ ထို့ပြင် သူတို့အတူတကွစုပေါင်းလုပ်ဆောင်လိုစိတ်ရှိပြီး အချင်းချင်း၏သင်ယူမှုတာဝန်ကို ဝိုင်းဝန်းလက်တွဲကူညီလိုကြမည်ဟု ဆိုလိုသည်။

အချင်းချင်းမသိကျွမ်းကြသေးသော ကျောင်းသားများအကြား ခပ်စိမ်းစိမ်းဖြစ်နေမှုကိုဖြိုခွဲရန် အထောက်အကူပြုသည့် လုပ်ဆောင်ချက်များဖြင့် ကျောင်းဖွင့်စ စာသင်နှစ်အစပိုင်းတွင် အစပြုရန်သင့်လျော်သည်။ ဆရာက စာသင်နှစ်တစ်လျှောက်လုံး သွေးပူလေ့ကျင့်ခန်းများကို ရံဖန်ရံခါကျင့်သုံးသင့်သည်။ ကျောင်းသားများစုပေါင်းသင်ယူသည့်အဖွဲ့များတွင် လုပ်ဆောင်နေသောအခါ သူတို့သည် သွေးပူလေ့ကျင့်ခန်းများကို မကြာခဏအသုံးပြုသင့်သည်။ (အနည်းဆုံး တစ်ပတ်လျှင်နှစ်ကြိမ်) အထူးသဖြင့် အဖွဲ့သစ်များမှ ကျောင်းသားများအချင်းချင်း သိကျွမ်းရန်သွေးပူလေ့ကျင့်ခန်းလုပ်သင့်သည်။

အောက်ပါ သွေးပူလေ့ကျင့်ခန်းများကို အစပျိုးလေ့ကျင့်ခန်းများ အဖြစ်အသုံးပြုနိုင်ရန် တင်ပြထားပါသည်။ အခြားပညာရေးအကြံပေးပုဂ္ဂိုလ်များ၏ အတွေးအကြံအရ ပိုမိုကောင်းမွန်သော လေ့ကျင့်ခန်းများထပ်လောင်းပေးနိုင်မည်လားဟု မေးမြန်းစုံစမ်းကြည့်ပါ။

ဤလုပ်ဆောင်ချက်သည် ကျောင်းသား (၂၀)ဦး (သို့မဟုတ်) (၂၀)ဦးထက်လျော့သော အဖွဲ့များတွင်အသုံးပြုလျှင်အကောင်းဆုံးဖြစ်၏။ များသောအားဖြင့် စာသင်ခန်းများသည် ကျောင်းသားဦးရေ (၂၀)ထက် များလေ့ရှိသောကြောင့်အဖွဲ့များခွဲ၍တပြိုင်တည်းပြုလုပ်နိုင်သည်။ အတန်းတစ်တန်းလုံးကို လုပ်ဆောင်ချက်အကြောင်း တစ်ကြိမ်မျှရှင်းပြပြီးနောက် အဖွဲ့ငယ်များတွင် လေ့ကျင့်ခိုင်းနိုင်သည်။ မိုးလေဝသကောင်းလျှင် အဖွဲ့များနေရာကျယ်ကျယ်ဝန်းဝန်းဖြန့်၍လုပ်နိုင်မည့်အခန်းပြင်တွင် လေ့ကျင့်ခိုင်းနိုင်သည်။

## ထူးခြားချက်ရှိသူကိုရှာဖွေခြင်း

**အဆင့်(၁)** – စာရွက်ချပ်ပေါ်တွင် အောက်ပါအချက်များကို ရေးချပါ။

ဤကဲ့သို့သောလူကိုရှာပါ။

၁။ မွေးချင်းများထဲတွင် အလယ်တစ်ယောက်ဖြစ်သူ

၂။ စိတ်ဝင်စားဖွယ်ဝါသနာရှိသူ

၃။ ဟာသကောင်းကောင်းပြောတတ်သူ (ပြောပြခိုင်းပါ)

၄။ ဘယ်သန်ဖြစ်သူ

၅။ ဘာသာစကား နှစ်မျိုးအထက်ပြောတတ်သူ

၆။ မကြာသေးမီက ကျွမ်းကျင်မှု အသစ်တစ်မျိုးတတ်မြောက်သူ

**အဆင့်(၂) –** သင်တန်းသားများအား စာရွက်တစ်ရွက်ယူခိုင်းပြီး တစ်မှခြောက်အထိ နံပါတ်တပ်ထားသောဇယားကွက်များဆွဲခိုင်းပါ။ လှည့်ပတ်သွားလာရန် အချိန် (၇)မိနစ်ပေးပြီး ဖော်ပြပါစံနှုန်းနှင့်ကိုက်ညီသူနှစ်ဦး၏ ထိုးမြဲလက်မှတ်များကို ရယူထားပါ။

## လျှို့ဝှက်သောစွမ်းရည်များ

**အဆင့်(၁)** – ကျောင်းသားများအား စာရွက်များဝေငှပေးပြီး အခြားကျောင်းသားများမသိသည့် သူတို့လုပ်လိုသော အရာကိုရေးခိုင်းပါ။

**အဆင့်(၂)** – စာရွက်များကိုစုသိမ်းပြီး ကုလားဖန်ထိုးရောနှော၍ ကျောင်းသားများအား မိမိစာရွက် မိမိပြန်မရအောင် စီစဉ်၍ပြန်လည်ဝေငှပါ။

**အဆင့်(၃)** – ကျောင်းသားများလှည့်ပတ်သွားလာပြီး လျှို့ဝှက်စွမ်းရည်ရှိသူကို လိုက်ရှာကြပါစေ။

## အမှန်နှစ်ခု အမှားတစ်ခု

**အဆင့် (၁)** – ကျောင်းသားတိုင်းအား မိမိအကြောင်း သုံးမျိုးစီရေးချခိုင်းပါ။ ဥပမာ  အနှစ်သက်ဆုံး အချိန်ဖြုန်းနည်း အိမ်မှာနေ့စဉ်လုပ်နေကျအိမ်အလုပ် စသဖြင့်အချက်သုံးမျိုးထဲမှ နှစ်မျိုးကအမှန် ကျန်တစ်မျိုးကအမှားဖြစ်ရမည်။ မှသားအချက်တစ်ချက်က ဟုတ်တုတ်တုတ်ဖြစ်ပြီး ကျန်အမှန်နှစ်မျိုးမှာ အထူးအဆန်းအံ့သြစရာဖြစ်စေရမည်။

**အဆင့်(၂)** – အတန်းသားများ (သို့မဟုတ်) အဖွဲ့သားများက မည်သည့်အချက်သည် မုသားအချက်ဖြစ်သည်ကို ဝိုင်း၍ခန့်မှန်းကြရမည်။

## ပင့်ကူအိမ်ဖွဲ့ခြင်း

ဤနည်းသည် စိတ်ပါဝင်စားစွာ အာရုံစိုက်နားထောင်မှုကို လေ့ကျင့်ခြင်းဖြင့် လက်ခံပါဝင်စေခြင်းနှင့် လူမှုအသိုင်းအဝိုင်း စိတ်ဓါတ်ကို တည်ထောင်ပေးသည်။

**အဆင့်(၁)** – ကျောင်းသားများကို စက်ဝိုင်းပုံဝိုင်းဖွဲ့၍ ထိုင်ခိုင်းပါ။

**အဆင့်(၂)** – ကျောင်းသားများအား ဤသို့လုပ်ဆောင်နေစဉ်တွင် မိမိ၏အမည်နှင့် မိမိ၏အကြောင်း ထူးခြားသော အချက်တစ်မျိုးစီ ပြောပြဝေငှဖလှယ်ခွင့်ရရှိကြမည့်အကြောင်း ကြိုတင်ရှင်းပြထားပါ။ ထူးခြားသောအချက်ကို စဉ်းစားရန် ကျောင်းသားများအား တစ်မိနစ်အချိန်ပေးပါ။

**အဆင့်(၃) –** ကျောင်းသားတစ်ယောက်ကအစပြု၍ မိမိအမည်နှင့် မိမိအကြောင်း ထူးခြားသောအချက်တစ်ခု ပြောပြခိုင်းပါ။ (ဥပမာ– ကျွန်မနာမည် Anna ဖြစ်ပါတယ်။ ကျွန်မမှာ အကြောင်းအရာသတင်းအချက်အလက်တွေကို အထူးမှတ်မိတဲ့ မှတ်ဉာဏ်ရှိပါတယ် )။ ထို့နောက် ထိုကျောင်းသားက ချည်ခင်လုံး၏ချည်ဖျားစတစ်ဖက်ကို ကိုင်ထားပြီး ချည်လုံးကိုစက်ဝိုင်းအတွင်း သူ၏မျက်နှာချင်းဆိုင်ဖက်တွင် ထိုင်နေသူဆီသို့လှိမ့်ပေးလိုက်ပါ။ ကျောင်းသားတိုင်း မိမိအလှည့်ကျလုပ်ဆောင်ပြီး ဤချည်ခင်ပင့်ကူအိမ်ကွန်ယက် ပြီးစီးသည့်အထိ တစ်ပတ်ပြီးတစ်ပတ် ဆက်လုပ်သွားကြပါစေ။

## အချစ်ရေ – ချစ်လိုက်တာ (အဖွဲ့အရွယ်အစားမရွေး)

**အဆင့်(၁)** – ကျောင်းသားများစက်ဝိုင်းပုံဝိုင်း၍ မတ်တပ်ရပ်ကြပါ။

**အဆင့်(၂)** – ကျောင်းသားတစ်ဦးကို စက်ဝိုင်းအလယ်တွင် မတ်တပ်ရပ်ခိုင်းပါ။ သူက စက်ဝိုင်းပတ်လည်လှည့်ပြီး

ကျောင်းသားတစ်ဦးကို အချစ်ရေချစ်တယ်ဟုပြောပါ။ ချဉ်းကပ်ပြောခံရသူက ဒို့လည်းချစ်ပါတယ်။ ဒါပေမယ့် ပြန်ပြုံးပြလို့မရဘူး ဟုမပြုံးဘဲပြောပါ။ လူတစ်ဦးတည်းကို နှစ်ကြိမ်တိတိ ဤအတိုင်းပြောနိုင်သည်။

**အဆင့် (၃)** – အကယ်၍ ပြောခံရသူကပြုံးမိလျှင် (များသောအားဖြင့် ပြုံးတတ်ကြသည်)။ ထိုသူသည် စက်ဝိုင်းအလယ်မှလူနှင့်နေရာချင်းလဲ၍ သူ့ကိုအစားထိုးပြီးဆက်လုပ်ရမည်။ အခြားမူကွဲနည်းတစ်နည်းမှာ သူကစက်ဝိုင်းအလယ်မှလူနှင့်အတူ အခြားကျောင်းသားများကိုပြုံးလာအောင် လိုက်လံကြိုးစားရမည်။ အဆိုပါမူကွဲနည်းသည် ရှက်တတ်သောကျောင်းသားများအတွက်လုပ်ရလွယ်ပြီး လုပ်ဆောင်ချက်ကို မြန်မြန်ပြီးစေနိုင်မည်။

**ကျွန်ုပ်ကို စကားပြောပါ** (၁၀ ဦးမှ ၃၀ ဦးပါသော အဖွဲ့များ)
ဤသွေးပူလေ့ကျင့်နည်းသည် ပရိသတ်ကိုအလွန်ဖျော်ဖြေနိုင်သည့် နည်းတစ်မျိုးဖြစ်၏။ ဤနည်းသည် စာဖတ်နားလည်မှုလေ့ကျင့်ခန်းကိုလည်းပေး၏။

**အဆင့်(၁)** – ပါဝင်သည့်ကျောင်းသားများကို ရေတွက်ပါ။ ကျောင်းသားတစ်ဦးစီအတွက် စာရွက်တစ်ပိုင်းစီလုပ်ထားပါ။ တစ်ရွက်စီတွင် ညွှန်ကြားချက်တစ်ခုစီရေးထားပါ။ အောက်တွင် ညွှန်ကြားချက်အချို့ကို နမူနာပေးထားပါသည်။

ကျွန်ုပ်ကိုလိမ်ပြောပါ။
ကျွန်ုပ်ကို စိတ်ဆိုးဆိုးနှင့် စကားပြောပါ။
ကျွန်ုပ်ရဲ့ဖိနပ်ကို ကြည့်ပါ။
သင့်ရဲ့မျက်လုံးကို ခဏခဏ မှိတ်ပြပါ။
ကျွန်ုပ်ကို စကားပြောစဉ် သင့်ရဲ့နှာခေါင်းကို ကိုင်ထားပါ။
ကျွန်ုပ်ကို လစ်လျူရှု၍ မတွေ့ဟန်ဆောင်ပါ။
မျက်နှာကျက်ကို မော့ကြည့်ပါ။
ကျွန်ုပ်အပေါ် ဝေဖန်အကြံပြုပါ။
အဖော်လဲလှယ်ပါ။

အလားတူညွှန်ကြားချက် နောက်ထပ်များစွာရေးချနိုင်သည်။ အချို့ကိုနှစ်ခါပြန်လုပ်နိုင်သည်။

**အဆင့်(၂)** – ကျောင်းသားများအား စာရွက်များကို မမြင်စေနှင့်။ ညွှန်ကြားချက်တစ်မျိုးစီရေးထားသော စာရွက်တစ်ရွက်စီကို ကျောင်းသားတစ်ဦးစီ၏ နောက်ကျောတွင် တိပ်ဖြင့်ကပ်ပါ။

**အဆင့်(၃)** – ကျောင်းသားများအား အစည်းအဝေးခန်းပတ်ပတ်လည် လှည့်ပတ်လျှောက်သွားခိုင်းပါ။ သူတို့သည် အခြားကျောင်းသားများ၏ နောက်ကျောမှစာရွက်ကို ဖတ်မိလိမ့်မည်။

**အဆင့်(၄)** – ကျောင်းသားများအား အချင်းချင်းစကားပြောခိုင်းပြီး ညွှန်ကြားချက်များအတိုင်း လိုက်နာကြစေရန်ပြောပါ။ ဥပမာ "သင်၏မျက်လုံးများကို ခဏခဏမှိတ်ပြပါ။" ဟူသောညွှန်ကြားချက်စာတမ်း သယ်ဆောင်ထားသူအားမျက်စိခဏခဏမှိတ်၍ စကားသွားပြောပါ။ တစ်ခဏကြာလျှင် အခြားကျောင်းသားတစ်ဦးထံသို့သွားပါစေ။ ထိုကျောင်းသား၏ နောက်ကျောမှညွှန်ကြားချက်စာရွက်ကို အခြားကျောင်းသားများလည်း ဖတ်ကြပါလိမ့်မည်။ ကျောင်းသားတိုင်း အခြားကျောင်းသားများ၏ နောက်ကျောပေါ်မှညွှန်ကြားချက်စာတမ်းကိုဖတ်ပြီး ထိုညွှန်ကြားချက်အတိုင်းလုပ်ကြပါမည်။

**အဆင့်(၅)** – ဤလုပ်ဆောင်ချက်ပြီးဆုံးသောအခါ ကျောင်းသားတိုင်းက မိမိ၏ညွှန်ကြားချက်စာတမ်းကို ခန့်မှန်းကြပါစေ။

## မွန်ရေ မော့ကြည့်ပါ

အဖွဲ့ဝင် (၁၀) ဦးမှ (၃၀) ဦးအထိရှိသောအဖွဲ့များတွင် ကြုံရာအတွဲများတွဲ၍ အတူတကွလုပ်ဆောင်ရန်အတွက် ကောင်းသောသွေးပူလေ့ကျင့်ခန်းတစ်မျိုးဖြစ်သည်။ အတွဲတွဲရန် အချင်းချင်း "မွန်"ဟုပြောဆိုကြပါ။ လူတိုင်းအတွဲတွဲပြီး သည့်အထိ ဆက်လုပ်သွားကြပါ။

**အဆင့်(၁)** – ကျောင်းသားများအား စက်ဝိုင်းသဏ္ဌာန် မတ်တပ်ရပ်ခိုင်းပါ။ လူတိုင်းအား ကြမ်းပြင်ကိုစိုက်ကြည့် ခိုင်းပါ။

**အဆင့်(၂)** – ဆရာက "မွန်ရေ မော့ကြည့်ပါ" ဟုပြောလိုက်ပါ။ လူတိုင်းက စက်ဝိုင်းထဲမှအခြားလူ၏မျက်နှာကို မော့ကြည့်ပါစေ။

**အဆင့် (၃)** – လူတိုင်းလိုလို တခြားသူတစ်ဦးဦးကို ကြည့်နေသောလူကို ကြည့်မိကြပါလိမ့်မည်။ သို့ရာတွင် တချို့မှာ နှစ်ဦးအပြန်အလှန်ကြည့်မိလျက်သားဖြစ်နေမည်။ အပြန်အလှန်ကြည့်နေကြသူနှစ်ဦးက "မွန်" ဟု အော်၍ ဝိုင်းထဲက ထွက်ရပါမည်။

## ABC ကားချပ်

ရှေ့ဆက်လက်ဖော်ပြပါနည်းများ မှုကွဲများနှင့်အခြားဆက်နွယ်သော နည်းလမ်းများသည် ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်း၊ စုစည်းခြင်း ပုံစံတွင်မည်သို့ကိုက်ညီကြောင်းကြည့်ကြစို့။ ဤဇယားကားချပ်သည် ABC ပုံစံကို အသုံးပြုပြီး သင်၏ကိုယ်ပိုင်သင်ခန်းစာပြုစုရာတွင် ဤလမ်းညွှန်ရှိနည်းများဖြင့် အထောက်အကူဖြစ်စေလိမ့်မည်။

|  |  |  |
| --- | --- | --- |
| **ကြိုတင်သိမြင်ခြင်း** | **အသိပညာတည်ဆောက်ခြင်း** | **စုစည်းခြင်း** |
| ခြုံငုံသုံးသပ်ခြင်း<br>သိပြီး–သိလို–သိလာ → | | → |
| | နှစ်ယောက်တွဲ စာဖတ်ခြင်း<br>နှစ်ယောက်တွဲ အကျဉ်းချုံးခြင်း | |
| | | တန်ဖိုးမျဉ်း<br>အမြန်ရေးချနည်း |
| ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော → | | → |
| မေးခွန်းသင်ပုန်း → | | → |
| မေးခွန်းရှာဖွေခြင်း → | | → |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ<br>ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>စဉ်းစား၊ တွဲ၊ ဖလှယ် | | |
| | လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း | |
| | | ဇာတ်ကောင်မြေပုံ<br>စဉ်းစား၊ တွဲ၊ ဖလှယ် |
| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း<br>နှင့်ကားချပ် → | → | |
| ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ | | |
| | သင်္ကေတမှတ်၍စာဖတ်ခြင်း | |
| | | ဂျစ်ဆော |
| စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများ → | | → |
| လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများ → | | → |
| ဘောပင်များကိုအလယ်မှာချနည်း → | | → |
| လှည့်သွား–လိုက်ပြော | | |
| | တစ်ကောင်နေ သုံးကောင်ပျံ → | → |
| | | ပညာရှင်များငြင်းခုံဆွေးနွေးခြင်း |
| ပြဿနာတစ်ခုကိုလဲလှယ်ခြင်း → | | → |
| | | ဆွေးနွေးခန်းများမှအထူးကဏ္ဍများ |
| | အပြန်အလှန်မေးမြန်းခြင်း<br>စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း<br>အပြန်အလှန်သင်ကြားခြင်း | |

# စတုတ္ထကျောရိုးသင်ခန်းစာ – ဆွေးနွေးခန်းကိုပြုလုပ်ခြင်း

ယခင်သင်ခန်းစာများသည် ကျောင်းသားများအား ဖတ်စာ (သို့မဟုတ်) သင်ခန်းစာတစ်ခု၏ အဓိပ္ပါယ်ကို စုံစမ်းရှာဖွေခိုင်းရန် နည်းလမ်းများကို တင်ပြခဲ့ကြပြီးဖြစ်၏။ ဤသင်ခန်းစာသည် ကျောင်းသားအဖွဲ့များနှင့် ဆွေးနွေးခန်း ပြုလုပ်ရန် နောက်ထပ်နည်းများကို ဖော်ပြပေးသည်။ ဆရာမေးသော မေးခွန်းများနှင့်ယှဉ်၍ ဆွေးနွေးနည်းဗျူဟာများ သည် ကျောင်းသားများ တွေးခေါ်ပုံတွေးခေါ်နည်းကို စည်းဝါးကိုက်အောင် စီစဉ်ပေးသောကြောင့် သင်ကြားပို့ချရာတွင် အလွန်အရေးကြီး၏။ စိတ်ဝင်စားစရာကောင်းသည့် မေးခွန်းများသည် စိတ်ဝင်စားစရာကောင်းသည့် အဖြေများကို လှုံ့ဆော်ပေးသည်။ ကျောင်းသား (၄၀) (သို့မဟုတ်) (၅၀) (သို့မဟုတ်) (၆၀) ယောက်တို့ကို ဆွေးနွေးခန်းတွင်ပါဝင်ရန် လုပ်ဆောင်ခြင်း၌ကောင်းမွန်သည့်မေးခွန်းသာမက ကောင်းမွန်သောစီမံခန့်ခွဲမှုနှင့် ကောင်းမွန်သောသင်ကြား နည်းဗျူဟာများကိုလည်း လိုအပ်သည်။ ဤကျောရိုးသင်ခန်းစာ၌ ယင်း၏နောက်ဆက်တွဲသင်ကြားနည်းများကို တင်ပြပေးထားသည်။

ဤကျောရိုးသင်ခန်းစာ၌ ဖလှယ်စုံးစမ်းနည်း (Shared Inquiry Method) နှင့် ဆွေးနွေးပွဲကွန်ယက် (Discussion Web) နည်းတို့ကို မီးမောင်းထိုးပြသည့်အပြင်၊ ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်းနည်းနှင့် လမ်းညွှန်မှုဖြင့် စဉ်းစား၍နားထောင်ခြင်းလုပ်ဆောင်ချက် (Directed Listening – Thinking Activity) တို့ကိုလည်း အသုံးပြုထားသည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကို သရုပ်ပြရန်ဖြစ်ကြောင်း သတိပြုပါ။ (စကော့တလန်နိုင်ငံအကြောင်း (သို့မဟုတ်) ပင်လယ်လိပ်အကြောင်း သင်ကြားရန်မဟုတ်။) ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ် စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကို သင်ယူနေသလဲ။

၂။ ထို့နောက် သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။

## သင်ခန်းစာ



### ကြိုတင်သိမြင်ခြင်း

သင်ခန်းစာ၏ကြိုတင်သိမြင်ခြင်းအပိုင်းသည် ကျောင်းသားများ၏ သိလိုစိတ်ကိုနှိုးဆွပေးသောအပိုင်း ဖြစ်ပြီးသင်ယူခြင်း၏ရည်ရွယ်ချက်များကို ချမှတ်ပေးသည်။ ဤတွင်ဝေါဟာရများကိုအခြေပြု၍ခန့်မှန်း ခြင်းနည်းကို အသုံးပြုထားသည်။

ဆရာက ကျောင်းသားများကြားနာရမည့် ပုံပြင်ဝတ္ထုဇာတ်လမ်းထဲမှ ဝေါဟာရအတော်များများ၏ စာရင်းကို ပြုစုထားပြီး ကျောင်းသားများအား ထိုဝေါဟာရများကိုသုံး၍ သူတို့၏ကိုယ်ပိုင်ပုံဝတ္ထုဇာတ်လမ်းများရေးခိုင်းပါ။

**ဆရာမ** – ယနေ့ မင်းတို့ Scotland နိုင်ငံက ပုံပြင်တစ်ပုဒ်ကြားရမယ်။ အဲဒါကတော့ ရိုးရာပုံပြင်တစ်ပုဒ်ဖြစ်ပါတယ်။ ဒီပုံပြင်ဟာ တစ်စုံတစ်ခုကိုလိုချင်ပြီး အဲဒီအရာကိုရရှိအောင်ကြိုးပမ်းတဲ့ လူငယ်တစ်ယောက်၏အကြောင်းပဲဖြစ်ပါတယ်။ အပြုအမူလုပ်ဆောင်ချက်တွေဟာ မှန်ချင်လဲမှန်မယ်။ မှားချင်လဲမှားမယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအပြုအမူတွေဟာ နောက်ဆက်တွဲဖြစ်ရပ်တွေ လိုက်လာမှာဖြစ်တယ်။ အဲဒီပုံပြင်က ကျွန်ုပ်တို့ ဘယ်လိုအသက်ရှင်နေထိုင်သင့်တယ်ဆိုတာကို အကြံပြုချင်ပြုမယ်။ ပုံပြင်ထဲမှာ ထူးဆန်းတဲ့အဖြစ်အပျက်တွေပါဝင်တယ်။ မှော်ပညာဖြစ်ကောင်းဖြစ်မယ်။ ဟုတ်ချင်မှလည်းဟုတ်မယ်။ ဘာပဲပြောပြော ဒီလိုနဲ့ရိုးရာပုံပြင်တစ်ပုဒ် ဖြစ်လာတာပါပဲ။ ဆရာမအနေနဲ့မင်းတို့ကို

ပြောပြနိုင်တာကတော့ ဒီပုံပြင်ကို ပထမဆုံးပြောဆိုခဲ့ကြတဲ့သူတွေဟာ Scotland နိုင်ငံရဲ့ မြောက်ပိုင်း ပင်လယ်ကမ်းခြေ ကတံငါသည်ရေလုပ်သား ရေးလူကြီးများဖြစ်ကြတယ်။ ဒီပုံပြင်ကို အဖြစ်မှန်လို့ပဲမှတ်ယူကြပါ။

ဆရာမက သင်ပုန်းကြီးပေါ်မှာ ဝေါဟာရစာလုံး ငါးလုံးရေးချမယ်။ ဒီဝေါဟာရငါးလုံးဟာ အဲဒီရိုးရာပုံပြင်မှာ ပါလာလိမ့်မယ်။ ဒါတွေကတော့ –

- ♦ ပင်လယ်ဖျံအရေခွံ
- ♦ ပင်လယ်ကမ်းခြေ
- ♦ ထိမ်းမြားလက်ထပ်ခြင်း
- ♦ ထူးဆန်းစွာရုပ်ပြောင်းလဲခြင်း
- ♦ သော့ခတ်ထားသောသေတ္တာ

မင်းတို့ကို သူငယ်ချင်းနှစ်ဦးစီ မျက်နှာချင်းဆိုင် ထိုင်စေချင်ပါတယ်။ တစ်တွဲစီဟာ ဒီဝေါဟာရစာလုံးငါးလုံးပါဝင်တဲ့ ရိုးရာပုံပြင်တစ်ပုဒ်ကို တီထွင်ရမယ်။ ဆိုလိုတာကတော့ အဲဒီဝေါဟာရစာလုံးတွေ မင်းတို့ရဲ့ပုံပြင်မှာပါဝင်ရမယ်။ စိတ်ကူးနှင့်ပုံပြင်ဝတ္ထုတစ်ပုဒ် ရေးစပ်ကြပါ။ အဲဒါလုပ်ဖို့ အချိန်သုံးမိနစ်ရမယ်။

အချိန်သုံးမိနစ်ကုန်လွန်တဲ့အခါ ဆရာက ကျောင်းသားသုံးတွဲကိုဖိတ်ခေါ်ပြီး သူတို့ရဲ့စိတ်ကူးယဉ် ပုံပြင်ဝတ္ထုတွေကို ဝေငှဖလှယ်ခိုင်းပါ။

**အတွဲ(၁)** – ကျွန်တော်တို့ပုံပြင်ကတော့ မိန်းမတစ်ယောက်ကို ယူချင်တဲ့လူတစ်ယောက်ရှိတယ်။ ဒါပေမယ့် အဲဒီအမျိုးသမီးက ဒီလူကိုလက်မထပ်ချင်ဘူး။ တစ်နေ့ကျတော့ အဲဒီလူဟာ ဒီအမျိုးသမီးနဲ့ပတ်သက်လို့ စိတ်ဆင်းရဲပြီး ပင်လယ်ကမ်းခြေမှာလမ်းလျှောက်နေတုန်း ပင်လယ်ရေနဲ့အတူမျောပါလာတဲ့ သော့ခလောက်တန်းလန်း သေတ္တာတစ်လုံးကို တွေ့ရှိတယ်။ အဲဒီသေတ္တာကို သော့ဖျက်ပြီးဖွင့်လိုက်တော့ အထဲမှာပင်လယ်ဖျံရဲ့အရေခွံတစ်ခုကို တွေ့ရတယ်။ သူကအဲဒီ အမျိုးသမီးကို ပင်လယ်ဖျံအရေခွံပေးလိုက်တယ်။ အမျိုးသမီးလည်း ရုပ်ရည်ထူးဆန်းစွာပြောင်းသွားလို့ အလွန်ဝမ်းသာစွာနဲ့ ဒီလူကိုလက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တယ်။

**ကျောင်းသား(၁)** – ဒါနဲ့ မှော်ပညာကဘယ်မှာလဲ။

**အတွဲ(၁)** – ကောင်းပြီ။ အဲဒီနောက်များမကြာမီ အဲဒီပင်လယ်ဖျံအရေခွံဟာ ထူးဆန်းစွာပျောက်ကွယ်သွားတယ်။ ဒါပေမယ့် အဲဒီအမျိုးသမီးက စိတ်မပြောင်းတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အခုသူတို့ပျော်ရွှင်စွာ အိမ်ထောင်ရက်သား ကျနေပြီးသားဖြစ်လို့ပါပဲ။

**ဆရာ** – အင်း ကောင်းတယ်။ ကျေးဇူးပါပဲ။ နောက်ထပ်ဘယ်အဖွဲ့ပြောမလဲ။

**အတွဲ(၂)** – ကျွန်တော်တို့ရဲ့ပုံပြင်ကတော့ ရေသူမပုံဝတ္ထုမျိုးဖြစ်ပါတယ်။ တခါတုန်းက အမျိုးသားတစ်ဦးနဲ့ အမျိုးသမီး တစ်ဦးတို့ဟာ ပင်လယ်ကမ်းခြေမှာလမ်းလျှောက်နေကြတယ်။ လမ်းလျှောက်ရင်း လက်ထပ်ကြဖို့အကြောင်းပြောကြ တယ်။ ဒါပေမယ့် အမျိုးသမီးကစပ်စုလိုစိတ်ရှိပြီး အတည်တကျအိမ်ထောင်ပြုဖို့ မဆုံးဖြတ်နိုင်သေးဘူး။ သူတို့နှစ်ဦး ပင်လယ်ကမ်းခြေမှာလမ်းလျှောက်နေကြတုန်း သော့ခတ်ထားတဲ့သေတ္တာတစ်လုံးကို တွေ့ကြတယ်။ အဲဒီသေတ္တာဘေး နားမှာ သော့ချောင်းကိုတွေ့လို့ဖွင့်ကြည့်တော့ သေတ္တာထဲမှာပင်လယ်ဖျံရဲ့အရေခွံတခုကို တွေ့ကြတယ်။ အမျိုးသမီးက အဲဒါကိုကိုင်မြှောက်ကြည့်တယ်။ သူနဲ့အရွယ်တော်ပဲ။ ဖျံအရေခွံကိုလည်းဝတ်လိုက်ရော ချက်ချင်းပဲပင်လယ်ဖျံ ဖြစ်သွား တယ်။ အခုဖျံမလေးဘာလုပ်မလဲ။ သူ့အမျိုးသားကို လက်ထပ်လို့မရတော့ဘူး။ သူ့အမျိုးသားက သူမဒီလိုရုပ်ပြောင်း သွားတာကို အံ့ဩထိတ်လန့်စွာစိုက်ကြည့်နေခဲ့တယ်။ သူမဟာပင်လယ်ထဲကို ဆင်းသွားပါတယ်။ ပြီးပါပြီ။

**ကျောင်းသား(၂)** – ဒါပေမယ့် နှစ်စဉ်နှစ်တိုင်း အဲဒီအချိန်ရောက်ရင် – – –

**အတွဲ(၂)** – ဟုတ်ကဲ့ မှန်ပါတယ်။ နှစ်စဉ်နှစ်တိုင်း နွေရာသီအဲဒီအချိန်ရောက်လာရင် သူမပြန်လာပြီး မတော်လိုက်ရတဲ့ လင်ယောကျ်ားခင်ပွန်းသည်ကို လိုက်ရှာပါတယ်။

**ဆရာမ** – အဲဒီတစ်ခုကတော့ တကယ့်ရိုးရာပုံပြင်အတိုင်းပါပဲ။

**အတွဲ(၃)** – ကျွန်တော်တို့ရဲ့ပုံပြင်ကဒီလိုပါ။ အခုနကကြားခဲ့ရတဲ့ပုံပြင်နဲ့ ခပ်ဆင်ဆင်ပါပဲ။ ကျွန်တော်တို့ပုံပြင်ထဲမှာပါတဲ့ ရေထဲနေရင်ဖျံ၊ ကုန်းပေါ်ရောက်ရင်လူဖြစ်သွားတဲ့ သတ္တဝါတစ်မျိုးကလွဲရင် အတူတူပါပဲ။ ဒီသတ္တဝါတွေရဲ့ အရေခွံတစ်ခုဟာ တစ်နည်းတစ်ဖုံနဲ့ သေတ္တာတစ်ခုထဲမှာသော့ခတ်ထားပြီး အိမ်ထပ်ခိုးတစ်ခုမှာ နှစ်ပေါင်းများစွာ သိမ်းဆည်းထားပါတယ်။ ကောင်လေးတစ်ယောက်ဟာ ထပ်ခိုးမှာတစ်ခုခုတရာကိုရှာဖွေရင်း သေတ္တာကိုတွေ့သွားပါတယ်။ သူကသေတ္တာကိုဖွင့်ပြီး ပင်လယ်ဖျံအရေခွံကို ဆွဲထုတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ မိန်းကလေးချောချော တစ်ယောက်ဟာ သူ့ရှေ့မှာလာရပ်လိုက်ပါတယ်။

**ကျောင်းသား(၄)** – သားမွေးထည်အကျီရှည်ဝတ်လျက်သားပေါ့။

**အတွဲ(၃)** – ဟုတ်တာပေါ့။ ဝတ်ထားတာပေါ့။

**ကျောင်းသား(၅)** – ပင်လယ်ကမ်းခြေကော ဘယ်လိုလဲ။

**အတွဲ(၃)** – ငါတို့ အဲဒီအထိမသွားသေးဘူး။

**ဆရာမ** – ကောင်းပြီ အခု ဆရာမတို့ ဒီပုံပြင်ဝတ္ထုသုံးပုဒ် ကြားကြရပြီ။ ပထမပုံပြင်တစ်ပုဒ်မှာ လူတစ်ယောက်ဟာ ဖျံအရေခွံတစ်ခုကို ကမ်းခြေမှာကောက်ရလို့ သူ့ချစ်သူကို သူနဲ့လက်ထပ်ချင်စိတ်ရှိလာအောင် ချော့တဲ့အနေနဲ့လက်ဆောင်ပေးလိုက်တယ်။ ဒုတိယပုံပြင်တစ်ပုဒ်မှာကျတော့ စပ်စုတတ်တဲ့အမျိုးသမီးတစ်ဦးဟာ ပင်လယ်ဖျံအရေခွံတစ်ခုကို တွေ့လို့ ကောက်ဝတ်လိုက်တဲ့အခါ ပင်လယ်ဖျံဖြစ်သွားတယ်။ တတိယပုံပြင်မှာဆိုရင် လူငယ်တစ်ယောက်ဟာ လူတွေနှစ်ပေါင်းများစွာ မေ့ပျောက်ထားတဲ့ ပင်လယ်ဖျံအရေခွံတစ်ခုကို ရှာဖွေတွေ့ရှိပြီး အဲဒီဖျံအရေခွံဟာ သူ့ရဲ့ဘဏ်ကြင်ဖော်ဖြစ်နိုင်မယ့် အမျိုးသမီးတစ်ဦးအဖြစ် ပြောင်းလဲသွားပါတယ်။ ကဲ ဆရာမပြောပြမယ့် ပုံပြင်လေးကိုနားထောင်ပြီး ဒီပုံပြင်ဟာ မင်းတို့ရဲ့ကိုယ်ပိုင်ပုံပြင်နဲ့ ဘယ်လိုတူညီတယ်ဆိုတာကြည့်ကြပါ။ ဖတ်နေရင်း တခါတခါ ခဏရပ်ပြီး ကြိုတင်ခန့်မှန်းနိုင်ဖို့ မေးခွန်းမေးပါမယ်။



## အသိပညာတည်ဆောက်ခြင်း

အသိပညာတည်ဆောက်ခြင်းအပိုင်းသည် ကျောင်းသားများကို စူးစမ်းရှာဖွေရန်နှင့် အဓိပ္ပါယ်ဖော်ရန် အားပေးတိုက်တွန်းသောအပိုင်းဖြစ်သည်။ ဤသင်ခန်းစာတွင် လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်းကို အသုံးပြုသွားပါမည်။

**ဆရာမ** – ဆရာမ အခု စပြီးဖတ်မယ်။ ဆရာမ ဖတ်ပြတာကိုနားထောင်ပြီး စိတ်ထဲမှာပုံဖော်ကြည့်ကြပါ။

### အိုင်ဗင်နှင့် ဖျံအရေခွံ

(Buchsnort Trout ၏ ပြန်လည်ပြောပြချက်)

စကော့တလန်မြောက်ဖက်ကမ်းခြေတလျှောက် ဆောင်းလေဟာအမှောင်ညတွေနဲ့ မှုန်မှိုင်းတဲ့နေ့တွေရယ်မှာ တိုက်ခတ်ပြီး လှိုင်းအမြင့်ကြီးတွေက အနက်ရောင်ကျောက်တုံးတွေကို ရိုက်ခတ်နေပါတယ်။ ဒါပေမယ့် နွေရာသီမှာတော့ ပင်လယ်ရေဟာငြိမ်သက်နေပြီး နေ့တာလည်းပိုရှည်တော့ နေရောင်ဟာ နှစ်ဆယ့်လေးနာရီရှိနေပါတယ်။ အဲဒီအချိန်မှာတော့ တံငါသည်တွေဟာ သူတို့ရဲ့ငါးဖမ်းပိုက်ကွန်တွေကို ပင်လယ်ထဲချရပြီး သူတို့ဝမ်းစာရှာဖို့ကြိုးစားပါတယ်။ နွေရာသီမှာတောင် ရုတ်တရက်မုန်တိုင်းက သူတို့ကို

လွှမ်းမိုးသွားနိုင်ပါတယ်။ ဒါမှမဟုတ် မြူနှင်းတွေက တိတ်တဆိတ်တရိပ်ရိပ်တက်လာလို့ သူတို့လမ်းပျောက် သွားနိုင်ပါတယ်။ အဲဒီအခါမှာတော့ သူတို့ရဲ့မိသားစုတွေက ကမ်းခြေကိုသွားပြီး ရေလှိုင်းတွေမှာအရိပ် အယောင်ရှာကြပါတယ်။ တခါတလေမှာတော့ ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ဖျံတစ်ကောင်က သူတို့ကိုပြန် ကြည့်ချင်ကြည့်နေတတ်ပါတယ်။ လူတွေကလည်း အဲဒီဖျံကိုတွေ့ပြီး တွေးတောကြတာပေါ့။

ပင်လယ်နားမှာရှိတဲ့ ကျောက်ဆောင်ကလိုဏ်ဂူလေးတစ်ခုပေါ်မှာ တံငါသည်တစ်ယောက်ရယ်။ သူ့မိန်းမနဲ့သူ့တို့သား အိုင်ဗင်တို့နေကြတယ်။ အဲဒီနေ့ကတော့ တစ်နှစ်လုံးမှာနေ့တာ အရှည်ဆုံးနေ့ပေါ့။ နွေရာသီအလယ်မရောက်ခင် တစ်နေ့ပေါ့။ သန်းခေါင်ချိန်နားမှာ ကောင်းကင်ကတောက်ပတဲ့ လိမ္မော်ရောင် အောက်မှာ အသက်(၇)နှစ်သာသာရှိသေးတဲ့ အိုင်ဗင်လေးဟာ ခရုခွံတွေရယ်၊ ပိုက်ကွန်အစုတ်အပြတ် တွေနဲ့ လှိုင်းတွေကပို့လိုက်တဲ့အရာတွေရှာရင်း ကမ်းခြေနားကကျောက်ဆောင်တွေကို လိုက်ကြည့်နေတယ်။ ရုတ်တရက် လေထဲကအသံတစ်သံ သူ့ဘက်ကိုလွင့်မျောလာတယ်။ ဒီကမ္ဘာက မဟုတ်တဲ့အသံတွေညီညီ ညာညာသီချင်းဆိုနေသလိုပါပဲ။ မဟုတ်သေးပါဘူး။ ကမ်းခြေကငှက်တွေ တေးသီနေတာဖြစ်မှာပါ။ ဘာသံ တွေပါလိမ့်။ ကမ်းခြေပေါ်က အငူလေးနားက ကျောက်ဆောင်တွေအောက်ခြေက အပေါက်တစ်ပေါက်ကနေ မီးခိုးတွေနွှယ်တက်နေတာကို တွေ့လိုက်ရပါတယ်။ လှိုင်းတွေကွဲလို့ထွက်လာတဲ့ ရေမှုံတွေများလား မဟုတ် သေးပါဘူး။ ဒါမီးခိုးတွေပါ။

## ပထမအကြိမ်ရပ်နားခြင်း

**ဆရာမ** – ဒီရှုခင်းမြင်ကွင်းကို စိတ်ကူးကြည့်လို့ရသလား။ အခုဘာတွေဖြစ်လာမယ်လို့ထင်ကြသလဲ။ ဒီပုံပြင်ဝတ္ထုဟာ ဘာကိုပြောပြလိမ့်မယ်လို့ ထင်ကြသလဲ။ တစ်မိနစ်လောက် အချိန်ယူစဉ်းစားကြပါ။ ပြီးတော့ပြောပြပါ။

**ကျောင်းသား(၆)** – သူပင်လယ်ကမ်းခြေကို ဆင်းသွားမယ်ထင်တယ်။

**ဆရာမ** – မင်းက ဒီလိုထင်သလား။ ဒါဆို သူအဲဒီကိုသွားရင်ဘာဖြစ်မလဲ။

**ကျောင်းသား(၇)** – သူပင်လယ်ကမ်းခြေကိုဆင်းသွားရင် မီးပုံနားမှာ ရေသူမတစ်ကောင်သီချင်းဆိုနေတာကို တွေ့ရ မယ်ထင်တယ်။

**ကျောင်းသား(၈)** – နောက်ဆုံးတော့ သူအဲဒီကိုသွားလိမ့်မယ်။ ဒါပေမယ့် အခုလောလောဆယ်တော့ မသွားသေး ဘူး။ ဇာတ်လမ်းက နောက်ထပ်ဇာတ်အိမ်တွေ ဖွဲ့စည်းရအုံးမယ်။

**ဆရာမ** – သူပြောတာသဘောတူရဲ့လား။ ပင်လယ်ကမ်းခြေကို အခုပဲသွားမယ်လို့ထင်တာ ဘယ်နှစ်ယောက်လဲ။ လက်ထောင်ကြပါ။ (အများစုက လက်ထောင်ကြသည်။) သူအခုမသွားသေးဘူးလို့ထင်တာကရော ဘယ်နှစ်ယောက် လဲ။ အနည်းငယ်သာလက်ထောင်ကြသည်။ သူသွားလိမ့်မယ်လို့ထင်တဲ့သူတွေက သူသွားရင်ဘာတွေ့မယ်လို့ထင် ကြသလဲ။

**ကျောင်းသား(၉)** – ရေသူမတွေကို တွေ့မယ်။

**ကျောင်းသား(၁၀)** – ပင်လယ်ဖျံ မုဆိုးတွေကိုတွေ့မယ်။ သူတို့က ပင်လယ်ဖျံတစ်ကောင်ကိုဖမ်းမိပြီး အဲဒီပင်လယ် ဖျံဟာ လူမိန်းမဖြစ်သွားလိမ့်မယ်။ သူမဟာ တကယ်တော့ ရေသူမတစ်ကောင်ဖြစ်ပါတယ်။

**ကျောင်းသား(၁၁)** – မီးပုံဘေးနားက သော့ခတ်ထားတဲ့သေတ္တာတစ်လုံးပေါ်မှာ သဘော်သားအဖိုးအိုတစ်ယောက် ထိုင်နေတာတွေ့မယ်။

**ဆရာမ** – ကဲစဉ်းစားကြပါအုံး။ အဲဒီသေတ္တာထဲမှာဘာရှိမလဲ။

**ကျောင်းသား(၁၀)** – ပင်လယ်ဖျံအရေခွံတစ်ခုရှိမယ်။ သတ္တဝါသားကြီးမှာ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ရှိမယ်။ ဒါပေမယ့် ဘာဇာတ်လမ်းလဲဆိုတာ ကျွန်တော်မစဉ်းစားတတ်သေးဘူး။

**ဆရာမ** – သိပ်ကောင်းတယ်။ အလွန်ကောင်းတဲ့ ကြိုတင်ခန့်မှန်းချက်တွေအတော်များများကို မင်းတို့ကြားခဲ့ကြပြီ။ အဖြစ်နိုင်ဆုံးလို့ထင်တဲ့ ခန့်မှန်းချက်တစ်ခုကိုရွေးကြပါ။ ဒါဟာကိုယ့်ရဲ့ခန့်မှန်းချက် ဖြစ်ချင်ဖြစ်မယ်။ တခြားကျောင်းသားရဲ့ခန့်မှန်းချက် ဖြစ်ချင်လဲဖြစ်မယ်။ ခန့်မှန်းချက်ကို ယခုရွေးချယ်ကြပါ။ ပြီးရင် အဲဒီခန့်မှန်းချက် မှန် မမှန်နားထောင်ကြည့်ကြပါ။ အခုပုံပြင်ကို ဆက်ဖတ်ပြမယ်။

အိုင်ဗင်ဟာ သွားကြည့်ချင်ပါတယ်။ ဒါပေမယ့် သူ့ခြေထောက်တိုတိုလေးတွေက သူ့ကို ကျောက်ဆောင်အမြင့်ကြီးတွေပေါ်ကို သယ်မသွားနိုင်ပါဘူး။ ဒါကြောင့် သူ့အမေသူ့ကိုခေါ်တဲ့အခါ သူဟာဆက်မစူးစမ်းတော့ဘဲ သူတို့မိသားစုနေတဲ့အိမ်ကလေးကို ပြန်လာခဲ့ပါတယ်။

အချိန်အားဖြင့် (၇) နှစ်ကျော်သွားပါပြီ။ ဒီတစ်ခါလည်း နွေရာသီအလယ်မရောက်ခင်တစ်နေ့ သန်းခေါင်အချိန်မှာ ကမ်းခြေကိုတစ်ခါပြန်ရောက်နေပါတယ်။ ထူးဆန်းတဲ့သီချင်းဆိုသံတွေကို တစ်ခါပြန်ကြားရတယ်လို့ထင်ပြီး အငူနားမှာရှိတဲ့ ကျောက်ဆောင်တွေအောက်ခြေက အပေါက်ကနေမီးခိုးထွက်လာတာကို တစ်ခါပြန်တွေ့ရပြန်တယ်။ ဒီတစ်ခါက်တော့ ဘာဖြစ်လို့အဲဒီနေရာကို သွားမကြည့်သလဲ မသိပါဘူး။ အရေးပေါ်ကိစ္စတစ်ခုခုကြောင့် သူ့မိဘရဲ့အိမ်ကလေးကို ပြန်သွားရတာဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သူ့အဖေရဲ့ကျန်းမာရေးက အရင်ကလိုမဟုတ်တော့ဘူး။ မိဘနှစ်ပါးစလုံးက အသက်ကြီးလာပြီကိုး။

**ဒုတိယအကြိမ် ရပ်နားခြင်း**

**ကျောင်းသား(၈)** – ကြည့်စမ်း ကျွန်တော်ပြောတာမှန်တယ်။

**ဆရာမ** – မင်းပြောတာမှန်ပါတယ်။ ဒို့ရဲ့တခြားခန့်မှန်းချက်တွေ အဖြေပေါ်ပြီလား။

**ကျောင်းသား(၁၀)** – အဖြေမပေါ်သေးပါဘူး။ ဘယ်ကနေအသံလာတယ်ဆိုတာနဲ့ မီးခိုးဘာကြောင့်ထွက်နေတယ်ဆိုတာကို ကျွန်တော်တို့မသိရသေးဘူး။ ရေသူမတွေ ဖြစ်ချင်ဖြစ်နိုင်တယ်။ ပြောလို့မရသေးဘူး။

**ကျောင်းသား(၁၁)** – သီချင်းဆိုတဲ့အကြောင်း အများကြီးကြားရတယ်။ ရေသူမတွေဖြစ်မယ်ထင်တယ်။

**ကျောင်းသား(၁၂)** – အဲဒီလိုခပ်ဆင်ဆင်ပဲ။ လူတွေတော့မဖြစ်နိုင်ဘူး။ လူတွေသာဆိုရင်အိုင်ဗင်သိရမယ်။ ဆန်းကျယ်တဲ့အရာပဲဖြစ်မယ်။

**ကျောင်းသား(၁၃)** – CD ခွေ အသံကျယ်ကျယ်ဖွင့်နေတဲ့ ဆယ်ကျော်သက်လူငယ်ဖြစ်မယ်ထင်တယ်။

**ကျောင်းသား(၁၄)** – ကဲ လုပ်ကြပါ။ ဒို့က ရိုးရာပုံပြင်ပြောနေတာ။

**ကျောင်းသား(၁၅)** – တစ်ယောက်ယောက်က ပင်လယ်ဖျံဖြစ်သွားတဲ့ အမျိုးသမီးတစ်ဦးအကြောင်းပြောခဲ့ပါတယ်။ ဒီလိုဒဏ္ဍာရီပုံပြင်မျိုးတစ်ပုဒ် ကျွန်တော်ကြားဖူးတယ်။ နွေညသန်းခေါင်အချိန်မှာ ပင်လယ်ထဲကထွက်လာပြီး လူအဖြစ်ပြောင်းလဲသွားကြတဲ့ ပင်လယ်ဖျံတွေဖြစ်မယ်ထင်တယ်။

**ကျောင်းသား(၁၆)** – အိုင်ဗင်ဟာ ဒီအသံတွေကို နွေညသန်းခေါင်အချိန်မှာပဲကြားရတတ်တယ် ဆိုတာမှန်တယ်။ ပြီးတော့ (၇)နှစ်ကြာမှတစ်ကြိမ် ဒီသီချင်းသံတွေကြားရတယ်။ အဲဒီလိုမျိုးဖြစ်ရမယ်။

**ဆရာမ** – ဆက်ပြီးခန့်မှန်းကြပါ။ ဒီဇာတ်လမ်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာ တွေ့ရသလဲ။

**ကျောင်းသား(၁၅)** – အိုင်ဗင်ဟာ အဲဒီကိုဆင်းသွားပြီး သူတို့ကိုသွားတွေ့မယ်ထင်တယ်။

**ကျောင်းသား(၁၇)** – သူက အဲဒီလူတွေနဲ့ သွားပေါင်းမယ်ထင်တယ်။

**ကျောင်းသား(၁၈)** – သူဟာ သူတို့ထဲကတစ်ယောက်ကို လက်ထပ်ယူချင်ယူမယ်။ ဒီဇာတ်လမ်းမှာ အိမ်ထောင်ကျတာပါမယ်ဆိုတာ ဒို့သိတယ်။

**ကျောင်းသား(၁၆)** – မဖြစ်နိုင်ဘူး။ သူအိမ်ထောင်ပြုဖို့ အရွယ်မရောက်သေးဘူး။

**ကျောင်းသား(၁၉)** – ကျွန်တော်ကတော့ ဘာမှဖြစ်အုံးမယ်လို့မထင်ဘူး။

**ဆရာမ** – ဘာကိုဆိုလိုတာလဲ။

**ကျောင်းသား(၁၉)** – ဘာကြောင့်လဲဆိုတော့ သူဟာအိမ်ထောင်ပြုဖို့ အရွယ်မတိုင်သေးဘူး။ ဒါပေမယ့် နောက်ဆုံးမှာတော့အိမ်ထောင်ပြုမှာပါ။ ရိုးရာပုံပြင်တွေမှာ သုံးကြိမ်သုံးခါဖြစ်တတ်တယ် ဆိုတာသိကြရဲ့လား။ သူသွားအုံးမယ်လို့မထင်ဘူး။

**ဆရာမ** – သူသွားရောက်စူးစမ်းရှာဖွေခြင်း မပြုသေးဘူးလို့ ဘယ်သူထင်သလဲ။ (ကျောင်းသားတစ်ဝက် လက်ထောင်ကြသည်။) အခု သူသွားမယ်လို့ ဘယ်သူတွေထင်ကြသလဲ။ (ကျန်တစ်ဝက်လောက်ထောင်ကြသည်။ သို့သော်အချို့ဇဝေဇဝါ ဖြစ်ပုံရသည်)။ ကောင်းပြီ ဒို့နောက်ထပ်ခန့်မှန်းချက်တွေ အများကြီးကြားရအုံးမယ်။ CD ခွေ ဖွင့်တဲ့လူလည်း ဖြစ်ချင်ဖြစ်မယ်။ (ကျောင်းသားများ ရယ်မောကြသည်)။ နေကြအုံး။ စိတ်ကူးကျယ်ကျယ်ပြန့်ပြန့်ဖွင့်ထားကြ။ ရေသူမတွေ ဖြစ်ချင်ဖြစ်နိုင်တယ်။ ပင်လယ်ကမ်းခြေကိုတက်လာပြီး လူသားတွေဖြစ်သွားတဲ့ ပင်လယ်ဖျံတွေ ဖြစ်ချင်ဖြစ်မယ်။ သူတို့နဲ့ အိုင်ဗင်သွားပူးပေါင်းလိမ့်မယ်လို့ ခန့်မှန်းထားတာရှိတယ်။ သူတို့ထဲက တစ်ယောက်ယောက်ကို သူလက်ထပ်ယူလိမ့်မယ်။ ဒါမှမဟုတ် သူအခုမသွားသေးဘူး စသဖြင့်။ မင်းတို့အနေနဲ့ အဖြစ်နိုင်ဆုံးလို့ထင်တဲ့ ခန့်မှန်းချက်တစ်ခုကိုရွေးပါ။ အဲဒီခန့်မှန်းချက်မှန် မမှန်နားထောင်ကြည့်ကြပါ။ ဆရာမဆက်ဖတ်ပြမယ်။

> နောက်ထပ် (၇)နှစ်ကြာသွားပါပြီ။ သူ့အဖေဟာလည်း ပင်လယ်ရေအေးထဲမှာငါးဖမ်းရလို့ ပင်ပန်းနေပါပြီ။ ဒါကြောင့် သူ့မိဘတွေဟာ မြို့ထဲမှာပြောင်းနေပြီး အနားယူကြပါတယ်။ သူတို့ရဲ့အိမ်ကလေးကိုတော့ အိုင်ဗင့်ကိုပေးလိုက်တယ်။ သူ့အတွက်အဖော်ဆိုလို့ ကမ်းခြေငှက်တွေရဲ့အော်သံပဲရှိတာပေါ့။ သူဟာ နေ့တွေမှာ အချိန်အကြာကြီးငါးမျှားပြီး ညအချိန်မှာ သစ်ရွက်ဆွေးခြောက်မီးပုံလေးနဲ့ မီးလှုံရပါတယ်။ သူ့ခမျာ အထီးကျန်နေရှာမယ်လို့ထင်ရပါတယ်။
>
> နွေရာသီအလယ်မတိုင်မီ တစ်နေ့ထပ်ရောက်လာတော့ အိုင်ဗင်ဟာ သီချင်းဆိုတာရယ်၊ မီးခိုးရယ်ကိုမှတ်မိလာတယ်။ သန်းခေါင်အချိန်မှာ သူဟာကမ်းခြေကို လမ်းလျှောက်သွားတယ်။ ထူးဆန်းတဲ့၊ ဒီလောကထဲကမဟုတ်တဲ့သီချင်းသံဟာ နားဝင်ချိုချိုညီညီညာညာလေး သူ့နားထဲဝင်လာတယ်။

**တတိယအကြိမ်ရပ်နားခြင်း**

**ဆရာမ** – ကဲ ယခုဘာဖြစ်မလဲ။

**ကျောင်းသား(၁၈)** – ကျွန်တော်တို့ ခန့်မှန်းတာမှန်တယ်။ သူ မသွားခဲ့ဘူး။ ဒါပေမယ့် ဒီတစ်ကြိမ်တော့ သူသွားလိမ့်မယ်။

**ဆရာမ** – တကယ်လို့ သူသွားမယ်ဆိုရင် မင်းတို့ခန်းမှန်းချက်က အရင်အတိုင်းပဲလား။

**ကျောင်းသားများ** – ဟုတ်ကဲ့။ ဆရာမ ဆက်ဖတ်ပြပါ။ ဘာဖြစ်တယ်ဆိုတာ ကျွန်တော်တို့ကြားချင်တယ်။

**ဆရာ** – ကောင်းပြီ။ ဖတ်မယ်။

ဒီတခါမှာတော့ ဘယ်ကျောက်ဆောင်ကမှ သူ့ကိုတားလို့မရပါဘူး။ ပြီးတော့ သူ့ကိုပြန်ခေါ်မယ့် လူလည်းတစ်ယောက်မှမရှိဘူးလေ။ အိုင်ဗင်ဟာ ကမ်းခြေတလျှောက်အငူလေးဘက်ကို လျှောက်လာခဲ့တယ်။ နီးလာတော့ သူဟာမီးလောင်သံတဖျောက်ဖျောက်ကြားရပြီး ကျောက်ဆောင်မှာမီးရောင်ပြန်ဟပ်တာကိုပါ မြင်လာရတယ်။ သာယာတဲ့သီချင်းသံဟာ လိုဏ်ဂူထဲကထွက်နေပြီး လိုဏ်ဂူဝမှာတော့ မီးခိုးရောင် ပါးပါးလှပ်လှပ် အရေခွံအပုံတစ်ပုံတွေ့ရပါတယ်။ ဖျံအရေခွံတွေ။

အိုင်ဗင်ဟာ အလှဆုံးလို့ထင်တဲ့တစ်ခုကိုရွေးလိုက်ပြီး တဖြည်းဖြည်းသတိကြီးစွာနဲ့ အပုံထဲက ဆွဲထုတ်လိုက်တယ် ဒီဖျံအရေခွံကိုလုံးလိုက်ပြီး အိမ်ကိုတခါတည်း ပြန်ယူလာခဲ့တယ်။ အိမ်ရောက်တာနဲ့ သစ်သားသေတ္တာထဲမှာ ဒီဖျံအရေခွံကို သော့ခတ်ထားလိုက်ပြီး သော့ကိုတော့ သူ့လည်ပင်းမှာဆွဲထားတဲ့ သားရေကြိုးမှာချည်ထားလိုက်ပြီး အိပ်ယာဝင်သွားတယ်။ မနက်မှာ သူဟာ သူ့အိပ်ယာကစောင်ကိုယူပြီး လိုဏ်ဂူဆီပြန်လာခဲ့တယ်။ အဲဒီမှာ သူတွေ့တာက —

**စတုတ္ထအကြိမ် ရပ်နားခြင်း**

**ဆရာမ** – သူတွေ့တာ ဘာဖြစ်မလဲ။

**ကျောင်းသား(၉)** – အမျိုးသမီးတစ်ဦး အင်မတန်ချောမောလှပတဲ့အမျိုးသမီးလေး။

**ဆရာမ** – တခြားကော တွေးမိတာရှိသေးလား။

**ကျောင်းသား (၁၀)** – အမျိုးသမီးတစ်ဦးပဲဖြစ်ရမယ်။ ဆရာမ ဆက်ဖတ်ပြပါ။

**ဆရာမ** – ကောင်းပါပြီ ဆက်ဖတ်မယ်။

အဲဒီမှာ အလွန်လှပပြီးဝမ်းနည်းနေတဲ့ မိန်းမပျိုလေးတစ်ယောက် တုန်တုန်ရီရီနဲ့ကွေးနေပြီး သူ့ရဲ့ အဝတ်အစားမဲ့နေတဲ့ကိုယ်ခန္ဓာကို သူ့လက်တွေရယ်၊ ဆံပင်ရှည်ကြီးရယ်နဲ့ဖုံးထားတာကိုတွေ့ရတယ်။ စကားတစ်ခွန်းမှမပြောဘဲ အိုင်ဗင်လည်းအမျိုးသမီးကို သူ့စောင်နဲ့ပတ်လိုက်ပြီး အိမ်ကိုပြန်ခေါ်လာခဲ့တယ်။

အိုင်ဗင်ဟာ ဒီအမျိုးသမီးကို ကြင်ကြင်နာနာဆက်ဆံပြီး အချိန်ကြာလာတော့ သူတို့နှစ်ယောက် ချစ်သွားကြတယ်။ သူတို့မှာ သားတစ်ယောက်ရပြီး၊ နောက်တော့ နောက်တစ်ယောက်ထပ်ရလာတယ်။ အိုင်ဗင်ဟာစိတ်ချမ်းသာပြီး အမျိုးသမီးဟာလည်း မိခင်ကောင်းတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့် မကြာခဏဆိုသလို သူ့မိန်းမဟာ ပင်လယ်ဘက်ကို ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ ငေးကြည့်နေတာကို အိုင်ဗင် တွေ့ရတယ်။ သူဟာ သူ့မိန်းမကို သစ်သားသေတ္တာထဲမှာဘာရှိလဲဆိုတာကို မပြောပါဘူး။ ပြီးတော့ သူ့မိန်းမ ကိုလည်း သေတ္တာမဖွင့်ရဘူးလို့ တားမြစ်ထားတယ်။

**ပဉ္စမအကြိမ်ရပ်နားခြင်း**

**ဆရာမ** – ခဏနားပြီး ဒို့ဘယ်ရောက်နေတယ်ဆိုတာ ကြည့်ဖို့လိုတယ်။ ယခုထက်ထိ ခန့်မှန်းချက် ဘယ်နှစ်ခုမှန်ပြီလဲ။

**ကျောင်းသား(၂၁)** – အံ့သြစရာပဲ ဖျံလူသားတွေဖြစ်ကုန်တယ်။

**ဆရာမ** – သေချာရဲ့လား။

**ကျောင်းသား(၂၂)** – ဒါဟာ တစ်ခုတည်းသောဖော်ပြချက် ဖြစ်ပါတယ်။ (၇)နှစ်တစ်ကြိမ် ပင်လယ်ကမ်းခြေကိုလာပြီး လူသားအဖြစ်ပြောင်းလဲတတ်တဲ့ ပင်လယ်ဖျံတွေရှိခဲ့ကြတယ်။ ပြီးတော့ သူတို့ဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်းပဲ ဖြိုးဖျက်ကြတယ်။

**ကျောင်းသား(၂၃)** – ပြီးတော့ သူအိမ်ထောင်ပြုဖို့ အရွယ်ရောက်တဲ့အထိ အဲဒီကိုမသွားဘဲနေလိမ့်မယ်လို့ ကျွန်တော်တို့ခန့်မှန်းခဲ့ကြတယ်။ ပြီးမှ သူဟာပင်လယ်ဖျံလူသား အမျိုးသမီးကိုရှာဖွေတွေ့ရှိပြီး လက်ထပ်ယူမယ်။

**ဆရာမ** – ဒါတွေဟာ အင်မတန်ကောင်းတဲ့ ခန့်မှန်းချက်တွေဖြစ်ပါတယ်။ အခု ပုံပြင်ဇာတ်လမ်းအကြောင်းပြောဆိုဆွေးနွေးကြစို့။ ဒီပုံပြင်မှာ ဘာတွေကိုသတိပြုမိကြသလဲ။ အရေးကြီးတာ ဘာဖြစ်လာမယ်လို့ထင်ကြသလဲ။

**ကျောင်းသား(၂၄)** – သူက ဘာကြောင့်ပင်လယ်ဖျံအရေခွံအကြောင်း သူမကိုပြောမပြသလဲဆိုတာ ကျွန်တော်တို့နားမလည်နိုင်ဘူး။

**ကျောင်းသား(၂၅)** – ဟုတ်တယ် ဒါဟာသိပ်ဆိုးတာပဲ။ ပြီးတော့ ပုံပြင်အရ အိုင်ဖင်ကဝမ်းသာပျော်ရွှင်ပြီး သူမိန်းမကမပျော်ဘူး။ ဘာဆက်ဖြစ်မယ်ဆိုတာ ကျွန်တော့်စိတ်ထဲမှာ မသက်မသာခံစားရတယ်။

**ဆရာမ** – အဲဒါက ဘာလဲ။

**ကျောင်းသား(၂၅)** – သူမက စိတ်မပျော်ရွှင်ရင် ဇာတ်လမ်းအဆုံးပိုင်းက အကောင်းနဲ့နိဂုံးချုပ်မှာမဟုတ်ဘူး။ အဲဒါတင်မက သူမဟာသူမရဲ့အမျိုးတွေနဲ့ အဆက်ဖြတ်ထားခံနေရတယ်။

**ကျောင်းသား(၁၈)** – ဒါပေမယ့် သူမဟာ အခုသူမရဲ့အမျိုးတွေနဲ့နေရပြီပဲ။ သူမမှာ မိသားစုအသစ်ရှိနေပြီ။ လူသားမိသားစု။

**ကျောင်းသား(၂၆)** – ဒါပေမယ့် အဲဒါကဒုက္ခဘဲ သူမဟာမိသားစုနှစ်ခုကြား၊ ကမ္ဘာလောကနှစ်ခုကြား ခွဲခြားခံထားရတယ်။ အပြောင်းအလဲတစ်ခုခုတော့ ဖြစ်ကိုဖြစ်ရမယ်ဆိုတာ ကျွန်တော်သဘောတူတယ်။ ဒီပြဿနာကို ဖြေရှင်းပစ်မှဖြစ်မယ်။

**ဆရာမ** – ဒါဆိုရင် အခုဟာကြိုတင်ခန့်မှန်းဖို့အချိန်ဖြစ်တယ်။ ဘာဖြစ်မယ်လို့ထင်ကြသလဲ။

**ကျောင်းသား(၂၇)** – သူမဟာ ထွက်ခွာသွားလိမ့်မယ်လို့ကျွန်တော်ထင်တယ်။

**ဆရာမ** – အပြီးအပိုင်လား။

**ကျောင်းသား(၂၇)** – ဒီလိုမထင်ဘူး သူမပြန်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမယ့် (၇)နှစ် တစ်ကြိမ်သာပြန်လာမယ်။

**ဆရာမ** – မင်းကဘာဖြစ်လို့ဒီလိုထင်သလဲ။

**ကျောင်းသား(၂၇)** – ဘာကြောင့်လဲဆိုရင် ပင်လယ်ဖျံလူသားတွေဟာ (၇)နှစ်တစ်ကြိမ် နွေရာသီအလယ်လောက်မှာ ပြန်ပြန်ပေါ်လာကြလို့ပါ။

**ဆရာမ** – တခြားကျောင်းသားတွေ ပြောကြပါအုံး။

**ကျောင်းသား(၂၈)** – ကျွန်တော့်အထင်မှာတော့ သူမဟာ အပြီးအပိုင်ထွက်ခွာသွားပါလိမ့်မယ်။

**ကျောင်းသား(၂၉)** – ကျွန်တော်ထင်တာကတော့ ခင်ပွန်းသည်ကသူမကို ပင်လယ်ဖျံအရေခွံထုတ်ပြမယ်။ ဒါပေမယ့် သူမကတော့ မပြန်ဘဲနေရစ်ဖို့ဆုံးဖြတ်လိမ့်မယ်။

**ဆရာမ** – ဘာကြောင့် ဒီလိုထင်သလဲ။

**ကျောင်းသား(၂၉)** – ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အဲဒီလိုဖြစ်စေချင်လို့ပါ။

**ကျောင်းသား(၃၀)** – ဒါမှမဟုတ်ရင်လဲ သူမက တစ်ချိန်မှာထွက်ခွာသွားလိုက် ပြန်လာလိုက်လုပ်ပါမယ်။

**ဆရာမ** – ကောင်းပြီ။ ခန့်မှန်းချက်တွေကို ရွေးချယ်ကြပါ။ ဆရာမ ဆက်ဖတ်ပြမယ်။

နှစ်တွေထပ်ကြာသွားပါပြီ။ တခါတော့ ခရစ္စမတ်မရောက်ခင် တနေ့မှာအိုင်ဗင်ဟာသူ့မိသားစုကို ဘုရားကျောင်းသွားဖို့ ပြင်ဆင်ခိုင်းပါတယ်။ ဒါပေမယ့် သူ့မိန်းမက နေမကောင်းဘူးလို့ပြောပြီး အိုင်ဗင်နဲ့ သူ့သားတွေကိုပဲ သွားဖို့ပြောသတဲ့။

ဒါနဲ့ပါတ်သက်ပြီး အိုင်ဗင်အနေနဲ့စိတ်ဆိုးချင်ဆိုးပါလိမ့်မယ်။ အင်္ကျီအလျင်စလို ဝတ်လိုက်ရလို့ အိုင်ဗင်ဟာ သူ့ကုတင်တိုင်မှာချိတ်ထားတဲ့သော့ကိုမေ့ကျန်ခဲ့ပြီး ဘုရားကျောင်းကို အဲဒီသော့မပါဘဲ ထွက်သွားခဲ့ပါတယ်။

သန်းခေါင်ကျော်မှာ အိုင်ဗင်နဲ့သူ့သားတွေ ဘုရားကျောင်းကပြန်လာကြပါတယ်။ အိမ်ပြန်မရောက်ခင် အိမ်တံခါးပွင့်နေတာ လှမ်းမြင်ရပါတယ်။ သစ်သားသေတ္တာပွင့်နေပြီး သော့ခလောက်မှာလည်း သော့တန်းလန်းဖြစ်နေတာ တွေ့ရပါတယ်။ သူ့မိန်းမကတော့ မရှိတော့ပါဘူး။

**ဆင္ခမအကြိမ်ရပ်နားခြင်း**

**ဆရာမ** – မြန်မြန်လေးသွားကြရအောင် ဇာတ်လမ်းအဆုံးပိုင်းရောက်ခါနီးပြီ။ ဇာတ်လမ်းကဘယ်လို ဖြစ်လာမယ်လို့ထင်ကြသလဲ။

**ကျောင်းသား(၅)** – သူမ ပြန်လာလိမ့်မယ်။

**ကျောင်းသား(၁၃)** – သူမ (၇)နှစ်တစ်ကြိမ် ပြန်လာလိမ့်မယ်။

**ကျောင်းသား(၂၈)** – မလာတော့ဘူး။ သူမက အပြီးအပိုင်ထွက်သွားပြီ။

**ဆရာ** – ခန့်မှန်းချက်တွေကို ရွေးချယ်ကြပါ။ အခုဆက်ပြီးပုံပြင်ကို အပြီးအထိဖတ်ပြမယ်။

တခါတလေ သူတို့သားတွေကမ်းခြေမှာလမ်းလျှောက်ရင် ပင်လယ်ရေအေးထဲကနေ ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ဖျံလှလှတစ်ကောင် သူတို့အနားကလိုက်လာတယ်လို့ပြောကြပါတယ်။ ပြီးတော့ တခါတလေ အိုင်ဗင်ငါးဖမ်းနေတဲ့အခါ အဲဒီဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ဖျံလှလှဟာ သူ့ပိုက်ကွန်ထဲကို ဟဲရင်းငါးတွေ မောင်းပေးတယ်လို့လည်း ပြောကြသေးတယ်။ အဲဒီဖျံက အိုင်ဗင်ရဲ့မိန်းမဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်။ ဘယ်သူမှ မပြောနိုင်ပါဘူး။ ကျွန်တော်တို့အားလုံးသိတာကတော့ အိုင်ဗင်ဟာသူ့မိန်းမကို ဒီလောကမှာ နောက်ထပ်ဘယ်တော့မှ မတွေ့တော့ဘူးဆိုတာပါပဲ။

**ကျောင်းသား(၂၈)** – အိုး သိပြီ။ သူမ ပြန်မလာတော့ဘူး။

**ကျောင်းသား(၁၃)** – ဘာကြောင့်ပြန်မလာတော့တာလဲ။ သူမဟာ သူမရဲ့မိသားစုကို လုံးဝပစ်ထားခဲ့ပြီကော။

**ကျောင်းသား(၂၉)** – သူက သူ့ဇနီးအပေါ်မရိုးသားခဲ့ဘူး။ ဒါကြောင့် သူ့ဇနီးဘာလိုချင်တယ်ဆိုတာ သူမသိခဲ့ဘူး။ သူမကိုပင်လယ်ဖျံအရေခွံမပြတဲ့အကျိုး ဝဋ်လည်တာပဲ။

**ကျောင်းသား(၃၀)** – ဒါပေမယ့် သူဟာ သူမအတွက်ကောင်းခဲ့ပါတယ်။ မိသားစုကို အဲဒီလိုပစ်သွားခွင့် သူမမှာမရှိဘူး။

**ကျောင်းသား(၂၉)** – အခွင့်အရေးအကြောင်းပြောမယ်ဆိုရင်တော့ သူဟာ သူမရဲ့အခွင့်အရေးကို မလေးစားခဲ့ဘူး။

**ဆရာမ** – လူတိုင်းပြောကြတာကောင်းတယ်။ မင်းတို့တကယ်ကောင်းတဲ့ခန့်မှန်းချက်တွေ ထုတ်နိုင်ကြပါတယ်။ အစပိုင်းမှာ မင်းတို့ပြောခဲ့ကြတဲ့ပုံပြင်တွေကို မှတ်မိလား။ ဘယ်သူတွေက အခုဖတ်ပြတဲ့ ပုံပြင်နဲ့အနီးစပ်ဆုံးပြောနိုင်သလဲ။

**ကျောင်းသား(၁)** – လူသားကနေ ပင်လယ်ဖျံတွေဖြစ်သွားတဲ့ ဇာတ်လမ်းနှစ်ပုဒ်ပြောခဲ့ပါတယ်။

**ဆရာ** – မှန်တယ်။ ဒီအကြံဉာဏ်တွေ ဘယ်ကရလာသလဲ။

**အတွဲ(၂ )မှ ကျောင်းသား** – ဘယ်လိုရလာတယ်ဆိုတာ ကျွန်တော်မသိဘူး။ လူတွေကနေ တိရစ္ဆာန်ဖြစ်သွားတဲ့ တခြားပုံပြင်တွေ ကျွန်တော်ဖတ်ဖူးပါတယ်။ မိန်းမတစ်ယောက် ကြိုးကြာငှက်ဖြစ်သွားတဲ့ ဂျပန်ရိုးရာပုံပြင်ဖတ်ဖူးတယ်။ ဆရာမ ကျွန်တော်တို့ကို ဒီပုံပြင်အကြောင်းမိတ်ဆက်ပေးတုန်းက မှော်ပညာနဲ့ဆန်းကြယ်မှုတွေပြောခဲ့ပါတယ်။ အဲဒီအချက်ကြောင့် အထူးအဆန်းတစ်ခုခုဖြစ်မယ်လို့ ခန့်မှန်းမိပါတယ်။

**အတွဲ(၃)မှ ကျောင်းသား** – လူတွေ ပင်လယ်ဖျံဖြစ်သွားကြတဲ့ ရုပ်ရှင်ကားတစ်ကား ကြည့်ဖူးပါတယ်။



## စုစည်းခြင်း

ယခု ကျောင်းသားများသည် ပုံပြင်အကြောင်းအခြေခံသဘောကို နားလည်ပြီးဖြစ်သောကြောင့် အဓိပ္ပါယ်နှင့် ပတ်သက်၍ သူတို့ဘာတွေလုပ်နိုင်ကြောင်း ကြည့်ရန်အချိန်ဖြစ်ပါသည်။ သူတို့အခုလေးတင်တည်ဆောက်ခဲ့သည့် အကြံဉာဏ်များကို မည်ကဲ့သို့လက်တွေ့အသုံးချနိုင်မည်နည်း။ ဤအကြံဉာဏ်များသည် သူတို့၏လက်တွေ့ဘဝတွင် မည်ကဲ့သို့ပါဝင်ကြမည်နည်း။ ဤအပိုင်းသည် သင်ခန်းစာ၏ စုစည်းမှုအပိုင်းဖြစ်သည်။ ဤတွင် ဆရာက ဖလှယ်စုံစမ်းသောချဉ်းကပ်နည်းကို ဦးစွာအသုံးပြုပြီး၊ ဆွေးနွေးခန်းကွန်ယက်နည်းကို ပြန်အသုံးပြုပါမည်။

**ဆရာမ** – မင်းတို့ထဲကတစ်ယောက်ဟာ ဒီပုံပြင်ဆန်းကြယ်ပုံရတယ်လို့ဆိုပါတယ်။ အဲဒီဆန်းကြယ်မှုတချို့ကို အခုဆရာမထောက်ပြပေးမယ်။ မင်းတို့ကို မေးခွန်းတစ်ပုဒ်မေးမယ်။ ဒီမေးခွန်းကို သင်ပုန်းကြီးပေါ်မှာရေးချပေးမယ်။ မင်းတို့တစ်ဦးစီ အဲဒီမေးခွန်းရဲ့အဖြေကို စဉ်းစားရေးချဖို့အချိန် (၂)မိနစ်ရမယ်။ ပြီးတော့ ဒိုဝိုင်းဆွေးနွေးကြမယ်။

**ဆရာမက ဤသို့ရေးသည်** – "ပုံပြင်ရေးတဲ့စာရေးသူဟာ အိုင်ဗင်ကို ပထမနှစ်ကြိမ်တုန်းကအသံတွေကြားပြီး မီးခိုးတွေကိုမြင်တွေ့ရုံမြင်တွေ့ခိုင်းပြီး ဘာကြောင့်အသက်(၂၁)နှစ်ရောက်မှပဲ ကျောက်ဂူဆီသွားခိုင်းသလဲ။"

အချိန် (၂)မိနစ်ပြည့်ပြီးနောက် ဆရာမကကျောင်းသားများကို တုံ့ပြန်ချက်ပေးရန်ဖိတ်ခေါ်သည်။

**ကျောင်းသား(၁)** – ကျွန်တော့်အထင်ကတော့ ရိုးရာပုံပြင်တွေမှာ သုံးကြိမ်သုံးခါအမြဲလာတတ်လို့ပါ။

**ဆရာမ** – ကျေးဇူးတင်ပါတယ်။ အဲဒါကို ရေးချပါရစေဒုံး။ (ဆရာက ထိုကျောင်းသား၏အမည်ကို စာရွက်ချပ်ပေါ်ရေးချပြီး၊ ၎င်းအမည်အောက်တွင် အဆိုပါကျောင်းသား၏ ဝေဖန်အကြံပြုတင်ပြချက်ကို ရေးချပါ။) ကောင်းပြီ ဒါဆိုရင် ဘာ့ကြောင့်အဲဒီလိုဖြစ်တာလဲ နောက်ဆုံးအခေါက်မသွားခင် အရင်နှစ်ခေါက်တုန်းက သူမသွားခဲ့လို့ဘာအကျိုးသက်ရောက်မှုခံစားရသလဲ။

**ကျောင်းသား(၁)** – ဟုတ်ကဲ့။ ပထမတစ်ခေါက်သူ မသွားဘူး။ ဒုတိယတစ်ခေါက်လည်းသူ မသွားသေးဘူး။ တတိယအခေါက်ကျတော့ သူသွားတယ်ဆိုတာကျွန်တော်တို့သိရပြီ။

**ကျောင်းသား(၂)** – တကယ်အရေးကြီးတဲ့ အချက်တစ်ခုအတွက် ကျွန်တော်တို့ကို ကြိုတင်ပြင်ဆင်ပေးလိုက်ပြီ။ သုံးကြိမ်သုံးခါပုံစံဟာ အထောက်အမဖြစ်စေတယ်။ ပြီးတော့ ကျွန်တော်တို့ကို ထူးခြားတဲ့အချက်တစ်ခုခု ဖြစ်လာမယ်ဆိုတာ မျှော်လင့်ချက်ပေးတယ်။

**ဆရာမ** – ကျေးဇူးတင်ပါတယ်။ (ဆရာမက ထိုတုံ့ပြန်မှုအသစ်ကို ကားချပ်ပေါ်ရေးချ)။ နောက်မှ ဒါကိုပြန်ကောက်ကြစို့။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အခြားတစ်နည်းနဲ့စဉ်းစားထားတဲ့လူရှိသလား။

**ကျောင်းသား(၃)** – ဟုတ်ကဲ့။ သူဟာ အဲဒီပထမအကြိမ်မှာအဆင်သင့်မဖြစ်သေးဘူး။ သူ ငယ်လွန်းနေသေးတယ်။ ဒုတိယအကြိမ်တုန်းကလဲ ငယ်လွန်းနေသေးတယ်။

**ကျောင်းသား(၄)** – မှန်တယ်။ အကယ်၍ သူကအဲဒီစောစောပိုင်းအကြိမ်တွေတုန်းက သွားခဲ့တယ်ဆိုရင်ကောသူတွေ့မြင်ခဲ့တာတွေကို မိဘနှစ်ပါးထံပြေးလာပြီးပြောပြမှာပဲ။ ဒါမှမဟုတ် အဲဒီအကောင်တွေဟာ သူ့ကိုပင်လယ်ထဲခေါ်သွားကြမှာပဲ။ ဒါပေမယ့် ဒီပုံပြင်မှာလက်ထပ်ထိမ်းမြားခြင်းအကြောင်း ပါရှိတော့မှာမဟုတ်ဘူး။

**ဆရာမ** – ဒါဟာ စိတ်ဝင်စားစရာပဲ။ (ကျောင်းသား၏ ပြန်ကြားချက်ကို ကားချပ်တွင်ရေးချပါ) ကောင်းပြီ ဒို့စားပွဲပေါ်မှာကွဲလွဲအဆိုနှစ်ခုရှိနေတယ်။ တစ်ချို့အဆိုအရ ရိုးရာပုံပြင်တွေမှာ သုံးကြိမ်သုံးခါပါတတ်လို့ ဒီမှာလည်းသုံးကြိမ်ဖြစ်တယ်လို့ပြောကြတယ်။ ကျန်တဲ့လူတွေဟာ သူအရွယ်ရောက်အောင်အရင်စောင့်ပြီးမှ ဇာတ်လမ်းအတွက်အဆင်သင့်ဖြစ်မယ်လို့ဆိုကြတယ်။ (ကျောင်းသား(၄)ကိုညွှန်းရန်) ဘယ်အယူအဆကို သဘောတူကြသလဲ။ ဒါမှမဟုတ် တခြားဘယ်လိုစိတ်ကူးမျိုးရသလဲ။

**ကျောင်းသား(၄)** – ကျွန်တော့်အယူအဆကတော့ အဲဒီအယူအဆနှစ်ခုကိုပေါင်းစပ်ထားပါတယ်။ စာရေးဆရာကသူ့ကို ပထမနှစ်ကြိမ်မသွားခိုင်းဘဲ။ သူ့ဘဝတလျှောက်လုံး စောင့်ခိုင်းတာကတော့ ဒီလိုထင်တယ်။ ပင်လယ်ဖျံအမျိုးသမီးက သူ့ရဲ့ဖူးစာရှင်ဖြစ်လို့ အချိန်တန်ရင် သူရှာတွေ့မှာဖြစ်ပါတယ်။

**ကျောင်းသား(၅)** – ဒါပေမယ့် အဲဒါဘယ်လိုဖြစ်နိုင်မလဲ အဲဒီပင်လယ်ဖျံအမျိုးသမီးဟာ သူ့ရဲ့ဖူးစာရှင်ဖြစ်တယ်ဆိုတာမှန်ရင် သူကဘာကြောင့်သူမကိုပြန်ပေးဆွဲသလဲ။

**ဆရာမ** – "ပြန်ပေးဆွဲတယ်" ဆိုတာ ဘာကိုဆိုလိုတာလဲ။

**ကျောင်းသား(၅)** – ဟုတ်ကဲ့ သူဟာသူမရဲ့အရေခွံကို ဝှက်ထားတယ်။ ပြီးတော့ သူမကိုလူသားဘဝမှာ အကျဉ်းချထားတယ်။

**ဆရာမ** – (ဤဝေဖန်အကြံပြုချက်များကို ရေးချပြီးပြန်ဖတ်ပြပါ) အဲဒီမေးခွန်းကို အစကောက်ကြစို့ ဒါပေမယ့် ဒို့ပြောခဲ့တာတွေကို အရင်ပြန်စစ်ဆေးကြည့်ရအောင်။ တစ်ချို့က ရိုးရာပုံပြင်တွေမှာသုံးကြိမ်သုံးခါဖော်ပြတတ်လို့ သုံးကြိမ်သုံးခါဖြစ်ပျက်တယ်လို့ဆိုကြတယ်။ တခြားလူတွေက သူအရွယ်ရောက်အောင်ကြီးပြင်းဖို့လိုသေးတယ်လို့ ဆိုပါတယ်။ ကျန်တဲ့တခြားလူတွေက ပင်လယ်ဖျံအမျိုးသမီးကို လက်ထပ်ယူဖို့ သူ့မှာကုသိုလ်ကံကြမ္မာပါလာတဲ့အတွက် သုံးကြိမ်သုံးခါပုံစံမျိုးဖြစ်ပျက်တယ်လို့ ဆိုကြပါတယ်။ ကဲ ယခုပြောခဲ့တဲ့အတိုင်းဆိုရင် အိုင်ဗင်အတွက်ပင်လယ်ဖျံအမျိုးသမီးကိုလက်ထပ်ယူဖို့ဖူးစာကံပါလာတယ်လို့ဆိုကြပေမယ့် ပင်လယ်ဖျံအမျိုးသမီးဘက်ကကြည့်ရင် ပြန်ပေးဆွဲခံရသလိုဖြစ်နေပါတယ်။ သိပ်ကောင်းတဲ့ဆွေးနွေးခန်းကိုရောက်နေပါပြီ။ တံငါသည်ရဲ့ဖူးစာရှင်နဲ့ အမျိုးသမီးတစ်ဦးရဲ့အကျဉ်းစခန်းဆိုတဲ့ မေးခွန်းကို အာရုံစိုက်ကြပါစို့။ ဒီနေရာမှာ ဒို့ဟာကောင်းတဲ့အဖြစ်အပျက်အကြောင်း ပြောနေကြတာလား ဒါမှမဟုတ် အဖြစ်ဆိုးတွေကို ပြောနေကြတာလား။

**ဆရာမ** – မင်းတို့အတော်များများဟာ ဒီပုံပြင်ရဲ့အဖြစ်အပျက်တွေကြောင့် စိတ်မသက်မသာခံစားနေကြပြီးဖြစ်တယ်။ အခု ဆရာမအနေနဲ့မင်းတို့ကို ဒီပုံပြင်ဝတ္ထုအကြောင်း မေးခွန်းတစ်ခုပေါ်အခြေအတင်ဆွေးနွေးစေချင်တယ်။ ဒီလိုဇာတ်သိမ်းမျိုးမဖြစ်ရအောင် အိုင်ဖင်က ပင်လယ်ဖျံအရေခွံကို ယူဆောင်မသွားခဲ့လျှင်ပိုကောင်းမလား။

အတွဲတိုင်းဟာ အောက်ပါပုံစံမျိုးကားချပ်အပြည့် ရေးဆွဲကြပါ။

## ဆွေးနွေးပွဲ ကွန်ယက်

## အိုင်ဖင်သည် ပင်လယ်ဖျံအရေခွံကို ယူဆောင်မသွားခဲ့သင့်ပါ။

| **သဘောတူပါသည်**<br>(သူ ယူမသွားလျှင်ပိုကောင်းမည်) | **သဘောမတူပါ**<br>(ချိန်ထိုးကြည့်လျှင် သူယူသွားတာပိုကောင်းပါတယ်) |
|---|---|
| ______________ | ______________ |
| ______________ | ______________ |
| ______________ | ______________ |

| နိဂုံး |
|---|
| |

**ဆရာမ** – ပထမဆုံးအနေနဲ့ အတွဲတွေ အောက်ပါအတိုင်း ဒီမေးခွန်းအပေါ်ဆွေးနွေးစေချင်တယ်။ အတွဲလိုက်အနေနဲ့ "အိုင်ဖင်ဟာ ပင်လယ်ဖျံအရေခွံကို ယူမသွားသင့်ဘူး" ဆိုတဲ့ အဆိုအပေါ်သဘောတူရင် ဘာကြောင့်လဲဆိုတဲ့အကြောင်းပြချက်နှစ်ခု (သို့မဟုတ်) သုံးခုစဉ်းစားကြပါ။ သဘောမတူဘူးဆိုရင်လည်း အကြောင်းပြချက်နှစ်ခု (သို့မဟုတ်) သုံးခုစဉ်းစားပါ။ ဒါအတွက် အချိန်ငါးမိနစ်ပေးမယ်။ ကဲ စတင်နိုင်ပါပြီ။

ငါးမိနစ်ကြာပြီးနောက် ဆရာမက "ကဲ ယခု အဆိုပါအချက်အပေါ် သဘောတူတဲ့ကြောင်းပြချက်နှစ်ခုလောက် ကြားနာကြစို့"။

**အတွဲ(၁)** – အဲဒီဖျံအရေခွံဟာ သူပိုင်ပစ္စည်းမဟုတ်လို့ သူယူမသွားသင့်ဘူး။ အဲဒီပင်လယ်ဖျံအရေခွံကို သူ မပိုင်တဲ့အတွက် အမျိုးသမီးရဲ့သစ္စာကိုလည်းမရထိုက်ဘူး။

**အတွဲ(၂)** – သူက အဲဒါကိုယူသွားလိုက်လို့ ဇာတ်လမ်းရှုပ်ကုန်တာ။ အခုကလေးတွေမှာ မိခင်မရှိတော့ဘူး။ သူလည်း မိန်းမ မရှိတော့ဘူး။ အမျိုးသမီးလည်း သူမရဲ့မိသားစုနဲ့ကွဲကွာနေရပြီ။

**ဆရာမ** – ဒါတွေဟာ အင်မတန်အားကောင်းတဲ့ အကြောင်းပြချက်တွေဖြစ်ပါတယ်။ အခုအဲဒီအဆိုကို သဘောမတူတဲ့ အကြောင်းရင်းတွေကိုပြန်နားထောင်ကြပါစို့။ ဆိုလိုတာကတော့ အရာရာကိုချိန်ထိုးကြည့်ပြီးတဲ့နောက် သူ အဲဒီပင်လယ် ဖျံအရေခွံကိုယူဆောင်သွားတာ ပိုကောင်းသေးတယ်လို့ယူဆခြင်းဖြစ်ပါတယ်။

**အတွဲ(၃)** – ဘာကြောင့်လဲဆိုရင် ကြည့်လေ အိုင်ဖင်ဟာအထီးကျန်ဖြစ်နေတယ်။ ဒါဟာသူ ကြုံတွေ့နေရတဲ့ပြဿနာပဲ သူက ပင်လယ်ဖျံအရေခွံကို ယူသွားတယ်။ ဒါနဲ့သူမိန်းမရလိုက်တယ်။ အခုသူကလေးတွေရပြီ။ သူ့ပြဿနာသူဖြေရှင်းခဲ့တယ်။

**အတွဲ(၂)** – ဒါပေမယ့် အဲဒါဟာအတ္တဆန်တာပါ။ အမျိုးသမီးရဲ့ခံစားချက်ကော ဘယ်လိုနေမလဲ။

**ဆရာမ** – အချေအတင်ငြင်းခုံတာ ခဏရပ်ထားကြပါအုံး။ အခု မင်းတို့ရဲ့အကြောင်းပြချက်တွေကိုပဲ ကြားချင်တယ်။ သူ အဲဒီပင်လယ်ဖျံအရေခွံကိုလုံးဝယူမသွားတာထက်စာရင် ယူဆောင်သွားတာဘဲပိုကောင်းတယ်လို့ တခြားအကြောင်း ပြချက်ပေးမယ့်လူရှိသေးလား။

**အတွဲ(၄)** – ကျွန်တော်တို့ပြောခဲ့ကြတာကတော့ အနည်းဆုံးကလေးနှစ်ယောက်တော့ ကမ္ဘာလောကကြီးထဲရောက် လာကြပြီ။ ခင်ဗျားတို့ရဲ့မိဘများအတူပေါင်းရခြင်းရဲ့ အကြောင်းရင်းရေရေရာရာမရှိသည့်တိုင် ခင်ဗျားတို့အသက်ရှင်နေ ရတာ ဝမ်းသာကြတယ်မဟုတ်လား။ (အခြား ကျောင်းသားများရယ်မောကြသည်။)

**ဆရာမ** – ကောင်းပြီ ကြည့်ရတာမင်းတို့မှာ အဲဒီအဆိုရဲ့အချေအတင်အကြောင်းပြချက်တွေ နှစ်ဘက်စလုံးရှိနေပုံ ရတယ်။ ကဲ ယခု ဒီလုပ်ဆောင်ချက်ရဲ့တခြားအပိုင်းကို ဆက်သွားကြစို့။ အခု နှစ်ယောက်တစ်တွဲဟာ တခြားနှစ်ယောက် တစ်တွဲနဲ့သွားပေါင်းစပ်ပြီး လေးယောက်တစ်တွဲစီတွဲကြပါ။ ပြီးနောက် ဟောဒီလိုလုပ်ကြပါ။ ပထမဆုံး မင်းတို့ရဲ့ အကြောင်းပြချက်စာရင်းတွေကို အချင်းချင်းဝေငှဖလှယ်ကြပါ။ ဒုတိယအချက်အနေနဲ့ လူတိုင်းဟာ တစ်ဖက်မဟုတ် တစ်ဖက်ကနေ ငြင်းဆိုတင်ပြရမယ်။ တတိယအချက်မှာ လူတိုင်းလက်ခံသဘောတူနိုင်တဲ့ အချက်တစ်ချက်နိဂုံးဆွဲကြပါ။ အဲဒီအဆိုကိုရေးချပါ။ ကိုယ်ယုံကြည်လက်ခံတဲ့အချက်နဲ့ ဘာကြောင့်ယုံကြည်ရတယ်ဆိုတာကို မင်းတို့စာရွက်ရဲ့ အောက်ခြေက “နိဂုံး” ဆိုတဲ့ အပိုင်းမှာရေးချကြပါ။ ဒါလုပ်ဖို့ အချိန် (၈)မိနစ်ပေးမယ်။

ကျောင်းသားများက ထိုကိစ္စကို အချေအတင်ပြောဆိုဆွေးနွေးနေကြစဉ် ဆရာက အတန်းထဲတွင်အဖွဲ့တစ်ဖွဲ့မှ တစ်ဖွဲ့သို့ သွားရောက်လှည့်ပတ်ကြည့်ရှုပါ။ အချိန် (၇)မိနစ်ကုန်လွန်သွားသောအခါ ဆရာကအချိန် တစ်မိနစ်ကျန်သေး ကြောင်းကြေညာပေးပါ။ အချိန် (၈)မိနစ်ကုန်လွန်သောအခါ ဆရာက ကျောင်းသားများအား သူတို့၏နိဂုံးဆွဲချက်များကို ဝေငှဖလှယ်ခိုင်းပါစေ။

**အဖွဲ့(၁)** – ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ ဘယ်နည်းမဆို အဲဒီပင်လယ်ဖျံအရေခွံကို သူယူသင့်တယ်လို့မြင်တယ်။ ဒါဟာ သူ့ရဲ့ဖူးစာကံကြမ္မာပဲ။ သူဟာ သီချင်းဆိုသံနဲ့မီးခိုးအကြောင်းကို သူ့ဘဝတလျှောက်လုံးစဉ်းစားတွေးတော နေခဲ့တယ်။ သူက စူးစမ်းရှာဖွေလိုတဲ့စိတ်ရှိတယ်။ စောင်ယူသွားဖို့ အဲဒီအမျိုးသမီးကိုလက်ထပ်ယူဖို့ အဲဒီမိသားစုကို ရရှိဖို့ သူ့ကံကြမ္မာကဖန်လာတာ။

**အဖွဲ့(၂)** – ဒို့ကတော့ အဲဒီလိုလုံးဝမမြင်ဘူး။ ဖျံအမျိုးသမီးသူ့ဟာသူနေ နေတုန်း ဒီလူကြီးရောက်လာပြီး သူမကို လူသားဘဝမှာ အကျဉ်းချထားဖို့ ထောင်ဖမ်းပြီးလွှတ်မပေးတာ။ သူမ ရှုထောင့်ဘက်ကကြည့်ရင် အသားလွှတ် ပြန်ပေး ဆွဲခံရတာပဲ။ ဒီလူဟာ အဲဒီပင်လယ်ဖျံအရေခွံကို လုံးဝမယူသင့်ဘူး။ သူ အဲဒါကိုသွားယူပြီးရင်လည်း သူမ မမြင်အောင် ဝှက်မထားသင့်ဘူး။

**အဖွဲ့(၃)** – ကျွန်တော်တို့က နှစ်ဖက်ချိန်ခွင်လျှာညီအောင်ပြောရရင် အဲဒီပင်လယ်ဖျံအရေခွံကို သူယူသွားတာမှန်တယ် လို့မြင်တယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ သူကမိသားစုတည်ဆောက်ခဲ့လို့ပါ။ သူ့မှာ သားနှစ်ယောက်ကျန်နေသေး တယ်။ ပြီးတော့ သူ့ဇနီးနဲ့နှစ်ပေါင်းများစွာ ပျော်ပျော်ရွှင်ရွှင်ပေါင်းသင်းခဲ့ရတယ်။ အခု သူဝမ်းနည်းချင်ဝမ်းနည်းနေမယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာသူပျော်ရွှင်ခဲ့ပြီ။ ဒါဟာ လုပ်ရကျိုးနပ်တဲ့အရာတစ်ခုဖြစ်တယ်။ ပြီးတော့ အဲဒီပင်လယ်ဖျံ အမျိုးသမီးလည်း လူ့ဘဝမှာနေခဲ့ရတာကို လုံးလုံးမုန်းခဲ့တယ်လို့မဆိုနိုင်ဘူး။ ကြည့်လေသူ့သားနှစ်ယောက်နောက် ကိုတကောက်ကောက်လိုက်နေပြီး အိုင်ဗင်ကို ငါးဖမ်းကူညီနေခဲ့တာ။

**အဖွဲ့(၄)** – အဲဒီအမျိုးသမီးက လူသားဘဝမှာပျော်တယ် မပျော်ဘူးဆိုတဲ့အချက်ကို အဆုံးအဖြတ်ပေးတဲ့အချက် ကတော့ နောက်ဆုံးမှာသူရွေးချယ်ဖို့ အခွင့်အရေးရရှိတဲ့အခါ ဘာလုပ်တယ်ဆိုတာပဲဖြစ်ပါတယ်။ သူမဟာ ပင်လယ်ဖျံ ဖြစ်ဖို့ရွေးချယ်ခဲ့တယ်။ လူ ပြန်ဖြစ်ဖို့မရွေးချယ်ခဲ့ဘူး။ (ပုံပြင်က (၇)နှစ်တစ်ခါ လူပြန်ဖြစ်နိုင်တယ်လို့ဆိုထားတဲ့အတွက် သူမ လူပြန်ဖြစ်ချင်ရင် ပြန်ဖြစ်အောင်လုပ်မှာပဲလို့ ကျွန်တော်တို့တွက်နိုင်တယ်)။ သူမက လူသားဘဝနဲ့ ဒီကမ္ဘာပေါ်မှာ

မနေချင်တဲ့အတွက် အိုင်ဗင်ကသူမကို သူမရဲ့ဆန္ဒနဲ့ဆန့်ကျင်ပြီး အဲဒီအခြေအနေမျိုးမှာ ထိန်းသိမ်းထားတာမတရား ဘူး။

**အဖွဲ့(၃)** – အဲဒါက ပြဿနာမဟုတ်ပါဘူး။ အိုင်ဗင် ပင်လယ်ဖျံအရေခွံကို သိမ်းထားတာမှားချင်မှားမယ်။ ကိုယ်မပိုင် တဲ့ပစ္စည်းကို ယူလိုက်တာဟာမှားတယ်။ ဒါပေမယ့် သူ အဲဒါကိုယူလိုက်လို့အိမ်ထောင်ကျပြီး နှစ်ပေါင်းများစွာပျော်ရွှင် ရတယ်။ ပြီးတော့ အဲဒီသားနှစ်ယောက်ဖွားမြင်လာကြတယ်။ ခုနတစ်ယောက်ပြောသလိုဘဲ ကျွန်တော်တို့ဟာ ကျွန် တော်တို့ရဲ့မိဘတွေကို ရွေးချယ်ပိုင်ခွင့်မရှိပေမယ့် ကျွန်တော်တို့ကို မွေးပေးလိုက်တဲ့အတွက်ဝမ်းသာရပါတယ်။

**အဖွဲ့(၂)** – နှစ်ပေါင်းများစွာပျော်ရွှင်စွာ အိမ်ထောင်ကျခဲ့တယ်လို့ မင်းတို့ကပြောတယ်။ ဒါပေမယ့် လိမ်ညာမှုကို အခြေခံထားတဲ့ အိမ်ထောင်ရေးဟာ ဘယ်လိုအိမ်ထောင်ရေးဖြစ်မလဲ။ သူဟာ သူနဲ့အတူပေါင်းသင်းနေထိုင်တဲ့ မိန်းမ အပေါ်မှာမရိုးသားဘူး။ သူမအတွက် အင်မတန်အရေးကြီးတဲ့ကိစ္စမှာ ရိုးသားမှုမရှိတဲ့အတွက် ဘယ်လိုလုပ်ပြီး ပျော်ရွှင် တဲ့အိမ်ထောင်ရေးဖြစ်မလဲ။

**အဖွဲ့(၁)** – ပျော်ရွှင်မှုနဲ့ပတ်သက်လို့ ဘာကြောင့်များ ဒို့ဒီလောက် ရေးကြီးခွင်ကျယ်လုပ်နေကြတာလဲ။ (ကျောင်းသား များ ရယ်မောကြသည်)။ တကယ်ပါပဲ—လူ့ဘဝတစ်သက်တာမှာ ပျော်ရွှင်မှုဟာ တစ်ခုတည်းသောအရာမဟုတ်ပါဘူး။ ဥပမာ မင်းဟာ တခြားမြို့တစ်မြို့ကို ပြောင်းရွှေ့သွားတယ်ဆိုပါစို့။ စစချင်း မပျော်ရွှင်နိုင်ပါဘူး။ မင်းအတွက် အရာရာ တိုင်းဟာ အထူးအဆန်းဖြစ်နေပြီး မိတ်ဟောင်းဆွေဟောင်း တွေကိုသတိရနေမယ်။ ဒါပေမယ့် အချိန်ကြာလာရင် နေရာသစ်ကို နှစ်သက်သဘောကျခင်တွယ်လာမယ်။ အဲဒီနေရာက ယခင်နေရာဟောင်းထက် ပိုပြီးပေးနိုင်တာတွေရှိ မယ်။ နေရာဟောင်းမှာ မူလတန်းကျောင်းပဲရှိပေမယ့် ယခုနေရာသစ်မှာ အထက်တန်းကျောင်းကြီးတစ်ခုရှိချင်ရှိမယ်။ အမြဲတမ်းပျော်ရွှင်ချင်တဲ့စိတ်တစ်ခုထဲကြောင့် နေရာသစ်ကို စမ်းမကြည့်ဘူးဆိုရင် အမြင်တိုတောင်းရာရောက်နိုင်တယ်။

**ဆရာမ** – ဒို့မကြာမီရပ်နားရတော့မယ်။ ပြောခဲ့တာတွေကို အကျဉ်းချုံးကြည့်ကြပါစို့။ တစ်ချို့အဖွဲ့က အဲဒီပင်လယ်ဖျံ အရေခွံကို မယူခဲ့မိရင်ပိုကောင်းမယ်လို့ပြောကြတယ်။ သူတို့ အဲဒီလိုပြောရခြင်းကတော့ သူဟာ သူမရဲ့ဆန္ဒနဲ့ဆန့်ကျင် ပြီး သူမကိုလူ့သားဘဝမှာ အကျဉ်းချထားတဲ့အပြင် သူမအပေါ်မရိုးဖြောင့်လို့ပါ။ သူမ အမှန်တကယ်မပျော်ရွှင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူမ ရွေးချယ်ဖို့အခွင့်အရေးရတဲ့အခါ ပင်လယ်ဖျံဘဝကို ပြန်သွားခဲ့ပါတယ်။

ချိန်ချိန်ဆဆတွေးတောတဲ့ တခြားအဖွဲ့တွေက အဲဒီပင်လယ်ဖျံအရေခွံကို ယူထားလိုက်တာမှန်တယ်လို့ဆို ကြတယ်။ အိမ်ထောင်တစ်ခုဖြစ်လာတယ်။ သားတွေမွေးလာကြတယ်။ ပြီးတော့ သူတို့ပျော်ရွှင်တာ မပျော်ရွှင်တာ အပထား အိုင်ဗင်နဲ့အဲဒီအမျိုးသမီးက နှစ်ပေါင်းများစွာပေါင်းသင်းခဲ့ကြတယ်။ ပြီးတော့လည်း ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ဆုံးဖြတ်ချက်ချဖို့လိုလာရင် ဘဝမှာပျော်ရွှင်မှုတစ်ခုတည်းလိုအပ်တာ မဟုတ်ဘူးဆိုတာ ဒို့ကြား ခဲ့ကြရပြီ။

ပထမဆုံးတင်ပြသွားတဲ့အဖွဲ့သားများဟာ အဲဒီအမျိုးသမီးရဲ့ အခွင့်အရေးဘက်က အများကြီးရပ်တည်နေ တယ်လို့ပြောရမယ်။ အဲဒီအမျိုးသမီးဟာ အစပိုင်းမှာသာမကဘဲ အိုင်ဗင်နဲ့ပေါင်းသင်းနေထိုင်ခဲ့တဲ့ ကာလတစ်လျှောက် လုံးမှာ မတရားသဖြင့်ဆက်ဆံခံရတယ်လို့ဆိုတယ်။ ဒါပေမယ့် ဒါကို ခိုင်လုံအောင်မပြနိုင်ဘူး။ ဒုတိယအမြင်ဘက်ရပ် တည်တဲ့သူတွေဟာ လုပ်ဆောင်ချက်တစ်ရပ်ရဲ့ နောက်ဆက်တွဲအဖြစ်အပျက် အကျိုးရလဒ်အား အာရုံစိုက်တာကို တွေ့ရတယ်။ ဖျံအရေခွံကို ယူလိုက်ခြင်းဟာ အဲဒီအမျိုးသမီးအပေါ် တရားမျှတမှုမရှိဘူးလို့ယူဆနိုင်သော်လည်း ဒီလိုလုပ် လိုက်လို့ အိမ်ထောင်တစ်ခုပေါ်ပေါက်လာပြီး ကလေးတွေမွေးလာကြတဲ့အတွက် အဲဒီအမျိုးသမီးကို ထိခိုက်နစ်နာစေ တဲ့အချက်ထက် အကျိုးအမြတ်ဘက်က ပိုပြီးအလေးသာနေပါတယ်။

**ကျောင်းသား(၁)** – ဒါဆိုရင် ဘယ်သူမှန်သလဲ။

**ဆရာ** – ဘယ်သူမှန်တယ်လို့ထင်ကြသလဲ။

**ကျောင်းသား(၁)** – နှစ်ဘက်စလုံးပဲ မှန်တယ်လို့ထင်ပါတယ်။ ရှေ့ဆက်မဆွေးနွေးနိုင်မချင်း ဘယ်ဘက်ကပိုမှန်တယ်လို့ ကျွန်တော်တို့မပြောနိုင်ဘူး။

**ဤတွင်သင်ခန်းစာပြီး၏။**

## သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့်စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသားတစ်ဦးအဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား (သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသလား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ** – သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ်တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း** – ဤနည်းသည် ပုံပြင်ထဲမှဝေါဟာရစကားလုံး ဒါဇင်ဝက်ခန့်အပေါ်အခြေခံ၍ သူတို့ဆက်ဖတ်မည့် ပုံပြင်ဇာတ်လမ်းကို ကျောင်းသားများခန့်မှန်းရသောနည်းဖြစ်၏။

**လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း** – အတန်းတစ်တန်းလုံးကို ပုံပြင်ပြောပြခြင်း၊ ဖတ်ပြခြင်း၊ ကြိုတင်ခန့်မှန်းခိုင်းရန် ရပ်နားခြင်း၊ နောက်ပိုင်းတွင်ထိုခန့်မှန်းချက်များ မှန်မမှန်အတည်ပြုခြင်း စသောနည်းဖြစ်သည်။

**ဖလှယ်စူစမ်းနည်း** – ဆရာက လမ်းညွှန်မှုပေး၍ကျောင်းသားများကို ဆွေးနွေးခိုင်းသောနည်းဖြစ်၏။ ဤနည်းတွင် ဆရာက အကျိုးအကြောင်းနှင့်ဖြေဆိုရန် မေးခွန်းများအဆင့်ဆင့်မေးခြင်း ကျောင်းသားတစ်ဦးချင်း၏တုံ့ပြန်မှုကို ရေးချခိုင်းခြင်းနှင့်ကျောင်းသားများအကြားတွင် ဆွေးနွေးရန်တိုက်တွန်းခြင်းပြုလုပ်ပေးရသည်။

**ဆွေးနွေးပွဲကွန်ယက်နည်း** – ဇယားကားချပ်ကိုအသုံးပြုသောနည်းတစ်ခုဖြစ်သည်။ ဤနည်းတွင် အတွဲများသည် အခြားအတွဲများနှင့် အချေအတင်အဆိုပြုမည့်အချက်အလက်များကို စာရင်းအရင်ပြုစုရသည်။ ထို့နောက် အခြားအတွဲတစ်ခုနှင့်ဆွေးနွေး၍ နောက်ဆုံးနိဂုံးရေးဆွဲရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် အသုံးပြုသောနည်းလမ်းများ၏သုံးသပ်ချက်ကို အောက်တွင်ဖော်ပြထားသည်။

## နည်းလမ်းများ




### ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း


ဝေါဟာရများကို အခြေပြု၍ခန့်မှန်းခြင်းနည်းစဉ်သည် ကျောင်းသားများ ဖတ်ရှုမည့်သင်ခန်းစာ (သို့မဟုတ်) နားထောင်မည့်ဖတ်စာနှင့်ပတ်သက်၍ ကျောင်းသားများအားစဉ်းစားခိုင်းရန် သင်ခန်းစာတစ်ခု၏ ကြိုတင်သိမြင်ခြင်းအပိုင်း၌ အသုံးပြုသည့်နည်းဖြစ်၏။



**ကျိုးကြောင်းဆင်ခြင်မှု –** ဖတ်စာထဲမှ ဝေါဟာရကို အခြေခံ၍ ကျောင်းသားများဖတ်ရှုလေ့လာမည့် သင်ခန်းစာတွင်ပါဝင်သည့် အချက်အလက်များကို ခန့်မှန်းခိုင်းခြင်းသည် ကျောင်းသားများ၏သိလိုစိတ်ကိုနှိုးဆွပေးပြီး သင်ခန်းစာကိုသင်ယူရန် အဆင်သင့်ဖြစ်စေသည်။ ဤနည်းသည် အချို့ကျောင်းသားများကို ရေးထားသောစာများနှင့်အလုပ်မ်းကွာဝေးနေမှုကို လျော့နည်းစေလိမ့်မည်။ ဥပမာ ကျောင်းသားများအနေဖြင့် ကျွမ်းကျင်သူ စာရေးဆရာရေးထားသော ဝတ္ထုဇာတ်လမ်းကို ကြားရသည့်အပြင် သူတို့ကိုယ်တိုင်လည်း ပုံပြင်ဝတ္ထုများကိုဖန်တီးနိုင်ကြောင်း သရုပ်ပြခွင့်ရရှိကြမည်။ ဝေါဟာရများကိုအခြေပြု၍ ကြိုတင်ခန့်မှန်းခြင်းသည် ကျောင်းသားများအားတက်ကြွစွာနားထောင်ရန် (သို့မဟုတ်) တက်ကြွစွာဖတ်ရန်အဆင်သင့်ဖြစ်စေပြီး အရေးကြီးသောဝေါဟာရခက်ဆစ်စကားလုံးများကို စဉ်းစားစေသည်။ ဇာတ်လမ်းဇာတ်အိမ်တည်ဆောက်ပုံကိုသိ၍ ယင်းဇာတ်လမ်းမှကြိုတင်မျှော်လင့်စရာများကို ဖော်ထုတ်စေသည်။ ထို့ပြင် အခြားကျောင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြဿနာတစ်ရပ်ကို ဖြေရှင်းစေသည်။




**အဖွဲ့အရွယ်အစား –** ဝေါဟာရများကိုအခြေပြု၍ ခန့်မှန်းခြင်းနည်းကို ကျောင်းသားအတွဲများဖြင့် လုပ်ဆောင်ရသည်။ အတန်းထဲတွင် အတွဲအရေအတွက် အကန့်အသတ်မရှိ ဖွဲ့စည်းလုပ်ဆောင်နိုင်သည်။



**လိုအပ်သောပစ္စည်းများ –** ဤနည်းအတွက် ဝေါဟာရစကားလုံးများရေးချရန် မြေဖြူသင်ပုန်းတစ်ခု လိုအပ်သည်။



**လိုအပ်သောအချိန် –** ဤနည်းကိုလျင်မြန်စွာလုပ်ဆောင်နိုင်သည်။ အချိန်အများဆုံး ငါးမိနစ် (သို့မဟုတ်) ခြောက်မိနစ် လိုအပ်မည်။



### လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – အတန်းမစတင်မီ ဆရာကသော့ချက်သဘောတရားများ အရေးကြီးသည့်အဖြစ်အပျက်များ (သို့မဟုတ်) အဓိကဇာတ်ကောင်များကို ထောက်ပြသော ဝေါဟာရစကားလုံးငါးလုံး (သို့မဟုတ်) ခြောက်လုံးကို ရွေးချယ်ထားရန်။

**အဆင့်(၂)** – ဆရာက ထိုဝေါဟာရစကားလုံးများကို မြေဖြူသင်ပုန်းပေါ်တွင်ရေးချထား၍ ထိုဝေါဟာရများသည် ပုံပြင် (သို့မဟုတ်) ဖတ်စာများတွင်ပါရှိမည်ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြရမည်။ ဆရာက ကျောင်းသားများကြားရမည့် ပုံဝတ္ထု၏ဇာတ်လမ်းဇာတ်အိမ်အမျိုးအစား (သို့မဟုတ်) စာပေအရေးအသားပုံစံကို ပြောပြထားမည်။ ထို့နောက် အဆိုပါစာပေအရေးအသားပုံစံမျိုးသည် သူတို့မျှော်လင့်ရမည့် သတင်းအချက်အလက်များကို မည်ကဲ့သို့ဘောင်ခတ်ကန့်သတ်ပေးကြောင်း ရှင်းပြရမည်။

**အဆင့်(၃)** – ဆရာကကျောင်းသားအတွဲများအား ဇာတ်လမ်းအရ ထိုဝေါဟာရများအားလုံးပါဝင်သည့် ပုံပြင်ဝတ္ထုဇာတ်လမ်းတစ်ခုခုရှင်းပြချက် (သို့မဟုတ်) အချေအတင်ပြောဆိုသော စာစီစာကုံးတစ်ပုဒ်ကို စိတ်ကူးဖော်ခိုင်းပါ။ ဤသို့စဉ်းစားရန်အချိန် (၄)မိနစ်ရပါမည်။

**အဆင့်(၄)** – သုံးမိနစ် (သို့မဟုတ်) လေးမိနစ်ကြာပြီးနောက် ဆရာက ကျောင်းသားအတွဲအနည်းငယ်ကို သူတို့၏ စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်း (သို့မဟုတ်) အခြားအကြောင်းအရာတစ်ခုကို ပြောခိုင်းပါ။ ဆရာက ဤပြောဆိုချက်များကိုထောက်ခံအားပေး၍လက်ခံပါ။ သို့သော် သူတို့တင်ပြချက်သည် ကြားရမည့် ပုံပြင်ဇာတ်လမ်းနှင့် တူကြောင်းသော်လည်းကောင်း၊ မတူကြောင်းသော်လည်းကောင်း မပြောရ။

**အဆင့်(၅)** – ဆရာပြောပြမည့်ပုံပြင် (သို့မဟုတ်) ဖတ်ပြမည့်ပုံပြင်ဝတ္ထုကို ကျောင်းသားများ သေသေချာချာနားထောင်ကြရန်နှင့် သူတို့၏စိတ်ကူးဇာတ်လမ်းကို ထိုပုံပြင်နှင့်နှိုင်းယှဉ်ခိုင်းပါ။

**အဆင့်(၆)** – ကျောင်းသားများက သင်ခန်းစာကိုကြားပြီးနောက် (သို့မဟုတ်) ဖတ်ပြီးနောက် သူတို့၏စိတ်ကူးယဉ်ဇာတ်လမ်းနှင့်တကယ့်ဇာတ်လမ်းကို နှိုင်းယှဉ်ကြပါစေ။ သူတို့ခန့်မှန်းချက်များ အနည်းနှင့်အများနီးစပ်မှုကို ဘယ်အရာကဖန်တီးပေးသလဲ။



**စကားရိပ်** – ဤနည်းသည် ကြိုတင်သိမြင်ခြင်းနည်းဖြစ်ကြောင်း သတိပြုမှတ်သားပါ။ သင်ခန်းစာတွင် ထိုထက်မက ပို၍များစွာလုပ်ရန်ကျန်ရှိသည်။ ထို့ကြောင့် တိုတိုလုပ်ပါ။ ငါးမိနစ်အတွင်း ပြီးအောင်ကြိုးစားပါ။ ဆိုလိုသည်မှာ အတွဲနှစ်တွဲသာ မိမိတို့၏စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းကို မျှဝေရန်အချိန်ရပါမည်။ ကျန်သောကျောင်းသားအတွဲများ၏ စိတ်ကူးယဉ်ပုံပြင်ကိုတခြားအချိန်တွင် မျှဝေရန်အလှည့်ကျလာမည် ဖြစ်ကြောင်းရှင်းပြပါ။




## လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း

လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်းနည်းကို သင်ခန်းစာ၏အသိပညာတည်ဆောက်ခြင်းအပိုင်းတွင်အသုံးပြုပြီး ကျောင်းသားများအား လေ့လာစူးစမ်း၍အဓိပ္ပါယ်ဖွင့်ဆိုသောသင်ခန်းစာ၏အပိုင်းဖြစ်သည်။ ဤလုပ်ဆောင်ချက်တွင် ကျောင်းသားများကသူတို့ကိုပြောပြ၊ ဖတ်ပြသောပုံပြင်ကိုနား ထောင်ပြီး နောက်ထပ်ဆက်လာမည့်အဖြစ်အပျက်ကို ကြိုတင်ခန့်မှန်းကြရသည်။ ရံဖန်ရံခါ သူတို့၏ခန့်မှန်းချက်များကိုဖတ်စာမှရရှိသောသတင်းအချက်အလက်များနှင့်တိုက်ကြည့်ပြီး နောက်ထပ်ခန့်မှန်းချက်များဆက်ပြုလုပ်ကြပါစေ။



**ကျိုးကြောင်းဆင်ခြင်မှု** – လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်းနည်းကို ဆရာ၌ဖတ်စာတစ်အုပ်တည်းရှိသောအခါ (သို့မဟုတ်) ကျောင်းသားများမဖတ်ပဲနားလည်စေရန် ရည်ရွယ်သောအခါအသုံးပြုသည်။ ဤနည်းကို ကျောင်းသားများပိုမိုနားလည်ရန် အသုံးပြုနိုင်သည်။ (သို့မဟုတ်)နောက်ပိုင်းတွင် လေးလေးနက်နက်ဆွေးနွေးမည့် ဖတ်စာကိုသေချာစွာနားထောင်စေရန် စီစဉ်သောနည်းတစ်ခု အဖြစ် အသုံးပြုနိုင်သည်။ ဤနည်းသည် ကျောင်းသားများစိတ်ဝင်စား၍ တက်ကြွစွာနားထောင်ရန် (သို့မဟုတ်) စာဖတ်ရန်လည်းကောင်း၊ ပုံပြင်၏အကြောင်းအရာအချက်အလက်များကို နားလည်နိုင်စွမ်းဖွံ့ဖြိုးစေရန်လည်းကောင်း၊ ကြိုတင်ခန့်မှန်းချက်ကိုလမ်းညွှန်ရန် ဇာတ်လမ်းအမျိုးအစားနှင့် ဇာတ်အိမ်တည်ဆောက်ပုံကို နားလည်စေရန်လည်းကောင်း အသုံးပြုသောနည်းလမ်းဖြစ်၏။




**အဖွဲ့အရွယ်အစား** – ဤနည်းကို အဖွဲ့ဝင်(၆)ဦးမှ (၃၀) ဦးအထိရှိသောအဖွဲ့များတွင် အသုံးပြုနိုင်သည်။ ထိုထက်အဖွဲ့ဝင်များလျှင် ပါဝင်ဆွေးနွေးမှုအခွင့်အလမ်းကို ကန့်သတ်မှုရှိနေပါမည်။



**လိုအပ်သောပစ္စည်းများ** – ဤနည်းတွင် ဆရာက မိမိပြောပြမည့် ပုံပြင်ဝတ္ထုဇာတ်လမ်းကို ကောင်းကောင်းသိထားရန် (သို့မဟုတ်) ဖတ်ပြရန်ဇာတ်လမ်းတစ်ပုဒ်မျှသာလိုအပ်သည်။ ကြိုတင်ခန့်မှန်းနိုင်သောပုံပြင်ဇာတ်လမ်းများသည် အကောင်းဆုံးနှင့် အကျိုးရှိဆုံးဖြစ်ပြီး ပြဿနာတစ်ခုပါရှိကာ နိဂုံးအထိ အဖြစ်အပျက်များ ဆက်စပ်နေသောဖြစ်စဉ်ပါဝင်သည့် ပုံပြင်မျိုးဖြစ်သည်။



**လိုအပ်သောအချိန်** – ဤနည်းအတွက် လိုအပ်သည့်အချိန်ပမာဏသည် ပုံပြင်ဇာတ်လမ်း၏အတို အရှည်ပေါ်တွင်လည်းကောင်း ဆရာကကျောင်းသားများအား နီးနီးစပ်စပ်ခန့်မှန်းနိုင်ရန် စီစဉ်ပေးမှုပေါ် တွင်လည်းကောင်းမူတည်၏။ အလွန်ဆုံး မိနစ် (၃၀) ထက်ပို၍မကြာစေသင့်ပါ။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – သင်တန်းသားများနှင့် ဝေငှဖလှယ်ရန်အတွက် ကြိုတင်ခန့်မှန်းခြင်းပြုနိုင်မည့် ပုံပြင်ဇာတ်လမ်းကို ဆရာကရွေးချယ်ထားမည်။

**အဆင့်(၂)** – ဆရာက ပုံပြင်ဇာတ်လမ်းတွင်ရပ်နားရမည့် နေရာများကိုရွေးချယ်ပါ။ တစ်စုံတစ်ခု ဖြစ်ပျက်ခါနီးနေရာမျိုး၊ အဖြေတစ်ခုခုပေါ်လာမည့်နေရာမျိုးကို ရွေးပါ။ ရပ်နားရမည့်နေရာငါးခုလောက်ပါရှိစေသင့်သည်။ ရပ်နားချက်ထိုထက် များလွန်းလျှင် ပုံပြင်ဝတ္ထု၏အသွားအလာဇာတ်ရှိန်ပျက်ပြီး စိတ်ဝင်စားမှုလျော့နည်းသွားစေနိုင်သည်။

**အဆင့်(၃)** – ဆရာက ပုံပြင်ဝတ္ထု၏ခေါင်းစဉ်နှင့် စာပေအမျိုးအစား (ရိုးရာပုံပြင်လား။ ဖြစ်ရပ်မှန်လား။ စိတ်ကူးယဉ်ပုံပြင်လား။ ဒဏ္ဍာရီပုံပြင်လား။ ရာဇဝင်ဒဏ္ဍာရီလား။) ကိုသာပြောပြပြီး ကျောင်းသားများအား ထိုပုံပြင်တွင်ဖြစ်ပျက်မည့်အကြောင်းအရာများကို သူတို့အထင်ပြောခိုင်းပါ။ ဆရာကကျောင်းသားများအား သူတို့အနီးစပ်ဆုံးခန့်မှန်းရန်အားပေးပါ။ ကျောင်းသားများ ခန့်မှန်းချက်များပြုလုပ်ပြီးသောအခါ ဘယ်ခန့်မှန်းချက်အဖြစ်နိုင်ဆုံးဖြစ်ကြောင်း ရွေးချယ်ဆုံးဖြတ်ခိုင်းပါ။ (အခြားကျောင်းသားတစ်ဦးဦးက ခန့်မှန်းသောအချက်ဖြစ်ချင်ဖြစ်ပါစေ)။ ထို့နောက် ဘာဖြစ်လာမည်ကို သေချာစွာနားထောင်ခိုင်းပါ။

**အဆင့်(၄)** – ဆရာက နောက်ထပ်သင်ခန်းစာအပိုင်းကို နောက်တစ်ကြိမ်ရပ်နားရန်နေရာအထိ ပြန်ဆက်ဖတ်ပြပါ (သို့မဟုတ်) ပြောပြပါ။ ထို့နောက် မည်သည့်ခန့်မှန်းချက်များ မှန်ကန်ကြောင်းမေးပြီး အဘယ်ကြောင့်ထိုသို့ခန့်မှန်းရန် စဉ်းစားစေကြောင်းဖြေခိုင်းပါ။ ထို့နောက် ကျောင်းသားများအား နောက်ထပ်ခန့်မှန်းချက်များဆက်လုပ်ခိုင်းပါ။ ဤနည်းဖြင့် ပုံပြင်ဇာတ်လမ်းပြီးဆုံးသည့်အထိ ကြိုတင်ခန့်မှန်းမှုနှင့် အတည်ပြုချက်လုပ်ဆောင်မှုအဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်ပါ။

**အဆင့်(၅)** – ပုံပြင်ဇာတ်လမ်းပြီးဆုံးသွားသောအခါ ကျောင်းသားများအား သူတို့၏ခန့်မှန်းချက်များအပေါ်ထင်မြင်သုံးသပ်ချက်လုပ်ခိုင်းပါ။ အဘယ်ခန့်မှန်းချက်များကား ပိုမိုတိကျ စွာမှန်ကန်ခဲ့သလဲ။ ဘယ်လိုနည်းဖြင့် သူတို့ ထိုကဲ့သို့ခန့်မှန်းနိုင်ကြသလဲ။ နောက်ထပ်ဆက်လာမည့် အကြောင်းအရာကိုခန့်မှန်းနိုင်ရန် သူတို့၏ဇာတ်လမ်းဇာတ်အိမ်တည်ဆောက်ပုံ၊ စာပေဇာတ်လမ်းအမျိုးအစားများနှင့် ပုံပြင်၏ရည်ရွယ်ချက်များကို နားလည်မှုများက ဘယ်လိုအထောက်အကူပြုခဲ့သလဲ။ အခြားကျောင်းသားများအား ထိုသို့တိကျသောခန့်မှန်းချက်များပြုလုပ်နိုင်ရန် ဘယ်လိုအကြံပြုချက်များပေးမလဲ။




## ဖလှယ်စူးစမ်းခြင်းနည်းဖြင့် ချဉ်းကပ်ခြင်း

ဖလှယ်စူးစမ်းခြင်းနည်းသည် ဆရာကကျောင်းသားများအား စာပေလက်ရာတစ်ခုကို ပို၍လေးနက်စွာ ဆွေးနွေးရန် ဦးဆောင်စေသောနည်းတစ်မျိုးဖြစ်၏။ ကျောင်းသား (၈)မှ (၁၀)ဦး အထိအများဆုံးပါဝင်သည့်အဖွဲ့များတွင် ဤနည်းကိုအကောင်းဆုံး အထိရောက်ဆုံးအသုံးပြုနိုင်သည်။ သို့သော် ကွဲပြားသောအမြင်အယူအဆများကိုလည်းခွင့်ပြုသည်။




**ကျိုးကြောင်းဆင်ခြင်မှု** – ဖလှယ်စူးစမ်းခြင်း နည်းသည်အတန်းထဲတွင်တကယ့်ကို အားတက်သရော ဆွေးနွေးရန်စိတ်ကိုစေ့ဆော်ပေးနိုင်သည့်နည်းဖြစ်၏။ ကျောင်းသားများက စိတ်တက်ကြွစေသောဖတ်စာကိုဖတ်သောအခါဖြစ်စေ၊ ဆရာကိုယ်တိုင် အမှားအမှန်အဖြေမသိသောမေးခွန်းအစစ်အမှန်ကို ကျောင်း

သားများအားမေးသောအခါဖြစ်စေ ကျောင်းသားများ၏မတူညီသောအဖြေများကိုလက်ခံပြီး တစ်ဦးနှင့်တစ်ဦး အချေအတင်ဆွေးနွေးကြသည့်အခါဖြစ်စေ နောက်ဆက်တွဲအနေဖြင့် လေးနက်စွာစဉ်းစားမှုကိုဖြစ်စေသည်။ အောက်ဖော်ပြပါအဆင့်အားလုံးကို ဆရာကအသုံးမပြုသော်လည်း ဤနည်းဖြင့်ချဉ်းကပ်ခြင်းသည် အတန်းထဲဆွေးနွေးမှုကို တိုးတက်ကောင်းမွန်စေနိုင်သည်။




**အဖွဲ့အရွယ်အစား** – ဖလှယ်စူးစမ်းခြင်းနည်းဖြင့် ချဉ်းကပ်ခြင်းသည် ကျောင်းသား (၆)ဦးမှ (၂၀)ဦးအထိပါဝင်သောအဖွဲ့ငယ်များတွင် အကောင်းဆုံးအထိရောက်ဆုံး အသုံးပြုနိုင်သောနည်းဖြစ်သည်။ အဖွဲ့ဝင်နည်းလွန်းလျှင်အကြံဉာဏ်မျိုးစုံမရရှိနိုင်သကဲ့သို့ အဖွဲ့ဝင်ကျောင်းသားများလွန်းလျှင်လည်း တစ်ဦးချင်းပါဝင်မှုအတွက် အခွင့်အရေးနည်းပါးလာလိမ့်မည်။ အဖွဲ့ဝင်(၂၀)ထက်ပိုများလျှင် အချို့ကျောင်းသားများ ဖလှယ်စူးစမ်းခြင်းနည်းကို အသုံးပြုနေစဉ် ကျန်ကျောင်းသားများအား လုပ်ဆောင်ရန်တာဝန်တစ်ရပ်ပေးထားနိုင်သည်။



**လိုအပ်သောပစ္စည်းများ** – ကျောင်းသားတိုင်းသည် ဆွေးနွေးမည့်အကြောင်းအရာကို လက်ခံရရှိရမည်။ ဖတ်စာကိုသူတို့အားဖတ်ပြနိုင်သည် (သို့မဟုတ်) နှုတ်ဖြင့်ပြောပြနိုင်သည် (သို့မဟုတ်) ကျောင်းသားတစ်ဦးစီတွင် ဖတ်စာမိတ္တူတစ်စောင်စီရရှိထားသင့်သည်။



**လိုအပ်သောအချိန်** – ဖလှယ်စူးစမ်းခြင်းနည်းသည် အနည်းဆုံး (၂၅)မိနစ်အချိန်လိုအပ်ပါမည်။ ကျောင်းသားများ၏စိတ်ဝင်စားမှုမလျော့မပျက်ပဲ (၄၅)မိနစ်အထိပြုလုပ်နိုင်သည်။



## လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – ကျောင်းသားများအား ဆွေးနွေးမှုကိုအားပေးမည့် ပုံပြင်ဝတ္ထု စာမူတစ်စောင်ကို ရွေးချယ်ပါ။ ဆွေးနွေးချက်မပြုလုပ်မီ ဆရာက ဆွေးနွေးခန်းကိုအားပေးမည့် ဝတ္ထုဇာတ်လမ်းတစ်ပုဒ် (သို့မဟုတ်) ဇာတ်လမ်းအစိတ်အပိုင်းတရပ်ကိုရွေးပါ။ အဆိုပါစာလက်ရာမျိုးသည် အနက်အဓိပ္ပါယ်ဖွင့်ချက်တစ်မျိုးမကရှိနိုင်သောစာမူမျိုး ဖြစ်ရမည်။ (စာမူအားလုံး ဤပုံစံမျိုးမဖြစ်နိုင်) ဆွေးနွေးခန်းကိုအားပေးသော စာမူမျိုးလည်းဖြစ်ရမည်။ စိတ်ဝင်စားဖွယ်ကိစ္စများကို တင်ပြနိုင်သောစာမူလည်းဖြစ်ရမည်။ ရိုးရာပုံပြင်များသည် ဤအချက်များပါရှိကြောင်း အံ့သြဖွယ်တွေ့ရှိရတတ်သည်။

**အဆင့်(၂)** – ကျောင်းသားများအား သင်ခန်းစာပုံပြင်ကို ဖတ်ခိုင်းပါ။ ဆရာမကကျောင်းသားအားလုံး သင်ခန်းစာကိုဖတ်ဖြစ်အောင် ကြိုးကြပ်ရမည်။ သင်ခန်းစာပါ အကြောင်းအရာများကို မဆွေးနွေးမီ ကျောင်းသားများ နှစ်ကြိမ်ဖတ်ဖြီလျှင်ပိုကောင်းပါမည်။ (သို့မဟုတ်) သူတို့ဖတ်စဉ် ယခင်ကဖော်ပြပြီးသော လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်းနည်းထဲမှလမ်းညွှန်မှုဖြင့်စာဖတ်နည်းကို အသုံးပြုလျှင်ပိုကောင်းပါမည်။

**အဆင့်(၃)** – ဆွေးနွေးရန်မေးခွန်းများကိုပြင်ဆင်ပါ။ ဆရာကဆွေးနွေးရန်မေးခွန်း လေးခု (သို့မဟုတ်) ငါးခုကို စီစဉ်ပြင်ဆင်ထားရမည်။ ဤမေးခွန်းများကို အနက်ဖွင့်မေးခွန်းများဟုခေါ်ဆိုနိုင်ပြီး စံထားချက်သုံးမျိုးပါရှိသည်။

(၁) ထိုမေးခွန်းများသည် မေးခွန်းအစစ်များဖြစ်ကြ၏။ မိတ်ဆွေနှစ်ဦးအတူလမ်းလျှောက်ကြစဉ် စိတ်လှုပ်ရှားတက်ကြွဖွယ်ကောင်းသော ရုပ်ရှင်အကြောင်းမေးသောမေးခွန်းမျိုးဖြစ်သည်။

(၂) အချေအတင်ပြောဆိုနိုင်သည့် အဖြေတစ်မျိုးထက်မကပါရှိသည့် မေးခွန်းမျိုးဖြစ်သည်။ (ဤစံထားချက်မျိုးသည် အချေအတင်ပြောဆိုဆွေးနွေးမှုကို ဖိတ်ခေါ်လျက်ရှိသည်။ ဤအချက်နှင့်မကိုက်ညီလျှင် ဆွေးနွေးခန်းအထမမြောက်ဘဲ စိတ်ကိုဖတ်သည့်လေ့ကျင့်ခန်းမျှသာဖြစ်လိမ့်မည်။)

(၃) ဆွေးနွေးချက်သည် ဖတ်စာပါအကြောင်းအရာကို ဦးတည်ရမည်။ ဥပမာ– ဘီလူးကြီး၏ဇနီးက Jack

အပေါ်သူ့မိခင်ထက် အဘယ်ကြောင့်ပိုမိုကြင်နာသလဲဟူသောမေးခွန်းမျိုးသည် ကျောင်းသားများအတွေ့အကြုံအရ ဖြေကြသော်လည်း ပထမဆုံးအနေဖြင့် သင်ခန်းစာပါအကြောင်းအရာကို ပြောဆိုဆွေးနွေးကြရန် ဦးတည်သည်။ ''Jack ကဲ့သို့ရဲရင့်သောအလုပ်ကို သင်စွန့်စားလုပ်ဆောင်ခဲ့ဘူးသလား'' ဟူသောမေးခွန်းမျိုးသည် ဆွေးနွေးခန်းကိုသင်ခန်းစာမှ ဝေးရာသို့လမ်းလွှဲသွားစေနိုင်ပြီး မတူညီသည့်ဦးတည်ချက်(၂၅)မျိုးဖြစ်သွားနိုင်သည်။

**အဆင့်(၄)** – မေးခွန်းတစ်ပုဒ်ကိုဖလှယ်ပါ။ ဆရာမက ကျောင်းသားအားလုံးဖြေဆိုရန် ပထမဆုံးမေးခွန်းကို မြေဖြူသင်ပုန်းပေါ်တွင်ရေးချပါ။

**အဆင့်(၅)** – မေးခွန်းအပေါ်ကျောင်းသားများစဉ်းစားပြီး သူတို့၏အဖြေများကိုရေးချကြပါ။ ဆရာမက ကျောင်းသားများအား မေးခွန်းအကြောင်းစဉ်းစားခိုင်းပြီး သူတို့၏အဖြေများကိုခပ်မြန်မြန် ရေးချခိုင်းပါ။ (ကျောင်းသားများ အသက်ငယ်လွန်းသောကြောင့် စာရေးရန်အင်အားဝိရိယများစွာစိုက်ထုတ်ရသော် မေးခွန်းကိုစဉ်းစားရန်အချိန်ကို(၁)မှ (၆၀)အထိ ရေတွက်မည်ဖြစ်ကြောင်းပြောပြထားပါက ထိုအချိန်အတောအတွင်း အဖြေရအောင်စဉ်းစားနိုင်ကြလိမ့်မည်)။

**အဆင့်(၆)** – ဆရာမက ကျောင်းသားများထံမှ အဖြေကိုရအောင်ကြိုးပမ်းရမည်။ ဆရာမက ကျောင်းသားများကို ဖြေဆိုရန်ဖိတ်ခေါ်စဉ် တုန့်နှေးသော ကျောင်းသားများအား သူတို့ရေးထားသော အချက်ကိုဖတ်ခိုင်းနိုင်သည်။ ဆရာမက ကျောင်းသားများအကြား အခြေအတင်ဆွေးနွေးရန် လှုံ့ဆော်ရမည်။ သူတို့ပြောဆိုသမျှထဲမှ ခြားနားသောအချက်များကိုထောက်ပြပြီး၊ ထိုကျောင်းသားများနှင့် အခြားကျောင်းသားများအား ခြားနားချက်များကို ချဲ့ထွင်ဆွေးနွေးခိုင်းပါ။ ကျောင်းသားများသည် သူတို့၏အမြင်အယူအဆများကိုတင်ပြရာတွင် ဖတ်စာကိုကိုးကား၍ပြောဆိုရန်သတိပေးပါ။ (သို့မဟုတ်) အမြင်အယူအဆများကို ပိုမိုရှင်းလင်းအောင် ပြန်လည်တင်ပြခိုင်းပါ။ ဆရာမက မည်သည့်ကျောင်းသား၏ အကြံဉာဏ်ကိုမျှ မှားသည် မှန်သည်ဟု ပြင်ဆင်မှုမပြုရ။ သူတို့၏အဖြေများကို အမှားအမှန်အကြံမပြုရ။ နောက်ဆုံး ဆရာမအနေဖြင့် မေးခွန်းအပေါ်မိမိ၏အဖြေကို မပေးရ။

**အဆင့် (၇)** – ဆရာမက ထိုင်ခုံနေရာဇယားချပ်ကို ကိုင်ထားရမည်။ ထိုင်ခုံဇယားသည် ကျောင်းသားများ၏ အမည်စာရင်းတွင် ကျောင်းသားတစ်ဦးချင်း၏အဖြေအတိုချုပ်ကို ရေးချထားသည့်ဇယားချပ်ဖြစ်သည်။ ဆရာမက ကျောင်းသားများ၏အတွေးအခေါ်ကို လေးစားမှုပြရန် စကားပြောဆိုမှုကို အရှိန်လျှော့ရန်ပြောဆိုပြီးသည့်အရာများကို မှတ်တမ်းတင်ရန်နှင့် ဘယ်သူပါဝင်ဆွေးနွေးပြီး၍ ဘယ်သူကျန်သေးကြောင်းမှတ်ရန် ထိုင်ခုံဇယားကိုအသုံးပြုရမည်။

**အဆင့်(၈)** – ဆရာမက ဆွေးနွေးချက်များကို အကျဉ်းချုံးရမည်။ မေးခွန်းတစ်ပုဒ်အပေါ် ဆွေးနွေးချက်လည်နေပုံရသောအခါ ကျောင်းသားများ၏ ဝေဖန်အကြံပြုချက်များကိုအကျဉ်းချုပ်၍ ဆရာမက အသံကျယ်ကျယ်ဖတ်ပြမည်။ ထိုနောက် ဆရာမဖြစ်စေ၊ ကျောင်းသားများထဲမှတစ်ယောက်ယောက်ဖြစ်စေ ထိုမေးခွန်းအပေါ်ဆွေးနွေးချက်များကို အကျဉ်းချုံးဖော်ပြပါ။

**အဆင့်(၉)** – ဆရာမက နောက်ထပ်မေးခွန်းများကိုမေးပါ။ ဆရာမသည် အခြားမေးခွန်းတစ်ခုကို မြေဖြူသင်ပုန်းကြီးပေါ်တွင်ရေးချပြီး ယခင်ကအတိုင်းဆက်လုပ်ပါ။ သို့သော် ဆွေးနွေးခန်းဆက်ပြီးလည်နေသောအခါ ဆရာမကရွေးချယ်၍ နည်းလမ်းတစ်ခုအဖြစ် ကျောင်းသားများ၏ဦးဆောင်ဆွေးနွေးမှုနောက်သို့လိုက်၍ သူတို့တင်ပြလာသည့် အရေးကိစ္စများနှင့်သူတို့မေးလာသည့်မေးခွန်းများကို ဆက်လက်ဆွေးနွေးပါစေ။

**ကျွန်ုပ်က အပြုသဘောအမြင်နှင့် မိမိကိုယ်ကို စိတ်ချမှုကို ရရှိခဲ့ပြီးဖြစ်သော်လည်း အဓိကအချက်မှာ ခြားနားကွဲလွဲအဆိုများကို နားထောင်၍ ကျွန်ုပ်၏ခံယူချက်နှင့် သိသိသာသာကွဲပြားသည့်တိုင်အောင် လက်ခံတတ်သောသဘောကို ရရှိခဲ့ပါသည်။**

**လက်ဗီးယားမှ ကျောင်းဆရာမ**



**အကဲဖြတ်စစ်ဆေးခြင်း –** ဖလှယ်စူးစမ်းသည့်နည်းတွင် ကျောင်းသားများအား အဖြေမှန်တစ်ခုကို ရောက်ရှိလက်လှမ်းမီရန်မျှော်လင့်မထားသောကြောင့် ကျောင်းသားများ၏လုပ်ဆောင်ချက်ကိုအကဲဖြတ်ရမည့်အလုပ်သည် စိန်ခေါ်ချက်တစ်ရပ်ဖြစ်နေ၏။ ဆရာမအနေဖြင့် ကျောင်းသားတစ်ဦးစီပါဝင်ဆောင်ရွက်မှုကိုစောင့်ကြည့်ပြီး စည်းမျဉ်းတစ်ခု (rubric) ကိုအသုံးပြု၍ ထိုကျောင်းသားများ၏ပါဝင်မှုကို အကဲဖြတ်ရသည်။ ဆရာမ သိလိုသောအရာများမှာ–

- ❖ ကျောင်းသားတစ်ဦးချင်းသည် ပါဝင်လုပ်ဆောင်ရန် မည်မျှလိုလိုလားလားရှိသလဲ။
- ❖ ကျောင်းသားက အမြော်အမြင်ရှိသည့်အဖြေမျိုးကို လက်လှမ်းမီသလား။
- ❖ ကျောင်းသားသည် ဖတ်စာထဲမှအကြောင်းအရာအချက်များကို အသုံးပြု၍သူ၏အဖြေကို အထောက်အပံ့သက်သေပြနိုင်သလား။



**စကားရိပ် –** ချဉ်းကပ်နည်းအားလုံးကို ကျွန်ုပ်တို့အသုံးမပြုသည့်တိုင်အောင် ဆရာများစွာတို့သည် စာအုပ်အပေါ်ဆွေးနွေးမှုပြုရာတွင် ဖလှယ်စူးစမ်းသည့်သဘောတရားများကို အသုံးချကြ၏။ ဥပမာ ကျောင်းသားများအား ဆွေးနွေးခန်းအတွက် အကြံဉာဏ်များကိုရေးချခိုင်းခြင်း (သို့မဟုတ်) ဆွေးနွေးနေကြစဉ် ကျောင်းသားများမှတ်စုရေးခြင်း ကျောင်းသား၏အကြံဉာဏ်များကို ဂရုပြုဆွဲထုတ်၍ဆွေးနွေးပွဲတွင် မိမိတို့ကိုယ်တိုင်မလွှမ်းမိုးစေရန်နှင့် သတိထားခိုင်းရန်ဖြစ်သည်။

ဆရာမက လုပ်ဆောင်ချက်နည်းများတွင် ကျောင်းသားများ၏ပါဝင်မှုကို အောက်ဖော်ပြပါပုံစံအတိုင်း စည်းမျဉ်းတစ်ခုတည်ဆောက်နိုင်သည်။

| ဆွေးနွေးခန်းတွင် ပါဝင်မှုကို အကဲဖြတ်ရန် စည်းမျဉ်း | အနည်းငယ် | အလယ်အလတ် | အတော်များများ |
|---|---|---|---|
| ကျောင်းသားတစ်ဦးချင်း မည်မျှပါဝင်လိုသလဲ။ | | | |
| ကျောင်းသားက အမြော်အမြင်ရှိအဖြေရှာနိုင်သလား။ | | | |
| ကျောင်းသားအနေဖြင့် သူ၏အဖြေကို ဖတ်စာထဲမှအထောက်အထားဖြင့်ပြနိုင်သလား။ | | | |

ကျောင်းသား၏လုပ်ဆောင်ချက်ကို အကဲဖြတ်ရန်အခြားတစ်နည်းမှာ ဆွေးနွေးခန်းပြီးနောက် စာစီစာကုံးတစ်ပုဒ်ရေးခိုင်းပါ။ ထိုစာစီစာကုံးတွင် အဓိပ္ပါယ်ရှင်းပြ၍ ဖတ်စာထဲမှအကြောင်းပြချက်များဖြင့် ရှင်းလင်းဖော်ပြရပါမည်။ အထက်ဖော်ပြပါ ညွှန်ကြားချက်များထဲမှနှစ်မျိုးကိုအသုံးပြု၍ သူ၏စာစီစာကုံးကိုအကဲဖြတ်ပြီး အရေးအသား၏အခြားထူးခြားချက်များကိုလည်း အကဲဖြတ်ပါ။

| စာစီစာကုံးကို အကဲဖြတ်ရန် စည်းမျဉ်း | အနည်းငယ် | အလယ်အလတ် | အတော်များများ |
|---|---|---|---|
| ကျောင်းသားများ သည်အမြော်အ မြင်ရှိသောအဖြေကိုရှာ တွေ့သလား။ | | | |
| ကျောင်းသားအနေဖြင့် သူ၏အဖြေကို ဖတ်စာထဲမှအထောက် အထားဖြင့်ပြနိုင်သလား။ | | | |
| စာစီစာကုံးသည်လုံလောက် သောအရှည်ပမာဏရှိ သလား။ | | | |
| စာစီစာကုံးသည် ကောင်းမွန် စွာဖွဲ့စည်းထားသလား။ | | | |
| စာစီစာကုံးတွင် အချက်အလက်များကို ရှင်းရှင်းအသုံးပြုထားသလား။ လက်ရှိခေါင်းစဉ်နှင့် သက်ဆိုင် မှုရှိသလား။ | | | |
| စာစီစာကုံးရေးသူသည် စကားလုံးများကို တိကျကျစ်လစ်စွာနှင့်ရှင်းရှင်း အသုံးပြုထားသလား။ | | | |

စည်းမျဉ်းများနှင့်ပတ်သက်၍ နောက်ထပ် သတင်းအချက်အလက်များသိလိုလျှင် အပိုင်း(၃)မှဆွေးနွေးချက်ကို ကြည့်ရန်။




## ဆွေးနွေးပွဲ ကွန်ယက်

ဆွေးနွေးပွဲကွန်ယက်နည်းသည် ကောင်းမွန်သော ဆွေးနွေးချက်အင်အားစွမ်းရည်နှင့် စုပေါင်းသင်ယူနည်း ဗျူဟာများကို ပေါင်းစပ်ထားသောနည်းဖြစ်၏။ ဤနည်းသည် အပြန်အလှန်တုံ့ပြန်ဆက်သွယ်မှုကို နှစ်ယောက်တွဲနှင့် ကျောင်းသားလေးယောက်အဖွဲ့များတွင်ပြုလုပ်သောကြောင့် ဤနည်းကိုမည်သည့် အတန်းအရွယ်အစားတွင်မဆို အောင်မြင်စွာအသုံးပြုနိုင်သည်။ အတန်းပိုကြီးသောကျောင်းသားများအတွက် အချေအတင်ဆောင်းပါးကိုရေးရန် ကောင်းမွန်စွာပြင်ဆင်သည့်အနေဖြင့် ဤဆွေးနွေးပွဲကွန်ယက်နည်းကို အသုံးပြုနိုင်သည်။ ဆွေးနွေးပွဲကွန်ယက်နည်းကို သင်ခန်းစာ၏စုစည်းခြင်းအပိုင်းတွင်အသုံးပြု၍ ထိုအပိုင်းတွင် ကျောင်းသားများသင်ယူပြီးသောအကြောင်းအရာများကို ပြန်လည်သုံးသပ်ပြီး သူတို့အဓိပ္ပါယ်ဖော်ခဲ့သောအချက်များကို လက်တွေ့အသုံးချရန် ရှေ့ဆက်လက်စဉ်းစားကြရသည်။




**ကျိုးကြောင်းဆင်ခြင်မှု** – အငြင်းပွားဖွယ်ရာ အရေးကိစ္စတစ်ခုတွင် အကြောင်းပြချက်များဖြင့် တစ်ဖက်ဖက်တွင်ရပ်တည်ခြင်းသည် ဝေဖန်ပိုင်းခြား၍စဉ်းစားခြင်း၏သဘောသဘာဝဖြစ်၏။ ထိုအချက်သည်

လွတ်လပ်သည့်လူ့အဖွဲ့အစည်းတွင်ပါဝင်ရန် အသုံးဝင်သောပြင်ဆင်မှုဖြစ်၏။ ဆွေးနွေးပွဲကွန်ယက်နည်းသည် ကျောင်းသားများအားဆွေးနွေးခန်းတွင် တက်ကြွစွာပါဝင်ရန်သင်ပေးပြီး အငြင်းပွားဖွယ်ရာအရေးကိစ္စတစ်ခုတွင် နေရာယူရပ်တည်ခြင်း၊ မိမိ၏ရပ်တည်ချက်ကို အကြောင်းပြချက်များဖြင့်အထောက်အထားပြခြင်း၊ အမြင်ရှုထောင့်တစ်ခုကို ဖော်ထုတ်ရန် အခြားကျောင်းသားများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းများကို သင်ပေးသည်။




**အဖွဲ့အရွယ်အစား –** ဆွေးနွေးပွဲကွန်ယက်နည်းသည် လေးယောက်တစ်ဖွဲ့များမှ အနည်းဆုံး ကျောင်းသားရှစ်ယောက်စီနှင့်လုပ်ရမည်။ ဤသို့သော လေးယောက်တစ်ဖွဲ့အဖွဲ့အရေအတွက် မည်မျှဖြစ်စေရှိနိုင်သည်။



**လိုအပ်သောပစ္စည်းများ –** ဆွေးနွေးပွဲကွန်ယက်နည်း (စာမျက်နှာ–၁၀၀ ရှု)တွင် ကျောင်းသားများ ရေးချရန်စာရွက်တစ်ရွက်စီလိုအပ်သည်။ ကျောင်းသားများသူတို့၏ အကြံဉာဏ်များ ကိုရေးချရန် ခဲတံ (သို့မဟုတ်) ဘောပင် လိုအပ်သည်။



**လိုအပ်သောအချိန် –** ဤလုပ်ဆောင်ချက်ကို မိနစ် (၂၀)မှ နာရီဝက်အတွင်း လုပ်ဆောင်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – ဆရာမက အလေးအနက်စဉ်းစားရသော နှစ်လမ်းသွားမေးခွန်းတစ်ခုကို ပြင်ဆင်ထားရမည်။ နှစ်လမ်းသွားမေးခွန်းဆိုသည်မှာ ဖြစ်နိုင်သောအဖြေနှစ်ခုရှိသည့် မေးခွန်းမျိုးဖြစ်သည်။ ရရှိမည့်အဖြေသည်ဟုတ်၊ မဟုတ်ကို အထောက်အထားဖြင့်ဖြေနိုင်ရမည်။ ဥပမာ– အိုင်ဗင်နှင့်ပင်လလယ်ဖျံပုံပြင်တွင် နှစ်လမ်းသွားမေးခွန်းသည် "အိုင်ဗင်တွင် ပင်လလယ်ဖျံအရေခွံကို ခိုးယူရန်အခွင့်ရှိသလား" ဟူ၍ဖြစ်သည်။

**အဆင့်(၂)** – ဆရာမက ကျောင်းသားများအတွဲများအား ဆွေးနွေးပွဲကွန်ယက်ကားချပ်ရေးဆွဲခိုင်းပါ။ ဇယားချပ်သည် ရှေ့စာမျက်နှာ(၁၀၀)တွင်ဖော်ပြထားသည့် ဇယားချပ်နှင့်တူပါမည်။ ထိုကျောင်းသားအတွဲတိုင်းက လေးမိနစ် (သို့မဟုတ်) ငါးမိနစ် အချိန်ယူ၍စဉ်းစားပြီး၊ အချေအတင် နှစ်ဖက်စလုံးကိုထောက်ခံအားပေးသည့် အကြောင်းပြချက်သုံးခုကို စာရင်းရေးချကြပါ။ သူတို့သည် ဤချေပငြင်းဆိုချက်များက ဆွေးနွေးပွဲကွန်ယက်စာရွက် တစ်ရွက်ပေါ်တွင် ရေးချကြသည်။

**အဆင့်(၃)** – ကျောင်းသားအတွဲတိုင်း အခြားအတွဲတစ်ခုနှင့် ပေါင်းကြမည်။ သူတို့သည် အဆိုပါအကြောင်းအရာကိစ္စ၏အမြင်နှစ်ဖက်စလုံးအပေါ် သူတို့၏ဖြေဆိုချက်များကို ပြန်လည်စီစစ်ပြီး အချင်းချင်း၏စာရင်းတွင်ထပ်တိုးကြပါမည်။

**အဆင့်(၄)** – ပထမကျောင်းသားလေးဦးက နိဂုံးဆွဲနိုင်သည့်အထိ အဆိုပါအကြောင်းအရာကိစ္စကို ငြင်းခုံဆွေးနွေးကြပါမည်။ ဆိုလိုသည်မှာ အဆိုပါကျောင်းသား လေးဦးတို့သည် သဘောတူညီမှုတစ်ခုကိုရောက်ရှိသွားပြီး အထောက်အပံ့ပေးသည့် အကြောင်းပြချက်များလည်း ပါရှိရပါမည်။ သူတို့သည် ဆွေးနွေးပွဲကွန်ယက်စာရွက်၏ နိဂုံးကော်လံတွင် သူတို့၏ရပ်တည်ချက်ကို ရေးသွင်းကြပါမည်။

**အဆင့်(၅)** – ဆရာမက လေးယောက်တစ်ဖွဲ့ ကျောင်းသားအဖွဲ့အတော်များများကို ဖိတ်ခေါ်၍ သူတို့၏ရပ်တည်ချက်များကိုအထောက်အကူပြုသည့် အထောက်အထားအကြောင်းရင်းများနှင့်တကွ တိုတိုအစီရင်ခံတင်ပြခိုင်းပါ။ အကယ်၍ ကျောင်းသားများက မတူညီသောအဆိုနှစ်ဖက်တွင် ရပ်တည်နေကြပါက ဆရာမအနေဖြင့် ကျောင်းသားအဖွဲ့အချင်းချင်း အချေအတင်ငြင်းဆိုဆွေးနွေးကြရန် ဖိတ်ခေါ်နိုင်သည်။



**စကားရိပ် –** မေးခွန်းနှင့်ပတ်သက်၍ ကျောင်းသားများအား မည်မျှလက်လှမ်းမီစေလိုကြောင်း (သို့မဟုတ် )သဘောတူညီချက်ရစေလိုကြောင်း ဆရာမကကြိုတင်၍ သဘောထားကိုဆုံးဖြတ်နိုင်လျှင် ကောင်းပါမည်။ ကျွန်တော်တို့ အဆင့် မြင့်မေးခွန်းများဟုခေါ်ဆိုသောမေးခွန်းများ (အောက်တွင်ရှု)သည် ခိုင်လုံသောအကြောင်းပြချက်များဖြင့် အဖြေတစ်မျိုးထက်မက မကြာခဏပေးနိုင်သောမေးခွန်းများဖြစ်ကြသည်။ ထိုမေးခွန်းမျိုးကို အဖြေတစ်ခုတည်းပေးရန် ကျောင်းသားများအား အတင်းတိုက်တွန်းခြင်းသည်မှားနိုင်သည်။ ဥပမာ အိုင်ဗင်နှင့် ပင်လယ်ဖျံအရေခွံ ဆွေးနွေးချက်တွင် အိုင်ဗင်က ပင်လယ်ဖျံအရေခွံကိုယူမသွားခဲ့သော် ပို၍ကောင်းမည်လော ဟူသည့်မေးခွန်းအတွက် တရားသောအဖြေမရှိနိုင် ဆရာများအနေဖြင့် ကျောင်းသားများအား ဤမေးခွန်းအပေါ် ရပ်တည်ချက်တစ်ဖက်ဖက်မှနေရာယူ၍ ထိုရွေးချယ်နေရာယူခြင်းကို အထောက်အထားများဖြင့်သက်သေပြရန် လိုလားကြပါသည်။ အခြားတစ်ဖက်တွင်လည်းဖြစ်နိုင်ချေရှိလျှင် ထိုအချက်မှနောက်တွန့်ဆုတ်ခြင်းမပြုသင့်။ ဥပမာ ဆိုကြပါစို့။ မေးခွန်းသည် "အိုင်ဗင်က သူ၏ဇနီးသည်အား ပင်လယ်ဖျံအရေခွံပြန်ပေးပြီး သူမဆန္ဒအရသွားလိုလျှင် သွားစေ၊ နေလိုလျှင်နေစေဟု ရွေးချယ်ဆုံးဖြတ်ခွင့်ပြုလျှင် ပိုကောင်းမလား။" ဟူသော မေးခွန်းမျိုးဖြစ်အံ့။ ထိုသို့ဆိုလျှင် ကျောင်းသားများ၏အဖြေမှာ "ဟုတ်ကဲ့ အဲဒီလိုဆိုရင်ပိုကောင်းမှာပါ" ဟူ၍သဘောတူရန် ယုတ္တိရှိနိုင်သည်။

## မူကွဲများနှင့် အခြားဆက်နွှယ်သောနည်းများ




### စကားရည်လုပွဲများ


တတိယတန်းနှင့် အထက်တန်းကျောင်းသားများအတွက် ဆွေးနွေးပွဲကွန်ယက်လုပ်ဆောင်ချက်ကို စကားရည်လုပွဲနှင့်တွဲ၍လေ့ကျင့်လျှင်မကြာခဏအသုံးဝင်တတ်သည်။ စကားရည်လုပွဲ၏ရည်ရွယ်ချက်သည် အနိုင်အရှုံးကြေညာရန်မဟုတ်ဘဲ အခြားသူများကကွဲလွဲအဆိုပြုသည့်တိုင် ကျောင်းသားများအား သူတို့၏ သဘောထားခံယူချက်များကို အကျိုးအကြောင်းအထောက်အထားများဖြင့် တင်ပြနိုင်ရန်ကူညီပေးခြင်းဖြစ်သည်။ အဆိုတင်ပြချက်များ၊ အကြောင်းပြချက်များ၊ အချေအတင်ငြင်းဆိုမှုများပြုလုပ်ခြင်း၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုမပါဘဲ အယူအဆများကိုသာဆွေးနွေးငြင်းခုံခြင်းတို့သည် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၏အခြေခံသဘောတရားများဖြစ်ကြသည်။



**ကျိုးကြောင်းဆင်ခြင်မှု –** အကြောင်းအရာကိစ္စများအပေါ် အချေအတင်စကားရည်လုပြောဆိုခြင်းသည် သက်ဆိုင်ရာခေါင်းစဉ်ကို သေသေချာချာ ဂဃနဏနားလည်ထားရန် မကြာခဏလိုအပ်တတ်သည်။ စကားရည်လုပွဲနည်းသည် ကျောင်းသားများအား အငြင်းပွားနိုင်သည့်ခေါင်းစဉ်တစ်ခုခုအပေါ် ရပ်တည်ချက်ယူတတ်ရန် သူတို့၏ရပ်တည်ချက်များကို သက်သေအထောက်အထားဖြင့်ထောက်ခံငြင်းဆိုရန် တန်ပြန်ဆန့်ကျင်ဖက်ငြင်းဆိုချက်များကို ကာကွယ်ချေပပြောဆိုရန်နှင့် လူကိုမတိုက်ခိုက်ပဲ ယူဆချက်များကိုသာ အာရုံစိုက်ရန် လည်းသင်ပေးသည်။



**အဖွဲ့အရွယ်အစား –** စကားရည်လုပွဲနည်းကို အတန်းတစ်တန်းလုံးဖြင့်လုပ်ဆောင်ရသည်။




**လိုအပ်သောပစ္စည်းများ –** စကားရည်လုပွဲအတွက် မည်သည့်ပစ္စည်းမျှမလိုအပ်ပါ။



**လိုအပ်သောအချိန် –** ဤလုပ်ဆောင်ချက်ကို အချိန်မိနစ် (၂၀)မှ နာရီဝက်အတွင်း လုပ်ဆောင်ပြီးစီးနိုင်သည်။

ဤနည်းမှာ အပြုသဘောဆန့်ကျင်ဘက်အဆိုအပေါ်အခြေခံသော ခွန်အားရှိသည့်လုပ်ဆောင်ချက်ဖြစ်သည်။ ကျောင်းသားများအား ရပ်တည်ချက်နှစ်ဖက်စလုံးအတွက် ချေပပြောဆိုရန်နိုင်းနိုင်သည်။ ဆိုလိုသည်မှာ အဆိုပါ ကျောင်းသားများသည် ဝေဖန်ပိုင်းခြား၍စဉ်းစားကြရန်နှင့် သူတို့ထောက်ခံအားပေးမည့် နိဂုံးတခုကိုဆွဲနိုင်ရန် တိုက်တွန်းခံရသည်။ ဤသို့ဆိုရာတွင် သူတို့၏ကိုယ်ပိုင်ယုံကြည်ချက်ကို သူတို့ကိုယ်တိုင်ဆန့်ကျင်ဘက်ပြု၍ ပျော်ရွှင်စရာကောင်းသည့်ငြင်းဆိုချက်များကို ပြောကြားခြင်းဖြစ်သည်။

ရှိမေးနီးယားမှ အလယ်တန်းပြဆရာမ



## လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – အဖြေနှစ်မျိုးထွက်မည့် နှစ်လမ်းသွားမေးခွန်းတစ်ခုကို ပြင်ဆင်ထားပါ။ စကားရည်လုပွဲတစ်ခုဖြစ်ရန် နှစ်လမ်းသွားမေးခွန်းတစ်ခုလိုအပ်သည်။ ဆိုလိုသည်မှာ ဟုတ်၊ မဟုတ် ဖြေဆိုနိုင်မည့်မေးခွန်းတစ်ပုဒ်လိုအပ်သည်။ (အထက်ဖော်ပြပါ ဆွေးနွေးပွဲကွန်ယက်တွင် နှစ်လမ်းသွားမေးခွန်းများကိုအသုံးပြုထားပြီး ဆွေးနွေးပွဲကွန်ယက်၏အဆုံး၌ စကားရည်လုပွဲဆက်လုပ်လေ့ရှိကြသည်)။ ဆရာမအနေဖြင့် ကျောင်းသားများ၏ သဘောထားကိုကွဲပြားစေမည့် မေးခွန်းမျိုးကိုစဉ်းစားထားပြီး အားလုံးမြင်သာအောင် မြေဖြူသင်ပုန်းကြီးပေါ်တွင် ရေးချထားပါစေ။ အကယ်၍ ကျောင်းသားအရေအတွက်အကြမ်းဖျင်းအားဖြင့် အညီအမျှကွဲပြားစေမည့် မေးခွန်းမျိုးဖြစ်ကြောင်းမသေချာလျှင် ဆက်လက်၍အချေအတင်မဆွေးနွေးမီ တစ်ဖက်ဆီလက်ထောင်ပြခိုင်းပါ။

**အဆင့်(၂)** – ကျောင်းသားများက မေးခွန်းအကြောင်းစဉ်းစား၍ လွတ်လပ်စွာဆွေးနွေးကြပါမည်။ သူတို့၏တုံ့ပြန်ချက်များကို စာရွက်ပေါ်တွင်ဦးစွာရေးချပြီး နှစ်မိနစ်ခန့်ကြာလျှင် နောက်ထပ်အကြံဥာဏ်များ ပေါ်ပေါက်စေရန်အခြားကျောင်းသားများနှင့် ဖလှယ်ကြပါမည်။

**အဆင့်(၃)** – ဆရာကကျောင်းသားများအား အဖွဲ့ခွဲခိုင်းပါ။ အဖြေတစ်ခုကို မှန်သည်ဟုယုံကြည်သော ကျောင်းသားများက အခန်း၏နံရံတစ်နေရာတွင်သွားစုပြီး အခြားအဖြေတစ်ခုကို အမှန်ဟုယူဆသည့် ကျောင်းသားများအား အခန်း၏အခြားတစ်ဖက်နံရံတွင်သွားစုခိုင်းပါ။ အဆုံးအဖြတ်မပေးနိုင်သေးသော ကျောင်းသားများ (စဉ်းစားပြီးနောက် အဖြေနှစ်ခုစလုံးတစ်ပိုင်းတစ်စမှန်သည်ဟုယူဆသူများနှင့် အဖြေနှစ်ခုစလုံးမမှန်ဟုယူဆသူများ)ကို အခန်း၏အလယ်ပိုင်းရှိနံရံတွင်သွားစုခိုင်းပါ။

**အဆင့်(၄)** – ဆရာက အခြေခံစည်းမျဉ်းနှစ်ခုကိုရှင်းပြပါ။

(က) ကျောင်းသားများအချင်းချင်းရိုင်းပြစွာပြောဆိုခြင်းမပြုရ။ (ဤအချက်ဆိုလိုရင်းကို ဆရာမက ရှင်းပြရန်လိုမည်)

(ခ) ကျောင်းသားများစိတ်ပြောင်းလိုသည့် ဆွေးနွေးငြင်းခုံမှုမျိုးကိုတွေ့ရလျှင်၊ အခြားတစ်ဖက်သို့လျှောက်သွားသင့်သည်။ (သို့မဟုတ် နံရံ၏အလယ်သို့)

**အဆင့်(၅)** – ဘက်အသီးသီးမှကျောင်းသားများသည် အဘယ်ကြောင့်မိမိတို့ ထိုဘက်မှပါကြောင်းစဉ်းစားဆုံးဖြတ်ရန် အချိန်သုံးမိနစ်၊ လေးမိနစ်ခန့်ရရှိကြမည်။ ထို့နောက်ဆရာက သူတို့၏ရပ်တည်ချက်ကိုဖော်ပြသည့်အဆိုကို ဝါကျတစ်ကြောင်းဖြင့်မေးရန်ဖြစ်သည်။ ဆရာက ထိုဝါကျကိုဖတ်ပြရန်နှင့် တစ်ဖက်စီမှကျောင်းသားတစ်ဦးစီကိုရွေးချယ်ထားရန်ပြောပါ။

**အဆင့်(၆)** – တစ်ဖက်မှတစ်ယောက်စီ (အများအမှန်မဆုံးဖြတ်နိုင်သည့် ဘက်မလိုက်အဖွဲ့အပါအဝင်) မိမိတို့အဖွဲ့၏ ရပ်တည်ချက်နှင့်ပတ်သက်သောအဆိုကို ဖော်ပြကြပါမည်။

**အဆင့်(၇)** – ယခု မည်သည့်အဖွဲ့မှမည်သူမဆို ကြိုက်ရာအဆိုကို တင်ပြငြင်းခုံပြောဆိုနိုင်သည်။ (အချေဖြစ်စေ၊ အဆိုဖြစ်စေ၊ ချေပပြောဆိုချက်ဖြစ်စေ) အခြားအဖွဲ့၏အဆိုပြုတင်ပြချက်ကို တုံ့ပြန်ချေပပြောဆိုခြင်း (သို့မဟုတ်မိမိတို့ဘက်မှအဆိုကို ပိုမိုကောင်းမွန်နိုင်လုံသည့်အချက်အလက်များဖြင့် တင်ပြပြောဆိုခြင်းပြုလုပ်ခိုင်းပါ။

**အဆင့်(၈)** – ဆွေးနွေးချက်လေသံများ၊ အပြုသဘောမဆောင်သောအခြေအနေမျိုးသို့ ဘေးချော်မသွားစေရန် ဆရာက ကြီးကြပ်ထိန်းသိမ်းသွားရမည်။ ဆရာကရှင်းပြနိုင်းရမည်။ ဆရာက ဆွေးနွေးပွဲမြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာရန်လိုအပ်ပါက တစ်ဘက်ဘက်မှရပ်တည်၍ အယူအဆတစ်ခု၊ နှစ်ခုဝင်ပြောပါ။ (ဆရာကိုယ်တိုင် ကိုင်ဆွဲသောအယူအဆ ဟုတ်ချင်မှ ဟုတ်မည်)။ ဆရာကတစ်ဘက်မှအခြားတစ်ဘက်သို့ပြောင်းသည်။ ကျောင်းသားများ တစ်ဘက်ဘက်ကို လက်ခံလာလျှင်အခြားတစ်ဘက်သို့ ပြောင်းရန်အားပေးပါ။

**အဆင့် (၉)** – အချေအတင်ပြောဆိုမှုအချိန် (၁၀) မိနစ် (သို့မဟုတ်) (၁၅) မိနစ်ကြာလျှင် ကျောင်းသားများက မိမိတို့အဖွဲ့ဘက်မှတင်ပြချက်များကို အကျဉ်းချုံးတင်ပြနိုင်းပါ။

**အဆင့် (၁၀)** – ပေါ်လွင်ထင်ရှားလာသည့် ချေပငြင်းဆိုချက်များနှင့် အယူအဆများကို ဆရာကပြန်လည်သုံးသပ်ပြီး စကားရည်လုပွဲကို အကျဉ်းချုပ်တင်ပြရမည်။ (သို့မဟုတ်) ဆရာမက ကျောင်းသားများအား အချေအတင်စာစီစာကုံး ရေးခိုင်းနိုင်သည်။ ကျောင်းသားများက မိမိတို့ယုံကြည်သောအချက်နှင့် အဘယ်ကြောင့်ထိုသို့ယုံကြည်ကြောင်း စာစီစာကုံးရေးဖွဲ့ကြပါမည်။



**စကားရိပ်** – စကားရည်လုပွဲဆက်လက်လုပ်ဆောင်နေစဉ် ဆရာက ပျော်ပျော်ရွှင်ရွှင်ရယ်ရယ်မောမော ဖြင့်ဘက်တစ်ဘက်မှတစ်ဘက်သို့ပြောင်းရွှေ့ခြင်းကို သရုပ်ပြနိုင်သည်။ တစ်စုံတစ်ယောက်ကောင်းမွန်သောအဆိုတစ်ခုတင်ပြပြီးနောက် အချိန်အနည်းငယ်ခန့်လေးနက်စွာစဉ်းစားပြီး အခြားတစ်ဘက်အဖွဲ့ဆီသို့ ကူးပြောင်းခြင်းမျိုးဖြစ်သည်။



**ပြန်လည်စဉ်းစားခြင်း** – စကားရည်လုပွဲနည်းသည် အကြံဉာဏ်များကို ရှာဖွေဖော်ထုတ်ရန်အသုံးဝင်၍တွန်းအားဖြစ်စေနိုင်သည်။ သို့သော် ကျောင်းသားများအကြား ယှဉ်ပြိုင်သောစိတ်ဓါတ်က သင်ခန်းစာအပေါ်လွှမ်းမိုးခြင်းမရှိစေရန်နှင့် မသိမသာပြောင်းလဲသွားသည့် အယူအဆများထွက်ပေါ်လာစေရန် တွန်းအားပေးပါ။



## နောက်ဆုံးစကားပြောခွင့်ပေးပါ


နောက်ဆုံးစကားပြောခွင့်ပေးပါနည်းမှာ – အတန်းထဲတွင်ပြောဆိုဆွေးနွေးရန် ပုံပြင်ဝတ္ထုဖြစ်စေ အနက်ဖွင့်ချက်ဖြစ်စေ၊ ဖတ်စာတစ်ခုအတွက် ပုံစံဘောင်တစ်ခုဖော်ထုတ်ပေးသည်။ ဤနည်းဗျူဟာသည် အတန်းထဲတွင် စကားနည်းသည့်ကျောင်းသား (သို့မဟုတ်) တုန့်နှေးနောက်ဆုတ်တတ်သည့် ကျောင်းသားအား ဆွေးနွေးခန်းများတွင်ပါဝင်လာအောင်ပြုလုပ်ရန် အထောက်အကူဖြစ်စေသည်။



**ကျိုးကြောင်းဆင်ခြင်မှု** – စာသင်ခန်းအတွင်းပြုလုပ်သည့်ဆွေးနွေးပွဲများတွင် ဆရာကနောက်ဆုံးစကား (အကြံပြုချက်)တစ်ခုကို ပြောဆိုရလေ့ရှိတတ်သည်။ ဆွေးနွေးသည့် ခေါင်းစဉ်တစ်ခုအပေါ်နောက်ဆုံးအကြံပြုချက်ပြောဆိုရန် ကျောင်းသားများအား အခွင့်အရေးပေးခြင်းသည် စိတ်ဓါတ်တက်ကြွစေပြီး မိမိကိုယ်ကို အမှန်တကယ်အရေးပါသောသူဖြစ်ကြောင်းခံစားစေတတ်သည်။ နောက်ဆုံးစကားပြောခွင့်ပေးပါနည်းသည် ကျောင်းသားများအား သူတို့ဖတ်သည့်ဖတ်စာထဲမှ သူတို့စိတ်ဝင်စားသောအကြောင်းအရာကိစ္စများကို ရှာဖွေထောက်ပြတတ်ရန်သင်ပေးပြီး အတန်းတစ်တန်းလုံး၏ဆွေးနွေးမှုကို ကျောင်းသားများ တာဝန်ယူ ဆောင်ရွက်ရန် လမ်းညွှန်ပေးသည်။




**အဖွဲ့အရွယ်အစား** – နောက်ဆုံးစကားပြောခွင့်ပေးပါနည်းကို အတန်းတစ်တန်းလုံးဖြင့်လုပ်ဆောင်ကြရသည်။



**လိုအပ်သောပစ္စည်းများ –** နောက်ဆုံးစကားပြောခွင့်ပေးပါနည်းတွင် ကျောင်းသားများမိမိတို့၏အကြံပြုတင်ပြချက်များရေးမှတ်ရန် စာရွက်အလွတ်အပိုင်းအစများလိုအပ်သည်။ ဖတ်ရန်ဖတ်စာ (သို့မဟုတ်) စဉ်းစားရန် ခေါင်းစဉ်တစ်ခုလည်းလိုအပ်သည်။



**လိုအပ်သောအချိန် –** ဤလုပ်ဆောင်ချက်ကို အချိန်မိနစ် (၂၀) မှ မိနစ်(၄၀) အတွင်းလုပ်ဆောင်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – ကျောင်းသားများဖတ်စာကိုမဖတ်မီ ဆရာကသူတို့စိတ်ကို ဆွဲဆောင်မည့်စာပိုဒ်ကိုရှာဖွေရန် သူတို့အားစိတ်ရှုပ်ထွေးစေမည့် စာပိုဒ်များ၊ စိတ်လှုပ်ရှားစေမည့်စာပိုဒ်များနှင့်သူတို့ကို ဒေါသထွက်စေမည့်စာပိုဒ်များကို ရှာဖွေရန်ကြိုတင်ရှင်းပြထားပါ။

**အဆင့်(၂)** – ကျောင်းသားများက ထိုစာပိုဒ်ကို စာရွက်၏တစ်ဖက်မျက်နှာတွင် ရေးချထားကြပါ။ အဆိုပါ စာပိုဒ်များကို ဖတ်စာ၏ မည်သည့်စာမျက်နှာတွင်တွေ့ရှိကြောင်းလည်း စာမျက်နှာနံပါတ်ဖော်ပြရမည်။

**အဆင့်(၃)** – ကျောင်းသားများသည် စာရွက်၏အခြားတစ်ဖက် စာမျက်နှာတွင် ဝေဖန်အကြံပြုတင်ပြချက်ရေးချရမည်၊ ဆိုလိုသည်မှာ သူတို့ကို ဘယ်အချက်ကစိတ်ဆွဲဆောင်၍ အံ့သြစေကြောင်း၊ ဘယ်အချက်က တွေဝေရှုပ်ထွေးစေကြောင်း၊ ဘယ်အချက်က စိတ်လှုပ်ရှားစေပြီး၊ ဘယ်အချက်က ဒေါသထွက်စေကြောင်းရေးရန်ဖြစ်သည်။

**အဆင့်(၄)** – နောက်အတန်းချိန်တစ်ချိန်အတောအတွင်း ဆရာက တစ်ကြိမ်လျှင်ကျောင်းသားတစ်ဦးကိုခေါ်၍ ကိုးကားထားသောစာပိုဒ် (quotation) (ဝေဖန် အကြံပြုချက်မဟုတ်) ကိုဖတ်ပြရန်ခိုင်းပါ။ ထိုအခါ ယင်းကျောင်းသားက အတန်းကိုထိန်းရမည်။ ပြီးလျှင် အဆိုပါကျောင်းသားအနေဖြင့် သူကိုးကားထားသောစာပိုဒ်အပေါ် ဝေဖန်အကြံပြုတင်ပြရန် အခြားကျောင်းသားများကို ဖိတ်ခေါ်ရမည်။ ဆရာကလည်းဝေဖန်အကြံပြုချက်များကို ပေးနိုင်ပါသည်။ သို့သော် ကျောင်းသားအတော်များများ ပြောဆိုဆွေးနွေးတင်ပြကြပြီးနောက် အခြားအကြံပြုတင်ပြချက်များ ဆက်လက်ဖော် ထုတ်ရန်ရှိသောအချိန်ရောက်မှသာလျှင် ဆရာ၏အကြံပြုတင်ပြချက်ကို ကြားနာသင့်သည်။

**အဆင့်(၅) –** အတန်းထဲမှ ကျောင်းသားများဝေဖန်ချက်ပေးပြီးနောက် ကိုးကားစာပိုဒ်ရေးသားသူ ကျောင်းသားက သူ၏စာရွက်ကိုတဖက်လှန်၍ ဖတ်ပြရမည်။ ထိုစကားသည် နောက်ဆုံးပိတ်စကားဖြစ်၏။ ကိုးကားသည့်စာပိုဒ်အပေါ် မည်သည့်ကျောင်းသားမျှ ဆရာအပါအဝင် မည်သူမျှဝေဖန်အကြံပြုချက်ထပ်မလုပ်ရ။

**အဆင့်(၆)** – ဆရာက အခြားကျောင်းသားများအားဖိတ်ခေါ်၍ သူတို့၏ကိုးကားစာပိုဒ်များကို တစ်တန်းလုံးနှင့် ဝေမျှလုပ်ပြီး ဆွေးနွေးခန်းကို ဦးဆောင်ခိုင်းပါ။ ဆရာလည်းမိမိအလှည့်ကို ယူနိုင်သည်။ ကိုးကားစာပိုဒ်ကိုဖတ်ရန် ကျောင်းသားတိုင်းအား ဖိတ်ခေါ်ရန်မလိုပါ။ သင်တန်းတစ်ချိန်အတွက် ကျောင်းသား ဒါဇင်ဝက် (၆) ဦးလောက်ဆိုလျှင် လုံလောက်ပါမည်။



**ပြန်လည်စဉ်းစားခြင်း –** ဆရာ (သို့မဟုတ်) ဆရာမကဟောပြောပို့ချနည်းကို ကျင့်သားရနေလျှင် သူ၏ပို့ချမှုစာစဉ်မှတ်စုတွင် ထည့်သွင်းထားမည့်အချက်မြောက်များစွာကို ကျောင်းသားများက နောက်ဆုံးစကားပြောခွင့်ပေးပါနည်းတွင် ဖော်ထုတ်နိုင်ကြကြောင်းအံ့သြစွာတွေ့ရှိရလိမ့်မည်။

## ABC ကားချပ်

ရှေ့ကဖော်ပြခဲ့သောနည်းများ၊ မူကွဲများနှင့် အခြားဆက်နွယ်နေသောနည်းများသည် ကြိုတင်သိမြင်မှု၊ အသိပညာတည်ဆောက်မှုနှင့် စုစည်းမှုစည်းမျဉ်းတွင် မည်ကဲ့သို့အံဝင်ခွင်ကျဖြစ်ကြောင်း ကြည့်ကြပါစို့။ABC စည်းမျဉ်းကိုအသုံးပြု၍သင်ကိုယ်တိုင် သင်ခန်းစာအစီအစဉ်ရေးဆွဲသောအခါ ဤစာအုပ်ပါနည်းလမ်းများကို အသုံးပြုရန် ဤဇယားကားချပ်မှ အကူအညီပေးပါလိမ့်မည်။

| <br>ကြိုတင်သိမြင်ခြင်း | <br>အသိပညာတည်ဆောက်ခြင်း | <br>စုစည်းခြင်း |
|---|---|---|
| ခြုံငုံသုံးသပ်ခြင်း<br>သိပြီး–သိလို–သိလာ → | နှစ်ယောက်တွဲ စာဖတ်ခြင်း<br>နှစ်ယောက်တွဲ အကျဉ်းချုံးခြင်း | → တန်ဖိုးမျဉ်း<br>အမြန်ရေးချနည်း |
| ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော →<br>မေးခွန်းသင်ပုန်း →<br>မေးခွန်းရှာဖွေခြင်း → | | → |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ<br>ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>စဉ်းစား၊ တွဲ၊ ဖလှယ် | လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း | |
| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း →<br>နှင့်ကားချပ်<br>ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ | → သင်္ကေတမှတ်၍စာဖတ်ခြင်း | ဇာတ်ကောင်မြေပုံ<br>စဉ်းစား၊ တွဲ၊ ဖလှယ်<br>ဂျစ်ဆော |
| စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများ →<br>လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများ →<br>ဘောပင်များအလယ်မှာချနည်း →<br>လှည့်သွား–လိုက်ပြော | တစ်ကောင်နေသုံးကောင်ပျံ → | → ပညာရှင်များငြင်းခုံဆွေးနွေးခြင်း |
| ပြဿနာတစ်ခုကိုလဲလှယ်ခြင်း → | အပြန်အလှန်မေးမြန်းခြင်း<br>စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း<br>အပြန်အလှန်သင်ကြားခြင်း | → ဆွေးနွေးခန်းများတွင်အထူးကျွမ်းကျင်မှုများ |
| ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း → | → | ဖလှယ်စူးစမ်းခြင်း<br>ဆွေးနွေးပွဲကွန်ယက်<br>စကားရည်လုပွဲများ<br>နောက်ဆုံးစကားပြောခွင့်ပေးပါ |

## ပဉ္စမကျောရိုးသင်ခန်းစာ – စာရေးခြင်းနှင့် စုံစမ်းမေးမြန်းခြင်း

ဤအပိုင်းတွင်ပါရှိသော ကျောရိုးသင်ခန်းစာသည် ကျောင်းသားများအား သူတို့ကိုယ်တိုင်သတင်းအချက်အလက်ရှာဖွေနည်း (I-Search Procedure) ကိုသုံး၍ အသိပညာတည်ဆောက်ဖန်တီးသူများဖြစ်လာရန် အခွင့်အလမ်းကိုဖန်တီးပေးသည်။ ဤအပိုင်း၏နောက်ပိုင်းတွင် လူမှုရေးလုပ်ငန်း လက်တွေ့လုပ်ခြင်းဖြင့်သင်ယူခြင်း (Service Learning) နည်းဖြင့်ချဉ်းကပ်၍ ကျောင်းသားများအား လူမှုရေးရာများတွင်လမ်းညွှန်မှုပေးထားသည့်နည်းများပါရှိသည်။

သတင်းအချက်အလက်ရှာဖွေနည်းမှာ ကျောင်းသားများအား သူတို့၏ဖတ်စာအုပ်ရှိသတင်းအချက်အလက်များနှင့် စာသင်ခန်းများတွင် လူတွေ့မေးမြန်းခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် စာသင်ခန်း၊ ကျောင်းများ၏ အပြင်ဘက်မှ အခြားစုံစမ်းမေးမြန်းနည်းအသုံးပြုခြင်းတို့ဖြင့် သတင်းအချက်အလက်အသစ်များကို ဖော်ထုတ်ပေးသည်။ အဆိုပါ လေ့လာစူးစမ်းမှု၏သဘောသဘာဝအရ ဤစီမံကိန်းသည် ကျောင်းစာသင်နေ့များနှင့် စနေ–တနင်္ဂနွေနေ့ (သို့မဟုတ်) စာသင်ချိန်ပြင်ပများတွင် လုပ်ငန်း၏တစိတ်တဒေသအဖြစ် ရက်ပေါင်းများစွာအချိန်ယူရလိမ့်မည်။ သတင်းအချက်အလက်ရှာဖွေနည်းသည် စုံစမ်းမေးမြန်းနည်းဖြစ်စဉ် အတော်များများကိုဖော်ပြပြီး ကျောင်းသားများအား အောက်ပါအချက်များလုပ်ခွင့်ပေးသည်။

- ❖ ကျောင်းသားများတစ်ဦးချင်း၏ စိတ်ဝင်စားမှုများနှင့် ပြီးခဲ့သောသင်ခန်းစာ၏ အဓိကဆိုလိုရင်းကို ရောင်ပြန်ဟပ်စေသော စိတ်ဝင်စားဖွယ်မေးခွန်းကိုမေးခြင်း။

- ❖ သူတို့၏လေ့လာရှာဖွေမှုကို ပြုလုပ်ရန် အစီအစဉ်ရေးဆွဲခြင်း။

- ❖ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်၍ အကျိုးရလဒ်များကိုစုဆောင်းခြင်း၊ စုစည်းတည်ဆောက်ခြင်းနှင့် ဖွဲ့စည်းခြင်း။

- ❖ သတင်းအချက်အလက်ရှာဖွေသော မေးခွန်းများနှင့် သတင်းအချက်အလက်ရှာဖွေနေစဉ်အတွင်း သူတို့၏ အတွေ့အကြုံများ အပေါ်အခြေခံ၍ နောက်ဆုံးအစီရင်ခံစာတင်သွင်းခြင်းဖြင့် အတန်းဖော်များနှင့် အခြားသော သူများအား သူတို့၏လုပ်ငန်းကိုဝေငှခြင်း။

သတင်းအချက်အလက်ရှာဖွေနည်း ( Macrorie 1988 ) နည်းသည် ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်း ဖြစ်စဉ်အပေါ် ရောစပ်ဖွဲ့စည်းထား၍ ဤလမ်းညွှန်စာအုပ်၏ အခြားသင်ခန်းစာများနည်းတူ ကျောင်းသားများ၏အသိပညာကို သင်ယူပြီးခဲ့သည့်သင်ခန်းစာထက် ကျော်လွန်ကာတိုးချဲ့ပေးသည်။ ဆရာမနှင့် အဋ္ဌမတန်းကျောင်းသားများသည် သူတို့နေထိုင်ရာပြည်နယ်အစိုးရနှင့် ဥပဒေပြုလုပ်ငန်းစဉ်နှင့်သက်ဆိုင်သော သင်ခန်းစာတစ်ခုကို သင်ကြားခဲ့ကြပြီးဖြစ်သည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကိုဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။ ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။

## သင်ခန်းစာ

### ကြိုတင်သိမြင်ခြင်း

သတင်းအချက်အလက်ရှာဖွေနည်း၏ ပထမပိုင်းတွင် ဆရာကကျောင်းသားများကို သူတို့သိပြီးသော အကြောင်းအရာများကို ဦးဆောင်ရှင်းပြခြင်း၊ ကျောင်းသားများအတွက် အရေးကြီးသည့်အကြောင်းအရာကိစ္စအချို့နှင့် ပတ်သက်၍သူတို့သိလိုသောအရာများကို မေးခွန်းမေးတတ်ရန်လေ့ကျင့်ပေးသည့် သိပြီး၊ သိလို၊ သိလာ (K-W-L) နည်းကဲ့သို့ အစုပြုထားသည်။ ဤကိစ္စတွင် ဆရာက ကျောင်းသားများအား အစိုးရအဖွဲ့များတွင်ဆုံးဖြတ်ချက်ချပုံ ဖြစ်စဉ်များကို ပြောပြသတိပေးပြီး၊ ကျောင်းသားများစုံစမ်းမေးမြန်းရန် သင့်လျော်သည့်အခြေအနေမျိုးကိုတင်ပြရမည်။

ဆရာက ကျောင်းသားများအား၊ အစိုးရမဟုတ်သည့်အဖွဲ့တစ်ဖွဲ့က ကျွန်ုပ်တို့၏ကျေးရွာတွင် ကလေးများအတွက် အပန်းဖြေရိပ်သာတစ်ခုပြုလုပ်ရန် ငွေကြေးချပေးပြီးဖြစ်သော်လည်း၊ မည်သည့်နေရာတွင် ဘယ်လိုအပန်းဖြေရိပ်သာမျိုးလုပ်မည်ဟု မဆုံးဖြတ်ရသေးသဖြင့် ကျေးရွာကောင်စီကဆုံးဖြတ်ရမည်ဖြစ်ကြောင်း ကြိုတင်ရှင်းပြထားပါ။

သတင်းအချက်အလက်ရှာဖွေနည်းလုပ်ငန်းစဉ်ကိုစတင်ရန် ကျောင်းသားများက သူတို့၏မေးခွန်းကိုဆုံးဖြတ်ကြပါစေ။

**ဆရာ** – လွန်ခဲ့တဲ့အပတ်တုန်းက ဆရာတို့လုပ်ပြီးခဲ့တဲ့သင်ခန်းစာအပိုင်းမှာ ဆရာတို့ပြည်နယ်မှာအစိုးရက ဆုံးဖြတ်ချက်ချပုံကို ဆွေးနွေးခဲ့ကြပြီးပြီ။ မင်းတို့ကြားရပြီးတဲ့အတိုင်း NGOအဖွဲ့တစ်ဖွဲ့ကဆရာတို့ရွာမှာ လူထုပန်းခြံတစ်ခုအတွက် လှူဒါန်းဖို့ကမ်းလှမ်းထားပါတယ်။ ကျေးရွာကောင်စီက ဘယ်နေရာမှာဘယ်လိုပုံစံမျိုး အပန်းဖြေရိပ်သာလုပ်မယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး။ ကျေးရွာကောင်စီလူကြီးတွေက အဲဒီဆုံးဖြတ်ချက်တွေချဖို့ လိုအပ်တဲ့သတင်းအချက်အလက်တွေကို စုဆောင်းနေကြတယ်။ တကယ်လို့မင်းတို့သာ ကျေးရွာကောင်စီဝင်တွေဖြစ်မယ်ဆိုရင် ပန်းခြံဆောက်ဖို့ ဘယ်လိုသတင်းအချက်အလက်တွေလိုအပ်မလဲ။ မေးရမယ့်မေးခွန်းအချို့ကို အကြံဉာဏ်ထုတ်ကြည့်ကြပါစို့။ မေးခွန်းတွေကို ဆရာကသင်ပုန်းပေါ်မှာရေးပေးမယ်။

**ကျောင်းသား (၁)** – ကျွန်တော်တို့ ဘယ်မှာလုပ်မယ်ဆိုတာ သိချင်တယ်။ မြစ်ကမ်းနားမှာလုပ်ရမလား။ ဈေးနားမှာလုပ်ရင်ကောင်းမလား။

**ကျောင်းသား (၂)** – ကျွန်မကတော့ အရေးကြီးတဲ့မေးခွန်းဟာ သောက်စရာဖျော်ရည်နှင့် စားစရာမုန့်ပဲသွားရေစာ လွယ်လွယ်နဲ့ဝယ်နိုင်မယ့်နေရာမျိုးရမလားဆိုတာ ဖြစ်မယ်ထင်တယ်။

**ကျောင်းသား (၃)** – ကျွန်တော်ကတော့ ပန်းခြံမှာဈေးရောင်းကြမလားဆိုတာ သိဖို့အရေးကြီးတယ်လို့မထင်ဘူး။

**ဆရာ** – အကြံဉာဏ်ဝိုင်းထုတ်တဲ့အခါ သိသမျှကိုပြောဖို့ဖြစ်တယ်ဆိုတာ သတိပြုကြပါ။ အဲဒီအကြံဉာဏ်တွေရဲ့ကောင်းကျိုးဆိုးပြစ်တွေကို နောက်မှပဲဆွေးနွေးကြမယ်။

**ကျောင်းသား (၄)** – ပန်းခြံမှာ ဘာတွေရှိမလဲ။ ချားရဟတ်တွေ၊ ဘောလုံးကွင်းတွေရှိဖို့လိုမလား။ ဒါကိုသိထားဖို့ အရေးကြီးတယ်လို့ထင်ပါတယ်။

**ဆရာ** – ဆရာတို့မှာစိတ်ဝင်စားဖို့ကောင်းတဲ့ မေးခွန်းတချို့ရပြီ။ မင်းတို့သာကျေးရွာကောင်စီဝင်ဖြစ်ပြီး ပန်းခြံကိစ္စဆုံးဖြတ်ချက်ချတဲ့အထဲမှာပါမယ်ဆိုရင် ဘာတွေမေးမယ်ဆိုတဲ့ အခြားအရေးကြီးမေးခွန်းများကို ကိုယ့်နဘေးက သူငယ်ချင်းနဲ့အတူစဉ်းစားကြပါ။ အတွေးအခေါ်ပါတဲ့မေးခွန်းတွေမှာ အဖြေရဖို့သာမက ကျိုးကြောင်းဆီလျော်တဲ့အဖြေဖြစ်ဖို့

လိုတယ်ဆိုတာသတိရကြပါ။ အချိန် (၃)မိနစ် (၄)မိနစ်ယူပြီး မေးခွန်းတွေကိုဆွေးနွေးကြပါ။ ကျောင်းသားအတွဲတစ်တွဲစီက မေးဖို့မေးခွန်းတစ်ခုစီကို ဆုံးဖြတ်ကြပါ။

ဆရာက ကျောင်းသားအတွဲများအကြားတွင် လှည့်ပတ်သွားလာ၍ သူတို့ဆွေးနွေးနေခြင်းကို နားထောင်ခြင်း လိုအပ်လျှင် တိုက်တွန်းအားပေးခြင်းပြုလုပ်ပါ။

**ဆရာ** – အတွဲတစ်တွဲထဲက တစ်ယောက်စီရွေးချယ်ပြီး မိမိတို့အတွဲရဲ့မေးခွန်းကိုဖတ်ပြပါ။ ကိုယ်မေးတဲ့မေးခွန်းကို အခြားတစ်ယောက်ကမေးပြီးရင် ဒါကိုထပ်မေးဖို့မလိုတော့ဘူး။

ကျောင်းသားအတွဲများက သူတို့၏မေးခွန်းများကိုမေးပြီး ဆရာကထိုမေးခွန်းများကို သင်ပုန်းကြီးပေါ်တွင် ရေးချပါ။

**ဆရာ** – မင်းတို့မေးခွန်းတွေကိုစဉ်းစားတဲ့အခါ မင်းတို့ရဲ့ဆိုလိုရင်းနဲ့ ကိုက်ညီမယ့်အခြားမေးခွန်းမျိုးကို အခြားကျောင်းသားအတွဲကမေးသွားတာရှိသလား။

ကျောင်းသားများက အောက်ပါမေးခွန်းစာရင်းနှင့် သဘောတူသည့်အထိ မေးခွန်းများကိုဆက်လက်ဆွေးနွေးကြပါမည်။

(၁) ပန်းခြံ၏ရည်ရွယ်ချက်ကဘာလဲ။
(၂) ပန်းခြံကဘယ်သူ့အတွက် ဖြစ်သင့်သလဲ။ ပန်းခြံလာတဲ့လူတွေ ဘာလာလုပ်ကြမှာလဲ။
(၃) ဘယ်လိုလုပ်ရှားမှုတွေကို ထောက်ခံအားပေးသင့်သလဲ။ ဘယ်လိုလုပ်ရပ်တွေကို ခွင့်မပြုသင့်ဘူးလဲ။
(၄) တခြားဘယ်လိုအစီအစဉ်မျိုးတွေ လုပ်ပေးသင့်သလဲ။ တစ်ခုစီမှာ ဘယ်လိုလက္ခဏာမျိုးပါရှိသလဲ။
(၅) လူထုပန်းခြံကိုလုံခြုံအောင် ဘယ်လိုထိမ်းသိမ်းမလဲ။
(၆) လူထုပန်းခြံကိုသန့်ရှင်းအောင် ဘယ်လိုထားမလဲ။ ဘယ်လိုပြုပြင်မွမ်းမံရမလဲ။
(၇) လူထုပန်းခြံကိုဘယ်နေရာမှာထားမလဲ။
(၈) ပန်းခြံကိုထိန်းသိမ်းစောင့်ရှောက်ရန် ငွေကြေးဘယ်လောက်ကုန်ကျမလဲ။ ဒီငွေကြေးဘယ်ကလာမလဲ။

အဖွဲ့တိုင်းက မိမိတို့၏မေးခွန်းများကို ရွေးချယ်ကြပါစေ။

**ဆရာ** – နောက်တဆင့် ဒီမေးခွန်းတွေကို ဘယ်လိုဖြေဆိုရမလဲဆိုတာ တွက်ဆကြည့်ဖို့ဖြစ်ပါတယ်။ အဖွဲ့တိုင်း (သို့မဟုတ်) ကျောင်းသားအတွဲတိုင်းက အဖြေရရှိဖို့အတွက် ဘယ်သူ့ကိုချဉ်းကပ်ရမလဲဆိုတာ စဉ်းစားကြည့်ကြပါ။ အချိန်မိနစ်အနည်းငယ်ယူပြီး မင်းတို့ရဲ့မေးခွန်းကိုကူညီပြီး အဖြေရှာပေးနိုင်မယ့်လူတွေကို စဉ်းစားထားကြပါ။

ကျောင်းသားများက သူတို့၏မေးခွန်းများကိုဖြေဆိုရန် အကူအညီပေးမည့်ပုဂ္ဂိုလ်များအား မည်သို့ချဉ်းကပ်ရမည့်အရေး စတင်ဆွေးနွေးကြပါမည်။ ဆရာကကျောင်းသားအတွဲများအကြား လှည့်လည်သွားလာ၍ အကူအညီပေးမည့် ဖြစ်နိုင်ချေရှိသူများကိုရှာတွေ့နိုင်ရန် ဦးဆောင်မေးခွန်းများမေး၍ အားပေးလမ်းညွှန်ရမည်။

**ကျောင်းသား** – (ဆရာအကူအညီကိုရလို၍ လက်ထောင်ပြပါ)။ လူထုအပန်းဖြေရိပ်သာကို ဘယ်မှာလုပ်ရင်ကောင်းမလဲဆိုတာသိချင်ရင် ကျေးရွာကောင်စီလူကြီးတွေကို မေးရင်မကောင်းဘူးလား။

**ဆရာ** – (ပန်းခြံနေရာအကြောင်း မေးခွန်းကိုဆွေးနွေးနေသည့် ကျောင်းသားအတွဲထံလျှောက်သွား၍)။ သူတို့က (ကျေးရွာကောင်စီလူကြီးများ) နောက်ဆုံးမှာ ဆုံးဖြတ်ချက်ချရမှာမို့ မင်းတို့ကသူတို့ကို မေးခွန်းတစ်ချို့မေးဖို့ လိုအပ်လိမ့်မယ်။ ပန်းခြံနေရာနဲ့ပတ်သက်လို့စိတ်ဝင်စားတဲ့ တခြားပုဂ္ဂိုလ်များရှိကြသေးသလား၊

**ကျောင်းသား** – (ပန်းခြံနေရာဆွေးနွေးသည့်အတွဲထဲမှ) ရွာလယ်ကွက်လပ်နားမှာရှိတဲ့ ဆိုင်ခန်းပိုင်ရှင်တွေဟာ သူတို့ဆိုင်ရှေ့မှာ ကျွန်တော်တို့ဘောလုံးကစားကြတာကို မကြိုက်ကြဘူး။ ဒီတော့သူတို့ကပန်းခြံကို ကျေးရွာအလယ်နဲ့ ဝေးတဲ့အပြင်ဘက်မှာပဲ လုပ်စေချင်ကြလိမ့်မည်။

**ကျောင်းသား** – (ပန်းခြံနေရာ ဆွေးနွေးသည့်အတွဲထဲမှ) မိသားစုတွေကတော့ ပန်းခြံကိုလူအများစုနေထိုင်တဲ့နေရာနဲ့ နီးနီးမှာလုပ်စေချင်ကြလိမ့်မယ်လို့ ထင်ပါတယ်။

**ဆရာ** – မင်းတို့နှစ်ယောက်က စိတ်ဝင်စားဖွယ်မေးခွန်းနဲ့အကြံဉာဏ်ရှိပုံရတယ်။ လူအမျိုးမျိုးကိုမေးမယ့် မေးခွန်းဇာွကို စဉ်းစားကြရင်မကောင်းဘူးလား။ မတူညီတဲ့မေးခွန်းအမျိုးမျိုးကိုဆွေးနွေးတဲ့အခါ အကောင်းဆုံးသတင်းအချက် အလက်ကိုရယူစေနိုင်တဲ့မေးခွန်းများမှာ တစ်ခုခုဘယ်လိုဖြစ်သလဲ။ ဘာကြောင့်ဖြစ်သလဲ။ တစ်စုံတစ်ယောက်က တစ်စုံ တစ်ခုအကြောင်း ဘယ်လိုစဉ်းစားသလဲ။ ဘာကြောင့်ဒီလိုစဉ်းစားသလဲ ဆိုတဲ့မေးခွန်းမျိုးဖြစ်တယ်။ မင်းတို့မေးခွန်း တွေမေးဖို့ပြင်ဆင်တဲ့အခါ ဒါကိုသတိရပါ။

လူထုပန်းခြံနေရာနှင့်ပတ်သက်၍ တာဝန်ကျသောကျောင်းသားများက မေးခွန်းများပေါ်တွင် ဆက်လက်ဆွေး နွေးကြပါမည်။

ဆရာက အဖွဲ့တစ်ဖွဲ့မှတစ်ဖွဲ့သို့လာပြီး သူတို့၏အာရုံစိုက်မှုနှင့် မေးခွန်းများကို အကူအညီလိုက်ပေးပါ။

**ဆရာ** – မင်းတို့ရဲ့မေးခွန်းများအဆင်သင့်ပြီးလျှင် လက်ထောင်ကြပါ။ ဒါတွေကိုတည်းဖြတ်ဖို့ ဆရာကူညီမယ်။

**ကျောင်းသား(၁)** – ("ပန်းခြံနေရာ" အတွဲမှကျောင်းသားက ဆရာ့ကိုအချက်ပြရန်လက်ထောင်သည်)။ ကျွန်တော်တို့ မေးချင်တဲ့ မေးခွန်းအချို့ရှိပါတယ်။

(၁) လူထုပန်းခြံကိုဘယ်မှာထားရမယ်ဆိုတာ ကျေးရွာကောင်စီကဘယ်လိုဆုံးဖြတ်မလဲ။

(၂) သူတို့က လူထုပန်းခြံကို ဘယ်မှာထားလိုကြသလဲဆိုတာကို ကျွန်တော်တို့လူငယ်တွေကို မေးကြပ့်မလား လို့တွေးမိတယ်။

(၃) အဖိုး၊ အဖွားတွေကကော ပန်းခြံကို ဘယ်မှာထားချင်ကြမယ်လို့ထင်သလဲ။

ကျွန်တော် အသေအချာပြောနိုင်တာတစ်ခုကတော့ ဈေးဆိုင်ရောင်းတဲ့လူတွေဟာ လူထုအပန်းဖြေပန်းခြံကို ဟိုးတခြားပြည်နယ်မှာ သွားထားစေချင်ကြလိမ့်မယ်။

**ဆရာ** – တခြားပုဂ္ဂိုလ်တွေဘာကိုလိုလားကြမယ်ဆိုတာသိချင်တယ်လို့ မင်းကဆိုတယ်။ ဈေးဆိုင်ရောင်းတဲ့လူတွေက အနီးအနားမှာ ပန်းခြံမရှိစေချင်ဘူးဆိုတာ မင်းဘယ်လိုသိသလဲ။

**ကျောင်းသား(၁)** – ဟုတ်ကဲ့ သူတို့ကိုမေးရမယ်ထင်တယ်။ ကျွန်တော်တို့ဘောလုံးကန်တာကို သူတို့အော်ငေါက်တဲ့ အတွက် ဒီနားပတ်ဝန်းကျင်မှာ ကျွန်တော်တို့ရှိနေတာကို မလိုလားကြဘူးလို့ထင်တယ်။ အဲဒီတော့ သူတို့ကိုလည်း မေးရင်ကောင်းမယ်။

**ဆရာ** – "ဘာဖြစ်သလဲ။" "ဘယ်မှာလဲ။" ဆိုတဲ့မေးခွန်းမျိုးမှာ အဖြေရနိုင်တယ်ဆိုတာ မင်းတို့သိပြီးကြပြီ။ ဒါပေမယ့် ဘာကြောင့်ဒီလိုဖြစ်ရတယ်ဆိုတဲ့ အဖြေရဲ့အကြောင်းရင်းကို မင်းတို့သိအုံးမှာမဟုတ်ဘူး။ လူထုပန်းခြံနေရာနဲ့ ပတ်သက် လို့တခြားလူတွေ ဘယ်လိုစဉ်းစားကြတယ်ဆိုတာသိရအောင် နောက်ထပ်မေးခွန်းတွေ ထပ်ရေးကြပါအုံး။ မေးခွန်းတိုင်း အတွက်မင်းတို့တွေ့ဆုံဆွေးနွေးမယ့် လူတွေကိုလည်းထည့်ရေးဖို့ မမေ့ကြပါနဲ့။

ဆရာအနေနဲ့ စာသင်ခန်းထဲမှာ ဆက်လက်၍လှည့်ပတ်သွားလာပြီး ကျောင်းသားများက သူတို့၏သတင်း အချက်အလက်ရှာဖွေနည်းကိုလုပ်ရာတွင်ကူညီပါ။

**ဆရာ** – (တစ်တန်းလုံးသို့) အတွဲတွေအားလုံး မေးခွန်းများကိုအပြီးသတ်ရေးပြီး တခြားလူတွေလည်းမြင်နိုင်အောင် နံရံကပ်စက္ကူကားချပ်ပေါ်မှာ ရေးချကြပါ။ မင်းတို့ရဲ့အဓိကမေးခွန်းကို စာမျက်နှာရဲ့အပေါ်ဆုံးထိပ်မှာရေးချဖို့ မမေ့ကြပါနဲ့။

**ကျောင်းသားများ** – (ပန်းခြံနေရာ တာဝန်ကျသည့်ကျောင်းသားအတွဲက နောက်ဆုံးမေးခွန်းကို စာရွက်ပေါ်တွင် ဤသို့ရေးချကြပါ)။

**အဓိကမေးခွန်းကြီး – လူထုပန်းခြံကို ဘယ်မှာထားကြမလဲ။**

၁။ လူထုပန်းခြံကို ဘယ်မှာထားမယ်ဆိုတာကျေးရွာကောင်စီက ဘယ်လိုဆုံးဖြတ်မလဲ။

၂။ မိဘများက လူထုပန်းခြံကို ဘယ်မှာရှိသင့်တယ်လို့ထင်ကြမလဲ။ ဘာကြောင့် သူတို့ဒီလိုထင်ကြမလဲ။

၃။ လူငယ်များက လူထုပန်းခြံကို ဘယ်မှာထားသင့်တယ်လို့ ထင်ကြမလဲ။ ဘာကြောင့် ဒီလိုထင်ကြသလဲ။

၄။ ဈေးရောင်းသူများက လူထုပန်းခြံကိုဘယ်မှာထားချင်ကြမလဲ။ ဘာ့ကြောင့် ဒီလိုထင်ကြသလဲ။

ကဲ ယခု သတင်းအချက်အလက်ရှာဖွေနည်းရဲ့ ဒုတိယအဆင့်ဖြစ်တဲ့ အစီအစဉ်ရေးဆွဲခြင်းကို စတင်ကြပါ။

**ဆရာ** – ဆရာတို့မှာ ခေါင်းစဉ်အမျိုးမျိုးနှင့်ပတ်သက်တဲ့ မေးခွန်းကောင်းအတော်များများရထားပြီ။ အိမ်စာအနေနဲ့ ဒီမေးခွန်းတွေကိုဖြေဆိုဖို့ နည်းလမ်းတစ်ခုစဉ်းစားခဲ့ကြပါ။ မနက်ဖြန်လူမှုရေးဘာသာရပ်အချိန်မှာ မင်းတို့ရဲ့မေးခွန်းများကိုဖြေဆိုဖို့ အစီအစဉ်တစ်ခု ဝိုင်းရေးဆွဲကြမယ်။ သတင်းအချက်အလက်တွေကို စုဆောင်းဖို့အစီအစဉ်ရေးဆွဲတဲ့အခါ အောက်ပါမေးခွန်းတွေကို ထည့်စဉ်းစားစေချင်တယ်။ (ဆရာက အောက်ပါမေးခွန်းများကို သင်ပုန်းကြီးပေါ်မှာရေးချထားပါ၊ (သို့မဟုတ်) စာရွက်တစ်ရွက်ပေါ်တွင်ရေးပြီး သင်ပုန်းကြီးပေါ်တွင် တိတ်ဖြင့်ကပ်ထားပါ)။

၁။ ကျွန်ုပ်တို့၏ မေးခွန်းများကိုဖြေဆိုရန် တွေ့ဆုံမေးမြန်းမည့်သူများကို ကျွန်ုပ်တို့ဘယ်လိုရှာဖွေရွေးချယ်မလဲ။

၂။ သူတို့ကို ဘယ်လိုအဆက်အသွယ်လုပ်ပြီး ကျွန်ုပ်တို့၏မေးခွန်းများကို ပြောဆိုရန်အချိန်ကို ဘယ်လိုစီစဉ်ကြမလဲ။

၃။ သူတို့ရဲ့အဖြေများကို အမှန်အကန်အတိုင်း မှတ်တမ်းတင်ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ။

၄။ ကျွန်ုပ်တို့တွေ့ဆုံဆွေးနွေးသူများကို ယဉ်ကျေးစွာဆက်ဆံ၍ ရိုသေလေးစားမှုကို ဘယ်လိုပြောပြကြမလဲ။

နောက်တစ်နေ့ လူမှုရေးဘာသာအချိန်တွင် ဆရာက သတင်းအချက်အလက်ရှာဖွေနည်းသင်ခန်းစာကို ပြန်လည်ဆွေးနွေးသည်။

**ဆရာ** – အိမ်စာပေးလိုက်တဲ့မေးခွန်းတွေကို ဘယ်လိုဖြေခဲ့ကြတယ်ဆိုတာကို မင်းတို့နဲ့အတူသတင်းအချက်အလက်ရှာဖွေမှုလုပ်မည့်သူငယ်ချင်းနဲ့အတူ ခဏလောက်ဆွေးနွေးစေချင်ပါတယ်။ မင်းတို့လုပ်ရမယ့်အလုပ်က မေးခွန်းတိုင်းအတွက် ဘယ်လိုဖြေဆိုနိုင်မယ်ဆိုတာကို ရေးချဖို့ဖြစ်ပါတယ်။ မင်းတို့လုပ်ပြီးရင် လက်ထောင်ပြကြပါ။ ပြီးရင်မင်းတို့နဲ့ဆရာလာ ဆွေးနွေးပါမယ်။

**ကျောင်းသားများ** – (ပန်းခြံနေရာ တာဝန်ကျသည့်ကျောင်းအတွဲ လက်ထောင်ကြသည်) ကျွန်တော်တို့အနေနဲ့ မိဘများအတွက်မေးခွန်းတွေ၊ ကလေးတွေအတွက်မေးခွန်းတွေနှင့် ဈေးဆိုင်ရောင်းသူတွေရဲ့မေးခွန်းတွေကို ဖြေနိုင်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးက သူငယ်ချင်းတွေရဲ့မိဘတွေကိုသိပါတယ်။ ဒါကြောင့် သူငယ်ချင်းတွေဆီသွားလည်တဲ့အခါ၊ သူတို့ရဲ့မိဘတွေကို တွေ့ဆုံမေးမြန်းလို့ရမယ်။ ကျွန်တော်တို့ရဲ့ သူငယ်ချင်းမိတ်ဆွေတွေကိုကျောင်းမှာလည်း တွေ့ဆုံမေးမြန်းနိုင်ပါတယ်။ ကျွန်တော့်ဦးလေးတစ်ယောက်က ကျေးရွာအလယ်မှာ အစားအသောက်ရောင်းတဲ့ ဆိုင်တစ်ဆိုင်ပိုင်တဲ့အတွက် ဈေးရောင်းတဲ့လူတွေကိုတောင်မှ တွေ့ဆုံမေးမြန်းဖို့ခက်မှာမဟုတ်ဘူး။ ကျွန်တော်အဲဒီကို မကြာခဏသွားတယ်။ ဦးလေးဆီမှာ တခြားဈေးသည် မိတ်ဆွေတွေအများကြီးရှိတယ်။

**ဆရာ** – ဒီလိုဆိုရင် မင်းတို့အတွဲက မိဘတွေအတွက်မေးခွန်းတွေ၊ ကလေးတွေအတွက်မေးခွန်းတွေနှင့် ဈေးသည်တွေအတွက်မေးခွန်းတွေကို ဖြေဆိုပြီးသလိုရှိပြီ။ ကျေးရွာကောင်စီအတွက်မေးခွန်းတွေကော။

**ကျောင်းသား** – ဘယ်လိုမေးရမယ်ဆိုတာ ကျွန်တော်တို့မသိသေးဘူး။ ကျွန်တော်တို့ တစ်ခါမှအစိုးရအရာရှိတွေနဲ့ မပြောဖူးဘူး။ ကျွန်တော်တို့က ကျောင်းသားတွေဆိုတော့ သူတို့ကကျွန်တော်တို့နဲ့ စကားပြောချင်မယ်မထင်ဘူး။

**ဆရာ** – ကောင်းပြီ။ ဒို့ရဲ့ကျေးရွာကောင်စီဝင်လူကြီးတွေက ဒို့ရဲ့မိဘတွေနဲ့ ဈေးဆိုင်ရောင်းသူတွေပဲဖြစ်ကြပါတယ်။ ကျေးရွာကောင်စီဝင်ရွေးခံရတာနဲ့ သူတို့ရဲ့တခြားလုပ်ငန်းကိုလည်း မစွန့်လွှတ်ကြပါဘူး။ ဒါကြောင့် ဒို့တွေဆုံမေးမြန်းမယ့် ကျေးရွာကောင်စီဝင် လူကြီးတစ်ယောက်ကို ဘယ်လိုရှာတွေ့မယ်ဆိုတာ ဆွေးနွေးကြစို့။ တွေ့ဆုံမေးမြန်းမယ့် ကျေးရွာကောင်စီက လူတစ်ယောက်ကိုရှာတွေ့ဖို့ လုပ်ရမယ့်အရာတစ်ချို့ဟာ ဘာတွေဖြစ်မလဲ။

**ကျောင်းသား(၁)** – ကျွန်တော့်အဖေကို တစ်ယောက်ယောက်နဲ့သိမလား မေးကြည့်အုံးမယ်။

**ကျောင်းသား(၂)** – (ဆရာဘက်သို့လှည့်၍) ဆရာကော ကျေးရွာကောင်စီလူကြီးတစ်ယောက်ယောက်နဲ့ သိသလား။

**ဆရာ** – အေးသိတယ်။ ဒို့ကျောင်းရဲ့ဂေါပကအဖွဲ့ဥက္ကဋ္ဌရဲ့အစ်ကိုဟာ ကျေးရွာကောင်စီလူကြီးတစ်ယောက်ပေါ့။

**ကျောင်းသား(၁)** – ကျွန်တော်တို့အနေနဲ့ ကျောင်းဂေါပကဥက္ကဋ္ဌကို သူ့အစ်ကိုနှင့်တွေ့လို့ရမလားလို့မေးရင် ကောင်းမလား။

**ဆရာ** – မင်းတို့အစီအစဉ်ဆွဲပြီးမှ မေးရင်ကောင်းမယ်ထင်တယ်။ အခု ဘယ်မေးခွန်းတွေ မင်းတို့အဖြေရပြီလဲ။

**ကျောင်းသား(၂)** – ဟုတ်ကဲ့ ကျွန်တော်တို့ဘယ်သူ့ကို တွေ့ဆုံမေးမြန်းမယ်ဆိုတာ ဆုံးဖြတ်ပြီးပါပြီ။

**ကျောင်းသား(၁)** – ကျောင်းဂေါပကဥက္ကဋ္ဌက သူအစ်ကိုနဲ့ကျွန်တော်တို့ကို တွေ့ဖို့ကူညီရင် ဒုတိယမေးခွန်းလဲဖြေပြီးသားဖြစ်သွားပြီ။

**ဆရာ** – ဆရာလည်း ဒီလိုပဲထင်ပါတယ်။ တတိယမေးခွန်းကော လူတွေပေးတဲ့အဖြေတွေကို ဘယ်လိုမှတ်တမ်းတင်ကြမလဲ။ အချိန်နည်းနည်းယူပြီး အဲဒီအချက်ကို စဉ်းစားကြပါအုံး။

ဆရာက ကျောင်းသားအတွဲများကြားတွင် အချိန်အနည်းငယ်လှည့်ပတ်ကြည့်ရှုရာတွင် ကျောင်းသားအတော်များများက သူတို့လူတွေ့မေးမြန်းစဉ်တွင် သူတို့၏အဖြေများကို ဘယ်လိုမှတ်တမ်းတင်ရမည်မသိဘဲ အခက်အခဲတွေ့နေကြကြောင်းကို သတိပြုမိသည်။ ထို့ကြောင့် ဆရာက ဤသင်ခန်းစာခေါင်းစဉ်နှင့်ပတ်သက်၍ အချိန်မီသင်ကြားခြင်း(Just-in-time)နည်းဖြင့်သင်ခန်းစာတစ်ခုကိုသင်ရန်ဆုံးဖြတ်သည်။

**ဆရာ** – တပည့်တို့ မင်းတို့အထဲကအတော်များများဟာ လူတွေ့မေးမြန်းတဲ့မေးခွန်းများရဲ့အဖြေတွေကို ဘယ်လိုမှတ်တမ်းတင်ရမယ်ဆိုတာ ဆုံးဖြတ်ရခက်နေကြောင်းသတိပြုမိပါတယ်။ ဒါဟာ စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်။ မင်းတို့တွေ့ဆုံမေးမြန်းနေတဲ့ လူရဲ့စိတ်ဝင်စားမှုကို ထိန်းထားနိုင်ရမယ်။ မင်းတို့လိုချင်တဲ့သတင်းအချက်အလက်တွေကို ရဖို့စမယ့်မေးခွန်းတွေကိုမေးရမယ်။ ပြီးတော့ အဲဒီပုဂ္ဂိုလ်ဖြေကြားတဲ့အတိုင်း သစ္စာရှိရှိမှတ်တမ်းတင်ဖို့လိုမယ်။ ဒါဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ မင်းတို့ရရှိတဲ့ အခွင့်အရေးတစ်ခုကတော့ နှစ်ယောက်တစ်တွဲစီ လုပ်ဆောင်ရခြင်းဖြစ်တယ်။ တချို့လူတွေ့မေးမြန်းခန်းတွေမှာဆိုရင် တစ်ယောက်ကမေးခွန်းမေးပြီး ကျန်တစ်ယောက်ကမှတ်တမ်းရေးမှတ်နိုင်ပါတယ်။ တခြားတွေ့

ဆုံမေးမြန်းခန်းမှာ နေရာချင်းလဲပြီး တစ်ယောက်ကမေးခွန်းမေး ကျန်တစ်ယောက်ကမှတ်တမ်းရေးရင် နှစ်မျိုးစလုံး လေ့ကျင့်ခွင့်ရလာကြပါမယ်။ ကဲ ယခုမေးခွန်းရဲ့အဖြေတွေအပြင် တခြားဘယ်လိုသတင်းအချက်အလက်တွေကို ဆရာတို့ရရှိဖို့လိုအပ်မယ်လို့ထင်ကြသလဲ။

**ကျောင်းသား(၁)** – ဟုတ်ကဲ့ ကျွန်တော်တို့လူတွေ့မေးမြန်းပြီးနောက် အဲဒီ ဒို့တွေ့ဆုံမေးမြန်းခဲ့တဲ့လူဟာ ဘယ်သူလဲ ဆိုတာကို သိဖို့လိုမယ်။

**ဆရာ** – (ကျောင်းသားများဖြေဆိုကြစဉ် ဆရာကသူတို့၏ တုံ့ပြန်ချက်များကို သင်ပုန်းကြီးပေါ်ရေးချပါ ) ကောင်းတယ်။ နောက်ထပ်ဘာများရှိအုံးမလဲ။

**ကျောင်းသား(၂)** – ဘယ်သူကတွေ့ဆုံမေးမြန်းမှုပြုပြီး ဘယ်သူကအဖြေများကိုမှတ်တမ်းရေးတယ်ဆိုတာလဲ သိဖို့ လိုမယ်။

**ဆရာ** – ဘာ့ကြောင့် ဒီလိုလုပ်ဖို့အရေးကြီးတယ်လို့ထင်သလဲ။

**ကျောင်းသား(၂)** – ကျွန်တော်တို့တစ်လှည့်စီမေးကြ၊ မှတ်စုရေးကြ၊ လုပ်ရင်ဘယ်သူကဘာလုပ်တယ်ဆိုတာ မှတ်တမ်းတင်ထားဖို့လိုမယ်။

**ဆရာ** – မင်းပြောတာ အချက်ကျတယ်လို့ထင်ပါတယ်။ ကဲ ယခုတွေ့ဆုံမေးမြန်းခံရသူနဲ့ တွေ့ဆုံမေးမြန်းမှုပြုသူရဲ့ နာမည်တွေကိုသိဖို့လိုပြီး လူတွေ့မေးမြန်းမှုပြုစဉ် တခြားဘာလိုအပ်အုံးမလဲ။

**ကျောင်းသား(၄)** – တွေ့ဆုံမေးမြန်းတဲ့ ရက်စွဲလိုမယ်ထင်တယ်။

**ဆရာ** – ဟုတ်တယ် ရက်စွဲနှင့်အချိန်ကိုလည်း ရေးမှတ်ရင်ကောင်းမယ်ထင်တယ်။ ဒီလိုလုပ်ရင်ကောင်းကောင်း မှတ်တမ်းပြုတာပေါ့။ ဒီလိုပုံစံနှင့် သုတေသနပြုတဲ့လူတချို့ဟာ လူတွေ့မေးမြန်တဲ့အချိန်လည်း အရေးကြီးတယ်လို့မှတ် ယူကြတယ်။ တခြားကော။

ကျောင်းသားများတိတ်ဆိတ်နေကြသည်။ သူတို့အချင်းချင်းကြည့်ပြီး ဆရာကိုကြည့်နေကြသည်။ အကြံအိုက် နေကြပုံပေါ်သည်။

**ဆရာ** – ကောင်းပြီ မင်းတို့အသေးစိပ် စဉ်းစားနေကြတယ်ထင်တယ် လူတစ်ယောက်ယောက်ကို မေးခွန်းတစ်ခုမေးရင် အရေးကြီးဆုံးဘာကို မှတ်တမ်းတင်သလဲ။

**ကျောင်းသား(၅)** – အော် ဟုတ်ပြီ၊ အဖြေကိုမှတ်တမ်းတင်ရမယ်။

**ဆရာ** – ဟုတ်တယ်။ ဒါကြောင့် မင်းတို့အဲဒီမှာရောက်နေကြတာဖြစ်တယ်။ ဒါဆို ဒို့ဘယ်လိုအဲဒီဟာကိုရအောင် လုပ်ကြမလဲ။ သုတေသနစီမံကိန်းကြီးတွေမှာ သတင်းဇစ်မြစ်တွေ အများကြီးလည်းရှိမယ်။ အသံဖမ်းစက်နဲ့ ဗွီဒီယို ရိုက်စက်တွေရှိမယ်။ ဒါပေမယ့် တို့ကျေးရွာလေးမှာ ဒါတွေတစ်ခုမှမရှိဘူး။ ဒါကြောင့် ဖြေကြားသူပြောတာတွေကို ဒို့ဘယ်လို မှတ်တမ်းတင်ကြမလဲ။

**ကျောင်းသား(၃)** – ဆရာပြောတုန်းက ကျောင်းသားထဲကတစ်ယောက်ဟာ မေးခွန်းမေးပြီး ကျန်တစ်ယောက်အနေနဲ့ အဖြေတွေကို ရေးမှတ်မယ်လို့ဆိုပါတယ်။ ကျွန်တော်တို့က အဲဒီလိုလုပ်ရမှာမဟုတ်ဘူးလား။ မှတ်စုရေးတဲ့အလုပ်လေ။

**ဆရာ** – ဟုတ်တယ်။ ဆိုလိုတာ အဲဒီအကြံဉာဏ်ပါပဲ။ ကဲ ယခုလူတွေ့မေးမြန်းခံရသူရဲ့အမည် လူတွေ့မေးမြန်းခြင်း ပြုသူရဲ့အမည် လူတွေ့မေးမြန်းတဲ့နေ့၊ ရက်စွဲနှင့် အချိန် စတဲ့ရရှိထားပြီးသတင်းအချက်အလက်တွေကို ဘယ်လိုမှတ်တမ်း ရေးမလဲ။

**ကျောင်းသား(၆)** – နေ့စဉ်မှတ်တမ်းမှာပဲရေးချကြမယ်။

**ဆရာ** – ဟုတ်ပါပြီ။ ဒါပေမယ့် ဒါတွေအားလုံးကို လုပ်ဖို့ဘယ်လိုမှတ်မိနိုင်မလဲ။

**ကျောင်းသား(၆)** – ကျွန်တော်တို့ ဒီအတိုင်းပဲမှတ်မိကြမှာပေါ့။

**ဆရာ** – မင်းတို့ရဲ့ မိဘများဟာ အစားအသောက်ဆိုင်တွေမှာ ဝယ်စရာကိုမှတ်မိအောင် ဘယ်လိုလုပ်ကြသလဲ။

**ကျောင်းသား(၇)** – သူတို့ စာရင်းလုပ်ကြပါတယ်။

**ဆရာ** – ဟုတ်ပြီ။ ဘာကြောင့်သူတို့ဒီလိုစာရင်း ရေးကြသလဲ။

**ကျောင်းသား(၇)** – သူတို့မမေ့အောင်လို့ပါ။

**ဆရာ** – ဟုတ်တယ်။ ဒို့ကမှတ်မိဖို့လိုတဲ့ပစ္စည်းစာရင်းကို ပြုစုရမယ်။ တစ်ခါတစ်လေ ဒီလိုလုပ်ပြီးစာရင်းရေးတတ်တဲ့ လူတွေကို ပစ္စည်းအမည်အားလုံးရေးချနိုင်တဲ့ဇယားကွက်တစ်ချို့ကို အသုံးပြုကြတယ်။ သင်ပုန်းကြီးပေါ်မှာစာရင်းပုံစံ တစ်ခုရေးဆွဲကြည့်ကြစို့။

ဆရာက သင်ပုန်းကြီးပေါ်တွင် ဇယားပုံစံမျဉ်းများရေးဆွဲစေ။

| လူတွေ့မေးမြန်းခံရသူ၏အမည် | လူတွေ့မေးမြန်းမှုပြုသူ၏အမည် | လူတွေ့မေးမြန်းသည့်ရက်စွဲနှင့်အချိန် |
|---|---|---|
| | | |

**မေးခွန်း – ( ဤနေရာတွင်မေးခွန်းကို ရေးချပါ )**

**လူတွေ့မေးမြန်းခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်ဘယ်လိုခံစားရသလဲ။**

**ဆရာ** – ဒို့မဆွေးနွေးရသေးတဲ့ ဘယ်အရာကို ဒို့ဇယားပေါ်မှာတွေ့ရသလဲ။

**ကျောင်းသား(၇)** – လူတွေ့မေးမြန်းခြင်းနှင့်ပတ်သက်လို့ ဘယ်လိုခံစားကြရသလဲဆိုတဲ့ မေးခွန်းကိုဆရာရေးချထား ပါတယ်။

**ဆရာ** – မှန်ပါတယ်။ တခါတလေ သုတေသီများက ဒီအလုပ်ကိုလုပ်တဲ့အခါမှာ လူတွေ့မေးမြန်းတဲ့အခါ သူတို့ဘယ်လို ခံစားခဲ့ရတယ်ဆိုတာ မှတ်တမ်းရေးချင်ကြတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် သူတို့နောက်တစ်ကြိမ် သုတေသနပြုရင် ဘယ်လို ထူးခြားကောင်းမွန်အောင် လုပ်ရမယ်ဆိုတာသိရတယ်။ ဒါမှမဟုတ် လူတွေ့မေးမြန်းချက်က သိပ်ပြီးကောင်းနေရင် နောက်တစ်ကြိမ် ဒီအတိုင်းလုပ်ချင်ရင်လုပ်နိုင်ဖို့ အထောက်အကူရတယ်။ ဒီအပိုင်းဟာ သတင်းအချက်အလက် ရှာဖွေ ခြင်းရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တယ်။ ဒါကြောင့် မင်းတို့ဟာလူတွေ့မေးမြန်းခြင်း ပြုလုပ်ပြီးတဲ့နောက် နည်းနည်း

အချိန်ယူပြီး ဒီအချက်ကိုအမြန်ရေးချရမယ်။ အဖော်နှင့်ပြန်ဆွေးနွေးနိုင်တယ် ပြီးတော့ အသေးစိတ်ပြန်ရေးနိုင်တယ်။ ဒါမှမဟုတ် နှစ်မျိုးစလုံးကို တပြိုင်နက်ထဲလုပ်နိုင်တယ်။

ဒီတော့ အခုဆရာတို့ဆီမှာ လူတွေ့မေးမြန်းတဲ့အခါသုံးဖို့ ဇယားပုံစံစာရွက်ရထားပြီ။ ဒီလိုနည်းနှင့် သုတေသီတွေဟာ လူတွေ့မေးမြန်းတဲ့အခါတွေမှာမှတ်တမ်းရေးပြီး မေးမြန်းလို့ရရှိတဲ့သတင်းအချက်အလက်တွေကို စုစည်းကြပါတယ်။ ဒီလိုမှတ်တမ်းရေးခြင်းရဲ့ တခြားအရေးကြီးတဲ့ကောင်းချက်တစ်ခုကတော့ မှတ်တမ်းရေးသူရေးမှတ်ထားတဲ့ အချက်အလက်တွေကို တွေ့ဆုံမေးမြန်းသူကဖတ်ရှုခွင့်ရပြီး၊ မေးမြန်းချက်နဲ့ပတ်သက်လို့ နောက်ထပ်စိတ်ကူးအသစ်တွေကို ထပ်ရေးဖြည့်နိုင်ခြင်းပဲဖြစ်ပါတယ်။ ပြီးတော့ တွေ့ဆုံမေးမြန်းခံရသူက အရေးကြီးတဲ့အချက်အလက်ကို ပြောနေစဉ် မှတ်တမ်းရေးသူက လိုက်ရေးမှတ်တာကို မေးမြန်းသူကမေးမြန်းခြင်းပြီးဆုံးသည့်နောက် ထပ်ဖြည့်ရေးနိုင်တယ်။ ထပ်ရေးဖြည့်သောအချက်ကို မှတ်ချက်ရေးပြီး ဘယ်သူကထပ်ဖြည့်ကြောင်း မှတ်တမ်းတင်ဖို့ မမေ့ပါနှင့်။ ကဲ ယခုဆရာတို့ရဲ့စာရင်းထဲက နောက်ဆုံးမေးခွန်းဟာဘာလဲ။

**ကျောင်းသား(၈)** – ကျွန်တော်တို့သွားတွေ့ဆုံမေးမြန်းတဲ့လူတွေကို ယဉ်ကျေးစွာဆက်ဆံပြီး ရိုသေလေးစားမှုဘယ်လိုပြရမလဲ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

**ဆရာ** – ဟုတ်တယ်။ ဘာဖြစ်လို့အဲဒါ အရေးကြီးသလဲ။

**ကျောင်းသား(၆)** – ဟုတ်ကဲ့ ကျွန်တော်တို့ ယဉ်ကျေးသိမ်မွေ့ဖို့လိုပါတယ်။ ဒါမှ သူတို့ကကျွန်တော်တို့ ပညာကောင်းကောင်းဆည်းပူးထားကြတယ်လို့ယူဆမယ်။

**ကျောင်းသား(၉)** – ဟုတ်ကဲ့ ကျွန်တော်တို့ဟာ လူတိုင်းအပေါ်မှာကောင်းရမယ်လို့ ကျွန်တော်တို့အဖေက ပြောထားပါတယ်။

**ဆရာ** – ဒီအဖြေနှစ်ခုစလုံးဟာ အင်မတန်ကောင်းတဲ့အဖြေတွေဖြစ်တယ်။ မင်းတို့ဟာ အတန်းရဲ့စီမံချက်ကိုလုပ်တဲ့အခါ ဒို့အတန်းနဲ့ဒို့ကျောင်းကို ကိုယ်စားပြုနေကြတယ်။ ဒါကြောင့် ကိုယ်စားလှယ်ကောင်းတွေဖြစ်စေချင်တယ်။ ဒါပေမယ့် သတိထားရမှာက လူတိုင်းကို ကောင်းကောင်းမွန်မွန်ဆက်ဆံသင့်တယ်။ ဒါဆိုရင် အကြောင်းအရင်းနှစ်ချက်စလုံးနဲ့ ကိုက်ညီပါတယ်။

ဒါဆိုရင် ယဉ်ကျေးပြီး ရိုသေလေးစားမှုကို ဘယ်လိုလုပ်ပြကြမလဲ။

**ကျောင်းသား(၃)** – ကျွန်တော်တို့ကို ကူညီတဲ့အတွက် သူတို့ကို ကျွန်တော်တို့ ကျေးဇူးတင်သင့်ပါတယ်။

**ကျောင်းသား(၇)** – လူကြီးတွေကို ဆက်ဆံတဲ့အခါ၊ 'ဦး'၊ 'ဒေါ် '၊ 'ဥက္ကဋ္ဌကြီး' စတဲ့သူတို့ရဲ့ဂုဏ်ပုဒ်တွေနဲ့ခေါ်သင့်တယ်လို့ထင်ပါတယ်။

**ကျောင်းသား(၅)** – သူတို့ကို မေးခွန်းတွေမေးရုံမကပဲ ကျွန်တော်တို့ဘာလုပ်နေတယ်ဆိုတာ အသိပေးသင့်တယ်။

**ဆရာ** – ဒါတွေဟာ ယဉ်ကျေးသိမ်မွေ့မှုနဲ့ ရိုသေလေးစားမှုကိုပြဖို့ကောင်းတဲ့ နည်းတွေဖြစ်ပါတယ်။ မင်းတို့ပြောသွားတဲ့အထဲမှာ အချက်တစ်ချက်က လူတွေကိုဒို့လုပ်နေတဲ့အကြောင်းအရာပြောပြပြီး ဘာကြောင့်မေးခွန်းတွေမေးနေတယ်ဆိုတာ အသိပေးဖို့ပါတယ်။ ဒို့ဘာကြောင့် ဒီလိုလူတွေ့မေးမြန်းနေတယ်ဆိုတာကို မေးမြန်းခံရသူတွေသိအောင် ဘယ်လိုစကားမျိုးနဲ့ အသိပေးပြောပြသင့်တယ်ဆိုတာ ဘယ်သူပြောနိုင်မလဲ။

**ကျောင်းသား(၃)** – NGO အဖွဲ့ကဆောက်လုပ်ပေးမယ့်ပန်းခြံနဲ့ ပတ်သက်လို့ ကျွန်တော်တို့အတန်းရဲ့စီမံကိန်းအတွက် လူတွေ့မေးမြန်းတာပါလို့ ပြောပြနိုင်ပါတယ်။

**ဆရာ** – ဟုတ်တယ် ဒါဟာသူတို့ကိုအသိပေးဖို့ နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ မင်းတို့သွားပြီး တွေ့ဆုံမေးမြန်းမယ့်လူတွေကိုထုတ်ပေးဖို့ မင်းတို့တစ်ဦးစီအတွက် ကျောင်းတံဆိပ်ပါတဲ့စာရွက်မှာ ဆရာကမိတ်ဆက်ပေးတဲ့ ထောက်ခံစာတစ်စောင်စီရေးပေးမယ်။ ဒါမှတရားဝင်ဖြစ်တယ်ဆိုတာ သူတို့ကိုသက်သေပြလိမ့်မယ်။ မင်းတို့တတွေဟာ ကျောင်းရဲ့အပြင်ဘက်မှာ လူတွေ့မေးမြန်းခြင်းပြုလုပ်ကြရမှာဖြစ်တဲ့အတွက် မင်းတို့လုပ်နေတာတွေကို မင်းတို့မိဘတွေသိပြီး ထောက်ခံခွင့်ပြုအားပေးနိုင်အောင် မင်းတို့အိမ်ကိုလည်း အကြောင်းကြားစာလည်းရေးပို့ပေးပါ့မယ်။

ဒီတော့ ဒို့ဘယ်သူကိုသွားတွေ့ပြီး မေးမြန်းမယ်ဆိုတာရယ်၊ သူတို့ကိုဘယ်လိုဆက်သွယ်မယ်ဆိုတာရယ်၊ သတင်းအချက်အလက်တွေကို ဘယ်လိုစုဆောင်းမှတ်တမ်းရေးပြီး ယဉ်ကျေးစွာဆက်ဆံဖို့နဲ့ ရိုသေလေးစားခြင်းပြဖို့ နည်းလမ်းတွေရယ် သိပြီးပြီ။ ဒီတော့ နောက်တစ်ဆင့်ဘာတွေဆက်လုပ်ကြမလဲ။

**ကျောင်းသား(၄)** – လူတွေ့မေးမြန်းဖို့ ကျွန်တော်တို့အဆင်သင့်ဖြစ်ကြပြီလား။

**ကျောင်းသား(၅)** – အဆင်သင့်ဖြစ်ပြီလို့ထင်တယ်။ ကျွန်တော်တော့ အဆင်သင့်ဖြစ်ပြီ။

**ဆရာ** – ဒို့အတော်နီးစပ်နေပြီ။ မနက်ဖြန် လူမှုရေးဘာသာရပ်အချိန်မှာ မင်းတို့အချင်းချင်းလေ့ကျင့်ကြမယ်။ မေးခွန်းမေးဖို့နဲ့ မှတ်တမ်းတင်တာကို လေ့ကျင့်ဖို့အခွင့်အရေးရရှိကြမယ်။ အခုဒို့လုပ်နေတာကို မင်းတို့ရဲ့မိဘများ သိအောင် အကြောင်းကြားစာတွေကို အခုဝေပေးပါတော့မယ်။ သူတို့သဘောတူရင် မနက်ဖြန်ဒီစာတွေကို ပြန်ယူလာကြပါ။ သူတို့ မေးစရာမေးခွန်းတွေရှိရင် ဆရာ့ကိုလွတ်လပ်စွာမေးနိုင်ပါတယ်။

နောက်တစ်နေ့ လူမှုရေးဘာသာရပ်သင်ကြားချိန်တွင် ဆရာကယခင်နေ့ကရေးဆွဲခဲ့သော ဇယားပုံစံစာရွက်များကို ကျောင်းသားများအားဝေငှပေးပါမည်။

**ဆရာ** – ဒီကနေ့ ဒို့လူတွေ့မေးမြန်းခြင်းကို လေ့ကျင့်ကြမယ်။ အတွဲတိုင်း ကိုယ့်ဘေးကအတွဲဘက်ကိုလှည့်ပါ။ မင်းတို့အတွဲတွေထဲက တစ်ယောက်ယောက်ဟာ လူတွေ့မေးမြန်းသူလုပ်ပြီး ကျန်တစ်ယောက်ဟာမှတ်တမ်းရေး သူလုပ်ရမယ်။ အတွဲတိုင်းက တခြားအတွဲကိုစာရင်းထဲကမေးခွန်းတစ်ခုကို မေးမြန်းဖို့လုပ်ကြပါ။

ဆရာကအတန်းထဲ လှည့်ပတ်သွားလာပြီး ကျောင်းသားများ လူတွေ့မေးမြန်းခြင်းကိုလေ့ကျင့်နေစဉ် လိုက်ကြည့်ပါ။

**ဆရာ** – ကဲ အခုမင်းတို့မေးခွန်းတွေကို မေးမြန်းလို့ပြီးကြပြီထင်တယ်။ မင်းတို့လုပ်တဲ့လူတွေ့မေးမြန်းခြင်း ဘယ်လိုနေတယ်ဆိုတာကို ကြားချင်တယ်။ ပထမဆုံးမှတ်တမ်းရေးသူများထံက နားထောင်ကြည့်ကြစို့။ မင်းတို့အပိုင်းက ဘယ်လိုပါဝင်ခဲ့သလဲ။ ဘယ်လိုအဖြေမျိုးတွေကို ရရှိခဲ့ကြသလဲ။ ပြီးတော့ ဘယ်လိုပြဿနာတွေကြုံရသလဲ။

**ကျောင်းသား(၃)** – ကျွန်တော့်သူငယ်ချင်းပြောသလောက် မြန်မြန်လိုက်မရေးနိုင်ဘူး။ ပြီးတော့လဲ စလုံးပေါင်းမှန်မှန် ရေးနိုင်သလား မပြောတတ်ဘူး။

**ဆရာ** – တခြားကျောင်းသားတွေကော ဒီလိုအခက်အခဲမျိုးကြုံရသလား။

**ကျောင်းသားများ** – (အတော်များများက တစ်ချိန်ထဲပြိုင်တူပြောကြသည်) ဟုတ်တယ် သိပ်မြန်လွန်းပါတယ်။ ကျွန်တော် စကားလုံးအားလုံးလိုက်မရေးနိုင်ဘူး။

**ဆရာ** – ကောင်းပြီ။ မှတ်တမ်းရေးတဲ့လူတွေ မင်းတို့တစ်ခုခုမကြားလိုက်ရင် ကျေးဇူးပြု၍တဆိတ်လောက် ပြောတာ မကြားလိုက်လို့ အဲဒါအရေးကြီးတယ်ထင်တယ် ပြန်ပြောပါအုံးလို့ပြောနိုင်တယ်။ ဒီနည်းဟာ လိုချင်တဲ့သတင်းကို ယဉ်ကျေးစွာရယူနိုင်တဲ့နည်းဖြစ်ပြီး တွေ့ဆုံမေးမြန်းနေတဲ့သူပြောတဲ့အရာတွေကို ဂရုစိုက်ကြောင်းပြသနိုင်တဲ့အကောင်း ဆုံးနည်းလမ်းဖြစ်ပါတယ်။ ပြီးတော့ ဒီစာလုံးပေါင်းမှန်ဖို့က သိပ်မစိုးရိမ်ကြပါနဲ့။ စာလုံးပေါင်းမှန်ဖို့ အဓိကမဟုတ်ဘဲ သတင်းအချက်အလက်တွေ တိတိကျကျရရှိဖို့အရေးကြီးကြောင်း သတိပြုကြပါ။ အခုစာသင်ခန်း အပြင်ဘက်မှာရှိတဲ့ လူတွေနဲ့ လက်တွေ့လုပ်မယ်ဆိုရင်မလား။

ကျောင်းသားများအားလုံး အဆင်သင့်ဖြစ်ကြောင်းသဘောတူကြသည်။

**ဆရာ** – ဟောဒီမှာ မင်းတို့အတွက်မိတ်ဆက်စာ လူထုအပန်းဖြေရိပ်သာရဲ့နေရာနှင့်ပတ်သက်တဲ့မေးခွန်းကို တာဝန် ကျတဲ့အဖွဲ့က ဒီနေ့ကျောင်းဆင်းရင် ကျေးရွာကောင်စီဝင်လူကြီးကို ရွာလယ်နားကလက်ဖက်ရည်ဆိုင်မှာတွေ့ဆုံ မေးမြန်းရမယ်ဆိုတာ မမေ့ကြပါနဲ့။ မင်းတို့လုပ်ရမယ့်တာဝန်ကို ကျောင်းခန်းအပြင်ဘက်မှာ ရက်ပေါင်းအတော်များများ လုပ်ရမယ်ဆိုတာ ဆရာနားလည်ပါတယ်။ ဒါကြောင့် နောက်တစ်ရက်နှစ်ရက်အတွင်းမေးစရာရှိရင် ဒါမှမဟုတ် ပြဿနာ ကြုံတွေ့ရလျှင် အကူအညီလှမ်းတောင်းကြပါ။ မေးစရာအကူအညီတောင်းစရာမရှိလျှင် ဒို့ရဲ့ပုံမှန်သင်ခန်းစာကို ဆက် လုပ်သွားကြမယ်။ သောကြာနေ့ကျရင် ဒို့ရဲ့လူတွေ့မေးမြန်းမှုကိုအခြေခံပြီး အစီရင်ခံစာရေးဖို့အတွက် ဆွေးနွေးကြမယ်။

**ဤတွင်သင်ခန်းစာပြီး၏။**

## သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့်စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသားတစ်ဦး အဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူရပါ လိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလိုခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား။ (သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသ လား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ –** သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ် တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင်ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင်ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏ အဆင့် များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**သတင်းအချက်အလက်ရှာဖွေနည်းလုပ်ငန်းစဉ် (I-Search Procedure)** – ပုံစံတကျမဟုတ်သောချဉ်းကပ်မှု ဆန်ဆန်သုတေသနစာတမ်းရေးနည်းတစ်ခုတွင် ကျောင်းသားများအား သူတို့၏ခေါင်းစဉ်များကို ရှာဖွေဖော်ထုတ်ရာ တွင်လည်ကောင်း၊ အခြားဆက်နွယ်နေသည့် အကြောင်းအရာများကို ဖော်ထုတ်ရာတွင်လည်းကောင်း၊ သုတေသန

ပြုလုပ်သည့်လုပ်ငန်းအဆင့်ဆင့်ကို နောက်ပိုင်းတွင်ပြန်လည်သုံးသပ်ရာတွင်လည်းကောင်း မိမိကိုယ်ကို ပထမပုဂ္ဂိုလ် (first person) အဖြစ်ထားပြီးရေးရမည်။

**သုတေသနအစီအစဉ်**(Research Plan) – ကျောင်းသားများ၏ သုတေသနလုပ်ငန်းအစီအစဉ်ကို ဇယားဖြင့်ရေးဆွဲဖော်ပြခြင်း။ ကျောင်းသားများက သုတေသနမေးခွန်းများအတွက် အဖြေရရှိနိုင်မည့်လူပုဂ္ဂိုလ်များနှင့် အရာဝတ္ထုများ (Sources)ကို စာရင်းပြုစုရမည်။


## နည်းလမ်းများ




### သတင်းအချက်အလက်ရှာဖွေနည်းလုပ်ငန်းစဉ်



**ကျိုးကြောင်းဆင်ခြင်မှု** – သတင်းအချက်အလက်ရှာဖွေနည်းသည် သုတေသနလုပ်ငန်းကို ကျောင်းသားများကိုယ်တိုင် ပါဝင်လုပ်ဆောင်ရန် အကောင်းဆုံးနည်းဖြစ်သည်။ သတင်းအချက်အလက်ရှာဖွေနည်းသည် ကျောင်းသားများအား ကျောင်းသင်ရိုးညွှန်းတမ်းကို ဆီလျော်မှုရှိစေရန် သတင်းအချက်အလက်များရှာဖွေစုဆောင်းရာတွင် ကျောင်းသားများကိုအကူအညီပေးသည်။ (သို့မဟုတ်) သင်ရိုးညွှန်းတမ်းကို ကျောင်းသားများကိုယ်တိုင် ရေးဆွဲရန်အတွက်လည်း အထောက်အကူပြုသည်။




**အဖွဲ့အရွယ်အစား** – သတင်းအချက်အလက်ရှာဖွေနည်းကို တစ်တန်းလုံးနှင့်လုပ်ရသည်။



**လိုအပ်သောပစ္စည်းများ** – သတင်းအချက်အလက်ရှာဖွေနည်းသည် မည့်သည့်ပစ္စည်းမျှ ထူးထူးထွေထွေမလိုအပ်ပါ။



**လိုအပ်သောအချိန်** – ရက်ပေါင်းအနည်းငယ်မှ ရက်သတ္တပါတ်ပေါင်း အတော်များများအချိန်ယူရလိမ့်မည်။



### လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** –ကျောင်းသားများက ခေါင်းစဉ်တစ်ခုနှင့်ပတ်သက်၍ မေးခွန်းများထုတ်ကြရမည်။ သူတို့သည် ထိုခေါင်းစဉ်တွင် အချိန်ပေးစဉ်းစားပြီးသောအခါ သူတို့၏အသိပညာနှင့် စူးစမ်းသိလိုမှုကိုဖော်ထုတ်ခိုင်းပြီး သုတေသနပြုရန်သင့်လျော်သည့်မေးခွန်းတစ်ပုဒ်ကို ဝိုင်းရှာဖွေရန်ဆရာကအကူအညီပေးပါ။ ဤနေရာတွင် ခေါင်းစဉ်နှင့် မေးခွန်းကိုကွဲကွဲပြားပြားခွဲခြားတတ်ရန်သတိပြုပါ။ ခေါင်းစဉ်ဟူသည်မှာ ကျောင်းတွင်သင့်အားတာဝန်ပေးထားသောကြောင့် သင်ရှာဖွေရမည့်အရာဖြစ်သည်။ မေးခွန်းဟူသည်ကား သင်အမှန်တကယ်သိလိုသောကြောင့် မေးမြန်းခြင်းဖြစ်၏။ ဥပမာ – ကျား၊ မ လိင်အုပ်စုနှင့်ပညာရေး (Gender and Education)သည် ခေါင်းစဉ်တစ်ခုဖြစ်ပြီး၊ "ဤကျောင်းမှ မိန်းမလေးများက တရားမျှတစွာဆက်ဆံခြင်းကိုခံရသည်ဟု ခံစားကြသလား" သည် မေးခွန်းတစ်ခုဖြစ်၏။

**အဆင့်(၂)** – ကျောင်းသားများ သုတေသနအစီအစဉ်တစ်ခုကို ပြုစုရပါမည်။ ဤအစီအစဉ်တွင် သတင်းရနိုင်မည့်နေရာအမျိုးမျိုးထည့်သွင်းပါဝင်ရမည်။ စာအုပ်စာတမ်းနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များသာမက လူတွေ့မေးမြန်းခန်းများ၊ ကွင်းဆင်းလေ့လာချက်များနှင့် အင်တာနက်တွင်ရှာဖွေတွေ့ရှိမှုများ ပါဝင်စေရမည်။ ကျောင်းသားများက စုံစမ်းမေးမြန်းရေးစာရွက်ချုပ်ကိုပြုစုလျှင် အထက်ပါအစီအစဉ်များသည် စူးစမ်းရှာဖွေရန် အထောက်အကူပြုလိမ့်မည်။

အဓိကမေးခွန်း

## ဤကျောင်းမှမိန်းကလေးများက တရားမျှတစွာဆက်ဆံခံရသည်ဟု ခံစားကြသလား။

| | ရွေးချယ်ထားသည့် မိန်းကလေးများ ပြောသည့်စကား | ရွေးချယ်ထားသည့် ယောကျာ်းလေးများ ပြောသည့်စကား | ကျောင်းအုပ်ချုပ်ရေး တာဝန်ခံ၏စကား | ရွေးချယ်ထားသည့် ဆရာများပြောသည့် စကား | ရွေးချယ်ထားသည့် မိဘများပြောသည့် စကား |
|---|---|---|---|---|---|
| အတန်းထဲမှမိန်းကလေး များကိုမကြာခဏခေါ်ခြင်း ခံရသလား။ | | | | | |
| မိန်းကလေးများကသင်္ချာ ဘာသာရပ်၊ သိပ္ပံဘာသာ ရပ်နှင့် ဘာသာစကားဘာ သာရပ်များတွင် ယောကျ်ား လေးများနှင့်တန်းတူ တော်ကြသလား။ | | | | | |
| မိန်းကလေးများသည် ယောကျ်ားကလေးများ နည်းတူအားကစားလုပ် ခွင့်ရှိကြသလား။ | | | | | |
| မိန်းကလေးများက အိမ်သာအသုံးပြုရာတွင် လုံခြုံမှုခံစားရသလား။ | | | | | |
| မိန်းကလေးများက ကျောင်း သွားကျောင်းပြန်လုံခြုံမှုခံ စားရသလား။ | | | | | |

**အဆင့်(၃)** – ကျောင်းသားများ သတင်းအချက်အလက်များကို စုဆောင်းပြီးမှတ်တမ်းရေးမှတ်ကြမည်။ ကျောင်းသားများ သုတေသနပြုလုပ်စဉ်တလျှောက်လုံးအတွင်း ညွှန်ကြားချက်များပေးရမည်။ ဤညွှန်ကြားချက်များသည် သတင်းအချက်အလက်ရနိုင်သည့်နေရာများ အပေါ်မူတည်၍လုပ်ရမည်။ သူတို့၏ခေါင်းစဉ်အတွက် လေ့လာမှုပြုရာတွင် လူတွေ့မေးမြန်းခြင်းကို အဓိကပြုလုပ်ကြလျှင် လူတွေ့မေးမြန်းရန်အတွက် အစီအစဉ်များလိုအပ်လိမ့်မည်။

သူတို့သည် မေးခွန်းကောင်းကောင်းဘယ်လိုမေးရမည်၊ တွေ့ဆုံမေးမြန်းသူများကို ရှိသေလေးစားစွာ ဘယ်လိုဆက်ဆံရမည်၊ သူတို့ရရှိလာမည့် သတင်းအချက်အလက် မြောက်များစွာကို ဘယ်လိုအကျဉ်းချုံးရမည် စသဖြင့် သိထားရန်လိုလိမ့်မည်။ သူတို့သည် အင်တာနက်ကိုအသုံးပြုလျှင် ယုံကြည်လောက်သည့်သတင်းနှင့် မယုံကြည်ထိုက်သော သတင်းကိုဘယ်လိုခွဲခြားမည် စသဖြင့်သိရန်လိုသည်။ (သို့မဟုတ်) ဆရာကအဖိုးတန်ပြီး တာဝန်ခံနိုင်သည့် သတင်းဇစ်မြစ်အချို့ကို အကြံပြုရန်လိုအပ်လိမ့်မည်။

အကယ်၍ ကျောင်းသားများက စာကြည့်တိုက်ကိုအသုံးပြုနေကြလျှင် သတင်းအချက်အလက်ကိုဘယ်မှာရှာဖွေရမည်ဟု သိရန်လိုပါမည်။ အကယ်၍ လိုအပ်လျှင်မှတ်စုရေးနည်းကိုလည်း သင်ကြားပေးရမည်။ ကျောင်းသားများသုတေသနအစီရင်ခံစာမရေးမီ ရရှိသည့်သတင်းအချက်အလက်များကို လွယ်ကူစွာရှုမြင်နိုင်ရန်အတွက် ဇယားများဖြင့်ဖော်ပြနည်း(အထက်ဖော်ပြပါ စုံစမ်းမေးမြန်းရေးစာရွက်ကိုကြည့်ပါ) ကိုလည်းသင်ပေးရမည်။ တကယ့်လက်တွေ့မေးမြန်းချက်မှရသော သတင်းအချက်အလက်များ၊ မဂ္ဂဇင်းစာစောင်များမှရသည့်အချက်များ၊ စာအုပ်စာတမ်းများနှင့် အင်တာနက်မှရရှိသည့် သတင်းအချက်အလက်များကို မှန်ကန်စွာကိုးကားပြတတ်ရန်လည်း သင်ပေးရမည်။

**အဆင့်(၄)** – ကျောင်းသားများကသူတို့၏ စာတမ်းကိုရေးသားပြုစုကြပါမည်။ သူတို့၏စာတမ်းကို အောက်တွင်ဖော်ပြပေးထားသည့် ပုံစံအတိုင်းရေးသားရမည်။

**အဆင့်(၅)** – ကျောင်းသားများက သူတို့၏စာတမ်းများကိုတင်ပြကြမည်။ ကျောင်းသားများအနေဖြင့် သူတို့ရေးသားထားသောစာတမ်းကို ဆရာထံတင်ပြပြီး နှုတ်ဖြင့်လည်းရှင်းပြကြပါမည်။ (သို့မဟုတ်) အတန်းတစ်တန်းလုံးအတွက် နံရံကပ်သင်ပုန်းပေါ်တွင် ကပ်ထားကြမည်။

**အဆင့်(၆)** – စာတမ်းကို အကဲဖြတ်သုံးသပ်ရမည်။ စာတမ်းကိုအကဲဖြတ်သုံးသပ်ရာတွင် လုပ်ငန်းစဉ်နှင့်စာတမ်းပုံစံ အမျိုးအစားပေါ်မူတည်ပြီး ရှေ့ဆက်ဖြစ်မည့်အချက်နှင့် ဆက်နွယ်မှုဖော်ပြချက် စသည့်သတ်မှတ်ထားသော စံထား ချက်များလိုက်နာစေရမည်။ စာတမ်းကိုအကဲဖြတ်ရန်နည်းကောင်းတစ်ခုမှာ ဆရာအနေနှင့် လမ်းညွှန်ချက်ဇယားတစ်ခု ပြင်ဆင်ပေးခြင်းဖြစ်သည်။ (နောက်ဆက်တွဲ(၁)တွင်ရှု) လမ်းညွှန်ချက်ဇယားဆိုသည်မှာ အဆင့်တိုင်းတွင်လုပ်ဆောင်မှု ကို ကောင်း၊ သင့်၊ ညံ့ ဟုဖော်ပြသည့်စံထားချက်များ သတ်မှတ်ပေးထားသောလမ်းညွှန်ချက်ဇယားဖြစ်သည်။ သတင်းအချက်အလက် ရှာဖွေမှုစာတမ်းအတွက် လမ်းညွှန်ချက်မှာ အောက်ပါဇယားကွက်မျိုးဖြစ်သည်။

| သတင်းအချက်ရှာဖွေသည့် စာတမ်းအတွက် စည်းမျဉ်းများ | လိုအပ်သေး ၁ | လုံလောက် ၂ | အဆင့်မြင့် ၃ |
|---|---|---|---|
| **သုတေသန အတွက်မေးခွန်း ကောင်းကိုရွေးချယ်၍ မေးခွန်းကိုကျဉ်းအောင် လုပ်ပြီးပြီလား။** | ခေါင်းစဉ်တစ်ခုရထားပြီ။ သို့ သော်လွယ်ကူစွာဖြေနိုင်မည့် မေးခွန်းမထုတ်ရသေး။ | ဖြေဆိုနိုင်သည့်မေးခွန်းမျိုး ဖြစ်သော်လည်း ထိုမေးခွန်း သည်စိတ်ဝင်စားဖွယ် သုတေသနစာတမ်းဖြစ်ရန် ဦးတည်မှုမပေး။ | အဖြေတစ်ခုကိုဖိတ်ခေါ်သည့် မေးခွန်းတစ်ခုပြုစုထားသည်။ အဖြေကိုကြားလိုသည့်စိတ်ဝင် စားဖွယ်ကောင်းသောစစ်မှန် သောမေးခွန်းဖြစ်သည်။ |
| **စနစ်တကျတည်ဆောက် ထားသည့်သုတေသန အစီအစဉ်တစ်ခုရေးဆွဲပြီးပြီ လား။** | အစီအစဉ်ကို ရှင်းရှင်းလင်း လင်းရေးဆွဲဖော်ပြခြင်းမရှိ။ | အစီအစဉ်ကို ရှင်းရှင်းဖော်ပြထားသော် လည်းစိတ်အားထက်သန်မှု ရှိသင့်သလောက်မရှိ။ | အစီအစဉ်သည်စိတ်အား ထက်သန်မှုရှိ၍ စိတ်ဝင်စားဖွယ် ကောင်းပြီး ရှင်းရှင်းလင်းလင်းရေး ဆွဲထားသည်။ |
| **ရှာဖွေတွေ့ရှိမှုဖြစ်စဉ် ကိုဖော်ပြပြီးပြီလား။** | ရှာဖွေတွေ့ရှိမှုအကြောင်းအ နည်းငယ်သာဖော်ပြသည်။ | လုပ်ဆောင်ချက်များကိုဖော်ပြ ထားသော်လည်း သင့်အတွက် ဘာအဓိပ္ပါယ်ရှိကြောင်းမဖော်ပြ။ သင်ဘာသင်ယူရရှိကြောင်း မရှင်းပြ။ | လုပ်သမျှဖော်ပြထား၍သင် ယူခဲ့သမျှရေးထားသည်။ |
| **သင်၏ရှာဖွေတွေ့ရှိမှုကို တင်ပြ၍ဆွေးနွေးခြင်း ပြုပြီးပြီလား။** | တွေ့ရှိချက်များကိုရှင်းရှင်း လင်းလင်းနှင့် ပြည့်စုံစွာမဖော်ပြ။ | တွေ့ရှိချက်အတော်များများ ကိုဖော်ပြသော်လည်းမပြည့် စုံစိတ်ဝင်စားဖွယ်မကောင်း။ | တွေ့ရှိချက်အားလုံးကိုပြည့်စုံ စွာဖော်ပြ၍စိတ်ဝင်စားဖွယ် ကောင်းသည်။ |
| **လေ့လာစူးစမ်းမှုနှင့်သုတေသ နပြုချက်မှသင်ယူရရှိသည့်အ ချက်များကိုဖော်ပြ ပြီးပြီလား။** | ဤအပိုင်းကိုအကြမ်းဖျင်းသာ ပြုစုထား၏။ | ဤအပိုင်းကိုတင်ပြထား သော်လည်း ရောထွေးနေ၍ စိတ်ဝင်စားထဖွယ်မကောင်း။ | သင်၏ကိုယ်တိုင်လေ့လာမှု အပေါ် စိတ်ဖြာသုံးသပ်ချက် သည် အလွန်ပြည့်စုံကြွယ်ဝပြီး စိတ်ဝင်စားဖွယ်ကောင်းသဖြင့် အခြားသူများကသင်၏ အစီရင်ခံစာကို ဖတ်ခြင်းဖြင့် လေ့လာစုံစမ်းမှုဖြစ်စဉ်ကို သိနိုင်မည်။ |
| **သင့်ကိုးကားချက်များကို ဂရုတစိုက်ဖော်ပြပြီးပြီလား။** | သင်၏ကိုးကားချက်များသည် မပြည့်မစုံ အမှားမှားအယွင်း ယွင်းရေးထားသည်။ | ကိုးကားချက်အများစု မှန်ကန်သည် သို့မဟုတ် အနီးစပ်ဆုံးမှန်ကန်သည်။ | ကိုးကားချက်အားလုံးမှန်မှန် ကန်ကန်ဖော်ပြထားသည်။ |

## သတင်းအချက်အလက်များရှာဖွေရာ၌ စုံစမ်းမေးမြန်းရန် စာတမ်းပုံစံ

### မေးခွန်းများ

ဤအပိုင်းတွင် ကျောင်းသားများသည် သူတို့၏လေ့လာစူးစမ်းမှုလုပ်ငန်း စတင်လုပ်ဆောင်စဉ်တွင် ကြိုတင်သိထား ပြီးသောအချက်အလက်များကိုဖော်ပြ၍ သုတေသနခေါင်းစဉ်ကို အဘယ်ကြောင့်စိတ်ဝင်စားကြောင်း ရေးပြရမည်။ သူတို့သည် အမှန်တကယ်အဖြေရရှိလိုသောအကြောင်းအရာများကို မေးသည့်မေးခွန်းတစ်ခုဖော်ထုတ်ရမည်။

### ရှာဖွေစုံစမ်းခြင်းဖြစ်စဉ်

ဤအပိုင်းတွင် ကျောင်းသားများသည် သူတို့ရှာဖွေစုံစမ်းမှုပြုစဉ် လုပ်ခဲ့သမျှဖြစ်စဉ်ကိုဖော်ပြရမည်။ ဥပမာ– ကျောင်းသားများသည် လေ့လာစူးစမ်းမှုကို သတင်းအချက်အလက်ရနိုင်သည့် မည်သည့်နေရာမှစတင်ခဲ့ကြောင်း ဤလေ့လာစူးစမ်းမှုသည် အခြားသတင်းအချက်အလက်ရနိုင်မည့် နေရာများစွာကို လမ်းညွှန်ကြောင်းရှင်းလင်းဖော်ပြရမည်။ ကျောင်းသားများသည် ရှာဖွေစုံစမ်းစဉ် တွေ့ရသည့်ပြဿနာများ၊ မမျှော်လင့်သောအဖြစ်အပျက်များကိုဖော်ပြပြီး၊ သူတို့ဘယ်အချိန်တွင် စိတ်ဝင်စားမှုပေါ်ပေါက်ကြောင်းရေးရမည်။ ကျောင်းသားများက ရှာဖွေစုံစမ်းမှုပြုစဉ်သူတို့၏ မေးခွန်းဘယ်လိုပြောင်းသွားကြောင်း(သို့မဟုတ်) ဘယ်ပုံချဲ့ထွင်ခဲ့ကြောင်းပြောပြပြီး အဖိုးတန်သတင်းအချက်အလက်များပေးသည့် တွေ့ဆုံမေးမြန်းသူများကို အသိအမှတ်ပြုရေးသားရမည်။

### သင်ယူခဲ့သည့်အရာ

ဤနေရာတွင် ကျောင်းသားများသည်တွေ့ရှိချက် သုံး လေးမျိုး (သို့မဟုတ်) နိဂုံးချုပ်ချက်ကိုဖော်ပြရမည်။ ဥပမာများ ဇာတ်လမ်းများဖြင့်လည်း အထောက်အပံ့ပေးရမည်။ (သို့မဟုတ်) ငြင်းဆိုချက်ရေးရမည်။ သို့မှသာ နိဂုံးချုပ်ချက်သို့မည်သို့ရောက်ရှိကြောင်း စာဖတ်ပရိတ်သတ်နားလည်ရန် အထောက်အကူဖြစ်မည်။ သူတို့၏ရှာဖွေတွေ့ရှိချက်များကို မူလမေးခွန်းများနှင့် တိုက်ကြည့်ရမည်။ ရှေ့ဆက်လက်ရှာဖွေစူးစမ်းရန် နောက်ထပ်မေးခွန်းများကိုလည်းအကြံပြုနိုင်သည်။ ကျောင်းသားများသည် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုး၊ တူညီမှုနှင့်ကွဲပြားမှု (သို့မဟုတ် ) နောက်ဆက်တွဲ ဖြစ်ရပ်များအစရှိသည့် သူတို့လုပ်ဆောင်ခဲ့သည့် ခွဲခြမ်းစိတ်ဖြာမှုများကို ထည့်သွင်းဖော်ပြရမည်။

### စာရေးသူအတွက်သင်ခန်းစာ

ဤအပိုင်းသည် ကျောင်းသားများက သုတေသီအဖြစ် ဘယ်လိုအကောင်အထည်ဖော်လုပ်ဆောင်ခွင့် ရလာကြောင်းကို ဖော်ပြခွင့်ပေးလိမ့်မည်။ သူတို့သည် ယခင်ကမသိသေးသည့် အကြောင်းအရာများရှာဖွေခြင်းအကြောင်း ဘာတွေသိသလဲဟုသည့်မေးခွန်းကို ဖြေဆိုကြလိမ့်မည်။ ဤမေးခွန်းကိုဖြေဆိုရန်အတွက် သူတို့အတွက်အဓိပ္ပါယ်အရှိဆုံးဖြစ်သော တွေ့ရှိချက်များကို ဖော်ပြလိမ့်မည်။ သူတို့၏တွေ့ရှိချက်အသစ်သည် အနာဂါတ်တွင် သူတို့၏အတွေ့အခေါ်အပြုအမူများအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးကြပါလိမ့်မည်။ နောက်ဆုံး သုတေသီအဖြစ် (သို့မဟုတ်) စာရေးသူအဖြစ် သူတို့တတ်မြောက်လာသည့် ကျွမ်းကျင်မှုများအကြောင်းကို ဆွေးနွေးပြောဆိုကြလိမ့်မည်။

### ကိုးကားချက်များ

ဤအပိုင်းတွင် ကျောင်းသားများက သူတို့၏ကိုးကားချက်များကို ဖော်ပြရမည်။ ဤဖော်ပြချက်များတွင် သူတို့တွေ့ ဆုံမေးမြန်းခဲ့သောလူများ သူတို့လေ့လာဖတ်ရှုခဲ့သည့် အင်တာနက် Websites (သို့မဟုတ်) မဂ္ဂဇင်းများ (သို့မဟုတ်) စာအုပ်များပါဝင်ရမည်။

# စာရေးနည်းသင်ကြားရန်အခြားနည်းလမ်းများ

## စာရေးခြင်းလုပ်ငန်းစဉ်

စာရေးခြင်းလုပ်ငန်းစဉ် ချဉ်းကပ်နည်းသည်( Calkins 2000; Graves 1982, Murray 2003; Temple, Nathan, and Burris 1982 ) အသက်အရွယ်မျိုးစုံ ကျောင်းသားများအား ထိရောက်သောစာစီစာကုံးရေးသားခြင်းကို သင်ကြားပေးရန် အလွန်ကောင်းမွန်၍ကျော်ကြားသော ချဉ်းကပ်နည်းတစ်မျိုးဖြစ်၏။ ဤနည်းသည် ကြိုတင်စီစဉ်မှုများစွာ လိုအပ်ပြီး အစပိုင်းတွင်စုစည်းဆောင်ရွက်မှုလုပ်ရန်လိုသည်။ သို့သော် နောက်ပိုင်းတွင် ကျောင်းသားများအချင်းချင်း အပြန်အလှန်သုံးသပ်မှုကို ပြုလုပ်လာသောအခါ တဖြည်းဖြည်းလွယ်ကူလာကြောင်း တွေ့ရသည်။ ကျောင်းသားများ လုပ်ငန်းစဉ် တိုးတက်ကောင်းမွန်လာခြင်းသည် အဖိုးမဖြတ်နိုင်အောင် ကြီးမားသည့်ရလဒ်ဖြစ်၏။ ဤနည်းမှာ သုတေသနကိုအခြေခံ၍ စာရေးသည့်ဝါရင့်သက်ကြီးစာရေးဆရာများ၏ လက်စွဲနည်းကိုအသုံးပြုထားပြီး ဤစာရေးဆရာများက ကျေနပ်လောက်သည့်စာကို ရေးသားပြုစုရာတွင် အသုံးပြုခဲ့သော ကျွမ်းကျင်မှုလုပ်ငန်းအဆင့်ဆင့်ကို နည်းဗျူဟာအဖြစ် အနှစ်ချုပ်ထားသောကြောင့် မူလတန်းကျောင်းသားများအပါအဝင် အသက်အရွယ်မျိုးစုံ စာရေးသူများ စာစီစာကုံးရေးသားနည်းအဖြစ် အသုံးဝင်အောင်စီစဉ်ထား၏။

ဤနည်းသည် စာရေးခြင်းဖြစ်စဉ်ကိုဖော်ပြထား၏။ စာရေးသူက အကြံဉာဏ်တစ်ခုကို အခြေခံ၍အစပြုပြီး တဖြည်းဖြည်း ထိုအကြံဉာဏ်ကို စာဖတ်သူများထံသို့ အောင်မြင်စွာဆက်သွယ်ပို့ဆောင်နိုင်ရန် စာရေးသည့်ဖြစ်စဉ်ကို ထောက်ပြထားသည့်နည်းဖြစ်သည်။ ပြန်လည်စဉ်းစားခြင်းအပိုင်းသည် စာရေးသူများက သူတို့နှင့်သူတို့၏စာဖတ်ပရိသတ်များအကြား မူလအကြံဉာဏ်မှ ဖော်ထုတ်တည်ဆောက်လာခဲ့သည့် အဓိကဆိုလိုရင်းနှင့်ပတ်သက်၍ ဆက်သွယ်မှုမည်သို့လုပ်ထားကြောင်း အာရုံစိုက်သည်။ လုပ်ငန်းစဉ်သည် တစ်ဆင့်ပြီးတစ်ဆင့်မသွားသော်လည်း စာရေးဆရာအသုံးပြုသောအပိုင်းများကို လွယ်ကူစွာသင်ကြားနိုင်ပြီး ပြန်လည်သုံးသပ်နိုင်သည်။ ဤအဆင့်များကို အသုံးပြုပြီး၊ ဤအဆင့်များအတိုင်းလိုက်၍လုပ်လျှင် ကျောင်းသားများသည် ယုတ္တိရှိရှိစာရေးသူများဖြစ်လာနိုင်ပြီး၊ စာရေးခြင်းအလုပ်သည် အကြံဉာဏ်များကိုရှင်းလင်းဖော်ပြရန် ကိရိယာတန်ဆာပလာဖြစ်လာနိုင်သည်။

စာရေးနည်းဖြစ်စဉ်အဆင့်ကိုဖော်ပြချက်အများစုတွင် အပိုင်း (၅) ပိုင်းပါရှိတတ်သည်။ **အစမ်းပြင်ဆင်လေ့ကျင့်ခြင်း၊ မူကြမ်းရေးခြင်း၊ ပြန်လည်ပြင်ဆင်ရေးသားခြင်း၊ တည်းဖြတ်ခြင်း**နှင့် **ပုံနှိပ်ထုတ်ဝေခြင်း** အပိုင်းတို့ဖြစ်၏။ ဤအဆင့်များကို အစီအစဉ်အတိုင်းလိုက်၍လုပ်ရန်မလိုပါ။ ရေးသားခြင်းသည် ရံဖန်ရံခါပြန်လုပ်ရသောအပိုင်းဖြစ်ပြီး စာရေးသူကယခင်ကရေးခဲ့ပြီး အရာများကို တစ်ကြိမ် (သို့မဟုတ်) တစ်ကြိမ်ထက်ပို၍ ပြန်ရေးရတတ်သည်။ ဤတွင်ဖော်ပြထားသောစာရေးနည်းဖြစ်စဉ်သည် ဘာသာရပ်နယ်ပယ်အားလုံးတွင် အသုံးပြုနိုင်ပါသည်။

**အစမ်းပြင်ဆင်လေ့ကျင့်ခြင်း –** အစမ်းပြင်ဆင်လေ့ကျင့်ခြင်းသည် ခေါင်းစဉ်တစ်ခုကိုရှာဖွေခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ရရှိသောခေါင်းစဉ်အပေါ်စဉ်းစားခြင်းတို့ဖြစ်သည်။ စာရေးသူများကကွင်းဆင်းလေ့လာပြီး သူတို့၏အတွေးအခေါ်များအပေါ်စဉ်းစားသုံးသပ်၍ ခေါင်းစဉ်ဖြစ်လာနိုင်မည့်ဆွဲအားဗဟိုချက်ကို ကြိုးစားရှာဖွေကြရသည် ( Elbow 1998 )။ ဤနည်းဖြင့် သူတို့၏ခေါင်းစဉ်နှင့်ပတ်သက်၍ စာရေးသားရန်အစီအစဉ်ဆွဲသည်။ ကွင်းဆင်းလေ့လာခြင်းနှင့် စဉ်းစားတွေးတောခြင်းအပိုင်းတွင် အချိန်အလွန်ကြာသည်။

**မူကြမ်းရေးခြင်း –** မူကြမ်းရေးခြင်းသည် အကြံဉာဏ်များကိုစာရွက်ပေါ်တွင် ပထမမူကြမ်းရေးချခြင်းဖြစ်သည်။ လုပ်ငန်းစဉ်မှာအကြမ်းဖျင်းဖြစ်၍ လက်တွေ့စမ်းသပ်ကြည့်သောအပိုင်းဖြစ်၏။ စာရေးသူများက သူတို့၌ရှိသည့် အသိပညာဗဟုသုတကို စာရွက်ပေါ်တွင်ရေးချပြီး (သို့မဟုတ်) ကွန်ပြူတာဖန်သားပြင်ပေါ်တွင်တင်ပြီး၊ သူတို့သိသော အရာနှင့် သူတို့၏ခေါင်းစဉ်အကြောင်းပြောရမည့်အချက်များကို ကြည့်ရှုနိုင်ရန်ဖြစ်သည်။ ထိုသို့ရေးချပြီး သောအခါ ပြန်လည်ပြင်ဆင်ရေးသားသည့်အဆင့်သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ပါပြီ။ သက်တမ်းနုသော စာရေးဆရာများ (အမှန်မှာ စာရေးဆရာအများစု)က တစ်ကြိမ်ထက်ပို၍ရေးသားခြင်း မပြုတတ်ကြသော်လည်း စာများများရေးသည့် ဝါရင့်စာရေးဆရာများမှာ အကြိမ်ကြိမ်အဖန်ဖန်ပြန်လည်ပြင်ဆင်ရေးသားတတ်ကြ၏။ သူတို့အဆိုအရ “စာရေးခြင်းသည် ပြန်ရေးခြင်းဖြစ်၏”ဟုဆိုကြသည်။ ကျွမ်းကျင်သည့်ဆရာများသည် ပထမမူကြမ်းကိုလွတ်လွတ်လပ်လပ်ရေးကြရန်အားပေးပြီး မိမိကိုမိမိဝေဖန်မှုမပြုဘဲရေးခိုင်းကြ၏။ အချောနှင့်အမှန်သည် နောက်ပိုင်းတွင်လိုက်လာလိမ့်မည်။

**ပြန်လည်ပြင်ဆင်ရေးသားခြင်း –** ပြန်လည်ပြင်ဆင်ရေးသားခြင်းသည် ရေးထားသောစာကိုပိုမိုကောင်းမွန်စေရန် ပြင်ဆင်ရေးသားခြင်းဖြစ်၏။ သဒ္ဒါအသုံးအနှုန်းနှင့် စာလုံးပေါင်းကိုပြင်ဆင်ခြင်းမဟုတ်ဘဲ စာရေးသူ၏အတွေးအခေါ် ဖွဲ့စည်းတည်ဆောက်ပုံ ဇာတ်အိမ်ဇာတ်ကွက် အခြေအနေများကိုပြင်ဆင်ခြင်း ထိုအကြံဉာဏ်များကို ချဲ့ထွင်ရေးသား ခြင်း၊ မလိုအပ်သည့်အချက်များကို ဖြတ်တောက်ခြင်းပြုလုပ်၍ နဂိုမူလအရေးအသားကို ပိုမိုရှင်းလင်းပြောင်မြောက် စေသောအပိုင်းဖြစ်၏။ ပြန်လည်ပြင်ဆင်ရေးသားခြင်းပြုလုပ်ရာတွင် စာရေးဆရာများသည် မိမိတို့၏လက်ရာကို အပြင် ဘက်မှကြည့်ရှုရန် လိုအပ်သည်။ ဤနည်းကို အခြားစာရေးဆရာများနှင့်သော်လည်းကောင်း၊ ဆရာတစ်ဦးဦးနှင့် သော်လည်းကောင်း တွေ့ဆုံဆွေးနွေးခန်းပြုလုပ်၍ ဆောင်ရွက်တတ်ကြ၏။ ပြန်လည်ပြင်ဆင်ရေးသားခြင်းလုပ်ငန်းစဉ်တွင် စာရေးသူများသည် ကြိုတင်ပြင်ဆင်ခြင်း (သို့မဟုတ်) မူကြမ်းရေးသားခြင်းအဆင့်များသို့ ပြန်သွားကြလိမ့်မည်။



**စကားရိပ် –** ကျောင်းသားစာရေးသူများသည် သူတို့ရေးသားစရာများကို အခြားသူများကအသံ ကျယ်ကျယ်ဖော်ပြသည်ကို နားထောင်ခြင်းဖြင့်များစွာသင်ယူရရှိတတ်ကြ၏။ ကျောင်းသားများကို ဆွေး နွေးတိုင်ပင်ရန် နှစ်ယောက်တစ်တွဲစီတွဲခိုင်းပါ။ ကျောင်းသားတစ်ယောက်အား အခြားကျောင်းသား၏ စာစီစာကုံးကို ထိုအခြားကျောင်းသားအားဖတ်ပြခိုင်းပါ။ စာရေးသူကျောင်းသားသည် မိမိရေးသောစာကို အခြား ကျောင်းသားက ရေးထားသည့်အတိုင်း ၏–သည်–မရွေး အတိအကျဖတ်ပြသောအခါ မျက်စိမှိတ်၍သေသေချာချာ နားထောင်ပါ။ ကျောင်းသားများက မိမိ၏စာကိုမိမိတည်းဖြတ်စဉ် ကျန်ခဲ့သောအမှားအယွင်းပြဿနာများ စာလုံးပေါင်း အမှားများ၊ ကျပျောက်နေသောစကားလုံးများ၊ ထပ်နေသောစာလုံးများနှင့် စုစည်းမှုမရှိခြင်းများ စသည့်အမှားများကို မကြာခဏတွေ့ရတတ်ကြ၏။ ထိုအခါ စာရေးသူကျောင်းသားသည် အချိန်အနည်းငယ်ယူ၍ မိမိရေးထားသောစာကို ပြန်လည် ပြင်ဆင်ရေးသားရမည်။ ပြီးလျှင်ကျောင်းသားနှစ်ဦးအလှည့်ချင်းလဲ၍ ထိုဖြစ်စဉ်အတိုင်းပြန်လုပ်ကြပါမည်။

**တည်းဖြတ်ခြင်း** – တည်းဖြတ်ခြင်းဆိုသည်မှာ ရေးထားသည့်ဆောင်းပါးစာမူတစ်ပုဒ်ကို စာဖတ်ပရိသတ်ထံသို့ အချောမတင်ပြမီ စစ်ဆေးသောအဆင့်ဖြစ်သည်။ တည်းဖြတ်ခြင်းလုပ်နေစဉ်အဆင့်တွင် စာပိုဒ်များနှင့်စာမျက်နှာများကို ဖြတ်တောက်ခြင်း ထပ်ထည့်ခြင်းများပြုလုပ်၍ စာစီစာကုံးကျစ်လစ်စုစည်းမှုရှိစေရန် ပြန်လည်တည်းဖြတ်ရသည်။ တည်းဖြတ်ခြင်းအကျင့်ကို သင်ပေးရတတ်သည်။ ထိုလုပ်ငန်းစဉ်တွင် အဆင့်သုံးဆင့်ရှိသည် –

၁။ ရေးထားသည့်စာသည် မှန်ကန်စေရမည်။

၂။ အမှားများကို ရှာဖွေနိုင်စွမ်းရှိရမည်။

၃။ အမှားများကိုပြင်ဆင်နိုင်သည့် ပညာဗဟုသုတရှိရမည်။

**ပုံနှိပ်ထုတ်ဝေခြင်း –** ပုံနှိပ်ထုတ်ဝေခြင်း (သို့မဟုတ်) ရေးထားသည့်စာကို စာဖတ်ပရိသတ်ထံသို့ ဖြန့်ဝေခြင်းသည် စာပေဆောင်းပါးတိုင်းတွင် မဖြစ်ပေါ်ပါ။ တခါတရံ စာရေးသူသည် မိမိကိုယ်ပိုင်မှတ်စုအဖြစ် ရေးခြင်းဖြစ်တတ်ပြီးတခါတရံ စာဖတ်သူတစ်ဦးတည်းအတွက် ရည်ရွယ်၍ရေးတတ်၏။ အချို့စာမူများသည် လူအများဖတ်ရန်အကြောင်း အလုံလောက်(သို့မဟုတ်) အကျိုးမရှိ။ သို့သော် ရံဖန်ရံခါတွင် ငယ်ရွယ်သည့်စာရေးသူများ၏ စာမူလက်ရာများပင်လျှင် အခြားသူများကိုစိတ်ဝင်စားမှုနှင့် ဝမ်းသာပျော်ရွှင်မှုပေးနိုင်သည်ကို တွေ့ရတတ်၏။ ပရိတ်သတ်ထံဖြန့်ဝေရသောအလုပ် သည် စာရေးသူအတွက်ဂုဏ်ယူဖွယ်ဖြစ်နိုင်ပြီး စာရေးရန်စိတ်အားထက်သန်စေသည့် မီးစသဖွယ်ဖြစ်နိုင်၏။ အထူးသဖြင့် အခြားကျောင်းသားတစ်ဦး၏စာမူလက်ရာကို ပရိသတ်လက်ခံကြောင်း တွေ့မြင်ရသောအခါ စာဖတ်ပရိသတ်ထံ ဖြန့်ချီရေးအတွက် မိမိ၏စာမူကိုထပ်ခါထပ်ခါပြန်လည်ပြင်ဆင်ရေးသားခြင်း၊ အမှားပြင်ခြင်း၊ အချောသပ်ခြင်း တို့လုပ်စေနိုင်သည်။ သို့ဖြင့် ပုံနှိပ်ထုတ်ဝေခြင်းသည် အခြားရည်ရွယ်ချက်တစ်ခုကို ဖြည့်စွက်ပေးသည်။ ပုံနှိပ်ထုတ်ဝေဖြန့် ချီခြင်းသည် အခြားကျောင်းသားလုပ်နေသည့် အရာကိုမြင်တွေ့စေပြီး ကျောင်းသားအချင်းချင်းအကြားတွင် စာစီ စာကုံးရေးနည်းကို စာအုပ်ကြီးနည်းအတိုင်းမဟုတ်ဘဲ သင်ပေးရာရောက်သည်။

ဤတွင် ကျောင်းသားများရေးသည့် စာမူလက်ရာများကို ပုံနှိပ်ထုတ်ဝေဖြန့်ချီနည်းအချို့ကို ဖော်ပြပေးထားသည်။

- ❖ နံရံကပ်သင်ပုန်းတွင်ကပ်ထားရန် (သို့မဟုတ်) အိမ်သို့ယူသွားပြီး မိသားစုအိမ်သားများကိုပြရန် စာမူအချော ကိုရှင်းရှင်းလင်းလင်းကူးရေးပါ။
- ❖ ကွန်ပြူတာနှင့် စာကူးကိရိယာရှိလျှင် စာမူကိုကွန်ပြူတာတွင်ရိုက်၍ နံရံကပ်သင်ပုန်းပေါ်ကပ်ရန်(သို့မဟုတ်) အိမ်သို့ယူသွား၍ မိသားစုကိုပြရန်ကူးထုတ်ပါ။
- ❖ အတန်းအတွက် (သို့မဟုတ်) ကျောင်းစာစောင်အတွက် (သို့မဟုတ်) သတင်းစဉ်အတွက် မိတ္တူတစ်စောင် လုပ်ပါ။
- ❖ ကျောင်းသား (သို့မဟုတ်) ဆရာကမိမိ၏စာမူလက်ရာကို ဖတ်ပြသည့်အခါများတွင်သာ ထိုင်ရသောအတန်း ထဲမှစာရေးသူ၏ကုလားထိုင်တွင် ထိုင်ပြီးဖတ်ပြပါ။
- ❖ ဆရာအား တုံ့ပြန်မှုပေးခိုင်းပါ။ (အမှားပြင်ခိုင်းရန်မဟုတ် အကြောင်းအရာအပေါ်တုံ့ပြန်ရန်)
- ❖ သူငယ်ချင်းတစ်ယောက်ယောက်ထံ စာတိုက်မှဖြစ်စေ Fax (သို့မဟုတ်) Email ဖြင့်ဖြစ်စေပို့ပေးပါ။
- ❖ အတန်းအတွက် (သို့မဟုတ်) ကျောင်းစာကြည့်တိုက်အတွက် စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေပါ။
- ❖ ခေါင်းစဉ်တစ်ခုခု (သို့မဟုတ်) အကြောင်းအရာတစ်ခုခုအပေါ်တွင် ကျောင်းသားများရေးသည့်စာမူများကို စုစည်းပြီး အတန်း၏စာပေါင်းစုအဖြစ်ထုတ်ဝေပါ။
- ❖ ထိုစာပေါင်းစုကို ကာတွန်းသရုပ်ဖော်ပုံများ၊ တေးဂီတများနှင့်ပေါင်းစပ်၍ multimedia mode အဖြစ်ထုတ်ဝေပါ။
- ❖ အထူးသဖြင့် ရပ်ရွာအရေးနှင့်ပတ်သက်ပြီး ကဗျာဆောင်ပါးများဖြစ်လျှင် ဒေသခံသတင်းစာတွင်ထည့်သွင်း၍ ပုံနှိပ်ထုတ်ဝေပါ။
- ❖ ကျောင်းသားအတွဲများအချင်းချင်း၏ စာမူလက်ရာကိုဖတ်ရှုနိုင်ရန် ရွယ်တူစာဖတ်ဝိုင်းများတွင်ပါဝင်ဖတ်ပြပါ။
- ❖ ကျောင်းသားများ၏မှတ်တမ်းဖိုင်တွဲတွင်ထည့်သွင်းပါ။

**သင်ခန်းစာငယ်များ –** စာရေးနည်းဖြစ်စဉ်ချဉ်းကပ်မှုနှင့် အစဉ်အလာစာစီစာကုံးရေးနည်းတို့အကြား ခွဲခြား ထားသည့်အလုပ်တစ်ခုမှာ သင်ခန်းစာငယ်ဖြစ်၏။ သင်ခန်းစာငယ်ဆိုသည်မှာ အတန်းတစ်ခုလုံး (သို့မဟုတ်) အဖွဲ့ ငယ်ထဲမှကျောင်းသားများကိုပေးရန် အချိန်မီသင်ကြားခြင်း (just-in-time) အတိုအထွာများဖြစ်သည်။ သင်ခန်းစာ ငယ်သည် ဦးတည်မှုကန့်သတ်ချက်ရှိ၍ စာရေးသူများအချင်းချင်းလက်ငင်းအသုံးချနိုင်မည့် ကျွမ်းကျင်မှုကိုဖော်ပြ ပေးသည်။ ဆရာက ကွက်ကွက်ကွင်းကွင်းရေးသားဖော်ပြနည်း၊ စိတ်ဝင်စားဖွယ်နိဒါန်းပျိုးနည်း(သို့မဟုတ်) အချေအတင် ငြင်းဆိုချက်များရေးနည်းအကြောင်း အနည်းငယ်မိတ်ဆက်ပေးနိုင်သည်။ သင်ခန်းစာငယ်အများစုတွင် အောက်ပါ ပုံစံများပါဝင်သည်။

၁။ ဆရာက ကျောင်းသားများ၏ စာမူရေးသားချက်တွင် အများဆုံးတွေ့ရတတ်သည့်ပြဿနာ (သို့မဟုတ်) အကြောင်း အရာကိစ္စကိုဖော်ပြရသည်။ ဆရာထောက်ပြသည့်ပြဿနာသည် ကျောင်းသားများနားလည်နိုင်သော ပြဿနာဖြစ် ရမည်။ ထို့ပြင်အခြေအနေနှင့် ဆီလျော်သက်ဆိုင်သည့် ပြဿနာလည်းဖြစ်ရမည်။ ဥပမာ ကျောင်းသားများသည် စာမူကြမ်းရေးသောအဆင့် (သို့မဟုတ်) ပြန်လည်စီစစ်ပြင်ဆင်သောအဆင့်တွင် အလုပ်လုပ်နေကြလျှင် အစပျိုးရေးသား နည်းသင်ခန်းစာကို သင်ပေးသင့်သည်။ အရေးအသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သည့် အကြောင်းကိစ္စများလည်း ရှိသည်။ ဥပမာ ဒုတိယတန်းအဆင့်သည် ဇာတ်ကောင်စရိုက်ပီပြင်ရေးသင်ခန်းစာ သင်ကြားရန်မသင့်။ သို့သော် ထိုအတန်းတွင် တူညီသောအကြံဉာဏ်များကို စာပိုဒ်တစ်ပိုဒ်တွင် စုစည်းခိုင်းသည့်သင်ခန်းစာသင်ပေးရန်သင့်လျော် သည်။

၂။ ဆရာက သင်ပေးပြီးသည့်အဆင့်အထိ ကျောင်းသားများကိုသရုပ်ပြနိုင်မည့် စာစီစာကုံးခေါင်းစဉ်နမူနာများကိုရှာဖွေ ဖန်တီးပေးရမည်။ နမူနာစာမူသည် ကျောင်းသားများ အတုယူနိုင်မည့်ကျွမ်းကျင်သူများ ရေးသားထားသောအပြု သဘောဆောင်းပါးစာမူ (သို့မဟုတ်) ဆန့်ကျင်ဘက်ရေးသားထားသောစာမူ ဖြစ်နိုင်သည်။ တစ်နည်းမှာ ကျောင်းသား များသည် ကောင်းသောအစပိုင်းရေးသားချက်ကိုကြည့်၍ ဘာကြောင့်ထိရောက်အကျိုးရှိပုံပေါ်ကြောင်းဆွေးနွေး နိုင်သည်။

၃။ ဆရာကကျောင်းသားများအား သူတို့သင်ယူသည့်သင်ခန်းစာကို စာရေးရာတွင်ချက်ချင်းအသုံးချခိုင်းပါ။ နောက်တစ်ဆင့်တွင် နိဒါန်းရေးနည်းနမူနာဆက်လုပ်ရန် ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲခိုင်းပြီး၊ သူတို့ရေးလက်စဆောင်းပါးစာရွက်များကိုရှာဖွေ၍ သူတို့၏နိဒါန်းများကို စစ်ဆေးခိုင်းပါ။ သူတို့အတတ်နိုင်ဆုံး ခိုင်ခိုင်လုံလုံရေးကြပြီလား။ မရေးနိုင်သေးလျှင် ယခုအချိန်သည် ထိုနိဒါန်းများကိုပြန်ပြင်ရေးပြီး ပိုမိုအားကောင်းအောင်လုပ်ရန် အခွင့်အရေးဖြစ်၏။

၄။ ပြန်လည်ပြင်ဆင်ခြင်း (သို့မဟုတ်) စီစစ်ဖတ်ရှုစစ်ဆေးခြင်းအတွက် တွေ့ဆုံဆွေးနွေးနေစဉ် ကျောင်းသားများ ရှာဖွေသင့်သောအချက် စာရင်းများထပ်ရေးထည့်ပါ။ ကျောင်းသားများအတွက် စီစစ်ဖတ်ရှုစစ်ဆေးခြင်းနှင့် ဆွေးနွေးခန်းလုပ်ရန်လမ်းညွှန်မှုသည် ကျောင်းသားများအား သင်ခန်းစာငယ်များတွင် သင်ကြားခဲ့သည့်အချက်များကို သတိရစေရန်ဆောင်ရွက်ပေးသည်။

> **ဤနည်းသည် သင့်ကို သင်၏ကျောင်းသားများနှင့် ပို၍နီးကပ်လာစေ၍ ထာဝစဉ်နုပျိုသလိုခံစားရပြီး အမြဲအသစ်အသစ်တွေကိုလေ့လာသင်ယူနိုင်စွမ်းရှိကြောင်း ခံစားစေသည့်အသိပညာကူးပြောင်းသည့် နည်းလမ်းဖြစ်သည်။**
>
> **အလယ်တန်းပြဆရာ – ရှိမေးနီးယား**

## မူကွဲများနှင့် အခြားဆက်နွယ်သောနည်းများ



**လူမှုရေးလုပ်ငန်းဖြင့်လက်တွေ့လုပ်၍သင်ယူခြင်း – လူမှုရေးလုပ်ဆောင်ချက်နှင့် ပြန်လည်စဉ်းစားခြင်း –** လက်တွေ့လုပ်၍သင်ယူခြင်း(Campus Compact 2003) သည် သင်ယူနေသော သင်ခန်းစာဘာသာရပ်နှင့် ဆက်နွယ်သောအကျိုးပြုလုပ်ငန်းတစ်ခုကို ရပ်ရွာထဲတွင်သွားလုပ်ရန် ကျောင်းသားများအားစေလွှတ်သည့် နားလည်မှုလက်တွေ့လုပ်ဆောင်မှုနည်းတစ်မျိုးဖြစ်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** Comenius ခေတ်မှစ၍ ကျောင်းဆရာများသည် စာသင်ကျောင်းနှင့်အပြင်လောက၏ အခြားဆက်သွယ်မှုလိုအပ်ကြောင်း နားလည်သဘောပေါက်လာခဲ့ကြသည်။ လက်တွေ့စမ်းသပ်၍ သင်ယူခြင်းဆိုင်ရာ မူအမျိုးမျိုးသည် ထိုပန်းတိုင်ရောက်ရန်ရည်ရွယ်ချက်ဖြင့် ပေါ်ပေါက်လာကြ၏။ မကြာသေးမီကပေါ်ထွက်လာသည့် လက်တွေ့လုပ်၍သင်ယူခြင်းကို အတွေ့အကြုံနှင့် အလုပ်တွင်နှစ်မြုပ်ခြင်း (experience + commitment) ဟုခေါ်ဆိုသင့်သည်။။ လက်တွေ့လုပ်၍သင်ယူခြင်းနည်းများကို အသုံးပြုသည့် သင်ခန်းစာများတွင် ကျောင်းသားများအား လူထုအကျိုးပြုလုပ်ငန်းဆောင်ရွက်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းများသို့ ရက်သတ္တပါတ်တိုင် အချိန်အနည်းငယ်သွားရောက်၍ အလုပ်လုပ်ရန်စေခိုင်းတတ်သည်။ ကျောင်းသားများ၏ သင်ခန်းစာတွင် အသွေးအသားထပ်လောင်းထည့်နိုင်ရန်နှင့် ကျောင်းသားများ စုံစမ်းမေးမြန်းနည်းကို အသုံးချနိုင်ရန်၊ လူမှုရေးလုပ်ငန်းဖြင့် လက်တွေ့လုပ်၍သင်ယူခြင်းနည်းက ရပ်ရွာလုပ်ငန်းတွင် ဒီမိုကရေစီကျကျပါဝင်၍ တာဝန်ရှိနိုင်ငံသားအဖြစ်လုပ်ဆောင်ခွင့်ပေးသည်။



**အဖွဲ့အရွယ်အစား –** စီမံကိန်းသည်သာမန်အားဖြင့် အတန်းတစ်တန်းလုံးကို ပါဝင်လုပ်ဆောင်စေသည်။ ကျောင်းသားများအား သူတို့၏ကျရာတာဝန်ကို အဖွဲ့ငယ်များခွဲ၍ ဆောင်ရွက်စေသည်။ ကျောင်းသားများလျှင် အချို့ကျန်ရှိသော ကျောင်းသားများကို စာသင်နှစ်၏ အခြားအချိန်များတွင် သူတို့လုပ်ရန်အပိုင်းကို လုပ်ဆောင်ခိုင်းပါ။



**လိုအပ်သောအချိန် –** လက်တွေ့လုပ်၍သင်ယူခြင်းလုပ်ဆောင်နည်းကို ရက်သတ္တပါတ်လေးပတ်မှ တစ်နှစ်အထိ အချိန်ကာလအတွင်း အချိန်ဇယားရေးဆွဲ၍ လုပ်ခိုင်းနိုင်သည်။

**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)**

ကျောင်းသားများကိုသင်ကြားပေးနေသည့် ဘာသာရပ်သင်ခန်းစာနှင့်ဆက်နွယ်သော ကျောင်းသားများ လုပ်ဆောင်နိုင်မည့်လူထုအကျိုးပြုလုပ်ငန်းများကို ဆရာကဆုံးဖြတ်ပေးရမည်။ တာဝန်ပေးထားသည့် လုပ်ဆောင်ရန် လူထုအကျိုးပြုလုပ်ငန်းများတွင် ကျောင်းသားများက ကျောင်းအပြင်ဘက် ရပ်ရွာလူထုအတွင်း အကျိုးရှိသည့်အလုပ် တစ်ခုခုလုပ်ရန်ပါရှိရမည်။ လူထုအကျိုးပြုလုပ်ငန်းများကို လအနည်းငယ်အတွင်း ရက်သတ္တပါတ်တိုင်းလုပ်နိုင်သည်။ (သို့မဟုတ်) စနေ၊ တနင်္ဂနွေနေ့များတွင်လုပ်နိုင်သည်။ နမူနာကို အောက်တွင်ဖော်ပြထားသည်။

| ဘာသာရပ် | လူမှုအကျိုးပြုလုပ်ငန်း |
|---|---|
| ဇီဝဗေဒ | ဆေးခန်းတွင်အလုပ်လုပ်ရန် |
| ဘာသာစကား | သတင်းစာတိုက်၊ စာအုပ်ဆိုင် စာကြည့်တိုက်တို့တွင် အလုပ်လုပ်ရန် |
| ပတ်ဝန်းကျင်လေ့လာမှု | သစ်ပင်စိုက်ပျိုးခြင်း၊ မြေဆီလွှာရေတိုက်စားမှုကို ကာကွယ်ရန် ရေစီးမြောင်းများကို ကျောက်တုံးများ မော်တော်ကားတာယာဟောင်းများဖြင့် ပိတ်ဆို့ခြင်း |
| လူမှုရေးဘာသာရပ် | အိမ်ထဲမှ အိမ်ပြင်မထွက်သော သက်ကြီးရွယ်အိုများထံ သွားရောက်လည်ပတ်၍ ရှေးဟောင်းနှောင်းဖြစ်များကိုမေးခြင်း |
| သင်္ချာဘာသာရပ် | မြို့နယ်အုပ်ချုပ်ရေးတွင် အလုပ်လုပ်ခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ကွင်းဆင်း၍ရရှိလာသော ရလဒ်များကို စာရင်းဇယားပြုစုခြင်း |

လူမှုရေးလုပ်ငန်းနေရာချထားရာတွင် အောက်ပါစံထားချက်များနှင့်ကိုက်ညီရမည်။

က။ အလုပ်အပ်သူက လုပ်စေချင်သော လူမှုရေးအလုပ်မျိုးဖြစ်ရမည်။

ခ။ လခစားဝန်ထမ်းများ၏ နေရာကို အစားမထိုးစေရ။

ဂ။ ကျရာတာဝန်ကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ကျောင်းသားများပြင်ဆင်မှု ကောင်းကောင်းရှိရမည်။

ဃ။ ကျောင်းသားများစိတ်ဝင်စားသောအလုပ်ဖြစ်ပြီး အန္တရာယ်မဖြစ်၊ ဝန်လည်းမပိသည့်အလုပ်မျိုးဖြစ်ရမည်။

**အဆင့်(၂)** – ဆရာကကျောင်းသားများအား လူမှုရေးလုပ်ငန်းအတွေ့အကြုံအပေါ် သုံးသပ်ခိုင်းရန်ပြင်ဆင်ပြီး ထိုအတွေ့အကြုံက ကျောင်းသင်ခန်းစာနှင့် ဘယ်ပုံဆက်နွယ်ကြောင်းဆင်ခြင်စေရမည်။ ကျောင်းသားများအား ဤကဲ့သို့ သုံးသပ်ခိုင်းနိုင်သည့် နည်းအမျိုးမျိုးရှိသည်။

**နှစ်ပိုင်းပါမှတ်တမ်းရေးသွင်းနည်း** – ဤမှတ်တမ်းရေးနည်းအတွက် ကျောင်းသားများသည် မှတ်စုစာအုပ်ကို အသုံးပြုရမည်။ လက်ဝဲဘက်တွင် ကျောင်းသားများသည် မိမိတို့၏လူမှုရေးလုပ်ငန်းအတွေ့အကြုံ၊ ကိုယ်ပိုင်အတွေး အခေါ်များနှင့် သူတို့၏လူမှုရေးလုပ်ငန်းအပေါ် သုံးသပ်ချက်များရေးမှတ်ကြရမည်။ နေ့စဉ်မှတ်တမ်း၏ လက်ယာဘက် တွင်ပထမရေးသွင်းချက်များသည် အဓိကသဘောတရား အတန်းတွင်သင်ပြချက်များ ဖတ်ထားသောစာများနှင့် မည်သို့ဆက်စပ်မှုရှိကြောင်း ရေးသွင်းရမည်။ ကျောင်းသားများ၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် သမရိုးကျသင်ခန်းစာ တို့ဆက်စပ်ပုံကို မျဉ်းကြောင်းဆက်သွယ်ပြနိုင်နိုင်သည်။

**အရေးကြီးသောအဖြစ်အပျက်မှတ်တမ်း** – ကျောင်းသားများ လူမှုရေးလုပ်ငန်းလုပ်ရာအရပ်တွင် ဖြစ်ပျက်ခဲ့သော ထူးခြားသည့်ဖြစ်ရပ်တစ်ခုအကြောင်းကို အာရုံစိုက်ခိုင်းပါ။ ထို့နောက် ထိုအဖြစ်အပျက်အပေါ် သူတို့တုံ့ပြန်ချက် နှင့်ပတ်သက် သောမေးခွန်းများမေးပါ။ ထို့နောက် ထိုအဖြစ်အပျက်ပေါ်တုံ့ပြန်ချက်နှင့်ကျောင်းသင်ခန်းစာတို့အကြား ဆက်နွယ်မှုကိုမေးပါ။ သူတို့ကိုအောက်ပါအတိုင်းမေးနိုင်သည်။

သင်ဘယ်လိုလုပ်ပြီး ဘာပြောရမှန်းမသိအောင်အကျပ်ရိုက်စေသည့် အဖြစ်အပျက်တစ်ခုအကြောင်းဖော်ပြပါ။

❖ထိုအဖြစ်အပျက်သည် ဘာကြောင့်စိတ်ရှုတ်ထွေးစေသည့် အဖြစ်အပျက်ဟုဆိုနိုင်သလဲ။
❖ထိုအဖြစ်အပျက်အပေါ်သင်ကိုယ်တိုင် (သို့မဟုတ်) အနီးအနားတွင်ရှိနေသူတို့ ဘယ်လိုခံစားရသလဲ။
❖သင်ဘာလုပ်ခဲ့သလဲ။ (သို့မဟုတ်) ပထမဆုံး ဆောင်ရွက်ရန်စဉ်းစားမိသော အရာကဘာလဲ။
❖သင်လုပ်ဆောင်ခဲ့သင့်သောအရာသုံးမျိုးကို စာရင်းပြုစုပြီး၊ တစ်ခုချင်းကို အကဲဖြတ်သုံးသပ်ပါ။

ဤအဖြစ်အပျက်သည် ကျောင်းသင်ခန်းစာနှင့်ဘယ်လိုဆက်စပ်နေသလဲ။ သင်၏ရွေးချယ်မှုကိုစီစစ်ကြည့်ရန် ဘယ်လိုအထောက်အကူပြုသလဲ။ ဘယ်လိုဆောင်ရွက်ချက်မျိုးကို အကြံပြုသလဲ။

**အပိုင်းသုံးပိုင်းနေ့စဉ်မှတ်တမ်း** – ကျောင်းသားများ နေ့စဉ်မှတ်တမ်းရေးသွင်းတိုင်း ဆရာကမေးခွန်း (၃)မျိုးကို ဖြေခိုင်းပါ။

က။ **ဖော်ပြချက်** – လူမှုရေးလုပ်ငန်းအတွေ့အကြုံတွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာ သင်လုပ်ခဲ့သမျှအပါအဝင်သင့်ကိုစိတ်ရှုတ်ထွေးစေသည့်အချက်များ သင်ပြောဆိုဆွေးနွေးခဲ့သောစကားများ သင်ဆုံးဖြတ်ချက်ချခဲ့သမျှ သင်စီစဉ်ခဲ့သည့်လုပ်ငန်းအစီအစဉ်များ စသည်တို့ကိုဖော်ပြပါ။

ခ။ **ခွဲခြမ်းစိတ်ဖြာခြင်း** – ကျောင်းသင်ခန်းစာတွင် သင်ယူနေသောအကြောင်းအရာများက လူမှုရေးလုပ်ငန်းအတွေ့အကြုံကိုနားလည်အောင် ဘယ်လိုအထောက်အကူပြုသလဲ။

ဂ။ **လက်တွေ့အသုံးချခြင်း** – ကျောင်းသင်ခန်းစာနှင့် လူမှုရေးအတွေ့အကြုံများကို သင်၏လက်တွေ့ဘဝတွင်အသုံးချပါ။ ထိုအချက်များကြောင့် သင်၏တန်ဖိုးထားမှုနှင့် ယုံကြည်ခံယူချက်ကို ဘယ်လိုပြောင်းလဲသွားစေခဲ့သလဲ။ ( Campus compact 2003; Bringle and Hatcher 1999 ).

**လမ်းညွှန်မှုဖြင့်စာရေးခြင်း** – ကျောင်းသားများအား သီအိုရီသဘောတရားများ၊ အဆိုခံယူချက်များ၊ ညွှန်းဆိုချက်များ၊ စာရင်းဇယားများနှင့် သုတေသနပြုရာမှတွေ့ရှိချက်များအပါအဝင် စာဖတ်ခြင်းနှင့် အတန်းထဲတွင် သင်ပြခြင်းတို့မှရရှိသော အမြင်သဘောတရားများသည် သူတို့၏လူမှုရေးလုပ်ငန်း အတွေ့အကြုံများနှင့် မည်သို့မည်ပုံဆက်နွယ်မှုရှိကြောင်းမေးပါ။ ကျောင်းသားများက သူတို့၏လုပ်ငန်းခွင်တွင် တွေ့ကြုံခဲ့ရသော အဓိကအချက်များကို နေ့စဉ်မှတ်တမ်း ရေးသွင်းကြပါမည်။

**အဆင့်(၃)** – ဆရာက ကျောင်းသားများအား သူတို့၏လူမှုရေးလုပ်ငန်းအတွေ့အကြုံမှ သင်ယူခဲ့သောအကြောင်းအရာများကို ပြန်လည်သုံးသပ်ရန်နှင့် ထိုအတွေ့အကြုံများသည် စာသင်ခန်းမှသင်ခန်းစာနှင့် ဘယ်ပုံစံဆက်နွယ်မှုရှိကြောင်း စဉ်စားရန် အချိန်ယူတိုက်တွန်းအားပေးပါ။ ဥပမာ – ဆရာက ကျောင်းသားများအား နှုတ်ဖြင့်အစီရင်ခံရန် အချိန်သတ်မှတ်ပေးပါ။ သူတို့လုပ်ခဲ့သမျှကို နံရံကပ်ကားချပ်၊ ပိုစတာများလုပ်ခိုင်းပါ။ (သို့မဟုတ်) သူတို့ကို တာဝန်ချပေးထားသော နေရာဌာနမှ အဖြစ်အပျက်အတွေ့အကြုံများကို နေ့စဉ်မှတ်တမ်းရေးသွင်းပြီး ထိန်းသိမ်းထားခိုင်းပါ။

**အဆင့်(၄)** – ဆရာက ကျောင်းသားများအား လူမှုရေးလုပ်ငန်းအတွေ့အကြုံမှရရှိလာသော အကြောင်းအရာများကို စစ်ဆေးအကဲဖြတ်သည့် စနစ်တစ်ခုချမှတ်ပေးရမည်။ လူမှုရေးလုပ်ငန်းအတွေ့အကြုံတွင် သစ္စာရှိရှိပါဝင်လုပ်ဆောင်ရန် မျှော်လင့်ပြီး၊ ကျောင်းသား၏လူမှုရေးဆောင်ရွက်မှုကို လက်ခံရရှိသောပုဂ္ဂိုလ်များအား အဆိုပါကျောင်းသား၏ ကြိုးပမ်းဆောင်ရွက်မှုကို မည်သို့အကဲဖြတ်ကြောင်းမေးရမည်။ သို့သော် အမှတ်ပေးရာတွင် လုပ်ငန်းခွင်မှ ကျောင်းသားသင်ယူရရှိသောအချက်အပေါ် အဓိကအကဲဖြတ်ရမည်။ ဥပမာ – ကျောင်းသား၏ကိုယ်တိုင်မှတ်တမ်းရေးသွင်းမှု အကြိမ်ပေါင်းနှင့် အဆင့်မီမှု၊ သူတို့၏အတွေ့အကြုံကို ကျောင်းသင်ခန်းစာနှင့် ဆက်စပ်မှုတို့အပေါ် အခြေခံပြီးအကဲဖြတ်ရမည်။

**ABC ကားချပ်**

ကြိုတင်ခန့်မှန်းနည်းမှုကွဲများနှင့် အခြားဆက်နွယ်နေသော နည်းလမ်းများသည် ကြိုတင်သိမြင်ခြင်း/ အသိပညာတည်ဆောက်ခြင်း/ စုစည်းခြင်းနည်းများနှင့် မည်ကဲ့သို့အံဝင်ဂွင်ကျဖြစ်ကြောင်းကို ကြည့်ကြစို့။ တစ်ဖက်စာမျက်နှာတွင် ဖော်ပြထားသည့်ကားချပ်သည် သင်၏ကိုယ်ပိုင်သင်ခန်းစာ lesson plan ကို ABC ညွှန်ကြားချက်အတိုင်း စီစဉ်ရေးဆွဲရာတွင် အထောက်အကူပေးနိုင်လိမ့်မည်။

|  |  |  |
|---|---|---|
| ကြိုတင်သိမြင်ခြင်း | အသိပညာတည်ဆောက်ခြင်း | စုစည်းခြင်း |
| ခြုံငုံသုံးသပ်ခြင်း<br>သိပြီး–သိလို–သိလာ | | |
| | နှစ်ယောက်တွဲ စာဖတ်ခြင်း<br>နှစ်ယောက်တွဲ အကျဉ်းချုံးခြင်း | တန်ဖိုးမျဉ်း<br>အမြန်ရေးချနည်း |
| ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော<br>မေးခွန်းသင်ပုန်း<br>မေးခွန်းရှာဖွေခြင်း | | |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ<br>ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>စဉ်းစား၊ တွဲ၊ ဖလှယ် | | |
| | လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း | |
| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း<br>နှင့်ကားချပ်<br>ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ | | ဇာတ်ကောင်မြေပုံ<br>စဉ်းစား၊ တွဲ၊ ဖလှယ် |
| | သင်္ကေတမှတ်၍စာဖတ်ခြင်း | |
| | | ဂျစ်ဆော |
| စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများ<br>လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများ<br>ဘောပင်များကိုအလယ်မှာချနည်း<br>လှည့်သွား–လိုက်ပြော | | |
| | တစ်ကောင်နေ သုံးကောင်ပျံ | |
| | | ပညာရှင်များငြင်းခုံဆွေးနွေးခြင်း |
| ပြဿနာတစ်ခုကိုလဲလှယ်ခြင်း | | |
| | | ဆွေးနွေးခန်းများတွင် အထူးကျွမ်းကျင်မှုများ |
| | အပြန်အလှန်မေးမြန်းခြင်း<br>စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း<br>အပြန်အလှန်သင်ကြားခြင်း | |
| ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း | | ဖလှယ်စုံးစမ်းခြင်း<br>ဆွေးနွေးပွဲကွန်ယက်<br>စကားရည်လုပွဲများ<br>နောက်ဆုံးစကားပြောခွင့်ပေးပါ |
| သတင်းအချက်အလက်ရှာဖွေနည်း | | |
| | | လူမှုရေးလုပ်ငန်းလက်တွေ့လုပ်ခြင်း<br>ဖြင့်သင်ယူခြင်း |

# ဆဋ္ဌမကျောရိုးသင်ခန်းစာ – လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်း

ဤသင်ခန်းစာသည် လက်ခံနိုင်ဖွယ်ဖြစ်အောင်ရေးသားထားသည့်စာကို ဖတ်ရှုခြင်း၊ ရေးသားခြင်းဖြင့် ကျောင်းသားများ၏သင်ယူမှုကို ကူညီရန်နည်းလမ်းပေးသည်။ လက်ခံနိုင်ဖွယ်ဖြစ်အောင် စာရေးခြင်းခေါင်းစဉ်ကို မိတ်ဆက်ပေးပြီးနောက် ကျောင်းသားများကို ဤဆက်သွယ်နည်းမျိုးနှင့်ရင်းနှီးစေရန် လက်ခံနိုင်ဖွယ်ဖြစ်အောင်ရေးသည့် စာနမူနာကို စိစစ်ဝေဖန်သုံးသပ်ရန် လက်ခံနိုင်ဖွယ်ဖြစ်အောင်ရေးသည့် စာနမူနာကို စစ်ဆေး ကြည့်ရှုခြင်းဖြင့် သင်ခန်းစာကိုအစပြုထားသည်။ ထို့နောက် သူတို့သည်လက်ခံနိုင်ဖွယ်ဖြစ်အောင် ရေးသားထားသည့် စာများ၏ရေးသားနည်းနှင့်ပုံစံကို ဆွေးနွေးကြမည်။ နောက်ဆုံးတွင် သူတို့ကိုယ်တိုင် လက်ခံနိုင်ဖွယ် ဖြစ်အောင်ရေးသားထားသည့် စာတစ်ပုဒ်ကိုရေးသား၍ စစ်ချက်စံနှုန်းအသေးစိတ်အတိုင်းအကဲဖြတ်ကြမည်။ သင်ခန်း စာသင်ကြားစဉ် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုထားသည်။ အကြံဉာဏ်ထုတ်ခြင်း၊ သင်္ကေတတပ်နည်း၊ အချက်အလက်ပြစာရွက် (spec sheet) ပြုစုနည်း၊ မှတ်စုရေးရန် တီဇယား (T- Chart) အသုံးပြုနည်းနှင့် ကျောင်းသားအချင်းချင်း အကဲဖြတ်ရန် စည်းမျဉ်းအသုံးပြုနည်းများဖြစ်သည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။ ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။

## သင်ခန်းစာ



### ကြိုတင်သိမြင်ခြင်း

ဆရာက လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်းခေါင်းစဉ်ကို အောက်ပါအတိုင်းမိတ်ဆက်ပေးသည်။

**ဆရာ** – ဒီနေ့သင်မယ့်လုပ်ဆောင်နည်းဟာ မင်းတို့ရဲ့ဘဝတစ်လျှောက်လုံးမှာ အသုံးဝင်မယ့်ကျွမ်းကျင်မှုတစ်ခုပါဝင်တယ်။ ဆရာတို့ဟာ မနှစ်သက်တဲ့အခြေအနေမျိုးကို မကြာခဏတွေ့ကြုံရတတ်ပြီး ဒီအခြေအနေကိုပြောင်းလဲပစ်ဖို့ ဘာလုပ်နိုင်မလဲဆိုတဲ့ မေးခွန်းမျိုးကိုမေးတတ်ကြပါတယ်။ အချင်းချင်းအပြစ်တင်ညည်းတွားရုံနဲ့ မလုံလောက်ဘူး။ ပိုမိုထိရောက်တဲ့နည်းကတော့ တာဝန်ခံပုဂ္ဂိုလ်ကို တွေ့ဆုံစကားပြောခြင်း၊ အခြေအနေကိုပြောင်းလဲပေးနိုင်မယ့် ဩဇာအာဏာအနည်းငယ်ရှိသူနှင့် စကားပြောခြင်းဖြစ်ပါတယ်။ ထိုသူလက်ခံနိုင်အောင်ပြောနိုင်ရင် အကျိုးသက်ရောက်မှုရရှိနိုင်တယ်။ သို့သော် ဆရာတို့လုပ်နိုင်တဲ့ စွမ်းအားအကြီးဆုံးအရာတစ်ခုကတော့ စာရေးနိုင်တဲ့အရည်အချင်းဖြစ်တယ်။ လက်ခံနိုင်ဖွယ်ဖြစ်အောင်ရေးထားတဲ့စာဟာ ဆရာတို့ရဲ့အတွေးအခေါ်တွေကိုအချောကိုင်ပေးပြီး အဆိုပြုချက်တွေကို စဉ်းစားနိုင်စေရုံမက အနည်းဆုံးဆရာတို့ရဲ့တိုင်ကြားခြင်းကို သက်သေအဖြစ်ကျန်ရစ်စေတယ်။ တဆင့်တက်ပြီး တိုင်တန်းမယ်ဆိုရင်လည်း ဒီစာဟာအထောက်အထားအဖြစ်ရှိနေပါမယ်။

ဒီနေ့ လက်ခံနိုင်ဖွယ်ဖြစ်အောင်ရေးသားထားတဲ့စာနှစ်စောင်နဲ့ သင်ခန်းစာကိုစတင်ပါမယ်။ နှစ်ယောက်တစ်တွဲဖတ်စေချင်ပါတယ်။ ဒီစာတွေမှာ ထိရောက်မှုရှိစေတဲ့အချက်တွေဟာ ဘာလဲဆိုတာစဉ်းစားကြပါ။ (ထိရောက်မှုရှိတယ်လို့ပြောတာဟာ ကျောင်းသားတွေသူတို့ဖြစ်စေချင်တာကို ထိထိရောက်ရောက်ရေးထားလို့ဖြစ်ပါတယ်)။

အကြံဉာဏ်ထုတ်ခြင်းနည်းဟာ ရှေ့ပိုင်းမှာအသုံးပြုခဲ့တဲ့စဉ်းစားနည်းဖြစ်ပါတယ်။ မုန်တိုင်းတစ်ခုကို စဉ်းစားကြည့်ပါ။ လေတိုက်မယ်၊ ဖုံတွေလွင့်မယ်၊ မိုးသည်းသည်းရွာမယ်။ မင်းတို့ရဲ့အကြံဉာဏ်တွေကို ဒီနည်းအတိုင်းပေါ်လာစေချင်တယ်။ အကြံဉာဏ်တွေပေါ်လာတဲ့အခါရေးချပါ။ စာရင်းတွေ၊ ဝါကျစာကြောင်းတွေ၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့လက်ရာကိုအသုံးပြုပြီးတော့ ဒီပေးစာနှစ်စောင်ကို ထိရောက်စေတဲ့အရာကဘာတွေလည်းဆိုတာရေးချပါ။ (ဆရာက ထိုပေးစာနှစ်စောင်၏မိတ္တူများကို ကျောင်းသားနှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့သို့ဝေပေးပါ။ ဤအရာကိုလုပ်ဆောင်ရန် ဆရာက (၅)မိနစ်၊ (၆)မိနစ်ခန့် အချိန်သတ်မှတ်ပေးပါ)

**ပေးစာ (၁)**

Ms. Hernandez ခင်ဗျား၊

ကျွန်တော်တို့အနေဖြင့် ကျောင်းဝတ်စုံကို မဝတ်ဆင်သင့်ကြောင်း ကျွန်တော်ထင်မြင်ယူဆသောကြောင့် ဤစာကိုရေးလိုက်ပါသည်။ ဝတ်စုံဝတ်ခိုင်းခြင်းတွင် ကောင်းသည့်အချက်များရှိကြောင်း ကျွန်တော်သိပါသည်။ ဆင်တူဝတ်စုံဝတ်ခြင်းဖြင့် တစ်ယောက်ထက်တစ်ယောက် ပိုကောင်းသည့်အဝတ်အစားမဝတ်သောကြောင့် ဂုဏ်ပြိုင်မှုလျော့နည်းစေကြောင်း အချို့ယုံကြည်ကြပါသည်။ ထို့ပြင်အချို့က ကျောင်းသားများကျောင်းဝတ်စုံဝတ်ခြင်းဖြင့် အဝတ်အစားအပေါ် အာရုံစိုက်မှုလျော့နည်းပြီး၊ သူတို့သင်ယူရမည့်ကျောင်းသင်ခန်းစာကို ပိုမိုအာရုံစိုက်နိုင်ကြောင်း ယုံကြည်ကြပါသည်။

ဤသို့ပြောကြားသောသူများသည် လူကြီးများဖြစ်ပြီး ကျောင်းသားများ အမှန်တကယ်စဉ်းစားနေသည့်အရာကိုမသိကြပါ။ ကျောင်းသားအချင်းချင်းပြိုင်ဆိုင်တတ်ကြသည်ကား မှန်၏။ အချို့ ဆံပင်ပုံစံပိုလှကြောင်း၊ အချို့အပြုံးပိုလှကြောင်း၊ အချို့သီချင်းဆိုသံကပိုသာယာကြောင်း ကျွန်တော်တို့သိပါသည်။ ဤအရာများသည် ပင်ကိုယ်အရည်အချင်းများဖြစ်ကြသည်။ သို့သော် ကျွန်တော်တို့အကြိုက်နှင့် လိုက်ဖက်သောအဝတ်အစားများကို ဝတ်ဆင်ခွင့်ရလျှင် ကျွန်တော်တို့၏ပင်ကိုယ်အလှကိုဖော်ပြနိုင်ပြီး ကျွန်တော်တို့မပြောင်းလဲပစ်နိုင်သည့်အရာများကို အချင်းချင်းနှိုင်းယှဉ်ခြင်းမှလည်း ရှောင်ကြဉ်နိုင်ကြပါမည်။

နံနက်တိုင်း ကျောင်းသွားရန်ပြင်ဆင်သည့်အခါ ကျွန်တော့်ကိုယ်ကျွန်တော် ကျောင်းဝတ်စုံဝတ်ထားသောစက်ရုပ်တစ်ရုပ်အဖြစ် ခံစားရပါသည်။ ဤကျောင်းသည် ကျွန်တော်တို့၏မတူညီမှုများနှင့် အရည်အချင်းအမျိုးမျိုးကို တန်ဖိုးထားသည့်ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ ကျွန်တော်တို့၏အရည်အချင်းများကို ကျွန်တော်တို့၏အဝတ်အစားများဖြင့် ဘာကြောင့်ဖော်ထုတ်မပြသင့်တာလဲ။ အချို့ကျောင်းသားများသည် ကျောင်းဝတ်စုံနှင့်လိုက်ပါသည်။ သို့သော် ကျောင်းသားအချို့တွင် ဖုံးကွယ်ထားလိုသည့် ကိုယ်အင်္ဂါရှိကြပါသည်။ ဤလုပ်ပိုင်ခွင့်ကို မပေးသင့်ဘူးလား။

ဤပေးစာကို ဆရာမကြီးအနေဖြင့် အလေးအနက် အရေးတယူဂရုစိုက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အနည်းဆုံး ကျောင်းဝတ်စုံမဝတ်ရန်အခွင့်အရေးကို ကျွန်တော်တို့လိုလားကြောင်း၊ ဤစာကို ရေးရာတွင် အတန်းတစ်တန်းလုံးမှ ကျောင်းသားအများစု၏ကိုယ်စား ကျွန်တော်ပြောဆိုနေခြင်းဖြစ်ကြောင်း သိပါသည်။ ဤအချက်ကို လက်တွေ့စမ်းသပ်ကြည့်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းတာဝန်ပေး၍ ကျွန်ုပ်တို့စိတ်ကြိုက်အဝတ်အစားများဝတ်ဆင်ခြင်းဖြင့် ကျောင်း၏အခြေအနေကို အနုတ်သဘော (အပျက်သဘော) မှ ပြောင်း မပြောင်းစောင့်ကြည့်ခိုင်းနိုင်ပါသည်။

လေးစားစွာဖြင့်၊
xxx

**ပေးစာ (၂)**

Mr. Mfume ခင်ဗျား၊

ဆရာသိပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့၏အတန်းသည် ပတ်ဝန်းကျင်အကြောင်းကို လေ့လာလျက်ရှိပြီး၊ ဤကမ္ဘာဂြိုလ်အား သက်တမ်းပိုမိုကြာရှည်ခံအောင် သံယံဇာတပစ္စည်းများကို မည်သို့အသုံးပြုသင့်ကြောင်းရှာဖွေရန်တာဝန်ပေးထားပါသည်။ ထိုသို့ပြုနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်သည့်နည်းလမ်းတစ်ခုမှာ ကျွန်ုပ်တို့ကျောင်းသားများ နေ့လယ်စာစားသောက်ချိန်တွင် စွန့်ပစ်သောအစားအစာများကို အမှိုက်ကျင်းတွင်သဘာဝမြေသြဇာလုပ်နည်းဖြစ်ပါသည်။ သဘာဝမြေသြဇာလုပ်ခြင်းသည် ကျွန်ုပ်တို့၏စားကြွင်းစားကျန်များမှအမှိုက်များကို ကျွန်ုပ်တို့အတန်းကပြုလုပ်ရန်စီစဉ်နေသည့် ကျောင်းဥယျာဉ်အတွက် မြေသြဇာအဖြစ်ပြောင်းလဲအသုံးပြုနိုင်ကြောင်း ကျောင်းသားငယ်များအား အဖိုးတန်သင်ခန်းစာအဖြစ်သင်ပေးနိုင်သည်။

ကျောင်းသားငယ်များသည် နေ့စဉ်နေ့လယ်စာစားသောက်ပြီးသောအခါ အသီးအနှံများ၏အစေ့များနှင့်အခွံများကို အမှိုက်ပုံးထဲသို့ အလွယ်တကူပစ်ထည့်ကြပါသည်။ အခြားကျောင်းသားများက သူတို့ယူလာသည့် အစားအစာများကို စား၍မကုန်သဖြင့် စားကြွင်းစားကျန်များအား အမှိုက်ပုံးတွင်ထပ်၍ ပစ်ထည့်ကြပါသည်။ ဤစားကြွင်းစားကျန်များသည် ထိုအမှိုက်ပုံးတွင် စက္ကူများ၊ မြန်မြန်မပုပ်သိုးလွယ်သောအခြားဝတ္ထုပစ္စည်းများနှင့်အတူ အချိန်ကြာမြင့်စွာစုပုံနေပြီး နောက်ဆုံးတွင်မပုပ်မသိုးနိုင်သည့်အမှိုက်များနှင့် ရောနှောစုပုံထားလိုက်ကြသည်။ ဤအမှိုက်များသည် အနံ့ဆိုးပစ္စည်းအဖြစ်ရှိနေမည့်အစား အကျိုးရှိသည့် အရာတစ်ခုခုအဖြစ်ပြောင်းလဲနိုင်လျှင် မကောင်းပေဘူးလား။

ဒီအမှိုက်တွေကို ဘယ်လိုသိမ်းပြီး မြေဆွေးဖြစ်အောင်လုပ်ရမယ်ဆိုတာ ဆရာတို့စဉ်းစားနေကြောင်း ကျွန်ုပ်တို့သိပါသည်။ ကျွန်ုပ်တို့မှာ အစီအစဉ်တစ်ခုရှိပါတယ်။ ဒီဇီဝအမှိုက်တွေဟာ အနံ့ဆိုးနည်းနည်းထွက်မယ်ဆိုတာသိထားလို့ အဖုံးပါတဲ့အမှိုက်ပုံးကြီးကြီးတွေ များများရနိုင်အောင်တင်ပြထားပါတယ်။ ပြီးတော့ ဒီအမှိုက်ပုံးတွေကို အစိမ်းရောင်ဆေးသုတ်ပြီး၊ ကျွန်ုပ်တို့ဟာဒီကမ္ဘာကြီးရဲ့ပတ်ဝန်းကျင်စိမ်းစိုအောင် ပြုစုထိန်းသိမ်းမှုကို အထောက်အကူပြုကြောင်း လူတိုင်းမြင်သာပါမယ်။ ကျွန်ုပ်တို့အတန်းက အစိမ်းရောင်အသင်းက နေ့လည်စာစားပြီးနောက် အချိန်တိုတိုအတွင်း အမှိုက်ပုံးများကိုစုပြီး အပြင်ဘက်မြေဆွေးပြုလုပ်မည့်အပုံတွင်သွားထားကြမည်။ ဤအဖွဲ့က အမှိုက်ပုံးများကိုဆေးကြောပြီး နောက်တစ်နေ့အသုံးပြုရန် အဆင်သင့်ဖြစ်စေမည်။ အစိမ်းရောင်အသင်းမှကျောင်းသားများ တစ်လှည့်စီတာဝန်ယူလုပ်ဆောင်ခြင်းဖြင့် မည်သူမျှကျောင်းစာမပျက်အောင်စီစဉ်ရမည်။

ဆရာ့အနေဖြင့် ယခုအစီအစဉ်အကြောင်းကို စဉ်းစားပြီး၊ ကျွန်ုပ်တို့၏တင်ပြချက်ကိုလက်ခံရန် လျော့ပါးစေမည့် ကျွန်ုပ်တို့မစဉ်းစားမိသောအရာများ ရှိမရှိပြောကြားလိမ့်မည်ဟုမျှော်လင့်ပါသည်။

ဆရာ့ထံမှ ပြန်ကြားချက်ကို မျှော်လင့်ပါသည်။ ကျွန်ုပ်တို့နည်းတူ ဆရာလည်း ယခုအစီအစဉ်အကြောင်းစိတ်လှုပ်ရှားနေလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

လေးစားစွာဖြင့်
xxx

ကျောင်းသားများကပြောဆိုဆွေးနွေး၍ မှတ်စုရေးမှတ်ကြပါမည်။ ငါးမိနစ်ကြာပြီးနောက် ဆရာက ကျောင်းသားများကို တစ်မိနစ်ကျန်သေးကြောင်းသတိပေးပြီး အချိန်စေ့လျှင်အတန်းတစ်ခုလုံးကို နဂိုအစီအစဉ်အတိုင်း ပြန်စုရုံးခိုင်းပါ။

**ဆရာ** – ကဲ တပည့်တို့ ဘာတွေကိုတွေ့ရှိကြသလဲ။

ကျောင်းသားများကအကြံပြု၍ ဆရာကသူတို့၏အကြံဉာဏ်များကို သင်ပုန်းပေါ်တွင်ရေးချပါ။ ကျောင်းသားများက

ထိုစာများတွင် အောက်ပါအချက်များကို သတိပြုမိကြသည်။

- ❖ ကောင်းမွန်စွာစုစည်းမှု
- ❖ ကျိုးကြောင်းလျော်ညီမှု
- ❖ စာလုံးပေါင်းအမှားနှင့် သဒ္ဒါအမှားကင်းမှု
- ❖ ယုံကြည်လောက်အောင်တင်ပြနိုင်မှု
- ❖ အထောက်အထား အသေးစိတ်ပါဝင်မှု
- ❖ သူတို့လိုချင်သည့်အရာကို သူတို့သိပြီးခိုင်လုံသည့်အကြောင်းရင်းရှိမှု



## အသိပညာတည်ဆောက်ခြင်း

**ဆရာ** – ကဲ မင်းတို့ဖတ်ပြီးတဲ့စာတွေကို ပြန်ဆွေးနွေးကြစို့။ ဒီတစ်ကြိမ်မှာဒီစာတွေကို ပိုပြီးသေသေချာချာကြည့်ကြမယ်။ စာရဲ့ရည်ရွယ်ချက်ကို ဘယ်မှာဖော်ပြထားသလဲ။ ဖော်ပြချက်ကို ဖတ်ကြပါ။

**ကျောင်းသား** – ကျွန်တော်စာရေးရသည့်အကြောင်းမှာ ကျွန်တော်တို့အနေဖြင့် ကျောင်းဝတ်စုံကိုမဝတ်ဆင်သင့်ကြောင်း ထင်မြင်ယူဆသောကြောင့်ဖြစ်ပါတယ်။

**ကျောင်းသား** – ကျွန်ုပ်တို့လုပ်သင့်တယ်လို့ထင်တဲ့အရာတစ်ခုကတော့ နေ့လည်မုန့်စားချိန်မှာ ကျောင်းသားတွေစွန့်ပစ်တဲ့ စားကြွင်းစားကျန်တွေကို မြေဩဇာဖြစ်အောင် တစ်နေရာမှာစုပုံထားဖို့ ဖြစ်ပါတယ်။

**ဆရာ** – ပထမစာမှာတော့ သူမရဲ့ဆိုလိုရင်းကပိုရှင်းပါတယ်။ ဒုတိယစာမှာလည်း အဆိုကတော့ရှိတယ်။ ဆိုလိုရင်းက ဘယ်မှာပါသလဲဆိုတာကြည့်ကြပါ။ စာပိုဒ်ရဲ့အစပိုင်းမှာလား။ ဘာ့ကြောင့်လဲ။

**ကျောင်းသား** – ဘာကြောင့်လဲဆိုတော့ စာရဲ့ရည်ရွယ်ချက်ကို စာဖတ်သူသိစေချင်လို့ပါ။

**ကျောင်းသား** – အချိန်မကုန်အောင်လုပ်တာပါ။

**ကျောင်းသား** – စာရေးသူရဲ့ကျွမ်းကျင်မှုနဲ့ တိုက်ရိုက်ဖော်ပြမှုပါရှိလို့ပါ။

**ဆရာ** – ဟုတ်တယ်။ အဲဒီအကြောင်းရင်းတွေအားလုံးအတွက် စာရဲ့အဆုံးပိုင်းကိုကြည့်ကြစို့။ အဲဒီမှာ ဘာပြောထားသလဲ။

**ကျောင်းသား** – စာရေးသူက သူ့ရဲ့ဆိုလိုရင်းကို အကျဉ်းချုံးထားပါတယ်။

**ကျောင်းသား** – ပြီးတော့ တစ်ခုခုလုပ်ဖို့တောင်းဆိုထားပါတယ်။

**ဆရာ** – ကဲ အခု စာတစ်ပုဒ်လုံးမှာ အကြောင်းအရာနှစ်မျိုးရှာဖွေပြီး သင်္ကေတတပ်စေချင်ပါတယ်။ တစ်ခုကတော့ အချေအတင်ပြုစရာတွေကို သင်္ကေတရှာတပ်ဖို့ဖြစ်ပါတယ်။ ဆိုလိုတာကတော့ စာရေးသူရဲ့အဆိုပြုချက်ဖြစ်ပါတယ်။ ဒုတိယတစ်ချက်မှာ အဲဒီအချေအတင်ပြုစရာအဆိုကို အထောက်အကူပြုတဲ့အကြောင်းအရာတွေရှာပြီး သင်္ကေတရေးမှတ်ဖို့ဖြစ်ပါတယ်။ အောက်ကအဆိုကို စဉ်းစားကြည့်ကြပါ။ "ကျွန်ုပ်တို့ရဲ့စားကြွင်းစားကျန်တွေကို မြေဩဇာဖြစ်အောင်စုပုံခြင်းဖြင့် မြေဆီလွှာပိုကောင်းလာနိုင်ပြီး အမှိုက်ပုံကိုပို့တဲ့အမှိုက်တွေ လျော့နည်းသွားမယ်လို့ ကျွန်ုပ်တို့သရုပ်ပြခဲ့တဲ့အတိုင်း လာမယ့်တနင်္လာနေ့ကစပြီး ကျောင်းတစ်ကျောင်းလုံး စားကြွင်းစားကျန်တွေကို စတင်စုပုံကြဖို့

အကြံပြုကြပါတယ်။'' ဒီဝါကျမှာ အဓိကအချက်က ဘယ်မှာလဲ။

**ကျောင်းသား** – လာမယ့်တနင်္လာနေ့မှာ စားကြွင်းစားကျန်တွေကို စတင်စုပုံကြမယ်ဆိုတဲ့အချက်ပဲ။

**ဆရာ** – ဟုတ်တယ်။ စာရေးသူပြောချင်တဲ့အချက်ကအဲဒါပဲ။ စာရေးဆရာက သူ့ရဲ့အဆိုခိုင်လုံကြောင်း ဘာအထောက်အထားပြထားသလဲ။

**ကျောင်းသား** – မြေဆီလွှာပိုကောင်းပြီး အမှိုက်ပုံလျော့နည်းသွားမယ်ဆိုတဲ့ အချက်လို့ထင်ပါတယ်။

**ဆရာ** – ဟုတ်ပါတယ်။ အဲဒီအချက်တွေဟာ မြေသြဇာအဖြစ်စုပုံခြင်းက ရည်ရွယ်ချက်ဖြစ်ကြောင်း အထောက်အထားဖော်ထုတ်ပေးပါတယ်။ ပြောရရင် မြေဆီလွှာကောင်းစေခြင်းနဲ့ အမှိုက်ပုံလျော့နည်းခြင်းစတဲ့ အဆိုနှစ်ခုစလုံးကလည်း၊ အထောက်အထားနဲ့ ဖော်ပြရမယ့်အဆိုတွေဖြစ်နေပါတယ်။ ဒါပေမယ့် ဒီဝါကျမှာတော့ အဲဒီအချက်နှစ်ချက်ဟာ အထောက်အထားတွေဖြစ်နေပါတယ်။ ကဲ ယခုဒီစာကိုကြည့်ပြီး အချေအတင်ပြုစရာအဆိုတွေနဲ့ အထောက်အထားတွေကို သင်္ကေတပြုလုပ်ကြပါ။

> စာရေးသူရဲ့အချေအတင်ပြုစရာအဆို (သို့မဟုတ်) တင်ပြချက်ကိုတွေ့ရင် မှင်နဲ့ဝိုင်းထားလိုက်ပါ။
> အထောက်အထားဖော်ပြချက်ကိုတွေ့ရင် အောက်ကမျဉ်းသားပါ။

ထို့နောက်ဆရာကကျောင်းသားများ၏ ဆောင်ရွက်ထားချက်ကို ဆွေးနွေးပါ။

## စုစည်းခြင်း

**ဆရာ** – ကောင်းပြီ။ ဒို့သင်ယူပြီးတာတွေကို အကျဉ်းချုံးကြစို့။

**ကျောင်းသား** – ကျွန်တော်တို့အနေနဲ့  ဆိုလိုရင်းကိုရှင်းအောင်လုပ်ပြီး စာပိုဒ်အစပိုင်း (သို့မဟုတ်) အစပိုင်းနားမှာ ထည့်ဖို့လိုမယ်။

**ကျောင်းသား** – အဆိုကိုရှင်းရှင်းရေးပြီး အထောက်အထားနဲ့တကွ ဖော်ပြဖို့လိုမယ်။

**ကျောင်းသား** – စာပိုဒ်ရဲ့အဆုံးမှာ အဆိုကိုအကျဉ်းချုံးပြီး ဘာကိုလိုချင်သလဲဆိုတာ ပြောရမယ်။

**ဆရာ** – အရည်အသွေးအဆင့်ထိန်းတဲ့ ကျွမ်းကျင်သူတွေဟာ အချက်အလက်ပြစာရွက်(spec sheet)ကို မကြာခဏ အသုံးပြုလေ့ရှိကြတယ်။ လက်ခံနိုင်ဖွယ်ဖြစ်အောင်ရေးထားတဲ့စာအတွက် မင်းတို့သာအရည်အသွေးထိန်းသိမ်းသူ ဖြစ်ခဲ့ရင် မင်းတို့ဘာကိုရှာမလဲ။

**ကျောင်းသား** – ''စာရေးသူက အစပိုင်းမှာ သူ့ရဲ့ရည်ရွယ်ချက်ကိုဖော်ပြထားပြီး စာဖတ်သူရဲ့စိတ်ဝင်စားမှုကို ဆွဲဆောင်ဖမ်းကိုင်ထားပါတယ်။''

> ''စာရေးသူကခိုင်လုံတဲ့အကြောင်းရင်းတွေကိုဖော်ပြပြီး အထောက်အထားတွေကို နမူနာပေးထားပါတယ်''
> ''သူ့ရဲ့စာဟာ ကောင်းကောင်းစုစည်းမှုရှိပါတယ်''
> ''စာရေးသူဟာ ကန့်ကွက်အဆိုတွေကို မှတ်သားပြီး ဖြေဆိုရှင်းလင်းထားပါတယ်''
> ''လေသံကယုံကြည်မှုအပြည့်ရှိပါတယ်''

"စာရေးသူက သူ့ရဲ့အဆိုကိုနောက်ဆုံးပိုင်းမှာအကျဉ်းချုပ်ပြီး တစ်ခုခုလုပ်ဖို့တောင်းဆိုထားပါတယ်"

**ဆရာ** – ကဲ ယခု တကယ့်နမူနာကိုကြည့်ကြရအောင်။ ဒီနေရာကသိပ်မဝေးတဲ့မြို့တစ်မြို့မှာ မိန်းကလေးငယ်တစ်ယောက် လမ်းဖြတ်ကူးနေတုန်းကားတိုက်လို့ ဒဏ်ရာအကြီးအကျယ်ရတယ်။ ယာဉ်သွားယာဉ်လာများတဲ့လမ်းမှာ ယာဉ်တွေအရှိန်မလျှော့လို့ ဒီလိုကားတိုက်မှုဖြစ်တာဟာ ဒီတစ်ကြိမ်ကပထမဆုံးမဟုတ်ဘူး။ ကျောင်းနားကလမ်းထိပ်မှာလဲ ဒီလိုအခြေအနေမျိုးရှိနေတယ်။ ဒါနဲ့ပတ်သက်လို့ ဘာတွေလုပ်သင့်သလဲ။

**ကျောင်းသား** – ရဲအဖွဲ့ကို စာရေးရင်မကောင်းဘူးလား။

**ကျောင်းသား(၂)** – ဒါမှမဟုတ် မြို့ဝန်ကိုစာရေးလို့ရမလား။

**ကျောင်းသား(၃)** – ကျောင်းသားငယ်တွေအများကြီး ကျောင်းသွားဖို့လမ်းဖြတ်ကူးကြရလို့ မီးပွိုင့်ရဲအစောင့်ထားရင်ကောင်းမလား။

**ဆရာ** – နောက်တစ်ကြိမ် မင်းတို့နှစ်ယောက်တွဲလုပ်စေချင်တယ်။ ဒို့လမ်းထိပ်မှာ ဘာဖြစ်စေချင်တယ်ဆိုတာကို အရင်ဦးဆုံးစဉ်းစားပြီးမှ အဲဒီလိုတကယ်ဖြစ်လာအောင် ဘယ်သူလုပ်နိုင်မလဲဆိုတာ ဆက်စဉ်းစားကြပါ။

ကျောင်းသားများအနည်းငယ်ပြောဆိုဆွေးနွေးပြီး အောက်ပါအချက်များကို စာရွက်တစ်ရွက်ပေါ်ရေးချပါစေ။

၁။ ပြဿနာဟာဘာလဲ။

၂။ ဘယ်လိုဖြေရှင်းချက်ကို သင်အကြံပြုမလဲ။

၃။ ဒီဖြေရှင်းချက်ဖြစ်မြောက်အောင် ဘယ်သူလုပ်နိုင်မလဲ။

**ဆရာ** – စာရေးခြင်းကိုပြင်ဆင်တဲ့အနေနဲ့ မင်းတို့ရဲ့အတွေးတွေကိုစုစည်းဖို့ ဒီနေ့ T-chart ကိုအထောက်အကူအဖြစ်အသုံးပြုကြမယ်။ T-chart ဟာ အင်္ဂလိပ်စာလုံးကြီး T နဲ့တူပါတယ်။ T-chart ရဲ့တစ်ဖက်ခြမ်းမှာ မင်းတို့အကြံပြုတဲ့အကြောင်းအရာကို တစ်စုံတစ်ယောက်က မဖြစ်စေချင်တဲ့အချက်တွေ ရနိုင်သလောက်ရေးချမယ်။ နောက်တစ်ဖက်ခြမ်းမှာဒီကန့်ကွက်ချက်ကို မင်းတို့ကပြန်လည်တုံ့ပြန်မယ့်အချက်တွေရေးချမယ်။

ဆရာကသရုပ်ပြပါ။

**ဆရာ** – စာနမူနာတွေမှာ ဥပမာတွေရှာကြည့်ကြစို့။ ပထမစာမှာစာရေးသူက ဘယ်ကန့်ကွက်ချက်ကို ကြိုတင်မှန်းဆထားသလဲ။

**ကျောင်းသား(၁)** – ကျောင်းသားများအချင်းချင်းယှဉ်ပြိုင်မှုတွေ သိပ်ပြီးများလွန်းမယ်။

ဆရာက T-chart ၏လက်ဝဲဘက်ခြမ်းတွင် "ယှဉ်ပြိုင်မှုကို တွန်းအားပေးသည်" ဟုရေးချပါ။

**ကျောင်းသား(၂)** – ကျောင်းသားတွေက သူတို့ရဲ့အလုပ်တာဝန်ကိုစဉ်းစားသင့်ပါတယ်။ အဝတ်အစားကို မစဉ်းစားသင့်ဘူး။

**ဆရာ** – ကဲ ယခုလက်ယာဘက်ခြမ်းမှာ ဖြေရှင်းပေးမယ့်အချက်တွေကို ရေးချကြမယ်။ "ယှဉ်ပြိုင်မှုကို တွန်းအားပေးသည်" ဆိုတဲ့စာတမ်းဘေးမှာ ဒို့ဘာရေးချကြမလဲ။ ကျောင်းသားများဟာ ယှဉ်ပြိုင်နေကြပြီးသားပဲ။ ကျောင်းဝတ်စုံဝတ်ခိုင်းရုံနဲ့ ဘာမှမထူးဘူး။

ကဲ အခု ဒို့ရဲ့ပြဿနာကိုကြည့်ကြစို့။ ဖြစ်နိုင်ချေရှိတဲ့ကန့်ကွက်ချက်တွေကို T-chart ရဲ့လက်ဝဲဘက်ခြမ်းမှာ ရေးဖြည့်ပြီး အဲဒီကန့်ကွက်ချက်တွေကို တုံ့ပြန်မယ့်အချက်တွေကို လက်ယာဘက်ခြမ်းမှာ စတင်ရေးဖြည့်ကြပါ။ အိမ်စာအတွက်မင်းတို့စာတစ်စောင်ကိုရေးကြပါ။ မနက်ဖြန် အချက်အလက်ပြစာရွက်ကိုအသုံးပြုပြီး၊ ဒို့ရဲ့စာကို အကဲဖြတ်ကြမယ်ဆိုတာမမေ့ကြပါနဲ့။ ဆရာတို့အသုံးပြုမယ့် အချက်အလက်ပြစာရွက်မိတ္တူကို အောက်မှာဖော်ပြထားပါတယ်။

၁။ သင်စာရေးခြင်းရဲ့ရည်ရွယ်ချက်ပန်းတိုင်ကို ရှင်းရှင်းရေးပြီးပြီလား။ စာဖတ်သူရဲ့ အာရုံစူးစိုက်မှုရအောင် ဆုပ်ကိုင်ထားသလား။
၂။ သင်၏တောင်းဆိုချက်အတွက် ခိုင်လုံတဲ့အထောက်အထားများ ဖော်ပြထားသလား။
၃။ သင်၏စိတ်ကူးစိတ်သန်းများကို စနစ်တကျစီစဉ်ထားပြီးပြီလား။ အစီအစဉ်ကျသလား။
၄။ ဥပမာများနဲ့အချက်အလက်များက သင့်ရဲ့တောင်းဆိုမှုကို အထောက်အကူပြုသလား။
၅။ ပေါ်ပေါက်လာမယ့်ကန့်ကွက်ချက်တွေကို ဖြေဆိုထားသလား။
၆။ စာရဲ့တောင်းဆိုချက်လေသံဟာ ယုံကြည်စိတ်ချမှုရှိရဲ့လား။ လက်ခံနိုင်ဖွယ်ဖြစ်ရဲ့လား။
၇။ သင်ရဲ့အကျဉ်းချုပ်ရေးသားချက်ဟာ သင့်ဆိုလိုရင်းကိုခြုံငုံမိပြီး လက်တွေ့တစ်ခုခုလုပ်ဆောင်ဖို့တောင်းဆိုထားသလား။

**ဤတွင်သင်ခန်းစာပြီး၏။**

## သင်ခန်းစာကိုပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့် စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသားတစ်ဦးအဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား(သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသလား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ –** သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ်တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏ အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**အကြံဉာဏ်ထုတ်ခြင်း** – ကျောင်းသားများ၏ စိတ်ထဲပေါ်လာသမျှအကြံဉာဏ်များကို ဝေဖန်ခြင်းမပြုဘဲ စာရင်းပြုစုခိုင်းပါ။

**T-chart နည်း** – အကြောင်းအရာနှစ်မျိုးကို ဇယားဖြင့်စုစည်းဖော်ပြခြင်းဖြစ်သည်။ ဤဇယားတွင် အဆိုပြုချက်နှင့် ငြင်းဆိုချက်တို့ကို မှတ်တမ်းတင်ဖော်ပြသည်။

**သင်္ကေတရေးမှတ်နည်း** – ကျောင်းသားများက ဖတ်စာကိုဖတ်မည်။ (ဤနေရာတွင် ပေးစာများကိုဖတ်ရန်)၊ တစ်စုံတစ်ခုသောအကြောင်းကိုရှာဖွေရန် ဖတ်ကြမည်။ သူတို့ဖတ်ရှုရှာဖွေတွေ့ရှိသည့် ထူးခြားချက်အကြောင်းအရာများ၏ margin ဘေးနားတွင် သင်္ကေတရေးမှတ်ကြမည်။

**အချက်အလက်ပြစာရွက်** – ကျောင်းသားများပေးစာမရေးမီ ထိုပေးစာတွင်ပါဝင်ရမည့်အချက်အလက်အကြံဉာဏ်များကို ရှေးဦးစွာစာရင်းရေးမှတ်ကြရသည်။ ထိုစာရင်းသည် အသေးစိတ်ဖော်ပြချက်များရေးသားထားသည့် စာရွက်ဖြစ်သည်။ ကျောင်းသားများက ဤစာရွက်ကို ဤသင်ခန်းစာ၏နောက်ပိုင်း၌ ကျောင်းသားအချင်းချင်း ရေးသားထားသောစာများကိုအကဲဖြတ်ရာတွင် လမ်းညွှန်ချက် (သို့မဟုတ်) စံထားချက်များအဖြစ်အသုံးပြုကြမည်။

## နည်းလမ်းများ




### လက်ခံနိုင်ဖွယ်ဖြစ်အောင် စာရေးခြင်း

လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်းသည် တစ်မျိုးတည်းသော စာရေးနည်းမဟုတ်။ ဤသင်ခန်းစာတွင် ကျောင်းသားများအား လက်ခံနိုင်ဖွယ်ဖြစ်အောင် စာရေးခြင်းနည်းကိုရေးတတ်စေရန် အထောက်အကူပြုမည့်နည်း အတော်များများနှင့် စုပေါင်းဖော်ပြထားပါသည်။




**ကျိုးကြောင်းဆင်ခြင်မှု** – ဤစာအုပ်၏အစောပိုင်းတွင် ကျွန်ုပ်တို့တွေ့ရှိပြီးသည့်အတိုင်း အချေအတင်အငြင်းပွားဖွယ်ကိစ္စရပ်တစ်ခုတွင် တစ်ဖက်ကနေရာယူရပ်တည်ပြီး ထိုရပ်တည်မှုကို အထောက်အထားပြုမည့် သတင်းအချက်အလက်များဖြင့်တင်ပြခြင်းသည် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၏ လက္ခဏာအနှစ်သာရဖြစ်၏။ ဤအချက်သည် ပွင့်လင်းသောလူ့အသိုင်းအဝိုင်းတွင် ပါဝင်လုပ်ဆောင်မှုအတွက် အကျိုးရှိသောကြိုတင်ပြင်ဆင်မှုဖြစ်သည်။ လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်းသည် ဝေဖန်ပိုင်းခြားစဉ်းစားသူများအတွက် အရေးကြီးသောအရာဖြစ်၏။

အောက်ပါလက်တွေ့လုပ်ဆောင်ချက်သည် ဤစာအုပ်တွင်ဖော်ပြပြီးသော ဆွေးနွေးချက်များနှင့် အချေအတင်ငြင်းဆိုချက်နည်းဗျူဟာများမှ ရရှိလာခြင်းဖြစ်၏။




**အဖွဲ့အရွယ်အစား** – လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးနည်းကို အဖွဲ့အရွယ်အစားမရွေးတွင် လုပ်ဆောင်နိုင်သည်။



**လိုအပ်သောပစ္စည်းများ** – လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်းဖြင့် စာရေးနည်းအတွက် ကျောင်းသားတိုင်းမိမိတို့၏အကြံဉာဏ်များကို ရေးမှတ်ရန် စာရွက်၊ ခဲတံ၊ ဘောပင်များလိုအပ်သည်။



**လိုအပ်သောအချိန်** – ဤလက်တွေ့လုပ်ဆောင်ချက်ကို အတန်းစာသင်ချိန်တစ်ချိန်တည်းတွင် ပြီးအောင်လုပ်နိုင်သည်။ (သို့မဟုတ်) လက်တွေ့လုပ်ဆောင်ချက်အစိတ်အပိုင်းများကို စာသင်ချိန်အတော်များများတွင် အချိန်ခွဲ၍လုပ်ဆောင်နိုင်သည်။



### လက်တွေ့လုပ်ဆောင်ချက်

**အဆင့်(၁)** – ကျောင်းသားများတစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်ရန်အတွက် လက်ခံနိုင်ဖွယ်ဖြစ်အောင် စာရေးရာတွင်လိုအပ်မည့်အချိန်ကို ဆရာကပြောဆိုသတိပေးထားပြီး လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးနည်းကိုမိတ်ဆက်ပေးရမည်။

**အဆင့်(၂)** – ဆရာက သူကြိုတင်ရေးသားပြုစုထားသည့်ပေးစာနှစ်စောင်ကို ကျောင်းသားများအားပြသပါမည်။ ထိုပေးစာများကို ထိရောက်စေမည့်အရေးအသားများအား ကျောင်းသားများနှစ်ယောက်တွဲ၍ အကြံဉာဏ်ထုတ်ခြင်း

နည်းဖြင့် စာရင်းရေးသားပြုစုကြမည်။ ဤအဆင့်တွင် ငါးမိနစ် (သို့မဟုတ်) ခြောက်မိနစ်ခန့်အချိန်ကြာမြင့်ပါမည်။

**အဆင့်(၃)** – ကျောင်းသားများက လက်ခံနိုင်ဖွယ်ဖြစ်သည့် အရေးအသားများကို ဆရာ့အားပြမည်။ ထိုအချက်များကို ကျောင်းသားများအားလုံးမြင်တွေ့စေရန် ဆရာက သင်ပုန်းကြီးပေါ်တွင်ရေးချပါ။

**အဆင့်(၄)** – ဆရာက ကျောင်းသားများအား ထိုစာနှစ်စောင်ကို ဒုတိယအကြိမ်ပြန်ကြည့်ခိုင်းပါ။ ဤအကြိမ်တွင် ဆရာကပေးစာများထဲမှ ထူးခြားသောအချက်အလက်များကို ထောက်ပြပါ။ ပထမဆုံး သူတို့သည်ပေးစာ၏ရည်ရွယ်ချက်ကို ရှာဖွေကြလိမ့်မည်။

**အဆင့်(၅)** – ယခုအခါ ကျောင်းသားများသည် ထိုပေးစာနှစ်စောင်ကို ပြန်ဖတ်ပြီး ထူးခြားသည့်အချက်နှစ်ခုကို သင်္ကေတဖြင့်ရေးမှတ်ရန်ဖြစ်သည်။ (၁) **အခြေအတင်ငြင်းဆိုချက်များ** – ဤအချက်သည် စာရေးသူဖော်ပြလိုသော အရာဖြစ်သည်။ (၂) **အထောက်အထားအချက်အလက်များ** – ဤအချက်များသည် စာရေးသူ၏ဆိုလိုရင်း အကြောင်းအရာကို စာဖတ်သူလက်ခံနိုင်စေရန်၊ သဘောတူရန်အကျိုးအကြောင်းပြချက်၊ တင်ပြသောအရာများ ဖြစ်ကြ၏။

**အဆင့်(၆)** – ဆရာက ကျောင်းသားများ ယခုအထိသင်ယူပြီးသည့် လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးနည်း၏ အဓိက အချက်များကို အကျဉ်းချုံးပါ။

**အဆင့်(၇)** – ဆရာက ကျောင်းသားများရေးမည့် တကယ့်အဖြစ်မှန် နမူနာတစ်ခုပေးရမည်။ ကျောင်းသားများက စာဖတ်ပရိသတ်ကို အရင်ဆုံးစဉ်းစားရမည်။ ထို့နောက် ကျောင်းသားများရေးမည့်ပေးစာများကို စီစဉ်ရာတွင် လမ်းညွှန်မှုပေးမည့်မေးခွန်းများကို အတွဲလိုက်ပေးပါ။

> ပြဿနာက ဘာပြဿနာလဲ။
> သင်အကြံပြုသောဖြေရှင်းချက်က ဘာလဲ။
> ဒီဖြေရှင်းချက်အဖြေရအောင် ဘယ်လိုလုပ်မလဲ။

**အဆင့်(၈)** – ကျောင်းသားများက သူတို့၏အကြံဉာဏ်များကို စုဆောင်းရန် T-chart ကိုသုံးကြမည်။ T-chart သည် အင်္ဂလိပ်စာလုံးကြီး T နှင့်တူ၏။ ဒေါင်လိုက်မျဉ်းကြောင်း၏လက်ဝဲဘက်ခြမ်းတွင် လက်ခံဆောင်ရွက်ရန်တိုက်တွန်းချက်ကို ဆောင်ရွက်ခြင်းမပြုမည့်အကြောင်းပြချက်များအား ရေးသွင်းမည်။ လက်ယာဘက်ခြမ်းတွင် ပရိသတ်များအား မဖြစ်မနေလုပ်ဆောင်စေလိုသော အကြောင်းရင်းများကို ရေးချမည်။

**အဆင့်(၉)** – ကျောင်းသားများကပေးစာများကို အိမ်တွင်ရေးကြမည်။

**အဆင့်(၁၀)** – ကျောင်းသားများပေးစာမရေးမီ၊ သူတို့အနေနှင့် စာရေးခြင်းကိုအကဲဖြတ်ရန်လမ်းညွှန်ချက်များ (သို့မဟုတ်) အချက်အလက်ပြစာရွက်များကို ကြိုတင်ပေးထားပါ။ နောက်တစ်နေ့စာသင်ခန်းတွင်သူတို့ရေးသား ချက်ကိုအကဲဖြတ်ခိုင်းပါ။

## မှုကွဲများနှင့် အခြားဆက်နွယ်သောနည်းများ

### သင်ယူရန်စာရေးခြင်း (ကဏ္ဍ၊ ပရိသတ်၊ ပုံစံ၊ အကြောင်းအရာ) – RAFT

**ကျိုးကြောင်းဆင်ခြင်မှု –** RAFTသည် သင်ခန်းစာတစ်ခု၏ စုစည်းမှုအပိုင်းတွင် အသုံးပြုသောလက်တွေ့လုပ်ဆောင်ချက်ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် အပေါ်ယံလေ့ကျင့်ရုံသက်သက် စာရေးခြင်းအဆင့်မှကျောင်းသားများ တကယ့်အကြောင်းအရာကို ရေးသားခြင်းသို့ဦးတည်သည်။ ကျောင်းသားများတွင် စာရေးသားရသည့်ရည်ရွယ်ချက်ရှိမည်။ မည်သည့်ပရိတ်သတ်အတွက် ရည်ရွယ်ကြောင်းစိတ်တွင်ရှိမည်။ စာရေးသားခြင်းသည် ဆရာအတွက်နှင့် အမှတ်ရရန်ရေးသားခြင်းမဟုတ်။

| ကဏ္ဍ<br>(ဘယ်သူရေးနေသလဲ။) | ပရိသတ်<br>(ဘယ်သူဖတ်သလဲ။) | ပုံစံ<br>(ဘယ်လိုပုံစံလဲ။) | အကြောင်းအရာ<br>(ဘာအကြောင်းလဲ။) |
|---|---|---|---|
| | ဥပမာများ | | |
| တန်ဖေးနီးယားနိုင်ငံမှ ကျေးရွာသူများ | ရွာသူကြီး | ထုတ်ဖော်ပြောဆိုခြင်း | ရွာထဲမှာ ရေတွင်းတစ်တွင်း ရရှိလိုသည်။ |
| မျိုးပြုန်းလုနီးလင်းပိုင်ငါး | တံငါသည်များ | သီချင်းပုံစံ | ငါးဖမ်းလျှင်ငါးဖမ်းပိုက်ကိုသတိနှင့်ကိုင်တွယ်ကြပါ။ |
| သုံးနားညီတြိဂံ | ထောင့်မှန်တြိဂံ | အီးမေးလ် | ကျွန်ုပ်၏ပုံစံက သင်၏ပုံစံထက် ပိုမိုဆွဲဆောင်မှုရှိသည်။ |
| ဇာတ်ကောင် | အခြားဇာတ်ကောင် | ကဗျာပုံစံ | ငါ မင်းကိုသဘောကျတယ်။ ဘာကြောင့်လဲဆိုတော့ – |
| မဲဆန္ဒရှင် | နိုင်ငံရေးသမား | နံရံပေါ်တွင်ရေးခြစ်သောသရော်စာ | ကျွန်တော်ခင်ဗျားကိုစိတ်ဆိုးတယ်။ ဘာကြောင့်လဲဆိုတော့ – |
| ဝမ်းဗိုက် | ပါးစပ် | သံချပ်ပုံစံ | ကျန်းမာရေးအတွက်စားသုံးရမည့်အစားအစာများမှာ – |

**အဖွဲ့အရွယ်အစား –** ဤနည်းဗျူဟာကို အုပ်စုအရွယ်အစားမျိုးမျိုးနှင့် အသုံးပြုနိုင်သည်။ အတန်းထဲမှ ကျောင်းသားအဖွဲ့များတွင် ကျောင်းသားတစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးတွဲဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ၊ လုပ်ဆောင်နိုင်သည်။

**လိုအပ်သောပစ္စည်းများ –** ကျောင်းသားများသည် စာရွက်၊ ဘောပင်၊ ခဲတံများ လိုအပ်သည်။ RAFT နည်းကို စုစည်းခြင်းအပိုင်းတွင် အသုံးပြုလေ့ရှိသည်။

**လိုအပ်သောအချိန် –** ကျောင်းသားများ စာရေးရန် (၁၀) မိနစ်မှ မိနစ် (၃၀) ခန့်အချိန်လိုအပ်ပါမည်။

**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – ဆရာက RAFT နည်းကို လုပ်ခိုင်းပါ။ သာမန်အားဖြင့် စုစည်းခြင်းအပိုင်းတွင် လုပ်ခိုင်းရန်ဖြစ်သည်။ တခါတရံ သင်ခန်းစာထဲမှပေါ်ထွက်လာသောအခန်းကဏ္ဍကို ကျောင်းသားများအားလုပ်ဆောင်ခိုင်းနိုင်သည်။ သို့သော် အမျိုးမျိုးဖြစ်နိုင်သည်။ ကျောင်းသားများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ၊ စုပေါင်းသင်ယူသောအဖွဲ့ငယ်များအလိုက်ဖြစ်စေ စာရေးနိုင်သည်။ ကျောင်းသားများ မိမိ၏အခန်းကဏ္ဍများကို ရှာဖွေဖော်ထုတ်နိုင်ပြီးသည့်အခါ မိမိဘယ်သူဖြစ်ကြောင်း၊ မိမိဘာကိုနှစ်သက်ကြောင်း၊ စိတ်ခံစားချက်၊ ယုံကြည်သက်ဝင်မှု၊ သဘောထားနှင့်အခန်းကဏ္ဍအသစ်တွင် မိမိသိရန်လိုအပ်သည့်သတင်းအချက်အလက်များစသည်တို့ကိုစဉ်းစားသင့်သည်။

**အဆင့်(၂)** – ကျောင်းသားများက သူတို့၏သတင်းကို ဖတ်ရှုနားထောင်မည့်ပရိသတ်ကိုရွေးချယ်ရန်။

**အဆင့်(၃)** – ထို့နောက် ကျောင်းသားများသည် သူတို့၏အခန်းကဏ္ဍ၊ ပရိသတ်နှင့် အကြောင်းအရာအတွက် လျော်ညီမည့် စာရေးပုံစံမျိုးကို ရွေးချယ်ရမည်။

**အဆင့်(၄)** – ကျောင်းသားများသည် သူတို့၏သတင်းများကို ပုံနှိပ်ထုတ်ဝေမည့်အခွင့်အရေးရရှိရန်လိုသည်။ ဤအချက်မှာ အသံထွက်ဖတ်ပြခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း၊ အဖွဲ့ငယ်များတွင်ဝေမျှဖလှယ်ခြင်း၊ နံရံကပ်ကြော်ငြာသင်ပုန်းတွင်ရေးကပ်ထားခြင်း၊ အတန်းတွင်းထုတ်ဝေသောစာစောင်တွင်ရေးထည့်ခြင်း၊ မဂ္ဂဇင်းထုတ်ခြင်း၊ ပေးစာရေးပို့ခြင်း၊ စာရေးဆရာကုလားထိုင်တွင်ထိုင်၍ဖတ်ခြင်း စသဖြင့်လုပ်ဆောင်နိုင်သည်။

**အကဲဖြတ်စစ်ဆေးခြင်း –** ဆရာက အောက်ပါအချက်များကို စဉ်းစားသင့်သည်။

- ❖ ပါဝင်ရမည့်ကဏ္ဍနှင့်ပရိသတ်သည် ခေါင်းစဉ်အတွက်ဆီလျော်မှုရှိ မရှိ။
- ❖ ခေါင်းစဉ်အတွက် စာရေးမှုပုံစံသည်ဆီလျော်မှုရှိ မရှိ။ ဖြစ်နိုင်မည့်ပုံစံများမှာ – ပေးစာ၊ မှတ်စု၊ သရော်စာ၊ ကြေးနန်းစာ၊ ကြေညာစာတမ်း၊ အီးမေးလ်၊ နံရံကပ်စာစောင်၊ ကြော်ငြာစာ၊ အသနားခံလွှာ၊ ကဗျာ၊ ကြော်ငြာသင်ပုန်း၊ သတိပေးစာ၊ သတင်းဇာတ်လမ်း၊ နေ့စဉ်မှတ်တမ်း၊ လက်ကမ်းစာစောင်၊ စာစီစာကုံး၊ အစီရင်ခံစာ၊ အကျဉ်းချုပ်နှင့် အခြားပုံစံများ။
- ❖ သတင်းအချက်အလက်များသည် အဆက်အစပ်ရှိမရှိ။
- ❖ စာရေးပုံလက်ရာ
- ❖ ပါဝင်မည့်သတင်းအချက်အလက်များ ဆီလျော်မှုရှိ မရှိ (ခေါင်းစဉ်ကို အထောက်အကူပြုသည့်သတင်းအချက်အလက်များ )
- ❖ စာရေးခြင်းလုပ်ဆောင်စဉ် ကာလတစ်လျှောက် တိုးတက်မှုများကို အထောက်အထားအဖြစ်သိမ်းဆည်းထားသောမှတ်တမ်းဖိုင်တွဲတွင် RAFT နှင့် အခြားပေးစာနမူနာများထည့်ခြင်း။

## အခြားစာရေးနည်းများအပေါ်အာရုံစိုက်ခြင်း

**အမြန်ရေးချနည်း**

အမြန်ရေးချနည်းသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) မေးခွန်းတစ်ပုဒ်ကို တုံ့ပြန်ချက်ရေးရန် တစ်မိနစ် (သို့မဟုတ်) နှစ်မိနစ်၊ အလွန်ဆုံး ငါးမိနစ်ထက်မပိုဘဲ ရေးနိုင်သည့်အခွင့်အရေးတစ်မျိုးဖြစ်၏။ အထောက်အကူအဖြစ် ကျောင်းသားများအပြီးသတ်ရေးရန် အဆိုတစ်ပိုင်းတစ်စပေး၍ရေးခိုင်းတတ်သည်။ ကျောင်းသားများက မြန်မြန်ရေးပြီး

စာရွက်မှဘောပင်ကိုမခွာဘဲ တဆက်တည်းရေးရမည်။ တစ်နည်းဆိုသော် စူးစိုက်၍စဉ်းစားခြင်းဖြစ်သည်။ သူတို့ ရေးနေသောအကြောင်းအရာကို အာရုံစိုက်ရန်ဖြစ်ပြီး၊ သူတို့ဘယ်လိုရေးနေကြောင်းကို ဂရုစိုက်ရန်မလို။ ဆရာက ကျောင်းသားအနည်းငယ်ကိုခေါ်ပြီး၊ သူတို့ရေးထားပြီးသောအကြောင်းအရာများကို အခြားကျောင်းသားများအားဝေမျှဖလှယ်ခိုင်းရမည်။ အမြန်ရေးချနည်းကို ကြိုတင်သိမြင်ခြင်းအပိုင်းတွင်သော်လည်းကောင်း၊ စုစည်းခြင်းအပိုင်းတွင်သော်လည်းကောင်း အသုံးပြုနိုင်သည်။ အမြန်ရေးချနည်းကို သိပ္ပံဘာသာရပ်နှင့်သင်္ချာဘာသာရပ်အပါအဝင် မည်သည့်ဘာသာရပ်အတွက်မဆို အသုံးပြုနိုင်သည်။

## လက်တန်းစာအလွတ်ရေးနည်း

လက်တန်းစာအလွတ်ရေးနည်းသည် အမြန်ရေးချနည်းနှင့်တူသော်လည်း စာရေးချိန်ပို၍ များများရသည်။ ဆရာကကျောင်းသားများအား ခေါင်းစဉ်တစ်ခုအကြောင်းကို ရနိုင်သလောက်များများ (၅)မိနစ် (သို့မဟုတ်) (၁၀) မိနစ်ရေးခိုင်းပါ။ ထို့နောက် ဆရာက ကျောင်းသားများအား သူတို့ရေးလက်စအကြောင်းအရာကို အပြီးသတ်ရေးရန် အချိန်တစ်မိနစ်ထပ်ပေးပါ။ အမြန်ရေးချနည်းတူ စာရေးနည်းပုံစံ၊ စာလုံးပေါင်း၊ သဒ္ဒါမှန်မမှန် အဓိကမထားဘဲ အတွေးအခေါ်အကြံဉာဏ်ကိုသာ ဦးစားပေးဂရုစိုက်ရေးခိုင်းပါ။ ဤရေးနည်းကို မည်သည့်ဘာသာရပ်တွင်မဆို သုံးနိုင်သည်။ သူတို့ရေးထားသည့်စာများကို အချင်းချင်းဝေမျှဖလှယ်ရန် အခွင့်အရေးပေးပါ။ လက်တန်းစာအလွတ်ရေးနည်းသည် သာမန်အားဖြင့် စုစည်းခြင်းအပိုင်းတွင်လုပ်ရမည့်လုပ်ဆောင်ချက်ဖြစ်သော်လည်း ကြိုတင်သိမြင်ခြင်းအပိုင်းတွင်လည်း လုပ်ဆောင်နိုင်ပါသည်။

## နှစ်ပိုင်းပါမှတ်တမ်းရေးနည်း

နှစ်ပိုင်းပါမှတ်တမ်းရေးနည်းသည် ကျောင်းသားများအားနားလည်ရန် စာဖတ်ခွင့်ပေးပြီး၊ သူတို့ တွေ့ရှိချက်များကိုတုံ့ပြန်ချက်ပေးသောနည်းဖြစ်၏။ နှစ်ပိုင်းပါမှတ်တမ်းရေးရန် လွယ်ကူပါသည်။ ကျောင်းသားများက စာရွက်အလွတ်၏အလယ်ခေါင်တွင် ဒေါင်လိုက်မျဉ်းတစ်ကြောင်းရေးဆွဲမည်။ ထိုမျဉ်းကြောင်း၏ လက်ဝဲဘက်ခြမ်းတွင် ကျောင်းသားများအပေါ် ပြင်းပြင်းပြပြဖြစ်စေသော အကျိုးသက်ရောက်မှုကို ရေးဖြည့်ကြပါစေ။ လက်ယာဘက်ခြမ်းတွင် ထိုလက်ဝဲဘက်ခြမ်းမှာရေးထားသည့် အကြောင်းအရာအပေါ် ဝေဖန်အကြံပြုချက်များရေးဖြည့်ပါ။

### နှစ်ပိုင်းပါ မှတ်တမ်း – ဒီမိုကရေစီစာတမ်း

| ဖတ်စာမှရေးသွင်းချက် | ပြန်လည်စဉ်းစားခြင်း |
|---|---|
| နိုင်ငံသားများက သူတို့၏ခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်ကြသည်။ | အဘယ်ကြောင့် ကျွန်ုပ်တို့၏တိုင်းပြည်တွင် ထိုသို့မလုပ်ကြသလဲ။ |
| လူတိုင်းတူညီသောအခွင့်အရေးရရှိသည်။ | အမျိုးသမီးများရဲ့အခွင့်အရေးကဘယ်လိုလဲ။ ဆင်းရဲသားများကကော သူတို့မှာလုံးဝအခွင့် အရေးမရရှိသလိုပဲ။ ဒါကြောင့် ကျွန်ုပ်စိတ်ဆိုးဒေါသထွက်ပါတယ်။ |
| ပညာရေးသည် လူတိုင်းအတွက်လက်လှမ်းမှီရရှိနိုင်သည်။ | ဆင်းရဲသားတိုင်းတက္ကသိုလ်သွားနိုင်သည်။ ကျွန်ုပ်လည်းသွားနိုင်ပါလိမ့်မယ်။ |

ကျောင်းသားများကစာဖတ်ပြီး သူတို့၏စဉ်းစားချက်များကို မှတ်တမ်းရေးပြီးနောက် သူတို့၏အကြံဉာဏ်အချို့ကို ဝေမျှဖလှယ်ခိုင်းပါ။ အချို့အကြံဉာဏ်များသည် ရေးချရလောက်အောင် အဘယ်ကြောင့်အရေးကြီးကြောင်း မေးပါ။ ဒီလိုလုပ်ခြင်းဖြင့် ဘယ်လိုခံစားရသလဲ။ စာရေးသူက အဲဒီအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ သူ၏ခံစားချက်ကို ဘယ်လိုအသိပေးသလဲ။ ဤခေါင်းစဉ်နှင့်ပတ်သက်၍နောက်ထပ် သူတို့ဘာသတင်းအချက်အလက်တွေကို ကြိုက်နှစ်သက်ကြသလဲ။ ဘာကြောင့်နှစ်သက်ကြသလဲ။

သူတို့ ဖတ်စာထဲကရေးချသည့် အကြံဉာဏ်များနှင့် ထိုအချက်များအဘယ့်ကြောင့် အရေးကြီးကြောင်းကို ဆရာက အကြံဉာဏ်ဝေမျှဖလှယ်ပါ။ ဤပုံစံနမူနာသည် ဘာတွေကို ဆရာကဘယ်လိုစဉ်းစားနေကြောင်းကျောင်းသား

များအားပြသပေးသည်။

### သင်ယူမှုအခြေပြဇယား (Learning Log)

သင်ယူမှုအခြေပြဇယားသည် နှစ်ပိုင်းပါမှတ်တမ်းရေးနည်းနှင့် ဖွဲ့စည်းပုံခြင်းတူညီသည်။ အဓိကခြားနားချက်မှာနှစ်ပိုင်းပါမှတ်တမ်းရေးနည်းတွင် ကျောင်းသားများက သူတို့ဖတ်ရှုနားထောင်တွေ့ကြုံရသောအရာမှရရှိသည့် သတင်းအချက်အလက်များအပေါ် ပြန်လည်စဉ်းစားကြသော်လည်း၊ သင်ယူမှုအခြေပြဇယားတွင် ကျောင်းသားများက သင်ယူခြင်းဖြစ်စဉ်အပေါ် စဉ်းစားသုံးသပ်နေကြခြင်းဖြစ်သည်။ သင်ယူမှုအခြေပြဇယားကိုအသုံးပြုခြင်းဖြင့် ဆရာများသည် ကျောင်းသားများ၏အာရုံစူးစိုက်မှုကို မြှင့်တင်ပေးနိုင်သည်။ ထိုဇယားများသည် ကျောင်းသားများ ရည်ရွယ်ချက်ပန်းတိုင်များချမှတ်ခြင်း၊ အချိန်သတ်မှတ်ခြင်း၊ သူတို့တွေ့ကြုံနေရသည့် ပြဿနာများကိုဖော်ပြခြင်းနှင့် အောင်မြင်မှုများကိုရေးမှတ်ခြင်း ပါဝင်သောမှတ်တမ်းများဖြစ်သည်။ သင်ယူမှုအခြေပြဇယားရေးခြင်းဖြင့် အောက်ပါအကျိုးသုံးမျိုးရရှိသည်။

- ❖ ကျောင်းသားများသည် သူတို့မည်သို့သင်ယူကြောင်းနှင့် မည်သို့အကျိုးသက်ရောက်ကြောင်း သိရှိခြင်းဖြင့် သူတို့၏သင်ယူမှုအပေါ် ကာယကံရှင်ကိုယ်တိုင် တာဝန်ယူစေသည်။
- ❖ ကျောင်းသားများ သူတို့ဘာသင်ယူနေကြောင်းနှင့် ဘယ်လိုသင်ယူနေကြောင်း စဉ်းစားသည်။
- ❖ ကျောင်းသားများ၏ သင်ယူမှုအလေ့အထတွင် တိုးတက်မှုများ၊ အားကောင်းချက်များနှင့် လိုအပ်ချက်များကို သင်ယူမှုဇယားက ဖော်ပြသည်။

**သင်ယူမှုအခြေပြဇယား**

အစပြုသည့်ရက်သတ္တပါတ် ________________

| စတင်သည့်ရက်သတ္တပါတ် ရေးဖြည့်ပါ။ | အဆုံးသတ်သည့် ရက်သတ္တပါတ် ရေးဖြည့်ပါ။ | သင်၏လုပ်ဆောင်မှုကို ဝေဖန်သုံးသပ်ပါ။ |
|---|---|---|
| ဤရက်သတ္တပါတ်တွင် ဘယ်ဘာသာရပ်ကို လေ့လာမလဲ။ | ဤရက်သတ္တပါတ်အတွင်း ဘယ်ဘာသာရပ်ကိုလေ့လာ သင်ယူခဲ့သလဲ။ | ဘယ်အပိုင်းကိုအကောင်းဆုံး နားလည်သလဲ။ |
| အချိန်ဘယ်နှစ်နာရီကြာသင်ယူမလဲ။ ဘယ်တော့လဲ။ | အချိန်ဘယ်နှစ်နာရီကြာသင်ယူခဲ့သလဲ။ ဘယ်တုန်းကလဲ။ | သင့်အတွက် ဘယ်အပိုင်းက ပြဿနာတက်သလဲ။ |
| ဘယ်သူနဲ့အတူသင်ယူမလဲ။ | ဘယ်သူနဲ့အတူသင်ယူခဲ့သလဲ။ | စုပေါင်းသင်ယူမှု ဘယ်အပိုင်းက အကောင်းဆုံးလုပ်ဆောင်နိုင်သလဲ။ |
| ဘယ်သင်ယူမှုနည်းဗျူဟာများကိုသုံးမလဲ။ | ဘယ်သင်ယူမှုနည်းဗျူဟာများကို အသုံးပြုခဲ့သလဲ။ | ဘယ်သင်ယူမှုနည်းဗျူဟာများက အကောင်းဆုံးလုပ်ဆောင်နိုင်သလဲ။ |

သင်ယူမှုအခြေပြဇယားသည် ကျောင်းသားများသင်ယူရာတွင် မိမိကိုယ်ကို ပြန်လည်စဉ်းစားသုံးသပ်ခြင်း ဆက်လက်လုပ်ဆောင်နိုင်ရန် နည်းလမ်းပေးသည်။ ကျောင်းသားများအား ရက်သတ္တပါတ်တိုင်း သူတို့သင်ယူခဲ့သည့်အကြောင်းအရာများ၊ မေးလိုသည့်မေးခွန်းများနှင့် အဖွဲ့လိုက်အောင်မြင်မှုရရှိရန် လုပ်ဆောင်ချက်များကို ပြန်သုံးသပ်ခိုင်းပါ။ အဓိကသဘောတရားနှင့် ဝေါဟာရအသစ်များကိုလည်း မှတ်တမ်းတင်နိုင်သည်။

**ABC ကားချပ်**

ရှေ့ကဖော်ပြခဲ့ပြီးသောနည်းများ၊ မှုကွဲများနှင့် အခြားဆက်နွယ်နေသည့်နည်းလမ်းများသည် ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်း၊ စုစည်းခြင်း လမ်းညွှန်ချက်တွင်ဘယ်လိုအံဝင်ဂွင်ကျဖြစ်ကြောင်း ကြည့်ကြစို့။ တစ်ဖက်စာမျက်နှာတွင်ဖော်ပြထားသည့် ဇယားကားချပ်သည် ဤလမ်းညွှန်စာအုပ်ပါနည်းလမ်းများကို ABC - လမ်းညွှန်ချက်အသုံးပြု၍ သင်၏သင်ခန်းစာပြင်ဆင်မှုတွင် အထောက်အကူပေးလိမ့်မည်။

|  |  |  |
|---|---|---|
| **ကြိုတင်သိမြင်ခြင်း** | **အသိပညာတည်ဆောက်ခြင်း** | **စုစည်းခြင်း** |
| ခြုံငုံသုံးသပ်ခြင်း<br>သိပြီး–သိလို–သိလာ → | | |
| | နှစ်ယောက်တွဲစာဖတ်ခြင်း<br>နှစ်ယောက်တွဲအကျဉ်းချုံးခြင်း | တန်ဖိုးမျဉ်း<br>အမြန်ရေးချနည်း |
| ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော → | | |
| မေးခွန်းသင်ပုန်း → | | |
| မေးခွန်းရှာဖွေခြင်း → | | |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ<br>ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>စဉ်းစား၊ တွဲ၊ ဖလှယ် | | |
| | လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း | |
| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း →<br>နှင့်ကားချပ်<br>ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ | | ဇာတ်ကောင်မြေပုံ<br>စဉ်းစား၊ တွဲ၊ ဖလှယ် |
| | သင်္ကေတမှတ်၍စာဖတ်ခြင်း | |
| | | ဂျစ်ဆော |
| စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများ → | | |
| လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများ → | | |
| ဘောပင်များကိုအလယ်မှာချနည်း → | | |
| လှည့်သွား–လိုက်ပြော | | |
| | တစ်ကောင်နေ သုံးကောင်ပျံ → | |
| | | ပညာရှင်များငြင်းခုံဆွေးနွေးခြင်း |
| ပြဿနာတစ်ခုကိုလဲလှယ်ခြင်း → | | |
| | | ဆွေနွေးခန်းများမှ<br>အထူးကဏ္ဍများ |
| | အပြန်အလှန်မေးမြန်းခြင်း<br>စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း<br>အပြန်အလှန်သင်ကြားခြင်း | |
| ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း၊<br>လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း → | | |
| | | ဖလှယ်စုံးစမ်းခြင်း<br>ဆွေးနွေးမှုကွန်ယက်<br>စကားရည်လုပွဲများ<br>နောက်ဆုံးစကားပြောခွင့်ပေးပါ |
| သတင်းအချက်အလက်ရှာဖွေနည်း → | | |
| | | လူမှုရေးလုပ်ငန်းလက်တွေ့လုပ်ခြင်း<br>ဖြင့်သင်ယူခြင်း |
| လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်း → | | |
| | | ကဏ္ဍ၊ ပရိသတ်၊ ပုံစံ၊ အကြောင်းအရာ |

# သတ္တမမြောက်ကျောရိုးသင်ခန်းစာ – အချေအတင်အဆိုများကိုနားလည်ခြင်း

ဤသင်ခန်းစာသည် ရေးထားသည့်အချေအတင်အဆိုတစ်ရပ် (သို့မဟုတ်) ဟောပြောသည့် အချေအတင်အဆိုတစ်ရပ်ကို ကျောင်းသားများအမှီလိုက်နားလည်နိုင်ရန် နည်းလမ်းကိုပြပေးသည်။ ဤတွင် ဖော်ပြထားသော နည်းဗျူဟာများသည် ကျောင်းသားများအား အချေအတင်အဆိုကို ခွဲခြမ်းစိတ်ဖြာတတ်ရန်၊ ယုတ္တိရှိ မရှိ စမ်းသပ်စစ်ဆေးရန်နှင့် ပြန်လည်ချေပချက်များတည်ဆောက်ရန် အကူအညီဖြစ်စေလိမ့်မည်။ ကြိုတင်သိမြင်ခြင်းအတွက် ဝေါဟာရကိုအာရုံစိုက်ရန် ဤစာအုပ်၏ရှေ့ပိုင်းတွင် အသုံးပြုခဲ့သော **စဉ်းစား၊ တွဲ၊ ဖလှယ်** နည်းနှင့် တွဲဖက်၍ **M ကားချပ်**ကိုအသုံးပြုမည်။ ဒုတိယပိုင်းဖြစ်သည့် အသိပညာတည်ဆောက်ခြင်းတွင် ဤသင်ခန်းစာသည် **အချေအတင်အဆိုများကိုသင်္ကေတတပ်နည်း (text coding arguments)** ကိုအသုံးပြုပါမည်။ တတိယပိုင်းဖြစ်သည့် စုစည်းခြင်းအတွက် **စာပေအရေးအသားပုံစံစိစစ်နည်း**မှ မေးခွန်းမေးနည်းကို အသုံးပြုပါမည်။

ဤသင်ခန်းစာအတွက်ဖတ်စာသည် "ဆေးလိပ်သောက်သူများအတွက် ကြားနာကြစို့" "Let's Hear It for Smokers" ဟူ၍ဖြစ်သည်။ သို့သော် ဤသင်ခန်းစာရှိလုပ်ငန်းစဉ်အဆင့်များကို အများလက်ခံနိုင်ဖွယ်ဖြစ်အောင် ရေးသားထားသောစာများနှင့် သတင်းအချက်အလက်များပါဝင်သောစာများအတွက်လည်း အသုံးပြုနိုင်သည်။ ဤသင်ခန်းစာကို အဋ္ဌမတန်းကျောင်းသားများအတွက် ပြုလုပ်စီစဉ်ထားသော်လည်း အဋ္ဌမတန်းအောက်အတန်းများနှင့် အဋ္ဌမတန်းအထက်အတန်းများတွင်လည်း အသုံးပြုနိုင်သည်။

## ဤသင်ခန်းစာကို ဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။ ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေ့ရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။

## သင်ခန်းစာ



### ကြိုတင်သိမြင်ခြင်း

**သင်ခန်းစာကို ကြိုတင်လေ့လာခြင်း၊ စဉ်းစား၊ တွဲ၊ ဖလှယ်နည်း**နှင့် **M-ကားချပ်**တို့ကို ဆရာက သင်ခန်းစာထဲမှခပ်တိုတိုတစ်ခန်းကိုဖတ်ပြီး၊ ထိုအခန်းမှအဓိကဝေါဟာရစာလုံးဖြင့် ကျောင်းသားများကို အာရုံစိုက်လာအောင်လုပ်ပါ။ ပြောဆိုဆွေးနွေးခန်းသည် အောက်ပါအတိုင်းဖြစ်ပါမည်။

**ဆရာ** – ဒီနေ့ ဆေးလိပ်သောက်ခြင်းအကြောင်းရေးထားတဲ့ စာတစ်ပုဒ်ကိုဖတ်ကြမယ်။ ဒီခေါင်းစဉ်အကြောင်းအရာနဲ့ပတ်သက်လို့ မင်းတို့ရဲ့အမြင်ကိုသုံးပြီး အစပြုကြစို့။ စီးကရက်သောက်ခြင်းကို ပိတ်ပင်တားမြစ်သင့်တယ်လို့ထင်မြင်ယူဆကြသလား။ အဲဒီမေးခွန်းကိုဖြေဖို့ အချိန်အနည်းငယ်ယူပြီး စဉ်းစားကြပါ။ မင်းတို့ရဲ့အမြင်တွေကို ရေးချထားနိုင်ပါတယ်။ (ကျောင်းသားများစဉ်းစား၍ရေးချစဉ် ဆရာက တစ်မိနစ်ခန့်ရပ်နားထားပါ။ )

**ဆရာ** – ကဲ အခု မင်းတို့ရဲ့ဘောနားကလူဘက်လှည့်ပြီး အမြင်အယူအဆတွေကို ဝေမျှဖလှယ်ကြပါ။ ခဏလောက် ကြာရင် တစ်တန်းလုံးရှေ့မှာ မိမိဆန္ဒအလျောက်ဝေမျှဖလှယ်မယ့်သူတစ်ချို့ကို ဖိတ်ခေါ်မယ်။ (ကျောင်းသားများ အချင်းချင်းအမြင်အယူအဆ ဝေမျှဖလှယ်ကြရန် ဆရာက နောက်ထပ်အချိန်တစ်မိနစ်ခန့်ရပ်နားပါ)။ ကဲ ယခုအတွဲ သုံးတွဲဆီက ဝေမျှဖလှယ်မှုကို ကြားနာကြပါစို့။ မင်းတို့ ဘာစဉ်းစားတယ်ဆိုတာရယ်၊ ဘာကြောင့် ဒီလိုထင်မြင်ယူဆ တယ်ဆိုတာရယ် ပြောပြကြပါ။

**ကျောင်းသား(၁)** – ဟုတ်ကဲ့။ စီးကရက်သောက်ခြင်းကို ပိတ်ပင်တားမြစ်သင့်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟာ လူတွေအတွက် ဆိုးကျိုးဖြစ်စေပါတယ်။ ဖျားနာစေပါတယ်။ လူတွေကို ဖျားနာစေမယ်ဆိုတာသိထားလျက်နဲ့ အဲဒါကို ခွင့်ပြုခြင်းဟာ အဓိပ္ပါယ်မရှိဘူး။

**ဆရာ** – ကျေးဇူးတင်ပါတယ်။ တခြားအမြင်မတူတာများရှိသေးသလား။

**ကျောင်းသား(၂)** – လူအများကဆေးလိပ်သောက်နေကြပြီး ဆေးလိပ်ဖြတ်ဖို့ခက်တဲ့အတွက် ဆေးလိပ်သောက်ခြင်းကို တားမြစ်ဖို့မလွယ်ပါဘူး။ သန်းပေါင်းများစွာသောလူတွေဟာ ဆေးလိပ်သောက်နေကြပါတယ်။ လူပေါင်းဒီလောက် များများသောက်နေတဲ့အရာကို ဘယ်လိုပိတ်ပင်တားမြစ်နိုင်မလဲ။

**ဆရာ** – ကောင်းပါပြီ။ အခုဒီလောက်နဲ့လုံလောက်ပြီ။ နောက်အချိန်အနည်းငယ်အတွင်းမှာ ဒီအကြောင်းကို ဒို့လေ့ လာကြမယ်။ အခု ဆရာကစီးကရက်သောက်ခြင်းနဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ရဲ့အဆုံးပိုင်းက အဆိုတိုတိုတစ်ခု ကိုဖတ်ပြမယ်။ ဆေးလိပ်သောက်ခြင်းအပေါ် စာရေးသူက ဘယ်ရှုထောင့်ဘက်ကရပ်တည်တယ်ဆိုတာကြည့်ကြပါ။

ဆရာကဖတ်ပြပါစေ။ "ဆေးရွက်ကြီး စိုက်ပျိုးသူများ၏ပျော်ရွှင်ချမ်းသာမှုကို ပျက်ဆီးစေပြီး ဆေးလိပ်သောက် သူများ၏ကိုယ်ရေးကိုယ်တာကိစ္စမှာ ဝင်ရှုပ်တဲ့အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများ ကိုယ့်ကိုယ် ကိုရှက်သင့်ကြသည်။" ဒီနေရာမှာ စာရေးသူဟာ ဘယ်ရပ်တည်မှုမျိုးမှာရှိသလဲ။

**ကျောင်းသား(၃)** – စာရေးသူဟာ ဆေးလိပ်သောက်ခြင်းကို ထောက်ခံအားပေးတဲ့ဘက်မှာရှိပါတယ်။

**ကျောင်းသား(၄)** – ဒါမှမဟုတ် စာရေးသူဟာ အနည်းဆုံးဆေးလိပ်သောက်ခြင်းတားမြစ်ရေးကို ဆန့်ကျင်ပါတယ်။

**ဆရာ** – ဟုတ်တယ်။ စာရေးသူဟာ ဆေးရွက်ကြီးစိုက်ပျိုးသူများရဲ့အခွင့်အရေးနဲ့ ဆေးလိပ်သောက်ခွင့်ကို ကာကွယ် ပြောဆိုနေပါတယ်။ ဒါပေမယ့် ယခုအဲဒီစာရေးဆရာအသုံးပြုတဲ့ဝေါဟာရတွေကို ပြန်ပြီးတော့အာရုံစိုက်ကြည့်ကြရ အောင်။ အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများဆိုတဲ့ ဝေါဟာရတွေကိုကြည့်ပါ။ ဒီဝေါဟာရ တွေဟာ တစ်စုံတစ်ယောက်ဘက်က ထောက်ခံရပ်တည်ပြောတဲ့ ဝေါဟာရမျိုးဟုတ်သလား။

**ကျောင်းသား(၅)** – ဟင့်အင်း မဟုတ်ဘူး။ ဒီဝေါဟာရတွေဟာ အနုတ်သဘောနဲ့မထောက်ခံတဲ့ သဘောဆောင် ပါတယ်။

**ဆရာ** – ဒါဆိုရင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်တားမြစ်လိုကြသူများက သူတို့ကိုယ်သူတို့ ခေါ်ဆိုဖို့အပြုသဘော ဆောင်တဲ့ဝေါဟာရတွေက ဘာတွေလဲ။ ဆိုလိုတာကတော့ ဒီလူတွေဟာ သူတို့ကိုယ်သူတို့ ဘယ်လိုခေါ်ကြမလဲ။

**ကျောင်းသား(၆)** – သန့်ရှင်းသောလေထုအတွက် ကြိုးပမ်းလှုပ်ရှားသူများ။

**ကျောင်းသား(၇)** – ကျန်းမာရေးစောင့်ရှောက်သူများ။

**ဆရာ** – ကောင်းတယ်။ ဒို့မှာ တယူသန်၊ နိုင်လိုမင်းထက်ပြုသူဆိုတဲ့ အနုတ်သဘောအသုံးအနှုန်းဝေါဟာရတွေရှိတယ်။ ပြီးတော့ သန့်ရှင်းတဲ့လေထုအတွက် ကြိုးပမ်းလုပ်ရှားသူများနဲ့ ကျန်းမာရေးစောင့်ရှောက်သူများဆိုတဲ့ အပြုသဘော ဝေါဟာရတွေလဲရှိတယ်။ ဒီဝေါဟာရတွေထဲကတချို့ကို သင်ပုန်းကြီးပေါ်မှာရေးချကြည့်ကြစို့။ (ဆရာက မြေဖြူသင်ပုန်း ပေါ်တွင် M-ကားချပ် ရေးဆွဲပါ။ ) ဒို့ပြောဆိုဆွေးနွေးနေတဲ့လူတွေအတွက် ဘက်မလိုက်တဲ့ဝေါဟာရက ဘယ်လိုဝေါဟာရ ဖြစ်မလဲ။

| အပြုသဘော | ဘက်မလိုက် | အနုတ်သဘော |
|---|---|---|
| | | |

**ကျောင်းသား(၈)** – ဆေးလိပ်သောက်ခြင်းကို ဆန့်ကျင်ရေးလှုပ်ရှားသူများဆိုရင်ကော ဘယ်လိုလဲ။

**ဆရာ** – ဟုတ်တယ်။ ဒါလဲအလုပ်ဖြစ်မှာပါ။ (ဆရာက M-ကားချပ်ပေါ်တွင် ဝေါဟာရများကို ရေးရမည်)

| အပြုသဘော | ဘက်မလိုက် | အနုတ်သဘော |
|---|---|---|
| သန့်ရှင်းသောလေထုအတွက် လှုပ်ရှားသူများ။ ကျန်းမာရေး စောင့်ရှောက်သူများ။ | ဆေးလိပ်သောက်ခြင်းကို ဆန့်ကျင်လှုပ်ရှားသူများ။ | အစွန်းရောက်သူများ။ တယူသန်များ။ နိုင်လိုမင်းထက်ပြုသူများ။ |

**ဆရာ** – စိတ်ဝင်စားစရာကောင်းတယ်မဟုတ်လား။ စာရေးသူက ဝေါဟာရရွေးချယ်ရုံမျှနဲ့ အကြောင်းအရာတစ်ခုအပေါ် အပြုသဘော (သို့မဟုတ်) အနုတ်သဘောစိတ်သဘောထားကို ဖော်ပြနိုင်တယ်။ အခုဆက်ပြီး စာရေးဆရာက ရပ်တည် ချက်တစ်ခုအတွက် ပိုပြီးစနစ်တကျဖြစ်အောင် ချေပပြောဆိုခြင်းကို ကြည့်ကြစို့။ ဒီလိုရေးထားတဲ့ချေပပြောဆိုချက်ကို ဖတ်တဲ့အခါ ဆရာတို့ရှာဖွေနေတဲ့အစိတ်အပိုင်းတွေကို အဓိကထားသင်မယ်။ အဲဒီနောက် စီးကရက်သောက်ခြင်း အကြောင်းဆောင်းပါးအပြည့်အစုံမှာ အဲဒီအချက်အလက်တွေကို ဒို့ရှာဖွေကြမယ်။



## အသိပညာတည်ဆောက်ခြင်း

ယခု ဆရာက ကျောင်းသားများအား အချေအတင်ငြင်းခုံခြင်းဆိုင်ရာ အချက်အလက်များကို ညွှန်ကြားပြရန် ဖြစ်သည်။

ဆရာက အောက်ပါမေးခွန်းများကို မြေဖြူသင်ပုန်းပေါ်တွင်ရေးချပါ။

ဤစာတမ်းတွင်ဖော်ပြသည့် အဓိကမေးခွန်းမှာ အဘယ်နည်း။
ဘယ်လိုအဖြေမျိုးပေးသလဲ။
ထိုအဖြေကို အထောက်အကူပြုသည့် အကြောင်းပြချက်များကား အဘယ်နည်း။
အကြောင်းရင်းတစ်ခုစီကို အထောက်အကူပြုသော သက်သေအထောက်အထားကား အဘယ်နည်း။
ဘယ်အကြောင်းရင်း (သို့မဟုတ်) အချက်အလက်များကျန်သွားသလဲ။ မေးခွန်းရဲ့တခြားအဖြေတစ်ခုကို အထောက်အကူပြုမယ့် ဘယ်လိုအချက်များကျန်သွားသလဲ။
ဘယ်အချက်တွေကို ယုံယုံကြည်ကြည် လက်ခံရမလဲ။
ဘယ်လိုအားရှိသော စကားလုံးကြီးကြီးတွေ သုံးထားသလဲ။ တန်ဖိုးဖြတ်တဲ့စကားလုံးအဖြစ် ဘယ်လိုဟာ တွေကိုသုံးထားသလဲ။
စဉ်းစားနိုင်သမျှစဉ်းစားပြီးနောက် အကြောင်းပြချက်များက နိဂုံးချုပ်အဖြေအတွက် ကျိုးကြောင်းခိုင်လုံရဲ့လား။

**ဆရာ** – ဒါတွေဟာ ဘာဆိုလိုတယ်ဆိုတာကြည့်ကြစို့။ အဓိကဆိုလိုရင်းကတော့ ဘာအယူအဆ (သို့မဟုတ်) ဘာပြဿနာတွေအကြောင်း ရေးထားတယ်ဆိုတာပါပဲ။ အဲဒီအချက်အလက်ကိစ္စကို စာရေးသူကအချေအတင်အဆိုပြုမှာဖြစ်တယ်။

**ကျောင်းသား(၉)** – ခေါင်းစဉ်တစ်ခုနဲ့ပတ်သက်လို့ ဘယ်လိုခံစားတယ်ဆိုတာမပြောဘဲ အဲဒီခေါင်းစဉ်ကိုအမည်ပေးခြင်းလို့ဆိုလိုသလား။

**ဆရာ** – ဟုတ်တာပေ့ါ။ ကဲ ယခု အဖြေကိုကြည့်ကြစို့။ ဒါဟာ အဆိုတင်ပြချက် (claim) လို့လဲခေါ်နိုင်တယ်။ ဒါဟာ မေးခွန်းအပေါ် စာရေးသူရဲ့ရပ်တည်ချက်ပဲ။

**ကျောင်းသား(၁၀)** – စာရေးသူက သူဘယ်လိုခံစားရတယ်ဆိုတာကို ဖော်ပြနေပါတယ်။

**ဆရာ** – အဲဒါမှန်ပါတယ်။ ဒါပေမယ့် အဲဒါစိတ်ခံစားချက်ထက်ပိုရမယ်။ စာရေးသူက သူကာကွယ်ပြောဆိုနေတဲ့ အကြောင်းအရာရဲ့အဖြေ (သို့မဟုတ်) တင်ပြချက်ကို အထောက်အထားပြသင့်တယ်။ အထောက်အထားဆိုတာဟာ အဖြေတစ်ရပ် (သို့မဟုတ်) တင်ပြချက်(claim) တစ်ခုကို အထောက်အကူပြုတဲ့အဆို (သို့မဟုတ်) အဆိုပေါင်းစုတစ်ရပ်ကို ဆိုလိုပါတယ်။

**ကျောင်းသား(၁၁)** – အထောက်အကူပြုတယ်ဆိုတာ ဘာကိုဆိုလိုသလဲ။

**ဆရာ** – ဒို့ကို တစ်စုံတစ်ခုအပေါ် ယုံကြည်လာအောင် (သို့မဟုတ်) တစ်ခုခုကို လုပ်ဆောင်လာအောင် အကြောင်းပြချက်ဖြစ်ပါတယ်။ ဥပမာတစ်ခုပေးမယ်။ မင်းတို့ညီလေးတစ်ယောက် အိမ်တစ်ဖက်ခြမ်းမှာ ရောက်နေတယ်ဆိုပါစို့။ သူက ရုတ်တရက် “လာကြပါအုံး” လို့ အော်ခေါ်တဲ့အခါ မင်းတို့ကအလုပ်များနေပြီး မသွားချင်ဘူး။ “ဘာဖြစ်တာလဲ” လို့မေးမယ်။ သူက “ဒီလာစေချင်လို့ပါ” လို့ပြောမယ်။ ဒီလိုပြောရုံနဲ့ မလုံလောက်ဘူး။ “ဒီတော့ မင်းတို့က ဘာကြောင့်လာစေချင်တာလဲ” လို့မေးမယ်။ သူက “ကျွန်တော့်ဦးခေါင်းပြူတင်းပေါက်မှာညပ်နေလို့” ဆိုပြီးပြန်ပြောတယ်။ အဲဒီတော့ သူ့ဆီကိုမင်းတို့သွားတယ်။

**ကျောင်းသား(၁၂)** – ဒါပေမယ့် သူ့ဦးခေါင်းက ပြူတင်းပေါက်မှာညပ်မနေဘူးဆိုပါတော့။ ဒါဟာ ကျွန်တော့်ရဲ့ညီလေးပြောတတ်သလို မမှန်တဲ့အကြောင်းပြချက်ဖြစ်ပါတယ်။

**ဆရာ** – ဟုတ်တယ်။ တခါတရံ ဒို့ဟာ အကြောင်းရင်းတစ်ခုအတွက်အထောက်အထားကို တောင်းဆိုလေ့ရှိတတ်ပါတယ်။

**ကျောင်းသား(၁၂)** – ကျွန်တော်ကတော့ မင်းရဲ့ဦးခေါင်းဟာ ပြူတင်းပေါက်မှာညပ်နေရင် မင်းရဲ့အသံကို ငါဘယ်လိုလုပ်ပြီးကြားနိုင်မှာလဲလို့ပြောမယ်။

**ဆရာ** – ဟုတ်တယ်။ ဒါဟာ ဥပမာကောင်းတစ်ခုဖြစ်တယ်။ ပြီးတော့ တစ်ချို့စာရေးဆရာတွေဟာ မင်းတို့ရဲ့ညီလေးက တခါတရံ မင်းတို့ကိုလှည့်ဖျားပြောဆိုသလိုပဲ အစပိုင်းမှာဟုတ်တော့မလိုနဲ့ ဒို့မယုံကြည်ထိုက်တဲ့ အကြောင်းအရာတွေကို အချေအတင်ပြောဆိုတတ်ကြတယ်။ သူတို့ဒီလိုလုပ်တတ်တာကို နည်းသုံးမျိုးနဲ့ကြည့်ကြစို့။ တစ်နည်းကတော့ ထင်မြင်ချက်အနေနဲ့ မဟုတ်တဲ့အချက်အလက်အဖြစ် တင်ပြတတ်ကြတယ်။ ဥပမာ–ဆောင်းပါးတစ်ပုဒ်မှာ “နာမည်ကြီးဆရာဝန်များက ကျွန်ုပ်တို့၏ဆေးကိုအသုံးပြုရန် သဘောတူကြသည်” ဟုဆိုထားအံ့။ သို့သော် ထိုဆောင်းပါးက ဆရာဝန်များ၏နာမည်များကိုမဖော်ပြခြင်း (သို့မဟုတ်) လေးစားလောက်တဲ့သုတေသနအဖွဲ့လုပ်ငန်းကို မညွှန်းဆိုခြင်းစတဲ့အချက်တွေကြောင့် ထိုအဆိုကို ခိုင်လုံသောအထောက်အထားအဖြစ် မယူသင့်ပါဘူး။ အခြားဉာဏ်ဆင်မှုတစ်မျိုး

ကတော့ အရေးကြီးတဲ့အချက်အလက်တွေကို ထိန်ချန်ထားခြင်းဖြစ်တယ်။ ဥပမာအားဖြင့် "လေ့လာတွေ့ရှိချက်တစ်ရပ်အရ မြို့ထဲတွင်ကိုယ်ခန္ဓာသေးငယ်သောအဖွားအိုဦးရေများလေလေ ရာဇဝတ်မှုများလေလေဖြစ်သည်။ ထို့ကြောင့် သေးငယ်သည့်အဖွားအိုအားလုံးကို ဖမ်းဆီးသင့်သည်" ဟူသော အဆိုဆောင်းပါးမျိုး ဖြစ်သည်။ အဲဒီမှာ ဘာမှားနေသလဲ။

**ကျောင်းသား(၁၃)** – အဲဒါမမှန်နိုင်ဘူး။

**ဆရာ** – ဟုတ်တယ် အဲဒါမမှန်ဘူး။ ဒါပေမယ့် ဘာကြောင့်မမှန်တာလဲ။ အဲဒီ အဆိုမှာဘာလိုအပ်နေသလဲ။

**ကျောင်းသား(၁၄)** – ကျွန်တော်သိတယ်။ မြို့ထဲမှာသေးငယ်တဲ့အဖွားအိုတွေများရင် လူဦးရေများမယ်။ လူဦးရေများရင် ရာဇဝတ်မှုများလာမယ်။ ခန္ဓာကိုယ်သေးငယ်တဲ့အဖွားအိုတွေက ရာဇဝတ်မှုတွေကိုဖြစ်ပေါ်စေတာမဟုတ်ဘူး။ လူတွေပိုများလာလို့ ရာဇဝတ်မှုပိုများလာခြင်းဖြစ်တယ်။ အဲဒီလူတွေထဲကတစ်ချို့လူတွေဟာ ရာဇဝတ်ကောင်တွေဖြစ်ဖို့သေချာတယ်။

**ဆရာ** – ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ဒို့တွေ့ရပြီ။ အဲဒီအဆိုမှာတစ်စုံတစ်ရာလိုအပ်နေတယ်။ ဒါဟာ ဒို့ကို စာရေးဆရာတွေလှည့်ဖျားနိုင်တဲ့ နောက်ထပ်နည်းတစ်မျိုး ဖြစ်တယ်။ နောက်တစ်နည်းကို စောစောက ဒို့စဉ်းစားခဲ့ကြသေးတယ်။ စာရေးသူက ဆေးလိပ်သောက်ခြင်းအကြောင်းကို ဖော်ပြနေတယ်ဆိုပါစို့။ ပြီးတော့ အစွန်းရောက်သူများ၊ တယူသန်များဆိုပြီး ဆေးလိပ်သောက်ခြင်းကို ကန့်သတ်လိုသူတွေအပေါ် ခေါ်ဝေါ်သုံးနှုန်းတတ်ကြပါတယ်။

**ကျောင်းသား(၁၅)** – ဒါဟာမတရားဘူး။

**ဆရာ** – မင်းပြောတာမှန်ပါတယ်။ အဲဒါဟာမတရားဘူး။ စာရေးဆရာတစ်ဦးဟာ ခိုင်လုံတဲ့အထောက်အထားမပြနိုင်ဘဲ သူ့ရဲ့သဘောထားကိုသယ်ဆောင်တဲ့ အားရှိတဲ့စကားလုံးကြီးကြီးတွေကိုသုံးထားရင် အချေအတင်မပြုဘဲ သူ့အဆိုကို လူတွေလက်ခံလာအောင် အတင်းပြုလုပ်ခြင်းဖြစ်တယ်။ ဒါကြောင့် အဲဒီလိုအားရှိတဲ့စကားလုံးကြီးကြီးတွေကို သတိထားပြီးဆင်ခြင်သင့်တယ်။ ပြီးတော့ နောက်ဆုံးအချက်အနေနဲ့ (ဆရာကဝေါဟာရစာရင်းထဲကနောက်ဆုံးဝေါဟာရကိုထောက်ပြပါ။) ဒို့ပြောဆိုဆွေးနွေးပြီးရင် စာရေးသူကယုံကြည်လောက်တဲ့ အဆိုပြုထားသလားဆိုတာကို ဆုံးဖြတ်ရမယ်။ ကဲ ယခု နှစ်ယောက်တစ်တွဲ "ဆေးလိပ်သောက်သူများအတွက်ကြားနာကြစို့"('Let's Hear It for Smokers!')ဆိုတဲ့ ဆောင်းပါးကိုဖတ်ကြပါ။

ဆောင်းပါးရဲ့လက်ဝဲဘက်ဘေးမှာ ဇယားပါသင်္ကေတအမှတ်အသားတွေ ရေးမှတ်ကြပါ။

| | |
|---|---|
| **Q** | မေးခွန်းက ဘာလဲ။ (question) |
| **A** | ပေးတဲ့အဖြေက ဘာလဲ။ (answer) |
| **R** | ဘာအကြောင်းပြချက်တွေ ပေးထားလဲ။ (reasons) |
| **E** | ဘာအထောက်အထားတွေ ဖော်ပြသလဲ။ (evidence) |
| **"F"** | ဘယ်အချက်တွေကို ယုံယုံကြည်ကြည် လက်ခံရမလဲ။ (facts) |
| **M** | ဘယ်သတင်းအချက်အလက်(သို့မဟုတ်)အဆိုများပျောက်နေသလဲ။(စာရွက်ဘေးမှာနံပါတ်ရေးပြီး ပျောက်နေသည့်အရာများ ရေးချပါ။ (missing) |
| **LW** | ဘယ်လိုအားရှိတဲ့ စကားလုံးကြီးကြီးတွေကို အသုံးပြုထားသလဲ။ (loaded words) |

ကျောင်းသားများက တစ်ဖက်ပါဆောင်းပါးကိုဖတ်ကြမည်။

## ဆေးလိပ်သောက်သူများအတွက် ကြားနာကြစို့။

ကမ္ဘာ့နေရာအနှံ့အပြားတွင် စီးကရက်သောက်ခြင်းကို ဆန့်ကျင်သောလှုပ်ရှားမှုများ ပိုမိုများပြားလာနေသည်။ အလုပ်ခွင်တွင်ဖြစ်စေ၊ အားလပ်ချိန်များတွင်ဖြစ်စေ ဆေးလိပ်သောက်ခြင်းကို နေရာအချို့နှင့်ခပ်ဝေးဝေးနေရာများတွင် ခွင့်ပြုထားဆဲဖြစ်သည်။ အချို့နေရာများတွင် ဆေးလိပ်ထုတ်လုပ်သူများကို ဆေးလိပ်ကြောင့်ဖြစ်ပေါ်စေသောရောဂါများအတွက် ဆေးဝါးကုသခကျခံရန်တရားစွဲဆိုကြသည်။ စီးကရက်ထုတ်လုပ်သူများ၏အခွင့်အရေးနှင့် ဆေးလိပ်သောက်သူများ၏အခွင့်အရေးကို တစ်စုံတစ်ယောက်က ကာကွယ်ပြောဆိုရန် အချိန်တန်ပြီ။ ဤနေရာတွင် ထိုအချက်ကို ကျွန်ုပ်တို့ဆောင်ရွက်မည်ဖြစ်သည်။ ရှင်းပြပါမည်။ ဆေးရွက်ကြီးထုတ်လုပ်မှုတွင် လူကောင်းအတော်များများပါဝင်ကြပြီး သူတို့၏ထုတ်ကုန်ကို လူကောင်းများစွာက နှစ်သက်သုံးဆောင်ကြ၏။ သူတို့၏အခွင့်အရေးများကို လေးစားသင့်သည်။ သူတို့ကို သွားမနှောင့်ယှက်ကြပါနှင့်။

တခါတရံ မီတာ (၂၀၀) ပတ်လည်အကျယ်အဝန်းမျှရှိတဲ့ မိသားစုဆေးရွက်ကြီး စိုက်ခင်းတစ်ခုကို စိတ်ကူးကြည့်ပါ။ စိုက်ခင်းရှင်မိသားစုသည် နေ့တိုင်းနေ့တိုင်း စိုက်ခင်းမြောင်းအတိုင်းလိုက်၍ တစ်မြေစီးချင်းပြုစုပျိုးထောင်ကြသည်။ ဆေးရွက်များအစွမ်းကုန်ကြီးထွားနိုင်ရန် ကလေးများပင်လျှင်ရွက်ဝါများကို ချွေချနိုင်ကြသည်။ ဆေးရွက်များကိုလက်ဖြင့်ခူးပြီး မြည်းတပ်လှည်းပေါ်တွင်အထပ်လိုက်တင်၊ ထို့နောက် ဆေးရွက်များကိုချိတ်ဆွဲပြီး အခြောက်လှမ်းကြသည်။ ဆေးရွက်ဆေးများကို မြို့ထဲတွင်လေလံတင်ရောင်းချပြီးသောအခါ ဆေးရွက်တောင်သူမိသားစုသည် လိုအပ်သောအရာများဝယ်ယူသုံးစွဲရန် ဝင်ငွေရရှိကြသည်။ သူတို့၏လက်ထဲမှငွေကို ယူပစ်ရက်ကြမည်လား။

ဆေးလိပ်သောက်သူကို စိတ်ကူးကြည့်ပါ။ အမျိုးသမီးငယ်တစ်ဦးသည် နံနက်စောစောမိုးမလင်းခင်၌ အလုပ်သွားရန်ရထားကို အမီလိုက်ရ၏။ ရထားဘူတာရောက်ချိန်နှင့်ရုံးတက်ချိန်အကြား ကော်ဖီတစ်ခွက်သောက်ပြီး စီးကရက်တစ်လိပ်ဖွာရန်(၁၅)မိနစ်ခန့်အချိန်ရသည်။ ထိုအလွန်တိုတောင်းသည့်ကာလအတွင်း သူမသည်သူမ၏လောကကို အုပ်စိုးခွင့်ရပြီး ငြိမ်းချမ်းမှုရရှိသည်။ သူမ၏ကျန်အချိန်များသည် အခြားသူတစ်ဦးဦးပိုင်ဆိုင်မည်။ ယခုအချိန်ကို ကော်ဖီတစ်ခွက်၊ စီးကရက်တစ်လိပ်ဖြင့် သူမတစ်ဦးတည်းပိုင်ဆိုင်သည်။ ထိုပျော်ရွှင်ချမ်းမြေ့မှုကိုလည်း သူမထံမှသိမ်းယူလိုက်မလား။

ဆေးရွက်ကြီးတောင်သူမိသားစုများ၏ ကောင်းကျိုးကိုပျက်ဆီးစေပြီး အလုပ်ကြိုးစားသောဤအမျိုးသမီးလိုပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာဘဝကို ကျူးကျော်ဝင်ရှုပ်သည့်အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများသည် မိမိတို့ကိုယ်ကို ရှက်သင့်ကြ၏။

ကျောင်းသားများက ဆောင်းပါးကိုဖတ်ရှုပြီး သင်္ကေတရေးမှတ်ပြီးနောက်၊ ဆရာက သူတို့ရေးမှတ်ထားသောအပိုင်းကိုဖတ်ပြခိုင်းပါ။

**ဆရာ** – မေးခွန်းကို ဘယ်သူရှာတွေ့သလဲ။

**ကျောင်းသား(၁၅)** – ကျွန်တော်တို့က ပထမစာပိုဒ်တစ်ခုလုံးကို မှတ်သားကြပါတယ်။ စာရေးသူက မဖော်ပြသော်လည်း ဆေးလိပ်သောက်သူများကို တားဆီးရန်သင့် မသင့်မေးခွန်းထုတ်ထားပါတယ်။

**ကျောင်းသား(၁၆)** – ပြီးတော့လည်း စီးကရက်ထုတ်လုပ်သူများကို အပြစ်ဒဏ်ပေးသင့် မပေးသင့်မေးထားပါသေးတယ်။

**ဆရာ** – ကောင်းတယ်။ ပြီးတော့ အဲဒီမေးခွန်းကိုစာရေးသူဘယ်လိုဖြေထားသလဲ။

**ကျောင်းသား(၁၇)** – သူတို့ဘာသာ အေးအေးဆေးဆေးလုပ်ကိုင်စေသင့်တယ်။

**ဆရာ** – သူတို့ဘာသာ အေးအေးဆေးဆေး နေခိုင်းဖို့လား။ စာရေးသူက အဲဒါကို ဘယ်လိုဆိုထားသလဲ။

**ကျောင်းသား(၁၈)** – ဒီလိုလဲမဟုတ်သေးပါဘူး။ လူတွေကို ဆေးရွက်ကြီးစိုက်ပျိုးရောင်းဝယ်ခွင့်ပြုသင့်ပါတယ်။ လူတွေကိုလည်းဆေးလိပ်သောက်ခွင့်ပြုသင့်တယ်။ စာရေးဆရာပြောတာတွေအားလုံးက အဲဒါပါ။

**ကျောင်းသား(၁၇)** – အဲဒီလောက်တော့ မဟုတ်ပါဘူး။

**ကျောင်းသား(၁၈)** – အဲဒါ မဟုတ်ဘူး။

**ကျောင်းသား(၁၉)** – ကျွန်တော်တို့က အကြောင်းရင်းအချက်နှစ်ချက်တွေ့ရှိတယ်။ တစ်ချက်က ဆေးရွက်ကြီးကို တောင်သူတွေရဲ့မိသားစုများ စိုက်ပျိုးတယ်ဆိုတာပဲ။

**ကျောင်းသား(၂၀)** – နောက်တစ်ချက်ကတော့ ဆေးလိပ်သောက်သူများက ဆေးလိပ်ကိုကြိုက်နှစ်သက်ပြီး သောက်သုံးတယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။

**ကျောင်းသား(၂၁)** – သူတင်ပြတဲ့အထောက်အထားဟာ သိပ်မခိုင်လုံဘူးလို့မထင်ကြဘူးလား။ သူတင်ပြတဲ့အထောက်အထားနှစ်ခုစလုံးဟာ သိပ်ပြီးယုံကြည်လက်ခံနိုင်စရာမရှိဘူး။

**ကျောင်းသား(၂၂)** – ဟုတ်တယ်။ စာရေးသူက တောင်သူရဲ့စိုက်ခင်းတစ်ခုကိုဖော်ပြတယ်။ ကောင်းတော့ကောင်းပါတယ်။ ဒါပေမယ့် – –

**ကျောင်းသား(၂၃)** – ဆေးရွက်ကြီးအများစုကို အဲဒီလိုနည်းနဲ့စိုက်ပျိုးတယ်လို့ဘယ်လိုလုပ်ပြီး ဒို့သိနိုင်မလဲ။ ဒို့အားလုံးသိတဲ့အတိုင်းဆေးရွက်ကြီးကို စိုက်ခင်းကျယ်ကြီးတွေမှာစိုက်ပြီး စက်နဲ့ရိပ်သိမ်းနိုင်တာပဲ။

**ကျောင်းသား(၂၄)** – ပြီးတော့ သူက ကော်ဖီတစ်ခွက်နဲ့စီးကရက်တစ်လိပ်ကိုပဲအဖော်ပြုနေရတဲ့ အမျိုးသမီးတစ်ယောက်ကိုလည်း တင်ပြထားတယ်။

**ကျောင်းသား(၂၅)** – ဒါဟာ အဓိပ္ပါယ်မရှိဘူး။ သူမဟာ စာကောင်းပေကောင်းဖတ်ခြင်းလို တခြားပျော်ရွှင်မှုတစ်ခုရှာဖွေသင့်တယ်။ စကိတ်စီးကစားသင့်တယ်။ ငှက်တွေကို အစာကျွေးတာမျိုးမှာ ပျော်ရွှင်မှုရှာသင့်တယ်။

**ဆရာ** – မင်းတို့အားလုံးတော်တော်မြင်တတ်ကြပါတယ်။ ကောင်းကြပါတယ်။ ဒီအချေအတင် အဆိုပြုချက်မှာလိုအပ်နေတာ ဘာတွေ့ရှိသေးသလဲ။

**ကျောင်းသား(၂၆)** – သူတို့က စီးကရက်ထုတ်လုပ်သူတွေအကြောင်းဘာမှမပြောကြဘူး။ စီးကရက်ထုတ်လုပ်ရောင်းချပြီး ဒေါ်လာသန်းပေါင်းများစွာကြွယ်ဝချမ်းသာနေတဲ့ ကုမ္ပဏီကြီးတွေကို သနားရမှာထက် တောင်သူမိသားစုကို ကိုယ်ချင်းစာဖို့ပိုပြီးလွယ်ကူပါတယ်။

**ကျောင်းသား(၂၇)** – စာရေးသူက ဆေးလိပ်သောက်သူ လူငယ်အကြောင်းဖော်ပြတယ်။ ဒါပေမယ့် ဆေးလိပ်သောက်သူငါးယောက်အနက် လေးယောက်ဆေးလိပ်ဖြတ်ချင်ကြပေမယ့် စွဲနေကြလို့မဖြတ်နိုင်ဘူးဆိုတာထည့်မဖော်ပြဘူး။ အဲဒီအချက်ကို ကျွန်တော်တစ်နေရာမှာဖတ်ဖူးတယ်။

**ကျောင်းသား(၂၈)** – ဆေးလိပ်သောက်ခြင်းကြောင့် ထိခိုက်ပျက်စီးတဲ့အကြောင်းတစ်ခုခုကို ဖော်ပြမထားဘူး။ စီးကရက်အတွက်ငွေအများကြီးကုန်ကျတယ်။ ပြီးတော့ ဆေးလိပ်စွဲပြီဆိုရင် ဆက်တိုက်ဝယ်သောက်နေရတယ်။

ဆေးလိပ်သောက်ခြင်းဟာ အဆုတ်ကင်ဆာနဲ့နှလုံးရောဂါကို ဖြစ်စေတယ်။ ဒီရောဂါတွေနဲ့နှစ်စဉ် လူသန်းပေါင်းများစွာ သေကြေပျက်စီးနေကြတယ်။

**ကျောင်းသား(၂၉)** – အားရှိတဲ့စကားလုံးကြီးကြီးတွေကိုလည်း ကျွန်တော်တို့မှတ်သားထားကြပါတယ်။ အဲဒီ စကားလုံးတွေဟာ အစပိုင်းမှာတွေ့ခဲ့တဲ့ အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများဆိုတာတွေ ဖြစ်ပါတယ်။

**ဆရာ** – ဒီစကားလုံးတွေက ဘယ်လိုနည်းနဲ့ထိခိုက်စေသလဲ။

**ကျောင်းသား(၂၉)** – ဆေးလိပ်သောက်ခြင်းကို ဆန့်ကျင်တဲ့လူတွေအကြောင်း ကျွန်တော်တို့ကောင်းကောင်းမသိပါ ဘူး။ သူတို့ဟာ အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများတော့ ဟုတ်မယ်မထင်ဘူး။ သူတို့ဟာ တစ်နေ့လုံးဆေးလိပ်သောက်တဲ့သူတွေနဲ့ ရုံးခန်းလေးတစ်ခုထဲမှာ အတူတူအလုပ်မလုပ်ချင်တဲ့သူတွေဖြစ်နိုင်ပါတယ်။ သူတို့ဟာ သူတို့ရဲ့လူနာတွေအကြောင်း စိုးရိမ်နေကြတဲ့ကျန်းမာရေးလုပ်သားတွေဖြစ်နိုင်ပါတယ်။ သူတို့ရဲ့လှုပ်ရှား ဆောင်ရွက်မှုကိုမသိဘဲနဲ့ သူတို့ကိုအစွန်းရောက်သူတွေ၊ နိုင်လိုမင်းထက်ပြုသူတွေလို့ မခေါ်သင့်ပါဘူး။

**ကျောင်းသား(၃၀) –** ဒါမှန်တယ်။ စာရေးသူကလက်မခံသည့်တိုင် ဆေးလိပ်သောက်ခြင်းကို လူတွေဘာကြောင့် ဆန့်ကျင်တယ်ဆိုတာ ကောင်းမွန်တဲ့အကြောင်းပြချက်တွေရှိပါတယ်။

**ဆရာ** – နောက်တစ်ခုထပ်မေးချင်တယ်။ စာရေးသူပေးတဲ့အကြောင်းပြချက်ဟာ သူ့ရဲ့နိဂုံးချုပ်ချက်အတွက် ခိုင်လုံရဲ့လား။

**ကျောင်းသား(၃၁)** –ဒါဟာ လှည့်စားထားတာဖြစ်တယ်။ ဒီစာကို ကောင်းကောင်းမစဉ်းစားဘဲဖတ်မယ်ဆိုရင် ထောက်ခံမိမှာသေချာတယ်။ ဒါပေမယ့် သူပေးတဲ့အကြောင်းပြချက်တွေက ခိုင်လုံတဲ့အထောက်အထားလည်းမရှိဘူး။

**ကျောင်းသား(၃၂)** – ဒီစာတမ်းမှာမပါတဲ့ အရေးကြီးတဲ့အချက်အလက်အတော်များများကို ကျွန်တော်တို့တွေ့ ပါတယ်။ သူဖော်ပြမထားတဲ့အရာတွေကို ထည့်မစဉ်းစားရင် သူပြောတာကို သဘောတူမိနိုင်တယ်။ ဒါကြောင့် လက်မခံ ပါဘူး။ သူ့ရဲ့နိဂုံးချုပ်ချက်ဟာ ခိုင်လုံမှုမရှိပါဘူး။



## စုစည်းခြင်း

ဤသင်ခန်းစာတွင် ကျောင်းသားများသည် အချေအတင်ငြင်းဆိုချက်များနှင့် အထောက်အထားမခိုင်လုံ သော (သို့မဟုတ်) လှည့်စားလိုသောအဆိုများကို နောက်ကြောင်းလိုက်၍ပြန်လည်ချေပနည်းကို စူးစမ်းရှာဖွေကြသည်။ ယခု ဆရာက အချေအတင်ပြောဆိုမှုတွင် ယဉ်ကျေးစွာတင်ပြနိုင်ရန် စဉ်းစားရမည့်မေးခွန်းနှစ်ခုကို ကျောင်းသား များအားမေးမြန်းသည်။

**ဆရာ** – ဒီအချေအတင်ပြောဆိုတင်ပြမှုရဲ့ အားနည်းချက်ဟာကွက်တွေအားလုံးကို ရှာဖွေတွေ့ရှိပြီးတဲ့နောက် ဒီစာရေး ဆရာရဲ့သဘောထားအပေါ် ဒို့နည်းနည်းမယုံသင်္ကာ ဖြစ်လာကြတယ်မဟုတ်လား။ ဒီမှာမင်းတို့ရဲ့အတွဲဖော်နဲ့ ဆွေးနွေးဖို့မေးခွန်းတစ်ပုဒ်ကတော့ ဒီဆောင်းပါးထဲမှာ ဘယ်သူရဲ့အသံ၊ ဘယ်သူရဲ့အကျိုးအမြတ်ဘက်ကနေ ရေးထား သလဲ။ ဘယ်သူ့ရဲ့အသံနဲ့ ဘယ်သူ့ရဲ့အကျိုးအမြတ်ကို လစ်လျူရှုချန်လှပ်ထားသလဲ။ (ဤမေးခွန်းကို ဆွေးနွေးရန် ကျောင်းသားများအား အချိန်အနည်းငယ်ခွင့်ပြုပါ)

**ကျောင်းသား(၁)** – ဒါဟာဆေးလိပ်သောက်ခြင်းကို အားပေးတဲ့လူတစ်ယောက်ယောက်ရဲ့ အသံဖြစ်တယ်ဆိုတာ သေချာတယ်။ ဆေးရွက်ကြီးစက်ရုံတောင်ဖြစ်ချင်ဖြစ်နိုင်တယ်။ စီးကရက်ကုမ္ပဏီတွေလဲဖြစ်နိုင်တယ်။ ဒါဟာ ဒီဆောင်းပါးရဲ့နောက်ကွယ်ကပုဂ္ဂိုလ်တွေပဲ။

**ဆရာ** – ဘယ်သူလဲဆိုတာ ဒို့မသိဘူးမဟုတ်လား။ ဒါပေမယ့် ဘယ်သူတွေရဲ့အသံတွေကို ချန်လှပ်ထားသလဲ။

**ကျောင်းသား(၂)** – လူပေါင်းစုံပဲ။ ဟိုအမျိုးသမီးနဲ့တစ်ရုံးထဲအတူအလုပ်လုပ်ကြပြီး သူမရဲ့ဆေးလိပ်မီးခိုးကို မရှူချင်သူတွေဖြစ်တယ်။

**ကျောင်းသား(၃)** – ဆေးလိပ်သောက်လို့ဖျားနာတဲ့လူတွေကို ပြုစုသူကျန်းမာရေးဝန်ထမ်းတွေဖြစ်ပါတယ်။

**ကျောင်းသား(၄)** – အခွန်ပေးဆောင်ရသူတွေဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဆေးရုံမှာဆေးကုသခမပေးနိုင်တဲ့ လူနာတွေအတွက် သူတို့ကအခွန်ပေးဆောင်နေရလို့ပါ။

**ဆရာ** – ကောင်းပြီ။ နောက်ဆုံးတစ်ချက်အနေနဲ့ မင်းတို့ယခုဖတ်ပြီးတဲ့ဆောင်းပါးကို တန်ပြန်ငြင်းဆိုတဲ့အဆိုတစ်ရပ်ကို တည်ဆောက်ကြပါ။ မေးခွန်းတစ်ခုကိုတင်ပြပြီး မင်းတို့ကိုယ်တိုင်ရဲ့အဖြေပေးကြပါ။ ဒီမေးခွန်းရဲ့အဖြေကို ထောက်ခံတဲ့ အကြောင်းပြချက်တွေပေးကြပါ။ အကြောင်းပြချက်အတွက် အထောက်အထားတွေလည်းပေးကြပါ။ အခုအချိန်ကစပြီး (၁၅)မိနစ်အတွင်း ဒါတွေကိုရေးချပြီးရင်တစ်ချို့ကို ဝေမျှဖလှယ်ကြမယ်။

ကျောင်းသားများရေးပြီးလျှင် အချို့ကျောင်းသားများဝေမျှဖလှယ်ကြမည်။

**ဤတွင်သင်ခန်းစာပြီး၏။**

သင်ခန်းစာကိုပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့် စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသား တစ်ဦးအဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူ ရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား(သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိပ်ကျကျမှတ်သလား။ အဓိကအချက်အလက်များကို ရှာဖွေသ လား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့် ဆိုသလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ** – သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ် တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်းစာ၏ အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**စဉ်းစား – တွဲ – ဖလှယ်** – မေးခွန်းတစ်ခုကို တစ်ဦးချင်းစဉ်းစားပြီး နှစ်ယောက်တစ်တွဲ ပြန်စဉ်းစားကြပါ။

**M- ကားချပ်ဖြင့်ဝေါဟာရများရေးခြင်း** – အဓိကသော့ချက်စကားလုံးများနှင့် အားရှိသောစကားလုံးကြီးကြီးများကို စူးစမ်းရှာဖွေနည်းတစ်မျိုးဖြစ်သည်။

**အချေအတင် တင်ပြငြင်းဆိုချက်အပေါ် သင်ခန်းစာကိုအာရုံစိုက်ခြင်း**– ဆရာက အချေအတင်ငြင်းဆိုခြင်း အကြောင်းကို မိတ်ဆက်ပေးပြီး ရှင်းလင်းပြရန်။

**ဖတ်စာကို သင်္ကေတရေးမှတ်ခြင်း** – အချေအတင်အဆိုများတွေ့ရှိသော ဖတ်စာ၏အစိတ်အပိုင်းတွင် ကျောင်းသား များက သင်္ကေတအမှတ်အသားများရေးမှတ်ရန်ဖြစ်သည်။

**တန်ပြန်ချေပအဆိုရေးခြင်း** – မေးခွန်းအပေါ်တွင် ကျောင်းသားများ၏ ကိုယ်ပိုင်ရပ်တည်ချက်နှင့် ချေပငြင်းဆိုချက်ကို ရေးချရန်။

လုပ်ဆောင်မှုအဆင့်အသီးသီးကို မည်သို့လုပ်ဆောင်ကြောင်း သိလိုပါလိမ့်မည်။ အောက်တွင်အဆင့်များကို ဖော်ပြထား သည်။

## နည်းလမ်းများ




**M - ကားချပ်များ**

လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်းသည် တစ်ခုတည်းအသုံးပြုရသောနည်းမဟုတ်။ ဤသင်ခန်းစာ တွင် ကျောင်းသားများအား ဤနည်းကို အသုံးပြုတတ်ရန်အတွက် လုပ်ဆောင်မှုအမျိုးမျိုးကို စုပေါင်းဖော် ပြထားသည်။

M – ကားချပ်ဆိုသည်မှာအားရှိသောစကားလုံးကြီးကြီးများ (ယူဆချက်များကို ဖော်ပြသည့်စကားလုံးများ) ကို ရှင်းလင်းဖော်ပြသောနည်းလမ်းဖြစ်သည်။ ယူဆချက်များကိုဖော်ပြသည့်စကားလုံး (descriptive words) များသည် စကားလုံးသုံးနှုန်းမှုကိုယ်တိုင်ကတန်ဖိုးကို ဖော်ပြလျက်ရှိသည်။ ဥပမာအနေဖြင့် 'လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်သူ'နှင့် 'အကြမ်းဖက်သမား' စကားလုံးနှစ်ခုကြား တန်ဖိုးထားမှုကွာခြားချက်ကို တွေ့မြင်နိုင်သည်။



**ကျိုးကြောင်းဆင်ခြင်မှု –** ကျောင်းသားများသည် စကားလုံးဝေါဟာရများ၏လွှမ်းမိုးခံရခြင်းမှ မိမိတို့ ကိုယ်ကို ကာကွယ်သည့်နည်းလမ်းများ တည်ဆောက်ရန်လိုအပ်သည်။



**အဖွဲ့အရွယ်အစား –** အကန့်အသတ်မရှိ။



**လိုအပ်သောအချိန်** – (၁၀) မိနစ်အတွင်းပြီးအောင်လုပ်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – စကားလုံးဝေါဟာရများ (သို့မဟုတ်) အားရှိသည့် စကားလုံးကြီးကြီးများပါဝင်သည့် စာပိုဒ်ကို ဆွေးနွေးခြင်းဖြင့်အစပြုပါ။

**အဆင့်(၂)** – ကျောင်းသားများအား ထိုဝေါဟာရများအပေါ် အာရုံစိုက်ရန်ဖိတ်ခေါ်၍ ထိုမေးခွန်းမေးစရာဝေါဟာရအပေါ် စာရေးဆရာ၏သဘောထားမည်သို့ရှိကြောင်း ကျောင်းသားများအားမေးပါ။


**အဆင့်(၃)** – ကျောင်းသားများသည် စာရေးသူနှင့်ဆန့်ကျင်ဘက်အမြင်ရှိလျှင် ထိုစာပိုဒ်နှင့်ပတ်သက်၍ မည်သည့်ဝေါဟာရများကိုသုံးလိုကြောင်းမေးပါ။

**အဆင့်(၄)** – ယခုတဖန်မေးခွန်းမေးစရာ ထိုဝေါဟာရအပေါ်ဘက်မလိုက်သည့်အသုံးအနှုန်းတစ်ခုကို ကျောင်းသားများအားစဉ်းစားခိုင်းပါ။

**အဆင့်(၅)** – ဒေါင်လိုက်သုံးကွက်ပါသောကားချပ်ပေါ်တွင် ဝေါဟာရများကို အုပ်စုသုံးအုပ်စုခွဲ၍ရေးဖြည့်ပါ။ အပြုသဘောဝေါဟာရများကို လက်ဝဲဘက်ကော်လံတွင်ရေးချပါ။ ဘက်မလိုက်ကြားနေဝေါဟာရများကို အလယ်ကော်လံတွင်ရေးချပါ။ အနုတ်သဘောဝေါဟာရများကို လက်ယာဘက်ကော်လံတွင်ရေးချပါ။



**နည်းလမ်းများအပေါ် ပြန်လည်စဉ်းစားခြင်း –** M–ကားချပ်သည် စာရေးသူတင်ပြသောအကြောင်းအရာအတွက် သုံးစွဲသောစကားလုံးအမျိုးမျိုးကို ထင်ရှားစေရန် ဇယားကားချပ်ဖြင့်ဖော်ပြနည်းဖြစ်သည်။ ဤနည်းလမ်းကို မကြာခဏအသုံးပြုခြင်းဖြင့် စကားလုံးများကို လိုသလိုအသုံးပြုခြင်းအပေါ်ဆန်းစစ်ခြင်းပြုနိုင်ပြီး ကျောင်းသားများလွတ်လပ်စွာတွေးခေါ်လုပ်ကိုင်သည့်စိတ်ဓါတ်ကို မွေးမြူပေးသည်။




**အချေအတင်အဆိုများအပေါ် အာရုံစိုက်သောသင်ခန်းစာ**

ဝေဖန်မှုဖြင့်ဆွေးနွေးခြင်းသည် ဖတ်စာတစ်ပုဒ်ကို ကျောင်းသားများစနစ်တကျစစ်ကြော၍ ချဉ်းကပ်ခြင်း၊ ထိုဖတ်စာ၏အချေအတင်အဆိုများကို ရှာဖွေထောက်ပြခြင်းနှင့် ထိုအဆိုများကို စစ်ဆေးသုံးသပ်ခြင်းများပါဝင်သည့် ဆွေးနွေးမှုဖြစ်၏။ ဤသို့ အာရုံစိုက်သည့်သင်ခန်းစာသည် ကျောင်းသားများကို အချေအတင်အဆိုအမျိုးမျိုးနှင့်မိတ်ဆက်ပေးပြီး အချေအတင်ပြောဆိုရာတွင်သုံးလေ့ရှိသည့် လှည့်ကွက်များကိုလည်းပြသပေးသည်။ ( Browne 2000 )




**ကျိုးကြောင်းဆင်ခြင်မှု –** ကျောင်းသားများသည် အချေအတင်အဆိုများ၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအချက်အလက်များကို နားလည်သဘောပေါက်မှသာလျှင် အချေအတင်အဆိုများတရားမျှတမှုရှိ မရှိ၊ ဆိုးရွားစွာအဆိုပြုထားခြင်းရှိ၊ မရှိ ပြောနိုင်ကြမည်ဖြစ်၍ သူတို့ကိုယ်ကိုဝေါဟာရစကားလုံးများကြိုးဆွဲအသုံးပြုခြင်းမှ ကာကွယ်သည့်နည်းဗျူဟာများကို ဖော်ထုတ်နိုင်ကြလိမ့်မည်။



**အဖွဲ့အရွယ်အစား** – အကန့်အသတ်မရှိ။



**လိုအပ်သောအချိန် –** သင်ယူရမည့် အတွေးအခေါ်အယူအဆများစွာရှိသည်။ စာသင်ခန်းအတွင်း နိဒါန်းပျိုးနိုင်သော်လည်း ဤအတွေးအခေါ်အယူအဆများကို အကြိမ်ပေါင်းများစွာထပ်မံပြုပြင်၍ လေ့ကျင့်ရန်လိုအပ်ပါသည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – အချေအတင်အဆိုတစ်ရပ်ကို မေးခွန်းပုံစံဖြင့်ဖော်ပြပါ။

ဤစာပိုဒ်ဖြင့်ဖော်ပြသည့် အဓိကမေးခွန်းမှာ အဘယ်နည်း။

ဘယ်လိုအဖြေကိုပေးသလဲ။
ထိုအဖြေကို အထောက်အကူပြုရန် မည်သည့်အထောက်အထားများပေးသလဲ။
အကြောင်းရင်းတစ်ခုချင်းကို အထောက်အကူပြုသောအချက်အလက်များကား အဘယ်နည်း။
မည်သည့်အချက်များကို ယုံယုံကြည်ကြည်လက်ခံရမလဲ။
မပြောဘဲချန်ထားသည့်အရာများကား အဘယ်နည်း။
စာရေးသူ၏နိဂုံးဆွဲချက်နှင့်တူညီသောနိဂုံးကိုရရန် ကျွန်ုပ်တို့က မည်သည့်အားရှိသော စကားလုံးကြီးကြီးများကို လက်ခံရမလဲ။
ဆိုလိုသည်မှာ စာရေးသူကသူ၏ဆိုလိုချက်ကို သူရွေးချယ်အသုံးပြုသော ဝေါဟာရတွင်အပြုသဘော (သို့မဟုတ်) အနုတ်သဘောတန်ဖိုးအဓိပ္ပါယ်ဖော်ဆောင်နေသလား။
စာရေးသူအသုံးပြုထားသည့် အကြောင်းပြချက်များသည် သူဆွဲသောနိဂုံးကိုမှန်ကန်ကြောင်း သက်သေပြနိုင်သလား။

**အဆင့်(၂)** – အဆိုတစ်ရပ်ချင်းကို နမူနာပေး၍ ရှင်းပြပါ။

**အဆင့်(၃)** – အချေအတင်ပြုနိုင်သည့်စာစီစာကုံးတစ်ခုကို ကျောင်းသားများနှင့်ဆွေးနွေးပါ။ အချက်အလက်တိုင်းအတွက် ရေးမှတ်နိုင်သည့်သင်္ကေတတစ်တွဲကို ကျောင်းသားများအားပြသပြီး ထိုစာစီစာကုံးတွင် သူတို့တွေ့ရှိသည့် အချက်အလက်များအရ ဖတ်စာကိုသင်္ကေတများဖြင့်ရေးမှတ်ရန် ကျောင်းသားအတွဲများကိုခိုင်းပါ။

**အဆင့်(၄)** – ကျောင်းသားများရှာဖွေတွေ့ရှိသည့် အချက်အလက်များကို ပြန်လည်ဆန်းစစ်ပါ။



**နည်းလမ်းများအပေါ် ပြန်လည်စဉ်းစားခြင်း –** သင်ခန်းစာတွင် အကြံဉာဏ်များစွာကို မိတ်ဆက်ဖော်ပြထားသည်။ ဤအချက်အလက်များကို သင်ခန်းစာများစွာတွင် ဖြန့်၍ဖြည်းဖြည်းဖော်ပြလျှင်ပို၍ သင့်လျော်ပါမည်။ ဤသို့ပြုလုပ်ရန်နည်းလမ်းတစ်ခုမှာ ကောင်းစွာဖွဲ့စည်းထား၍ အချေအတင်အဆိုကို တည့်တိုးဖော်ပြသည့် ဖတ်စာဖြင့်အစပြုခြင်းဖြစ်သည်။ အချက်အလက်အနည်းငယ်ကို မိတ်ဆက်ပေးပြီးနောက် ကျောင်းသားများအား မေးခွန်းများကိုရှာဖွေခိုင်းပါ။ ထိုမေးခွန်းများ အပေါ် စာရေးသူ၏အဖြေကိုရှာခိုင်းပါ။ ပြီးနောက် ထိုအကြောင်းပြချက်တစ်ခုစီကို အထောက်အကူပြုသော အထောက်အထားများကို ရှာခိုင်းပါ။ ထို့နောက် စာရေးသူ၏ နိဂုံးဆွဲချက်သည် ခိုင်လုံစွာသက်သေပြနိုင်ခြင်းရှိ မရှိ၊ ဖြစ်နိုင် မဖြစ်နိုင်မေးပါ။ ဤအချက်အလက်နည်းများကို ကျောင်းသားများ အကြိမ်ပေါင်းများစွာအသုံးပြုလေ့ကျင့်ပြီးသောအခါ အခြားနည်းလမ်းများဖြစ်သည့် ယုံကြည်စွာလက်ခံရမည့် အချက်အလက်များ၊ ဖော်ပြမထားသည့် အချက်အလက်များ၊ အားရှိသောစကားလုံးကြီးကြီးများကို မိတ်ဆက်ပေးနိုင်သည်။

## <u>မူကွဲများနှင့် အခြားဆက်နွယ်သောနည်းလမ်းများ</u>




### ဝတ္ထုဇာတ်လမ်းများကို ဝေဖန်သုံးသပ်ခြင်း

ဝတ္ထုဇာတ်လမ်းများကို ဝေဖန်သုံးသပ်ခြင်း(Critiquing Narrative Texts) ( Luke 2000, Temple 2001)သည် အချေအတင်ဆွေးနွေးသည့်စာများနှင့်မတူဘဲ အနည်းငယ်ခြားနားသောမေးခွန်းများကိုတောင်းဆိုသည်။ တစ်နည်းဆိုသော် စိတ်ကူးယဉ်ပြင်ဝတ္ထုမှန်သမျှ လောကအမြင်အတွက် အချေအတင်ပြုနိုင်သောအဆိုဖြစ်ပြီး ထိုအချေအတင်အဆိုကို စစ်ဆေးသုံးသပ်နိုင်သည်။ ဥပမာ ယဉ်ကျေးမှုများစွာမှ ရိုးရာပုံပြင်များတွင်အမျိုးသားများကို တက်ကြွစွာစွမ်းဆောင်သည့် သူရဲကောင်းများအဖြစ်ပုံဖော်ထားပြီး အမျိုးသမီးများကိုမူကား ထိုအမျိုးသားသူရဲကောင်းများ၏ရဲစွမ်းသတ္တိကို ဂုဏ်ပြုသည့်ဆုလာဘ်အဖြစ်ဖော်ပြထားတတ်သည်။ သက်ကြီးရွယ်အိုများကို

အားနည်း၍ အသုံးမဝင်သောလူများ၊ အထူးသဖြင့် အပြစ်ရှာမြည်တွန်တောက်တီးပြသူများဟု မှတ်ယူထားကြသည်။ ဤကဲ့သို့သော အစဉ်အလာရေးသားမှုများကို စစ်ဆေးသုံးသပ်ရန်လိုအပ်သည်။



**လိုအပ်သောအချိန်** – စာသင်ခန်းထဲတွင် ဆွေးနွေးမှုကိုလုပ်နိုင်သည်။ သို့သော် ကျောင်းသားများက ဝေဖန်မှုဖြင့် ဆွေးနွေးခြင်းကို သူတို့အချင်းချင်းပြုလုပ်လျှင် စွမ်းအားရရှိနိုင်သည်။




**လက်တွေ့လုပ်ဆောင်ချက်** – သင်ခန်းစာတစ်ခုနှစ်ခုရွေးချယ်၍ ကျောင်းသားများအား ဒဏ္ဍာရီစိတ်ကူးယဉ်ပုံပြင်ကို ဘဝင်မကျသောအခါ ဖတ်သောနည်း (reading against the grain) ကိုမိတ်ဆက်ပေးသင့်သည်။ ထို့နောက် ဒဏ္ဍာရီစိတ်ကူးယဉ်ပုံပြင်နှင့်ပတ်သက်၍ သူတို့အားအောက်ပါမေးခွန်းမျိုးများကို မေးနိုင်သည်။

- ❖ ဒီပုံပြင်မှာ ဘယ်သူအနိုင်ရသလဲ။ အနိုင်ရအောင် သူဘာလုပ်ခဲ့သလဲ။ ဘယ်သူရှုံးသလဲ။ ဘာ့ကြောင့်ရှုံးသလဲ။ ဒီပုံပြင်ကနေ ဘာသင်ခန်းစာရသလဲ။
- ❖ ဒီစာရေးသူဟာ ကျွန်ုပ်တို့ကိုဘာနဲ့နှိုင်းချင်သလဲ။ စာရေးသူကကျွန်ုပ်တို့ကို ဘယ်သူရဲ့စံနမူနာကို အတုယူစေချင်တယ်လို့ထင်သလဲ။ သင့်ကို ဒီလိုနိဂုံးဆွဲအောင်စာရေးသူက ဘယ်လိုဇာတ်ကောင်မျိုးတွေကို ပုံဖော်သလဲ။
- ❖ ဇာတ်ကောင်ကို ကျား/မ ပြောင်းလိုက်လျှင် ဇာတ်လမ်းအဖြစ်အပျက်က နဂိုအတိုင်းနေမလား။ ဒါမှမဟုတ် တစ်မျိုးတစ်ဖုံပြောင်းသွားမလား။ ဒီဇာတ်ကောင်ကို လူမှုရေးနောက်ခံနဲ့ အသက်အရွယ်ပြောင်းလိုက်ရင် ဇာတ်လမ်းဟာ ယခုအတိုင်းဖြစ်မလား။ တစ်မျိုးပြောင်းသွားမလား။ ဒီမေးခွန်းများရဲ့အဖြေများဟာ ယနေ့ခေတ်အမြင်များဖြစ်သည့် ကျား/မ၊ ဆင်းရဲ/ချမ်းသာ၊ အသက်အရွယ်ကွာခြားမှု၊ လူမျိုးကွာခြားမှုများနှင့် ဘယ်လိုကွာခြားမှု ရှိသလဲ။
- ❖ ဤပုံပြင်က ကျွန်ုပ်တို့ရဲ့ဘဝ၊ ကျွန်ုပ်တို့ရဲ့ယဉ်ကျေးမှု၊ ကျွန်ုပ်တို့ရဲ့လူမှုအသိုင်းအဝိုင်းကို ဘယ်လိုကာကွယ်ပြောဆိုသလဲ။ ဤပုံပြင်က ဘာကိုလုပ်ဆောင်ဖို့ စိန်ခေါ်နေသလဲ။ ဘာတွေကိုအမှန်ဖြစ်တယ်လို့ လက်ခံထားသလဲ။
- ❖ ဤပုံပြင်အစား အခြားဘယ်စာအုပ်စာတမ်းများကို ဖတ်ရှုရန်အကြံပြုမလဲ။
- ❖ ဤပုံပြင်ဇာတ်လမ်းကို ဘယ်လိုစာဖတ်ပရိသတ်အတွက်ရည်ရွယ်ထားသလဲ။ ဤပုံပြင်ဝတ္ထုကို ဘယ်လိုလူတန်းစားတွေက ပြဿနာလုံးဝမရှိဘဲ လက်ခံကြမလဲ။

**ABC** ကားချပ်

ဖော်ပြခဲ့ပြီးသောနည်းလမ်းများ၊ မူကွဲများနှင့်အခြားဆက်နွယ်နေသောနည်းလမ်းများကို ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်း၊ စုစည်းခြင်း၊ လမ်းညွှန်ချက်တွင် ဘယ်လိုအသုံးတည့်မည့်အကြောင်း ကြည့်ကြစို့။ အောက်တွင်ဖော်ပြထားသည့် ကားချပ်ကသင်၏ကိုယ်ပိုင်သင်ခန်းစာကို ABC လမ်းညွှန်ချက်ဖြင့် စီစဉ်ရေးဆွဲသောအခါ ဤလမ်းညွှန်စာအုပ်ပါနည်းများအတိုင်း ဆောင်ရွက်နိုင်ရန်ကူညီလိမ့်မည်။

|  ကြိုတင်သိမြင်ခြင်း |  အသိပညာတည်ဆောက်ခြင်း |  စုစည်းခြင်း |
|---|---|---|
| ဖြုံသုံးသပ်ခြင်း<br>သိပြီး–သိလို–သိလာ → | → | → |
| | နှစ်ယောက်တွဲ စာဖတ်ခြင်း<br>နှစ်ယောက်တွဲ အကျဉ်းချုံးခြင်း | တန်ဖိုးမျဉ်း<br>အမြန်ရေးချနည်း |
| ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော → | → | → |
| မေးခွန်းသင်ပုန်း → | → | → |
| မေးခွန်းရှာဖွေခြင်း → | → | → |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ<br>ဝေါဟာရများကိုအခြေပြု၍စဉ်းစားခြင်း<br>စဉ်းစား၊ တွဲ၊ ဖလှယ် | | |
| | လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း | |
| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း<br>နှင့်ကားချပ်<br>ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ → | → | ဇာတ်ကောင်မြေပုံ<br>စဉ်းစား၊ တွဲ၊ ဖလှယ် |
| | သင်္ကေတမှတ်၍စာဖတ်ခြင်း | ဂျစ်ဆော |
| စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများ → | → | → |
| လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများ → | → | → |
| ဘောပင်များကိုအလယ်မှာချနည်း → | → | → |
| လှည့်သွား–လိုက်ပြော | | |
| | တစ်ကောင်နေ သုံးကောင်ပျံ → | → |
| | | ပညာရှင်များငြင်းခုံဆွေးနွေးခြင်း |
| ပြဿနာတစ်ခုကိုလဲလှယ်ခြင်း → | → | → |
| | | ဆွေးနွေးခန်းများမှ<br>အထူးကဏ္ဍများ |
| | အပြန်အလှန်မေးမြန်းခြင်း<br>စာဖတ်ခြင်းနှင့်မေးခွန်းမေးခြင်း<br>အပြန်အလှန်သင်ကြားခြင်း | |
| ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း → | → | ဖလှယ်စူးစမ်းခြင်း<br>ဆွေးနွေးပွဲကွန်ယက်<br>စကားရည်လုပွဲများ<br>နောက်ဆုံးစကားပြောခွင့်ပေးပါ |
| သတင်းအချက်အလက်ရှာဖွေနည်း → | → | → |
| | | လူမှုရေးလုပ်ငန်းလက်တွေ့လုပ်ခြင်း<br>ဖြင့်သင်ယူခြင်း |
| လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်း → | → | → |
| | | ကဏ္ဍ၊ ပရိသတ်၊ ပုံစံ၊ အကြောင်းအရာ |
| **M** – ကားချပ် | အချေအတင်အဆိုများအပေါ်<br>အာရုံစိုက်သောသင်ခန်းစာ → | → |

# အဌမမြောက်ကျောရိုးသင်ခန်းစာ – ဝေဖန်ပိုင်းခြား၍ နားထောင်ခြင်း

ဝေဖန်ပိုင်းခြား၍နားထောင်ခြင်းသည် အကြောင်းအရာခေါင်းစဉ်တစ်ခုခုကို နှုတ်ဖြင့်တင်ပြပြောဆိုနေသူအား နားထောင်ရာတွင်လက်တွေ့အသုံးချသော ဝေဖန်ပိုင်းခြားစဉ်းစားသည့်ကျွမ်းကျင်မှုဖြစ်သည်။ ဝေဖန်ပိုင်းခြား၍ စာဖတ်ခြင်းနှင့်အလွန်နီးစပ်သော်လည်း ခြွင်းချက်တစ်ခုကွာခြားသည်။ ဝေဖန်ပိုင်းခြား၍စာဖတ်ခြင်းကို ထပ်ခါထပ်ခါလုပ်နိုင်သော်လည်း ဝေဖန်ပိုင်းခြား၍နားထောင်ခြင်းကိုမူ တစ်ချိန်တည်းတွင်ဆိုလိုရင်းအားလုံးကိုဖမ်းမိအောင် လုပ်ဆောင်ရန်လိုအပ်သည်။ နိုင်ငံရေးမိန့်ခွန်းတစ်ရပ် (သို့မဟုတ်) အချေအတင်စကားရည်လုပွဲတစ်ခုတွင် ပြောပြီးသော အကြောင်းအရာကိုထပ်မံပြောဆိုခြင်းမရှိဘဲ ဖြစ်နိုင်သည်။

## ဤသင်ခန်းစာကိုဖတ်ရှုနည်း

အောက်ပါသရုပ်ပြသင်ခန်းစာကို ဖတ်သောအခါ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ကြားနည်းကိုသရုပ်ပြရန်ဖြစ်ကြောင်းသတိပြုပါ။ (ကျိုတိုသဘောတူညီချက် (Kyoto Protocol) အကြောင်း သင့်အားသင်ပေးရန်မဟုတ်။) ဤသင်ခန်းစာကို လမ်းနှစ်သွယ်ဖြင့်စဉ်းစားပါ။

၁။ သင့်ကိုယ်ကို ဤသင်ခန်းစာတွင်ပါဝင်နေသော ကျောင်းသားအဖြစ်စိတ်ကူးကြည့်ပါ။ သင်ဘာအတွေ့အကြုံတွေ့ရသလဲ။ ဘယ်လိုစဉ်းစားမှုမျိုးကို သင်လုပ်နေသလဲ။ သင်ဘာတွေကိုသင်ယူနေသလဲ။

၂။ ထို့နောက်သင့်ကိုယ်သင် ဤသင်ခန်းစာသင်ကြားပို့ချနေသော ဆရာတစ်ဦးအဖြစ်စဉ်းစားပါ။ သင်ဘာလုပ်နေသလဲ။ ဘာကြောင့် ဒါကိုလုပ်နေသလဲ။ သင်ခန်းစာ၏အပိုင်းသုံးပိုင်းဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည်ဆောက်ခြင်းနှင့် စုစည်းခြင်းနည်းကို ဘယ်လိုကိုင်တွယ်အသုံးချနေသလဲ။

## <u>သင်ခန်းစာ</u>



### ကြိုတင်သိမြင်ခြင်း

ကြိုတင်သိမြင်ခြင်းအပိုင်းသည် ကြိုတင်သိရှိထားပြီးသော အသိပညာကိုနှိုးဆော်ခြင်း၊ ကျောင်းသားများကို သင်ခန်းစာသင်ယူစေရန်ပြင်ဆင်ခြင်းနှင့် သင်ခန်းစာ၏ရည်ရွယ်ချက်ကိုချမှတ်ခြင်းစသည့် လုပ်ဆောင်ချက်ဖြစ်သည်။ ဤနေရာတွင် **စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးပွဲ**(fishbowl)၊ **အထူးပြင်ဆင်ထားသည့်ဟောပြောပို့ချမှု**နှင့် **M-ကားချပ်**တို့ကို အသုံးပြုထားသည်။

ဆရာက ကျောင်းသားများအား အငြင်းပွားဖွယ်အကြောင်းအရာဖြစ်သည့် ကမ္ဘာကြီးပူနွေးလာခြင်းဆိုင်ရာ ကျိုတိုစာချုပ်အကြောင်းအကျဉ်းကို နှုတ်ဖြင့်တင်ပြမည်ဖြစ်ကြောင်း ရှင်းပြမည်။ ဆရာက စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးပွဲ (Fishbowl) တွင်ပရိသတ်အဖြစ်သရုပ်ဆောင်ရန် ကျောင်းသားခြောက်ဦးကို ရွေးချယ်ပါ။ သူတို့ နှုတ်ဖြင့်အချေအတင်ဆွေးနွေးနေကြစဉ် ကျန်အခြားကျောင်းသားများက ဘေးပတ်လည်တွင်ဝိုင်း၍ လေ့လာအကဲခတ်ကြမည်။ ထို့နောက် ဆွေးနွေးပွဲကို သုံးသပ်ကြမည်။

ဆရာက ဆွေးနွေးဝိုင်းတွင်ပါဝင်သောကျောင်းသားများကို M-ကားချပ်နှင့်သတ္တမကျောရိုးသင်ခန်းစာတွင်ပါဝင်သည့် **'**အချေအတင်ဆွေးနွေးမှုကိုနားလည်ခြင်း**'** သင်ခန်းစာမှမေးခွန်းများကို အသုံးပြုရန်သတိပေးမည်။ ဆရာက ကျောင်းသားများကိုးကားနိုင်ရန်အတွက် ဤအကြောင်းအရာပါစာရွက်များကိုဝေငှခြင်း (သို့မဟုတ်) သင်ပုန်းပေါ်တွင် ရေးချခြင်းပြုသင့်သည်။

| ကိုးကားရန် စာရွက် စာတမ်း/စာအုပ် | သဘောတူ | ကြားနေ | သဘောမတူ |
|---|---|---|---|
| သတ္တမကျောရိုးသင်ခန်းစာမှ ဆေးလိပ်မသောက်ရန် အကြောင်းအရာ<br><br>အဋ္ဌမကျောရိုးသင်ခန်းစာမှ ကျိုတိုသဘောတူညီချက် | လေကောင်းလေသန့်အတွက် လှုပ်ရှားသူများ ကျန်းမာရေးစောင့်ရှောက်သူများ | ဆေးလိပ်သောက်ခြင်းကို ဆန့်ကျင်သည့်လှုပ်ရှားမှုများ | အစွန်းရောက်သူများ တယူသန်များ နိုင်ထက်စီးနင်းပြုသူများ |

ဆရာက ကျောင်းသားများ၏ စိတ်ဝင်စားမှုနိုးကြားလာစေရန်နှင့် စဉ်းစားနိုင်ရုံမျှ သင်ခန်းစာကိုတိုတိုပြော၍ စတင်ပါ။ ပြောပြချက်မှာ အောက်ပါပုံစံဖြစ်သည်။

**ဆရာ** – ဒီနေ့ ကျိုတိုသဘောတူညီချက် (Kyoto Protocol) အကြောင်းဆွေးနွေးကြမယ်။ အထက်က M-ကားချပ်မှာ တွေ့ရတဲ့အတိုင်း ပြီးခဲ့တဲ့သင်ခန်းစာမှာတုန်းက စကားလုံးတွေဟာ ထင်မြင်ယူဆချက်တွေကိုလွှမ်းမိုးနိုင်တယ်ဆိုတာ သတိပြုကြပါ။ ဆရာကစက်ဝိုင်းပုံဆွေးနွေးကြမယ့်ကျောင်းသားတွေကို ကျိုတိုစာချုပ်အကြောင်း အတိုချုပ်ပြောပြတဲ့အခါ ကျန်ကျောင်းသားတွေက ဝိုင်းနားထောင်ကြပါ။ အောက်ပါအချက်တွေကို ရှာဖွေထောက်ပြနိုင်မလားဆိုတာ ကြည့်ကြပါ။

- ❖ ထိုစာတမ်းကမေးသည့် အဓိကမေးခွန်း
- ❖ ထိုစာတမ်းကပေးသော အဖြေ
- ❖ ထိုအဖြေကို အထောက်အကူပြုသည့် အကြောင်းပြချက်
- ❖ အကြောင်းပြချက်တစ်ခုစီအတွက်တင်ပြသည့် အထောက်အထား
- ❖ ထိုမေးခွန်းအတွက် အခြားကွဲလွဲအဖြေကိုပေးမည့် ချန်လှပ်ထားသောအကြောင်းပြချက်နှင့် အချက်အလက်များ
- ❖ ယုံကြည်စွာလက်ခံနိုင်သည့် အချက်များ
- ❖ အားရှိသည့်စကားလုံးကြီးကြီးများ (တန်ဖိုးထားမှုကို ဖော်ပြသည့်စကားလုံးများ)

ထို့နောက်ဆရာက စက်ဝိုင်းပုံဆွေးနွေးသည့်အဖွဲ့ငယ်တွင်ပါဝင်သူများအား ကျိုတိုသဘောတူညီချက်အတွက် ပြင်ဆင်ထားသော သင်ခန်းစာအတိုချုပ်ကို စိတ်အားတက်ကြွစွာ ခံစားချက်အပြည့်ဖြင့်ဖတ်ပါ။ အထူးပြင်ဆင်ထားသောသင်ခန်းစာတွင် နားထောင်ခြင်း၊ မေးခွန်းမေးခြင်းနှင့်ဆွေးနွေးခြင်းတို့ကို ဟောပြောပို့ချမှုပုံစံဖြင့် စတင်သည်။ စက်ဝိုင်းပုံဆွေးနွေးပွဲများတွင်ပါဝင်သူများကို သူတို့ကြားသည့်အချက်များအပေါ်တွင် လက်ခံလာအောင် ကြိုးစားသည်၊

### ကမ္ဘာ့လေထုကို အပူချိန်မြင့်တက်စေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုအားလျှော့ချရန် ချုပ်ဆိုထားသည့်ကျိုတိုသဘောတူညီချက်ကို ဆန့်ကျင်ပြောဆိုသည့်ဟောပြောပို့ချမှုအကျဉ်း။

ကျိုတိုသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် ကမ္ဘာ့လေထုကို အပူချိန်မြင့်တက်စေသည့်ဓါတ်ငွေ့ထုတ်လွှတ်မှု (greenhouse gas emissions) ကို မဖြစ်မနေလိုက်နာကြရန်လက်ခံထားကြသည်။ ဤသတ်မှတ်ထားသည့်အတိုင်းအတာသည် နိုင်ငံအသီးသီး၏ ၁၉၉၀–ခုနှစ်သတ်မှတ်ချက်အရ အနှုတ် ၈% မှ အပေါင်း ၁၀% အတွင်းရှိသည်။ ဤနှုန်းထားသည် ၂၀၀၈–ခုနှစ်မှ ၂၀၁၂–ခုနှစ် အတွင်း ၁၉၉၀–ခုနှစ် သတ်မှတ်ချက်များထက် ၅% လျော့ကျလိမ့်မည်။ တောင်းဆိုထားသော လျော့ချနှုန်းမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပနိုင်ငံအများစုတွင် ၈%ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ၇% ဖြစ်ပြီး ကနေဒါတွင် ၆% ဖြစ်သည်။ နယူးဇီလန်၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့တွင် ဓါတ်ငွေ့ထုတ်လုပ်မှုကို တည်ငြိမ်အောင်ထိန်းသိမ်းကြမည်။ နော်ဝေးကဲ့သို့သောနိုင်ငံများသည်

ဓါတ်ငွေ့ထုတ်လွှတ်မှု ၁% တိုးလာနိုင်စရာရှိသည်။

ဤသဘောတူညီချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်မခံသင့်သောအကြောင်းရင်းများစွာရှိသည်။ သိပ္ပံပညာရှင်အများစုက မကြာမီကစတင်ခဲ့သော ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထုအပူချိန်မြင့်တက်မှုသည် သဘာဝဖြစ်စဉ်၏အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ထောက်ပြကြသည်။ ဤကဲ့သို့သောပြောင်းလဲမှုများသည် ကမ္ဘာ့သမိုင်းတွင်အကြိမ်များစွာဖြစ်ပွားခဲ့ပြီး အနာဂတ်တွင်လည်း ဖြစ်ပျက်လိမ့်ဦးမည်ဟုဆိုကြသည်။ ထို့ပြင် ပြောင်းလဲမှုများသည် တဖြည်းဖြည်းသာဖြစ်၍ သုတေသနပြုလုပ်ရန်နှင့် နိုင်ငံများအချင်းချင်းတိုင်ပင်ဆွေးနွေးကြရန် အချိန်လုံလောက်သည်ဟုဆိုသည်။

ကျွန်ုပ်တို့သည် သိပ္ပံပညာရှင်အနည်းစုနှင့် ကောင်းကင်ပြိုကျတော့မည်ဟုပြောဆိုကြသည့် အစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကို နားမထောင်သင့်။ သူတို့၏သုတေသနလေ့လာချက်သည် သိပ္ပံနည်းမကျ။ သတိကြီးစွာနှင့်ချဉ်းကပ်ပြောဆိုသူများကိုသာ နားထောင်သင့်သည်။ အတွေးခေါင်သူတစ်ချို့က ပင်လယ်ရေမျက်နှာပြင်မြင့်တက်ပြီး ကျွန်းနိုင်ငံများနှင့်ကမ်းခြေများသည် ပင်လယ်ရေအောက်ရောက်သွားလိမ့်မည်ဟုပင် ပြောဆိုကြသေးသည်။ ဤအဆိုသည်အဓိပ္ပါယ်မရှိပါ။ ဤကဲ့သို့လည်းဖြစ်မလာသေး။ နောင်တွင်လည်းဖြစ်လာမည်မဟုတ်။

အထက်ပါ ဟောပြောပို့ချချက်တွင် တင်ပြချက်များအားနည်းသည်။ အထောက်အထားခိုင်လုံမှုမရှိဘဲ မသက်ဆိုင်သောအချက်များပါဝင်နေသည်။ ဟောပြောပို့ချချက်အပြီးတွင် ဆွေးနွေးဝိုင်း၌ပါဝင်သောကျောင်းသားများအားအားနည်းချက်များကိုရှာစေပြီး စက္ကူချပ် (သို့မဟုတ်) သင်ပုန်းပေါ်တွင်ရေးချခိုင်းပါ။ သူတို့၏တုံ့ပြန်ချက်ကိုဖော်ပြရန်အတွက် ယခင်သင်ခန်းစာတွင်ပါရှိသောမေးခွန်းများနှင့် M-ကားချပ်ကို အသုံးပြုနိုင်သည်။

နောက်ဆုံးအနေနှင့်သင်တန်းသားအားလုံးကို ဤသို့အားနည်းချက်များအကြောင်းနားလည်ခြင်းကြောင့်ဝေဖန်ပိုင်းခြား၍နားထောင်မှုတွင် မည်ကဲ့သို့အထောက်အကူပြုကြောင်းမေးပါ။

**ဆရာ** – ကဲ ယခု ဆွေးနွေးဝိုင်းမှာပါဝင်သူတွေက ဟောပြောပို့ချချက်အကျဉ်းကို ကြားကြရပြီ။ အဲဒီပို့ချချက်ရဲ့ရည်ရွယ်ချက်ကဘာလဲ။

**ပထမကျောင်းသား** – ဆရာက ကျွန်တော်တို့ကို ကျိုတိုသဘောတူညီချက်ဟာ ကောင်းတဲ့အရာမဟုတ်ကြောင်း လက်ခံစေချင်တဲ့သဘောနဲ့ပြောနေပါတယ်။

**ဆရာ** – ဆရာက တခြားဘာကိုထောက်ခံပြောဆိုနေသလဲ။

**ဒုတိယကျောင်းသား** – ဒီရာသီဥတုပြောင်းလဲမှုဟာ ဖြစ်ချင်မှဖြစ်လာနိုင်တဲ့အတွက် နိုင်ငံအစိုးရတွေဟာ ဒီကိစ္စကိုဖြည်းဖြည်းနှင့်ဂရုစိုက်စဉ်းစားဖို့ ပြောနေပါတယ်။

**ဆရာ** – အဲဒီအဆိုအတွက် ဆရာက ဘယ်လိုအထောက်အထားတွေပေးသလဲ။

**တတိယကျောင်းသား** – ဆရာက ဒီလိုအဖြစ်အပျက်တွေဟာ ဟိုးအရင်တုန်းကလည်းဖြစ်ပျက်ခဲ့တယ်။ နောင်လည်းဖြစ်အုန်းမယ်။ ဒါပေမယ့် ကျွန်တော်တို့အခု ဒီမှာရှိနေကြတုန်းပဲလို့ပြောပါတယ်။

**ဆရာ** – ဆရာက ဘယ်လိုသက်သေအထောက်အထားကိုပြသလဲ။

**ပထမကျောင်းသား** – သိပ္ပံပညာရှင်အများစုက ဒီအရာဟာ သဘာဝရဲ့ဖြစ်နေကျဖြစ်စဉ်တစ်ခုဖြစ်ကြောင်း ပြောဆိုကြတယ်လို့ပြောပါတယ်။

**ဆရာ** – အဲဒီအထောက်အထားကို ကျေနပ်ကြရဲ့လား။

**စတုတ္ထကျောင်းသား** – မကျေနပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တချို့အတွေးခေါင်တဲ့သိပ္ပံပညာရှင်တွေဟာ ကမ္ဘာကြီးပူနွေးလာမှုကိုစိုးရိမ်နေကြကြောင်း ဆရာပြောပါတယ်။ ဒါပေမယ့် အခြားတစ်ဖက်ကသိပ္ပံပညာရှင်တွေဟာ ဘယ်သူတွေလဲဆိုတာကို မပြောခဲ့ပါဘူး။

**ဆရာ** – အားရှိတဲ့စကားလုံးကြီးကြီးတွေကော။

**ပဉ္စမကျောင်းသား** – ကောင်းကင်ပြိုကျမယ်၊ အတွေးခေါင်သူတွေ၊ အဓိပ္ပါယ်မရှိဆိုတဲ့ အားရှိတဲ့စကားလုံးကြီးကြီးတွေ ပြောပါတယ်။

**ဆရာ** – အဲဒီအဆိုတွေအတွက် ဆရာတင်ပြတဲ့အထောက်အထားတွေကကော ဘာတွေလဲ။

**ဆဋ္ဌမကျောင်းသား** – အဲဒါကတော့ အာဘော်သက်သက်ပဲဖြစ်ပါတယ်။ ဘယ်အထောက်အထားကိုမှမပေးပါဘူး။

**ဆရာ** – အဲဒီအဆိုတွေကို M-ကားချပ်ရဲ့ဘယ်နေရာမှာ ရေးချကြမလဲ။

**တတိယကျောင်းသား** – သဘောမတူဘက်မှာ ရေးထည့်မယ်။

**ဆရာ** – ကောင်းတယ်။ မင်းတို့ဟာ ဆရာရဲ့ပို့ချချက်မှာပါတဲ့ အားနည်းချက်အတော်များများကို ထောက်ပြနိုင်ကြပါတယ်။ ကဲ အခု သင်ခန်းစာရဲ့ဒုတိယပိုင်းကို ဆက်သွားကြစို့။



## အသိပညာတည်ဆောက်ခြင်း

အသိပညာတည်ဆောက်ခြင်းအပိုင်းသည် ကျောင်းသားများက သင်ခန်းစာခေါင်းစဉ်အကြောင်း အသိပညာဗဟုသုတအသစ်ကို စူးစမ်းရှာဖွေသည့်အပိုင်းဖြစ်သည်။ ကျောင်းသားများကို ဝေဖန်ပိုင်းခြား၍ နားထောင်ခြင်းကိစ္စကို တွေ့မြင်စေပြီး ဟောပြောချက်ကိုနားထောင်၍ ထိုဟောပြောချက်မှ အဖြစ်အပျက်နမူနာများကို ထောက်ပြခိုင်းပါ။

**ဆရာ** – ဒီသင်ခန်းစာမှာ ဝေဖန်မှုဖြင့်နားထောင်ခြင်းအကြောင်းအရာအချို့ကို သင်ယူကြရမယ်။ အခု တစ်ဦးချင်းကို ဝေပေးမယ့်စာရွက်မှာ ဇယားကွက်နဲ့ဖော်ပြထားတဲ့အကြောင်းအရာတွေနဲ့ မေးခွန်းတွေကိုကြည့်ပါ။ ကျိုတိုသဘောတူညီချက်အကြောင်း ဟောပြောပို့ချချက်အပြည့်အစုံကို နားထောင်တဲ့အခါ ကိုယ့်ကိုကိုယ် ဒီအကြောင်းမေးခွန်းထုတ်ကြည့်ပါ။

ပထမဆုံးအနေနဲ့ လေးယောက်တစ်ဖွဲ့စီဖွဲ့ကြစို့။

ကဲ အခု မင်းတို့အဖွဲ့ငယ်တွေမှာပါဝင်နေကြပြီ။ အဖွဲ့ငယ်တိုင်းဟာ ပို့ချချက်အပြည့်အစုံကိုနားထောင်ပြီး မိမိတို့လုပ်ဆောင်ရမယ့် တာဝန်ကျရာဝေဖန်မှုနဲ့ စဉ်းစားခြင်းအရေးကိစ္စနမူနာတွေကို ရှာဖွေကြရမယ်။ တစ်ချို့အဖွဲ့ငယ်များအတွက်၊ သူတို့တာဝန်ကျအကြောင်းအရာကိစ္စများနှင့်ပတ်သက်တဲ့ မေးခွန်းတစ်ပုဒ်ထက်မကရရှိကြမယ်။ (ဆရာက ကားချပ်ပေါ်မှ အရေးကိစ္စတစ်မျိုးစီကို အဖွဲ့ငယ်တစ်ဖွဲ့စီအတွက် တာဝန်ပေးပါ)။

ကဲ အခုအကြောင်းအရာတွေနဲ့မေးခွန်းတွေကို ကြည့်ကြပါ။ ဘက်လိုက်မှု (bias) ဖြစ်တယ်ဆိုတာဘာလဲ။

**ကျောင်းသားတစ်ဦး** – တစ်စုံတစ်ယောက်က ကြိုတင်ဆုံးဖြတ်ထားပြီးသားဖြစ်ခြင်းကို ဆိုလိုပါတယ်။

**ဆရာ** – ကောင်းတယ်။ ဘယ်လိုဥပမာမျိုးဖြစ်နိုင်မလဲ။

**အခြားကျောင်းသား** – ဥပမာ တစ်စုံတစ်ယောက်က မော်တော်ကားအကြီးကြီးတစ်စီးဝယ်ဖို့ပြောမယ်။ သူတို့က အဲဒီမော်တော်ကားအကြီးတွေထုတ်လုပ်တဲ့ကုမ္ပဏီမှာ အလုပ်လုပ်ကြတယ်။ အဲဒါမျိုးပါ။

**ဆရာ** – ဟုတ်ပါတယ်။ နောက်တစ်ခုအတွက် ဘယ်လိုသတင်းဇစ်မြစ်တွေပြောနိုင်မလဲ။

**အခြားကျောင်းသား** – ပို့ချချက်အကျဉ်းမှာ ကျွန်တော်တို့တွေ့ပြီးပြီ။ ဆရာက သိပ္ပံပညာရှင်တွေအကြောင်းပြောပြီး သူတို့ဘယ်သူတွေလဲဆိုတာ မပြောပြခဲ့ဘူး။

**ဆရာ** – အရမ်းကောင်းတယ်။ နောက်လာမယ့်အချက်မှာစိတ်ခံစားမှုကို ရှေ့တန်းတင်ခြင်း (သို့မဟုတ်) ပုဂ္ဂိုလ်ရေး တိုက်ခိုက်ခြင်းဖြစ်မလား။

**အခြားကျောင်းသား** – တစ်စုံတစ်ယောက်ကို တိုက်ခိုက်ပြောဆိုခြင်း ဒါမှမဟုတ် သူတို့ရဲ့ဉာဏ်ရည်အကြောင်းစွပ်စွဲ ပြောဆိုခြင်း။ အဲဒါမျိုးတွေပါ။

**ဇယားကွက်ဖြင့်ဖော်ပြခြင်း – ဝေဖန်ပိုင်းခြားမှုဖြင့်နားထောင်ခြင်း**

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| စိတ်ခံစားမှုကိုရှေ့တန်းတင်ခြင်း၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခြင်း။ | ဖော်ပြချက်များသည် စိတ်ခံစားမှုပေါ် အခြေခံသလား။ အထောက်အထားကိုအခြေခံသလား။ | | |

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| သတင်းဇစ်မြစ် | ဘယ်သူ့ကို သြဇာလွှမ်းမိုးသူ၊ လုပ်ပိုင်ခွင့်ရှိသူအဖြစ် ဖော်ပြထားသလဲ။ | | |

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| ဘက်လိုက်မှု | ဘယ်သူပြောနေသလဲ။ | | |
| | ပြောဆိုသူ၏အမြင်က ဘယ်လိုအမြင်လဲ။ | | |
| | ပြောဆိုသူသည် ဘယ်အဖွဲ့အစည်းကို ကိုယ်စားပြုသလဲ။ | | |
| | ပြောဆိုသူသည် စိတ်ဝင်စားမှုကွဲလွဲချက်များရှိသလား။ | | |
| | ပြောဆိုသူတွင် အခြားကွဲလွဲအမြင်မျိုးရှိနေသလား။ | | |

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| ကိုယ်အမူအရာဖြင့်ပြော ခြင်း၊ အသံနေအသံထား ဖြင့်သဲလွန်စပေးခြင်း။ | ပြောဆိုသူ၏ကိုယ်ဟန်အမူအရာနှင့် အသံနေအသံထားတို့သည် သူ၏ ဘက်လိုက်နေမှုကို ဘယ်လိုဖော်ပြ သလဲ။ | | |

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| သတင်းအချက်အလက်ကို လူအများလက်ခံခြင်း | ပြောဆိုသူတင်ပြသောသတင်းအချက် အလက်များကို လူအများဘယ် လောက်လက်ခံကြသလဲ။ | | |

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| ရွေးချယ်၍တင်ပြခြင်း | ကွဲလွဲအမြင်ကိုထောက်ခံသည့် အခြားအချက်အလက်များ | | |

| အကြောင်းအရာ | မေးရန်မေးခွန်းများ | ဟောပြောသူ၏အဆို | မှတ်ချက် |
|---|---|---|---|
| စာရင်းဇယားများကို လွဲမှားစွာအသုံးပြုခြင်း | ရွေးချယ်သောပမာဏကိုမဖော်ပြဘဲ ရာခိုင်နှုန်းကိုဖော်ပြထားသလား။ | | |

**ဆရာ** – သတင်းအချက်အလက်ကို လူအများလက်ခံမှုနဲ့ပတ်သက်လို့ကော ဘာပြောကြအုံးမလဲ။

**အခြားကျောင်းသားတစ်ဦး** – တခါတလေ လူတစ်ဦးတစ်ယောက်ဟာ ရေပန်းမစားတော့တဲ့ (ဘယ်သူမှလက်မခံ တော့တဲ့) သတင်းအချက်အလက်တွေကို အသုံးပြုတတ်တယ်။

**ဆရာ** – ဟုတ်တယ်။ နောက်တစ်ခုက ကိုယ်ဟန်အမူအရာဖြင့်ဖော်ပြခြင်း၊ အသံနေအသံထားဖြင့်သဲလွန်စပေးခြင်း ဆိုတာတွေက ဘာကိုဆိုလိုသလဲ။

**အခြားကျောင်းသား** – ဒါဟာ ဘာပြောတယ်ဆိုတာက အဓိကမဟုတ်ဘူး။ သူတို့ ဘယ်လိုပြောတယ် ဆိုတာသာ အဓိကဖြစ်တယ်။ ပြောဆိုသူက အဲဒီခေါင်းစဉ်နဲ့ပတ်သက်လို့ ဘယ်လိုခံစားသလဲဆိုတာကို သိနိုင်တယ်။

**ဆရာ** – သိပ်ကောင်းတယ်။ အခု အဖွဲ့ငယ်တိုင်းဟာကိုယ့်တာဝန်ကျရာ ဝေဖန်ပိုင်းခြားမှုဖြင့်နားထောင်ခြင်း နှင့်သက်ဆိုင်တဲ့ အကြောင်းအရာကို နားထောင်ကြရမယ်။ ပြီးတော့ နမူနာတစ်ခုခုကြားရင် ဘာပြောတယ်ဆိုတာကို ရေးမှတ်ရမယ်။ ဟောပြောသူရဲ့အဆိုကိုရေးချဖို့ ဒုတိယကော်လံဇယားကွက်မှာ နေရာလွတ်ရှိတယ်။ ဝေဖန်ပိုင်းခြား မှုဖြင့်စဉ်းစားခြင်း အရေးကိစ္စကိုတွေ့ရှိရရင် နောက်ဆုံးကော်လံဇယားကွက်မှာရေးပါ။

ဆရာက အောက်ပါဟောပြောပို့ချချက်ကို အမူအရာခံစားချက်အပြည့်ဖြင့် အတတ်နိုင်ဆုံးဆွဲဆောင်မှုသုံး၍ ဖတ်ပြပါ။

## ကမ္ဘာ့လေထုကို အပူချိန်မြင့်တက်စေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုအားလျှော့ချရန် ချုပ်ဆိုထားသည့်ကျိုတိုသဘောတူညီချက်ကို ဆန့်ကျင်ပြောဆိုသည့် ပြန်လည်ပြင်ဆင်ထားသော ဟောပြောပို့ချမှု

ကျိုတိုသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် ကမ္ဘာ့လေထုကိုအပူချိန်မြင့်တက်စေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှု (greenhouse gas emission)ကို မဖြစ်မနေလိုက်နာကြရန် လက်ခံထားကြသည်။ ဤသတ်မှတ်ထားသည့် အတိုင်းအတာသည် နိုင်ငံအသီးသီး၏ ၁၉၉၀–ခုနှစ်သတ်မှတ်ချက်အရ အနှုတ် ၈% မှ အပေါင်း ၁၀% အတွင်းရှိသည်။ ဤနှုန်းထားသည် ၂၀၀၈ မှ ၂၀၁၂ အတွင်း ၁၉၉၀ ခုနှစ်သတ်မှတ်ချက်များထက် ၅% လျော့ကျလိမ့်မည်။ တောင်းဆိုထားသောလျော့ချနှုန်းမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပနိုင်ငံအများစုတွင် ၈% ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ၇% ဖြစ်ပြီး ကနေဒါတွင် ၆% ဖြစ်သည်။ နယူးဇီလန်၊ ရုရှားနှင့်ယူကရိန်းနိုင်ငံတို့တွင် ဓါတ်ငွေ့ထုတ်လွှတ်မှုကို တည်ငြိမ်အောင်ထိန်းသိမ်းကြမည်။ နော်ဝေးကဲ့သို့သောနိုင်ငံများသည် ဓါတ်ငွေ့ထုတ်လုပ်မှု ၁% တိုးလာနိုင်စရာရှိသည်။

နိုင်ငံများသည် လေထုထဲမှကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ကို စုပ်ယူသည့်သစ်တောများအား တိုးချဲ့ခြင်းဖြင့်သတ်မှတ်ချက်ကိုရောက်အောင်ဆောင်ရွက်နိုင်သည်။ ဤသို့သစ်တောများတိုးချဲ့ခြင်းကို မိမိတို့နိုင်ငံများတွင်ပြုလုပ်နိုင်သည်။ (သို့မဟုတ်) အခြားနိုင်ငံများနည်းတူ အကျိုးဖြစ်စေသည့်စီမံကိန်းများကိုငွေပေး၍ ဆောင်ရွက်နိုင်သည်။

သဘောတူစာချုပ်သည် နိုင်ငံပေါင်း (၅၅)နိုင်ငံက သဘောတူလျှင်အတည်ဖြစ်နိုင်သည်။ ဤနိုင်ငံများထဲတွင်ဓါတ်ငွေ့ထုတ်လုပ်မှုတွင်တာဝန်ရှိသည့် စက်မှုနိုင်ငံများပါဝင်ရမည်။ အမေရိကန်ပြည်ထောင်စုနှင့် သြစတြေးလျနိုင်ငံတို့သည် ထိုစာချုပ်ကို ထောက်ခံမည်မဟုတ်ကြောင်းဖော်ပြထားကြပြီးဖြစ်သည်။

ဤသဘောတူညီချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်မခံသင့်သောအကြောင်းရင်းများစွာရှိသည်။ သိပ္ပံပညာရှင်အများစုက မကြာမီကစတင်ခဲ့သော ကမ္ဘာ့မြေမျက်နှာပြင်နှင့်လေထုအပူချိန်မြင့်တက်မှုသည် သဘာဝဖြစ်စဉ်၏အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ထောက်ပြကြသည်။ ဤကဲ့သို့သော ပြောင်းလဲမှုများသည် ကမ္ဘာ့သမိုင်းတွင်အကြိမ်များစွာဖြစ်ပွားခဲ့ပြီး အနာဂတ်တွင်လည်း ဖြစ်ပျက်လိမ့်အုံးမည်ဟုဆိုကြသည်။ ထို့ပြင်ပြောင်းလဲမှုများသည် တဖြည်းဖြည်းသာဖြစ်၍ သုတေသနပြုလုပ်ရန်နှင့် နိုင်ငံများအချင်းချင်းတိုင်ပင်ဆွေးနွေးကြရန် အချိန်လုံလောက်သည်ဟုဆိုသည်။

ကမ္ဘာ့လေထုကိုပူနွေးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရေးအတွက် ရုတ်တရက်အပြောင်းအလဲပြုလုပ်ရန် မလိုအပ်သေးပါ။ အခြေအနေကိုပြေလည်သွားစေနိုင်သည့် အထောက်အထားများမတွေ့သေးပါ။ သိပ္ပံပညာရှင်များ၏ထောက်ခံမှုကို မရသောအရာကိစ္စအားအလျင်စလိုမပြုမီ စောင့်ကြည့်ဝါဒကိုကျင့်သုံးသင့်သည်။

စီးပွားရေးအရ အကြီးအကျယ်ဆုတ်ယုတ်မည့်အန္တရာယ်လည်းရှိသည်။ ထင်ရှားကျော်ကြားသည့် စီးပွားရေးပါရဂူများက စာချုပ်တွင်ပါဝင်သည့်နိုင်ငံများသည် စီးပွားရေးကျဆင်းမှု ၂၀ % ရှိမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရရှိသောအကျိုးရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ရုရှားပြည်ထောင်စု၊ ကနေဒါ၊ စကင်ဒီနေးဗီးယားနိုင်ငံများ၊ ဘောလ်တစ်နိုင်ငံများ၏ မြောက်ပိုင်းရာသီဥတုစိုက်ပျိုးရာသီသည်ရှည်ကြာသဖြင့် သီးနှံထုတ်လုပ်မှုပိုမိုတိုးတက်လာသည်။

အဆိုပါသဘောတူစာချုပ်သည် စက်မှုထွန်းကားသည့်အနောက်နိုင်ငံများအတွက် တရားမျှတမှုမရှိပါ။ ထိုနိုင်ငံများနေရာတွင် စီးပွားရေးကျဆင်းပြီး စက်မှုဖွံ့ဖြိုးခါစ တရုတ်နှင့်အိန္ဒိယကဲ့သို့သောနိုင်ငံများက အစားထိုးဝင်ရောက်ကြလိမ့်မည်။ တရုတ်နှင့်အိန္ဒိယတို့သည် ကျိုတိုသဘောတူစာချုပ်နှင့်မသက်ဆိုင်ပါ။ စက်မှုထွန်းကားသောနိုင်ငံများက ဓါတ်ငွေ့ထုတ်လုပ်မှုလျှော့ချချိန်တွင် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် ပြစ်ဒါဏ်မခံရဘဲ ဓါတ်ငွေ့ထုတ်လွှတ်မှုပိုများလာကြလိမ့်မည်။ နောက်ဆုံးအကျိုးရလဒ်မှာ ကမ္ဘာ့အပူချိန်ကိုတိုးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုသည် ကျိုတိုစာချုပ်မတိုင်မီကထက် ပိုများလာလိမ့်မည်။

ကျွန်ုပ်တို့သည် သိပ္ပံပညာရှင်အနည်းစုနှင့် ကောင်းကင်ပြိုကျတော့မည်ဟုပြောဆိုကြသည့် အစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကို နားမထောင်သင့်။ သူတို့၏သုတေသနလေ့လာချက်သည် သိပ္ပံနည်းမကျ။ သတိကြီးစွာနှင့်ချဉ်းကပ်ပြောဆိုသူများကိုသာ နားထောင်သင့်သည်။ အတွေးခေါ်သူတချို့က ပင်လယ်ရေမြင့်တက်လာပြီး ကျွန်းနိုင်ငံများစွာနှင့်ကမ်းခြေများ ပင်လယ်ရေအောက်ရောက်သွားလိမ့်မည်ဟုပင်ပြောဆိုကြသေးသည်။ ဤအဆိုသည် အဓိပ္ပါယ်မရှိပါ။ ဤကဲ့သို့လည်းဖြစ်မလာသေး။ နောင်တွင်လည်းဖြစ်လာမည်မဟုတ်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားကျောက်ခေတ်သို့ပြန်ခေါ်သွားမည့် လိမ်ညာပြောဆိုသူများနှင့် အစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ဘေးမှ ကိုယ့်ကိုယ်ကိုကာကွယ်ကြရလိမ့်မည်။ ကမ္ဘာကြီးကိုပူနွေးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်လိုက်သည်နှင့်တပြိုင်နက် ကမ္ဘာတဝှမ်းမှ လူသန်းပေါင်းများစွာတို့ အငတ်ဘေးကျရောက်လိမ့်မည်။ ကမ္ဘာ့စီးပွားရေးကျဆင်းပြီး လူလတ်တန်းစားတို့၏ လူနေမှုစနစ်လည်း ကွယ်ပျောက်သွားလိမ့်မည်။ လူတိုင်းအလုပ်လက်မဲ့ဖြစ်၍ အအေးဒါဏ်ဖြင့်ခိုက်ခိုက်တုန်နေကြလိမ့်မည်။

**ဆရာ** – ယခု ဟောပြောပို့ချချက်ကို ကြားနာကြရပြီ။ ဒီတော့ ဝေဖန်ပိုင်းခြားနားထောင်ခြင်းအတွက် ဥပမာပေးစရာတွေ တွေ့ကြသလား။

**အဖွဲ့ငယ်တစ်ခုမှကျောင်းသားတစ်ဦး** – ဆရာက လိမ်ညာပြောဆိုသူများ၊ အစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများလို့ပြောတော့ ဒါဟာပုဂ္ဂိုလ်ရေးတိုက်ခိုက်တာပဲလို့ မြင်ပါတယ်။

**ဆရာ** – ကောင်းပါပြီ။ ဆရာရဲ့တင်ပြချက်ကို အထောက်အပံ့ပေးတဲ့အထောက်အထားတွေကို ကြားလိုက်ကြလား။ အထောက်အထားလို့ဆိုတဲ့နေရာမှာ ဆရာရဲ့ဟောပြောပို့ချချက်မှာ နိဂုံးဆွဲချက်ကိုအထောက်အပံ့ပေးမယ့် မှန်ကန်ကြောင်းသက်သေပြနိုင်တဲ့ သတင်းအချက်အလက်ရှိသလားလို့ဆိုတာပါ။

**အလားတူအဖွဲ့ငယ်မှ ကျောင်းသားတစ်ဦး** – မရှိပါဘူး။ ဆရာက အထောက်အထားမပြပါဘူး။

**ဆရာ** – တခြားအဖွဲ့တွေကော ဘယ်လိုနမူနာဥပမာတွေ တွေ့ရှိသလဲ။

**အခြားအဖွဲ့ငယ်မှ ကျောင်းသားတစ်ဦး** – ဆရာက ကျွန်းနိုင်ငံတွေကို ပင်လယ်ရေလွှမ်းမိုးသွားမယ်ဆိုတာ ယုတ္တိမရှိဘူးလို့ပြောတဲ့အခါ မနစ်သက်ကြောင်းပြတဲ့ ကိုယ်ဟန်အမူအရာနမူနာတစ်ခုကို ကျွန်တော်တို့အဖွဲ့ကတွေ့မိပါတယ်။ အဲဒီလိုပြောတဲ့အခါ သိပ်ပြီးကြည့်မကောင်းဘူး။

**ဆရာ** – ဟုတ်တယ်။ ဆရာ အဲဒါပြောတုန်းက မဲ့ရွဲ့ပြခဲ့ပါတယ်။ တခြား ဘယ်လိုနမူနာဥပမာတွေကို တွေ့ရှိကြသေးလဲ။

**အဖွဲ့ငယ်အသစ်တစ်ခုမှ ကျောင်းသားတစ်ဦး** – ဆရာဟောပြောပို့ချတုန်းက ဆရာကဘယ်သူဆိုတာ မဖော်ပြခဲ့ဘူး။ ဆရာကဘယ်အဖွဲ့အစည်းကို ကိုယ်စားပြုတယ်ဆိုတာ ကျွန်တော်တို့မသိရဘူး။

**ဆရာ** – သိပ်ကောင်းတယ်။ ဆရာက ကျောက်မီးသွေးတွင်းလုပ်ငန်းကဖြစ်ဖြစ် ဒါမှမဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းတစ်ခုကဖြစ်ဖြစ်လာတယ်လို့ မခန့်မှန်းမိကြဘူးလား။

**အဆိုပါကျောင်းသား** – ကျောက်မီးသွေးတွင်းကုမ္ပဏီကလို့ ထင်ပါတယ်။

**ဆရာ** – ဟုတ်ပါတယ်။ မင်းတို့ဝေဖန်ပိုင်းခြားမှုနဲ့ နားထောင်တဲ့အခါ တခြားဘာတွေကိုကြားမိသေးလဲ။

**အခြားအဖွဲ့ငယ်တစ်ခုမှကျောင်းသားတစ်ဦး** – စီးပွားရေးပညာရှင်များက စီးပွားရေးလုပ်ငန်း ၂၀% ဆုတ်ယုတ်သွားမယ့်အကြောင်း ကြိုခန့်မှန်းကြတယ်ဆိုတာပြောခဲ့ပါတယ်။ ဒါပေမယ့် အသေးစိတ်မပြောဘူး။

**အခြားအဖွဲ့တစ်ဖွဲ့မှကျောင်းသားတစ်ဦး** – ကျွန်တော်တို့လည်း အဲဒါကိုသတိပြုမိကြပါတယ်။ အဲ့ဒီ စီးပွားရေးပညာရှင်တွေဟာ ဘယ်သူတွေဖြစ်ပြီး ဘယ်ကလာတယ်ဆိုတာမပြောခဲ့ဘူး။

**ဆရာ** – အရမ်းကောင်းတယ်။ မင်းတို့ဟာ ဝေဖန်ပိုင်းခြားမှုနဲ့နားထောင်ပြီး ဆရာရဲ့တင်ပြချက်မှာပါတဲ့ အားနည်းချက်များစွာကို ထောက်ပြနိုင်ကြပါတယ်။



## စုစည်းခြင်း

စုစည်းခြင်းအပိုင်းသည် ကျောင်းသားများက သူတို့သင်ယူသောအကြောင်းအရာကို အကျဉ်းချုံးခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ အဓိကတင်ပြချက်များကိုစစ်ဆေးခြင်း၊ အမြင်ဖလှယ်ခြင်း၊ တစ်ဦးချင်းတုံ့ပြန်မှုပြုခြင်း၊ သင်ယူမှုကိုအကဲဖြတ်စစ်ဆေးခြင်းများကို ပြုလုပ်သည့်အပိုင်းဖြစ်သည်။ ဤသင်ခန်းစာတွင် သူတို့သည် စာရေးခြင်းဖြစ်စဉ်အတွက် သူတို့၏ဝေဖန်ပိုင်းခြားမှုဖြင့် နားထောင်ခြင်းအကြောင်းနားလည်မှုကို အသုံးပြုထားကြသည်။

**ဆရာ** – ကျိုတိုသဘောတူညီချက်အပေါ် ဆရာတို့ရဲ့ရပ်တည်မှုကိုဖော်ပြဖို့အတွက် ဝေဖန်ပိုင်းခြားနားထောင်ခြင်းကျွမ်းကျင်မှုထဲကတချို့ကို အသုံးပြုကြမယ်။ မင်းတို့ထဲကတစ်ဝက်ဟာ ဆရာပြောခဲ့တဲ့ကျိုတိုသဘောတူညီချက်ကိုဆန့်ကျင်ပြောခဲ့တာတွေထဲက အားနည်းချက်တချို့ (သို့မဟုတ်)အားလုံးကိုဖယ်ထုတ်ပြီး အားကောင်းလာအောင်လုပ်ပါ။ ကျန်တစ်ဝက်က ကျိုတိုသဘောတူညီချက်ကိုထောက်ခံတဲ့ မိန့်ခွန်းတစ်ခုကိုရေးပါ။ နှစ်ဖွဲ့စလုံးရေးပြီးတဲ့အချိန်မှာ ဒီမေးခွန်းတွေကိုဖတ်တဲ့အခါ တွေ့ရမယ့်အားနည်းချက်တွေကို ရှာဖွေစီစစ်ကြပါ။

**ကျောင်းသားတစ်ဦး** – ကျွန်တော်တို့ရဲ့မိန့်ခွန်းတွေကို အားကောင်းအောင်လုပ်ဖို့ သတင်းအချက်အလက်တွေလိုအပ်မယ်။

**ဆရာ** – မင်းတို့လိုချင်တဲ့သတင်းအချက်အလက်တွေကို မရနိုင်ရင် မင်းတို့ဘာလိုအပ်တယ်၊ ဘယ်မှာရှာရင်တွေ့နိုင်တယ်ဆိုတာကို ဖော်ပြပါ။

အဖွဲ့တိုင်းမှကျောင်းသားများက သူတို့၏မိန့်ခွန်းများကို ပြင်ဆင်ပြုစုကြမည်။ သူတို့သည်ထိုမိန့်ခွန်းများကို အချင်းချင်းတင်ပြကြမည်။ အခြားတစ်ဖက်မှအဖွဲ့သည် တင်ပြချက်တိုင်းကို ဝေဖန်ပိုင်းခြားမှုဖြင့်နားထောင်နည်း စံထားချက်များကို အသုံးပြု၍ခွဲခြမ်းစိတ်ဖြာသုံးသပ်ကြမည်။ ထို့နောက် အဖွဲ့ချင်းနေရာလဲကြမည်။

**ဆရာ** – ယခု မင်းတို့အကြောင်းအရာကိစ္စတစ်ရပ်ရဲ့ အမြင်နှစ်ဖက်စလုံးကနေ ဝေဖန်ပိုင်းခြားမှုနဲ့နားထောင်ခဲ့ကြပြီးပြီ၊ ဘယ်အဖွဲ့က သူတို့ရဲ့တင်ပြချက်မှာအားနည်းချက်တွေကို အောင်မြင်စွာရှောင်ရှားနိုင်ခဲ့ကြသလဲ။

**ဤတွင်သင်ခန်းစာပြီး၏။**

## သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ခန်းစာ၏အစပိုင်းတွင် သင်တို့ကိုနည်းနှစ်နည်းဖြင့် စဉ်းစားရန် ဖိတ်ခေါ်ခဲ့သည်။ ကျောင်းသားတစ်ဦးအဖြစ်လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်လည်းကောင်း စဉ်းစားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် ကျောင်းသားတစ်ဦးအဖြစ်ပါဝင်ရလျှင် မည်သို့ခံစားရမည်ကို အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ပါ။ (သင်၏အတွေးအခေါ်အကြံဉာဏ်များကို စာရွက်တစ်ရွက်ပေါ်တွင်ရေးချလျှင် အထောက်အကူ ရပါလိမ့်မည်)။

**စိတ်ထဲဘယ်လိုခံစားရသလဲ** – စိတ်ဝင်စားသလား။ ပါဝင်လိုစိတ်ရှိသလား။ အရေးကြီးသည်ဟုခံစားရသလား။ ဘာမှမပတ်သက်သလို ခံစားရသလား။ ထိန်းချုပ်ခံရတယ်လို့ခံစားရသလား(သို့မဟုတ်) ငြီးငွေ့သလား။

**ဘယ်လိုစဉ်းစားမှုမျိုးကိုလုပ်ခဲ့သလဲ** – အသေးစိတ်ကျက်မှတ်သလား။ အဓိကအချက်အလက်များကိုရှာဖွေ သလား။ အရေးကြီးတဲ့ကိစ္စရပ်တွေကို အပေါ်ယံကျော်၍အောက်ခြေအထိကြည့်သလား။ အနက်အဓိပ္ပါယ်ဖွင့်ဆို သလား။ အနက်ဖွင့်ဆိုချက်ကို အကျိုးအကြောင်းဖြင့်ထောက်ပံ့သလား။

**သင်ခန်းစာထဲမှ ဘယ်အရာတွေကိုယူဆောင်သွားမလဲ** – သတင်းအချက်အလက်လား။ အရေးကြီးတဲ့အကြံဉာဏ် တွေလား (ဒါမှမဟုတ်) စဉ်းစားနည်းကျွမ်းကျင်မှုတွေလား။

ယခုတဖန် သင့်ကိုယ်သင် ဆရာတစ်ဦးအဖြစ် ဤသင်ခန်းစာအပေါ်တွင် ပြန်လည်စဉ်းစားပါ။ ဤသင်ခန်း စာ၏အဆင့်များကို ပြန်သတိရပါ။ ထိုအဆင့်များမှာ –

**စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးခြင်းနှင့် ဝေဖန်ပိုင်းခြားမှုဖြင့်နားထောင်ခြင်း** – သတ္တမကျောရိုး သင်ခန်းစာတွင် သင်ယူခဲ့သော ကျွမ်းကျင်မှုများကို ပြန်လည်သုံးသပ်ရန်နှင့် ဤသင်ခန်းစာမှ ဝေဖန်ပိုင်းခြား၍နားထောင်ခြင်း အဆင့်မြင့် နည်းများကို တင်ဆက်ရန်အတွက် စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးခြင်းနည်းဖြင့် ပြုလုပ်သောပို့ချချက်အကျဉ်းချုပ် ဖြစ်သည်။

**ဝေဖန်ပိုင်းခြား၍နားထောင်ခြင်းနှင့် မွမ်းမံပြုပြင်ထားသော ပို့ချချက်** – ကျောင်းသားများအား ဝေဖန် ပိုင်းခြား၍နားထောင်ခြင်း အပေါ်အာရုံစိုက်စေရန် အထောက်အကူပြုသည့်အကြောင်းအရာ။

**စာရေးလေ့ကျင့်ခြင်း** – အဓိပ္ပါယ်အသစ်တည်ဆောက်ရာမှ အလိုအလျောက်ပေါ်ထွက်လာသည့် စာရေးခြင်းလုပ် ဆောင်ချက်။

## နည်းလမ်းများ




### စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးပွဲနှင့် M – ကားချပ်ကိုအသုံးပြုသော အထူးပြင်ဆင်ထားသည့်သင်ခန်းစာ


ဆရာကစာသင်ခန်းအတွင်းမှအဖွဲ့ငယ်တစ်ခုအား အထူးပြင်ဆင်ထားသော ပို့ချချက်တိုတိုတစ်ပုဒ်ကို တင်ပြပါ။ သူတို့သည် ထိုင်ခုံများကိုစက်ဝိုင်းပုံပြု၍ထိုင်နေကြပြီး ဟောပြောပို့ချချက်ကို နား ထောင်ကြမည်။ အခြားကျောင်းသားများက ဘေးပတ်လည်တွင်ဝိုင်း၍ စက်ဝိုင်းအတွင်းမှကျောင်းသားများ မည်သို့ နားထောင်ကြသည်၊ M-ကားချပ်တွင် မှတ်တမ်းတင်မည့်အရာများကို မည်သို့ဆွေးနွေးကြသည်တို့ကို လေ့လာကြည့်ရှု ကြမည်။



**ကျိုးကြောင်းဆင်ခြင်မှု** – ဝေဖန်ပိုင်းခြားနားထောင်ခြင်း၏ရည်ရွယ်ချက်မှာ ကျောင်းသားများအား နိုင်ငံရေးသမား၊ အရောင်းစျေးသည်၊ ကျောင်းဆရာ စသည်တို့က စကားပြောဆိုလာသောအခါ သူတို့ နားထောင်၍ မေးခွန်းများမေးပြီး၊ နားလည်မှုကို အထောက်အကူပြုစေရန်နှင့် ဝေဖန်ပိုင်းခြားစိတ်ဖြင့် နားထောင်ရန်ပြင်ဆင်ပေးဖို့ရည်ရွယ်သည်။




**အဖွဲ့အရွယ်အစား** – ဤသင်ခန်းစာကို အတန်းတစ်တန်းလုံးဖြင့်ပြုလုပ်နိုင်သည်။



**လိုအပ်သောပစ္စည်းများ** – ကမ္ဘာ့မြေကြီးပူနွေးလာမှုအပေါ် ကျိုတိုသဘောတူညီချက်ကြေညာစာတမ်းကိုမွမ်းမံပြင်ဆင်ထားသောပို့ချမှုအကျဉ်း၊ အဆိုပါကျိုတိုကြေညာစာတမ်းကို ဆန့်ကျင်ကန့်ကွက်သည့်မွမ်းမံပြင်ဆင်ထားသော ပို့ချချက်အပြည့်အစုံ၊ အောက်တွင်ဖော်ပြထားသည့် ဇယားကွက်မိတ္တူ၊ ကားချပ်တင်ရန် ဒေါက်တိုင် (သို့မဟုတ်) စင်၊ မင်ချောင်းများ။



**လိုအပ်သောအချိန်** – ဤသင်ခန်းစာမျိုးကို မိနစ် (၄၀) မှ မိနစ် (၅၀) အတွင်း အပြီးလုပ်ဆောင်နိုင်သည်။



**လက်တွေ့လုပ်ဆောင်ချက်**

**အဆင့်(၁)** – အဖွဲ့တစ်ဖွဲ့ကလက်တွေ့လုပ်ဆောင်ပြီး အခြားကျောင်းသားများက ဘေးပတ်လည်မှလေ့လာစောင့်ကြည့်သော စက်ဝိုင်းပုံသဏ္ဌာန်ဆွေးနွေးပွဲနည်းကို ပြုလုပ်မည်ဖြစ်ကြောင်းရှင်းပြပါ။ ဝေဖန်ပိုင်းခြားသည့်မေးခွန်းနှင့် သတ္တမကျောရိုးသင်ခန်းစာတွင်ပါဝင်သော M- ကားချပ်တို့ကို ပြန်လည်လေ့ကျင့်ပါ။

- ❖ ဤစာတမ်းက ဖော်ပြသည့် အဓိကမေးခွန်းကား အဘယ်နည်း။
- ❖ ဘယ်လိုအဖြေကို ပေးသလဲ။
- ❖ ထိုအဖြေကို အထောက်အကူပြုရန် ဘယ်လိုအကြောင်းပြချက် ပေးသလဲ။
- ❖ ထိုအကြောင်းပြချက်အတွက် ဘာသက်သေအထောက်အထားပြသလဲ။
- ❖ မေးခွန်း၏အခြားအဖြေကိုထောက်ခံမည့် အဘယ်သို့သောအကြောင်းပြချက်များကို ချန်လုပ်ထားသလဲ။
- ❖ ဘယ်အချက်အလက်တွေကို ယုံယုံကြည်ကြည်လက်ခံရန် မျှော်လင့်ထားသလဲ။
- ❖ ဘယ်လို အားရှိသောစကားလုံးကြီးကြီးတွေကိုသုံးထားသလဲ။ ဘယ်စကားလုံးတွေက တန်ဖိုးဖြတ်မှုပေးသလဲ။
- ❖ အားလုံးကိုထည့်သွင်းစဉ်းစားပြီး အဆိုပါအကြောင်းပြချက်များက နိဂုံးချုပ်ချက်ကို အထောက်အကူပြုသလား။
- ❖ ဤပို့ချချက်အကျဉ်းချုပ်တွင် စိတ်ခံစားမှုကိုဖော်ပြသော ဘယ်လိုအမှုအရာတွေ တွေ့ရသလဲ။ ထိုအချက်များကို M-ကားချပ်ပေါ်ဘယ်နေရာတွင်ရေးဖြည့်မလဲ။

**အဆင့်(၂)** – စက်ဝိုင်းပုံသဏ္ဌာန်ဆွေးနွေးပွဲတွင်ပါဝင်သူများအား မွမ်းမံပြင်ဆင်ထားသော ပို့ချချက်အကျဉ်းကိုသူတို့နားထောင်နေကြစဉ် အထက်ပါမေးခွန်းများအကြောင်း စဉ်းစားခိုင်းပါ။ ကျိုတိုသဘောတူညီချက်ကြေညာစာတမ်းအကြောင်း မွမ်းမံပြင်ဆင်ထားသောပို့ချချက်ကို စိတ်ပါလက်ပါနှင့်ခံစားချက်အပြည့်ထား၍ ဖတ်ပြပါ။ စက်ဝိုင်းပုံသဏ္ဌာန်ဆွေးနွေးပွဲတွင် ပါဝင်လုပ်ဆောင်သူကျောင်းသားများအား သူတို့ကြားရသောအမြင်ကို လက်ခံယုံကြည်လာအောင်ကြိုးစားအားထုတ်ပါ။ ဤမွမ်းမံပြင်ဆင်ထားသည့် ပို့ချချက်အကျဉ်းတွင် အားနည်းသည့်ငြင်းဆိုချက်အထောက်အထား ချို့တဲ့လစ်ဟင်းမှုနှင့်အခြားချို့ယွင်းချက်နမူနာများပါဝင်နေသည်။ ဟောပြောပြီးလျှင် ဆွေးနွေးဝိုင်း၌ပါဝင်သူများအား အားနည်းချက်များကို ထောက်ပြခိုင်းပါ။ ထို့နောက် ထိုအချက်များကို ကားချပ် (သို့မဟုတ်) မြေဖြူသင်ပုန်းပေါ်တွင်ရေးခိုင်းပါ။ သူတို့သည် သူတို့၏တုံ့ပြန်မှုကို ပုံသွင်းတည်ဆောက်ရန်M-ကားချပ်နှင့် ယခင်သင်ခန်းစာမှ မေးခွန်းများကို အသုံးပြုသင့်သည်။ နောက်ဆုံးအနေဖြင့် ကျောင်းသားအားလုံးကို ဤအားနည်းချက်များအပေါ် နားလည်သဘောပေါက်ခြင်းသည် ဝေဖန်ပိုင်းခြား၍နားထောင်ခြင်းအတွက် ဘယ်ပုံဘယ်နည်း အထောက်အကူပေးကြောင်းမေးကြည့်ပါ။

**အဆင့်(၃)** – သင်တန်းသားများအား သူတို့သည် ဤသင်ခန်းစာကိုလေ့လာကြည့်ရှုရန်အတွက် ဝေဖန်ပိုင်းခြား၍နားထောင်ရမည့် အကြောင်းအရာသစ်ကို သင်ယူရလိမ့်မည်ဟုပြောပြထားပါ။ ဇယားကွက်ထဲတွင် ရေးသားထားသည့်အကြောင်းအရာများကို သူတို့အားပြသပါ။ သူတို့သည် သူတို့ကြားခဲ့သောအရာများအကြောင်း သူတို့ကိုယ်တိုင်မေးနိုင်သည့်မေးခွန်းများကို တွေ့ရှိကြလိမ့်မည်။ ဤအကြောင်းအရာကိစ္စရပ်များနှင့် မေးခွန်းများကိုဆွေးနွေးပါ။ ဥပမာများတောင်းပါ။ (သို့မဟုတ်) လိုအပ်သောနေရာ၌ နမူနာဥပမာများပေးပါ။ ဒုတိယကော်လံဇယားကွက်တွင် ဟောပြောသူပြောသည့်အရာများကို ရေးဖြည့်ရန်ကွက်လပ်ရှိသည်။ နောက်ဆုံးကော်လံတွင် သူတို့ရှာဖွေထောက်ပြနိုင်သော ဝေဖန်ပိုင်းခြား၍စဉ်းစားရသောကိစ္စများကို ရေးချနိုင်သည်။ မွမ်းမံပြင်ဆင်ထားသောပို့ချချက်ဆိုသည်မှာ နားထောင်ခြင်း၊ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းတို့ပါဝင်သော ဟောပြောမှုတစ်ခုဖြစ်ကြောင်း ပို့ချချက်ပုံစံကို မိတ်ဆက်စဉ် ရှင်းပြထားပါ။

**အဆင့်(၄)** – သင်တန်းသားအားလုံးကို လေးယောက်တစ်ဖွဲ့ဖွဲ့ရန်ပြောပါ။ အဖွဲ့တစ်ဖွဲ့စီကို ဇယားကွက်မိတ္တူတစ်စောင်စီကူးပေးပြီး အဖွဲ့တိုင်းကိုဇယားကွက်ထဲမှ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းအကြောင်းအရာတစ်ခုစီအတွက် တာဝန်ပေးပါ။ လေးယောက်ပါအဖွဲ့တစ်ဖွဲ့စီသည် သူတို့တာဝန်ကျရာ ဝေဖန်ပိုင်းခြား၍နားထောင်ခြင်းနမူနာကိစ္စကို ရှာဖွေထောက်ပြရန်ရည်ရွယ်ချက်အတွက် ပြင်ဆင်မွမ်းမံထားသောပို့ချချက်အပြည့်အစုံကို နားထောင်ကြမည်။ ကျန်အဖွဲ့များက အခြားအကြောင်းအရာနမူနာများကို နားထောင်နေကြလိမ့်မည်။ သူတို့အားမှတ်စုမြန်မြန်ရေးရန်နှင့် သူတို့အားတာဝန်ပေးထားသည့် အကြောင်းအရာကိုနားထောင်ပြီး မှတ်သားထားချက်များကို ဇယားကွက်ပေါ်တွင် ရေးချနိုင်ရန်အတွက် အားပေးတိုက်တွန်းပါ။

**အဆင့်(၅)** – ပြင်ဆင်မွမ်းမံထားသည့်ပို့ချချက်အပြည့်အစုံကို ဖြည်းဖြည်းနှင့်စိတ်ခံစားချက်အပြည့်ထား၍ ဖတ်ပြပါ။ သင်၏အမြင်ရှုထောင့်ကို သူတို့လက်ခံလာအောင်စည်းရုံးသိမ်းသွင်းပါ။ သူတို့တောင်းဆိုခဲ့သော် ထိုပို့ချချက်ကို ဒုတိယအကြိမ်ပြန်ဖတ်ပြပါ။ သူတို့လက်ထဲတွင် ရေးထားသောမိတ္တူမရှိစေရ။ ဤသင်ခန်းစာသည် ဝေဖန်ပိုင်းခြားမှုဖြင့်နားထောင်သည့် သင်ခန်းစာဖြစ်သည်။

**အဆင့်(၆)** – ပို့ချမှုပြီးဆုံးသည့်နောက် လေးဦးပါအဖွဲ့ဝင်သင်တန်းသားများအား သူတို့ရှာဖွေထောက်ပြသောပြဿနာ (သို့မဟုတ်) ပြဿနာများကို သူတို့၏အဖွဲ့အတွင်းဝေမျှခိုင်းပါ။ ပြဿနာတစ်ခုချင်းနှင့်ပတ်သက်၍ သူတို့သည်ဟောပြောသူပြောခဲ့သည့်အရာနှင့် အဘယ်သို့သောဝေဖန်မှုဖြင့်နားထောင်ရသည့်အကြောင်းကိစ္စပေါ်လာကြောင်းကို ဖော်ပြသင့်သည်။


**အဆင့်(၇)** – (၅)မိနစ်မှ (၁၀)မိနစ်ကြာလျှင် အဖွဲ့ငယ်တစ်ခုစီကို အဖွဲ့ကြီးနှင့်ဝေမျှဖလှယ်ခိုင်းပါ။ တစ်ယောက်ယောက်ကဇယားချပ်ကြီးပေါ်တွင် အကြောင်းကိစ္စတစ်ခုချင်းကို မှတ်တမ်းတင်ထားပါ။ (စက္ကူကားချပ်ပေါ်ဖြစ်စေ၊ မြေဖြူသင်ပုန်းပေါ်ဖြစ်စေ) ဝေဖန်ပိုင်းခြားမှုဖြင့်နားထောင်နည်း၏ ပြဿနာတစ်မျိုးစီ၏နမူနာကိုကြိုးစားရှာပါ။ ပြင်ဆင်မွမ်းမံထားသောဟောပြောချက်ကို ဝေဖန်ပိုင်းခြား၍နားထောင်ရန်အတွက် အကြောင်းအရာနှင့်စံများထားရှိခြင်းသည် မည်မျှအသုံးဝင်ကြောင်းနှင့်ပတ်သက်၍ သူတို့၏အမြင်ကို တခြားကျောင်းသားများနှင့်မျှဝေခိုင်းပါ။

**အဆင့်(၈)** – သင်တန်းသားများကို လေးယောက်တစ်ဖွဲ့ပြန်ဖွဲ့ခိုင်းပါ။ သင်တန်းသားအုပ်စုတစ်ဝက်အားပြီးခဲ့သည့် လက်တွေ့လုပ်ဆောင်ချက်တွင်ရှာဖွေထောက်ပြခဲ့သည့် အားနည်းချက်များအားလုံးကိုရှောင်ရှား၍ ပြင်ဆင်ထားသောပို့ချချက်ကို အသစ်တဖန်ပြန်ပြင်ရေးခိုင်းပါ။ သူတို့သည် ပို့ချချက်ကိုရေးထားသည့် စာမူမိတ္တူလိုအပ်ကြပါလိမ့်မည်။ သူတို့သည် သတင်းအချက်အလက်အစစ်အမှန်ကို လိုအပ်မည်မဟုတ်သော်လည်း သူတို့လိုအပ်မည့်သတင်းအချက်အလက်များနှင့် ထိုသတင်းအချက်အလက်များကို ဘယ်နေရာတွင်ရှာဖွေတွေ့ရှိနိုင်ကြောင်းဖော်ပြနိုင်သည်။ ကျန်သင်တန်းသားအဖွဲ့တစ်ဝက်တွင်ပါဝင်သည့် ကျောင်းသားများအား ကျိုးတိုသဘောတူညီချက်ကြေညာစာတမ်းကို ထောက်ခံသည့်ပို့ချချက်တစ်ပုဒ်ရေးဖွဲ့ခိုင်းပါ။ ကျိုးတိုသဘောတူညီချက်ကိုဆန့်ကျင်သည့်ပို့ချချက်တွင် တွေ့ရှိသည့် ပြဿနာများကို ရှောင်ရန် (သို့မဟုတ်) ကျော်လွှားနိုင်ရန် ဇယားချပ်ပါအကြောင်းအရာနှင့်မေးခွန်းများကို အသုံးပြုခိုင်းပါ။ သူတို့သည်

သတင်းအချက်အလက်အစစ်အမှန်ကို လိုအပ်မည်မဟုတ်သော်လည်း သူတို့လိုအပ်မည့် သတင်းအချက်အလက်များနှင့် ထိုသတင်းအချက်အလက်များကို ဘယ်နေရာတွင်ရှာဖွေတွေ့ရှိနိုင်ကြောင်းဖော်ပြနိုင်သည်။

**အဆင်(၉)** – ကျိုတိုသဘောတူညီချက်ကို ထောက်ခံသည့်အဖွဲ့များထဲမှတစ်ဖွဲ့အား သူတို့၏ပြင်ဆင်မွမ်းမံထားသောပို့ချချက်ကို တင်ပြခိုင်းပါ။ ကျိုတိုသဘောတူညီချက်ကို ဆန့်ကျင်သောအဖွဲ့များသည် ဇယားကွက်တွင်ဖော်ပြထားသည့်စံများကိုအသုံးပြု၍ ထိုအဖွဲ့၏ပို့ချချက်ကို ဝေဖန်ထောက်ပြရမည်။ ကျိုတိုသဘောတူညီချက်ကို ဆန့်ကျင်သောအဖွဲ့များထဲမှအဖွဲ့တစ်ဖွဲ့အား သူတို့၏ပြန်လည်ပြင်ဆင်မွမ်းမံထားသောပို့ချချက်ကိုတင်ပြခိုင်းပါ။ ကျိုတိုကြေညာစာတမ်းကိုထောက်ခံသည့်အုပ်စုများက ထိုသူများ၏ပို့ချချက်အပေါ် ဇယားကွက်တွင်ဖော်ပြထားသည့်စံများကိုသုံး၍ ဝေဖန်ထောက်ပြမည်။ ကျောင်းသားအားလုံးကို ဘက်နှစ်မျိုးမှရရှိသည့် သဘောထားများ၏အကျိုးရှိမှုကို ဆွေးနွေးခိုင်းပါ။ ဝေဖန်ပိုင်းခြား၍နားထောင်ခြင်း၏ စစ်ဆေးရန်စံများကိုအသုံးပြုသောအခါ ကျိုတိုသဘောတူညီချက်ကို ကန့်ကွက်သူများ၏အဆိုသည် ထိရောက်မှုများစွာလျော့နည်းကြောင်း သူတို့တွေ့ရှိလာကြလိမ့်မည်။


## မူကွဲများနှင့်အခြားဆက်နွယ်သောနည်းလမ်းများ




### ဆိုကရေးတီး၏မေးခွန်းမေးနည်း



**ကျိုးကြောင်းဆင်ခြင်မှု –** Richard Paul (1993) ၏အဆိုအရ Socrates ၏ မေးခွန်းမေးနည်းသည် အမြင်အယူအဆများကို ရှင်းလင်းတင်ပြခြင်း၊ အဆက်အစပ်ကိုမေးမြန်းခြင်း၊ အခြေခံအချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ ထင်မြင်ယူဆချက်များကို ရှာဖွေဖော်ထုတ်ထောက်ပြခြင်းနှင့် အမြင်သဘောထားများကို အဓိပ္ပါယ်ဖော်ခြင်းတို့ပါဝင်သည်။ Socrates၏မေးခွန်းမေးနည်းသည် နှုတ်ဖြင့်ပြောဆိုတင်ပြခြင်းအတွက်အသုံးပြုရန် အခြားဝေဖန်ပိုင်းခြားနားထောင်ခြင်းအတွက် အကြောင်းအရာကိစ္စများကို ဖန်တီးပေးသည်။




**အဖွဲ့အရွယ်အစား** – အတန်းတစ်တန်းလုံး။



**လိုအပ်သောပစ္စည်းများ –** နှုတ်ဖြင့်ပြောဆိုတင်ပြချက်ကိုဖမ်းထားသည့်တိတ်ခွေ (သို့မဟုတ်) တင်ပြချက်ရေးထားသည့် မိတ္တူစာရွက်များ၊ စာရေးစက္ကူများ၊ ခဲတံများနှင့်ဘောပင်များ။



**လိုအပ်သောအချိန်** – စာသင်ချိန်တစ်ချိန်။



**လက်တွေ့လုပ်ဆောင်ချက်**

Paul ၏စာအုပ်ထဲမှ Socrates မေးခွန်းမေးနည်းအချို့ကို အောက်တွင်နမူနာဖော်ပြထားသည်။

ရှင်းလင်းပေးသည့်မေးခွန်းများ

- ❖ သင်ပြောတာဘာကိုဆိုလိုသလဲ။
- ❖ ဘယ်အချက်ကိုတင်ပြလိုသလဲ။
- ❖ ဘယ်လိုနမူနာ ဥပမာမျိုးကိုပေးနိုင်သလဲ။

- သင်ဘာကြောင့်ပြောခဲ့သလဲ။
- ဒီဟာနဲ့ ဟိုအချက်ဘယ်လိုဆက်နွှယ်နေသလဲ။

ထင်မြင်ယူဆချက်များအကြောင်း မေးခွန်းများ

- ဘယ်လိုထင်မြင်ယူဆချက်တွေရှိသလဲ။
- ဒီထင်မြင်ယူဆချက်တွေကို သင်ဘာ့ကြောင့်ပြုလုပ်ရသလဲ။
- သင်ဆိုလိုတာက ဒီလိုလား။

ရှုထောင့်နှင့် အမြင်များကို စူးစမ်းသောမေးခွန်းများ

- သင်ရဲ့ရှုထောင့်အမြင်က ဒီလိုလား။
- ဒါကို သင်ဘယ်လိုသုံးသပ်သလဲ။

အချက်အလက်များ၊ အကြောင်းပြချက်များ၊ သက်သေအထောက်အထားများကို စစ်ဆေးဖော်ထုတ်သည့် မေးခွန်းများ

- ဒီဟာအတွက် သင်ရဲ့သက်သေအထောက်အထားကဘာလဲ။
- သင်ဒါကိုဘာကြောင့် ယုံကြည်သလဲ။
- ဒါနဲ့ပတ်သက်လို့ သင်ဘယ်လောက်သေချာသလဲ။

ပါဝင်ပတ်သက်မှုများနှင့်ရလဒ်များကို စစ်ဆေးသည့်မေးခွန်းများ

- သင်ဘယ်လိုပါဝင်ပတ်သက်သလဲ။
- အကယ်၍ ထိုအရာဖြစ်ပျက်ခဲ့လျှင် အကျိုးရလဒ်ဘယ်လိုနေမလဲ။
- အဲဒါရဲ့အကျိုးသက်ရောက်မှုဟာ ဘာဖြစ်မလဲ။

ဤမေးခွန်းအမျိုးအစားကို သတ္တမနှင့် အဋ္ဌမပင်မကျောရိုးသင်ခန်းစာတွင်ဖော်ပြခဲ့သည့် အကြောင်းကိစ္စများအတွက် ဖြည့်စွက်ချက်အထောက်အကူအဖြစ် အသုံးပြုနိုင်သည်။

## ABC ကားချပ်

အဋ္ဌမကျောရိုးသင်ခန်းစာပြီးဆုံး၍ ABC ကားချပ်အပြည့်အစုံကို နောက်စာမျက်နှာတွင်တွေ့မြင်နိုင်သည်။

|  ကြိုတင်သိမြင်ခြင်း |  အသိပညာတည်ဆောက်ခြင်း |  စုစည်းခြင်း |
|---|---|---|
| ခြုံငုံသုံးသပ်ခြင်း<br>သိပြီး–သိလို–သိလာ → | → | → |
| | နှစ်ယောက်တွဲ စာဖတ်ခြင်း<br>နှစ်ယောက်တွဲ အကျဉ်းချုံးခြင်း | တန်ဖိုးမျဉ်း<br>အမြန်ရေးချနည်း |
| ဘာလဲ၊ ဒီတော့ဘာဖြစ်လဲ၊ ယခုကော → | → | → |
| မေးခွန်းသင်ပုန်း → | → | → |
| မေးခွန်းရှာဖွေခြင်း → | → | → |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ<br>ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>စဉ်းစား၊ တွဲ၊ ဖလှယ် | | |
| | လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း | |
| | | ဇာတ်ကောင်မြေပုံ<br>စဉ်းစား၊ တွဲ၊ ဖလှယ် |
| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း → | → | |
| နှင့်ကားချပ်<br>ရောနှော၊ ရပ်နား၊ နှစ်ဦးတွဲ | သင်္ကေတမှတ်၍ စာဖတ်ခြင်း | |
| | | ဂျစ်ဆော |
| စုပေါင်းအဖွဲ့များအတွင်းမှအခန်းကဏ္ဍများ → | → | → |
| လူမှုအသိုင်းအဝိုင်း၏သဘောတူညီမှုများ → | → | → |
| ဘောပင်များကိုအလယ်မှာချနည်း → | → | → |
| လှည့်သွား–လိုက်ပြော | | |
| | တစ်ကောင်နေ သုံးကောင်ပျံ → | → |
| | | ပညာရှင်များငြင်းခုံဆွေးနွေးခြင်း |
| ပြဿနာတစ်ခုကိုလဲလှယ်ခြင်း → | → | → |
| | အပြန်အလှန်မေးမြန်းခြင်း<br>စာဖတ်ခြင်းနှင့် မေးခွန်းမေးခြင်း<br>အပြန်အလှန်သင်ကြားခြင်း | ဆွေးနွေးခန်းများမှအထူးကဏ္ဍများ |
| ဝေါဟာရများကိုအခြေပြု၍ခန့်မှန်းခြင်း<br>လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း → | → | |
| | | ဖလှယ်စူးစမ်းခြင်း<br>ဆွေးနွေးပွဲကွန်ယက်<br>စကားရည်လုပွဲများ<br>နောက်ဆုံးစကားပြောခွင့်ပေးပါ |
| သတင်းအချက်အလက်ရှာဖွေနည်း → | → | → |
| | | လူမှုရေးလုပ်ငန်းဖြင့်သင်ယူခြင်း |
| လက်ခံနိုင်ဖွယ်ဖြစ်အောင်စာရေးခြင်း → | → | → |
| **M** – ကားချပ် | | ကဏ္ဍ၊ ပရိသတ်၊ ပုံစံ၊ အကြောင်းအရာ |
| | အချေအတင်အငြင်းပွားမှုအပေါ်<br>အာရုံစိုက်သောသင်ခန်းစာများ → | → |
| ပြင်ဆင်ရေးသားထားသည့် ဟောပြောပို့<br>ချချက်နှင့်စက်ဝိုင်းပုံဆွေးနွေးပွဲ<br>ဝေဖန်ပိုင်းခြား၍ နားထောင်ခြင်း → | → | |

# အပိုင်း – ၃
# သင်ခန်းစာပြင်ဆင်ခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း

## ၁။ သင်ခန်းစာပြင်ဆင်ခြင်း

ဝေဖန်ပိုင်းခြားစဉ်းစားရန်စာဖတ်ခြင်းနှင့်စာရေးခြင်းကိုအားပေးသည့် သင်ကြားမှုအတွက်ပြင်ဆင်ခြင်းသည် လွယ်ကူသည့်အရာမဟုတ်ပါ။ တက်ကြွသည့်သင်ကြားနည်းစနစ်များကို သရုပ်ပြသည့်သင်တန်းများသို့ တက်ရောက်ကြသည့် ဆရာ၊ ဆရာမအများစုသည် ထိုသင်နည်းအားလုံး အံဝင်ဂွင်ကျဖြစ်မှဖြစ်ပါ့မလားဟူ၍ အနည်းနှင့်အများ စိုးရိမ်တတ်ကြ၏။ ဆိုလိုသည်မှာ သင်ရိုးညွှန်းတမ်းကုန်အောင်သင်နိုင်မလား။ ကျောင်းသားများ၏ တီထွင်ကြံဆမှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်အောင်နှင့် သူတို့၏အကြံဉာဏ်များပေါ်ထွက်လာအောင် အချိန်လုံလောက်ပါ့မလား။ – စသဖြင့်။

ဤအပိုင်းသည် နည်းလမ်းနှစ်မျိုးဖြင့်ချဉ်းကပ်ထားသည်။ ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်းကို အားပေးသည့်သင်ခန်းစာတစ်ခုစီအတွက် ပြင်ဆင်မှုတာဝန်ကိုဖော်ပြထားသည်။ တစ်ချိန်တည်းတွင် သင်ရိုးညွှန်းတမ်းတွင်ပါဝင်သည့် အကြောင်းအရာအားလုံးကိုလည်း ခြုံငုံမိစေသည်။ ပညာရပ်နယ်ပယ်တစ်ခုမကပါဝင်သော သင်ခန်းစာများပြင်ဆင်ခြင်းကိုလည်းဖော်ပြသည်။ အကြောင်းမှာ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများကို တကယ့်လူနေမှုဘဝတွင် လေ့လာစူးစမ်းမှုကို လမ်းညွှန်ပေးသည်။ ကျောင်းသားများ နက်ရှိုင်းစွာသင်ယူစေမည့် သင်ကြားခြင်းအတွက် ပြင်ဆင်သောအခါ ဆရာတစ်ဦးသည် အခြေခံထားရမည့်သဘောတရားများကို စဉ်းစားခြင်းဖြင့် ဤဆွေးနွေးခန်းကို အစပြုထားသည်။

## စစ်မှန်မှု၊ ရွေးချယ်မှုနှင့် လုပ်ငန်းတူလူစု

သင်၏စာသင်ခန်းသည် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် တက်ကြွစွာသင်ယူခြင်းကို အားပေး၊ မပေး ဘယ်လိုဆုံးဖြတ်မလဲ။ သင့်အတွက်နှင့် သင်၏ကျောင်းသားများအတွက် ဘယ်လိုလမ်းညွှန်မှတ်တိုင်များချမှတ်မလဲ။

သင်ခန်းစာများကို စီစဉ်ရေးဆွဲစဉ်၊ သင်ကြားစဉ်နှင့် စီစစ်အကဲဖြတ်စစ်ဆေးစဉ် စဉ်းစားနိုင်ရန် အရေးကြီးသည့် အညွှန်းသုံးခုကို ဖော်ပြပေးထားပါသည်။ ဤအညွှန်းများသည် စာသင်ခန်းအတွင်းခံစားမှု တနည်းအားဖြင့် စာသင်ခန်း၏တက်ကြွမှုအခြေအနေကို ထည့်သွင်းစဉ်းစားရန်အတွက်လည်း အရေးကြီးသည်။

## စစ်မှန်မှု

ကျောင်းသားများကို ဘာသာစကားသင်ကြားပေးသောအခါ ဘာသာစကားကျွမ်းကျင်သူများက သူတို့ ဘယ်လိုပြုလုပ်ကြကြောင်းကို ကျွန်ုပ်တို့စဉ်းစားရန်လိုအပ်သည်။ သူတို့က ဘာကိုတန်ဖိုးထားသလဲ။ ကျွန်ုပ်တို့သည် သိပ္ပံပညာရှင်များ (သို့မဟုတ်) ပန်းချီအနုပညာရှင်များအကြောင်း အလားတူမေးခွန်းများ မေးလေ့ရှိသည်။ သူတို့သည် သူတို့၏အလုပ်ကို ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ကြသလဲ။ သူတို့ဘာကိုတန်ဖိုးထားသလဲ။ တိုတိုပြောရလျှင် မိမိတို့ အလုပ်ကိုကျွမ်းကျင်၍ ထိုအလုပ်ကိုချစ်မြတ်နိုးသော ပုဂ္ဂိုလ်များအကြောင်းကို ကျောင်းသားများစဉ်းစားအောင် ကျွန်ုပ်တို့အနေနှင့် အားပေးတိုက်တွန်းရန်လိုအပ်သည်။ သူတို့ မေးခွန်းများကို ဘယ်လိုမေးကြသလဲ။ အလုပ်ကိုဘယ်လို တန်ဖိုးဖြတ်ကြသလဲ။ အခြားပုဂ္ဂိုလ်များ၏အလုပ်ကိုကော ဘယ်လိုအကဲဖြတ်ကြသလဲ။

လုပ်ငန်းစဉ်အစစ်အမှန်အပေါ် ယေဘုယျနားလည်ခြင်းသည် ကျောင်းသားများလုပ်ဆောင်ရန်အတွက် အစီအစဉ်ရေးဆွဲရာတွင် စံအဖြစ်ပါဝင်စေရမည်။ အထက်ပါလုပ်ငန်းစဉ်အစစ်အမှန်သည် ကျောင်းသားများ သင်ယူနေသည့်သတင်းအချက်အလက်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူများ အသုံးပြုသည့်လုပ်ငန်းစဉ်ဖြစ်သည်။

စစ်မှန်ခြင်းသည်လည်း ကျောင်းသားများအတွက်ဆွေးနွေးရန်ကိစ္စတစ်ခု ဖြစ်သည်။ စာသင်ခန်းထဲတွင် သူတို့ ရင်ဆိုင်ရသည့်ပြဿနာများသည် တစ်ဦးချင်းပုဂ္ဂိုလ်ရေးအရအဓိပ္ပါယ်ရှိသလား။ သူတို့နှင့်သက်ဆိုင်မှုရှိသလား။ စိမ်ခေါ်ချက်များသည် ယုတ္တိရှိသလား။ The Art of Teaching Writing (2000) စာအုပ်ကိုရေးသူ Lucy Calkins သည် သူမငယ်ငယ်တုန်းက လုပ်ဆောင်ခဲ့ရသည့် လေ့ကျင့်ခန်းတစ်ခုအကြောင်းပြောထားသည်။ ခဲတံတစ်ချောင်းအဖြစ်ခံစား

၍သင်၏ဘဝအကြောင်းရေးပါ။ (သို့မဟုတ်) တံဆိပ်ခေါင်းတစ်လုံးအဖြစ် သင်၏ခရီးကို ရေးပါ ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့သည် ခဲတံ (သို့မဟုတ်) တံဆိပ်ခေါင်းမဖြစ်နိုင်သောကြောင့် (ဖြစ်ရန်လည်း အကြောင်းမရှိ) ဤသို့သော စာရေးခြင်းသည် စာရေးနည်းပညာကိုသင်ယူသည့် ကျောင်းသားများအတွက် ဘာမျှအသုံးဝင်မည်မဟုတ်ဟု Calkins ကအကြံပြုထားသည်။

ထိုနည်းတူစွာ ကျောင်းသားများကို စာဖတ်လေ့ကျင့်ခန်းများပေးရာတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ပန်းတိုင်သည် ယင်းတို့အား သူတို့ဘဝအတွက်ဆီလျော်မှုရှိမည့် ဖတ်စာများကို မြင်တတ်စေရန်ရည်ရွယ်သည်။ သူတို့သည် Alexander the Great ဘယ်တော့မှဖြစ်မလာနိုင်သော်လည်း နိုင်ငံခေါင်းဆောင်တစ်ဦး၏ရွေးချယ်မှုများကို စဉ်းစားတန်ဖိုးဖြတ်ရန်အရေးကြီးသည်။ စာဖတ်ခြင်းနှင့်စာရေးခြင်းသည် ကျွန်ုပ်တို့အား ကမ္ဘာလောကကြီးနှင့်လူသားများ ဘယ်လိုအလုပ်လုပ်နေကြောင်း ပိုမိုကောင်းမွန်စွာနားလည်စေသည်။ ထိုအဖြေရလဒ်အတွက် စာရေးစာဖတ်ခြင်းကို အသုံးမပြုလျှင် မိုက်မဲရာကျပါမည်။

စစ်မှန်ခြင်းသည် စာသင်ခန်းအတွင်း၌ ဆရာများနှင့်ကျောင်းသားများ အပြန်အလှန်ဆက်ဆံမှုကိုလည်း ထင်ရှားစေသည်။ ကျောင်းသားများ၏ စိတ်ကူးအကြံဉာဏ်များသည် တန်ဖိုးထားလေးစားဖွယ်ကောင်းသောအခါ သူတို့၏အတွေးများကို လူအများသိအောင်လုပ်ဆောင်ရန် အားပေးရမည်။ ကျောင်းသားများကို စာလိုက်ဆိုခိုင်းရုံထက်မပိုသောဆရာများသည် ကြက်တူရွေးများ၏စာသင်ခန်းအဖြစ်သာ ရှိနေလိမ့်မည်။ ဆန့်ကျင်ဘက်အနေဖြင့် ကျောင်းသားများအား တွေးတောစဉ်းစားရန်မေးခွန်းများမေးသော ဆရာများသည် စိတ်ဝင်စားဖွယ်ကောင်းသည့် အတွေးများနှင့်ပြည့်နေသော စာသင်ခန်း၊ လူတစ်ဦး၏အတွေ့အကြုံကို အများကလေ့လာသင်ယူရသော စာသင်ခန်းမျိုးကိုတွေ့မြင်ရပါမည်။

## ရွေးချယ်မှု

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် တက်ကြွစွာသင်ယူခြင်းကိုတန်ဖိုးထားသည့် စာသင်ခန်းထဲတွင် အလုပ်လုပ်သောကျောင်းသားများသည် လွတ်လပ်မှုနှင့် ကျွမ်းကျင်သူလုပ်ဖော်ကိုင်ဖက်များအပေါ်တာဝန်ရှိမှု နှစ်မျိုးစလုံးလိုအပ်သည်။ အလွန့်အလွန်ကောင်းသည့်လက်ရာကို ဖော်ထုတ်နိုင်ရန် တာဝန်ရှိသည်ဆိုလျှင် သူတို့သည်ဆုံးဖြတ်ချက်များစွာချရမည်။ ကျွန်ုပ် အချိန်ကိုဘယ်လိုအသုံးပြုမလဲ။ ဘယ်သူနှင့်အတူ ကျွန်ုပ်အလုပ်လုပ်ချင်သလဲ။ ဘာကြောင့်လဲ၊ အလုပ်ကောင်းတစ်ခုလုပ်နေကြောင်း ကျွန်ုပ်ဘယ်လိုသိနိုင်သလဲ။ ကောင်းသောလက်ရာတစ်ပုဒ်ဖော်ထုတ်စဉ် အခက်အခဲပြဿနာကြုံတွေ့ရလျှင် ကျွန်ုပ်ကို ဘယ်အရာကကူညီမလဲ။

ရွေးချယ်မှုသည် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းတွင် ဗဟိုချက်ဖြစ်သည်။ ရွေးချယ်မှုမရှိလျှင် စဉ်းစားရန်အကြောင်းမရှိ။ ဆရာများက သင်ရိုးညွှန်းတမ်းထဲတွင်သူတို့ရွေးချယ်ရမည့် အကြောင်းအရာကို ကောင်းစွာ ညွှန်ပြနိုင်ပါလိမ့်မည်။ စဉ်းစားရန် ထိုက်တန်မည့်အချက်အချို့ကိုအောက်တွင်ဖော်ပြပါသည်။

အချိန်
အမှတ်များများရနိုင်မည့်အဖြေအမျိုးမျိုး
လိုအပ်သောပစ္စည်းများ၊ ဥပမာ – စာအုပ်များ၊ မဂ္ဂဇင်းများ၊ ကွန်ပြူတာWebsite များ
စီမံကိန်း အကြံဉာဏ်များ
အမှတ်ပေးစနစ်များ (ကျောင်းသားများအား လမ်းညွှန်ချက်ကို သင်နှင့်အတူပါဝင်ရေးဆွဲခိုင်းပါ )
စာရေးလေ့ကျင့်ရန်ခေါင်းစဉ်များ
တင်ပြနည်းများ

## လုပ်ငန်းတူလူစု

စာသင်ခန်းထဲတွင် ဆရာနှင့်ကျောင်းသားများသည် စဉ်းစားသူလူစုအဖြစ် ထူးခြားစွာအလုပ်လုပ်ကြသည်။ တစ်နှစ်နှင့်တစ်နှစ်မတူခြင်းမှာ ဖတ်စာအုပ်အသစ် (သို့မဟုတ်) သင်နည်းဗျူဟာအသစ်ကို အသုံးပြုခြင်းကြောင့် သာမဟုတ် နှစ်တိုင်းကျောင်းသားများသည် ဝေမျှဖလှယ်ရန် အတွေ့အကြုံနှင့်အတွေးသစ်များ ယူလာကြသောကြောင့်လည်းဖြစ်သည်။ စာသင်ခန်းထဲမှ အများဆုံးအကျိုးဖြစ်ထွန်းနိုင်ရန် ဆရာနှင့်ကျောင်းသားများသည် စာသင်ခန်းအတွင်း

ရနိုင်သည့် လုပ်ဖော်ကိုင်ဖက်များ၏အတွေ့အကြုံနှင့် စဉ်းစားတွေးခေါ်မှုများကို သတိပြုရမည်။ ဘယ်သူက စိတ်ကူးယဉ်ပုံပြင်ဝတ္ထုရေးတတ်သလဲ။ ဘယ်သူက အတ္ထုပ္ပတ္တိဖတ်သလဲ။ ဘယ်သူက စာလုံးပေါင်းမှန်အောင်ရေးနိုင်သလဲ။ အိမ်စာလုပ်ခဲ့ဖို့မမေ့တဲ့သူဟာ ဘယ်သူလဲ။ တကယ့်အပြင်လောကတွင် ကျွန်ုပ်တို့သည် အခြားသူများ၏စွမ်းရည်များမှ အကျိုးခံစားရပြီး ကျွန်ုပ်တို့၏အကူအညီကိုလိုအပ်သူများအား ကျွန်ုပ်တို့ဝိုင်းကူကြသည်။ စာသင်ခန်းသည် အထက်ပါကျွမ်းကျင်မှုမျိုးကို လေ့လာသင်ယူရန် စမ်းသပ်ခန်းတစ်ခုဖြစ်သည်။

## နည်းပြရန်စီစဉ်ခြင်း

တက်ကြွစွာသင်ယူနည်းအသစ်များကို သရုပ်ပြသည့်သင်တန်းတွင် တက်ရောက်ကြသောဆရာများသည် ဤသင်နည်းများကို အချိန်တိုတောင်းသောအတန်းစာသင်ချိန်အတွင်း ဘယ်ပုံဘယ်နည်းနှင့် လက်တွေ့အသုံးပြုနိုင်ပါ့မလဲဟု တွေးပူတတ်ကြသည်။ ဤမေးခွန်းကို ကြိုးစား၍ဖြေကြားပါမည်။ ဆရာများသည် သင်ခန်းစာပြင်ဆင်မှုအမျိုးမျိုးကို နေရာဒေသအမျိုးမျိုးတွင်အသုံးပြုကြသော်လည်း တခါတရံတွင် ဒေသဆိုင်ရာမူဝါဒများက ပုံသေပြဋ္ဌာန်းထားသည်ကိုလည်း ကျွန်တော်တို့အသိအမှတ်ပြုပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် အောက်ဖော်ပြပါအချက်များကို ပုံသေလိုက်နာရမည့် သင်ခန်းစာပြင်ဆင်မှုဟုမယူဘဲ သင်ခန်းစာမှစဉ်းစားစေသော လမ်းညွှန်အဖြစ်သာမှတ်ယူစေလိုပါသည်။

## သင်ခန်းစာတစ်ခုချင်းကိုပြင်ဆင်ခြင်း

တက်ကြွစွာသင်ယူခြင်းကိုအားပေးသည့် သင်ခန်းစာများကိုစီစဉ်ခြင်းသည် သမရိုးကျသင်ခန်းစာများကိုစီစဉ်ရေးဆွဲခြင်းထက် ပို၍ဂရုစိုက်ရန်လိုအပ်ကြောင်း ဆရာများက အစီရင်ခံတင်ပြကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆရာက စာတစ်အုပ်လုံးကိုလွှမ်းခြုံမိစေမည့် စာမျက်နှာများ (သို့မဟုတ်) ဟောပြောချက်တစ်ပုဒ်ကို ရေးချနေခြင်းမဟုတ်သောကြောင့်ဖြစ်၏။ ဆရာက ကျောင်းသားများစွာတို့၏တပြိုင်နက်လုပ်ဆောင်မှုကို စီစဉ်ရေးဆွဲနေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ – သင်ခန်းစာက ဘာကိုတတ်မြောက်စေလိုသည်။ ထိုသို့တတ်မြောက်အောင် ကျောင်းသားများက ဘာလုပ်ရမည်ဆိုသည်ကို ဆရာကစဉ်းစားရခြင်းဖြစ်သည်။

အောက်တွင်ဖော်ပြပေးထားသည့် သင်ခန်းစာပြင်ဆင်ခြင်းလုပ်ငန်းအဆင့်သည်ဆရာက သင်ခန်းစာ၏ အဆင့်အသီးသီးတွင် သင်ခန်းစာမစမီ သင်ခန်းစာအချိန်အတွင်းနှင့် သင်ခန်းစာအပြီးတွင် စဉ်းစားရမည့်အရာများကို အသေးစိပ်စနစ်တကျရှင်းလင်းဖော်ပြခြင်းဖြစ်သည်။ အလေ့အကျင့်ရလာလျှင် သင်ခန်းစာပြင်ဆင်မှုသည် ကျင့်သားရလာပါလိမ့်မည်။ ထိုအခါသင်ခန်းစာပြင်ဆင်မှုကို အသေးစိပ်စဉ်းစားရန် လိုအပ်တော့မည်မဟုတ်ပါ။

> **ဝေဖန်ပိုင်းခြားရန်စာဖတ်ခြင်းနှင့်စာရေးခြင်းကို ကျွန်ုပ်သင်ကြားပို့ချသောအခါ၊ ကျွန်ုပ်၏သင်ခန်းစာများကို ပြင်ဆင်ချိန်ပိုကြာသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများကို ဗဟုသုတများထပ်ဖြည့်ပေးရန်နေရာဟု မစဉ်းစားတော့ဘဲ အသိဉာဏ်ပညာကို သူတို့၏ 'ကိုယ်ပိုင်' ဖြစ်ရန်အတွက် စဉ်းစားရသောကြောင့်ဖြစ်သည်။ အကျိုးရလဒ်မှာ ကျောင်းသားများက ပိုမိုစွန့်စား၍တွေးခေါ်စဉ်းစားလာကြပြီး၊ အတန်းထဲတွင်သင်ယူမှုအတွက် သူတို့ကိုယ်တိုင်တာဝန်ရှိကြောင်း ခံယူလာခြင်းဖြစ်၏။**
>
> **(Kyrgyzstan မှ အထက်တန်းပြဆရာတစ်ဦး)**

## ပဏာမပြင်ဆင်မှုများ

**ခေါင်းစဉ် (သို့မဟုတ်) မေးခွန်းကဘာလဲ** – သင်ခန်းစာရေးဆွဲခြင်းသည် ခေါင်းစဉ်မှ အစပြုလေ့ရှိသည်။ ခေါင်းစဉ်ကို မေးခွန်းပုံစံမျိုးဖြင့် ဖော်ပြလျှင် ပိုမိုသင့်လျော်သည်။ အဘယ်ကြောင့်ဆိုသော် မေးခွန်းများသည် သိလိုစိတ်ကိုနှိုးဆော်ပေးပြီး စုံစမ်းမေးမြန်းခြင်းကို အားပေးသည်။ ဥပမာ–အမေဇုံမြစ်အကြောင်းဟု ခေါင်းစဉ်ရေးမည့်အစား အမေဇုံမြစ်သည် မြစ်ကြောင်းတစ်လျှောက်နေထိုင်သူများ၏ဘဝများကို ဘယ်လိုအကျိုးသက်ရောက်စေသလဲ ဟူသောမေးခွန်းပုံစံကို

ရေးဆွဲသင့်သည်။ ကျောင်းသားများက အကြောင်းအရာတစ်မျိုးတည်းကိုသာ သင်ယူမည်ဖြစ်သော်လည်း ဒုတိယ ခေါင်းစဉ်မျိုးသည် ကျောင်းသားများအား သင်ခန်းစာစစချင်းမှာပင် အဖြေကိုရှာဖွေရန် ဖိတ်ခေါ်လိမ့်မည်။

**ဤသင်ခန်းစာသည် ဘာကြောင့်တန်ဖိုးရှိသလဲ။ –** သင်ခန်းစာသည် ဘာကြောင့်တန်ဖိုးရှိသလဲ ဟုမေးခြင်းသည် ကောင်းသောစိတ်ကူးဖြစ်သည်။ သင်ခန်းစာက ကျောင်းသားများကို ဘယ်လိုအကူအညီပေးကြောင်း၊ နားလည်မှုဖြစ်စဉ်တွင် ဤသင်ခန်းစာသည် အရေးကြီးသည့်အဆင့်အဖြစ် မည်ကဲ့သို့လုပ်ဆောင်ကြောင်း၊ စဉ်းစားခြင်းနှင့်လူမှုဆက်ဆံရေးကျွမ်းကျင်မှုကို လေ့ကျင့်ရန်အခွင့်အလမ်းဖြစ်ကြောင်း မေးခြင်းဖြစ်သည်။

**ရည်ရွယ်ချက်ကား အဘယ်နည်း။ ဆိုလိုသည်မှာ – ကျောင်းသားများအား ဘာကိုနားလည်ရန် သင်မျှော်လင့်သလဲနှင့် ဤသင်ခန်းစာပြီးဆုံးသောအခါ ကျောင်းသားများအား ဘာကိုလုပ်စေချင်သလဲ။** ရည်ရွယ်ချက်များသည် သင်၏သင်ကြားပို့ချမှုကို လမ်းညွှန်ပေးသည်။ သို့သော် အသေးစိတ်ဖော်ပြနိုင်မှသာ ကျောင်းသားများ ရည်ရွယ်ချက်ကို ပြည့်မီခြင်းရှိမရှိပြောနိုင်ရန် ရှင်းရှင်းလင်းလင်းမြင်သာအောင်ဖော်ပြနိုင်မှသာ ဖြစ်နိုင်လိမ့်မည်။ နားလည်ခြင်းအတွက်နှင့်စွမ်းရည်များအတွက် ရည်ရွယ်ချက်ထားရှိခြင်းသည် ဘာကိုသင်ယူသည်ဆိုသည့် အပေါ်အာရုံစိုက်ခြင်းမဟုတ်ဘဲ၊ ကျောင်းသားများသင်ယူခြင်းဖြင့် လုပ်နိုင်သောအရာများပေါ်တွင် အာရုံစိုက်ခြင်းကိုဆိုလိုသည်။ ဘယ်လိုစဉ်းစားမှုမျိုး၊ ဘယ်လိုအပြန်အလှန်တုံ့ပြန်မှုမျိုးနှင့် ဘယ်လိုဆက်သွယ်မှုမျိုးကိုသူတို့သင်ယူမလဲ စသည့်အချက်များပေါ်တွင်အာရုံစိုက်ခြင်းဖြစ်သည်။ သင်ခန်းစာ၏ရည်ရွယ်ချက်များသည် သင်ယူမည့်အကြောင်းအရာကို ဖော်ပြခြင်းသာမက သင်ယူခြင်း၏သဘောသဘာဝနှင့် လက်တွေ့အသုံးချရန်အတွက် သင်ယူကြရမည့်စူးစမ်းလေ့လာခြင်းနှင့် ဆက်သွယ်ခြင်းနည်းလမ်းများကိုလည်း ဖော်ပြရန်လိုအပ်သည်။ ဥပမာ – သင်ခန်းစာတစ်ခု၏ ရည်ရွယ်ချက်သည် ဤသို့ဖြစ်နိုင်ပါမည်။ ကျောင်းသားများသည် အမေဇုံမြစ်၏ပထဝီအနေအထားနှင့် ထိုမြစ်၏သယံဇာတပစ္စည်းများ အကြောင်း သင်ယူကြလိမ့်မည်ဟူ၍ဖြစ်သည်။ သို့သော် ပိုကောင်းသည့်ရည်ရွယ်ချက်များမှာ ဤသို့ဖြစ်ပါမည်။ 'မြစ်ကြောင်းတလျှောက်ဒေသအသီးသီးတွင်နေထိုင်ကြသည့် လူတို့၏ဘဝကို အမေဇုံမြစ်က မည်ကဲ့သို့အကျိုးသက်ရောက်ကြောင်း ကျောင်းသားများနှိုင်းယှဉ်ကြည့်ကြမည်' ဟူ၍ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ချက်များ


**ကြိုတင်သိမြင်ခြင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များ –** သင်ခန်းစာ၏အစပိုင်းတွင် ကျောင်းသားများအား သူတို့သိထားပြီးသောအရာများကို သတိပေးရန် (သို့မဟုတ်) သူတို့ကို ပဏာမသတင်းအချက်အလက်များပေးရန် (သို့မဟုတ်) မေးခွန်းများမေးခိုင်းရန် (သို့မဟုတ်) သင်ယူခြင်း၏ရည်ရွယ်ချက်များကိုချမှတ်ပေးရန် ပြုလုပ်သလား။ ဤသို့ဆောင်ရွက်ခြင်းတွင် **အကြံဉာဏ်ထုတ်ခြင်း၊ အလွတ်ရေးခြင်း၊ စဉ်းစား – တွဲ – ဖလှယ်** (သို့မဟုတ်) **ဝေါဟာရဖွင့်ဆိုချက်မြေပုံရေးဆွဲခြင်း** များပါဝင်သည်။

**အသိပညာတည်ဆောက်ခြင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များ–** အထူးသဖြင့် ကျောင်းသားများ တက်ကြွစွာ စုံစမ်းမေးမြန်းခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းတို့တွင် စာအုပ်စာတမ်းများအား အသုံးပြုရန်အတွက် ကျောင်းသားများကိုကူညီရန် ဘာလုပ်နိုင်မလဲ။ ဤအပိုင်းအတွက် လက်တွေ့လုပ်ဆောင်ချက်များတွင် – **ဖတ်စာကို သင်္ကေတရေးမှတ်ခြင်း၊ အပြန်အလှန်သင်ကြားခြင်း၊ နှစ်ဦးတွဲစာဖတ်ခြင်း** များပါဝင်သည်။

**စုစည်းခြင်းဆိုင်ရာလက်တွေ့လုပ်ဆောင်ချက်များ –** ကျောင်းသားများအား သူတို့သင်ယူပြီးသောအရာများကို ပြန်လည်စဉ်းစားခိုင်းရန်နှင့် လက်တွေ့ကျင့်သုံးခိုင်းရန် သင်ဘာလုပ်မလဲ။ ထိုအရာများကို သူတို့အသုံးချရန်၊ အဓိပ္ပါယ်ဖွင့်ဆိုရန်၊ အချေအတင်ပြောဆိုရန်၊ သူတို့ကို ဘယ်လိုဦးဆောင်မလဲ။ စုစည်းခြင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များတွင် **ဖလှယ်စူးစမ်းခြင်း၊ ဆွေးနွေးပွဲကွန်ယက်နည်း**နှင့် **ဂျစ်ဆောနည်း**များပါဝင်သည်။

**တိုးချဲ့ထားသော လက်တွေ့လုပ်ဆောင်ချက်များ –** သင်ခန်းစာပြီးဆုံးသွားသည့်နောက် ကျွမ်းကျင်မှုအသစ်ကို လေ့ကျင့်ရန်၊ အကြံဉာဏ်အသစ်များကို အသုံးချရန်နှင့် အခြားနည်းဖြင့် သူတို့၏သင်ယူမှုကိုတိုးချဲ့ရန် ကျောင်းသားများ ဘာလုပ်ကြမလဲ။


## စီမံခန့်ခွဲမှုဆိုင်ရာများ



**လိုအပ်သောပစ္စည်းများ –** ဘာပစ္စည်း (သို့မဟုတ်) ဘယ်လိုနေရာမျိုးလိုမလဲ။



**လိုအပ်သောအချိန် –** ကန့်သတ်ထားသောအချိန်အတွင်း ကျောင်းသားဗဟိုပြု လက်တွေ့လုပ်ဆောင်ချက်အားလုံးကို လုပ်ရန်ခက်ခဲလိမ့်မည်။ သင်ခန်းစာတစ်ပိုင်းစီအတွက် လိုအပ်မည့်အချိန်ကိုရေးချပြီး လုပ်ဆောင်လျှင် လိုအပ်သလို အနေအမြန်ညှိနိုင်သောကြောင့် အကျိုးရှိပါလိမ့်မည်။ ထိုသို့ပြုခြင်းဖြင့် သင်ခန်းစာတစ်ခုကို ညွှန်ကြားပို့ချချိန် တစ်ချိန်မကစီစဉ်နိုင်ပါမည်။ စာသင်ခန်းအတန်းချိန်တစ်ချိန်၏ နောက်ဆုံး (၁၀)မိနစ်အတွင်း ကြိုတင်သိမြင်ခြင်းလုပ်ဆောင်ချက်ဖြင့် သင်ခန်းစာတစ်ခုကို ပြန်စနိုင်သည်။ ထို့နောက် ကျောင်းသားများက စာသင်ခန်းအတန်းချိန်၏ပြင်ပတွင် အသိပညာတည်ဆောက်ခြင်းကို သူတို့ဘာသာသူတို့ တစ်ခုခုကိုဖတ်ခြင်း (သို့မဟုတ်) ရေးခြင်းဖြင့်လည်းကောင်း၊ ရပ်ရွာလူထုထဲမှလူတစ်ဦးဦးကို တွေ့ဆုံမေးမြန်းခြင်းဖြင့်လည်းကောင်း၊ အခြားနည်းအဖြစ် အချက်အလက်များရှာဖွေစုဆောင်းခြင်းဖြင့်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်သွားနိုင်သည်။ စုစည်းခြင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်ကို စာသင်ချိန်နောက်တစ်ချိန်၏ အစပိုင်းတွင်လုပ်နိုင်သည်။



**အဖွဲ့အရွယ်အစား –** သင်၏အတန်းတွင် (၉)နှစ်အရွယ်ကျောင်းသားအယောက် (၃၀)ရှိသည်ဆိုပါစို့။ (သို့မဟုတ်) (၇)နှစ်အရွယ်ကျောင်းသားအယောက်(၁၀၀) (သို့မဟုတ်) (၈) နှစ်အရွယ် ကျောင်းသား (၁၀)ယောက်။ (သို့မဟုတ်) (၉)နှစ်အရွယ် (၁၂)ယောက် (သို့မဟုတ်) (၁၀)နှစ်အရွယ်(၁၁)ယောက်ရှိသည်ဆိုပါစို့။ အခြေအနေတစ်ခုစီတွင် ကျောင်းသားများနှင့် ဘယ်လိုအလုပ်လုပ်ရမည်ကို သင်ဆုံးဖြတ်ချက်ချရလိမ့်မည်။

တစ်ဖွဲ့လုံးနဲ့လုပ်ဆောင်မလား။
ကျောင်းသားတစ်ဦးချင်းလား။
ကျောင်းသားများတစ်ဦးချင်း လွတ်လပ်စွာအလုပ်လုပ်နေကြစဉ်(သို့မဟုတ်)အဖွဲ့ငယ်လေးများဖြင့် အလုပ်လုပ်နေကြစဉ် ဆရာက အဖွဲ့ငယ်လေးတစ်ခုဖြင့် အလုပ်လုပ်မလား။
စုပေါင်းသင်ယူသောအဖွဲ့ငယ်များတွင် လုပ်ဆောင်မလား။
ကျောင်းသားများကို အခြားဆရာတစ်ယောက်ယောက်နှင့် ခွဲ၍သင်မလား။
စေတနာ့ဝန်ထမ်းမိဘများ (သို့မဟုတ်) အတန်းပိုကြီးသည့် ကျောင်းသားများကို နည်းပြဆရာများအဖြစ် သုံးမလား။ (သို့မဟုတ်) အဖွဲ့ငယ်များအတွက် လိုအပ်ချက်ဖြည့်ဆည်းပေးသူများအဖြစ် သုံးမလား။



**အကဲဖြတ်စစ်ဆေးခြင်း –** ကျောင်းသားများကို စစ်ဆေးပုံစစ်ဆေးနည်းသည် သင်ခန်းစာ၏ရည်ရွယ်ချက်ပေါ်တွင်မူတည်သည်။ သင်ခန်းစာ၏ရည်ရွယ်ချက်သည် သင်ခန်းစာပါအကြောင်းအရာကိုကျွမ်းကျင်စွာတတ်မြောက်ရန်ဖြစ်လျှင် ကျောင်းသားများသည် ထိုအကြောင်းအရာများကိုသင်ယူပြီးဖြစ်ကြောင်း သရုပ်ပြရန်လိုအပ်သည်။ သင်ခန်းစာ၏ရည်ရွယ်ချက်သည် ကျွမ်းကျင်တတ်မြောက်မှုများကို လက်တွေ့အသုံးချရန်ဖြစ်လျှင် ကျောင်းသားများ၏ လက်တွေ့လုပ်ဆောင်မှုကို လေ့လာကြည့်ရှုရန်ဖြစ်သည်။ ရှေ့လာမည့်အခန်းတွင် သင်ယူတတ်မြောက်မှုစစ်ဆေးခြင်း အကြောင်းကိုအကျယ်တဝင့်ဖော်ပြထားသည်။

ဖော်ပြပြီးခဲ့သည့်ပုံစံအတိုင်း သင်ခန်းစာပြင်ဆင်မှုနမူနာတစ်ခုကို ဖော်ပြထားသည်။

## ပဏာမလုပ်ဆောင်ချက်များ

| | |
|---|---|
| **ခေါင်းစဉ် (သို့မဟုတ်) မေးခွန်းကဘာလဲ။**<br>ဤသင်ခန်းစာအတွင်း ကျောင်းသားများက ဘယ်လိုမေးခွန်းနှင့် ဘယ်လို သတင်းအချက်အလက်များကို စုံစမ်းရှာဖွေရမလဲ။ | မြစ်ရိုးတလျှောက်နေထိုင်သူများအပေါ် အမေဇုံမြစ်၏အကျိုးသက်ရောက်မှုများကား အဘယ်နည်း။ |
| **ဒါက ဘာကြောင့်အရေးကြီးသလဲ။** ဤအသိပညာသည် ဘာကြောင့်ရသင့်ရထိုက်သလဲ။ ဤသင်ခန်းစာကစဉ်းစားခြင်းနှင့် တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်းအတွက် ဘယ်လိုအခွင့်ရေးများကို ပေးနိုင်သလဲ။ | အမေဇုံမြစ်ကိုယ်၌ကပင်လျှင် သိသင့်သိထိုက်သော မြစ်ကြီးတစ်စင်းဖြစ်သည်။ ကျောင်းသားများသည် ဘရာဇီးနိုင်ငံသမိုင်းကိုသင်ယူကြမည်ဖြစ်ပြီး အမေဇုံမြစ်သည် ထိုသမိုင်းကို နားလည်ရန်ဗဟိုချက်ဖြစ်၏။ ဤသင်ခန်းစာသည် ကျောင်းသားများအား ပထဝီဝင်နှင့်လူသားများ၏ လှုပ်ရှားဆောင်ရွက်မှုဆက်နွယ်ပုံကို ရုပ်လုံးပေါ်လာစေသည်။ |
| **ရည်ရွယ်ချက်များကား အဘယ်နည်း**။ ကျောင်းသားများက ဘယ်လိုအသိပညာမျိုးကို ရရှိသင့်သလဲ။ ထိုအသိပညာကိုသူတို့ ဘာလုပ်ဖို့သုံးကြမလဲ။ သူတို့က ဘယ်လိုစဉ်းစားနည်းဗျူဟာ၊ စုံစမ်းမေးမြန်းရှာဖွေခြင်းနည်းဗျူဟာနှင့် တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်းနည်းဗျူဟာများကို သင်ယူကြမလဲ။ | **ပါဝင်သောအကြောင်းအရာရည်ရွယ်ချက်** – ကျောင်းသားများသည် အမေဇုံမြစ်တလျှောက် နေထိုင်သည့်လူများအပေါ် ထိုမြစ်၏အကျိုးသက်ရောက်မှုအကြောင်းကို ရှင်းပြနိုင်ကြမည်။<br>**ဖြစ်စဉ်ရည်ရွယ်ချက် –** ကျောင်းသားများသည် အမေဇုံ မြစ်အကြောင်း သတင်းအချက်အလက်များ ရှာဖွေတွေ့ရှိရန်ဖတ်စာတစ်ခုကိုဖတ်နိုင်ကြမည်။<br>ကျောင်းသားများသည် သတင်းအချက်အလက်များကို ကွက်ကွက်ကွင်းကွင်းတင်ပြနိုင်ကြမည်။<br>ကျောင်းသားများက ပူပေါင်းဆောင်ရွက်၍တာဝန်တစ်ရပ်ကို ပူးတွဲတာဝန်ယူကြလိမ့်မည်။ |

## လုပ်ဆောင်ချက်များ

| | |
|---|---|
| **ကြိုတင်သိမြင်ခြင်း** –သင်ခန်းစာအစပိုင်းတွင်ကျောင်းသားများအားသူတို့သိထားနှင့်ပြီးသောအရာများကို သတိပေးရန် (သို့မဟုတ်) လိုအပ်သည့်သတင်းအချက်အလက်များကို သူတို့အားပေးရန်(သို့မဟုတ်)သူတို့ကိုမေးခွန်းမေးခိုင်းရန်(သို့မဟုတ်) သင်ယူခြင်း၏ရည်ရွယ်ချက် ကို ချမှတ်ရန်ဘာတွေကို လုပ်မလဲ။ | **ကြိုတင်စီစဉ်ခြင်း(Advance Organizer)** – ဆရာ အမေဇုံမြစ်အကြောင်းခေါင်းစဉ်ကို ကျောင်းသားများအား နိဒါန်းပျိုးရန် ပုံဝတ္ထုတိုနှစ်ပုဒ်ကို ပြောပြမည်။<br>**သိပြီး–သိလို–သိလာ** – ဆရာက ကျောင်းသားများအား အမေဇုံမြစ် တစ်လျှောက်နေထိုင်သူများ၏ ဘဝအကြောင်း သူတို့သိထားပြီးအရာနှင့် ထပ်မံသိလိုသည့် အရာများကို မေးမည်။ |
| **အသိပညာတည်ဆောက်ခြင်း** – အထူးသဖြင့်ကျောင်းသားများတက်ကြွစွာ စုံစမ်းမေးမြန်းခြင်း၊ စူးစမ်းရှာဖွေခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းနည်းဖြင့် ဖတ်စာကိုရင်ဆိုင်ရန် ဘယ်လိုကူညီမလဲ။ | **နှစ်ဦးတွဲစာဖတ်၊ နှစ်ဦးတွဲအကျဉ်းချုံး။**<br>**သင်္ကေတရေးမှတ်၍ စာဖတ်ခြင်း –** ကျောင်းသားများက အမေဇုံမြစ်အကြောင်း စာတမ်းကိုဖတ်ပြီး၊ သတင်းအချက်အလက်များကိုသင်္ကေတများရေးမှတ်ရန်သတင်းအချက်အလက်များမှာ–<br>၁။ မြစ်၏ပထဝီဝင်<br>၂။ နေထိုင်သူများ၏သမိုင်း<br>၃။ စီးပွားရေးလုပ်ဆောင်ချက်များ |
| **စုစည်းခြင်းလုပ်ဆောင်ချက်များ** – ကျောင်းသားများသင်ယူပြီးသောအရာများကိုပြန်စဉ်းစားရန်နှင့် ထိုအရာများကို လက်တွေ့အသုံးချနိုင်ရန်ကူညီဖို့ သင်ဘာလုပ်မလဲ။ ထိုအကြောင်းအရာများကို သူတို့လက်တွေ့အသုံးချရန်၊ အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် အချေအတင်ပြောဆိုရန် ဘယ်လိုဦးဆောင်မှုပေးမလဲ။ | **ဇယား၊ ရုပ်ပုံကားချပ်များဖြင့် တင်ပြခြင်း**<br>ကျောင်းသားများသည် ဇယား၊ရုပ်ပုံကားချပ်များကိုအသုံးပြု၍ မြစ်အကြောင်း သူတို့သင်ယူခဲ့သမျှကို တင်ပြကြမည်။<br>အောက်ဖော်ပြပါ လမ်းညွှန်ချက်ကိုအသုံးပြု၍ ကျောင်းသားများသည် သူတို့အချင်းချင်း၏တင်ပြချက်များကို ဝေဖန်အကဲဖြတ်ကြမည်။ |
| **တိုးချဲ့လုပ်ဆောင်ချက်များ** – ကျောင်းသားများသည် သင်ခန်းစာပြီးဆုံးသောအခါ ကျွမ်းကျင်မှုအသစ်များကို ဘယ်လိုလေ့ကျင့်ပြီး၊ အကြံဉာဏ်အသစ်များကို ဘယ်လိုလက်တွေ့ကျင့်သုံးကြမလဲ။ သူတို့၏သင်ယူမှုကို ဘယ်လိုတိုးချဲ့လုပ်ဆောင်ကြမလဲ။ | ကျောင်းသားများသည် မြစ်၏ရွေးချယ်ထားသည့် အပိုင်းအတွက် ကြော်ငြာလက်ကမ်းစာစောင်များ ပြုစုကြရန်။ |

## စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များ

| | |
|---|---|
| **လိုအပ်သောအချိန်** – သင်ခန်းစာ၏ အစိတ်အပိုင်း တစ်ခုစီအတွက် အချိန်ကို ဘယ်လိုခွဲဝေသုံးစွဲမလဲ။ | ဤသင်ခန်းစာကို စာသင်ချိန်(၃)ချိန်အတွင်း လုပ်ဆောင်မည်။<br>ပထမနေ့ – ကြိုတင်စီစဉ်ခြင်း (Advance Organizer)။<br>ဒုတိယနေ့ – စာဖတ်ခြင်း၊ သင်္ကေတရေးမှတ်ခြင်း၊ ပြသရန် ပြင်ဆင်ခြင်း။<br>တတိယနေ့ – တင်ပြခြင်း။ |
| **လိုအပ်သောပစ္စည်းများ** – ဘာပစ္စည်းများနှင့် ဘယ်လို နေရာမျိုးလိုအပ်မလဲ။ | ကျောင်းသားများသည် အမေဇုံမြစ်အကြောင်း စာတမ်းမိတ္တူများ နှစ်ယောက်တွဲတစ်ခုအတွက် တစ်စောင်စီလိုအပ်ပါမည်။ စာရေးရန်စာရွက်ချပ်ကြီးများနှင့် မင်ချောင်းများလိုအပ်မည်။ သူတို့သည် စာရေးခုံပေါ်တွင်တင်ပြရန် ဇယား၊ ရုပ်ပုံကားချပ်များကို ပြင်ဆင်နိုင်သည်။ |
| **အဖွဲ့အရွယ်အစား** – ကျောင်းသားများက ဘယ်အဖွဲ့များတွင်လုပ်ဆောင်ကြမလဲ။ တစ်ဦးချင်းလား။ နှစ်ယောက်တစ်တွဲလား။ မိခင်အဖွဲ့များနှင့် ကျွမ်းကျင်သူအဖွဲ့များလား။တစ်တန်းလုံးအတူတကွလား။ | နှစ်ယောက်တစ်တွဲစာဖတ်မည်။ သူတို့သည် အခြားအတွဲများနှင့်ပူးပေါင်း၍ သတင်းအချက်အလက်များကို စုပေါင်းမည်။ ခင်းကျင်းတင်ပြရန် ပြင်ဆင်ကြမည်။ |
| **အကဲဖြတ်စစ်ဆေးခြင်း** –ကျောင်းသားများ၏ အကြောင်းအရာများ၊ စဉ်းစားခြင်းနှင့် ဆက်သွယ်ရေးနည်းဗျူဟာများကို ဘယ်လိုစစ်ဆေးမလဲ။ | ကျောင်းသားများကို အမေဇုံမြစ်အကြောင်း ရေးဖြေစစ်ဆေးခြင်းဖြင့်အကဲဖြတ်မည်။ သူတို့သည် အောက်ပါစည်းမျဉ်းများကို အသုံးပြုကြမည်။ (အဆိုပါစည်းမျဉ်းများကို ကြိုတင်ဆွေးနွေးတိုင်ပင်ထားကြမည်။)<br>(က)ဇယား၊ ရုပ်ပုံကားချပ်များဖြင့် တင်ပြရန်စည်းမျဉ်းများ(တစ်ခုက ကိုယ့်ကိုယ်ကိုစစ်ဆေးရန်အတွက်ဖြစ်ပြီး ကျန်တစ်ခုက အခြားအဖွဲ့များ၏လုပ်ဆောင်ချက်ကို စစ်ဆေးရန်ဖြစ်သည်။)<br>(ခ)အဖွဲ့တွင်ကျောင်းသားတစ်ဦးစီ၏ပါဝင်မှုကို အကဲဖြတ်စစ်ဆေးရန် စည်းမျဉ်း။ |

## အကြောင်းအရာခေါင်းစဉ်တစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်း

အစိုးရကိုယ်စားလှယ်အဖွဲ့တစ်ခုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်ပေးခံရသည်။ ထိုကိုယ်စားလှယ်အဖွဲ့မှအဖွဲ့ငယ်တစ်ခုအား ကလေးသူငယ်များ ခဲဆိပ်သင့်ခြင်းကိုကာကွယ်သည့် ဥပဒေတစ်ရပ်ရေးဆွဲရန် တာဝန်ပေးထားသည်။ ဤကိစ္စသည် လူတစ်ယောက်တည်းက လုပ်ဆောင်နိုင်သည့်အရာမဟုတ်။ ကျွမ်းကျင်မှုအသိပညာအမျိုးမျိုးပေါ်တွင်အခြေခံ၍ ကောင်းသောဖြေရှင်းချက် ထုတ်ယူရရှိနိုင်ပါမည်။

ဆရာဝန်က လူတစ်ယောက်၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာသည့် ခဲဆိပ်ပမာဏ အမျိုးမျိုးကြောင့် ဖြစ်ပေါ်စေနိုင်သည့်ဒုက္ခကို ရှင်းလင်းပြနိုင်သော်လည်း၊ လူများဘယ်ပုံဘယ်နည်းဖြင့် ခဲဆိပ်နှင့်စတင်ထိတွေ့လာခဲ့ကြောင်း ဖြစ်စဉ်ကိုမူ ပြောပြနိုင်လိမ့်မည်မဟုတ်ပေ။

- ❖ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်က ခဲဆိပ်များ သဘာဝပတ်ဝန်းကျင်တွင် ဘယ်လိုဘယ်ပုံ စတင်ရောက်ရှိလာပုံကို ကျွန်ုပ်တို့အားပြောပြနိုင်သော်လည်း၊ ခဲဆိပ်သင့်ခြင်းကိုဖယ်ရှားနိုင်ရန် စက်ရုံထုတ်ကုန်ပစ္စည်းများကို အခြားဘယ်လိုပုံစံမျိုးဖြင့် လုပ်ရမည်ဟုမပြောနိုင်။
- ❖ အင်ဂျင်နီယာတစ်ဦးက ထုတ်ကုန်ပစ္စည်းများစွာတွင် ခဲအစား အခြားဘေးအန္တရာယ်ကင်းသည့် ပစ္စည်းများအစားထိုးအသုံးပြုရန်နည်းလမ်းများကို ကျွန်ုပ်တို့အားအကြံပေးနိုင်သော်လည်း၊ ထိုကုန်ပစ္စည်းကိုထုတ်လုပ်သည့် ကုမ္ပဏီများအား ငွေကြေးကုန်ကျမှုမရှိဘဲ ဘယ်ပုံဘယ်နည်းထုတ်လုပ်ရမည်ကိုမူ အကြံမပေးနိုင်။
- ❖ စီးပွါးရေးပညာရှင်တစ်ဦးက ထုတ်ကုန်ပစ္စည်းမှ ခဲဆိပ်ညစ်ညမ်းမှုဖြစ်စေနိုင်သည့် ခဲကိုဖယ်ရှားပစ်လျှင် ငွေဘယ်လောက်ကုန်ကျမည်ကို ပြောပြနိုင်သော်လည်း လူတိုင်းလက်ခံနိုင်မည့်ဥပဒေကို မရေးဆွဲနိုင်။
- ❖ နိုင်ငံရေးသိပ္ပံပညာရှင်က ရေးဆွဲသည့်ဥပဒေကြောင့်အကျိုးသက်စေရောက်မည့် လူအများစုအတွက် သူတို့ကျေနပ်လောက်စေသည့် ဥပဒေရေးဆွဲရန်နည်းလမ်းများကို အကြံဉာဏ်ပေးနိုင်သည်။ သို့သော် သူလိုအပ်သော သတင်း

အချက်အလက်များကို ပေးနိုင်မည့်လူအားလုံးအား မှီခိုအားထားရမည်။

ဆိုလိုသည်မှာ ဆရာဝန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသိပ္ပံပညာရှင်၊ ကုန်ထုတ်အင်ဂျင်နီယာ၊ စီးပွားရေးပညာရှင်နှင့် နိုင်ငံရေးသိပ္ပံပညာရှင် စသည့်ပုဂ္ဂိုလ်များအားလုံး ပါဝင်လက်တွဲ၍ ကလေးသူငယ်များအား ခဲဆိပ်သင့်စေခြင်းမှ ကာကွယ်သည့် ဥပဒေတစ်ရပ်ကို လပေါင်းများစွာရေးဆွဲပြုစုကြရမည်။

တကယ့်လူ့မှုလောကတွင် စုံစမ်းမေးမြန်းခြင်းသည် ထိုကဲ့သို့ဖြစ်တတ်သည်။ လူများကပြဿနာများကို အပိုင်းများခွဲခြင်း၊ သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် သတင်းအချက်အလက်ရှာဖွေစုဆောင်းခြင်း၊ ပြဿနာအဖြေရှာရန် အတူလက်တွဲလုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ဆရာများက ကျောင်းသားများကို တကယ့်လောကတွင် အကျိုးဖြစ်ထွန်းသည့် နိုင်ငံသားများဖြစ်အောင်ပြုစုပျိုးထောင်ရာ၌ အကြောင်းအရာတစ်ခုကို ကဏ္ဍများခွဲ၍သင်ကြားခြင်းနည်းကို အသုံးပြုကြသည်။

**အကြောင်းအရာတစ်ခု၏ကဏ္ဍခွဲများသည်** ခေါင်းစဉ်တစ်ခုကို ရှုဒေါင့်အမျိုးမျိုးမှချဉ်းကပ်သည့် တိုးချဲ့ထားသော သင်ခန်းစာများ (သို့မဟုတ်) အခန်းဆက်သင်ခန်းစာများဖြစ်လေ့ရှိသည်။ ဘာသာရပ်တစ်ခုထက်မကသော ဖွဲ့စည်းမှုကို ထင်ဟပ်လေ့ရှိသည်။ အကြောင်းအရာတစ်ခု၏ကဏ္ဍခွဲများသည် ပို့ချချက်များနှင့်စာအုပ်များထက် သာလွန်သည်။ ထိုကဏ္ဍခွဲများသည် သင်ယူမှုအရင်းအမြစ်မျိုးစုံကို များများစားစားအသုံးပြုသည်။ ခေါင်းစဉ်တစ်ခုကို ရှုထောင့်အမျိုးမျိုးမှ တပြိုင်နက်သုတေသနပြုလုပ်ကြသော ကျောင်းသားများပါဝင်သည်။ ကျောင်းသားများသည် ဘယ်အရာကိုသင်ယူမည်ဟုရွေးချယ်ခြင်း၊ မည်ကဲ့သို့လေ့လာသင်ယူမည်ဟုဆုံးဖြတ်ခြင်းနှင့် လေ့လာသင်ယူမှုကို အကောင်အထည်ဖော်ခြင်းတို့ ပြုလုပ်နိုင်သည်။

အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းသည် အဆက်အစပ်ရှိသော အခန်းဆက်သင်ခန်းစာတစ်စုံကိုရက်ပေါင်းများစွာ၊ အပတ်ပေါင်းများစွာလုပ်ရသော အပြန်အလှန်ဆက်နွယ်နေသည့် ဖွဲ့စည်းမှုဖြစ်သည်။ အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်းတွင် အောက်ပါအချက်များပါဝင်လေ့ရှိသည်။

- ❖ **ရည်ရွယ်ချက်များနှင့်လုပ်ဆောင်ရန်အဆင့်များ** – ရရှိလိုသည့်အကျိုးရလဒ်များကား အဘယ်နည်း။
- ❖ **လက်တွေ့လုပ်ဆောင်ချက်** – သင်ယူမှုတွင်အောင်မြင်ရန် ဘယ်လိုလက်တွေ့လုပ်ဆောင်ချက်များနှင့် နည်းဗျူဟာများက ဦးဆောင်မှုပေးမလဲ။
- ❖ **ညွှန်ကြားပို့ချမှုအတွက် လိုအပ်သောပစ္စည်းများနှင့် သတင်းအချက်အလက်ရမည့်နေရာများ** – ဤကဏ္ဍကို လက်တွေ့အကောင်အထည်ဖော်ရန် ဘာလိုအပ်သလဲ။
- ❖ **အကဲဖြတ်စစ်ဆေးခြင်း** – ဤကဏ္ဍ၏ထိရောက်မှုကို ဆရာက ဘယ်လိုအကဲဖြတ်မလဲ။

အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်းသည် ဘာသာမျိုးစုံသင်ကြားသောဆရာတစ်ဦးအား သင်ရိုးညွှန်းတမ်းတွင်ပြဋ္ဌာန်းထားသော ဘာသာရပ်အားလုံး၌ စာဖတ်ခြင်းနှင့်စာရေးခြင်းကို ထည့်သွင်းတည်ဆောက်ရန်အခွင့်အရေးပေးသည်။ ကဏ္ဍခွဲတစ်ခုသည် လူမှုရေးဘာသာရပ်၊ သိပ္ပံ၊ စာပေ၊ သင်္ချာနှင့် အခြားဘာသာရပ်များတွင်လည်း ပေါင်းစပ်ပါဝင်နိုင်သည်။ ဆရာများသည် စာသင်ခန်းနှင့်စာကြည့်တိုက်ရှိစာများကို သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အင်တာနက်၊ မဂ္ဂဇင်း၊ သတင်းစာတို့မှစာများနှင့်ပေါင်းစပ်၍ တိုးပွားအောင်လုပ်နိုင်သည်။ အခြားသတင်းအချက်အလက်များ ရနိုင်သည့်နေရာများမှာ စောင့်ကြည့်လေ့လာခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် စာသင်ခန်းအတွင်းအပြင်တို့မှရရှိသော အတွေ့အကြုံများဖြစ်သည်။

ဘာသာရပ်ဌာနများဖွဲ့စည်းထားသော အထက်တန်းကျောင်းတစ်ကျောင်းတွင် ဘာသာရပ်အသီးသီးကို သင်ကြားသော ဆရာများသည် စုပေါင်း၍အဖွဲ့လိုက်လုပ်ဆောင်ချက်အဖြစ် အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်းကို စီစဉ်အကောင်အထည်ဖော်နိုင်သည်။ ဥပမာ–လူမှုရေးဘာသာရပ်များသင်ကြားသောဆရာက သက်ဆိုင်ရာအကြောင်းအရာတစ်ခုကို သင်ကြားသည်။ စာပေသင်ကြားသောဆရာက အဆိုပါအကြောင်းအရာကို ထင်ဟပ်သောသင်ခန်းစာကို ဝတ္ထုစာအုပ်များမှထုတ်ယူ၍ သင်ကြားသည်။ အခြားဘာသာရပ်ဆရာများကလည်း ဤကဲ့သို့ အလားတူသင်ကြားကြမည်။ ကျောင်းသားများကလည်း ဆရာတစ်ဦး (သို့မဟုတ်) အခြားဘာသာရပ်

များသင်ကြားသည့် ဆရာများ၏လမ်းညွှန်မှုဖြင့် အကြောင်းအရာတစ်ခုကို ကဏ္ဍများခွဲ၍သင်ကြားခြင်းအတွက် အစီအစဉ်ရေးဆွဲရာတွင် တခါတရံ ပါဝင်နိုင်သည်။

အကြောင်းအရာတစ်ခုကိုကဏ္ဍများခွဲ၍သင်ယူခြင်းသည် ကျောင်းသားများအတွက် များစွာအကျိုးရှိသည်။

၁။ အကြောင်းအရာတစ်ခုကို ကဏ္ဍများခွဲ၍သင်ယူခြင်းသည် ဘာသာရပ်ဆိုင်ရာ နယ်နိမိတ်များကိုကျော်လွန်၍ ကျောင်းသားများနှင့်သင်ကြားသောဆရာ၏ စူးစမ်းလိုစိတ်ကို ဖြည့်ဆည်းပေးနိုင်သည်။ တကယ့်ပြင်ပလောကတွင် လေ့လာစူးစမ်းသကဲ့သို့ ဆရာနှင့်ကျောင်းသားများက ကျောင်းသားများသိပြီးသော အရာနှင့် သိလိုသောအရာများကို ဆက်စပ်ပေးခြင်းနှင့် အသိပညာများ သဘာဝအလျောက်ပေါင်းစပ်ခြင်းတို့ကို ပြုလုပ်သည်။

၂။ အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းသည် ကျောင်းသားများကို လက်တွေ့လုပ်ဆောင်မှု အဆင့်များစွာတွင် တက်ကြွစွာပါဝင်စေသည်။

- ❖ မေးခွန်းများဖွဲ့စည်းခြင်း။
- ❖ စုံစမ်းမေးမြန်းမှုကို စည်းရုံးလုပ်ဆောင်ခြင်း။
- ❖ လိုအပ်သည့် သတင်းဇစ်မြစ်များကို ရှာဖွေခြင်း။
- ❖ သတင်းအချက်အလက်များကို စုဆောင်းခြင်း။
- ❖ သူတို့ရှာဖွေတွေ့ရှိချက်များကို စုစည်းခြင်း။
- ❖ သူတို့ရှာဖွေတွေ့ရှိချက်များကို တင်ပြ၍ အခြားသူများအား သင်ကြားပေးခြင်း။

၃။ အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းသည် ကျောင်းသားများအား ဖတ်စာအုပ်များ၏ကန့်သတ်မှုရှိသည့်ရှုထောင့်အမြင်ထက်ကျော်လွန်၍ သင်ယူစေနိုင်သည်။ ခေါင်းစဉ်တစ်ခုနှင့်ပတ်သက်၍ လက်လှမ်းမီသမျှ စာအုပ်စာတမ်း၊ သတင်းအချက်အလက်များကို အပြည့်အဝအသုံးပြုစေနိုင်သည်။

၄။ အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းသည် ကျောင်းသားများအား အဓိပ္ပာယ်ရှိသည့် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ရန် အခွင့်အရေးများဖန်တီးပေးသည်။ အရည်အချင်းမတူသည့် ကျောင်းသားများ၏ လိုအပ်ချက်နှင့်ကိုက်ညီမည့် စာအုပ်စာတမ်းအဆင့်အမျိုးမျိုးကို ဆရာက ရှာဖွေစုဆောင်းပေးနိုင်သည်။

၅။ အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းသည် ပိုမိုစွမ်းဆောင်နိုင်သည့် ကျောင်းသားများနှင့်သိပ်မစွမ်းဆောင်နိုင်သည့် ကျောင်းသားများ အတူတကွ လုပ်ဆောင်စေနိုင်သည်။

အကြောင်းအရာတစ်ခုကိုကဏ္ဍခွဲ၍သင်ကြားခြင်းသည် ကျောင်းသားများနည်းတူ ဆရာများကိုလည်း စိန်ခေါ်မှုများစွာ ပေးသည်။ ဤသင်ကြားနည်းအတွက် အောက်ပါအချက်များလိုအပ်သည်။

၁။ ဂရုတစိုက် သေသေချာချာ အစီအစဉ်ရေးဆွဲခြင်း။ ကျောင်းသားများလိုအပ်သည့် စာအုပ်စာတမ်း ပစ္စည်းများကို ဆရာက ကြိုတင်ရှာဖွေစုဆောင်းထားရသည်။

၂။ ဆရာက ကျောင်းသားအဖွဲ့များကို ရက်ပေါင်းများစွာ (သို့မဟုတ်) ရက်သတ္တပါတ်ပေါင်းများစွာ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန် ညှိနှိုင်းဆောင်ရွက်ပေးရသည်။

၃။ ဆရာက ကျောင်းသားများလိုအပ်မည့် ကျွမ်းကျင်မှုများကို အာရုံစိုက်ရမည်။ ဆရာက သုတေသနလုပ်နည်း ကျွမ်းကျင်မှု၊ စာရင်းဇယားပြုစုခြင်း၊ စာရေးခြင်းနှင့် တင်ပြခြင်းများအတွက် လိုအပ်သောသင်ခန်းစာများကို အချိန်မီ ပို့ချရမည်။ ကျောင်းသားများအသုံးပြုရန် လိုအပ်မည့်အချက်များမှာ–

- ❖ လိုအပ်သည့်သတင်းအချက်အလက်များကို ရှာဖွေရန် စာကြည့်တိုက်အသုံးပြုနည်း။
- ❖ လူတွေ့မေးမြန်းရာတွင်ယဉ်ကျေးမှုကျင့်ဝတ်နှင့် လုံခြုံဘေးကင်းမှုဆိုင်ရာကိစ္စများကိုသတိပြုခြင်း။
- ❖ မှတ်စုရေးနည်းနှင့် အသံဖမ်းတိပ်ခွေများကို ပြန်လည်ရေးသားခြင်း။
- ❖ သတင်းအချက်အလက်များ ကွဲလွဲမှုရှိလျှင် ဆောင်ရွက်ခြင်း။

- ❖ ကွင်းဆင်းလေ့လာမှုကို လက်တွေ့လုပ်ခြင်း။
- ❖ လက်တွေ့ကွင်းဆင်း၍ရရှိလာသည့်သတင်းအချက်အလက်များကို ဇယားများအသုံးပြု၍ဖော်ပြခြင်း။
- ❖ အစီရင်ခံစာအကြမ်းနှင့် ပထမမူကြမ်းရေးသားခြင်း။
- ❖ သတင်းအချက်အလက်များရှင်းလင်းစွာ နားလည်နိုင်ရန် အစီရင်ခံစာကို ပြင်ဆင်ရေးသားခြင်း။
- ❖ အစီရင်ခံစာများ မှန်ကန်မှုရှိရန် ပြန်စီစစ်ခြင်း။
- ❖ ထွက်ပေါ်လာသောရလဒ်များကို နှုတ်ဖြင့်တင်ပြခြင်း။

၄။ ဆရာက ကျောင်းသားများ၏သင်ယူမှုကို နည်းမျိုးစုံဖြင့် အကဲဖြတ်စစ်ဆေးရန် အမြဲအဆင်သင့်ဖြစ်နေရမည်။ ကျောင်းသားများ၏သင်ယူမှုသည် ရေးဖြေစာမေးပွဲတစ်ခုတွင် ဖြေဆိုထားသည်များထက်ပို၍ အဓိပ္ပါယ်ရှိသည်။

## အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်းတွင် လုပ်ဆောင်ရန်အဆင့်များ

ဆရာများက မကြာခဏ အကြောင်းအရာတစ်ခုကို ကဏ္ဍများခွဲ၍သင်ကြားခြင်းအား မိမိတို့ကိုယ်တိုင်ရေးဆွဲပြုစုကြသည်။ ပိုမိုအဆင့်မြင့်သောအစီအစဉ်ရေးဆွဲခြင်းတွင် ကျောင်းသားများအား အစပိုင်းတွင်ပါဝင်စေသည်။ ဤလုပ်ငန်းအဆင့်၏ နမူနာတစ်ခုကို အောက်တွင်ဖော်ပြထားသည်။

### အဆင့်(၁) – ကဏ္ဍခွဲ၍သင်ကြားမည့်အကြောင်းအရာခေါင်းစဉ်ကို ရွေးချယ်ဆုံးဖြတ်ခြင်း။

ဆရာသည်ကဏ္ဍခွဲ၍သင်ကြားမည့်အကြောင်းအရာတစ်ခုကို ကျောင်းသားများအားရှင်းမပြမီ ဖြစ်နိုင်သည့်ခေါင်းစဉ်အတော်များများကို ရွေးချယ်ထားရမည်။ ခေါင်းစဉ်ကောင်းတစ်ခုကို သင်ရိုးညွှန်းတမ်းမှလည်းကောင်း၊ ကျောင်းသားများ၏စိတ်ဝင်စားမှုမှလည်းကောင်း၊ စာသင်ခန်းအတွင်းကြုံတွေ့ရသည့် ပြဿနာတစ်ခုမှလည်းကောင်း၊ သတင်းအဖြစ်အပျက်တစ်ခုမှလည်းကောင်း ရနိုင်သည်။

သင်ကြားမည့်အကြောင်းအရာကို အတန်းသို့ချမပြမီ အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ကျောင်းသားများအတွက် ရှုထောင့်အသီးသီးမှ လေ့လာမှုကိုအထောက်အကူပြုမည့် စာအုပ်စာတမ်းများကို လုံလောက်အောင်ထားပေးရမည်။

### အဆင့်(၂) – အကြောင်းအရာခေါင်းစဉ်ကို စတင်မိတ်ဆက်ခြင်း။

ဆရာက ပုံပြင်ဇာတ်လမ်းတစ်ပုဒ်ဖြစ်စေ၊ စာစီစာကုံးတစ်ပုဒ်ဖြစ်စေ ဖတ်ပြပါ။ ထိုခေါင်းစဉ်အကြောင်း ကျောင်းသားများသိထားပြီးသောအရာများနှင့် သူတို့ထပ်သိလိုသည့်အရာများအား (K-W-L) နည်းကိုသုံး၍မေးပါ။

ဆရာက စောင့်ကြည့်လေ့လာပြီး မေးခွန်းတစ်ခုမေးပါ။

### အဆင့်(၃) – ကျောင်းသားများက ခေါင်းစဉ်ငယ်များကို ဝိုင်းဝန်းစဉ်းစားခြင်း။

ဆရာက ကျောင်းသားများအား ခေါင်းစဉ်ကြီးတစ်ခု၏ခေါင်းစဉ်ငယ်များကို ရေးချခိုင်းပါ။ (သို့မဟုတ်) ထိုခေါင်းစဉ်နှင့်ပတ်သက်သော အချက်အလက်များကို ရှာဖွေလေ့လာရန် ဖိတ်ခေါ်သည့်မေးခွန်းများ ရေးချခိုင်းပါ။

ကျောင်းသားများသည် ခေါင်းစဉ်ကြီးနှင့်ပတ်သက်သော ခေါင်းစဉ်ငယ်များနှင့်မေးခွန်းများကို အုပ်စုတွဲရန် အတူတကွလုပ်ဆောင်ကြမည်။

ခေါင်းစဉ်နှင့်ပတ်သက်သည့် အဓိကအကြောင်းကိစ္စများပါဝင်မှုကို သေချာစေရန်အတွက် ဆရာက သူကိုယ်တိုင်ရေးထားသောမေးခွန်းများကို ထပ်ဖြည့်ပါ။ ထိုမေးခွန်းများက ကျောင်းသားများအား ကျောင်းတွင်ရနိုင်သည့် စာအုပ်စာတမ်းများကိုဖတ်ရန် ဦးဆောင်သွားလိမ့်မည်။

ဆရာက အခြားဘာသာရပ်ရှုထောင့်များမှ မေးခွန်းများကိုမေးပါ။ ဤမေးခွန်းများကိုပြင်ဆင်ရန် ဆရာက အောက်ပါအချက်အလက်များကို စဉ်းစားနိုင်သည်။ ဤခေါင်းစဉ်ကို အနုပညာဘာသာရပ်များဖြစ်သည့် စာပေ၊ ပြဇာတ်၊

အက၊ တေးဂီတများတွင် ဘယ်လိုဖော်ပြသလဲ။ သိပ္ပံပညာနှင့် သင်္ချာဘာသာရပ်များက ဤခေါင်းစဉ်ကို နားလည်အောင် ဘယ်လိုအကူအညီပေးသလဲ။ ဒဿနိကဗေဒဘာသာရပ်တွင် ဤခေါင်းစဉ်ကို ဘယ်လိုဖော်ပြသလဲ။ သမိုင်းဘာသာရပ်တွင် ဘယ်လိုအသုံးပြုသလဲ။ အမျိုးသားရေးကိစ္စတွင် ဤခေါင်းစဉ်ကို ဘယ်လိုသဘောထားသလဲ။ ယခုလောလောဆယ် ဤပတ်ဝန်းကျင်ရှိရပ်ရွာလူထုကို ဤခေါင်းစဉ်က ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ။ ဤသင်ခန်းစာသည် အတန်းထဲမှကျောင်းသားများအပေါ် ဘယ်လို အကျိုးသက်ရောက်သလဲ။ အခြားဆရာများနှင့် ကျောင်းသားများက အကြံဉာဏ်ကောင်းများပေးနိုင်ကြပါမည်။

ဆရာက ကျောင်းသားများအား ခေါင်းစဉ်ငယ်များစာရင်းကို စိတ်ဝင်စားစရာကောင်းသည့် ခေါင်းစဉ်ငယ် (၅)ခုမှ (၆)ခုအထိ အရေအတွက်လျှော့ချရန်နှင့် လိုအပ်ပါက အချို့ခေါင်းစဉ်ငယ်များကို ခေါင်းစဉ်အသစ်တစ်ခုအဖြစ် ပေါင်းစပ်ကြရန်ပြောပါ။

## အဆင့်(၄) – ခေါင်းစဉ်ငယ်တစ်ခုစီအကြောင်း နောက်ထပ်လေ့လာရန်လိုအပ်သည့် စာအုပ်စာတမ်းနှင့် သတင်းရနိုင်မည့်နေရာများကို ဆရာနှင့်ကျောင်းသားများ ရှာဖွေရွေးချယ်ခြင်း။

ဆရာက ကျောင်းသားများအား ခေါင်းစဉ်ငယ်များအတွက်ဖြစ်နိုင်မည့် သတင်းအချက်အလက်ရနိုင်သည့် နေရာများကို ပြောပါ။ သတင်းစာ၊ ရပ်ရွာတွင်းကျွမ်းကျင်သူများ၊ စိတ်ကူးယဉ်ဝတ္ထုများ၊ ကွင်းဆင်းလေ့လာချက်များ၊ အခြားဆရာများ၊ အင်တာနက်ဝက်ဘ်ဆိုက်များ အစရှိသည့်နမူနာများကို ပေးပါ။

## အဆင့်(၅) – ခေါင်းစဉ်ငယ်များကိုလေ့လာရန် အစီအစဉ်ရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း။

ကျောင်းသားများကိုယ်တိုင်ဖြစ်စေ၊ ဆရာကခိုင်း၍ဖြစ်စေ ခေါင်းစဉ်ငယ်တစ်ခုစီကို သုတေသနပြုရန် အဖွဲ့များဖွဲ့ကြမည်။ (အတူလက်တွဲလုပ်လျှင်ပိုအဆင်ပြေမည့် ကျောင်းသားများကို အဖွဲ့ဖွဲ့ပေးရန်ဆရာက ချင့်ချိန်၍ဆုံးဖြတ်ပါ။)

အဖွဲ့ဝင်များသည် မိမိတို့ပြုလုပ်မည့်အစီအစဉ်အဆိုပြုလွှာကို ရေးသားကြမည်။ ဤအဆင့်ကိုလမ်းညွှန်ရန် ဆရာက မေးခွန်းများကို နံရံပေါ်တွင်ရေးကပ်ထားပေးရန်။

သင်၏အစီရင်ခံစာတွင် ဘယ်မေးခွန်းများကို ဖြေဆိုမလဲ။
ဘယ်လိုသတင်းအချက်အလက်အရင်းအမြစ်များကို အသုံးပြုမလဲ။ (စာအုပ်များ၊ လူတွေ့မေးမြန်းချက်များ၊ ကွင်းဆင်းလေ့လာချက်များ စသဖြင့် )
အဖွဲ့ဝင်တစ်ဦးစီက ဘာတာဝန်ထမ်းဆောင်မလဲ။
သင်၏အလုပ်ပြီးစီးအောင် ဘယ်လိုအချိန်ဇယားရေးဆွဲထားသလဲ။ (အဆိုပြုလွှာတင်ပြခြင်း၊ သုတေသနအလုပ်ပြီးစီးခြင်း၊ အစီရင်ခံစာပထမမူကြမ်း၊ အစီရင်ခံစာကို တင်ပြခြင်း၊)
ဆရာထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်များထံမှဖြစ်စေ ဘယ်လိုအကူအညီလိုအပ်သလဲ။
အဖွဲ့ဝင်တိုင်းပါဝင်လုပ်ဆောင်အောင် ဘယ်လိုလုပ်မလဲ။
အဆိုပြုလွှာအသီးသီးကို ဆရာ့ထံတင်သွင်းပါ။ ဆရာက ထိုအဆိုပြုလွှာများကိုစစ်ဆေးပြီး ပိုမိုကောင်းမွန်အောင်အကြံပြုမည်။

## အဆင့်(၆) – ကျောင်းသားများလိုအပ်မည့် ကျွမ်းကျင်မှုများကိုပေးရန် သင်ခန်းစာငယ်များကို ဆရာက အချိန်မီပို့ချပါ။

ဆရာက ကျောင်းသားများအသုံးပြုရန်လိုအပ်မည့် သုတေသနဆိုင်ရာကျွမ်းကျင်မှု၊ အချက်အလက်များကို စာရင်းဇယားပြုစုခြင်း၊ ရေးသားခြင်းနှင့်တင်ပြခြင်းတို့ကို ကြိုတင်စဉ်းစားထားရမည်။ လုပ်ဆောင်သွားစဉ်တလျှောက်လုံးတွင်လည်း လိုအပ်မည့်အခြားကျွမ်းကျင်မှုများအတွက်လည်း အသင့်ဖြစ်နေစေရမည်။ ဆရာက ကျွမ်းကျင်မှုတစ်ခုစီ

ကို သင်ကြားရန်စနစ်တကျပြင်ဆင်ပြီး အချိန်တိုတိုဖြင့် ပို့ချပါ။ အဆိုပါသင်ခန်းစာများအတွက် စံထားသည့်အချက်များတွင် အောက်ပါတို့ပါဝင်သည်။

- ❖ လိုအပ်သည့်သတင်းအချက်အလက်များကို ရှာဖွေရန် စာကြည့်တိုက်အသုံးပြုနည်း။
- ❖ လူတွေ့မေးမြန်းရာတွင်ယဉ်ကျေးမှုကျင့်ဝတ်နှင့် လုံခြုံဘေးကင်းမှုဆိုင်ရာကိစ္စများကိုသတိပြုခြင်း။
- ❖ မှတ်စုရေးနည်းနှင့် အသံဖမ်းတိပ်ခွေများကို ပြန်လည်ရေးသားခြင်း။
- ❖ သတင်းအချက်အလက်များကွဲလွဲမှုရှိလျှင် ဆောင်ရွက်ခြင်း။
- ❖ ကွင်းဆင်းလေ့လာမှုကို လက်တွေ့လုပ်ခြင်း။
- ❖ လက်တွေ့ကွင်းဆင်း၍ရရှိလာသည့်သတင်းအချက်အလက်များကို ဇယားများအသုံးပြု၍ဖော်ပြခြင်း။
- ❖ အစီရင်ခံစာအကြမ်းနှင့် ပထမမူကြမ်းရေးသားခြင်း။
- ❖ သတင်းအချက်အလက်များရှင်းလင်းစွာနားလည်နိုင်ရန်အစီရင်ခံစာကိုပြင်ဆင်ရေးသားခြင်း။
- ❖ အစီရင်ခံစာများ မှန်ကန်မှုရှိရန် ပြန်စီစစ်ခြင်း။
- ❖ ထွက်ပေါ်လာသောရလဒ်များကို နှုတ်ဖြင့်တင်ပြခြင်း။

ပြုလုပ်နေကျသင်ခန်းစာတစ်ခုတွင် ဆရာကသရုပ်ပြ၍ မသေချာသည့်ကျွမ်းကျင်မှုကိုလည်း ပြဇာတ်က ကောင်း ကမည်။ ထို့ပြင် ဖြစ်နိုင်ပါက ကျောင်းသားများအား ထိုကျွမ်းကျင်မှုများကို သူ့ဘာသာလေ့ကျင့်ရန် ချက်ချင်း လုပ်ခိုင်းသည်။

## အဆင့် (၇) – ကျောင်းသားများအဖွဲ့လိုက်သုတေသနပြုလုပ်ခြင်း

ကျောင်းသားများအား စာသင်ခန်းအတွင်း၌ဖြစ်စေ၊ ကျောင်းဝင်းပြင်ပ၌ဖြစ်စေ အတူတကွအစီအစဉ်ရေးဆွဲရန်နှင့် လုပ်ဆောင်ကြရန် အချိန်သတ်မှတ်ပေးပါ။ အဖွဲ့များအတွင်း စုပေါင်းသင်ယူမှုအတွက် ပါဝင်ရမည့်အခန်းကဏ္ဍများကို သတ်မှတ်ပေးပါ။ (မေးခွန်းမေးသူ၊ စစ်ဆေးသူ၊ အချိန်သတ်မှတ်သူ၊ တက်ကြွစွာနားထောင်သူ၊ အကျဉ်းချုပ်တင်ပြသူ)

ဆရာသည် အဖွဲ့တစ်ခုစီနှင့် မကြာခဏတွေ့ဆုံရမည်။ ကျောင်းသားတစ်ဦးချင်းအတွက် ပါဝင်ရမည့်အခန်းကဏ္ဍများနှင့် ညွှန်ကြားချက်များ ရှင်းရှင်းလင်းလင်းဖြစ်စေရန်၊ အစီအစဉ်အတိုင်းလုပ်ဆောင်ကြရန်နှင့် အခက်အခဲများ ကျော်လွှားနိုင်ရန်အတွက် သေချာစေရမည်။

ကျောင်းသားတစ်ဖွဲ့စီ၏ ပဏာမလေ့လာတွေ့ရှိချက်ကို တင်ပြရန် ဆရာကအချိန်သတ်မှတ်ပေးပါ။ ဤအဆင့်တွင် ကျောင်းသားများအား နောက်ထပ်လိုအပ်မည့်သုတေသနများလုပ်ရန် အကြံပေးပါ။ အဖွဲ့တစ်ခုစီ၏ ကိုယ်စားလှယ်များသည် ကော်မတီစုံညီအစည်းအဝေးသို့ တက်ရောက်ကြမည်။ အစည်းအဝေးသို့ ဆရာလည်းပါဝင်တက်ရောက်မည်။ အစီရင်ခံစာများသည် ခေါင်းစဉ်တစ်ခုလုံးကို လွှမ်းခြုံခြင်းရှိမရှိ အစည်းအဝေး၌ ဆွေးနွေးကြမည်။

## အဆင့်(၈) – အဖွဲ့များကတင်ပြချက်များပြုလုပ်ခြင်း

တင်ပြချက်များကို နှုတ်ဖြင့်ဖြစ်စေ၊ မဂ္ဂဇင်း(သို့မဟုတ်)စာသင်ခန်းအတွင်း ထုတ်ဝေသည့်စာအုပ် ကြော်ငြာစာ (အဖွဲ့တိုင်းက ကြော်ငြာကပ်ကြမည်၊ သူတို့လေ့လာသည့်ခေါင်းစဉ်ကိုပြောပြရန် ကြော်ငြာများကို အသုံးပြုမည်) တို့ဖြင့် ဖော်ပြမည်။ ရေဒီယိုမှအသံလွှင့်မည် (အမှန်တကယ် အသံလွှင့်ခြင်း (သို့မဟုတ်) ပုံသဏ္ဍာန်ပြုလုပ်ခြင်း)၊ ပါလီမန်တွင် ဥပဒေပြဋ္ဌာန်းမည်(သဏ္ဍာန်ပြုလုပ်ခြင်း)။

တင်ပြခြင်းကို ပရိသတ်အမျိုးမျိုးရှေ့တွင် ပြုလုပ်နိုင်သည်။ အစပိုင်းတွင် တွေ့ရှိချက်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တင်ပြကြမည်။ တစ်ကျောင်းတည်းမှတခြားအတန်းများတွင်လည်းတင်ပြနိုင်သည်။ (သို့မဟုတ်) အရွယ်ရောက်ပြီးသူ လူကြီးများကိုလည်း တင်ပြနိုင်သည်။ စာအုပ်အဖြစ်လည်းထုတ်ဝေပြီး ကျောင်းစာကြည့်တိုက်တွင် ထားနိုင်သည်။ သတင်းစာတိုက်သို့လည်း ပေးပို့နိုင်သည်။

### အဆင့်(၉) – နောက်ဆက်တွဲဆောင်ရွက်ရန် အတန်းသူ၊ အတန်းသားများက ဆုံးဖြတ်ခြင်း။

ကျောင်းသားများသည် အစီရင်ခံတင်ပြမှုအပြီးတွင်၊ နောက်တဆင့်၌ သူတို့ဆက်လက်လုပ်ဆောင်ရမည့် အကြောင်းအရာများကို ဆွေးနွေးကြမည်။

ကျေးဇူးတင်စာရေးကြမည်။ အခြားလုပ်ဆောင်ရမည့်အရာများကို ဆွေးနွေးတိုင်ပင်ကြမည်။ ဥပမာ–သင်ခန်း စာခေါင်းစဉ်သည် ပဋိပက္ခဖြေရှင်းခြင်းမျိုးဖြစ်လျှင် အတန်း (သို့မဟုတ်) တစ်ကျောင်းလုံးသည် သင်ယူထားသော သင်ခန်းစာများနှင့် နေ့စဉ်ကြုံတွေ့ရသည့်ကိစ္စများကို မည်ကဲ့သို့ပေါင်းစပ်မည်နည်း။ အကယ်၍ သင်ခန်းစာခေါင်းစဉ် သည် ရေလှိုင်းအကြောင်းဖြစ်လျှင် သူတို့လေ့လာသိရှိသည့် တိုင်ဖုံးမုန်တိုင်း (typhone) ဒုက္ခသည်များကို မည်သို့ကူညီ မည်နည်း။

သင်ခန်းစာနှင့်ဆက်နွယ်သည့် ဘယ်လိုခေါင်းစဉ်မျိုးကို သူတို့သင်ယူလိုကြောင်း သူတို့ကိုယ်တိုင်ရွေးချယ် နိုင်သည်။ ရေလှိုင်းများအကြောင်းလေ့လာခြင်းမှသည် ပင်လယ်အကြောင်းလေ့လာရေးကို ဦးတည်ပေးနိုင်သည်။ ပဋိပက္ခဖြေရှင်းခြင်းကို လေ့လာခြင်းမှသည် လူမျိုးစုငယ်အချင်းချင်းဆက်ဆံရေးကိုလေ့လာရန် လမ်းညွှန်ပေးနိုင်သည်။

### အဆင့်(၁၀) – ကျောင်းသားများ၏ သင်ယူမှုကို တန်ဖိုးဖြတ်စစ်ဆေးခြင်း။

အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်းကိုတန်ဖိုးဖြတ်စစ်ဆေးရာတွင် အပိုင်းသုံးပိုင်းပါဝင်သည်။

၁။ ကျောင်းသားများ သင်ယူသည့်အကြောင်းအရာ၊

၂။ သူတို့အသုံးပြုသည့် ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစဉ်၊

၃။ စဉ်းစားဆွေးနွေးနေသည့် သင်ခန်းစာခေါင်းစဉ်ကို သင်တန်းသားများ နားလည်မှု တိုးတက်သလား။ မတိုးတက်ဘူးလား၊

## အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်း နမူနာသင်ခန်းစာ

ပြုလုပ်နေကြဖြစ်သည့် ကဏ္ဍခွဲသင်ကြားခြင်းနမူနာတစ်ခုအား စုစည်းတင်ပြထားသောဇယားတစ်ခုကို ရှေ့စာ မျက်နှာတွင် တွေ့မြင်နိုင်ပါသည်။ ဆရာက ရှင်းရှင်းလင်းလင်းရေးသားထားသောဖတ်စာ၊ စာပေလက်ရာအစစ်၊ ဗွီဒီယို တိပ်ခွေနှင့် သင်ကြားမည့်အကြောင်းအရာကိုထင်ဟပ်သော အခြားစာအုပ်စာတမ်းများကို စုဆောင်းထားရှိပြီးဖြစ် သည်။ 'ဘေးအန္တရာယ်ကြုံတွေ့နေရသည့် လင်းတငှက်ကြီးများ' စာအုပ်နှင့် ဝေဖန်ရေးစာပေအမျိုးအစားနှင့် ကိုက်ညီ မည့် လက်တွေ့လုပ်ဆောင်ချက်များကိုလည်း ပြင်ဆင်ထားပြီးဖြစ်သည်။ ကျောင်းသားများ၏စိတ်ဝင်စားမှုကို နှိုးဆွပေးရန် နှင့် သင်ကြားမည့်အကြောင်းအရာခေါင်းစဉ်ကို မိတ်ဆက်ပေးရန်အတွက် လင်းတငှက်ကြီးများကို သတ်ဖြတ်သည့် အကြောင်းနှင့် ထိုငှက်များ၏သဘာဝအကြောင်းကို ရိုက်ကူးထားသည့် ဗွီဒီယိုခွေတစ်ခုလည်းရှိသည်။ လင်းတငှက်ကြီး များနှင့် အခြားအသားစား (အသေကောင်စား)ငှက်ကြီးများ (scavengers) အကြောင်း ရှင်းရှင်းလင်းလင်းရေးသား ထားသောစာအုပ်၊ ကျောင်းသားများလဲလှယ်ဖတ်ရှုရန် စာကြည့်တိုက်မှမှကွဲစာအုပ်အမျိုးမျိုး၊ အတန်း၌သင်ကြား သည့်သိပ္ပံစာအုပ်မှ သက်ဆိုင်ရာအခန်းများ၊ ကျောင်းသားများ သရုပ်ဖော်ရေးဆွဲနိုင်ရန် ငှက်ပုံဆွဲနည်းစာအုပ်ကိုလည်း စုဆောင်းထားသည်။

ရက်သတ္တပါတ်လေးပါတ်အတွင်း ကျောင်းသားများသည် စာအုပ်များကိုဖတ်ကြမည်။ နောက်ခံဗဟုသုတ များကို တည်ဆောက်ကြမည်။ အကြောင်းအရာခေါင်းစဉ်နှင့်သက်ဆိုင်သည့် ဝေါဟာရစကားလုံးများကိုလည်း သင်ယူ ကြမည်။ လူမှုရေးလှုပ်ရှားမှုကိုဖြစ်စေသည့် စာများလည်းရေးသားကြမည်။ လင်းတငှက်များနှင့် အခြားဘေးအန္တရာယ် ကြုံတွေ့နေရသည့်ငှက်များကို ကာကွယ်ရန် ပိုစတာများရေးသားကြမည်။

| ပန်းတိုင်များ | လက်တွေ့လုပ်ဆောင်ချက်များ | အကဲဖြတ်စစ်ဆေးခြင်း | ဖတ်စရာနှင့်သတင်းအချက်အလက်ရမည့်နေရာများ | ကြာကာလ |
|---|---|---|---|---|
| လင်းတငုက်ကြီးများအကြောင်းနှင့်ထိုငှက်များနေထိုင်ရာပတ်ဝန်းကျင်အကြောင်းမေးခွန်းထုတ်ရန် | ဗွီဒီယိုပြခြင်း(သို့မဟုတ်) မဂ္ဂဇင်းဆောင်းပါး (သို့မဟုတ်) ရုပ်ပုံများပါသောပြင်ဆင်ထားသည့်သင်ခန်းစာကိုအသံထွက်ဖတ်ခြင်း | ကျောင်းသားများမေးမြန်းသောမေးခွန်းများ၏အရည်အသွေး | လင်းတငုက်ကြီးများအကြောင်းရိုက်ကူးထားသည့်ဗွီဒီယိုခွေ | ၁–ရက် |
| ချောမောပြေပြစ်စွာဖတ်ရန် | နှစ်ဦးတွဲစာဖတ်ခြင်း | နှုတ်ဖြင့်ပီသမှန်ကန်စွာဖတ်ခြင်း | လင်းတငုက်ကြီးများအကြောင်းစာအုပ်များ | အခါအားလျော်စွာ |
| နားလည်ခြင်းဖြင့်အသံတိတ်ဖတ်ရန် | အဖွဲ့ငယ်များတွင်လမ်းညွှန်ချက်ဖြင့်စာဖတ်နေခြင်း၊ စာပေပိုင်းမှတွေ့ရှိချက်များကိုဆွေးနွေးခြင်း | လေ့လာစောင့်ကြည့်ခြင်း၊ ဆွေးနွေးပွဲ၏အရည်အချင်း | လင်းတငုက်ကြီးများအကြောင်း၊ ရိုးရာပုံပြင်များအကြောင်း | ၄–ရက် |
| နားလည်အောင်နားထောင်ခြင်း | လင်းတငုက်ကြီးများနှင့်ပတ်သက်၍ ယဉ်ကျေးမှုဆိုင်ရာအမြင်ကိုဖော်ပြသည့်တေးဂီတကိုနားထောင်ခြင်း | ဆွေးနွေးပွဲ၏အရည်အချင်း | EI Condor Pasa | ၁–ရက် |
| နားလည်မှုဖြင့် အသံတိတ်စာဖတ်ရန် | သိပ္ပံဘာသာရပ်အချိန်အတွင်းလမ်းညွှန်မှုဖြင့်စာဖတ်ရန် | လေ့လာစောင့်ကြည့်ခြင်း | သိပ္ပံဘာသာရပ်ဖတ်စာအုပ် | ၂–ရက် |
| အင်တာနက်(သို့မဟုတ်) သတင်းစာမှအချက်အလက်များရှာဖွေရန်၊ အတူတကွအလုပ်လုပ်ရန်ဖွဲ့စည်းထားသောစိတ်ဝင်စားသူများအဖွဲ့ | အသေကောင်စားသည့်သတ္တဝါများအဖြစ် လင်းတငုက်ကြီးများကို သုတေသနပြုမည့်သူများကို ရွေးချယ်ခြင်း၊ လင်းတငုက်ကြီးများနေထိုင်ရာအရပ်၊ လင်းတငုက်ကြီးများကိုကယ်တင်ရန်ကြိုးပမ်းခြင်း | စံများထားရှိခြင်း၊ အညွှန်းများအသုံးပြုခြင်း၊ အညွှန်းများကိုပိုကောင်းအောင်ပြုပြင်ခြင်း၊ ရွေးချယ်ထားသောစာများသင့်လျော်ခြင်း | Google.com | အခါအားလျော်စွာ ၄–ရက် |
| အန္တရာယ်ကျရောက်နေသည့် လင်းတငုက်ကြီးများကိုကာကွယ်ရန်အချက်အလက်ပြည့်စုံ၍ ဆွဲဆောင်မှုရှိသောစာရေးခြင်း၊ ပိုစတာများရေးဆွဲခြင်း | ကဏ္ဍ၊ ပရိသတ်၊ ပုံစံ အဓိကဖော်ပြချက်များ | စည်းမျဉ်းများ | အင်တာနက်မှ ရှာဖွေသုတေသနပြုရန်၊ သတင်းစာများ | သုတေသနပြုရန် ၃–ရက် |
| အချက်အလက်များပါဝင်သောစာကို ဆီလျော်စွာရုပ်ပုံများရေးဆွဲဖော်ပြခြင်း | အချက်အလက်များပါဝင်၍ဆွဲဆောင်မှုရှိသော စာကိုရုပ်ပုံများဖြင့် ဖော်ပြခြင်း | ရုပ်ပုံများနှင့်ကျောင်းသားများရေးသားထားသောစာများ၏ဆက်နွယ်မှု | ငှက်များ၏ရုပ်ပုံများနှင့်ဓါတ်ပုံများ | စာများရေးသားရန် ၁–ရက် |
| နားလည်မှုဖြင့် အသံတိတ်စာဖတ်ရန် | လင်းတငုက်ကြီးများနှင့်အခြားအသားစားငှက်များအကြောင်းရှင်းလင်းစွာရေးသားထားသည့်စာအုပ်များနှင့်ကိုယ်တိုင်ရွေးချယ်ထားသောစာများကို မိနစ်(၂၀)ခန့် မရပ်မနားအသံတိတ်ဖတ်ခြင်း | စိတ်အားထက်သန်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း | လင်းတငုက်ကြီးများနှင့်အခြားဘေးအန္တရာယ်ကျရောက်နေသည့်သတ္တဝါများအကြောင်းရေးထားသည့်စာအုပ်အမျိုးမျိုး | ၄–ရက်အတွင်း အခါအားလျော်စွာ |

## ၂။ အကဲဖြတ်စစ်ဆေးခြင်း

## ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် တက်ကြွစွာသင်ယူခြင်းကို အကဲဖြတ်စစ်ဆေးခြင်း

ဆရာများသည် တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းတို့ကို စတင်သင်ကြားသောအခါ ပထမဆုံးမေးသောမေးခွန်းမှာ "အကဲဖြတ်စစ်ဆေးဖို့ ဘာလုပ်ကြမလဲ" ဟူ၍ဖြစ်သည်။ ကျောင်းသားများက အဖြေမှန်ကို လွယ်လွယ်ကူကူပေးရသောအခါ သူတို့၏သင်ယူမှုကိုစစ်ဆေးခြင်းနှင့် အမှတ်ပေးခြင်းတို့ကို တောက်လျှောက်လုပ်နိုင်ပါသည်။ သို့ရာတွင် ဆရာများသည် ကျောင်းသားများသင်ယူသည့်အကြောင်းအရာနှင့် အဖွဲ့လိုက်စုပေါင်းသင်ယူနိုင်သည့် စွမ်းရည်နှစ်မျိုးစလုံးကို စစ်ဆေးလိုသောအခါ မည်ကဲ့သို့ရှိမည်နည်း။ ပြဿနာရပ်များကို ပင်ကိုယ်ဉာဏ်နှင့် ယုတ္တိရှိရှိဖြေဆိုမှုကို စစ်ဆေးသည့်အခါတွင်လည်း မည်ကဲ့သို့ရှိမည်နည်း။ ဤကဲ့သို့စစ်ဆေးလိုခြင်းသည် တန်ဖိုးရှိသောရည်ရွယ်ချက်များ ဖြစ်ပါသည်။ သို့ရာတွင် ဤအရာများကိုစစ်ဆေးခြင်းသည် လွယ်ကူသောကိစ္စမဟုတ်ပါ။

တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကိုမြှင့်တင်သော စာသင်ခန်းများတွင် ဆရာများသည် ကျောင်းသားများ၏ သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများထဲမှ ကျွမ်းကျင်မှုကို စစ်ဆေးကြသည်။ ဤသို့စစ်ဆေးရာတွင် ရေးဖြေစစ်ဆေးခြင်း၊ နှုတ်တိုက်ရွတ်ဆိုစေခြင်း၊ သင်ခန်းစာအကြောင်းကို ကျောင်းသားများဆွေးနွေးနေမှုအားလေ့လာစောင့်ကြည့်ခြင်းနည်းများကို အသုံးပြုကြသည်။ ထို့ပြင် အခြားနည်းနှစ်မျိုးကိုလည်း အသုံးပြုကြသည်။ ဆရာများသည် ကျောင်းသားများ၏ သင်ယူမှုဖြစ်စဉ်ကို စစ်ဆေးကြသည်။ ဆိုလိုသည်မှာ ဆရာများသည် သင်ပေးလိုက်သည့် အကြောင်းအရာကို ကျောင်းသားများမည့်ကဲ့သို့သင်ယူကြောင်းနှင့် သူတို့၏သင်ယူမှုကို မည့်ကဲ့သို့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း ဂရုတစိုက်လေ့လာစောင့်ကြည့်ကြသည်။ ထို့ပြင် ဆရာများသည် ကျောင်းသားများ၏ စဉ်းစားနိုင်သည့်အရည်အချင်းကိုလည်း အကဲဖြတ်စစ်ဆေးကြသည်။ တချိန်တည်းမှာပင် ဆရာများသည် ကျောင်းသားများလုပ်ဆောင်ရန် သူတို့သင်ပေးသည့်နည်းလမ်းကိုလည်း ဂရုတစိုက်စစ်ဆေးကြသည်။ ကျွန်ုပ်တို့၏ ဆိုလိုရင်းကို အောက်တွင်ရှင်းလင်းစွာ ဖော်ပြပါမည်။

တက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနည်းများကိုအသုံးပြုသော သင်ခန်းစာများတွင် သင်ယူရရှိသောအကြောင်းအရာနှင့် ကျွမ်းကျင်မှုတို့ကို အကဲဖြတ်စစ်ဆေးခြင်းသည် ရှုပ်ထွေးကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ဤသို့အသိအမှတ်ပြုလျက် မေးလေ့ရှိသည့်မေးခွန်းများ၊ ပြဿနာဖြစ်လေ့ရှိသည့်နေရာများနှင့် ထိုပြဿနာများကိုကျော်လွှားနိုင်ရန် ဆရာများတီထွင်ကြံဆထားကြသည့် စိတ်ကူးများကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့ပြင် တက်ကြွစွာသင်ယူနေစဉ်စစ်ဆေးသည့် နည်းလမ်းနမူနာတစ်ခုကိုလည်း ဖော်ပြထားပါသည်။ (ဇယား–၁ ကိုရှုပါ)။ ဤနမူနာသည် ဓါတုဗေဒသင်ခန်းစာတစ်ခုမှဖြစ်သော်လည်း သမိုင်း၊ ဇီဝဗေဒနှင့် အခြားဘာသာရပ်များတွင်လည်း လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

လမ်းညွှန်မှုဖြင့်စာဖတ်၍စဉ်းစားခြင်း လက်တွေ့လုပ်ဆောင်ချက်ကို ပြုလုပ်ပြီးနောက် ကျောင်းသားများ၏ ကျွမ်းကျင်မှုကို အကဲဖြတ်စစ်ဆေးရန် စည်းမျဉ်း(rubric)တစ်ခုကိုလည်း တင်ပြထားပါသည်။ (ဇယား–၂ ကိုရှုပါ)။ ဤစည်းမျဉ်းသည် ကျောင်းသားများ၏ သင်ယူမှုလက်တွေ့လုပ်ဆောင်ချက်တစ်ခုအတွက် လိုအပ်သည့်ကျွမ်းကျင်မှုများကို စစ်ဆေးရန်အသုံးပြုနိုင်သည်။ ထို့နောက် ကျောင်းသားများ၏ ဆောင်ရွက်ထားမှုကိုစစ်ဆေးရန် ပုံစံတစ်ခုကိုလည်းပြုလုပ်ထားပါသည်။ ဤနည်းကို စာပေပုံစံတစ်ခုဖြင့် ရေးသားထားသော စာစီစာကုံးတစ်ခုအား အကဲဖြတ်စစ်ဆေးနိုင်ပါသည်။ (ဇယား – ၃ ကိုရှုပါ)။ နောက်ဆုံးတွင် ကျောင်းသားများနှင့် ဆရာများအတွက် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် နှုတ်ဖြင့်လည်းကောင်း၊ စာရေး၍လည်းကောင်း ဆက်သွယ်မှုများအတွက် စံထားချက်တစ်စုံကိုလည်း ထည့်သွင်းထားပါသည်။ ဤစံထားချက်များ(standard)နှင့် စည်းမျဉ်းများကို သင်ခန်းစာအမျိုးမျိုးနှင့် အတန်းအဆင့်အမျိုးမျိုးတွင် အသုံးချနိုင်ပါသည်။

## တက်ကြွစွာသင်ယူသည့်ပတ်ဝန်းကျင်တွင် အကဲဖြတ်စစ်ဆေးခြင်း

ကျွန်ုပ်တို့သည် တက်ကြွစွာသင်ယူသည့်နည်းဗျူဟာများကိုအသုံးပြုသည့် ဆရာများအဖြစ် ကျောင်းသားတစ်ဦးချင်း၏လုပ်ဆောင်ချက်အား အမှတ်ပေးစစ်ဆေးရန် စိန်ခေါ်ချက်များကို ရင်ဆိုင်ရသည်။ ထိုစိန်ခေါ်ချက်အချို့ကား အဘယ်နည်း။ ထိုစိန်ခေါ်ချက်များကို အချို့ဆရာများ ဘယ်ပုံဘယ်နည်း ဖြေရှင်းကြသနည်း။

### သင်ခန်းစာသင်နေစဉ် လက်တွေ့လုပ်ဆောင်စရာများလွန်းနေလျှင် ဆရာကဘာကိုအမှတ်ပေးရမည်ကို ဘယ်လိုသိနိုင်မလဲ။

ဤအခြေအနေမျိုးကိုအကြိမ်ကြိမ်ကြုံတွေ့ရသည့် ဆရာများက အမှတ်ပေးရန် သီးခြားကျွမ်းကျင်မှုများကို ဆောင်ရွက်ရန်စာရင်း (checklist) တစ်ခု ပြုစုထားကြသည်။ ဤစာရင်းဇယားအား ဆရာများက ကျောင်းသားတစ်ဦးစီ၏ ကျွမ်းကျင်မှုကို အမှတ်ပေးရန် စည်းမျဉ်းများအဖြစ် အသုံးပြုကြသည်။ ဤစည်းမျဉ်းများတွင် ကျောင်းသားများမေးတတ်သည့် မေးခွန်းအမျိုးအစားများကို ထည့်သွင်းနိုင်သည်။ (အဆင့်မြင့်မေးခွန်းဖြစ်စေ၊ အဆင့်နိမ့်မေးခွန်းဖြစ်စေ) ကျောင်းသားက သူ၏အဆိုအတွက် ခိုင်လုံသည့်အထောက်အထားများ ပေးထားခြင်းရှိ မရှိ (သို့မဟုတ်) အခြားကျောင်းသား၏စိန်ခေါ်မှုကို ဘယ်ပုံဘယ်နည်းတုံ့ပြန်ကြောင်းတို့ကို ထည့်သွင်းနိုင်သည်။ စည်းမျဉ်းတစ်စုံကို နမူနာအဖြစ်ထည့်သွင်းပေးထားပါသည်။

### အဖွဲ့များတွင်ပါဝင်လုပ်ဆောင်စဉ် ကျောင်းသားတစ်ဦးချင်းကို ဘယ်လိုအကဲဖြတ်စစ်ဆေးကြမလဲ။

ဤပြဿနာနှင့် ရင်ဆိုင်ရသည့်ဆရာများသည် တစ်ခါတစ်ရံ ကျောင်းသားတစ်ဦးကိုရွေးချယ်ပြီး ထိုကျောင်းသားကို သတ်မှတ်ထားသောအချိန်အတွင်း စောင့်ကြည့်အကဲဖြတ်သည်။ ထို့နောက်မှ အခြားကျောင်းသားတစ်ဦးကို ပြန်ရွေးချယ်၍ စောင့်ကြည့်အကဲဖြတ်သည်။ ဆရာက ကျောင်းသားတစ်ဦးကို လှေ့လာစောင့်ကြည့်နေစဉ် ထိုကျောင်းသား၏ အဖွဲ့အတွင်းပါဝင်ဆွေးနွေးမှုကို အမှတ်ပေးနိုင်သည်။ ဤတွင် ကျွန်ုပ်တို့ဖော်ပြပေးထားသည့် စည်းမျဉ်းများကို ကျောင်းသားတစ်ဦးချင်းအပေါ် အကဲဖြတ်စစ်ဆေးရာတွင် အသုံးပြုနိုင်သည်။ တစ်ခါတစ်ရံ ဆရာများသည် ကျောင်းသားတစ်ဦးချင်း၏ မှတ်တမ်းများထားရှိပြီး ကျောင်းသားတိုင်း၏လုပ်ဆောင်ချက်များကို နေ့စဉ်ရေးသွင်းခြင်းဖြင့် စာသင်နှစ်အတွင်း ကျောင်းသား၏တိုးတက်မှုကို ကြည့်ရှုစစ်ဆေးနိုင်သည်။

### အဖွဲ့တစ်ဖွဲ့တွင် ကျောင်းသားများစွာ ပါဝင်လုပ်ဆောင်နေလျှင် ဘယ်ကျောင်းသားတွေက အကြံပြုဆွေးနွေးကြောင်းကို ဘယ်လိုသိနိုင်မလဲ။

ဖြေရှင်းနည်းတစ်ခုမှာ ကျောင်းသားများအဖွဲ့လိုက်ထိုင်သည့် ထိုင်ခုံဇယားရေးဆွဲခြင်းဖြစ်သည်။ ကျောင်းသားတစ်ဦးဆွေးနွေးလျှင် ဆရာကဆွေးနွေးအကြံပြုချက်ကို မှတ်သားထားမည်။ ဤထိုင်ခုံဇယားကို အထက်တွင်ဖော်ပြပြီးသည့် ဆောင်ရွက်ရန်စာရင်းနှင့်တွဲ၍ ကျောင်းသားတစ်ဦးချင်း၏ ပါဝင်အကြံပြုဆွေးနွေးချက်ကိုမှတ်သားရန် မကြာခဏ အသုံးပြုရသည်။ အဖွဲ့တစ်ဖွဲ့မှကျောင်းသားများကို ဆရာက အကဲဖြတ်စစ်ဆေး၍ ကျေနပ်လောက်သောအခါ ဆရာက အခြားအဖွဲ့တစ်ဖွဲ့သို့ပြောင်းရွှေ့မည်။

### တက်ကြွစွာသင်ယူခြင်းသည် ကျောင်းသားများအား တစ်ယောက်နှင့်တစ်ယောက် မည်ကဲ့သို့ အပြန်အလှန်အကျိုးပြုရန်နှင့် မည်ကဲ့သို့ဝေဖန်ပိုင်းခြားစဉ်းစားရန်တို့ကို သင်ကြားပေးရာတွင် ကျွန်ုပ်တို့အားကူညီသည်။ သို့ရာတွင် ကျောင်းသားများအနေဖြင့် သင်ခန်းစာပါအကြောင်းအရာများကို နားလည်သိရှိကြောင်း ဆရာများက မည်ကဲ့သို့တန်ဖိုးဖြတ်မည်နည်း။

ကျွမ်းကျင်မှုများကို အကဲဖြတ်စစ်ဆေးသည့်နည်းတူ ဆရာအချို့သည် သင်ခန်းစာ၏ အဓိကသဘောတရားများ(သို့မဟုတ်) သင်ခန်းစာတွင်လွှမ်းခြုံပါဝင်သည့်အချက်များကို ဇယားရေးဆွဲထားကြသည်။ ထို့နောက် ကျောင်းသားများသည် သူတို့၏တင်ပြချက်များ (သို့မဟုတ်) ဆွေးနွေးချက်များတွင် အဓိကသဘောတရားနှင့် အချက်အလက်များကို အသုံးပြုသောအခါ ဆရာက ကျောင်းသားတစ်ဦးချင်း၏ သတင်းအချက်အလက်အသုံးပြုမှုကို မှတ်သားထားနိုင်သည်။ ဤသို့ပြုလုပ်ခြင်းသည် ကျောင်းသားများ၏မှတ်ဉာဏ်ကိုစစ်ဆေးခြင်းထက် သူတို့၏သင်ယူမှုကို နက်ရှိုင်းစွာအကဲ

ဖြတ်စစ်ဆေးနိုင်သည်။ ဤကဲ့သို့ စစ်ဆေးနည်းမျိုးသည် ကျောင်းသားများက သူတို့၏အသိဉာဏ်ကို မည်ကဲ့သို့ လက်တွေ့အသုံးပြုနိုင်ကြောင်းသိရှိခြင်းရှိ မရှိ ဆရာများအားသိစေသည်။ ထို့ပြင် ဤကဲ့သို့စစ်ဆေးခြင်းသည် မှတ်ဉာဏ်ကို စစ်ဆေးခြင်းထက်သာလွန်သည်။

ဆရာများသည် ကျောင်းသားများရေးသားထုတ်ဝေသည့် စာများမှာလည်း အကျိုးရှိကြောင်း တွေ့မြင်နိုင်သည်။ အဆိုပါရေးသားထုတ်ဝေချက်များသည် ဆွေးနွေးတင်ပြသူက ဆွေးနွေးချက်များကို အစဖော်ပေးနိုင်သည့် မှတ်စုများ၊ အကြမ်းရေးသားခြင်းများအဖြစ် ရေးသားတတ်ကြသည်။ (သို့မဟုတ်) ဆွေးနွေးချက်၊ တင်ပြချက်များကို အထောက်အကူပေးနိုင်သည့်ဇယားများ၊ ရုပ်ပုံများ၊ အခြားတင်ပြစရာများအဖြစ်လည်း ရှိတတ်သည်။ အဆိုပါရေးသားချက်များကို သင်ခန်းစာပါအကြောင်းအရာနှင့် ဝေဖန်ပိုင်းခြားစဉ်းစားမှု၏ အထောက်အထားအဖြစ် အကဲဖြတ်စစ်ဆေးနိုင်သည်။ ကျွန်ုပ်တို့တင်ပြသည့် စည်းမျဉ်းများစွာသည် ရေးသားထုတ်ဝေခြင်းကို အဓိကထားသည်။

## လက်တွေ့လုပ်ဆောင်ချက်ပြီးနောက် အကဲဖြတ်စစ်ဆေးခြင်း

ပါဝင်သည့်အကြောင်းအရာကို အကဲဖြတ်စစ်ဆေးရန်အတွက် ဆရာကဆွေးနွေးသောအကြောင်းအရာ (သို့မဟုတ်) အခြားတက်ကြွစွာသင်ယူသောအတွေ့အကြုံများကို စစ်ဆေးသည့် 'သင်ကြားပြီးနောက် အချေအတင်ဆွေးနွေးပွဲပြုလုပ်၍ စစ်ဆေးခြင်း'(Post-debate examination)ကို ပြင်ဆင်ထားရမည်။ သို့သော် သင်ခန်းစာပါအကြောင်းအရာများကိုမေးသည့် အဆင့်မြင့်မေးခွန်းများနှင့် ထိုအကြောင်းအရာများကို လက်တွေ့အသုံးချနိုင်မှု အရည်အချင်းကို စစ်ဆေးသည့်မေးခွန်းများကို တည်ဆောက်ရာတွင် သတိကြီးစွာထားသင့်သည်။ ဤစာမေးပွဲများသည် သင်ခန်းစာရှိ အကြောင်းအရာများကို ကျောင်းသားများ ကောင်းမွန်စွာနားလည်သဘောပေါက်၍လက်တွေ့အသုံးချရန် လိုအပ်သော စာစီစာကုံးရေးဖြေစာမေးပွဲမျိုးဖြစ်သည်။

ပိုမိုလေးနက်သည့်သင်ယူမှုကို အားပေးခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းသည် ကျောင်းသားများအား သူတို့၏ အတွေ့အကြုံများကို ပြန်လည်စဉ်းစားသုံးသပ်ခွင့်ပေးသောကြောင့် ဆရာများက ကျောင်းသားများအား သူတို့၏ လက်တွေ့လုပ်ဆောင်ချက်များတွင် သူတို့၏အတွေးအခေါ်များကို လွတ်လပ်စွာရေးခိုင်းရမည်။ ထိုသို့ရေးရာတွင် လက်တွေ့လုပ်ဆောင်ချက်၏ တိုးတက်မှုများအပေါ် တွေးတောစဉ်းစားမှုများကို ထည့်သွင်းဖော်ပြရမည်။ လက်တွေ့လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အထိရောက်ဆုံးနည်းဗျူဟာ၊ ထိရောက်မှုအနည်းဆုံးနည်းဗျူဟာ၊ လက်တွေ့လုပ်ဆောင်ချက်အတွက် အရေးအကြီးဆုံးသတင်းအချက်အလက်များပါဝင်စေရသည်။ (ဥပမာ၊ ဆွဲဆောင်မှုအရှိဆုံး အချက်များ၊ ရင်ဆိုင်ရသည့် အချက်အလက်အသစ်များ၊ ကျောင်းသားတစ်ဦးစီ၏ ယုံကြည်ချက်များကို ဆန့်ကျင်သည့် အချက်အလက်များ)

လက်တွေ့လုပ်ဆောင်ချက်အပြီးတွင် အကဲဖြတ်သုံးသတ်ခြင်းအတွက် ဆရာက ကျောင်းသားများ၏အသိပညာနှင့် ကျွမ်းကျင်မှုကိုစစ်ဆေးရာ၌ အသုံးပြုသည့်စည်းမျဉ်းများကို ကိုးကားနိုင်သည်။ စာဖြင့်ရေးသားတင်ပြသည့် ပြန်လည်စဉ်းစားခြင်း၊ ကျောင်းသားများ၏စိတ်ဓါတ်နိုးကြားမှုနှင့် ကျောင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုများကို စစ်ဆေးအကဲဖြတ်ရန် စည်းမျဉ်းများကိုဖော်ပြထားပါသည်။ တက်ကြွစွာသင်ယူခြင်းအပေါ် ကျောင်းသားများ၏ ပြန်လည်စဉ်းစားချက်များသည် သင်ခန်းစာတိုးတက်မှုအခြေအနေကို ဆရာများအား နက်နက်ရှိုင်းရှိုင်းသိစေနိုင်သည်။

လက်တွေ့လုပ်ဆောင်ချက်အပြီးတွင် ဆရာက သင်ခန်းစာတွင်ပါဝင်သော အဓိကအချက်များနှင့် ယင်းအဓိကအချက်များ အချင်းချင်းဆက်နွယ်နေပုံကို ကျောင်းသားများအား အကျဉ်းချုံးရေးခိုင်းနိုင်သည်။ ထိုအကျဉ်းချုပ်များကို အဓိကအချက်များနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း အထောက်အထားအဖြစ် စစ်ဆေးနိုင်သည်။ (နောက်ဆက်တွဲ–၁ တွင် ဖော်ပြထားသည့် စည်းမျဉ်းများကို ဥပမာအဖြစ်ကြည့်ပါ။)

## ကျောင်းသားများမိမိကိုယ်ကို စစ်ဆေးခြင်းနှင့် ကျောင်းသားအချင်းချင်းစစ်ဆေးခြင်း

ကျောင်းသားများသည် တက်ကြွစွာသင်ယူမှုအခြေအနေတွင် မိမိတို့၏ကိုယ်ပိုင်သိရှိနားလည်မှုကို စစ်ဆေးအကဲဖြတ်ရန်စည်းမျဉ်းများနှင့် ဆောင်ရွက်ရန်စာရင်းများကို အသုံးပြုနိုင်သည်။ ဆရာများအနေဖြင့် သူတို့၏သိရှိနားလည်မှုနှင့် ကျောင်းသားများ၏သိရှိနားလည်မှုကို နှိုင်းယှဉ်၍၊ သူတို့၏လုပ်ဆောင်ချက်အမြင်နှင့် ကျောင်းသား

များ၏လုပ်ဆောင်ချက်အမြင်ခြားနားပုံကို ဆွေးနွေးပြီးရှင်းလင်းဖော်ပြနိုင်သည်။

အဖွဲ့လိုက်လုပ်ဆောင်သည့်ကျောင်းသားများသည် မိမိအဖွဲ့အတွင်းမှ အဖွဲ့ဝင်အချင်းချင်း၏ လုပ်ဆောင်ချက်များကို အကဲဖြတ်စစ်ဆေးနိုင်သည်။ သို့သော် အချင်းချင်းအကဲဖြတ်စစ်ဆေးမှုမပြုမီ ကျောင်းသားအချင်းချင်းအပြန်အလှန်နားလည်မှုနှင့် အပြုသဘောဆောင်၍ အကူအညီပေးသည့် တုံ့ပြန်မှုများရရှိရန်ဂရုပြုရမည်။

## တက်ကြွစွာသင်ယူစဉ်တွင် အကဲဖြတ်စစ်ဆေးခြင်းကို လွယ်ကူအောင်လုပ်နည်း အဆင့်ဆင့်

၁။ သင်ခန်းစာမစတင်မီ ဆရာက သင်ခန်းစာ၏ရည်ရွယ်ချက် (goals)နှင့် လုပ်ဆောင်ရန်အဆင့်များအပေါ် အခြေခံ၍ဆောင်ရွက်ရန်စာရင်းများနှင့် စည်းမျဉ်းများကို ပြင်ဆင်ထားရမည်။ ဆရာများသည် သင်ခန်းစာ၏ရည်ရွယ်ချက်နှင့် လုပ်ဆောင်ရန်အဆင့်များ (objectives)ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်လျှင် အကဲဖြတ်စစ်ဆေးခြင်းသည် စစ်မှန်၍အားကိုးအားထားပြုနိုင်သည်။ အဆိုပါရည်ရွယ်ချက်နှင့် လုပ်ဆောင်ရန်အဆင့်များသည် ကျောင်းသားများ၊ မိဘများနှင့် ကျောင်းအုပ်ချုပ်သူများအား တင်ပြနိုင်ရန်အပြင် သင်ခန်းစာပို့ချနေစဉ်အတွင်း လေ့လာစောင့်ကြည့်မှုကို အထောက်အကူပြုနိုင်ရန်ဖြစ်သည်။

၂။ ကျောင်းသားများ၏လုပ်ဆောင်ချက်များကို စစ်ဆေးခြင်းအတွက် စည်းမျဉ်းများရေးဆွဲရန်ရည်ရွယ်၍ ဆရာအနေဖြင့် ကောင်းမွန်သောအလုပ်ကိုဖော်ညွှန်းသည့် စံထားချက်များကို ဦးစွာဆုံးဖြတ်ရမည်။ စံထားချက်များသည် ကျောင်းသားများက အဖြေမှန်ကိုပေးရန် ဖော်ပြထားခြင်းမျိုးမဟုတ်ဘဲ ကျောင်းသားများပြုလုပ်သင့်သည့် ဆင်ခြင်စဉ်းစားမှုနှင့် ဆက်သွယ်တင်ပြမှုကို ဖော်ညွှန်းသည်။ (ဇယား–၂ နှင့် ၃ ကိုကြည့်ပါ)။ စည်းမျဉ်းများနှင့် ဆောင်ရွက်ရန်စာရင်းတို့ပြီးစီးသောအခါ ဆရာက ကျောင်းသားများကို အချိန်ယူရှင်းပြရမည်။ တက်ကြွစွာ သင်ယူသည့်နည်းလမ်းတချို့အတွက် စည်းမျဉ်းများနှင့် ဆောင်ရွက်ရန်စာရင်းများပြုစုရာတွင် ကျောင်းသားများကိုပါဝင်စေသင့်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျောင်းသားများအား သင်ကြားရန်အခွင့်အရေးကိုလည်းပေးသည်။ ကျောင်းသားများနှင့် စည်းမျဉ်းများကိုရှင်းလင်းဆွေးနွေးနေစဉ် ဆရာက အဆင့်မြင့်မေးခွန်းများ (သို့မဟုတ်) တက်ကြွစွာနားထောင်ခြင်းစသည့် သဘောတရားများတွင် ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သည်။ လိုအပ်သလို တိုက်တွန်းအားပေးနိုင်သည်။

၃။ ကျောင်းသားတစ်ဦးချင်းကို စစ်ဆေးမည်ဆိုလျှင် ဆောင်ရွက်ရန်စာရင်းတွင် ကျောင်းသား၏အမည်၊ လေ့လာစောင့်ကြည့်သည့်နေ့စွဲနှင့် သင်ခန်းစာခေါင်းစဉ်များပါဝင်သင့်သည်။ စည်းမျဉ်းများကို ကျောင်းသားတစ်ဦးစီအတွက် အသုံးပြုမည်ဆိုလျှင် အမည်၊ နေ့စွဲနှင့် သင်ခန်းစာအကြောင်းအရာရေးရန် နေရာကိုအလွယ်တကူဖြည့်သွင်းနိုင်သည်။

၄။ တက်ကြွစွာသင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည့် သင်ခန်းစာတစ်ခုချင်းအတွက် စစ်ဆေးရန်အဖွဲ့တစ်ဖွဲ့ (အဖွဲ့နှင့် အလုပ်လုပ်လျှင်) သို့မဟုတ် ကျောင်းသားတစ်ဦးချင်းကို ကြိုတင်ရွေးချယ်ထားပါ။ ဤသို့ပြုလုပ်ခြင်းသည် ဆရာ့အား မည်သည့်နေ့တွင် မည်သူ့ကိုအကဲဖြတ်စစ်ဆေးမည်၊ မည်သည့်နည်းဗျူဟာများကို အသုံးပြုမည်ဟူ၍ စီစဉ်ဆောင်ရွက်နိုင်မည်။

## ဇယား(၁) – နမူနာသင်ခန်းစာများ၏ ပန်းတိုင်များနှင့် အကဲဖြတ်စစ်ဆေးရန်အခွင့်အရေးများ

ကျောင်းသားများက ဟိုက်ဒရိုဂျင်နှင့် ပောလီယံဓါတ်ငွေ့တို့၏ တူညီချက်များနှင့် ခြားနားချက်များကို နားလည်သိရှိပြီး မီးပွားနှင့် လုံလောက်သည့် အောက်စီဂျင်ပေးလျှင် ဟိုက်ဒရိုဂျင်ဓါတ်ငွေ့က ပေါက်ကွဲသော်လည်း ပောလီယံဓါတ်ငွေ့က မပေါက်ကွဲကြောင်း သိရှိနားလည်စေရမည်။ ကျောင်းသားများနိဂုံးဆွဲရာတွင် အီလက်ထရွန်လှုပ်ရှားမှုကို အခြေခံသော ဒြပ်စင်အသီးသီး၏ လှုပ်ရှားမှုအဆင့်ဆင့်သဘောတရားကို နားလည်ထားရန် လိုအပ်လိမ့်မည်။ ထို့ပြင်ဓါတ်ငွေ့တစ်ခုကို မီးလောင်ပေါက်ကွဲရန်အတွက် လုံလောက်သောအခြေအနေရှိရန်လိုအပ်ကြောင်း နားလည်ထားရမည်။

ဤသင်ခန်းစာကို လုပ်ဆောင်ရာတွင် ကျောင်းသားများသည် တက်ကြွစွာနားထောင်ခြင်း၊ နှုတ်ဖြင့်အစီရင်ခံခြင်း၊ ကျောင်းသားအချင်းချင်း အခိုင်အမာတင်ပြချက်များကိုမေးခွန်းမေးခြင်း၊ သတင်းအရင်းအမြစ်များကို ရှာဖွေ

ထောက်ပြခြင်း၊ ဆွေးနွေးရာတွင်ပါဝင်ခြင်းနှင့် နိဂုံးချုပ်တွင် အများ၏သဘောဆန္ဒကိုရရှိရန် အဖွဲ့ဝင်များနှင့်အတူ စဉ်းစား ဆင်ခြင်ခြင်းစသည့် တက်ကြွစွာသင်ယူသည့် နည်းစနစ်များကို လုပ်ဆောင်ရမည်။

သင်ခန်းစာ၏ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိ၍ နိဂုံးချုပ်နိုင်ရန်အလို့ငှာ ကျောင်းသားများသည် နှိုင်းယှဉ်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ ကျိုးကြောင်းဆက်နွယ်မှုများကို ထောက်ပြနိုင်ခြင်းနှင့်ယုတ္တိရှိပြီး အခိုင်အမာထောက်ပြနိုင်သည့် အချက်များပါဝင်သည့် တင်ပြမှုများ(စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ) စသည့် ဝေဖန်ပိုင်းခြား၍စဉ်းစားခြင်း ကျွမ်းကျင်မှုများကို ဖော်ပြကြလိမ့်မည်။

| ပါဝင်သည့် အကြောင်းအရာ၏ ရည်မှန်းချက်များ | သင်ကြားပို့ချမှု လက်တွေ့ လုပ်ဆောင်ချက် | အကဲဖြတ်စစ်ဆေးရန် အကျိုးရလဒ် (သို့မဟုတ်) အပြုအမူ |
|---|---|---|
| (၁)ဟိုက်ဒရိုဂျင်ဓါတ်ငွေ့၏ ထူးခြားသောလက္ခဏာများ | ပြုပြင်မွမ်းမံထားသည့်ပို့ချချက်၊<br><br>လမ်းညွှန်မှုဖြင့်စဉ်းစား၍ စာဖတ်ခြင်းလက်တွေ့ လုပ်ဆောင်ချက်၊<br><br>ဂျစ်ဆောနည်း၊ | **စောင့်ကြည့်လေ့လာချက်**<br>– အဖွဲ့လိုက်လုပ်ဆောင်စဉ် ဆွေးနွေးခြင်း<br>– မူလအဖွဲ့များသို့တင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှ အစီရင်ခံခြင်း<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသား ထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |
| (၂)ဟေလီယံဓါတ်ငွေ့၏ ထူးခြားသောလက္ခဏာများ | ပြုပြင်မွမ်းမံထားသည့်ပို့ချချက်၊<br><br>လမ်းညွှန်မှုဖြင့်စဉ်းစား၍ စာဖတ်ခြင်းလက်တွေ့ လုပ်ဆောင်ချက်၊<br><br>ဂျစ်ဆောနည်း၊ | **စောင့်ကြည့်လေ့လာချက်**<br>– အဖွဲ့လိုက်လုပ်ဆောင်စဉ် ဆွေးနွေးခြင်း<br>– မူလအဖွဲ့များသို့တင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှ အစီရင်ခံခြင်း<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသား ထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |
| (၃)ပေါင်းစည်းအား (**valence**) (သို့မဟုတ်) အီလက်ထရွန်လှုပ်ရှားမှုအဆင့် | ပြုပြင်မွမ်းမံထားသည့်ပို့ချချက်၊<br><br>လမ်းညွှန်မှုဖြင့်စဉ်းစား၍ စာဖတ်ခြင်းလက်တွေ့ လုပ်ဆောင်ချက်၊ | **စောင့်ကြည့်လေ့လာချက်**<br>– အဖွဲ့လိုက်လုပ်ဆောင်စဉ် ဆွေးနွေးခြင်း<br>– မူလအဖွဲ့များသို့တင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှ အစီရင်ခံခြင်း<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသား ထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |
| (၄)ဓါတ်ငွေ့များမီးလောင်ခြင်း (သို့မဟုတ်) ပေါက်ကွဲခြင်းအတွက်လိုအပ်သည့် အခြေအနေများ | ပြုပြင်မွမ်းမံထားသည့်ပို့ချချက်၊<br><br>လမ်းညွှန်မှုဖြင့်စဉ်းစား၍ စာဖတ်ခြင်းလက်တွေ့ လုပ်ဆောင်ချက်၊ | **စောင့်ကြည့်လေ့လာချက်**<br>– အဖွဲ့လိုက်လုပ်ဆောင်စဉ် ဆွေးနွေးခြင်း<br>– မူလအဖွဲ့များသို့တင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှ အစီရင်ခံခြင်း<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသား ထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |

| ဝေဖန်ပိုင်းခြားစဉ်းစားခြင်း ကျွမ်းကျင်မှု ရည်မှန်းချက်များ | အကဲဖြတ်စစ်ဆေးရန် အကျိုးရလဒ် (သို့မဟုတ်) အပြုအမူ |
|---|---|
| (၁) ဒြပ်စင်နှစ်ခုကို နှိုင်းယှဉ်ခြင်း၊ ခြားနားချက်များဖော်ပြခြင်း၊ | **စောင့်ကြည့်လေ့လာချက်**<br>– နှုတ်ဖြင့်အစီရင်ခံတင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှရေးသားထားသော အစီရင်ခံစာများ<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသားထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |
| (၂)အဆိုများကိုထောက်ခံရန် (သို့မဟုတ်)ငြင်းပယ်ရန်အဆိုများအားအကဲဖြတ်ခြင်း | **စောင့်ကြည့်လေ့လာချက်**<br>– အဖွဲ့လိုက်လုပ်ဆောင်စဉ် ဆွေးနွေးခြင်း<br>– နှုတ်ဖြင့်အစီရင်ခံတင်ပြခြင်း<br>– ဆွေးနွေးစဉ်နှင့် အစီရင်ခံတင်ပြစဉ် မေးခွန်းများမေးခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှရေးသားထားသော အစီရင်ခံစာများ<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသားထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |
| (၃)အကြောင်းအကျိုးဆက်နွယ်မှုကို ထောက်ပြ၍ရှင်းလင်းခြင်း | **စောင့်ကြည့်လေ့လာချက်**<br>– အဖွဲ့လိုက်လုပ်ဆောင်စဉ် ဆွေးနွေးခြင်း<br>– မူလအဖွဲ့များထံ အစီရင်ခံတင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များသို့ အစီရင်ခံရန်ရေးထားသည့်မှတ်စုများ<br>– မူလအဖွဲ့များမှရေးသားထားသော အစီရင်ခံစာများ<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသားထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |
| (၄)အခိုင်အမာပြောဆိုသည့် အချက်များကိုထောက်ပံ့သည့် သက်သေအထောက်အထားများအပါအဝင်ကျိုးကြောင်းဆီလျော်၍ ယုတ္တိရှိရှိရေးနောက်ညီညွတ်သော လက်ခံနိုင်ဖွယ်စာတစ်စောင်ရေးသားခြင်း | **စောင့်ကြည့်လေ့လာချက်**<br>– အတန်းတစ်ခုလုံးရှေ့တွင်တင်ပြခြင်း<br>**အကျိုးရလဒ်များ**<br>– မူလအဖွဲ့များမှ အစီရင်ခံခြင်း<br>– လုပ်ဆောင်ချက်အပြီး အစီရင်ခံစာတင်ရန်အတွက် တစ်ဦးချင်းရေးသားထားသောစာတမ်းများ<br>– သင်ခန်းစာအလိုက်စစ်ဆေးခြင်း |

## ဇယား (၂) – လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း လက်တွေ့လုပ်ဆောင်ချက်အတွက်စည်းမျဉ်း

| လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်း လက်တွေ့ လုပ်ဆောင်ချက်တစ်ခုအတွက် စည်းမျဉ်း | ဘယ်တော့မှ မလုပ် | တခါတရံပြု လုပ်သည် | အမြဲတမ်းလို လိုပြုလုပ်သည် |
|---|---|---|---|
| စာပေအမျိုးအစား (သို့မဟုတ်) ဇာတ်လမ်းပုံစံ (ရိုးရာပုံပြင်၊ ယုံတမ်းစကားပုံပြင်၊ လက်တွေ့ဆန်သောစိတ်ကူးယဉ်ဝတ္ထု သို့မဟုတ် စိတ်ကူးယဉ်သက်သက်)ကိုသိရှိပြီးသောအခါ ကျွန်ုပ်၏ခန့်မှန်းချက်ကို နီးစပ်အောင်လုပ်နိုင်သည်။ | | | |
| ကျွန်ုပ်သည် ဇာတ်လမ်းထဲမှ အဓိကဇာတ်ကောင်နှင့်ပြဿနာကိုရှာဖွေသည်။ ဇာတ်ကောင်နှင့် ပြဿနာဖော်ပြချက်များမှ ပြဿနာ၏အဖြေကို ခန့်မှန်းရန် ကြိုးပမ်းပါသည်။ | | | |
| ဇာတ်လမ်းထဲမှ အရေးကြီးမည့်အသေးစိတ်အချက်များကို အာရုံစိုက်သည်။ ခန့်မှန်းချက်ပေးရန်အတွက် ထိုအချက်များကို အသုံးပြုသည်။ | | | |
| ကျွန်ုပ်၏ခန့်မှန်းချက်များ မှန်ကန်ခြင်းရှိမရှိ ဂရုစိုက်၍ဖတ်သည်။ | | | |
| ကျွန်ုပ်၏ခန့်မှန်းချက်ကို မှန်ကန်ကြောင်း(သို့မဟုတ်) မှားယွင်းကြောင်းဖော်ပြသည့် စာသားများကို ရှာဖွေနိုင်သည်။ | | | |
| ဖတ်ရှုပြီးနောက် ကျွန်ုပ်၏ခန့်မှန်းချက်ကို ပြန်လည်သုံးသပ်သည်။ မည်သည့်အသေးစိတ်အချက်များက မှန်ကန်သော ခန့်မှန်းချက်ကို လမ်းညွှန်ကြောင်းရှာဖွေပါသည်။ | | | |

ဤကဲ့သို့သော စည်းမျဉ်းတစ်ခုကို ကျောင်းသားများနှင့် ကျေကျေညက်ညက်ဆွေးနွေးပြီး မကြာခဏအသုံးပြုသင့်သည်။ သို့မှသာ ကျောင်းသားများသည် စံထားချက်များကို ကောင်းစွာနားလည်လာမည်။ စံထားချက်များကို နှလုံးသွင်းမိပြီဆိုလျှင် စည်းမျဉ်းကို ကျောင်းသားများကိုယ်တိုင် ပြုလုပ်နိုင်ပါလိမ့်မည်။

### ရေးသားထားသည့်စာများမှတဆင့် ကျောင်းသားများ၏စဉ်းစားမှုအရည်အချင်းကို အကဲဖြတ်စစ်ဆေးခြင်း

'စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားခြင်းဖြစ်သည်' (assessment that teach) ဆိုသည့်အခြေခံမှုကို အသုံးပြုခြင်းသည် ဆရာက သူ၏ကျောင်းသားများအား မည်သည့်စဉ်းစားမှုမျိုးကို ပြုလုပ်စေလိုကြောင်း စဉ်းစားရန် လိုအပ်သည်။ ဥပမာ – ဇယား(၃)တွင်ဖော်ပြထားသည့် စည်းမျဉ်းများကို ရေးသားထားသည့်ဆရာသည် ကျောင်းသားများဖတ်ရှုပြီးသော ဝတ္ထုတိုနှင့်ပတ်သက်သည့်မေးခွန်းကို ဖြေဆိုထားသည့် စာစီစာကုံးတစ်ပုဒ်အား ရေးထားခိုင်းပြီး ဖြစ်ရမည်။ သတိပြုရန်မှာ ဆရာကကျောင်းသားများအဖြေတစ်စုံတစ်ခုကိုရောက်ရန် မျှော်လင့်ထားခြင်းမဟုတ်ဘဲ စဉ်းစားခြင်းနှင့် ပြန်လည်တင်ပြသည့် အရည်အချင်းများကို ပြသရန်သာ မျှော်လင့်သည်။

### ဇယား(၃) – **Joseph Conrad** ရေးသည့် လျှို့ဝှက်ဝေမျှသူ စာစီစာကုံးအတွက် လမ်းညွှန်ချက်ပြုလုပ်ခြင်း။

လုပ်ဆောင်ရန်သင်ခန်းစာတွင် ဤမေးခွန်းများကိုဖြေဆိုရန် တောင်းဆိုထားသည်။

**ဤပုံဝတ္ထုတွင်ပါသည့် သဘော်ာမာလိန်မှူးသည် စည်းကမ်းကြီးသူဖြစ်၏။ သူ၏အခန်းငယ်တွင် သူဝှက်ထားသည့် သဘော်ာပျက်မှလူနှင့် တွေ့ကြုံဆက်ဆံခြင်းက သူ့ကိုဘယ်လိုပြောင်းလဲစေသလဲ။**

ဤမေးခွန်းကိုကောင်းကောင်းတုံ့ပြန်ဖြေဆိုနိုင်ရန် သင်သည် အောက်ပါအချက်များကိုလုပ်ဆောင်ရမည်။

၁။ မေးခွန်းကို ရှင်းလင်းစွာဖြေဆိုမည့် အဆိုတစ်ရပ်ရေးပါ။
၂။ သင်၏အဖြေကိုအထောက်အကူပြုရန်အတွက် သင်ခန်းစာရှိအသေးစိတ်အချက်များမှရရှိသည့် အထောက်အထားခိုင်လုံသောတင်ပြချက်များကို အချောသပ်ပါ။
၃။ သင်၏တင်ပြချက်ကို စာဖတ်ပရိသတ်များ လွယ်ကူစွာနားလည်နိုင်အောင် ရှင်းလင်းသည့်စာစီစာကုံးတစ်ခုရေးပါ။

**စံထားချက်(၁) – စာစီစာကုံး၏ ပထမစာပိုဒ်အဆုံးတွင် ဖော်ပြထားသော အဆိုတစ်ရပ် (thesis) ပါဝင်သည်။ ထိုအဆိုသည် မေးခွန်း၏အဖြေကို ရှင်းလင်းစွာတင်ပြသည်။**

အဆို ပါဝင်ခြင်းမရှိ (သို့မဟုတ်)
အဆိုကို ရှင်းလင်းစွာဖော်ပြခြင်းမရှိ။ — အဆိုသည် ရှင်းလင်းသည်။

| | | | | |
|---|---|---|---|---|
| ၂ | ၄ | ၆ | ၈ | ၁၀ |

**စံထားချက်(၂) – အဆိုကို ဖတ်စာထဲမှအသေးစိတ်အချက်အလက်အပေါ်အခြေခံ၍ ဆွဲယူသည့် ခိုင်လုံသောတင်ပြချက်ဖြင့် အထောက်အပံ့ပေးထားသည်။**

တင်ပြချက်သည်လက်ခံနိုင်ဖွယ်မရှိ(သို့မဟုတ်)
ဖတ်စာထဲမှ အသေးစိတ်အချက်အလက်များ
ပါဝင်ခြင်းမရှိ။ — ခိုင်လုံသောတင်ပြချက်နှင့် အရေးပါသောအသေးစိတ် အချက်အလက်များ

| | | | | |
|---|---|---|---|---|
| ၂ | ၄ | ၆ | ၈ | ၁၀ |

**စံထားချက်(၃) – လက်ရာသည်ရှင်းလင်း၍ မှန်ကန်သည်။**

စာပိုဒ်များနှင့် အကူးအပြောင်းများ

| | | | | |
|---|---|---|---|---|
| ၂ | ၄ | ၆ | ၈ | ၁၀ |

ရှင်းလင်းသည့်ဝါကျများ

| | | | | |
|---|---|---|---|---|
| ၂ | ၄ | ၆ | ၈ | ၁၀ |

သဒ္ဒါမှန်ကန်မှု

| | | | | |
|---|---|---|---|---|
| ၂ | ၄ | ၆ | ၈ | ၁၀ |

စာလုံးပေါင်းနှင့်
ဝါကျအဖြတ်အတောက်သင်္ကေတ

| | | | | |
|---|---|---|---|---|
| ၂ | ၄ | ၆ | ၈ | ၁၀ |

(source : Bean 1998)

ကျောင်းသားများ စာစီစာကုံးမရေးမီ ဤသို့သောစည်းမျဉ်းများပေးထားမည်။ သို့မှသာ ကျောင်းသားများ စာရေးရန်ပြင်ဆင်သောအခါ စံထားချက်များက သူတို့ကို လမ်းညွှန်လိမ့်မည်။

## စည်းမျဉ်းများရေးသားပြုစုခြင်း

ကျောင်းသားများ၏လုပ်ဆောင်ချက်များကို စစ်ဆေးခြင်းအတွက် စည်းမျဉ်းများရေးဆွဲရန်ရည်ရွယ်၍ ဆရာ့အနေဖြင့် ကောင်းမွန်သောအလုပ်ကိုဖော်ညွှန်းသည့် စံထားချက်များကို ဦးစွာဆုံးဖြတ်ရမည်။ စံထားချက်များသည် ကျောင်းသားများက အဖြေမှန်ကိုပေးရန် ဖော်ပြထားခြင်းမျိုးမဟုတ်ဘဲ ကျောင်းသားများပြုလုပ်သင့်သည့် ဆင်ခြင်စဉ်းစားမှုနှင့် ဆက်သွယ်တင်ပြမှုကို ဖော်ညွှန်းသည်။ စံထားချက်ကို ကျောင်းသားများအား ရှင်းရှင်းလင်းလင်း ဖြစ်အောင် ရှင်းပြထားရမည်။ ကျောင်းသားများအား စံထားချက်ပြည့်မှီသည့် ကောင်းသောအလုပ်နှင့် စံထားချက်မပြည့်မီသော ညံ့သည့်အလုပ်များကို နမူနာပြလျှင် အထောက်အကူရရှိစေသည်။ စံထားချက်များသည် အလွန်ကောင်းသော သင်ကြားမှုကိရိယာများဖြစ်သည်။ ကျောင်းသားများသည် ဘယ်အရာက အရေးကြီးသည်၊ သူတို့ထံမှ ဘာကိုမျှော်လင့်သည်တို့ကိုသိထားလျှင် သူတို့သည် ဆရာ့ထံမှ အရေးကြီးသည့်သတင်းအချက်အလက်များ၊ လမ်းညွှန်ချက်များကို ပို၍ထိရောက်စွာနားထောင်ကြမည်။ ထို့ပြင် သူတို့၏သင်ယူမှုကို ကိုယ်ပိုင်ဖြစ်စေရန် အထောက်အကူဖြစ်စေသော ပိုမိုကောင်းမွန်သည့်မေးခွန်းများကို မေးကြလိမ့်မည်။

## RWCT စည်းမျဉ်းများကို အသုံးပြုခြင်း

လွန်ခဲ့သည့်နှစ်အနည်းငယ်က RWCT စီမံကိန်းတွင်ပါဝင်သော ဆရာ၊ ဆရာမများအား သူတို့၏ကျောင်းသားများ ကောင်းမွန်စွာသင်ယူနေသည့်အချိန်တွင် ဘာတွေလုပ်ဆောင်နေတာတွေ့သလဲဟု မေးမြန်းခဲ့သည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနည်းစနစ်အသစ်များကို နှစ်အတော်ကြာကျင့်သုံးခဲ့သည့် ဆရာ၊ ဆရာမများသည် အကြိမ်ကြိမ်စဉ်းစားချင့်ချိန်ပြီးနောက် လိုက်နာဆောင်ရွက်ရန်စံများကို ချမှတ်ခဲ့ကြသည်။ ထိုစံများကို ကျောင်းသားတစ်ဦးစီ၏ သင်ယူမှုအား အကဲဖြတ်စစ်ဆေးရန် အသုံးပြုနိုင်သည်။ ဆရာအသုံးပြုသည့် တက်ကြွစွာသင်ကြားခြင်း နည်းဗျူဟာများ၏ရလဒ်ကို စစ်ဆေးရန် ကျောင်းသားအဖွဲ့များနှင့်အတူ အသုံးပြုနိုင်သည်။ ကျောင်းသားများအတွက် စံထားချက်များကို အောက်တွင်ဖော်ပြထားသည်။

### ကျောင်းသားများအတွက်စံထားချက်များ

- ❖ ကျောင်းသားက အဆင့်မြင့်မေးခွန်းများကို အဖြေပေးရုံသာမက သူတို့ဖြေဆိုသောအဖြေအတွက်ကျိုးကြောင်းဆင်ခြင်မှုကိုလည်းပေးသည်။
- ❖ ကျောင်းသားက အတန်းဖော်သူငယ်ချင်းများနှင့်ဆရာကို အဆင့်မြင့်မေးခွန်းများမေးရန် တောင်းဆိုသည်။
- ❖ ကျောင်းသားက ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို ထင်ဟပ်သည့် ပြောဆိုခြင်းနှင့်ရေးသားခြင်းကိုလုပ်သည်။
- ❖ ကျောင်းသားက စတင်လုပ်ဆောင်မှုနှင့် စိတ်ဓာတ်နိုးကြားမှုပြသသည်။ ထို့ပြင် စာသင်ခန်းအတွင်းနှင့် စာသင်ခန်းပြင်ပတွင် သင်ခန်းစာထက်ကျော်လွန်သော လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်း၊ မေးခွန်းမေးမြန်းခြင်းတို့ဖြင့်သင်ယူမှုကို ဖော်ပြသည်။
- ❖ ကျောင်းသားက သင်ယူမှုတွင်ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ စိတ်ကူးများထွက်ပေါ်ခြင်းနှင့် ရပ်တည်ချက်များကို ဖော်ပြသည်။ ထို့ပြင် ဆရာနှင့်အတန်းဖော်ကျောင်းသားများတင်ပြသောစိတ်ကူးများကို ချဲ့ထွင်သော (သို့မဟုတ်) ကွဲလွဲသောအမြင်ကို ဖော်ပြသည်။
- ❖ ကျောင်းသားက သတင်းအချက်အလက်များကိုရယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပေါင်းစပ်ခြင်းတို့ကိုပြုလုပ်သည်။
- ❖ ကျောင်းသားက သချာနှင့်သိပ္ပံတွင် အခြားသူများ၏လက်တွေ့လုပ်ဆောင်ချက်မှ ထုတ်ယူသောနိဂုံးချုပ်ချက်ကို မေးခွန်းမေးမြန်းခြင်းဖြင့် ဝေဖန်ပိုင်းခြားစဉ်းစားမှုကို အသုံးပြုသည်။ ထို့ပြင် လေ့လာစောင့်ကြည့်ခြင်း၊

တိုင်းတာခြင်းနှင့် လက်တွေ့စမ်းသပ်ခြင်းတို့မှရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ နိဂုံးဆွဲခြင်း ပြုလုပ်သည်။

ဆရာများသည် စံထားချက်အသီးသီးအတွက် စည်းမျဉ်းများရေးဆွဲသည်။ အဆိုပါစံထားချက်များတွင် စာသင်ခန်းအတွင်း၌ ကျောင်းသားများသည် အခြေခံအဆင့်၊ အလယ်အလတ်ဆင့်နှင့် အဆင့်မြင့်များတွင်ရှိရမည့် ကျွမ်းကျင်မှုအဆင့်များပါဝင်သည်။

## ဆရာများမိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်း

RWCT သင်တန်းပို့ချသူများအဖွဲ့သည် စာသင်ခန်းအတွင်း၌ ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်း သင်ကြားနည်းသစ်များကို အသုံးပြုနေသောဆရာများအတွက် စံထားချက်များနှင့် ညွှန်ကြားချက်များကို ရေးဆွဲခဲ့ကြသည်။ အဆိုပါစံထားချက်နှင့်စည်းမျဉ်းများကို အနည်းဆုံးသုံးမျိုးအသုံးပြုနိုင်သည်။ ပထမအနေဖြင့် သင်တန်းမစမီ ဤသင်တန်းမှ မည်သည့်ရလဒ်ကိုမျှော်လင့်ကြောင်း ရှင်းလင်းပြောကြားရမည်။ ဆိုလိုသည်မှာ သူတို့သည်သင်တန်းမှ ရနိုင်သမျှသင်ယူမည်ဆိုလျှင် မည်ကဲ့သို့သူတို့ပါဝင်လုပ်ဆောင်ရမည်ဆိုသည်ကို ဖော်ပြသည်။ ဒုတိယအနေဖြင့် ဆရာများသည် သင်တန်းတွင်ပါဝင်တက်ရောက်နေစဉ် သူတို့ကိုယ်တိုင် လုပ်ဆောင်ချက်များကို အကဲဖြတ်ရန် စံထားချက်များနှင့် စည်းမျဉ်းများကို အသုံးပြုနိုင်သည်။ သူတို့၏လုပ်ဆောင်ချက်များသည် ရည်ရွယ်ထားသောရလဒ်ကို အောင်မြင်စွာရရှိလျှင် ပို၍ရှင်းလင်းစွာ သူတို့သိမြင်လာကြပါလိမ့်မည်။ တတိယအနေဖြင့် သင်တန်းပို့ချသူများသည် သင်တန်း၏အကျိုးရှိမှုကိုတိုင်းတာရန် အဆိုပါစံထားချက်များနှင့် စည်းမျဉ်းများကို အသုံးပြုနိုင်သည်။

## ဆရာများအတွက်စံထားချက်များ

ဆရာများအတွက်စံထားချက်ရှစ်မျိုးကို ကဏ္ဍသုံးခုခွဲ၍ဖော်ပြထားသည်။

### သင်ယူမှုအခြေအနေ

- ❖ ဆရာများသည် ကျောင်းသားတစ်ဦးချင်းကိုတန်ဖိုးထားသော ကျောင်းသားဗဟိုပြုစာသင်ခန်းများကို ဖွဲ့စည်းသည်။
- ❖ ဆရာဖွဲ့စည်းသောစာသင်ခန်းသည် သင်ခန်းစာနှင့်ဆီလျော်သည့် အကြောင်းအရာ၊ အခြေခံမှုများ၊ သင်ယူမှုလက်တွေ့လုပ်ဆောင်ချက်များနှင့် အဖွဲ့လိုက်သင်ယူရန် နည်းဗျူဟာများကို ထင်ဟပ်သည်။
- ❖ ဆရာများသည် ပြဋ္ဌာန်းထားသည့်သင်ရိုးညွှန်းတမ်းတွင် ပါဝင်သည့်အကြောင်းအရာများကို ထိရောက်စွာသင်ကြားသည်။
- ❖ ဆရာများသည် ပြဋ္ဌာန်းသင်ရိုးညွှန်းတမ်းကို အသုံးပြုသင်ကြားရာတွင် HIV/AIDS ပညာရေး၊ လိင်ကွဲပြားမှုဆိုင်ရာပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာရေးနှင့် ကလေးများ၏အခွင့်အရေးစသည့် စာသင်ခန်းနှင့်ဆက်နွယ်သော အကြောင်းအရာများကို ထည့်သွင်းသင်ကြားသည်။

### သင်ခန်းစာပြင်ဆင်ခြင်းနှင့်သင်ကြားခြင်း

- ❖ ဆရာများသည်တက်ကြွစွာသင်ယူမှုကို မြှင့်တင်သည့် သင်ကြားမှုကို စီစဉ်ရေးဆွဲသည်။
- ❖ အဆင့်မြင့်စဉ်းစားခြင်းကို မြှင့်တင်ရန်အတွက် လေးနက်သောမေးခွန်းများကို မေးသည်။
- ❖ ဆရာသည် ကျောင်းသားများကို မေးခွန်းမေးသူများ၊ စုံစမ်းစစ်ဆေးသူများ၊ လူမှုရေးဝေဖန်သူများ အဖြစ်ပါဝင်ရန်အားပေးသည်။

**အကဲဖြတ်စစ်ဆေးခြင်းနှင့်တန်ဖိုးဖြတ်ခြင်း**

- ❖ ဆရာများသည် သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို စစ်ဆေးရန် ရည်ရွယ်သော အကဲဖြတ်စစ်ဆေးခြင်းနှင့် တန်ဖိုးဖြတ်ခြင်းအစီအစဉ်များကို ရေးဆွဲသည်။ သူတို့၏ သင်ကြားမှုကိုသုံးသပ်ရန်နှင့် ကျောင်းသား၏သင်ယူမှုကို မြှင့်တင်ရန်၊ ဆရာများသည် အကဲဖြတ်စစ်ဆေးထားသည့် ရလဒ်များကို အသုံးပြုသည်။

စွမ်းဆောင်မှုတိုင်းတာချက်များကို ဤစာအုပ်၏အဆုံးပိုင်းတွင်ဖော်ပြထားသည့် နောက်ဆက်တွဲ (၁)တွင် တွေ့မြင်နိုင်သည်။

# အခန်း – ၄
# ဘာသာရပ်နယ်ပယ်အတွင်းနှင့် ဘာသာရပ်နယ်ပယ်ကို ကျော်လွန်၍သင်ကြားခြင်း

ဤလမ်းညွှန်စာအုပ်၏ ရှေ့ပိုင်းတွင်ဖော်ပြခဲ့သောအခန်းများတွင် ဘာသာရပ်အမျိုးမျိုးအတွက် အသုံးပြုခဲ့သည့်သင်ကြားနည်းများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအခန်းတွင် ဘာသာရပ်တစ်မျိုးစီနှင့် ဘာသာရပ်အချင်းချင်း ဆက်နွယ်၍ သင်ကြားခြင်းကို အဓိကထားသည်။



## ၁။ စာပေလေ့လာခြင်းတွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်း

စာပေလေ့လာခြင်းအားဖြင့် ကျောင်းသားများသည် စာပေဖွဲ့စည်းမှု၊ စာပေသမိုင်းနှင့် စာရေးဆရာ၏ လက်ရာများကိုနားလည်နိုင်သည်။ သို့သော် စာပေဆွေးနွေးခြင်း အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့ဖြင့် ထိုထက်မကပို၍ရရှိနိုင်သည်။ စာပေလက်ရာများသည် ဘဝရုပ်ပုံလွှာများကို စာသင်ခန်းအတွင်းသို့ ယူဆောင်လာသည်။ စာသင်ခန်းအတွင်း၌ ကျောင်းသားများသည် လေ့လာကြည့်ရှုခြင်း၊ ဘာသာစကားကျွမ်းကျင်ခြင်းတို့ဖြင့် အဆိုပါဘဝရုပ်ပုံလွှာများကို အတွင်းအပြင်လှန်လှော၍ကြည့်ရှု၍ ဆွေးနွေးနိုင်ကြသည်။ ကျောင်းသားများသည် စာပေလက်ရာများကိုအသုံးပြု၍ အနီးအဝေးမှလူများကို နက်ရှိုင်းစွာနားလည်နိုင်ကြသည်။ စာပေလက်ရာများကို အတန်းဖော်များနှင့်ဆွေးနွေးခြင်းနှင့် အခြားလူများ၏တုံ့ပြန်ချက်ကိုနားထောင်ခြင်းဖြင့် ကျောင်းသားများသည် အတန်းဖော်များကိုလည်းကောင်း၊ မိမိကိုယ်ကိုယ်လည်းကောင်း ပို၍နားလည်နိုင်ကြသည်။

ကျောင်းသားများ၏ လူ့ဘဝအကြောင်းနားလည်မှုကို မြှင့်တင်ရန်အတွက် စာပေလေ့လာမှုကို သင်ကြားရာတွင်တက်ကြွစွာသင်ကြားခြင်းနည်းလမ်းများအား အသုံးပြုရမည်။ ကျောင်းသားများသည် ဆရာ၏ဟောပြောပို့ချချက်ကို နားထောင်ခြင်းဖြင့် သင်ယူရန်ခဲယဉ်းသည်။ စဉ်းစားခြင်း၊ ဆွေးနွေးခြင်းအားဖြင့်သာ နက်ရှိုင်းစွာသင်ယူကြသည်။ စာပေလက်ရာများကိုသင်ကြားရာတွင် သင့်လျော်သည့် သင်ကြားနည်းများစွာ ရှိပါသည်။ ဖလှယ်စူးစမ်းခြင်း (shared inquiry)၊ ဆွေးနွေးပွဲ ကွန်ယက် (discussion web)၊ ဆွေးနွေးပွဲတွင်တာဝန်ခွဲဝေခြင်း (assigning roles in descussions) နှင့် နောက်ဆုံးစကား ပြောခွင့်ပေးပါ (save the last word for me) နည်းများကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ နောက်ထပ်နည်းများဖြစ်သော ဇာတ်လမ်းတွင် ပါဝင်သည့်ကဏ္ဍများ (dramatic roles) ၊ ရှုထောင့်အမြင်ပြောင်းခြင်း (shifting perspectives) ၊ ဇာတ်လမ်းအနက်ဖွင့်ဆိုခြင်း (dramatic interpretations) နှင့် ဆန့်ကျင်ဘက်များတွင် လေ့လာခြင်း (a study in contrasts) တို့ကို အောက်တွင်ဖော်ပြထားပါသည်။

### အကျဉ်းချုပ်ဖော်ပြချက် (Vignette)၊ စာပေဝေဖန်ရေး

Mr Pulin က အဋ္ဌမတန်းကျောင်းသားများ၏စာပေသင်ကြားမှုအတန်းတွင် ခွဲခြမ်းစိတ်ဖြာနည်းတချို့ကို မိတ်ဆက်ပေးပါမည်။ ဤသင်ခန်းစာအတွက် ရိုးရိုးဇာတ်လမ်းတစ်ပုဒ်ကို သေသေချာချာရွေးချယ်ထားပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ရည်ရွယ်ချက်မှာ စိတ်ဝင်စားဖွယ်ဇာတ်လမ်းတစ်ပုဒ်ပင်လျှင် အနီးကပ်လေ့လာကြည့်ရှုပါက စိတ်ဝင်စားမှုကို ပိုမိုနက်ရှိုင်းစေနိုင်ကြောင်း ပြသလို၍ဖြစ်သည်။ တခါတရံတွင် စာပေဝေဖန်ရေး (literary criticism) မှ နည်းလမ်းများသည် ကျောင်းသားများကို အနီးကပ်လေ့လာကြည့်ရှုရန် ကူညီနိုင်ပါသည်။ ရွေးချယ်ထားသော ရိုးရာပုံပြင်ကလေးမှာ ဂျက်နှင့်ပဲနွယ်ပင် (Jack and the beanstalk) ဖြစ်ပါသည်။ ဤပုံပြင်ကို နောက်ဆက်တွဲ (၂)တွင် ဖော်ပြထားပါသည်။



## ကြိုတင်သိမြင်ခြင်း

**Mr.Pulin** – ဒီမှာရှိတဲ့လူတိုင်း အားကစားပွဲကြည့်ဖူးကြတယ် မဟုတ်လား။

**ကျောင်းသားများ** – ဟုတ်ကဲ့၊ ကြည့်ဖူးပါတယ်။

**Mr.Pulin** – မကြာသေးခင်က ကြည့်ခဲ့တဲ့သူ ဘယ်သူရှိလဲ။

**ကျောင်းသား(၁)** – ကျွန်တော်ရှိပါတယ်။ ဘောလုံးပွဲကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့မြို့ကအသင်းနဲ့ တခြားမြို့က အသင်း ကစားတဲ့ပွဲပါ။

**Mr.Pulin** – ဘယ်အသင်းကို အားပေးခဲ့လဲ။

**ကျောင်းသား(၂)** – ကျွန်တော်တို့မြို့အသင်းကို အားပေးတာပေါ့။

**Mr.Pulin** – မင်းတို့ကြိုက်တဲ့အသင်းကို အားပေးပြီး၊ တခြားတစ်ဖက်က အသင်းကိုရော ဘာတွေပြောခဲ့လဲ။

**ကျောင်းသား(၃)**– သူတို့ကို အချိုးမကျတဲ့အရိုင်းအစိုင်းကောင်တွေလို့ ပြောခဲ့ပါတယ်။ သူတို့ကို သူတို့လာတဲ့နေရာ ပြန်သွားစေချင်ခဲ့ပါတယ်။

**Mr.Pulin** – ဆရာ့ကို အမှန်အတိုင်းပြောပါလား။ သူတို့ဟာတကယ်ပဲ အရိုင်းအစိုင်းကောင်တွေလား။

**ကျောင်းသား(၄)**– မဟုတ်နိုင်ပါဘူး။ နောက်ဆုံးတော့ သူတို့ပဲနိုင်သွားတယ်။

**Mr.Pulin** – အရေးကြီးတဲ့အချက်ကို မင်းကိုဖော်ထုတ်ခဲ့ကြပြီ။ ဒို့ဟာကိုယ့်အသင်းကို အားပေးတဲ့အခါ အလိုအလျောက်ပဲ အကောင်းဆုံး၊ အတော်ဆုံးလို့ပြောကြတယ်။ တခြားအသင်းကိုတော့ အညံ့ဆုံးလို့ထင်တယ်။ တကယ်တော့ အနည်းဆုံး သူတို့ရဲ့မိခင်တွေကိုသာမေးကြည့်ရင် တခြားအသင်းမှာပါတဲ့လူတွေဟာ လူကောင်းတွေဖြစ်တယ်ဆိုတာ တွေ့ကြလိမ့်မယ်။ နိုင်ငံရေးမှာလည်း ဒီလိုပဲ။ ကိုယ့်ဘက်ကအမြဲတမ်းမှန်ပြီး တခြားဖက်က အမြဲတမ်းမှားတယ်လို့ ယူဆတတ်ကြတယ်။ စာပေမှာလည်းလဲ ဒီအတိုင်းပဲ။ ကြည့်ကြစို့။

Mr.Pulin က အောက်ပါသင်္ကေတများနှင့် အခေါ်အဝေါ်များကို သင်ပုန်းပေါ်တွင် ရေးချပါ။

**အဓိကဇာတ်ကောင် (the hero)**
**ရည်မှန်းချက် (the goal)**
**ပြိုင်ဘက် (the rival)**
**ကူညီသူ (the helper)**

Mr.Pulin ဇာတ်လမ်းထဲမှာပါတဲ့ ဇာတ်ကောင်တွေဟာ သူ့ကဏ္ဍနဲ့သူသရုပ်ဆောင်ကြတယ်။ သူတို့လိုချင်တာတစ်ခုခုရှိကြတယ်။ ပြင်သစ်လူမျိုး ပြဇာတ်ဝေဖန်ရေးဆရာတစ်ဦးက ရိုးရိုးဇာတ်လမ်းတစ်ပုဒ်မှာ ကဏ္ဍသုံးခုနဲ့ ရည်မှန်းချက်တစ်ခုရှိတယ်လို့ ထောက်ပြထားတယ်။ အဲဒီ ကဏ္ဍနဲ့ရည်မှန်းချက်တွေက စာဖတ်သူတွေကို ဇာတ်ကောင်နဲ့ဇာတ်လမ်းကို နားလည်စေဖို့ အကူအညီပေးတယ်။ အဲဒါတွေကတော့–

**အဓိကဇာတ်ကောင်** – ဇာတ်လမ်းတွင်ပါဝင်သော ဖြစ်ပျက်ပုံအကြောင်းအရာများကို ဦးဆောင်သူ
**ရည်မှန်းချက်** – အဓိကဇာတ်ကောင်၏ဆန္ဒ (သို့မဟုတ်) လိုအပ်ချက်ကိုဖော်ပြသောအခြေအနေ
**ပြိုင်ဖက်** – အဓိကဇာတ်ကောင်၏ ရည်မှန်းချက်ကို ရောက်ရှိရန်ကြိုးပမ်းမှုအား ဆန့်ကျင်ဘက်ပြုသည့်အရာ (သို့မဟုတ်) လူပုဂ္ဂိုလ်၊
**ကူညီသူ** – အဓိကဇာတ်ကောင်အား ရည်မှန်းချက်ပြီးမြောက်ရန်အတွက် ကူညီသောလူပုဂ္ဂိုလ်(သို့မဟုတ်) အရည်အချင်း၊



## အသိပညာတည်ဆောက်ခြင်း

**Mr.Pulin** – ဂျက်နှင့်ပဲနွယ်ပင်ဇာတ်လမ်းကိုဖတ်တဲ့အခါ ဘယ်သူက ဘယ်အခန်းကဏ္ဍကပါတယ်ဆိုတာ ကြည့်ကြပါ။

ကျောင်းသားများ ပုံပြင်ကိုဖတ်ကြသည်။ ဖတ်၍ပြီးသောအခါ ဆရာက ကျောင်းသားများကို နှစ်ယောက်စီတွဲပေးပြီး အဖြေများကို ဖလှယ်ကြရန်ခိုင်းသည်။ ထို့နောက် ထိုအဖြေများကို အတန်းသို့တင်ပြရန်ပြောသည်။

**ကျောင်းသား(၅)** – ကျွန်တော်တို့က ဂျက်ကို အဓိကဇာတ်ကောင်ဖြစ်တယ်လို့ မှတ်ယူပါတယ်။ (တစ်တန်းလုံး ကသဘောတူကြသည်။

**ကျောင်းသား(၆)** – ကျွန်တော်တို့အတွဲက ဇာတ်ကောင်ရဲ့ရည်မှန်းချက်အပေါ်မှာအမြင်မတူကြဘူး။ ငွေအတွက်လား။ ဇာတ်လမ်းအစမှာတော့ အဲဒီမှာ ငွေတွေရှိတယ်ဆိုတာ သူမသိဘူး။ သူငွေတွေလည်းရပြီးရော နောက်တစ်ခေါက်ပြန်သွားတယ်။

**ကျောင်းသား(၇)** – သူဟာ တစ်ချိန်စီမှာ တစ်မျိုးစီအလိုရှိတယ်လို့ ကျွန်တော်တို့ထင်တယ်။ ပထမတော့ သူ့အမေရဲ့စကားကို လိုက်နာရုံသက်သက်ပဲ။ နောက်တော့ အပြစ်ဒဏ်ကနေထွက်ပြေးလွတ်မြောက်ချင်တယ်။ နောက်ပြီးတော့–

**ကျောင်းသား(၈)** – သူစွန့်စားချင်တယ်။ နောက်တော့ငွေလိုချင်တယ်။

**ကျောင်းသား(၉)** – နောက်တော့ ငွေတွင်းကို လိုချင်တယ်။

**Mr.Pulin** – နောက်တော့ကော —

**ကျောင်းသား(၁၀)** – သူချမ်းသာပြီးတော့ အေးအေးလူလူနဲ့ တေးဂီတကို နားထောင်ချင်လိမ့်မယ်။

**Mr.Pulin** – သိပ်စိတ်ဝင်စားစရာကောင်းတယ်။ ဂျက်ရဲ့ပြိုင်ဘက်ကကော ဘယ်သူလို့ထင်သလဲ။

**ကျောင်းသား(၁၁)** – လွယ်ပါတယ်။ ဘီလူးကြီးပါ။

**Mr.Pulin** – သူ့ကိုကူညီတဲ့ သူကကော —

**ကျောင်းသား(၁၂)** – ပဲစေ့တွေရောင်းသွားတဲ့ အဖိုးကြီးပါ။ တကယ်တော့ ပဲစေ့တွေသာမရှိရင် အပေါ်ကိုသူရောက်နိုင်မှာမဟုတ်ဘူး။

**ကျောင်းသား(၁၃)** – ဘီလူးကြီးရဲ့မိန်းမလို့ထင်ပါတယ်။ ဂျက်ကို သုံးကြိမ်ကယ်ခဲ့တယ်။ အသက်လည်းကယ်တယ်။ ခိုးယူနိုင်အောင်လည်း လုပ်ပေးတယ်။

**Mr.Pulin** – ဘီလူးကြီးရဲ့ဇနီးက ဂျက်ရဲ့ကူညီသူလို့ မင်းတို့ပြောကြတယ်။ ဘာဖြစ်လို့ကူညီသလဲ။



## စုစည်းခြင်း

**Mr.Pulin** – ဘီလူးကြီးရဲ့ဇနီးက ဂျက်ကို ကူညီသူဖြစ်တယ်လို့ မင်းတို့ပြောခဲ့ကြတဲ့ကိစ္စကို ဆက်ပြီး ဆွေးနွေးကြစို့။ ဘာကြောင့် သူမက ဂျက်ကိုကူညီသလဲ။ ဘီလူးကြီးဇနီးရဲ့ အမြင်ရှုထောင့်ဘက်ကသာ တင်ပြမယ်ဆိုရင် ဒီဇာတ်လမ်း ဘယ်လိုဖြစ်မယ်ဆိုတာ မင်းတို့တွေ နှစ်ယောက်တစ်တွဲစီ စဉ်းစားကြည့်ကြပါ။ ဘီလူးကြီးရဲ့ဇနီးကို အဓိက ဇာတ်ကောင်အဖြစ်ယူဆကြည့်ပါ။ သူမရဲ့ရည်မှန်းချက်က ဘာဖြစ်မလဲ။ သူမရဲ့ပြိုင်ဘက်ကကော ဘယ်သူလဲ။ ကူညီသူကကော ဘယ်သူလဲ။

ကျောင်းသားများ သေသေချာချာဆွေးနွေးကြသည်။ လေးမိနစ်ကြာလျှင် ဆရာက ကျောင်းသားများ၏တုံ့ပြန်ချက်ကို တောင်းပါ။

**Mr.Pulin** – သူမရဲ့ရည်မှန်းချက်က ဘာဖြစ်မယ်ဆိုတာ ဘယ်သူပြောနိုင်မလဲ။

**ကျောင်းသား(၁၃)** – ကျွန်တော်တို့ဒီလိုစဉ်းစားကြပါတယ်။ ဘီလူးကြီးရဲ့ဇနီးကို အဓိကဇာတ်ကောင်အဖြစ် ထားမယ်ဆိုရင် သူမရဲ့ရည်မှန်းချက်က ဂျက်ရဲ့အသက်ကိုကယ်တင်ဖို့ ဖြစ်ပါမယ်။ သူမမှာသားမရှိတော့ သားတစ်ယောက်လိုချင်နေတာ ဖြစ်ပါလိမ့်မယ်။

**Mr.Pulin** – ဒါဆိုရင် ပြိုင်ဘက်က ဘယ်သူဖြစ်မလဲ။

**ကျောင်းသား(၁၄)** – သူမရဲ့ယောကျ်ား ဘီလူးကြီးဖြစ်မယ်။

**Mr.Pulin** – ကူညီသူကကော။

**ကျောင်းသား(၁၅)** – ဂျက်သာမဟုတ်ဘူးဆိုရင် သူမမှာ ကူညီသူမရှိဘူး။ ဂျက်က သူမကို သိပ်ပြီးတော့အလေးထားခဲ့ပုံ မရဘူး။

**Mr.Pulin** – ဘာကိုဆိုလိုတာလဲ။

**ကျောင်းသား(၁၆)** – ဟုတ်တယ်။ မကူညီခဲ့ဘူး။ သူက သူမကို ဟိုးအပေါ်မှာပစ်ထားခဲ့တယ်။ သူမယောကျ်ားမရှိရင် ဒုက္ခရောက်နိုင်တယ်။ ဒါတွေကို ဂျက်သိတယ်။

**Mr.Pulin** – ကျေးဇူးတင်ပါတယ်။ အဖြေတွေက စိတ်ဝင်စားစရာကောင်းတယ်။ စောစောက ဒို့ပြောခဲ့ကြတဲ့ အားကစား အသင်းတွေကို အားပေးခဲ့ကြတဲ့အကြောင်းနဲ့ ဘယ်သူနှိုင်းယှဉ်ပြီးပြောနိုင်မလဲ။ ဂျက်ကိုမရွေးဘဲ ဘီလူးကြီးရဲ့ဇနီးကို အဓိကဇာတ်ကောင်အဖြစ်ရွေးချယ်မယ်ဆိုရင် မင်းတို့ရဲ့ခံစားချက်တွေ၊ သစ္စာရှိမှုတွေဘာဖြစ်ကုန်မလဲ။ (ဆက်လက်ဆွေးနွေးပြောဆိုကြသည်။)

## ရှင်းလင်းချက်နှင့်ဆွေးနွေးချက်

ဤသင်ခန်းစာသည် ဇာတ်လမ်းတွင်ပါဝင်သောကဏ္ဍများ (dramatic roles) ဟုခေါ်သည့် ခွဲခြမ်းစိတ်ဖြာသည့် နည်းတစ်ခုကိုအသုံးပြု၍ စာပေလက်ရာတစ်ခုအပေါ် ကျောင်းသားများ၏စူးစမ်းလေ့လာမှုအတွက် လမ်းညွှန်သည့် နည်းလမ်းတစ်ခုအဖြစ်ဖော်ပြထားသည်။ သတိပြုရန်မှာ ဤနည်းနှင့် အောက်ပါဆွေးနွေးချက်များကိုအသုံးပြုခြင်းသည် ကျောင်းသားများအား အကျိုးနှစ်ခုကိုရစေသည်။ ပထမတစ်ခုမှာ ဇာတ်လမ်းကိုကောင်းစွာနားလည်ရန် ဖြစ်သည်။ ဒုတိယမှာ နေ့စဉ်နေထိုင်မှုဘဝကို ကောင်းစွာနားလည်ရန်ဖြစ်သည်။

## ဇာတ်လမ်းတွင်ပါဝင်သောကဏ္ဍများ

ဇာတ်ကောင်များသည် သူ့ကဏ္ဍနှင့်သူ သရုပ်ဆောင်ကြသည်။ သူတို့လိုချင်တာ တစ်ခုခုရှိကြသည်။ ပြင်သစ် လူမျိုး ပြဇာတ်ဝေဖန်ရေးဆရာတစ်ဦးက ရိုးရိုးဇာတ်လမ်းတစ်ပုဒ်တွင် ကဏ္ဍသုံးခုနှင့် ရည်မှန်းချက်တစ်ခုပါဝင်ကြောင်း ထောက်ပြခဲ့သည်။ အဆိုပါကဏ္ဍနှင့် ရည်မှန်းချက်များသည် စာဖတ်သူအား ဇာတ်ကောင်နှင့်ဇာတ်လမ်းကို နားလည် ရန် အထောက်အကူပေးသည်။ ထိုအရာများမှာ–

**အဓိကဇာတ်ကောင် (protagonist)** – ဇာတ်လမ်းတွင်ပါဝင်သော ဖြစ်ပျက်ပုံအကြောင်းအရာများကို ဦးဆောင်သူ၊

**ရည်မှန်းချက် (goal)** – အဓိကဇာတ်ကောင်၏ဆန္ဒ (သို့မဟုတ်) လိုအပ်ချက်ကို ဖော်ပြသော အခြေအနေ

**ပြိုင်ဘက် (rival)** – အဓိကဇာတ်ကောင်၏လိုအပ်ချက်ကို ဆန့်ကျင်ဘက်ပြုသောအခြေအနေ (သို့မဟုတ်) လူပုဂ္ဂိုလ်

**ကူညီသူ (helper) -** အဓိကဇာတ်ကောင်က သူ၏လိုအပ်ချက်များကိုရောက်ရှိရန် ကူညီသောလူပုဂ္ဂိုလ် (သို့မဟုတ်) အရည်အချင်း

အထက်ပါအချက်များမှာ လွယ်ကူသော်လည်း မည်သူက မည်သည့်ကဏ္ဍတွင်ပါဝင်သည်ကို ခွဲခြားရန်မှာ စိတ်ဝင်စားဖွယ် ဆွေးနွေးပွဲတစ်ခုကိုဖြစ်စေနိုင်ပေသည်။ ဥပမာအနေဖြင့် ဂျက်နှင့် ပဲနွယ်ပင်ပုံပြင်တွင် ဂျက်ကို အဓိက ဇာတ်ကောင်အဖြစ် အားလုံးသဘောတူကြသည်။ သို့ရာတွင် ရည်မှန်းချက်ကိုဖော်ပြရန်ခက်ခဲသည်။ ဇာတ်လမ်း အစပိုင်းတွင် ဂျက်၏ရည်မှန်းချက်မှာ အပြစ်ပေးခံရခြင်းမှ လွတ်မြောက်ရန်ဖြစ်သည်။ ထို့နောက် စွန့်စားရန်နှင့်သိလိုစိတ် ကိုဖြည့်ဆည်းရန်အဖြစ် ပြောင်းသွားသည်။ အဲ့ဒီနောက် ရည်ရွယ်ချက်က ငွေရရှိရန်ဖြစ်လာသည်။ ငွေရလိုမှုသည် ဇာတ်လမ်းတွင် အချိန်တော်တော်ကြာပါဝင်သည်။ ဇာတ်လမ်းတလျှောက် ဂျက်၏ရည်မှန်းချက်ကိုရှာဖွေရန် ကျောင်း သားများနှစ်သက်ကြပါလိမ့်မည်။ ပြိုင်ဘက်ကကော ဘယ်သူလဲ။ ကျောင်းသားများက ဘီလူးကြီးဖြစ်ကြောင်း ပြောကြ ပါလိမ့်မည်။ ကူညီသူ ဘယ်သူလဲဆိုလျှင် ကွဲလွဲချက်ဖြစ်ပေါ်လာသည်။ တချို့က နွားများစားရန် မှော်ပညာဖြင့်ဖန်ဆင်း ထားသော ပဲစေ့များကိုလာရောင်းသူ အဖိုးကြီးအားရွေးချယ်ကြသည်။ တချို့က ဂျက်ကို စားစရာကျွေး၍ ဘီလူးကြီး ရန်မှဖွက်ပေးထားသော ဘီလူးကြီး၏ဇနီးဟု ပြောကြသည်။ ဤသို့ဆိုလျှင် မေးစရာတစ်ခုပေါ်လာသည်။ ဂျက်၏ ရန်သူ့ဇနီးက အဘယ့်ကြောင့် ဂျက်ကိုကူညီသူ ဖြစ်ရသနည်း။

## ရှုထောင့်အမြင်ပြောင်းခြင်း

ဇာတ်လမ်းတွင်ပါဝင်သောကဏ္ဍများ (dramatic roles) နည်းကို အသုံးပြုခြင်းဖြင့် အခြားဇာတ်ကောင် တစ်ယောက်၏နေရာမှ ဇာတ်လမ်းကိုကြည့်ရှုတတ်ရန် ကျောင်းသားများအား အခွင့်အရေးပေးသည်။ ဥပမာအနေဖြင့်– ဤပုံပြင်ကို ဘီလူးကြီးဇနီး၏ အမြင်ဘက်မှပြောလျှင် သူမသည် အဓိကဇာတ်ကောင်ဖြစ်သည်။

ဤသို့ဆိုလျှင် သူမသည် ဘာကိုအလိုရှိသနည်း။ သူမ၏ရည်မှန်းချက်က အဘယ်နည်း။ ဂျက်ဆိုသည့် ကောင်က လေးကို ကာကွယ်ရန်ဖြစ်ကောင်းဖြစ်နိုင်သည်။ အဖော်လိုအပ်တာလည်း ဖြစ်နိုင်သည်။ သူမ၏မီးဖိုချောင်ကို အေးအေး ချမ်းချမ်းအဆင်ပြေပြေရှိစေချင်တာလည်း ဖြစ်နိုင်သည်။

သူမ၏ပြိုင်ဘက်က ဘယ်သူဖြစ်မလဲ။ ဘီလူးကြီးဖြစ်ရမည်။ သို့ရာတွင် ဂျက်ကိုကာကွယ်ရန်အတွက်နှင့် ဘီလူးကြီး၏ဇနီးက ခင်ပွန်းသည်ကို ဆန့်ကျင်ဘက်ပြုသည်ဆိုလျှင် ကျောင်းသားများအံ့သြကြလိမ့်မည်။ ဤသို့ဘာကြောင့်လုပ်ရသနည်း။ ဤကဲ့သို့ပြုမူပုံမျိုး တကယ့်ဘဝတွင် တွေ့ရှိနိုင်ပါသလား။

ကူညီသူက ဘယ်သူလဲ။ သူမတွင် ကူညီသူမရှိပါ။ ဇာတ်လမ်းအဆုံးတွင် သူမဘာဖြစ်သွားသလဲ။ ဇာတ်လမ်းအဆုံးတွင် သူမကို ကောင်းကင်ယံတွင်စွန့်ပစ်ထားခဲ့ပြီး ကျွန်ုပ်တို့၏အာရုံမှဖယ်ထုတ်လိုက်သည်ကို သတိပြုမိလျှင် ကျောင်းသားများ တုန်လှုပ်သွားနိုင်သည်။ စာရေးဆရာက ကျွန်ုပ်တို့၏အာရုံကို ပဲနွယ်ပင်ပေါ်မှဆင်းလာသည့် ဂျက်ဆီသို့ ဆွဲခေါ်သွားခဲ့သည်။ ရဲတိုက်ထဲတွင် တစ်ဦးတည်းကျန်ရစ်ခဲ့သောအမျိုးသမီးကို ကျွန်တော်တို့မေ့သွားကြသည်။

ကျွန်ုပ်တို့သည် အဓိကဇာတ်ကောင်၊ ပြိုင်ဘက်၊ ကူညီသူ ကဲ့သို့သောဇာတ်ကောင်တစ်ခုကို ရွေးချယ်လျှင် (သို့မဟုတ်) မည်သည့်ကဏ္ဍကိုမျှ ပေးမထားလျှင် ကျွန်ုပ်တို့၏အာရုံစိုက်မှုနှင့် စာနာမှုများ မည်ကဲ့သို့ရှိမည်နည်း။ ဤမေးခွန်းများ၏အဖြေကို ရှာဖွေသင့်ကြသည်။

## ဘာသာရပ်ဆိုင်ရာရည်မှန်းချက်များ

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို သင်ကြားသောအခါ စာပေလေ့လာရေးဘာသာရပ်၏ ရည်မှန်းချက်များအား အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြနိုင်သည်။

- ❖ စာပေသည် ဖန်တီးထားသော အတွေ့အကြုံ၊ ဇာတ်လမ်းဇာတ်ကွက်၊ ဇာတ်ကောင်များ၊ အခြေအနေနှင့် အဓိကအကြောင်းအရာဆိုလိုရင်းများကို ဖော်ပြသည်။ ယင်းတို့သည် ကျောင်းသားများအား သူတို့၏ ကိုယ်ပိုင်အတွေ့အကြုံများတွင် ဖြစ်ပေါ်လာတတ်သော အလားတူဖြစ်ရပ်များကို နားလည်နိုင်ရန် အထောက်အကူပေးသည်။
- ❖ စာပေသည် ကျောင်းသားများအား စိတ်ခံစားချက်များ၊ စေ့ဆော်မှုများပါဝင်သည့် လူ့ဘဝ၏ရှုပ်ထွေးသော အဖြစ်အပျက်များကို ကိုးကားရန်နှင့်ဆွေးနွေးရန် တူညီသောနားလည်မှုကို ပေးသည်။
- ❖ စာပေသည် ကျောင်းသားများအား နောက်ခံအတွေ့အကြုံအမျိုးမျိုးမှလာ၍ ရှုပ်ထွေးသည့် လူ့ဘဝဖြစ်ရပ်များကို အမိပ္ပါယ်ဖွင့်ဆိုကြသည့် အခြားလူများကိုနားထောင်ရန် အခွင့်အရေးပေးသည်။ ဆိုလိုသည်မှာ စာပေသည် မိသားစုများ၊ အိမ်နီးချင်းများ၊ မဲရုံများထက်သာလွန်၍ အမျိုးမျိုးသော အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ညှိနှိုင်းရန်နှင့် လေ့လာစောင့်ကြည့်ရန် ဘေးအန္တရာယ်ကင်းသည့် နေရာဖြစ်သည်။

## ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်းသည် အထက်ပါရည်မှန်းချက်များကို မည်ကဲ့သို့ ဖြည့်ဆည်းသနည်း။

(၁) စာပေလက်ရာများကို ကျောင်းသားများကိုယ်တိုင်အဓိပ္ပါယ်ဖွင့်ဆိုရန် အခွင့်အရေးရရှိခြင်းသည် အရေးကြီးပါသည်။
(၂) ကျောင်းသားများသည် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသင့်သည်။ သို့မှသာ အခြားကျောင်းသားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုလည်း ကြားနိုင်ပြီး ဆက်စပ်နိုင်ပါလိမ့်မည်။

## စာပေအတွက် ဘာသာရပ် အထူးပြုသင်ကြားရေးနည်းဗျူဟာများ

ဤလမ်းညွှန်စာအုပ်တွင်ဖော်ပြထားသော များစွာသောနည်းလမ်းတို့သည် စာပေလေ့လာရေးအတွက် အထူးကောင်းမွန်သော နည်းလမ်းများဖြစ်သည်။ ကျောင်းသားများဆွေးနွေးသည့် နည်းစနစ်အားလုံးနီးပါးသည် စုပေါင်းသင်ယူခြင်းနည်းဗျူဟာများအတိုင်းပင်ဖြစ်သည်။ စာပေသင်ကြားရာတွင် ကောင်းမွန်သောနောက်ထပ် နည်းလမ်းနှစ်ခုကို အောက်တွင်ဖော်ပြထားသည်။

## စာပေကိုအဓိပ္ပါယ်ဖွင့်ဆိုရန် ပြဇာတ်ကိုအသုံးပြုခြင်း

ဇာတ်လမ်းတစ်ပုဒ် (သို့မဟုတ်) ဇာတ်လမ်း၏အစိတ်အပိုင်းတစ်ရပ်အား ပြဇာတ်အဖြစ်ရေးသားခြင်းသည် ဇာတ်လမ်း၏ဆိုလိုရင်းကို ကလေးများနားလည်ရန် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်နိုင်သည်။ ကလေးများ ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရှုခြင်း (သို့မဟုတ်) နားထောင်ခြင်းပြုပြီး၍ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုပြီး သောအခါမှသာ ပြဇာတ်ကို ရေးသင့်သည်။ လုပ်ဆောင်ရန်အဆင့်များတွင် အောက်ပါတို့ပါဝင်သည်။ ကျောင်းသားများ ကို ဇာတ်လမ်းတွင်နှစ်မြုပ်စေခြင်း (immerse)၊ ပြဇာတ်အဖြစ်သရုပ်ဖော်ရန် အရေးကြီးသည့်အခန်းကိုရွေးချယ်ခြင်း (critical moments)၊ သွေးပူလေ့ကျင့်ခန်းလုပ်ခြင်း(warm-ups)၊ ဇာတ်လမ်းကိုအပိုင်းခွဲရန် ကျောင်းသားများကို ဖိတ်ခေါ် ခြင်း (segment the situation)၊ ဖြစ်ရပ်များကို ပြဇာတ်အဖြစ်ရေးသားခြင်း(dramatize)၊ နည်းလမ်းပြသူ (side-coach) နှင့် တုံ့ပြန်ချက်ပေးခြင်း (reflect) တို့ဖြစ်သည်။ အောက်ပါနည်းစဉ်များကို Spolin(1988) နှင့် Heathcote (Wagner 1976) တို့မှ ကောက်နုတ်ဖော်ပြထားပါသည်။

**အဆင့်(၁)** – ကျောင်းသားများကို ဇာတ်လမ်းတွင်နှစ်မြုပ်ထားပါ။ ကျောင်းသားများအား ဇာတ်လမ်းကို အရှိ အတိုင်းနားလည်စေရမည်။ ဆိုလိုသည်မှာ ဇာတ်လမ်းထဲတွင် ဘာတွေဖြစ်ပျက်ခဲ့သည်ကို သိရမည်။ ကျောင်းသား များအား ဇာတ်လမ်းကိုဖတ်ပြခြင်း (သို့မဟုတ်) ပြဇာတ်အဖြစ်ရေးမည့်အပိုင်းကို ပြန်ဖတ်ရန်ခိုင်းခြင်း တို့ကိုပြုလုပ်ရန် ဖြစ်သည်။

**အဆင့်(၂)** – ပြဇာတ်ကရန်အတွက် သွေးပူလေ့ကျင့်ခန်းလုပ်ပါ။ ပြဇာတ်ကို ပီပြင်စွာသရုပ်ဆောင်ရန်အတွက် ကျောင်းသားများအား ပြင်ဆင်ပေးသော ထိရောက်သည့်သွေးပူလေ့ကျင့်ခန်းများစွာရှိသည်။

၁။ *ဆန့်ထုတ်ခြင်း* (stretches) – ကျောင်းသားများအား စက်ဝိုင်းပုံသဏ္ဍာန်ရပ်ခိုင်းပါ။ လက်များကို မြင့်နိုင် သမျှမြင့်အောင်ဆန့်ပါ။ ခြေထောက်ကား၍ မျက်နှာကိုပြုံအောင်လုပ်ပါ။ ထို့နောက် ကိုယ်ခန္ဓာကို အလုံးလေး ဖြစ်အောင် ကျုံ့ပါ။ ထို့နောက် ပြန်ဆန့်ထုတ်ပါ။ မျက်နှာကိုလည်း ဤနည်းအတိုင်းလုပ်ပါ။ ခြင်္သေ့မျက်နှာ (မျက်နှာပြဲပြဲ)၊ မျက်နှာရှုံ့ရှုံ့ (ကြုံ့ထားသောမျက်နှာ)။

၂။ *ကြေးမုံ* (mirrors) – ကျောင်းသားများကို မျက်နှာချင်းဆိုင်ရပ်စေပါ။ တစ်ဦးက လူအဖြစ်သရုပ်ဆောင်ပြီး ကျန်တစ်ဦးက မှန်ထဲတွင်ပေါ်သော အရိပ်အဖြစ် သရုပ်ဆောင်မည်။ လူက ဖြည်းဖြည်းချင်းလှုပ်ရှားပါ။ အရိပ်က သူ့အတိုင်းလိုက်လုပ်ပါ။ ထို့နောက် နှစ်ဦးနေရာလဲပါ။

၃။ *ပုံတူပန်းချီ* (portraits) –ကျောင်းသားများ လေးယောက် (သို့မဟုတ်) ငါးယောက်စီတွဲပါ။ တစ်ယောက်စီက အစိပ်အပိုင်းတစ်ခုစီအဖြစ် သရုပ်ဖော်မည့်အရာတစ်ခုကို စဉ်းစားပါ။ ဥပမာ– ခြင်္သေ့ကိုယဉ်ပါးအောင်လုပ်သူ (lion tamer) ကို ရွေးမည်ဆိုလျှင်၊ တစ်ယောက်က ခြင်္သေ့ကိုယဉ်အောင်လုပ်သူ၊ တချို့က ခြင်္သေ့များ၊ တချို့က အစောင့်များ၊ တချို့က ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြည့်ရှုကြသူများအဖြစ် သရုပ်ဖော်ကြမည်။

၄။ *စက်များ* (machines) – ဆန်းဆန်းပြားပြားစက်တစ်ခုအဖြစ်သရုပ်ဖော်ရန် ကျောင်းသားများ အတွဲလိုက် စဉ်းစားပါ။ ကျောင်းသားများက တစ်ခုနှင့်တစ်ခုဆက်နွယ်နေသော စက်၏အစိတ်အပိုင်းများအဖြစ် သရုပ်ဆောင်ကြမည်။

၅။ *အဆင့်မြင့်အမူအယာ* (superactions) – ဤနည်းသည် ပို၍ခက်ခဲရှုပ်ထွေးသည်။ ကျွန်ုပ်တို့သည် တခြားလူများနှင့်တွေ့ဆုံဆက်ဆံသောအခါ အဆင့်နှစ်ဆင့်ဖြင့် ပြုမူတတ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ ကျွန်ုပ်တို့ဘာလုပ်ကြောင်းနှင့် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်သည် ဘာကိုဆိုလိုကြောင်း တို့ဖြစ်သည်။ ဥပမာ– ခုနလေးတင်တွေ့ခဲ့ပြီးသော ကျွန်ုပ်တို့သိသည့် လူတစ်ယောက်ကို စကြိန်လမ်းတွင် ပြန်တွေ့သည်

ဆိုပါစို့။ ခေါင်းလှုပ်ပြီး 'ဟိုင်း' ဟု နှုတ်ဆက်မည်။ နွေရာသီကျောင်းပိတ်ရက်အပြီး ကျောင်းသို့ပြန်ရောက်လာသည့် သူငယ်ချင်းတစ်ဦးကို စင်္ကြံလမ်းတွင်တွေ့လျှင်လည်း 'ဟိုင်း' ဟုနှုတ်ဆက်မည်။ အထက်ပါ ဖြစ်ရပ်နှစ်ခုတွင် မိတ်ဆွေကို နှုတ်ဆက်သည့်ပြုမူပုံချင်းတူသည်။ သို့ရာတွင် အဆင့်မြင့်အမူအယာ (superactions) မှာ ကွာခြားသည်။ ပထမဖြစ်ရပ်တွင် အသိအမှတ်ပြုရုံသာဖော်ပြပြီး၊ ဒုတိယဖြစ်ရပ်တွင် အံ့သြဝမ်းသာသည့် အမူအရာကိုပြသသည်။ ဖြစ်ရပ်တိုတစ်ခုကိုစီစဉ်၍ အဆင့်မြင့်အမူအယာကို ကျောင်းသားများလေ့ကျင့်ကြမည်။ စားသောက်ဆိုင်သို့လာသည့်ဧည့်သည်၏ မှာကြားချက်ကို လက်ခံယူမည့်စားပွဲထိုးအဖြစ် သရုပ်ဆောင်မည်။ အဆင့်မြင့်အမူအယာများကို စာရွက်ပေါ်တွင် တစ်ယောက်စီရေးကြမည်။ ထိုအမူအယာများမှာ ဧည့်သည်အား မောင်းထုတ်ခြင်း၊ ဧည့်သည်အားနေရာပေးခြင်း(တစ်ယောက်ထဲလားခင်ဗျာ)၊ ဧည့်သည်အား ကျေနပ်သွားစေခြင်းတို့ဖြစ်သည်။ ကျောင်းသားများအား နှစ်ယောက်စီတွဲ၍ ဇာတ်ကွက်တစ်ခုထဲကို အဆင့်မြင့်အမူအယာအမျိုးမျိုးဖြင့် သရုပ်ဆောင်ကြမည်။ အခြားကျောင်းသားများအား အဆင့်မြင့်အမူအယာများကို အကဲခတ်ရပ်အချိန်ပေးမည်။ ထို့နောက် ထင်မြင်ချက်များကို ပြောကြမည်။

**အဆင့်(၃)** – ပြဇာတ်တင်ဆက်ရန် အရေးကြီးသည့်အခန်းကိုရွေးပါ။ ဇာတ်လမ်းထဲမှဇာတ်ကွက်တချို့ကို ပြဇာတ်အဖြစ်ရွေးချယ်လျှင် အသုံးဝင်နိုင်ပါသည်။ အထူးသဖြင့် အလှည့်အပြောင်းဖြစ်မည့် ဇာတ်ကွက်မျိုးကို ရွေးပါ။ အချို့ဇာတ်ကွက်များမှာ ပြဇာတ်တင်ဆက်ရန် သိပ်မကောင်းလှပါ။ ဂျက်နှင့်ပဲနွယ်ပင်ပုံပြင်တွင် အလှည့်အပြောင်းဖြစ်မည့် ဇာတ်ကွက် (critical scene) တစ်ခုမှာ ဂျက် ပထမအကြိမ် ဘီလူးကြီး၏ရဲတိုက်သို့ရောက်ရှိသွားပြီး တံခါးကိုခေါက်လိုက်သည့်အချိန် ဘီလူးကြီး၏ဇနီးက ထွက်၍နှုတ်ဆက်သည့်အခန်း ဖြစ်သည်။

**အဆင့်(၄)** – ဇာတ်လမ်းကို အခန်းခွဲပါ။ ဇာတ်လမ်းတွင်ပါဝင်သည့် ဇာတ်ကောင်နေရာများတွင် သရုပ်ဆောင်ရန် ကျောင်းသားများကို တာဝန်ခွဲဝေပါ။ တခြားကျောင်းသားများကိုလည်း ဇာတ်ကောင်တစ်ယောက်စီ၏ရှုထောင့်ဘက်မှ သူတို့ထင်မြင်သည့်အတိုင်း ပါဝင်သရုပ်ဆောင်ရန် ဖိတ်ခေါ်ပါ။ တံခါးကြီးနားရောက်သွားတော့ ဂျက်ရဲ့စိတ်ထဲမှာ ဘယ်လိုနေမလဲ။ ရဲတိုက်နံရံတွေနဲ့ တံခါးကြီးက ဘာနဲ့တူသလဲ။ ဂျက်နဲ့နှိုင်းစာရင် ဘယ်လောက်အချိုးအဆကြီးမလဲ။ ဒီနေရာတစ်ဝိုက်မှာ ဂျက် ဘာသံတွေကြားသလဲ။ ဘာအနံ့တွေရသလဲ။ ဒီနေရာမှာ သူဘယ်လိုခံစားရသလဲ။ တံခါးကို လက်သီးနဲ့ထုဖို့ ဘယ်အရာက လှုံ့ဆော်သလဲ။ ဘာတွေ မရေရာမသေချာဖြစ်နေသလဲ။ သူဘာကိုရွေးချယ်သလဲ။ တံခါးကိုမခေါက်ဘူးဆိုရင် သူဘာလုပ်မလဲ။ ဘာကြောင့်ဒီလိုလုပ်သလဲ။ ဘီလူးကြီး၏ဇနီးနေရာအတွက်လည်း အလားတူပြုလုပ်ပါ။ တံခါးခေါက်သံ ဘယ်လိုနေသလဲ။ အသံကျယ်သလား။ အသံတိုးသလား။ သေးငယ်သော်လည်း သတ္တိကောင်းသည့် လူငယ်လေးကို တံခါးဝမှာတွေ့တော့ ဘာတွေးမိသလဲ။ သူ့ယောက်ျားအကြောင်းကို သိထားလေတော့ သူမရဲ့စိတ်ထဲမှာ ဘယ်လိုအတွေးတွေ ဖြတ်သန်းသွားသလဲ။ ဂျက်ကိုငုံ့ကြည့်လိုက်တဲ့အခါ သူမဘာခံစားရသလဲ။

ဇာတ်လမ်းဇာတ်ကွက်ကို သရုပ်ဆောင်ရန်ပြင်ဆင်သောအခါ အထက်ပါစဉ်းစားချက်တချို့ကို အာရုံပြုရန် သရုပ်ဆောင်များအားပြောပါ။

**အဆင့်(၅)** – ဇာတ်လမ်းကို သရုပ်ဖော်ခြင်း– ကျောင်းသားများအား သရုပ်ဆောင်ရမည့်အခန်းအတွက် စိတ်ကူးပေါ်လာစေရန် ဇာတ်ဝင်ပစ္စည်းနဲနဲနှင့် အဝတ်အစားနဲနဲကို အသုံးပြုပါ။ အခြားကျောင်းသားများအား ဂရုတစိုက်စောင့်ကြည့်စေ၍ သရုပ်ဆောင်သူများက သူတို့ကို ဘယ်လိုအတွေးပေါ်လာစေကြောင်း ဂရုပြုခိုင်းပါ။

**အဆင့်(၆)** – ဘေးမှနေ၍ ကြီးကြပ်ခြင်း– ရပ်ကြည့်မနေဘဲ၊ ဇာတ်ဆရာတစ်ဦးအနေဖြင့် ကျောင်းသားများ သရုပ်ပါပါလုပ်ဆောင်နိုင်ရန် ဘေးမှနေ၍အကြံပေးပါ။ ဂျက်အဖြစ်သရုပ်ဆောင်ရာတွင် ကြောက်စိတ်ခံစားရသလား။ သတ္တိရှိသလား။ စိတ်ထဲမှာ ခံစားနေရတာကို ဘယ်လိုဖော်ပြမလဲ စသည်ဖြင့်အကြံပြုပါ။

**အဆင့်(၇)** – တုံ့ပြန်ချက်တောင်းပါ– အခြားကျောင်းသားများအား ဘာတွေ့သလဲမေးပါ။ ဇာတ်ကောင်ရဲ့စိတ်ထဲမှာ ဘာရှိတယ်လို့ ထင်သလဲ။ အခြားကျောင်းသားအဖွဲ့များကို ဖိတ်ခေါ်၍ ဇာတ်ကွက်တစ်ခုတည်းကို သရုပ်ဆောင်ခိုင်း

လျှင်အကျိုးရှိပါသည်။ သရုပ်ဆောင်ချက်အသီးသီးမှထွက်ပေါ်လာသည့် အခြေအနေအလားအလာများကို ဆွေးနွေးလျှင်လည်း အကျိုးရှိသည်။

## ဆန့်ကျင်ဘက်များတွင် လေ့လာခြင်း

ရိုးရိုးဇာတ်လမ်းများ (အထူးသဖြင့် ရိုးရာပုံပြင်များ) တွင် တစ်ခုနှင့်တစ်ခု သိသိသာသာဆန့်ကျင်နေသော အခြေအနေများနှင့် ဇာတ်ကောင်များပါဝင်လေ့ရှိသည်။ ဤအချက်သည် ဇာတ်လမ်းများတွင် ကွဲပြားချက်များကို ကျောင်းသားများအား ထင်ရှားစွာပြနိုင်သည်။ ဇာတ်လမ်းတစ်ခုနှင့်တစ်ခုအပြန်အလှန်ပါဝင်နေမှု (intertextuatity) ကိုဖော်ပြရန်အတွက်လည်း အသုံးပြုနိုင်သည်။ အချို့ဝေဖန်ရေးဆရာများထောက်ပြသည့် တူညီချက်များ(similarities) သည် ဇာတ်လမ်းများတွင် ပါဝင်နေကြပြီး အကြောင်းအရာတူများကို ပြန်လည်ဖော်ပြကြသည်။ ဤအချက်သည် အောက်ပါမေးခွန်းများကို မေးမြန်းရန် အစပျိုးပေးသည်။ **ဤဇာတ်လမ်းမှ မည်သည့်ဇာတ်ကောင်နှစ်ကောင်သည် သိသိသာသာဆန့်ကျင်ဘက်ဖြစ်နေသနည်း။**

ဂျက်နှင့် ပဲနွယ်ပင်ပုံပြင်တွင် ဆန့်ကျင်ဘက်ဖြစ်နေသည့် ဇာတ်ကောင်နှစ်ခုမှာ ဂျက်နှင့်ဘီလူးကြီးဖြစ်ပါသည်။ ထို့နောက် ဆက်၍မေးရလျှင်–

**ဤဇာတ်ကောင်များကို ဖော်ပြရန်အတွက် မည်သည့်စကားလုံးများသုံးနိုင်သနည်း။** အောက်ပါဇယားကွက်တွင်ရေးဆွဲဖော်ပြနိုင်သည်။


| ဂျက် | ဘီလူးကြီး |
|---|---|
| အသက်ငယ် | အသက်ကြီး |
| အရွယ်သေးငယ် | အရွယ်ကြီး |
| ဆင်းရဲ | ချမ်းသာ |
| ခွန်အားနည်း | ခွန်အားကြီး |
| အောင်မြင်နိုင်ပုံမပေါ် | မည်သူကမျှသူ့ကို လွှမ်းမိုးနိုင်မည့်ပုံမပေါ် |
| ဘဝ၏အတက် | ဘဝ၏အကျ |
| ရည်မှန်းချက်ကြီး | လောဘကြီး |

ထို့နောက် ကော်လံနှစ်ခုထပ်မံဖြည့်စွက်ပြီး ဇာတ်လမ်းတစ်ခုနှင့်တစ်ခု အလားတူအချက်များပါဝင်နေမှုများကို ရှင်းလင်းပြောကြားနိုင်သည်။ ထို့နောက် ဤသို့မေးပါ။

**ဤဇာတ်ကောင်နှစ်ကောင်လိုမျိုး အခြားဆန့်ကျင်ဘက်ဖြစ်နေတာ ဘယ်သူတွေရှိသလဲ။**

| | ဂျက် | ဘီလူးကြီး | |
|---|---|---|---|
| David | အသက်ငယ် | အသက်ကြီး | Goliath |
| Hansel & Gretel | အရွယ်သေးငယ် | အရွယ်ကြီး | The Witch |
| Snow White | ဆင်းရဲ | ချမ်းသာ | Stepmother |
| Robin Hood | ခွန်အားနည်း | ခွန်အားကြီး | Sheriff of Nottingham |
| | အောင်မြင်နိုင်ပုံမပေါ် | မည်သူကမျှသူ့ကို လွှမ်းမိုးနိုင်မည့်ပုံမပေါ် | |
| | ဘဝ၏အတက် | ဘဝ၏အကျ | |
| | ရည်မှန်းချက်ကြီး | လောဘကြီး | |

စာပေများတွင်ပါဝင်သည့် ဇာတ်ကောင်များဖြင့် အဆိုပါဆန့်ကျင်ဘက်ဖြစ်မှုများကို စတင်ဆွေးနွေးနိုင်ပြီး သမိုင်းနှင့် မျက်မှောက်ခေတ်ရှိ ပုဂ္ဂိုလ်များအထိ ဆက်လက်ဆွေးနွေးနိုင်သည်။ ဇာတ်လမ်းများတွင် အဆိုပါဆန့်ကျင်ဘက် ဖြစ်နေသည့်ဇာတ်ကောင်များ အဘယ့်ကြောင့် ထပ်ခါထပ်ခါပါဝင်နေသနည်း။ ဆန့်ကျင်ဘက်ဖြစ်နေသည့် ဘက်နှစ်ဘက် တွင် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ဘက်တစ်ဖက်တွင်နေရာချပေးပြီး အခြားလူများကို အခြားတစ်ဖက်တွင်ထားလျှက် တကယ့်ဘဝတွင် ကျွန်ုပ်တို့သိသောလူများနှင့် ကျွန်ုပ်တို့၏ခြားနားချက်ကို ချဲ့ကားဖော်ပြလေ့ရှိပါသလား။ ကျွန်ုပ်တို့ ဤသို့ပြုလုပ်သောအခါ ဘာဖြစ်မည်နည်း။





# ၂။ သင်္ချာဘာသာရပ်တွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်း

## အကျဉ်းချုပ်ဖော်ပြချက် – ရှည်လျားစွာစားခြင်း၊ အနုတ်နည်း (အကြိမ်များစွာနုတ်ခြင်း)

ဆရာမ Ms.Ybarra သည် ပဥ္စမတန်းကျောင်းသားများအား ရှည်လျားစွာစားခြင်းကို ပြန်လည်ရှင်းပြပါမည်။ ကျောင်းသားများသည် ဤနည်းကို ယခင်နှစ်ကသင်ခဲ့ပြီးသော်လည်း သူတို့အသုံးပြုနေသည့်နည်းစနစ်ပိုင်းကို ကောင်းစွာနားမလည်ကြပါ။

## ကြိုတင်သိမြင်ခြင်း


ဆရာမသည် ကျောင်းသား(၅၀)ကို ငါးယောက်စီတွဲ၍ ဆယ်ဖွဲ့ခွဲလိုက်သည်။ ဆရာမက "အဖွဲ့တစ်ဖွဲ့စီကို ပဲစေ့ဆယ်စေ့ စီပေးပြီး ပဲစေ့ဆယ်စေ့ထဲက နှစ်စေ့ကိုဘယ်နှစ်ကြိမ်နုတ်ယူနိုင်မလဲ" ဟု မေးသည်။ အဖွဲ့တိုင်းက တစ်ကြိမ်လျှင် ပဲစေ့နှစ်စေ့စီနုတ်ယူပြီး နောက်ဆုံးတွင်အဖွဲ့တစ်ဖွဲ့က "ငါးကြိမ်"ဟုအော်လိုက်သည်။ ထို့နောက် ဆရာမက "ပဲစေ့ဆယ်စေ့ထဲမှငါးစေ့ကို ဘယ်နှစ်ကြိမ်နုတ်ယူနိုင်မလဲ" ဟု မေးသည်။ ရေတွက်ခြင်းပင်မပြုဘဲ "နှစ်ကြိမ်"ဟုအမြန်ဖြေဆိုကြသည်။ သူတို့သည် အဖြေမှန်ကိုတွေးကြည့်နိုင်သည်။ ဆရာမက ဘယ်လိုသိကြသလဲဟုမေးလျှင် ၂×၅ = ၅×၂ ဟု ဖြေကြသည်။ ထိုဆက်နွယ်မှုကို ဘာခေါ်သလဲဟု ဆရာမကမေးသည်။ အချို့ကျောင်းသားများက **အမြှောက်ဆိုင်ရာလှဲပြောင်းနိုင်သော နိယာမတရား** (commutative principle of multiplication) ဟု သတိရကြသည်။




ထို့နောက်ဆရာမက အဖွဲ့တိုင်းကို ပဲစေ့(၁၇၀)စီထပ်ပေးပြီး "အခု ပဲစေ့ဘယ်နှစ်စေ့ရထားကြသလဲ" ဟုမေးသည်။ (၁၈၀)ဟု အလျင်အမြန်ပြောကြသည်။ ထို့နောက် "ပဲစေ့ (၁၈၀) ထဲက ငါးစေ့ကို ဘယ်နှစ်ကြိမ်နုတ်ယူနိုင်မလဲ"ဟု မေးသည်။ ကျောင်းသားများက တစ်ကြိမ်လျှင် ပဲစေ့ငါးစေ့နုတ်ယူမည်။ ကျောင်းသားတစ်ဦးကနုတ်ယူသော အကြိမ်ပေါင်းကိုမှတ်သားမည်။ မိနစ်တော်တော်ကြာပြီးနောက် စတင်အစီရင်ခံကြသည်။ အဖြေမှန်သည် (၃၆)ဖြစ်သည်။ သို့သော် အချို့အဖွဲ့များက ရေတွက်တာမှား၍ အဖြေမှန်မရကြ။ ဆရာမက မေးခွန်းများမေး၍ ရေတွက်သည့်နည်းစနစ်တစ်ခုကို ဖော်ထုတ်ရန်ကူညီသည်။ သို့သော် ဤနည်းသည် အချိန်ကြာသည်။ တစ်ကြိမ်လျှင် ငါးစေ့နုတ်ယူသည်။ ကျန်သည့်အရေအတွက်ကို မှတ်သားသည်။ ကျန်သည့်ပဲစေ့များထဲမှ ထပ်နုတ်သည်။ ကျောင်းသားများတွက်ချက်ထားသည့် အစိတ်အပိုင်းကို လက်ဝဲဘက်အကွက်ထဲတွင် တွေ့မြင်နိုင်သည်။

## အသိပညာတည်ဆောက်ခြင်း

"ဒီနည်းကို ဘယ်လိုထင်သလဲ"ဟု ဆရာမက မေးသည်။ "အချိန်သိပ်ကြာသည်။ ငြီးငွေ့စရာကောင်းသည်။ စာရွက်ကုန်သည်" ဟုဖြေကြသည်။ ဆရာမက "ဒါကိုဖြေရှင်းဖို့ နည်းလမ်းရှာကြစို့။ မြန်လည်းမြန်ပြီး အဖြေမှန်လည်း ရအောင်ဘယ်လိုလုပ်နိုင်မလဲ" ဟုမေးသည်။ ကျောင်းသားတစ်ဦးက တစ်ကြိမ်လျှင် ငါးဂဏန်းနှစ်ခုစီနုတ်ကြည့်ရန် ပြောသည်။ ကျောင်းသားများ လုပ်ကြည့်ကြသည်။ " ဒီနည်းလည်းကြာတာပဲ။ တစ်ကြိမ်ကို ဆယ်စေ့စီအတွဲလိုက်နုတ်ကြည့်ရအောင်" ဟုကျောင်းသားတစ်ဦးကပြောသည်။



ကျောင်းသားများက ပဲစေ့ငါးစေ့စီ အတွဲလိုက် (၁၀)တွဲကို စတင်နုတ်ယူသည်။ "ဇယားကို ကြည့်ပါ။ ပဲစေ့တွေကို မရေတွက်ဘဲ ဘယ်လိုဆက်လုပ်နိုင်မလဲ" ဟု ဆရာမကပြောသည်။ ပဲစေ့များကို ဘေးသို့ဖယ်ထားလိုက်ကြပြီး ကျောင်းသားများက ဇယားထဲတွင်ငါးစေ့တွဲများကို နုတ်ယူကြသည်။ လွှဲပြောင်းနိုင်သောနိယာမ (commutative principle) ကိုအသုံးပြု၍ အဖြေကို စစ်ဆေးကြည့်ပါ။ အဖွဲ့တိုင်းက ပြောဆိုဆွေးနွေးကြပြီး၊ အဖွဲ့တစ်ဖွဲ့က နောက်ဆုံးတွင် ၅ × ၃၆ = ၁၈၀ အဖြေရရှိသည်။

နောက်ဆုံးတွင် ဆရာမက "အခု (၁၈၀)ထဲက (၅) ကိုဘယ်နှစ်ကြိမ်နုတ်နိုင်မလဲ" ဟုမေးသည်။ ကျောင်းသားများက "၃၆ ကြိမ်" ဟုဖြေကြသည်။

## စုစည်းခြင်း

"ဆရာမဆီမှာ မင်းတို့အတွက် နောက်ထပ်ပုစ္ဆာတစ်ပုဒ်ရှိတယ်။ ဒါပေမယ့် ပဲစေ့တွေကိုတော့ သုံးလို့မရနိုင်ဘူး"။ "ဘာဖြစ်လို့လဲ ဆရာမ"။ "ပဲစေ့တွေတင်ဖို့ ကုန်တင်ကားတစ်စီးလောက် လိုလိမ့်မယ်ထင်တယ်" ဟု ကျောင်းသားတစ်ဦးက ပြောသည်။ ဆရာမက "ဒါဆိုရင် ဇယားနဲ့ဘယ်လိုဖော်ပြကြမလဲ"။ ကျောင်းသားများက ပုစ္ဆာကိုပြင်ဆင်ကြသည်။

"မင်းတို့ (၁၀) ကိုပဲ ပြန်သုံးကြမလား၊ တခြားဂဏန်းတစ်ခုသုံးမလား"။ ကျောင်းသားများက "ဂဏန်းကြီးကြီးသုံးမယ်" ဟုဖြေကြသည်။ "ဘယ်လောက်ကြီးတဲ့ဂဏန်းကို သုံးမလဲဆိုတာကို ဘယ်လိုဆုံးဖြတ်ကြမလဲ"။ အဖွဲ့အသီးသီးက လုပ်ဆောင်ကြသည်။

တဖွဲ့စီက တစ်မျိုးစီတွက်ချက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ဖွဲ့နှင့်တစ်ဖွဲ့ နုတ်ယူသောအတွဲများ မတူညီကြပါ။ အဖွဲ့တစ်ဖွဲ့က (၃၀) ကို တစ်ကြိမ်လျှင် အတွဲပေါင်း (၁၀၀၀) စီနုတ်ယူသောကြောင့် မြန်မြန်ပြီးလိမ့်မည်ကို ဆရာမက သတိပြုမိသည်။ အဖွဲ့တစ်ဖွဲ့ကတော့ ဘယ်တော့မှပြီးနိုင်လိမ့်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် (၃၀) ကိုတစ်ကြိမ်လျှင် (၁၀)တွဲသာ နုတ်ယူနေသောကြောင့် ဖြစ်သည်။ ထို့နောက် ဆရာမက ဂျစ်ဆောနည်းကိုအသုံးပြု၍ အဖွဲ့တစ်ဖွဲ့မှ တစ်ဦးစီအား အခြားအဖွဲ့များသို့သွားစေ၍ မိမိတို့အဖွဲ့၏လုပ်ဆောင်ချက်ကို ရှင်းပြစေသည်။ နောက်ဆုံးတွင် ကျောင်းသားအားလုံး လုပ်ဆောင်ပြီးစီးကြသည်။

ဆရာမက ကျောင်းသားများအား "ဒီဂဏန်းတွေနဲ့ဒို့ဘာလုပ်ခဲ့သလဲ" ဟုမေးသည်။ များစွာသောကျောင်းသားတို့က "စားတယ် (division)" ဟုဖြေကြသည်။ သူမက "စားတယ် (division) ဆိုတာဘာလဲ" ဟု ထပ်မေးသည်။ "အကြိမ်ကြိမ်နုတ်ခြင်းဖြစ်ပါတယ်" ဟု ဖြေကြသည်။ ဆရာမက "ဟုတ်ပါတယ်။ ဒီနည်းဟာ အကြိမ်ကြိမ်နုတ်ယူခြင်းလို့ခေါ်တဲ့ ရှည်လျားစွာစားခြင်းဖြစ်ပါတယ်။ (သို့မဟုတ်) နုတ်ယူသောနည်း (substractive method) လို့လည်း ခေါ်ပါတယ်။ ဒီနည်းကို တခြားနည်းတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဘယ်လိုထင်မြင်သလဲ"။ ကျောင်းသားများက ဤနည်းသည် အချိန်ကြာသော်လည်း နားလည်ရန်လွယ်ကူသည်ဟု ဖြေကြသည်။

## ရှင်းပြခြင်းနှင့်ဆွေးနွေးခြင်း

ကြိုတင်သိမြင်ခြင်းအပိုင်းတွင် ဆရာမက လူများသောအတန်းကို စုပေါင်းသင်ယူသည့်အဖွဲ့များအဖြစ် ခွဲလိုက်သည်။ ထို့နောက် တွက်ချက်ရာတွင်အသုံးပြုမည့် ပစ္စည်းများကိုပေးသည်။ မြင်ရုံမျှနှင့်ဖြေရှင်းနိုင်သည့် လွယ်ကူသော အစားပုစ္ဆာတစ်ပုဒ်ကို ပြန်လည်သုံးသပ်ခြင်းဖြင့် သင်ခန်းစာကို အစပြုသည်။ ကျောင်းသားများက သူတို့သိထားပြီးသည့် အမြှောက်နှင့်အမြှောက်ဆိုင်ရာလွှဲပြောင်းနိုင်သော နိယာမသဘောတရားကို ပြန်လည်သုံးသပ်သည်–၂× ၃ = ၃×၂။

အသိပညာတည်ဆောက်မှုအပိုင်းတွင် ပိုမိုခက်ခဲသည့်ပုစ္ဆာတစ်ပုဒ်ကို ပေးသည်။ ထိုပုစ္ဆာသည် မြင်ရုံမျှနှင့် ဖြေရှင်းနိုင်သည့် ပုစ္ဆာမျိုးမဟုတ်ဘဲ သူတို့၏လုပ်ဆောင်ချက်များကို မှတ်တမ်းတင်မည့်နည်းစနစ်တစ်ခု လိုအပ်သည်။ ဆရာမက ရှင်းပြခြင်း၊ ပြောပြခြင်းမပြု။ အနုတ်နည်းစနစ်အသစ်တစ်ခုကို လုပ်ဆောင်နိုင်မည့် မေးခွန်းများကိုသာ မေးသည်။ ဆရာမ၏ပထမလုပ်ဆောင်ချက်သည် ငြီးငွေ့ဖွယ်ကောင်းကြောင်း ကျောင်းသားများသတိပြုမိကြသည်။

သို့ရာတွင် ဆရာမ၏မေးခွန်းများသည် ကျောင်းသားများ တစ်ဦးနှင့်တစ်ဦးဝေမျှဖလှယ်ကြရန် ဦးဆောင်မှုပေးသည်။ ကျောင်းသားအချို့ကို အခြားအဖွဲ့များသို့ နည်းလမ်းများနှင့်ပတ်သက်၍ အချက်အလက်အသစ်များကို ယူဆောင်သွားရန်အတွက် စုပေါင်းသင်ယူခြင်းဂျစ်ဆောနည်းတစ်ခုကို အသုံးပြုသည်။

ဆရာမသည် ကျောင်းသားများအား အထောက်အကူပစ္စည်းများကို အသုံးပြု၍ တွက်ချက်ခြင်း (concrete) မှ အထောက်အကူပစ္စည်းတစ်ဝက် စိတ်ကူးဉာဏ်တစ်ဝက် တွက်ရသောနည်း (semi-concrete) သို့ရောက်ရှိရန် ဦးဆောင်မှုပေးသည်။ နောက်ဆုံးတွင် ပဲစေ့များကိုရေတွက်သည့် ပစ္စည်းများသုံး၍တွက်ချက်သော နားလည်မှုကို အခြေခံ၍ ဂဏန်းများကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်အသုံးပြုနိုင်မည့် စိတ်ကူးဉာဏ်ဖြင့်နားလည်ခြင်းအဆင့် (abstract) သို့ရောက်ရှိရန် ဦးဆောင်မှုပေးသည်။ ဆရာမက ကျောင်းသားများအား အထောက်အကူပစ္စည်းများ သုံး၍ဖြစ်စေ၊ အထောက်အကူပစ္စည်းတစ်ဝက်စိတ်ကူးဉာဏ်တစ်ဝက်ဖြင့်ဖြစ်စေ တွက်ချက်နိုင်မည့် ဂဏန်းကြီးကြီး ပါဝင်သည့်ပုစ္ဆာတစ်ပုဒ်ကိုပေး၍ အထက်ပါအဆင့်ကူးပြောင်းမှုကို သင်ကြားပေးသည်။ လွှဲပြောင်းနိုင်သောနိယာမ (commutative principle) ကို အသုံးပြုရန်လည်း အခွင့်အလမ်းဖန်တီးပေးသည်။

စုစည်းမှုအပိုင်းတွင် ဆရာမသည် အနှုတ်နည်းစနစ်အသစ်တစ်ခုကိုသုံး၍ ဖြေရှင်းရမည့် ပုစ္ဆာတစ်ပုဒ်ကို ပေးသည်။ အဖွဲ့ငယ်အသီးသီးသည် ပုစ္ဆာကိုဖြေရှင်းမည့်နည်းလမ်းကို ကိုယ်တိုင်ဆုံးဖြတ်ကြသည်။ နောက်ဆုံးတွင် ဆရာမက ကျောင်းသားများအား လုပ်ဆောင်ထားချက်ကို သူတို့၏ကိုယ်ပိုင်စကားလုံးဖြင့် တင်ပြစေသည်။ ထို့နောက် ဆရာမက ထိုနည်းလမ်းများ၏အမည်ကို ပြောသည်။

## သင်္ချာသင်ကြားခြင်း၏ရည်မှန်းချက်များ

- ❖ သင်္ချာသဘောတရားနှင့် ပြဿနာဖြေရှင်းသည့်နည်းလမ်းများကို သင်ယူရန်
- ❖ တကယ့်ဘဝနှင့်ဆက်စပ်သော ပြဿနာဖြေရှင်းခြင်းမှတဆင့် အသိပညာအသစ်ရရှိရန်
- ❖ ကျောင်းသားများဦးဆောင်သော၊ လက်တွေ့လုပ်ဆောင်ရသော၊ တက်ကြွသော၊ စုပေါင်းလုပ်ဆောင်ရသော အခြေအနေတွင် သင်ယူရန်
- ❖ စုံစမ်းမေးမြန်းခြင်းနှင့် စူးစမ်းရှာဖွေဖော်ထုတ်ခြင်းကို အသုံးပြုရန် (NCTM 1994)

## ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်းသည် အထက်ပါရည်မှန်းချက်များကို မည်ကဲ့သို့ ရောက်ရှိစေသနည်း။

- ❖ ကျောင်းသားများက မိမိတို့၏ကိုယ်ပိုင်အဓိပ္ပါယ်ကို တည်ဆောက်ကြသည်။
- ❖ ကျောင်းသားများသည် ပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ တွက်ချက်ခြင်းမှ စိတ်ကူးဉာဏ်ဖြင့် ပြန်လည်ဖော်ပြခြင်းကို လုပ်ဆောင်ကြသည်။
- ❖ ကျောင်းသားများသည် ဆရာ၏မေးခွန်းများမေး၍ ဦးဆောင်မှုလမ်းညွှန်မှုနှင့်အတူ တကယ့်ဖြစ်ရပ်အခြေအနေတွင် သူတို့၏ကိုယ်ပိုင်နည်းများကို အသုံးပြု၍ ပုစ္ဆာများကို ဖြေရှင်းကြသည်။
- ❖ ဆရာသည် ပြောပြခြင်း၊ ရှင်းပြခြင်းမရှိဘဲ ကျောင်းသားများ၏သင်ယူမှုကိုလမ်းညွှန်ရန် ပုစ္ဆာများပေး၍ မေးခွန်းများမေးသည်။


## သင်္ချာဘာသာရပ်တွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်း

သင်္ချာဆရာများကယူဆသည်မှာ သင်္ချာဘာသာရပ်တွင် ဖတ်ရန်စာမပါသလောက်ဖြစ်၍ သူတို့၏ဘာသာကို ဝေဖန်ပိုင်းခြားရန် စာဖတ်ခြင်းနှင့်စာရေးခြင်းအတွက် နေရာမဟုတ်ဟူ၍ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့်ပြောရလျှင် စာပေနှင့်လူမှုရေးဘာသာရပ်များတွင်ပါဝင်သော အခြေခံသဘောတရားများသည် သင်္ချာတွင်လည်းပါဝင်သည်။ ABC သည် ကြိုတင်သိမြင်ခြင်းအပိုင်းတွင် စိတ်ဝင်စားလာအောင် ဖန်တီးပေးခြင်းမဟုတ်ဘဲ အလွန်ထိရောက်သော၊ နောက်ခံအသိပညာများကို လှုံ့ဆော်ပေးသော၊ ဝေါဟာရအသစ်များကို မိတ်ဆက်ပေးသောပုံစံဖြစ်သည်။

အခြားဘာသာရပ်များနှင့်နှိုင်းစာလျှင် အသိပညာတည်ဆောက်မှုအပိုင်းတွင် ဖတ်စရာနည်းပါးသည်မှာ အသေအချာဖြစ်သော်လည်း အသိပညာအသစ်များ၊ အယူအဆအသစ်များကို တစ်နည်းတစ်လမ်းဖြင့် ဖော်ပြခြင်းကို သင်္ချာဘာသာတွင်လည်း ပြုလုပ်နိုင်သည်။ စုစည်းခြင်းအပိုင်းတွင် စာရေးခြင်းနည်းပြီး ပုစ္ဆာအသစ်များကိုဖြေရှင်းခြင်းက ပိုများသည်။ သို့ရာတွင် စာရေးခြင်းသည် သင်္ချာဘာသာရပ်တွင် တွေ့ရခဲသော်လည်း အရေးကြီးသောအစိတ်အပိုင်း တစ်ခုဖြစ်သည်။


## ဘာသာရပ်အထူးပြုသင်ကြားခြင်းနည်းဗျူဟာများ

**ကြိုတင်သိမြင်ခြင်း– သင်္ချာဘာသာအတွက်နည်းဗျူဟာများ**

| နည်းဗျူဟာ | နမူနာ |
|---|---|
| အမြန်ရေးချနည်း(quick-write) | စက်ဝိုင်းအကြောင်း သရုပ်ဖော်ရေးသားပါ။ |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ (semantic map) | ဇယားကားချပ်၏သဘောကိုနားလည်ရန်အတွက် ဝေါဟာရ ဖွင့်ဆိုချက်မြေပုံတစ်ခု တည်ဆောက်ပါ။ |
|   | |
| စဉ်းစား–တွဲ – ဖလှယ် (Think-Pair-Share) | ၁၅ ကိုရေးရန် အခြားနည်းလမ်းသုံးခုကိုစဉ်းစားပါ။ အခြား ကျောင်းသားနှင့်တွဲပါ။ တုံ့ပြန်ချက်များကို ဖလှယ်၍နှိုင်းယှဉ်ပါ။ |
| လှည့်သွား၊ လိုက်ပြော (Walk-around, talk around ) | အနှစ်သက်ဆုံး သင်္ချာပုံသဏ္ဍာန်တစ်ခုကို ပြောပါ။ ဘာကြောင့် နှစ်သက်ရသည်ကို ရှင်းပြပါ။ |
| T– ဇယား (T-chart) | တြိဂံနှင့်စတုဂံတို့ကို နှိုင်းယှဉ်ပြီး ခြားနားချက်ကို ဖော်ပြပါ။ |

| အသိပညာတည်ဆောက်ခြင်း – သင်္ချာဘာသာအတွက်နည်းဗျူဟာများ | |
|---|---|
| နည်းဗျူဟာ | နမူနာ |
| သိပြီး၊ သိလို၊ သိလာ (K-W-L) | တပြိုင်နက်ညီမျှခြင်းအကြောင်း ကျွန်ုပ်တို့ဘာသိသလဲ။<br>ဒီအကြောင်းဘာသိချင်လဲ။<br>ဘာသင်ယူရရှိလိုက်သလဲ။ |
| ဗင်ဇယား (Venn diagram) | ဂဏန်းများကို အမျိုးအစားခွဲရန် ဗင်ဇယားကို အသုံးပြုပါ။<br>အစဉ်လိုက်ပြကိန်း၊ သဘာဝကိန်း၊ စိတ်ကူးသက်သက်ဖြစ်သော ကိန်းစသည် |
| ဂျစ်ဆောနည်း (စုပေါင်းသင်ယူခြင်း) | အဖွဲ့ငယ်များအတွင်း ဆယ်မိနစ်လုပ်ဆောင်ပြီးနောက် အဖွဲ့တစ်ခုစီမှတစ်ယောက်စီက အခြားအဖွဲ့သို့သွား၍ မိမိ၏မူလအဖွဲ့၏ သဘောထားအမြင်ကိုမျှဝေပါ။ တခါတရံတွင် မူလအဖွဲ့မှတစ်ယောက်ထက်ပို၍သွားကြသည်။ |
| သွင်ပြင်လက္ခဏာကိုခွဲခြမ်းစိတ်ဖြာခြင်း<br>(semantic feature analysis) | သင်္ချာပုံသဏ္ဍာန်များကို ခွဲခြမ်းစိတ်ဖြာ၍ဖော်ပြသည့် ဇယားတစ်ခုကိုတည်ဆောက်ပါ။ ပုံသဏ္ဍာန်များတွင် အောက်ပါတို့ ပါဝင်သည်။<br>ထောင့်များ (angles)<br>အနားများ (sides)<br>မျက်နှာချင်းဆိုင်ထောင့်များ (opposite angles)<br>ထောင့်မှန်များ (right angles)နှင့်<br>အခြားပုံသဏ္ဍာန်များ |
| T– ဇယား (T-chart) | တြိဂံနှင့်စတုဂံတို့ကိုနှိုင်းယှဉ်ပြီး ခြားနားချက်ကိုဖော်ပြပါ။ |

| စုစည်းခြင်း–သင်္ချာဘာသာအတွက် နည်းဗျူဟာများ | |
|---|---|
| နည်းဗျူဟာ | နမူနာ |
| ပုစ္ဆာအသစ် | ၁၆×၂၁ အမြှောက်ကိန်းကို အခြားနည်းဖြင့်ဖော်ပြပါ။ |
| RAFT | သင်္ချာပုံသဏ္ဍာန်တစ်ခုအဖြစ် ကိုယ့်ကိုယ်ကိုယ်မှတ်ယူပါ။<br>အခြားပုံသဏ္ဍာန်တစ်ခုထံသို့စာရေးပါ။ သင်က အဘယ့်ကြောင့်လုပစ္စာ ဆွဲဆောင်မှုရှိကြောင်းရှင်းပြပါ။ |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ (semantic map) | အသစ်သင်ယူရရှိသော သတင်းအချက်အလက်များဖြင့် ကြိုတင်သိမြင်ခြင်းအပိုင်းတွင် ရေးဆွဲခဲ့သောဝေါဟာရမြေပုံကိုတိုးချဲ့ပါ။ |



# ၃။ သိပ္ပံဘာသာတွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်း

## အကျဉ်းချုပ်ဖော်ပြချက်– သဘာဝပတ်ဝန်းကျင်ကို ထိန်းညှိပေးသော ဇီဝမျိုးကွဲအပင်များတွင် ခြားနားချက်များကို ဖော်ထုတ်ခြင်း။

ဆရာမ Mrs.Valedzic သည် သူမ၏ကျောင်းသားများအား အမျိုးအစားအမျိုးမျိုးကွဲပြားသော သတ္တဝါနှင့် အပင်များက သဘာဝပတ်ဝန်းကျင်ကို ထိန်းညှိပေးသည်ဆိုသော ဇီဝမျိုးကွဲပညာ (biodiversity) ၏ကျယ်ပြန့်သည့် အမြင်အယူအဆတစ်ခုဖြစ်သည့် မျိုးစိတ်များကွဲပြားမှု (species diversity) အကြောင်းကို သင်ယူရန်အခွင့်အလမ်း ဖန်တီးပေးသည်။ ဆရာမသည် ကျောင်းဝင်းအတွင်းရှိ အဆင်ပြေလွယ်ကူသည့် မြေကွက်နှစ်ခုကိုလေ့လာရန် ရွေးချယ်သည်။ ထို့ပြင် အပင်များပေါက်သည့်နေရာကွဲပြားမှုနှင့် အမျိုးမျိုးသောအဖျက်အဆီးများက မျိုးစိတ်အမျိုးမျိုးကွဲပြားမှုကို မည်ကဲ့သို့ဖြစ်ပေါ်စေကြောင်း ကျောင်းသားများအား မြင်တွေ့စေသည်။

## ကြိုတင်သိမြင်ခြင်း

ဆရာမက ကျောင်းသားများအား ဇီဝမျိုးကွဲ (biodiversity) အကြောင်း တွေးမိသမျှကို ငါးမိနစ်ခန့်ရေးသားရန် ခိုင်းသည်။ "ဘယ်လိုနားလည်သဘောပေါက်ကြသလဲ" ဟု မေးသည်။


ကျောင်းသားများ ရေးနိုင်သမျှရေးကြသည်။ တချို့ကျောင်းသားများက အခြားကျောင်းသားများထက် ရေးစရာပိုရှိပုံရသည်။ ငါးမိနစ်ကြာပြီးနောက် ဆရာမက "ရေးထားတာတွေကို ဘယ်သူပြန်ပြောပြမလဲ" ဟုမေးသည်။ ကျောင်းသာအတော်များများက သူတို့ထင်မြင်ယူဆချက်များကို ပြောကြသည်။ ကျောင်းသားတစ်ဦးက ဒေသတစ်ခုတွင်နေထိုင်သော တိရိစ္ဆာန်အမျိုးအစားများကို ကိုးကား၍ ဇီဝမျိုးကွဲအကြောင်းကို ပြောသည်။

ကျောင်းသားတစ်ဦးက "ဇီဝမျိုးကွဲများအကြောင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်တယ်လို့ ကျွန်တော့်ကိုတွေးမိစေတယ်" ဟု ဖြည့်စွက်ပြောကြားသည်။

"ကောင်းတယ်" ဟုဆရာမကပြောသည်။ "ဒါကြောင့် ဇီဝမျိုးကွဲ (biodiversity) ဆိုတဲ့စကားလုံးကို အရေးကြီးတဲ့ အကြောင်းအရာတစ်ခုကို ဖော်ပြဖို့အသုံးပြုတာဖြစ်တယ်" ဟု ဆက်ပြောသည်။

အခြားကျောင်းသားများကလည်း သူတို့တွေးမိသမျှကို ပြောကြသည်။ ဆရာမကနားထောင်၍ ကျောင်းသားများပြောကြားစဉ်တွင် ကျိုးကြောင်းဆီလျော်မှုရှိမရှိ ကိုသာထိန်းညှိပေး၍ ကျောင်းသားများတင်ပြသော သဘောထားအမြင်အယူအဆများနှင့်ပတ်သက်၍ အသေးစိတ်ပြောကြားခြင်းမပြုပါ။

ထို့နောက် ဆရာမက ကျောင်းသားများအား ဇီဝမျိုးကွဲများ၏ အစိတ်အပိုင်းတစ်ရပ်ကို သူတို့ကိုယ်တိုင် လေ့လာရမည်ဖြစ်ကြောင်းပြောသည်။ ကျောင်းသား (၂၄) ယောက်ကို လေးယောက်စီအဖွဲ့များခွဲ၍ နမူနာစတုရန်း (sampling square) တစ်ခုနှင့် စာရွက် အချို့ပေးသည်။ နမူနာစတုရန်းကို သစ်သားချောင်းလေးချောင်းဖြင့်ပြုလုပ်ပြီး ပုံတွင်ပြထားသကဲ့သို့ အနားတစ်ဖက်လျှင် (၁) မီတာရှိသော စတုရန်းတစ်ခုဖြစ်အောင် ချည်နှောင်သည်။ ဆရာမက ကျောင်းသားများအား ရေးစရာတစ်ခုခုယူခဲ့ရန် ပြော၍ စာသင်ခန်းပြင်ပသို့ ဦးဆောင်ခေါ်သွားသည်။





## အသိပညာတည်ဆောက်ခြင်း

စာသင်ခန်းပြင်ပသို့ရောက်ပြီးနောက် ဆရာမက “ကျောင်းနောက်ဘက်က မြေနေရာနှစ်ခုမှာပေါက်နေတဲ့ အပင်မျိုးကွဲတွေကို ငါတို့ လေ့လာကြမယ်။ မင်းတို့ရှေ့မှာရှိတာက ဒို့ကျောင်းက လစဉ်ရိတ်ပစ်နေရတဲ့ မြက်တောကြီးပဲ။ မြက်တွေကတော့ တော်တော်လေးရှည်နေပြီ။ ဒါပေမယ့် ဒီနေရာမှာပေါက်နေတဲ့အပင်မျိုးကွဲအမျိုးမျိုးကို မင်းတို့တွေ့မြင်နိုင်တယ်။ ဒို့နမူနာအဖြစ်ကြည့်ကြမယ့် နောက်တစ်နေရာကတော့ တောထူထူပေါက်နေတဲ့ ကစားကွင်းဘေးက နေရာပဲ။”

ဆရာမက ကစားကွင်းနောက်ရှိ (၂၅)မီတာခန့်ကျယ်သော မြေကွက်တစ်ခုကို ညွှန်ပြသည်။ “ဒီနေရာက မင်းတို့လုပ်ရမယ့်နေရာပဲ။ ဒို့ရွေးချယ်သတ်မှတ်ထားတဲ့နေရာမှာ မင်းတို့ကိုင်ထားတဲ့ နမူနာစတုရန်း(sampling square) ကိုချနိုင်မယ့်မြေနေရာရှာပါ။ မင်းတို့လုပ်ရမှာက စတုရန်းကွက်ထဲမှာတွေ့တဲ့အပင်တွေကိုရေတွက်ဖို့နဲ့ အပင်အမျိုးအစားဘယ်နှစ်မျိုးတွေ့တယ်ဆိုတာ မှတ်သားရမယ်။ အပင်နာမည်ကဘာခေါ်တယ်ဆိုတာ ပြောဖို့မလိုသေးဘူး။ လုပ်ဖို့လိုတာက အပင်အမျိုးအစားဘယ်နှစ်မျိုးဆိုတာနဲ့ အရေအတွက်ဘယ်လောက်စီရှိတယ်ဆိုတာ သတ်မှတ်ထားဖို့ပဲ။ ဘာများမေးစရာရှိသေးလဲ။”

ကျောင်းသားများက သူတို့လုပ်ရမည့်အလုပ်ကို ရှင်းလင်းအောင် မေးကြသည်။

“ကောင်းပြီ။ မင်းတို့လေးယောက်အဖွဲ့တွေကို နှစ်ယောက်စီပြန်ခွဲပါ။ နှစ်ယောက်က ဒီမြက်တောမှာလုပ်ပါ။ နောက်နှစ်ယောက်က သစ်တောထဲမှာသွားလုပ်ပါ။ အပင်တွေရေတွက်လို့ပြီးရင် နှစ်စုပြန်ပေါင်းပါ။ နောက်ပြီး မင်းတို့ရဲ့ တွေ့ရှိချက်တွေကိုဖော်ပြဖို့ အနည်းဆုံး ပုံပြကားချပ် (graph) နှစ်ခုဆွဲရမယ်။

ဆရာမက ကျောင်းသားများအား ရရှိသောအချက်အလက်များကို ဇယားတစ်ခုကောင်းကောင်းဆွဲ၍ ဖော်ပြရန်သတိပေးသည်။ ကျောင်းသားများက သတ်မှတ်ရွေးချယ်ထားသည့်နေရာများတွင် အပင်များကို ရေတွက်ကြသည်။

ဆရာမက တစ်ဖွဲ့မှတစ်ဖွဲ့သို့လှည့်သွား၍ ကျောင်းသားများလုပ်ဆောင်နေသည့်အလုပ်နှင့်ပတ်သက်၍ မေးမြန်းသောမေးခွန်းများကို ဖြေသည်။ အပင်များရေတွက်၍ပြီးသောအခါ ကျောင်းသားများသည် အဖွဲ့လိုက်ပြန်စု၍ ရရှိသောအချက်အလက်များကို အကောင်းဆုံးပုံပြကားချပ်ဆွဲရန် တိုင်ပင်ကြသည်။ စာသင်ချိန်ကုန်ဆုံးသောအခါ ဆရာမက ပုံပြကားချပ်များကို နောက်တစ်နေ့စာသင်ချိန်တွင် အဆင်သင့်ဖြစ်စေရန် မှာကြားသည်။



## စုစည်းခြင်း

နောက်တစ်နေ့ စာသင်ချိန်တွင် ဆရာမက ကျောင်းသားများအား သတ်မှတ်သည့်နေရာတစ်ခုစီမှ ယေဘုယျ တွေ့ရှိချက်များကို ပြောကြားစေသည်။

ကျောင်းသူ Cecilia က မြက်တောထဲမှာ မျိုးတူအပင်တွေအများကြီးတွေ့ရ၍ အံ့သြကြောင်းပြောသည်။ “တခြားအပင်မျိုးကွဲတွေ အများကြီးထပ်တွေ့လိမ့်အုံးမယ်လို့ ကျွန်မမျှော်လင့်တယ်။”


နောက်ကျောင်းသားတစ်ဦးကလည်း သစ်တောနေရာတွင် အပင်မျိုးကွဲအများကြီးတွေ့ရ၍ အံ့သြကြောင်း ပြောသည်။

ဆရာမက ကျောင်းသားများ၏လေ့လာတွေ့ရှိမှုကို အားရကျေနပ်ကြောင်းပြောသည်။ “အခုမင်းတို့ပြောကြတဲ့ယူဆချက်တွေကို မင်းတို့ဆွဲခဲ့တဲ့ပုံပြကားချပ်တွေနဲ့ ဘယ်လိုတင်ပြကြမယ်ဆိုတာ ကြည့်ကြရအောင်။”


ကျောင်းသားများက သူတို့၏ပုံပြကားချပ်များကို လဲ၍ကြည့်ကြသည်။ အဖွဲ့တစ်ခုက အောက်ပါပုံပြကားချပ် နှစ်ခုကို တင်ပြသည်။

Cecilia က “ပထမပုံပြကားချပ်ဟာ မြက်ခင်းထဲက တွေ့ရှိချက်တွေဖြစ်ပါတယ်။ မျိုးကွဲအမှတ်(၅) မှာ အပင် (၂၀)တွေ့တယ်။ ဒါကြောင့် ဒီမျိုးကွဲကို ကိုယ်စားပြုဖော်ပြဖို့နဲ့ ကျွန်မတို့တွေ့တဲ့ တခြားမျိုးကွဲတွေနဲ့ ကွဲကွဲပြားပြား မြင်နိုင်ဖို့အတွက် ဒီလိုပုံပြကားချပ်ဆွဲဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ဒုတိယပုံကတော့ သစ်တောထဲကတွေ့ရှိချက်တွေ

မြက်တော




သစ်တော



ဖြစ်ပါတယ်။ အံ့သြစရာကောင်းတာကတော့ အမျိုးအစားတစ်ခုစီမှာ (၅)ပင်စီတွေ့တယ်။''

''ဒါဆိုရင် ဘယ်ဘက်ကပိုပြီး မျိုးကွဲတွေများတယ်လို့ ထင်သလဲ''။ ဟုဆရာမက မေးသည်။

Cecilia က ''ကျွန်မ မသိပါဘူး'' ဟုဖြေသည်။

Cecilia တို့၏အဖွဲ့မှကျောင်းသားတစ်ဦးဖြစ်သော Lars က ဤသို့ပြောကြားသည်။ ''မြက်တောထဲမှာ မျိုးကွဲတွေပိုများမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မျိုးကွဲအရေအတွက်တူပေမယ့် မျိုးကွဲအမှတ် (၅) က အပင်ပိုများတာတွေ့တယ်။ မျိုးကွဲတစ်ခုစီမှာတွေ့တဲ့အပင်အရေအတွက်က ပိုပြီးအရေးကြီးတယ်လို့ထင်ပါတယ်''။

''ကောင်းတယ်။ ဒါပေမယ့် မြက်တောမှာမျိုးကွဲအမှတ် ၂၊ ၃ နဲ့ ၄ တို့က အပင်အရေအတွက် ပိုနည်းနေတာတွေ့တယ်။ အပင်တွေအမျိုးအစားကွဲပြားမှု (species diversity) ဆိုတာ အမျိုးအစားတစ်ခုက အပင်အများကြီးရှိတာကို ဆိုလိုသလား။ ဒါမှမဟုတ် မျိုးကွဲအရေအတွက်အများကြီးရှိတာကို ဆိုလိုသလား'' ဟု ဆရာမက မေးသည်။

''နှစ်ခုစလုံးကို ဆိုလိုတယ်လို့ထင်ပါတယ်'' ဟု Anthony က ဖြေသည်။

''မှန်ပါတယ်'' ဟုဆရာမကပြောသည်။ ''အမျိုးအစားကွဲပြားမှု (species diversity) ဆိုတာ သတ်မှတ်ထားတဲ့နေရာတစ်ခုမှာတွေ့ရှိရတဲ့သက်ရှိတွေရဲ့ အမျိုးအစားရော၊ စုစုပေါင်းအရေအတွက်ကိုရော ကိုယ်စားပြုဖော်ပြတာဖြစ်တယ်။ သက်ရှိရဲ့အရွယ်အစား (သို့မဟုတ်) အရေးပါမှုနဲ့ပတ်သက်လို့တော့ ခွဲခြားမှုမရှိပါဘူး။ ပိုပြီးအရေးကြီးတာက အမျိုးအစားကွဲပြားမှုကို အစိတ်အပိုင်းနှစ်ခုအဖြစ် မှတ်ယူထားကြတယ်။ ပထမတစ်ခုက သတ်မှတ်ထားတဲ့နေရာဒေသတစ်ခုမှာရှိတဲ့ မျိုးကွဲအရေအတွက်ဖြစ်တယ်။ ဒါကို မျိုးကွဲကြွယ်ဝမှု (species richness) လို့ခေါ်တယ်။ ဒုတိယတစ်ခုက ဒေသတစ်ခုမှာရှိတဲ့မျိုးကွဲတစ်ခုစီရဲ့ အရေအတွက်ကွာခြားမှုဖြစ်တယ်။ ဒါကို မျိုးကွဲပြေပြစ်မှု(species eveness) လို့ခေါ်တယ်။ ပြေပြစ်မှု (eveness) ဆိုတာ ဒေသတစ်ခုမှာရှိတဲ့အမျိုးအစားတစ်ခုစီမှာ အရေအတွက်ဘယ်လောက်ရှိတယ်ဆိုတာ ဖော်ပြတယ်။ ဒီအပိုင်းဟာ မျိုးကွဲတွေထဲကတစ်ခုက အခြားမျိုးကွဲများထက် အရေအတွက်ပိုနည်းသလား၊ ပိုများသလား ဆိုတာကိုဖော်ပြတယ်။ ဒီလိုခွဲခြားဖော်ပြမှုကို မှတ်သားထားပါ။ ဇီဝမျိုးကွဲ (biodiversity) ဟာဘာလဲဆိုတာကို တိတိကျကျဖော်ထုတ်ဖို့ ဒီအချက်အလက်တွေကို အခြေခံအဖြစ်အသုံးပြုကြမယ်။''

ဆရာမက ကျောင်းသားများ၏ဆွေးနွေးမှုကို ဦးဆောင်မှုပေးသည်။ ဆွေးနွေးမှုမှာ မြက်တောတွင် အနှောင့်အယှက်အတားအဆီးများ မကြာခဏဖြစ်မှု (မြက်များကို အချိန်မှန်မှန်ရိတ်ပစ်ခြင်း)သည် ထိုနေရာတွင် မျိုးကွဲတစ်ခုတည်းကလွှမ်းမိုးမှုကို ဦးတည်စေသလားဟူ၍ ဖြစ်ပါသည်။ ''ဒီမြက်အမျိုးအစားဟာ ဒီနေရာမှာရှိတဲ့ အခြားမျိုးကွဲတွေထက် မကြာခဏဆိုသလို ရိတ်ဖြတ်ခံရတာကို ခံနိုင်ရည်ရှိနေပုံရတယ်''။ ဆရာမက ကျောင်းသားများမေးမြန်းသည်ကို စာသင်ချိန်ကုန်သည်အထိ ဖြေကြားသည်။

## ရှင်းပြခြင်းနှင့်ဆွေးနွေးခြင်း

ကြိုတင်သိမြင်မှုအပိုင်းတွင် ဆရာမက ကျောင်းသားများကို ဇီဝမျိုးကွဲအကြောင်းအလွတ်စာရေးနည်းကိုပြုလုပ်စေသည်။ ဤသို့လုပ်ခြင်းဖြင့် ကျောင်းသားများသည် ဤအကြောင်းအရာနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားရန်နှင့် စာရေးရန်အခွင့်ကောင်းတစ်ခုကို ရရှိစေသည်။ ကျောင်းသားများ၏ရေးသားချက်များသည် ဆရာမအတွက်လည်း သူမ၏ကျောင်းသားများ ဤဘာသာရပ်အကြောင်း ကြိုတင်သိရှိထားချက်များကို အကဲခတ်စေလိမ့်မည်။ ရှေ့လာမည့်သင်ခန်းစာများအတွက်လည်း အာရုံပြုစရာဖြစ်လိမ့်မည်။ ကျောင်းသားများက ဇီဝမျိုးကွဲအကြောင်း သူတို့၏ထင်မြင်ယူဆချက်များကိုမျှဝေကြသည်။ ဆရာမကလည်း ကျောင်းသားများ၏ထင်မြင်ယူဆချက်များကို သက်ရှိမျိုးကွဲများနှင့်ပတ်သက်သော ထိုနေ့သင်ခန်းစာအတွက်အာရုံစိုက်ရန် အသုံးပြုသည်။

အသိပညာတည်ဆောက်မှုအပိုင်းတွင် ဆရာမက ကျောင်းသားများ၏လေ့လာစူးစမ်းမှုအတွက် အာရုံပြုထားသော မေးခွန်းများမေးသည်။ ဆရာမက အသုံးပြုရမည့်ပစ္စည်းနှင့် အခြေခံလမ်းညွှန်ချက်များကို ပေးသည်။ သို့ရာတွင် တွေ့ရှိချက်များကို ပုံပြကားချပ်ဆွဲ၍ဖော်ပြရာ၌ အဖွဲ့လိုက်လိုအပ်သလိုဆောင်ရွက်စေသည်။ ကျောင်းသားများသည် အချက်အလက်များကို ကောက်ယူနေစဉ်တွင် ဆရာမက တစ်ဖွဲ့မှတစ်ဖွဲ့သို့လှည့်လည်သွားလာသည်။ ကျောင်းသားများအား ဇယားဖြင့်ကောက်ယူရရှိထားသော အချက်အလက်များကို စုစည်းရန်အကြံပေးသည်။ သို့ရာတွင် ရေးဆွဲမည့်

ပုံစံကိုမှုပြောပြခြင်းမရှိ။ ဤနည်းသည် ကျောင်းသားများအားတာဝန်အပ်နှင်းပြီး သူတို့၏လုပ်ဆောင်ချက်များသည် သူတို့၏ကိုယ်ပိုင်ဖြစ်သည်ဟူသော အသိကိုပေးသည်။

စုစည်းခြင်းအပိုင်းတွင် ဆရာမက ကျောင်းသားများအား နေရာနှစ်ခုမှယေဘုယျတွေ့ရှိချက်များကို မျှဝေစေသည်။ ဆရာမက အဖွဲ့တစ်ဖွဲ့အား နေရာနှစ်ခုကြားကွဲပြားခြားနားမှုကိုဖော်ပြရန် ရေးဆွဲထားသောပုံပြကားချပ်များကို တင်ပြခိုင်းသည်။ ကျောင်းသားများ သူတို့၏ပုံပြကားချပ်များကိုတင်ပြနေစဉ် ပုံပြကားချပ်များ၏အဓိပ္ပါယ်ကို ဆွေးနွေးစေသည်။ ဆရာမက မေးခွန်းများမေးသည်။ ထိုမေးခွန်းများသည် ပုံပြကားချပ်များကဖော်ပြသော ယေဘုယျနားလည်မှုများကို တည်ဆောက်ရန်အကူအညီပေးသည်။ ကျောင်းသားတစ်ဦးက မျိုးကွဲအရေအတွက်နှင့် မျိုးကွဲတစ်မျိုးစီတွင် ပါဝင်သောအပင်အရေအတွက် နှစ်မျိုးစလုံးအရေးကြီးသည်ဟု ထောက်ပြသောအခါ ဆရာမက ဤအခြေအနေကို မျိုးစိတ်ကွဲပြားမှု (ကြွယ်ဝမှုနှင့်ပြေပြစ်မှု) ၏ ကဏ္ဍအသီးသီးအတွက် ပို၍တိကျသည့်အဓိပ္ပါယ်ဖော်ပြချက်ကိုပေးရန် အခွင့်အလမ်းအဖြစ်အသုံးပြုသည်။ ဆရာမက ကျောင်းသားများအား အဆိုပါသိမြင်မှုသည် ကျယ်ပြန့်သည့်ဇီဝမျိုးကွဲ (biodiversity) ဆိုင်ရာသိမြင်မှုတွင် ပါဝင်ကြောင်းအသိပေးသည်။ ထို့ပြင် အဆိုပါသိမြင်မှုကို ပို၍အသေးစိပ်စွာလေ့လာကြမည်ဖြစ်ကြောင်းပြောသည်။ ဇီဝမျိုးကွဲများသည် နေရာဒေသနှစ်ခုတွင် အဘယ့်ကြောင့် ကွဲပြားလျက်ရှိကြောင်း ဆရာမ၏အကျဉ်းချုပ်ဖော်ပြချက်သည် ကျောင်းသားများအား မေးခွန်းများပို၍မေးရန်နှင့် နောက်ထပ်လေ့လာစူးစမ်းမှုများကို ဦးတည်သွားရန်ရည်ရွယ်သည်။

## ဘာသာရပ်၏ရည်မှန်းချက်

- ❖ အဓိပ္ပါယ်ရှိသော သိပ္ပံဆိုင်ရာလေ့လာစူးစမ်းမှုတွင် ကျောင်းသားများကိုပါဝင်စေသည်။
- ❖ တကယ့်အခြေအနေတွင် လေ့လာစူးစမ်းခြင်းဖြင့် အသိသစ်ကိုရရှိစေသည်။
- ❖ ကျောင်းသားများကိုယ်တိုင်စီမံသော၊ လက်တွေ့လုပ်ဆောင်ရသော၊ တက်ကြွသော၊ စုပေါင်းဆောင်ရွက်ရသော အခြေအနေတွင် သင်ယူစေသည်။
- ❖ လေ့လာစူးစမ်းမှုကို အခြေခံသောသင်ကြားနည်းစနစ်များကို အသုံးပြုသည်။
- ❖ သိပ္ပံပညာသည် ကမ္ဘာကြီးအားရှုမြင်၊ နားလည်တတ်စေသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ကျောင်းသားများအားသိစေရန် အထောက်အကူဖြစ်သည်။

## ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်းသည် အထက်ပါရည်မှန်းချက်များကို မည်သို့ ရောက်ရှိစေသနည်း။

- ❖ ကျောင်းသားများကိုယ်တိုင် အဓိပ္ပါယ်ဖွင့်ဆိုကြသည်။
- ❖ ကျောင်းသားများ မေးခွန်းမေးသည်။ လိုအပ်သော အချက်အလက်အထောက်အထားများကို စုဆောင်းသည်။ အချက်အလက်အထောက်အထားများကို ခွဲခြမ်းစိတ်ဖြာသည်။ ရလဒ်များအတွက် ကျိုးကြောင်းဆီလျော်သော ရှင်းလင်းတင်ပြမှုကို လုပ်သည်။
- ❖ ဆရာ၏လမ်းညွှန်မှုနှင့် သူတို့ကိုယ်ပိုင်နည်းလမ်းများကို အသုံးပြု၍ တကယ့်အခြေအနေတွင် ပြဿနာများကို ဖြေရှင်းသည်။
- ❖ ဆရာက ကူညီမှုအဆင့်အမျိုးမျိုး၊ လမ်းညွှန်မှုနှင့် ပြဿနာ၏ဖွဲ့စည်းမှု (သို့မဟုတ်) လေ့လာစူးစမ်းမည့်မေးခွန်းကိုပေးသည်။

## သိပ္ပံဘာသာရပ်တွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်း

သိပ္ပံဆိုင်ရာလေ့လာစူးစမ်းမှုသည် ကျောင်းသားများနှင့်သိပ္ပံပညာဆိုင်ရာအသိပညာကို ဆက်သွယ်ပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်လမ်းသည် ကျယ်ပြန့်သည့်အယူအဆများနှင့် အဓိကအကြောင်းအရာတို့ကို လေ့လာစူးစမ်းမှုတွင် ကျောင်းသားများအား တက်ကြွစွာပါဝင်စေသည်။ ဤဖော်ပြချက်သည် ဆရာများကို

ကျောင်းသားများ၏လေ့လာစူးစမ်းမှုအတွက် ကူညီသည့်လမ်းညွှန်သူများအဖြစ် ပါဝင်စေသည်။ ကျောင်းသားများအား မေးထားသည့် မေးခွန်းများ၊ နည်းလမ်းများ၊ အချက်အလက်များကို အဓိပ္ပါယ်ရှိအောင်ဖော်ပြမှုများတွင် ကိုယ်ပိုင်ဖြစ်စေရန် အားပေးသည်။ ဤအတွေ့အကြုံမျိုးသည် လက်တွေ့လေ့လာခြင်းအားဖြင့် သိပ္ပံဆိုင်ရာဖြစ်စဉ်ကို နားလည်မှုတည်ဆောက်ရန်နှင့် သိပ္ပံကိုအသုံးပြုရန် ကျောင်းသားများအား အထောက်အကူပေးသည်။

## ဘာသာရပ်အထူးပြုသင်ကြားခြင်းနည်းဗျူဟာများ

| ကြိုတင်သိမြင်ခြင်း – သိပ္ပံဘာသာအတွက် နည်းဗျူဟာများ | |
|---|---|
| နည်းဗျူဟာ | နမူနာ |
| အမြန်ရေးခြင်း | ဇီဝမျိုးကွဲ၏အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုကို ရေးပါ။ |
| ဝေါဟာရဖွင့်ဆိုချက်မြေပုံ | ဇီဝမျိုးကွဲ၏သဘောတရားအတွက် ဝေါဟာရဖွင့်ဆိုချက် မြေပုံတစ်ခုဆောက်ပါ။ |

| အသိပညာတည်ဆောက်ခြင်း– သိပ္ပံဘာသာအတွက်နည်းဗျူဟာများ | |
|---|---|
| နည်းဗျူဟာ | နမူနာ |
| သိပြီး–သိလို–သိလာဇယား | ဇီဝမျိုးကွဲအကြောင်း ဘာသိသလဲ။<br>အဲ့ဒီအကြောင်း ဘာသိချင်လဲ။<br>အဲဒီအကြောင်း ဘာသိလိုက်ရသလဲ။ |
| ဗင်ဇယား | ဂဏန်းများကို အမျိုးအစားခွဲ၍ ဗင်ဇယားကို အသုံးပြုပါ။ အစဉ်လိုက်ကိန်း၊ သဘာဝကိန်း၊ စိတ်ကူးသက်သက်သာသာဖြစ်သောကိန်း စသည် |
| ဂျစ်ဆောနည်း (စုပေါင်းသင်ယူခြင်း) | အုပ်စုငယ်တွင် (၁၀) မိနစ်ခန့်ဆောင်ရွက်ပြီးနောက် အဖွဲ့ငယ်တစ်ခုစီမှ တစ်ယောက်သည် အခြားအဖွဲ့သို့သွား၍ သူတို့၏အဖွဲ့တွင် ဆွေးနွေးချက်များကို မျှဝေသည်။ တစ်ခါတစ်ရံ မူလအဖွဲ့မှ တစ်ယောက်ထက်ပို၍သွားကြသည်။ |

| စုစည်းခြင်း– သိပ္ပံဘာသာအတွက် နည်းဗျူဟာများ | |
|---|---|
| နည်းဗျူဟာ | နမူနာ |
| ပုစ္ဆာအသစ် | ရပ်ရွာထဲရှိစမ်းချောင်း (သို့မဟုတ်) ရေကန်အတွင်းရှိ သက်ရှိမျိုးကွဲများကို လေ့လာရန်နည်းလမ်းတစ်ခုကို ရေးဆွဲပါ။ |



# ၄။ အနုပညာဘာသာရပ်တွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်း

## အကျဉ်းချုပ်ဖော်ပြချက်– စာပေဖြင့်ဖော်ပြထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုသင်ကြားရန် ပြဇာတ်ကိုအသုံးပြုခြင်း



## ကြိုတင်သိမြင်ခြင်း

ဆရာမ Ms.Martinez သည် သူမ၏ကျောင်းသားများအား စာရွက်အပိုင်းတစ်ခုထုတ်စေ၍ သူတို့ကို (သို့မဟုတ်) သူတို့၏သူငယ်ချင်းများကို ထိတ်လန့်စေသောဇာတ်ကောင်များ (တကယ့်ဇာတ်ကောင်ဖြစ်စေ၊ စိတ်ကူးထဲမှဇာတ်ကောင်ဖြစ်စေ)အား ရေးမှတ်ရန်ခိုင်းသည်။

ထို့နောက်ဆရာမက အဋ္ဌမတန်းကျောင်းသားများအား ဘာမထီဆိတ်သုံးကောင်(The Three Billy Goats Gruff) ပုံပြင်ကို ဖတ်ပြသည်။ ဆိတ်သိုးသုံးကောင်ပုံပြင်သည် Aarne Thompson ရေးသားပြီး D.L Ashliman ဘာသာပြန်ဆိုတည်းဖြတ်ထားသော နော်ဝေးလူမျိုးတို့၏ရိုးရာပုံပြင်တစ်ပုဒ်ဖြစ်သည်။ ကျောင်းသားများအလိုရှိပါက ပေးနိုင်ရန်ပုံပြင်ကို မိတ္တူများကူးထားသည်။

### ဘာမထီဆိတ်သုံးကောင်

ဟိုးရှေးရှေးတုန်းက ဆိတ်သိုးသုံးကောင်ဟာ တောင်ကုန်းပေါ်သွားပြီးအစာရှာဖို့ ထွက်ခွာလာကြတယ်။ သူတို့သုံးကောင်ကို ''ဘာမထီဆိတ်တွေ'' လို့ခေါ်ကြတယ်။

သူတို့သွားမယ့်လမ်းမှာ တသွင်သွင်စီးနေတဲ့စမ်းချောင်းကလေးကိုဖြတ်ကျော်ဖို့ တံတားတစ်ခုရှိတယ်။ အဲ့ဒီတံတားအောက်မှာ အကောင်ကြီးကြီးအရုပ်ဆိုးဆိုး တစ္ဆေကြီးတစ်ကောင်နေတယ်။ တစ္ဆေကြီးရဲ့မျက်လုံးက ပန်းကန်ပြားလောက်ကြီးပြီး နှာခေါင်းက မီးထိုးတဲ့သံချွန်ကြီးလိုပဲရှည်တယ်။

ပထမဦးဆုံး အငယ်ဆုံးဆိတ်သိုးကလေးက တံတားကိုဖြတ်တယ်။ တံတားက ''တဂွီ ဂွီ'' နဲ့အသံမြည်တာပေါ့။

''ဟေ့ တံတားကို တဂွီဂွီလုပ်နေတာ ဘယ်ကောင်လဲကွ'' တစ္ဆေ ကြီးက ကြုံးဝါးလိုက်တယ်။

''ကျွန်တော်ပါ ခင်ဗျာ'' အငယ်ဆုံးဆိတ်သိုးလေးက ဖြေတယ်။ ''ကျွန်တော်တောင်ပေါ်သွားပြီး အစာရှာမလို့ပါ'' ဆိတ်သိုးလေးက အသံသေးသေးလေးနဲ့ဖြေတယ်။

''ငါမင်းကို ဝါးစားပစ်မယ်'' လို့တစ္ဆေကြီးက ပြောတယ်။

''မလုပ်ပါနဲ့ခင်ဗျာ။ ကျွန်တော်က သိပ်ပြီးငယ်ပါတယ်။ ခဏနေရင် နောက်ထပ်ဆိတ်သိုးတစ်ကောင်လာပါလိမ့်မယ်။ သူက ကျွန်တော့်ထက် အကောင်ကြီးပါတယ်'' လို့ ဆိတ်သိုးလေးကပြောတယ်။

'ကောင်းပြီ ၊ မင်းသွားနိုင်ပြီ' ဆိုပြီး တစ္ဆေကြီးက သွားခွင့်ပေးတယ်။

ခဏကြာတော့ ဒုတိယဆိတ်သိုးတစ်ကောင် တံတားကို ဖြတ်လာတယ်။ ''ဂွီဂွီ ဂွီဂွီ'' နဲ့မြည်ပြန်တာပေါ့။

''ဟေ့ တံတားကို တဂွီဂွီ လုပ်နေတာဘယ်ကောင်လဲကွ'' လို့ တစ္ဆေကြီးက ကြုံးဝါးလိုက်တယ်။

''ကျွန်တော် ဒုတိယဆိတ်သိုးပါခင်ဗျာ။ ကျွန်တော်တောင်ပေါ်မှာ အစာသွားရှာမလို့ပါ'' သူရဲ့အသံက အသံသေးသေးလေးတော့ မဟုတ်ဘူး။

''ငါမင်းကို ဝါးစားပစ်မယ်'' လို့ တစ္ဆေကြီးကပြောတယ်။

''မလုပ်ပါနဲ့ ခင်ဗျာ။ ခဏနေရင်ဆိတ်သိုးကြီးလာပါလိမ့်မယ်။ သူက ကျွန်တော့်ထက် အကောင်ကြီးပါတယ်''။

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ"လို့ တစ္ဆေကြီးက သွားခွင့်ပေးလိုက်ပြန်တယ်။

ခဏကြာတော့ဆိတ်သိုးကြီးရောက်လာတယ်။ တံတားကိုလည်းဖြတ်ရော တံတားကမြည်ပြန်ရော။ သူ့ခန္ဓာကိုယ်ကကြီးတော့ တံတားက "ဂျိန်းကနဲ ဂျိုင်းကနဲ" မြည်တာပေါ့။

"ဟေ့ အပေါ်က ဆူဆူညံညံလျှောက်နေတာ ဘယ်ကောင်လဲကွ"တစ္ဆေကြီးက ကြုံးဝါးလိုက်တယ်။

"ငါကွ။ ဘာမထီဆိတ်သိုးကြီးပဲ" ဆိုပြီး လည်ချောင်းကွဲသံကြီးနဲ့ ပြန်ပြောလိုက်တယ်။

"ငါမင်းကို ဝါးစားမယ်" လို့ တစ္ဆေကြီးက ကြုံးဝါးပြန်တယ်။

"ကောင်းပြီ တက်လာခဲ့။ ငါ့မှာလှံနှစ်ချောင်းပါတယ်။ မင်းမျက်လုံးကို နားရွက်ကနေ ပေါက်ထွက်အောင်ထိုးလိုက်မယ်။ ငါ့ဆီမှာ ကျောက်တုံးကြီးနှစ်လုံးလည်းပါတယ်။ မင်းရဲ့အရိုးတွေအသားတွေကို တစ်စစီဖြစ်အောင် ထုပစ်မယ်"။

အဲဒါတွေကတော့ ဆိတ်သိုးကြီးပြောလိုက်တဲ့ စကားလုံးတွေပဲ။ ပြီးတော့ အပေါ်တက်လာတဲ့ တစ္ဆေကြီးဆီကို တဟုန်ထိုးပြေးပြီး သူ့ရဲ့ဂျိုနဲ့ မျက်လုံးကိုထိုးဖောက်လိုက်တယ်။ သူ့ရဲ့ခွာနဲ့ အရိုးတွေအသားတွေကျေကုန်အောင်ကြိတ်ထည့်လိုက်ပြီး စမ်းချောင်းထဲကို ကန်ချလိုက်တယ်။ ပြီးတော့ တောင်ကုန်းပေါ်ကို တက်သွားတယ်။ ဆိတ်သုံးကောင်ဟာ ဝလွန်းတာကြောင့် အိမ်ပြန်ဖို့အခက်ကြုံရပြန်တယ်။ အင်း အဆီသာကျမသွားဘူးဆိုရင် သူတို့ကတော့ ဝပြီးရင်း ဝရင်း ပါပဲ။

ပုံပြင်လေးကတော့ ဒါပါပဲ။

---

(Source: Asbjørnsen n.d,no.37,275-276)

## အသိပညာတည်ဆောက်ခြင်း

ကျောင်းသားများက ငါးယောက်စီတွဲကြသည်။ "ဆိတ်သုံးကောင်အကြောင်း ဒို့ပြန်ပြီးသရုပ်ဖော်ကြမယ်။ ဒါပေမယ့် ဇာတ်လမ်းကို ခေတ်ပေါ်လှည့်ကွက်အဖြစ်ပြောင်းပြီး သုံးကြမယ်။ ကြောက်စရာကောင်းတယ်လို့ စာရင်းလုပ်ထားတဲ့ဇာတ်ကောင်တွေကို မင်းတို့ဆွေးနွေးကြပါ။ မင်းတို့ကမယ့် ပြဇာတ်မှာ ဘယ်ဇာတ်ကောင်ကို တစ္ဆေအဖြစ်ထားမယ်ဆိုတာကို အတူတကွဆုံးဖြတ်ကြပါ။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် အချိန်ရမယ်။ ဘယ်သူက ဇာတ်ကြောင်းပြောမလဲ။ ဘယ်သူတွေက ဆိတ်သုံးကောင်အဖြစ်သရုပ်ဆောင်မလဲ။ ဘယ်သူက တစ္ဆေလုပ်မလဲ ရွေးချယ်ကြပါ။ တစ္ဆေကြီးနဲ့ဆိတ်သုံးကောင်ပြောတဲ့စကားတွေကိုလည်း ပိုကောင်းအောင်လုပ်ချင်လုပ်နိုင်တယ်။ ဇာတ်လမ်းအဆုံးသတ်ကိုလည်း မင်းတို့ရဲ့ရည်ရွယ်ချက်နဲ့ကိုက်အောင် ပြောင်းနိုင်တယ်။ အချိန်ပိုရင် ပြောရမယ့်စကားတွေကို လေ့ကျင့်ကြပါ။"

ကျောင်းသားများသည် ဇာတ်ကောင်များကို ဆွေးနွေးကြပြီး အကောင်းဆုံးဇာတ်လမ်းတိုတစ်ပုဒ်တင်ဆက်ရန် ဆုံးဖြတ်ကြသည်။ တစ်ဖွဲ့က ညှို့ခါတ်ပြင်းသော မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ဦးကို တစ္ဆေအဖြစ်လည်းကောင်း၊ အခြားတစ်ဖွဲ့က ကျောင်းဝန်းထဲမှ ဗိုလ်ကျသူတစ်ဦးကို တစ္ဆေအဖြစ်လည်းကောင်း၊ နောက်တစ်ဖွဲ့က သမိုင်းစာအုပ်ထဲမှ ပုဂ္ဂိုလ်တစ်ဦးကို တစ္ဆေအဖြစ်လည်းကောင်း သရုပ်ဆောင်ရန် ဆုံးဖြတ်ကြသည်။ စတုတ္ထအဖွဲ့ကဘောလုံးနည်းပြတစ်ဦးကို တစ္ဆေအဖြစ်လည်းကောင်း၊ ပဉ္စမအဖွဲ့က လောဘကြီးသောတစ္ဆေကြီးကိုလည်းကောင်း အသုံးပြုကြသည်။

အဖွဲ့အသီးသီးက ပြဇာတ်တိုများကို ကပြကြပြီး လက်ခုပ်သြဘာသံများဖြင့် အားပေးကြသည်။

## စုစည်းခြင်း

ဆရာက တစ်တန်းလုံးကို သူတို့၏မူလနေရာသို့ ပြန်လာရန်ခေါ်ပြီး၊ နှစ်ယောက်တစ်တွဲစီက သရုပ်ဆောင်ခဲ့ပြီးသောအဖွဲ့များ၏ ကွဲပြားခြားနားချက်များကို ပြုစုခိုင်းသည်။ အဆိုပါ နှစ်ယောက်တွဲဆွေးနွေးမှုများကို တစ်တန်းလုံးသို့ ပြန်လည်တင်ပြကြသည်။ ကျောင်းသားများသည် ဇာတ်ကောင်၊ ဇာတ်လမ်းနောက်ခံအပြင်အဆင်၊ သရုပ်ဆောင်ချက်များနှင့် ဇာတ်ဝင်ပစ္စည်းများတွင် အပြောင်းအလဲများ လုပ်ခဲ့ကြကြောင်း သတိပြုမိကြသည်။ နိဂုံးမချုပ်နိုင်သော်လည်း

နှစ်ဖက်စလုံးသည် သူတို့၏ရပ်တည်ချက်အတွက် သက်သေအထောက်အထားနှင့် အချေအတင်ဆွေးနွေးကြပြီး၊ ရည်ရွယ်ချက်တွင် အပြောင်းအလဲရှိ မရှိဆိုသည့် အသက်ဝင်သောဆွေးနွေးပွဲတစ်ခု ဖြစ်ပေါ် လာသည်။ ကျောင်းသား တစ်ဦးက ဇာတ်လမ်းတိုများ၏ အသံသရုပ်ဖော်မှုအပိုင်း၌ ကွဲပြားခြားနားမှုများရှိကြောင်း မိတ်ဆက်ပြောကြားသည်။ ဆရာမက ထိုအကြောင်းကို ထပ်မံစဉ်းစားစေလိုကြောင်းနှင့် နောက်တစ်နေ့တွင် ဆက်လက်ဆွေးနွေးကြမည် ဖြစ်ကြောင်းပြောသည်။

အနုပညာဘာသာရပ်တွင် အကဲဖြတ်စစ်ဆေးခြင်းသည် ကျောင်းသားများ၏ပါဝင်မှု၊ ပတ်သက်မှုနှင့် ကိုယ်ပိုင်ဟန်တို့အပေါ်အခြေခံသည်။ ဆိုလိုသည်မှာကျောင်းသားများသည် စိတ်ဝင်စားစွာပါဝင်သရုပ်ဆောင်ခြင်း (သို့မဟုတ်) ဇာတ်လမ်း၏စာသားများကို အံ့သြဖွယ်တုံ့ပြန်ခြင်းအပေါ် တည်သည်။ ဤနည်းအတိုင်းပင် ကျောင်းသားတစ်ဦးသည် ပါဝင်ခြင်းမရှိဘဲ ဘေးထွက်နေခြင်း၊ တခြားကျောင်းသားများ၏တင်ပြချက်များကို လှောင်ပြောင်ခြင်းပြုလျှင်အမှတ် လျော့သည်။ ကျောင်းသားတစ်ဦးသည် တစ္ဆေအဖြစ်သရုပ်ဆောင်သောအခါ တစ္ဆေနှင့်ပတ်သတ်သော နောက်ခံ တေးဂီတကိုသီဆိုလျှင် အမှတ်ပိုရသည်။

ဤသင်ခန်းစာတွင် ဆရာသည် သတင်းအချက်အလက်များကို စုဆောင်းထားရှိရမည်။ ကျောင်းသားများက အနုပညာဖန်တီးမှုတစ်ခုတွင် ပါဝင်သရုပ်ဆောင်သည်ဆိုခြင်းထက် တစ်ဦးချင်း၏ အနုပညာဖန်တီးမှုစွမ်းရည်ကို ခွဲခြမ်းစိတ်ဖြာနိုင်ရမည်။ ကျောင်းသားများ ကောင်းစွာခွဲခြမ်းစိတ်ဖြာနိုင်မှသာ ဆရာက လိုအပ်သောသတင်းအချက်အလက်များကို ကောင်းစွာစုဆောင်းနိုင်သည်။

## ရှင်းပြချက်

ကြိုတင်သိမြင်ခြင်းအပိုင်းတွင် ကျောင်းသားများသရုပ်ဆောင်မှုကို ပြင်ဆင်ရန် (၁)ကြောက်စရာကောင်းသူများကို ရှာဖွေစေခြင်းနှင့် (၂)သရုပ်ဆောင်တင်ဆက်ရာတွင် နောက်ခံအဖြစ်အသုံးပြုမည့် ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ပြခြင်းတို့ကို ပြုလုပ်၍ ဇာတ်လမ်းတင်ဆက်နိုင်ရန် အခြေအနေပေးသည်။ စုစည်းခြင်းအပိုင်းတွင် ကျောင်းသားများ ပြဇာတ်တိုအမျိုးမျိုးကို ဆွေးနွေးစဉ် သူတို့သင်ယူပြီးခဲ့သော ဇာတ်လမ်း၏အဓိကအချက်များကို အသုံးပြုနိုင်ခြင်းရှိ မရှိ ကြည့်ရှုစစ်ဆေးရမည်။

## အနုပညာဘာသာရပ်သင်ကြားခြင်းရည်ရွယ်ချက်

ကျွန်ုပ်တို့တွင် စွမ်းရည်အမျိုးမျိုးရှိကြောင်း Howard Gardner နှင့် အခြားပညာရှင်များက တင်ပြခဲ့ကြသည်။ လောကတွင် အဆိုပါဖြစ်တည်မှုနှင့် သင်ယူမှုနည်းလမ်းများကို စာသင်ကျောင်းများက လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

အနုပညာဆိုင်ရာပညာရေး (arts education) ၏ရည်မှန်းချက်သည် တစ်ဦးချင်း၏ခံစားချက်ထုတ်ဖော်မှုကို ခွင့်ပြုရန်ဖြစ်သည်။ သို့သော် အခြားသူများ၏သရုပ်ဆောင်တင်ပြချက်များအပြင် အနုပညာရှင်များနှင့်ပရိသတ်တို့၏ အဆုံးအဖြတ်များအား ခွဲခြမ်းစိတ်ဖြာကြည့်ရှုခြင်းတို့မှ အကျိုးရရှိစေသောနည်းလမ်းကိုလည်း ခွင့်ပြုရန်ဖြစ်သည်။ ဤယူဆချက်အရ ကောင်းသောအနုပညာအစီအစဉ်တစ်ခုသည် –

- စွန့်စားလုပ်ဆောင်သော ကျောင်းသားများကိုအားပေးကူညီသည်။
- အတတ်ပညာများကို အားပေးသည်။ သို့ရာတွင် တီထွင်ဖန်တီးမှုကို မထိခိုက်စေရ။
- အနုပညာထုတ်လုပ်မှုများနှင့် ထုတ်လုပ်ခြင်းအပေါ် ဆွေးနွေးမှုကို အားပေးသည်။
- အနုပညာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရင်း ဆည်းပူးရရှိထားသော အသိပညာကိုအသိအမှတ်ပြုရန် ကျောင်းသားများကို ကူညီသည်။
- အနုပညာကို အလေးပေးသောအသိုင်းအဝိုင်းအတွင်း တိုးတက်ဖြစ်ထွန်းလာရန် အခွင့်အလမ်းများပေးသည်။


## ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်းသည် အဆိုပါရည်မှန်းချက်များကို မည်ကဲ့သို့ ရောက်ရှိစေသနည်း။

- ❖ ကျောင်းသားများကို ရွေးချယ်ခွင့်ပေးသည်။
- ❖ ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ဆွေးနွေးသည်။
- ❖ သူတို့၏တိုးတက်မှုများကို ကိုယ်တိုင်အကဲဖြတ်ရန် ကျောင်းသားများကိုအားပေးသည်။
- ❖ ကျောင်းသားများက တခြားသူတို့၏လုပ်ဆောင်ချက်များကို အပြုသဘောနှင့် အဓိပ္ပါယ်ရှိရှိဆွေးနွေးကြရန်အတွက် သင်ယူသည်။
- ❖ အထက်တွင်ဖော်ပြခဲ့သော အရည်အချင်းများကို နမူနာပြခြင်းဖြင့် ဆရာက ကျောင်းသားများဖွံ့ဖြိုးတိုးတက်ရေးကို ကူညီသည်။
- ❖ တစ်ထပ်တည်းတူရန် မလိုအပ်ကြောင်း ပါဝင်သူအားလုံးက သဘောပေါက်ကြသည်။
- ❖ အနုပညာတွင် ကန့်သတ်ပိတ်ပင်မှုသည် မလိုလားအပ်ပါ။

## ဘာသာရပ်အထူးပြုသင်ကြားခြင်း နည်းဗျူဟာများ

ဤတွင် အနုပညာကိုကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုသည်။ ဂီတ၊ ပန်းချီ၊ ပြဇာတ်နှင့် စိတ်ကူးဆန်းသစ်၍ရေးသားခြင်းတို့ ပါဝင်သည်။ အနုပညာပညာရေးတွင် အဆင့်သုံးဆင့်ပါဝင်သော သင်ခန်းစာပုံစံသည် အထူးအသုံးဝင်သည်။ အခြားဘာသာရပ်များနှင့် ကွာခြားချက်မှာ အကဲဖြတ်စစ်ဆေးခြင်းဖြစ်သည်။ ဥပမာအနေဖြင့် သိပ္ပံစမ်းသပ်ချက်ကောင်းတစ်ခုတွင် ထပ်တူပြုလုပ်ခြင်းသည် မရှိမဖြစ်လိုအပ်သော်လည်း၊ ပန်းချီကားတစ်ချပ်ကို ပုံတူကူးယူခြင်းသည် မကောင်းပါ။ အဘယ့်ကြောင့်ဆိုသော် အခြားသူများလည်း ဤအတိုင်းပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ အနုပညာတွင် အတတ်ပညာနှင့် တီထွင်ဖန်တီးမှုနှစ်မျိုးစလုံး ပါဝင်သည်။ ဆရာများ မှားလေ့ရှိသောအမှားတစ်ခုမှာ အတတ်ပညာသည် တီထွင်ဖန်တီးမှုကိုဦးတည်စေသည်ဟု ပြောဆိုကြခြင်းဖြစ်သည်။ ကျွန်တော်တို့၏ရပ်တည်ချက်မှာ တီထွင်ဖန်တီးမှုနှင့်အတတ်ပညာတို့သည် အတူတကွဖွံ့ဖြိုးနိုင်သည်ဟူ၍ ဖြစ်သည်။ တစ်ချိန်တွင် တစ်ခုကဦးဆောင်၍ အခြားတစ်ခုက နောက်မှလိုက်ပါမည်။ သို့ရာတွင် ဆရာက နှစ်မျိုးစလုံးကို အမြဲတမ်းနှလုံးသွင်း၍ ကျောင်းသားများအား နှစ်ခုကိုမျှမျှတတဖြစ်စေရန် အားပေးရမည်။ [အတတ်ပညာ (craft) ဟု ဤသို့ ခေါ်ဝေါ်သုံးစွဲခြင်းသည် လုံခြုံဘေးကင်းသည်ဆိုသည့် အဓိပ္ပါယ်ထက်ပိုပါသည်။ ကျောင်းသားတစ်ဦးကို ယက်လုပ်သည့် အတတ်ပညာတွင်လုံလောက်သည့် ကျွမ်းကျင်မှုမရှိဘဲ ခြင်းတောင်းတစ်ခုကိုယက်လုပ်ရန်အားပေးကောင်းအားပေးမည်။ သို့ရာတွင် ဂရုတစိုက်ကြီးကြပ်ကွပ်ကဲမှုမပါဘဲ လျှပ်စစ်ကိရိယာတစ်ခုကို အသုံးပြုစေမည်မဟုတ်ပါ။]

သိပ္ပံပညာရှင် (သို့မဟုတ်) သမိုင်းပညာရှင်များနည်းတူ အနုပညာရှင်များသည် ပြဿနာများကိုဖြေရှင်းရန် တက်ကြွစွာလုပ်ဆောင်ကြသည်။ ကျောင်းသားများအား သူတို့ဖြေရှင်းရန်ကြိုးပမ်းနေသည့် ပြဿနာများနှင့် သူတို့စဉ်းစားနေသော ဖြစ်နိုင်ချေရှိသောအဖြေများကို ရှင်းရှင်းလင်းလင်းဖော်ပြရန်ကူညီခြင်းသည် ဝေဖန်ပိုင်းခြား ဆုံးစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။



# ၅။ ဘာသာရပ်တစ်ခုထက်မကတွဲ၍ သင်ကြားခြင်းတွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာရေးခြင်းနှင့်စာဖတ်ခြင်း

## အကျဉ်းချုပ်တင်ပြချက် – သင်္ချာနှင့်သိပ္ပံတွဲ၍ စမ်းရေစီးဆင်းမှုကို ခန့်မှန်းခြင်း

ဆရာ Mr Berde သည် ကျောင်းသားများအား ကျောင်းအနီးရှိ စမ်းချောင်းတစ်ခု၏စီးဆင်းမှုကို ခန့်မှန်းရန် သင်ကြားမည်။ ကျောင်းသားများသည် ယခုနှစ်တွင် သင်္ချာဘာသာရပ်၌ တြီဂိုနိုမေတြီအခြေခံကို သင်ကြားပြီးဖြစ်သည်။ ထို့ပြင် သိပ္ပံဘာသာရပ်တွင် သင်ယူခဲ့ပြီးသည်များကိုလည်း လက်တွေ့အသုံးချနိုင်ကြပြီဖြစ်သည်။



## ကြိုတင်ခန့်မှန်းခြင်း

ဆရာက ကျောင်းသားများအား ‘‘စမ်းရေစီးဆင်းမှု (stream discharge) ဆိုတာ ဘာကိုရည်ညွှန်းတယ်လို့ ထင်မြင်ကြောင်း ဘယ်သူပြောနိုင်မလဲ’’ ဟု မေးသည်။ စမ်းချောင်းတစ်ခုတွင် ရေပမာဏမည်မျှစီးဆင်းသည်ကို ရည်ညွှန်းကြောင်း ကျောင်းသားတစ်ဦးကခန့်မှန်းသည်။ ဆရာက အံ့အားသင့်စွာဖြင့် ‘‘သိပ်မှန်တာပေါ့၊ ဒါပေမယ့် ဒီကိန်းဂဏန်းတွေက ဘာကြောင့်အရေးကြီးရတာလဲ။ ဒီလို အချက်အလက်တွေကို ဘယ်သူတွေကအသုံးပြုမှာလဲ’’ဟု မေးသည်။

ကျောင်းသားများက သူတို့၏အတွေးစိတ်ကူးများကို ဖလှယ်ကြသည်။ သူတို့၏အတွေးများသည် ရပ်ကွက်ထဲရှိ ရေကုမ္ပဏီမှစ၍ တံငါသည်များနှင့် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုရန်အတွက်စမ်းချောင်းကို ပိုက်သွယ်ထားသောစက်ရုံများအထိ ရောက်ရှိသည်။

ဆရာကကျောင်းသားများ၏အဖြေများကို နားထောင်သည်။ အပြုသဘောဆောင်သော တုံ့ပြန်ချက်များကို ပေးသည်။ အနီးအနားရှိ စက်ရုံများသည် ဒေသအတွင်းရှိစမ်းချောင်းများနှင့် မြစ်အချို့ကို မည်ကဲ့သို့မှီခိုရကြောင်း ဥပမာများပေးသည်။ အဆုံးတွင် ကျောင်းသားများသည် စမ်းရေစီးဆင်းမှု (stream discharge) ဆိုသည်မှာ သတ်မှတ်သည့် အချိန်ကာလတစ်ခုတွင် သတ်မှတ်ထားသည့် စမ်းချောင်း၏အစိတ်အပိုင်းတစ်ခု၌ ဖြတ်သန်းစီးဆင်းသွားသော ရေပမာဏကို တိုင်းတာခြင်းဖြစ်လိမ့်မည်ဟု အဆုံးအဖြတ်ပေးကြသည်။

ဆရာက ကျောင်းသားများကို တစ်ဖွဲ့လျှင်လေးယောက်စီတွဲ၍ ငါးဖွဲ့ခွဲသည်။ အောက်ပါရင်ဆိုင်စရာကိစ္စများကိုလည်းတင်ပြသည်။ ‘‘ဒီနေ့ ကျောင်းကနေ လမ်းကိုဖြတ်ကူးပြီး စမ်းချောင်းရှိရာကို သွားကြမယ်။ အဖွဲ့တစ်ခုစီက လုပ်ဆောင်ရမှာကတော့ စမ်းချောင်းရဲ့နေရာတစ်ခုကို သတ်မှတ်ရွေးချယ်မယ်။ သတ်မှတ်ထားတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ အဲ့ဒီနေရာကို ဖြတ်သန်းစီးဆင်းသွားတဲ့ရေပမာဏကို တိုင်းတာရမယ် (သို့မဟုတ်) ခန့်မှန်းရမယ်။ အဖွဲ့တိုင်းကိုတိုင်းတဲ့ မီတာတံတစ်ခု၊ ကြိုးတစ်ချောင်းနဲ့လိမ္မော်သီးတစ်လုံးပေးမယ်။ မင်းတို့လိုအပ်မယ့်အချက်အလက်နှစ်ခုဟာ ဘာဖြစ်မယ်ထင်တယ်ဆိုတာကို ဘယ်သူပြောနိုင်မလဲ’’။

နောက်ဘက်တွင်ထိုင်နေသော ကျောင်းသားတစ်ဦးက ‘‘စမ်းချောင်းထဲမှာ ရေစီးနှုန်းဘယ်လောက် မြန်တယ်ဆိုတာရယ်၊ ရွေးချယ်ထားတဲ့နေရာမှာရှိတဲ့ မြစ်ရဲ့ဖြတ်ပိုင်းပုံ ဘယ်လောက်ကြီးတယ်ဆိုတာရယ်ကို သိဖို့လိုပါလိမ့်မယ်’’ ဟုဖြေသည်။

‘‘မှန်ပါတယ်။ ဒါပေမယ့် အဲ့ဒီလိုအပ်တဲ့အချက်အလက်တွေရဖို့ ဘယ်လိုရှာဖွေမယ်ဆိုတာ မင်းတို့ကိုယ်တိုင် ရွေးချယ်ရမယ်။ မင်းတို့လိုအပ်မယ့် အချက်အလက်တွေကို ဆရာပေးထားပြီးပြီ။ အဖွဲ့တိုင်းကလိုအပ်တာတွေရှာဖွေဖို့အတွက် ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆောင်ရွက်ရမယ်။ မေးစရာများရှိသေးသလား။ မေးစရာမရှိတော့ရင်ဆက်လုပ်ကြစို့’’။ ဆရာက ကျောင်းသားများကို ဦးဆောင်၍ လမ်းကိုဖြတ်ပြီး စမ်းချောင်းဆီသို့ဦးတည်သွားကြသည်။

## အသိပညာတည်ဆောက်ခြင်း

ကျောင်းသားအဖွဲ့များ စမ်းချောင်းသို့ရောက်ရှိလာကြသည်။ အဖွဲ့အသီးသီးသည် သူတို့အားပေးထားသော ပစ္စည်းများကို စတင်စစ်ဆေးကြသည်။ ပစ္စည်းများမှာ မီတာတံတစ်ခု၊ ကြိုးများနှင့် လိမ္မော်သီးတစ်လုံးဖြစ်သည်။

Denis, Maria, Mya နှင့် Franz တို့သည် အဆိုပါပစ္စည်းများကိုသုံး၍ ဘာကိုလုပ်နိုင်မည့်အကြောင်း ဆွေးနွေးကြသည်။ "စမ်းရေစီးနှုန်းဘယ်လောက်မြန်ကြောင်း တိုင်းဖို့လိုတယ်ဆိုတာ ဒို့သိတယ်။ နောက်ပြီး စမ်းချောင်းရဲ့ ဖြတ်ပိုင်းပုံရေိယာ ဘယ်လောက်ရှိတယ်ဆိုတာလည်း တိုင်းရမယ်" ဟု Maria က ပြောသည်။

"ရေစီးနှုန်းဘယ်လောက်မြန်တယ်ဆိုတာတိုင်းတာဖို့ စရမယ့်ကိစ္စကို ဘာလို့အာရုံမစိုက်ကြသလဲ" ဟု Mya က ပြောသည်။

"ကောင်းပြီ။ ကျွန်တော်ကတော့ လိမ္မော်သီးကိုအသုံးပြုသင့်တယ်လို့ ထင်တယ်။ ဒီလိမ္မော်သီးက ရေိယာ တိုင်းရင် ဘာမှအသုံးဝင်မယ်မထင်ဘူး" ဟု Denis က မှတ်ချက်ပေးသည်။

"ရေစီးနှုန်းကို သတ်မှတ်ထားတဲ့အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ သတ်မှတ်ထားတဲ့ ခရီးအကွာအဝေး တစ်ခုနဲ့ တိုင်းတာရလိမ့်မယ်" ဟု Franz ကပြောသည်။ "အတန်းထဲမှာလုပ်ခဲ့တာတစ်ခု ကျွန်တော်မှတ်မိတယ်။ အဲဒီတုန်းက ကားအသေးလေးတွေ တစ်စက္ကန့်မှာ ဘယ်နှစ်မီတာသွားတယ်ဆိုတာ တိုင်းတာခဲ့ဖူးတယ်"ဟု Franz ကပြောသည်။

"ဟုတ်တယ်။ လိမ္မော်သီးကိုရေထဲပစ်ချပြီး သတ်မှတ်ထားတဲ့အကွာအဝေးကိုရောက်ဖို့ အချိန်ဘယ်လောက် ကြာတယ်ဆိုတာ တိုင်းကြရင်ကောင်းမယ်။ ပထမဆုံးတော့ အကွာအဝေးတစ်ခုကို ဒို့ရွေးချယ်ရလိမ့်မယ်" ဟု Denis ကပြောသည်။

"ကောင်းပြီ။ အကွာအဝေးတစ်ခုသတ်မှတ်ဖို့ ကြိုးတစ်ချောင်းကို သုံးကြမယ်။ အရှည်လေးမီတာဆိုရင် ဘယ်လိုလဲ။ အဆင်ပြေရဲ့လား" ဟု Maria ကပြောသည်။

"အဆင်ပြေတာပေ့ါ။ Maria နဲ့ Denis က ကြိုးကိုကိုင်ထားပါလား။ ကျွန်မက လိမ္မော်သီးကို မျှောချလိုက်မယ်။ Franz က အချိန်မှတ်ပေးထားပါ" ဟု Mya က ပြောသည်။

Denis နှင့် Maria တို့က လေးမီတာအရှည်ရှိသောကြိုးကို ကိုင်ထားကြသည်။ Mya က Denis နှင့် Maria တို့၏ အထက်ရေဆန်ဘက်တွင် ရပ်သည်။ Franz က ကြိုးကိုင်ထားသူနှစ်ဦးစလုံးကိုမြင်ရသည့် ကမ်းပေါ်တွင်နေရာ ယူသည်။ Mya က Franz ကို အဆင်သင့်ဖြစ်ပြီဟုပြောလိုက်သည်။ Franz က ဆက်လုပ်ရန် ပြောသည်။ Mya က Denis ရပ်နေသောနေရာမှ နှစ်မီတာခန့်အကွာမှနေ၍ လိမ္မော်သီးကို ရေထဲမျှောချလိုက်သည်။ လိမ္မော်သီး Denis နေရာသို့ရောက်သောအခါ Franz က နာရီကိုစမှတ်သည်။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်၊ လေးစက္ကန့် စသည်ဖြင့်ရေတွက်သည်။ လိမ္မော်သီး Maria ထံသို့ရောက်ချိန်တွင် နောက်ဆုံးစက္ကန့်ကိုရှုတ်ဆို၍ ရေတွက်မှုကိုရပ်သည်။

"၉ စက္ကန့်။ နောက်တစ်ကြိမ်ပြန်လုပ်ကြရအောင်" Franz က သိပ္ပံအတန်းတွင်သင်ယူခဲ့သောရလဒ်ကို တိကျမှန်ကန်စေရန်အတွက် တိုင်းတာခြင်း (သို့မဟုတ်) စမ်းသပ်ခြင်းကို အကြိမ်များစွာပြုလုပ်သင့်ကြောင်းကို သတိရသည်။ ကျောင်းသားများ နောက်ထပ်နှစ်ကြိမ်ပြန်လုပ်ကြသည်။ အဖြေများမှာ မတိမ်းမယိမ်းပင်ဖြစ်သည်။ (၈ စက္ကန့် နှင့် ၉ စက္ကန့်)။

```
  ၉ စက္ကန့်
  ၈ စက္ကန့်
+ ၉ စက္ကန့်
-----------
 ၂၆ စက္ကန့်
```

၂၆ ÷ ၃ ကြိမ် = ၈.၇ စက္ကန့်

၄ မီတာ ÷ ၈.၇ စက္ကန့်
= ၀.၅ မီတာ/စက္ကန့်

"ကောင်းတယ်ဟေ့၊ သုံးကြိမ်လုပ်တာကို ပျမ်းမျှယူမယ်ဆိုရင် (၈.၇) စက္ကန့်ရတယ်။ ဒါဆိုရင် လေးမီတာကို သွားတဲ့အချိန်(၈.၇)စက္ကန့်ဖြစ်တယ်။ ရေစီးနှုန်းကို မီတာ/စက္ကန့် နဲ့တွက်မယ်။ Maria က စာရွက်ပေါ်တွင် ချတွက်ပြီး နောက် "ရေစီးနှုန်းက ၀.၅ မီတာ/စက္ကန့်ဖြစ်တယ်။ ဒို့အလုပ် တစ်ဝက်တော့ပြီး သွားပြီ"။

ကျောင်းသားများသည် စမ်းချောင်းတစ်နေရာမှ ဖြတ်ပိုင်းပုံ၏ရေိယာကိုတိုင်းတာရန် အာရုံစိုက်နေကြသည်။ သူတို့သည် ရေ၏အမြန်နှုန်းကို တိုင်းတာပြီးကြပြီဖြစ်သည်။ သို့ရာတွင် သတ်မှတ်သည့်နေရာတစ်ခုတွင် သတ်မှတ်သည့်


အချိန်အတိုင်းအတာအတွင်း ရေထုထည်ပမာဏ မည်မျှစီးသွားကြောင်းကို မသိကြသေးပေ။ ကျောင်းသားများက စာရွက်ပေါ်တွင် စမ်းချောင်း၏ဖြတ်ပိုင်းပုံကို ပုံကြမ်းဆွဲရန်ဆုံးဖြတ်ကြသည်။ ပထမတိုင်းတာချက်မှာ စမ်းချောင်း၏ အကျယ်ဖြစ်သည်။ Denis နှင့် Maria တို့က စမ်းချောင်း၏ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းကို ကြိုးဖြင့်တိုင်းသည်။ Mya ကကြိုးကို မီတာတံဖြင့်တိုင်းသည်။ စမ်းချောင်း၏အကျယ်ကို (၅.၅) မီတာဖြစ်ကြောင်း တိုင်းတာရရှိသည်။

ဆရာက ကျောင်းသားများထံလှည့်သွား၍ "ဘယ်လိုနေကြသလဲ" ဟုမေးသည်။ Denis က "စမ်းချောင်းရဲ့ အနက်ကိုတိုင်းပြီး အကျယ်နဲ့မြှောက်လိုက်ရင်ရမလား"ဟု ဆရာ့ကိုမေးသည်။

"အဖြေမှန်ရမယ် မထင်ဘူး" ဟု ဆရာကဖြေသည်။

Maria က "စမ်းချောင်းရဲ့ကြမ်းပြင်က မညီဘူး။ တချို့နေရာမှာတိမ်ပြီး တချို့နေရာမှာ နက်တယ်လေ"။

"အဲ့ဒီလို ရေအနက်မတူတဲ့အတွက် ဧရိယာကိုဘယ်လိုတွက်မလဲ" ဟု ဆရာကမေးသည်။ ကျောင်းသားများက ရေအနက်ကို နေရာများများခွဲ၍တိုင်းမည်ဖြစ်ကြောင်းနှင့် ထိုတိုင်းတာချက်များကိုသုံး၍ ဧရိယာကိုတွက်ယူကြမည်ဖြစ်ကြောင်းပြောသည်။ Mya နှင့် Franz တို့က စမ်းချောင်း၏ ဟိုဘက်ကမ်းမှဒီဘက်ကမ်းသို့ တစ်မီတာစီခြားပြီး (၅)နေရာတွင်တိုင်းတာရန် ဆုံးဖြတ်ပေးသည်။ ရေအနက်မှာ (၀.၅)မီတာမှ (၁.၂)မီတာ အထိနက်သည်။





Franz က သူတို့တိုင်းတာရရှိချက်များကို ပုံကြမ်းရေးဆွဲသည်။ ကျောင်းသားများက စမ်းချောင်း၏ဖြတ်ပိုင်းပုံဧရိယာကို ခန့်မှန်းတွက်ချက်ရန်အတွက် ဤအတိုင်းအတာများအား မည်ကဲ့သို့အသုံးပြုရမည်ကို ဆွေးနွေးကြသည်။

Mya က ပုံကြမ်းပေါ်တွင် စတုဂံများ၊ တြိဂံများအဖြစ်ပိုင်း၍ တစ်ခုစီ၏ဧရိယာကိုတွက်ယူပြီး အားလုံးပေါင်း၍ ဖြတ်ပိုင်းပုံဧရိယာကို တွက်ယူရန် အကြံပေးသည်။

Denis က တြိဂံများကိုအသုံးပြုရန် လို မလို မေးခွန်းထုတ်သည်။ "စတုဂံတွေချည်းပဲ သုံးရင်ဘာဖြစ်မလဲ"။

"စတုဂံတွေပဲသုံးရင် ဧရိယာကိုပိုတွက်မိတာ ဖြစ်မနေဘူးလား" ဟု Franz က ပြန်မေးသည်။


"မဖြစ်ဘူးထင်တယ်၊ တချို့အပိုင်းကို ပိုတွက်မိမယ်။ တချို့အပိုင်းကျတော့ လျော့နေမယ်။ ကဲ ကျွန်တော်ပြမယ်"။ Denis က မျဉ်းများဆွဲ၍ အရွယ်မတူသော စတုဂံများကိုဆွဲပြသည်။




၁ မီတာ × ၀.၈ မီတာ = ၀.၈ (မီတာ)$^{၂}$
၁ မီတာ × ၁.၂ မီတာ = ၁.၂ (မီတာ)$^{၂}$
၁ မီတာ × ၀.၇ မီတာ = ၀.၇ (မီတာ)$^{၂}$
၁ မီတာ × ၀.၇ မီတာ = ၀.၇ (မီတာ)$^{၂}$
၁ မီတာ × ၀.၈ မီတာ = ၀.၈ (မီတာ)$^{၂}$
၀.၅ မီတာ × ၀.၅ မီတာ = ၀.၂၅ (မီတာ)$^{၂}$

Denis က ဆက်၍ အပိုင်းတစ်ခုစီမှာ အမြင့်နဲ့အကျယ် (အလျားနဲ့ အနံ) ကို မြှောက်ပြီးတွက်ယူနိုင်တယ်။ အကျယ်ကတော့ ပထမအပိုင်း (၅)ခု မှာ (၁)မီတာ စီရှိတယ်။ နောက်ဆုံးအပိုင်းမှာတော့ (၀. ၅)မီတာ ရှိတယ်။

၀.၈ (မီတာ)$^{၂}$ + ၁.၂ (မီတာ)$^{၂}$ + ၀.၇ (မီတာ)$^{၂}$ + ၀.၇ (မီတာ)$^{၂}$ + ၀.၈ (မီတာ)$^{၂}$ + ၀.၂၅ (မီတာ)$^{၂}$ = ၄.၄၅ (မီတာ)$^{၂}$



"သိပ်ကောင်းတယ်။ ဒုတိယပြဿနာကို ဖြေရှင်းလို့ရပြီ။ အခု ကျွန်တော်တို့ရထားတဲ့ အချက်နှစ်ချက်ကို သုံးပြီး အဖြေရအောင် ဘယ်လိုတွက်ကြမလဲ"ဟု Franz က မေးသည်။

"ကောင်းပြီ။ ကျွန်မတို့မှာ ရေစီးနှုန်း ၀.၅ မီတာ/စက္ကန့်နဲ့ ဖြတ်ပိုင်းပုံဧရိယာ ၄.၄၅ (မီတာ)$^{၂}$ ရထားပြီ။ ဒါတွေသုံးပြီး ထုထည်ရအောင်တွက်ရမယ်။ ထုထည်တွက်ရင် သူ့ရဲ့ယူနစ်မှာ ကုဗမီတာပါရမယ်"ဟု Maria က ပြောသည်။

"ဒါဆိုရင် အဲ့ဒီနှစ်ခုကို မြှောက်ရင်အဖြေရမယ်ထင်တယ်" ဟု Mya က ပြောသည်။

**၀.၅ မီတာ/စက္ကန့် × ၄.၄၅ (မီတာ)$^{၂}$**
**= ၂.၂၃ (မီတာ)$^{၃}$/စက္ကန့်**

Franz က စာရွက်နှင့်ဖောင်တိန်ထုတ်၍ တွက်သည်။ "၂.၂၃ကုဗ မီတာ/စက္ကန့် အဖြေရတယ်"။

ကျောင်းသားများ သူတို့ရသောအဖြေကိုကျေနပ်ကြသည်။ ဆရာကို သူတို့၏အဖြေ ဖြစ်နိုင်ရဲ့လားဟုမေးသည်။ ဆရာက သူတို့၏တွက်ချက်မှုများမှာ ကျိုးကြောင်းဆီလျော်ကြောင်း၊ သို့ရာတွင် တခြားအဖွဲ့များနှင့် အလားတူအဖြေများရ မရ နှိုင်းယှဉ်ကြည့်ဖို့လိုကြောင်း ပြောသည်။ တခြားအဖွဲ့များ သူတို့၏တွက်ချက်နေမှုကို အပြီးသတ်ကြသည်။ ထို့နောက် အားလုံးကျောင်းသို့ပြန်ကြသည်။



## စုစည်းခြင်း

နောက်တစ်နေ့တွင် ဆရာက စမ်းချောင်းတွင်တိုင်းတာတွက်ချက်မှုများကို ချီးကျူးပြောကြားသည်။ အဖွဲ့အသီးသီးက စမ်းရေစီးဆင်းမှုတိုင်းတာရာတွင် အသုံးပြုခဲ့သောနည်းလမ်းများနှင့် ရရှိသောအဖြေများကိုတင်ပြကြရန် ဆရာက ဖိတ်ခေါ်သည်။ အဖွဲ့များက တင်ပြကြသောအခါ Mya တို့၏အဖွဲ့သည် သူတို့ရရှိထားသောအဖြေကို ပို၍ကျေနပ်ပျော်ရွှင်ကြသည်။ အဖွဲ့အများစုရရှိသောအဖြေသည် ကုဗမီတာ/စက္ကန့် ကိုးနှင့် တစ်ဆယ်ကြားရှိကြသည်။ အဖွဲ့တစ်ခု၏အဖြေမှာ အလွန်နည်းသည်။ ထိုအဖွဲ့ရရှိသောအဖြေများနှင့်ပတ်သက်၍ တစ်တန်းလုံးဆွေးနွေးပြီးသောအခါ ရေစီးနှုန်းတိုင်းတာရာတွင် အချိန်သတ်မှတ်သည့်နေရာနှစ်ခုကို ဝေးဝေးထားသင့်ကြောင်း သဘောပေါက်လာကြသည်။ ထိုအဖွဲ့က တိုင်းတာသောအကွာအဝေးမှာ အလွန်တိုသည်။ တစ်မီတာသာရှိသည်။ သို့ဖြစ်၍ အချိန်တိုင်းတာရာတွင် မှားနိုင်ချေ (သို့မဟုတ်) လျော့နည်းတွက်ချက်ရန် ဖြစ်နိုင်ချေပိုများသည်။

ဆရာက ကျောင်းသားများအား အဘယ့်ကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အဖြေမတူကြောင်းကိုမေးသည်။ အခြားအဖွဲ့မှ ကျောင်းသူတစ်ဦးဖြစ်သူ Michelle က "ကျွန်မထင်တာကတော့ တိုင်းတာတဲ့အခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချဉ်းကပ်တာတွေ မတူညီလို့ဖြစ်မယ်။ ဥပမာပြောရရင် ကျွန်မတို့အဖွဲ့က ဧရိယာတွက်ရာမှာ ဒြိဂံရော၊ စတုဂံပါနှစ်မျိုးစလုံး သုံးပါတယ်။ ကျွန်မတို့အဖွဲ့က ဒီလိုတွက်မှသာ ပိုပြီးတိကျတဲ့အဖြေကိုရမယ်လို့ မျှော်လင့်တယ်။ ဒီလိုလုပ်တာ မှန်သလား၊ မှားသလားတော့မသိဘူး။ ဒါပေမယ့် ဒီလိုပဲလုပ်သင့်တယ်လို့ ထင်ပါတယ်"။

"ဒါဆိုရင် ဆရာတို့နောက်တစ်ခေါက်ထပ်ပြီး စမ်းသပ်ကြည့်ကြရင် မကောင်းဘူးလား။ မနက်ဖြန်ကိုပဲ သွားကြပြီး နောက်တစ်ခေါက်ပြန်ပြီး တိုင်းတာကြမယ်ဆိုရင်ကော ရထားပြီးသားအဖြေအတိုင်းပဲ ပြန်ရလိမ့်မယ်လို့ ထင်သလား" ဟု ဆရာက မေးသည်။

"ရနိုင်မယ် မထင်ဘူး"ဟု Maria က ဖြေသည်။ "ဒီနေ့အပြင်မှာ မိုးရွာနေတယ် ကျွန်မတို့အဖြေတွေ ပိုပြီးများလာမယ်ထင်တယ်"။

"သိပ်ကောင်းတဲ့ အချက်ပဲ" ဆရာက ပြောသည်။ "အဖြေတွေပြောင်းသွားလိမ့်မယ်။ မြစ်တွေ၊ ချောင်းတွေကို ကောင်းကောင်းနားလည်ဖို့ဆိုရင် မြစ်ရေစီးဆင်းမှုကို တချိန်လုံးစောင့်ကြည့်နေဖို့လိုလိမ့်မယ်"။ ဆရာက အချိန်ကာလ တစ်ခုတွင် ရေရရှိနိုင်မှုကိုတိုင်းတာရန် သိပ္ပံပညာရှင်များက မြစ်ရေစီးဆင်းမှုကို မည်သို့တွက်ချက်ကြကြောင်း ကျောင်းသားများကို ပြောပြသည်။ ထို့ပြင် မိုးရွာသွန်းခြင်း၊ ဆီးနှင်းကျခြင်းနှင့် ဆီးနှင်းများအရည်ပျော်ခြင်းတို့သည် ရေမျက်နှာပြင်ကို မြင့်တက်စေကြောင်း ဥပမာများပေး၍ပြောပြသည်။

## ရှင်းပြခြင်းနှင့်ဆွေးနွေးခြင်း

ကြိုတင်သိမြင်ခြင်းအပိုင်းတွင် ဆရာက ကျောင်းသားများအား စမ်းရေစီးဆင်းမှုနှင့်ပတ်သက်၍ သိထားသော အရာများနှင့် အဆိုပါအချက်အလက်များအပေါ် မှီခိုအားထားသူများအကြောင်းကို သိသမျှဝေမျှကြရန်ခိုင်းသည်။ ဆရာက ဆက်လက်၍ လေ့လာစုံစမ်းမှုအတွက် အဆက်အစပ်များကိုဖော်ထုတ်သည်။ တိုင်းတာတွက်ချက်ရန်အတွက် လိုအပ်ချက်များကို တင်ပြခိုင်းသည်။ နောက်ဆုံးတွင် ကျောင်းသားများအား လေ့လာစူးစမ်းမှုကို တာဝန်ယူစေသည်။ ကျောင်းသားများအား လိုအပ်သည့်ပစ္စည်းများနှင့် ရှင်းလင်းသော ရည်မှန်းချက်ကိုပေးသည်။

အသိပညာတည်ဆောက်ခြင်းအပိုင်းတွင် ကျောင်းသားများအား ပြဿနာအမျိုးမျိုးကို ဖြေရှင်းစေသည်။ ဆရာက လက်ဆုပ်လက်ကိုင်ပြနိုင်သော ပြဿနာရပ်များကို ဖော်ပြသည်။ ကျောင်းသားများက သူတို့၏ရှိပြီးသား အတွေ့အကြုံများအပေါ်အခြေခံပြီး ဖြစ်နိုင်ချေရှိသော ရှင်းလင်းတင်ပြချက်များနှင့် အကြံဉာဏ်များကို ဖော်ထုတ်ကြသည်။ ကျောင်းသားများက သူတို့အသုံးပြုရမည့်နည်းလမ်းများကိုမေးသောအခါ ဆရာက အဖြေကိုမပေးဘဲ မေးခွန်းများနှင့်သာတုံ့ပြန်သည်။ ကျောင်းသားများက နောက်ဆုံးအဆုံးအဖြတ်ပေးသည့် အဆင့်သို့ရောက်မှသာ ချဉ်းကပ်ပုံနည်းလမ်းများကို အတည်ပြုပေးသည်။ သို့ရာတွင် ကျောင်းသားများ၏တိကျသောအဖြေပေါ်တွင်သာ အဆုံးအဖြတ်ကို တည်ရှိစေသည်။ ဆရာက ကျောင်းသားများအား သူတို့ရရှိသောအဖြေကို တခြားအဖွဲ့များမှရသောအဖြေနှင့် နှိုင်းယှဉ်ကြည့်စေသည်။ ကြိုတင်ဆုံးဖြတ်ထားသောအဖြေထက် အများ၏သဘောတူညီမှုအရသာ ယုံကြည်လက်ခံမှုကို ဖြစ်စေသည်။

စုစည်းခြင်းအပိုင်းတွင် ဆရာက ကျောင်းသားများ၏ ရရှိသောအဖြေများတင်ပြခြင်းနှင့် ဆွေးနွေးခြင်းကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးသည်။ ဆရာက တင်ပြနေသောကျောင်းသားများကို မေးခွန်းမေးသည်။ ကျောင်းသားများ၏ တွက်ချက်ထားမှုနှင့် ရရှိသောအဖြေများကို အသေးစိတ်ရှင်းလင်းတင်ပြနိုင်ရန်ကူညီသည်။ မတူညီသောအဖွဲ့များသည် သူတို့ရရှိသောအဖြေကို ကျိုးကြောင်းဆီလျော်မှုရှိကြောင်း အခြားအဖွဲ့များ၏အဖြေနှင့် နှိုင်းယှဉ်ကြည့်ခြင်းဖြင့် အဆုံးအဖြတ်ကို ရရှိစေသည်။ အဆိုပါ အတွေ့အကြုံများသည် အောင်မြင်မှု၏ဆုံချက်ကို ဆရာမှ ကျောင်းသားများသို့ ပြောင်းရွှေ့သည်။ ထို့နောက် ဆရာက ကျောင်းသားများအား သူတို့ဆည်းပူးရရှိချက်များကို အသုံးပြုရန်နှင့် အဆိုပါအတွေ့အကြုံများကို အနာဂတ်တွင် တိုးချဲ့သွားရန်မှာကြားသည်။

## ဘာသာရပ်တစ်ခုထက်မကတွဲ၍ သင်ကြားခြင်း၏ရည်မှန်းချက်

- ❖ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသောသဘောတရားများနှင့် အခြေခံမှုများကို ပြဿနာဖြေရှင်းခြင်းအားဖြင့် သင်ယူခြင်း
- ❖ ကျောင်းသားများ အသစ်ဆည်းပူးရရှိသောအသိပညာကို အသုံးပြုနိုင်ရန် တကယ့်အခြေအနေများကို ဖန်တီးခြင်း
- ❖ ဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်များနှင့်သဘောတရားများအကြား လက်ဆုပ်လက်ကိုင်ပြနိုင်သော ဆက်နွယ်မှုကို တွေ့မြင်ရန်နှင့် အတွေ့အကြုံရရှိစေရန် ကူညီခြင်း
- ❖ တကယ့်အခြေအနေတွင် လက်တွေ့လေ့လာစူးစမ်းခြင်းအားဖြင့် အသိပညာအသစ်ကိုရရှိခြင်း

- ❖ ကျောင်းသားများကိုယ်တိုင်ဦးဆောင်သော၊ လက်တွေ့လုပ်ဆောင်ရသော၊ တက်ကြွသော၊ စုပေါင်းလုပ်ဆောင်ရသော အခြေအနေတွင် သင်ယူခြင်း
- ❖ လေ့လာစူးစမ်းမှုကိုအခြေခံသော သင်ကြားနည်းဗျူဟာများကို အသုံးပြုခြင်း (NRC 1996; NRC 2001)


## ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့်စာရေးခြင်းသည် အဆိုပါရည်မှန်းချက်များကို မည်သို့ရောက်ရှိစေသနည်း။

- ❖ ကျောင်းသားများကိုယ်တိုင် အဓိပ္ပါယ်ဖွင့်ဆိုကြသည်။
- ❖ ကျောင်းသားများကမေးခွန်းမေးသည်။ လိုအပ်သောအချက်အလက်အထောက်အထားများကို စုဆောင်းသည်။ အချက်အလက်အထောက်အထားများကို ခွဲခြမ်းစိပ်ဖြာသည်။ ထွက်ပေါ်လာသောရလဒ်ကို ကျိုးကြောင်းဆီလျော်စွာ ရှင်းလင်းတင်ပြသည်။
- ❖ ကျောင်းသားများသည် ကိုယ်ပိုင်နည်းဗျူဟာများနှင့် ဆရာ၏လမ်းညွှန်မှုကိုခံယူလျက် တကယ့်အခြေအနေတွင်ပြဿနာများကို ဖြေရှင်းသည်။
- ❖ ဆရာက အဆင့်အမျိုးမျိုးရှိသော အကူအညီ၊ လမ်းညွှန်မှု၊ ပြဿနာဖွဲ့စည်းမှု (သို့မဟုတ်) လေ့လာစူးစမ်းရမည့် မေးခွန်းများကိုပေးသည်။

## ဘာသာရပ်တစ်ခုထက်မကတွဲ၍ သင်ကြားခြင်းတွင် ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်းနှင့် စာရေးခြင်း

သင်ခန်းစာများ (lessons) နှင့် အခန်းများ (units) ကိုတွဲ၍သင်ကြားခြင်းသည် မည်သည့်ဘာသာရပ်မှမဆို ထွက်ပေါ်လာသော အမြင်ရှုထောင့်များမှ စတင်ဖွံ့ဖြိုးနိုင်ပါသည်။ သဘောတရားအားဖြင့် အခန်း(units) အများစုသည် သဘာဝအားဖြင့် တစ်စုံတစ်ရာအတိုင်းအတာအထိ အပြန်အလှန်ဆက်နွယ်နေကြသည်။ သို့ရာတွင် နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ဘာသာရပ်များကို သင်ခန်းစာ (lessons) တစ်ခုအတွင်းတွဲဖက်ရာတွင် ရှင်းရှင်းလင်းလင်းဖြစ်စေခြင်းသည် အဓိပ္ပါယ်ရှိသောသင်ယူမှုကို ဖန်တီးရန်နည်းကောင်းတစ်ခု ဖြစ်သည်။

ကြိုတင်သိမြင်မှုအပိုင်းသည် ကျောင်းသားများအား မကြာခင်ကသင်ယူခဲ့သော သဘောတရားနှင့် ခေါင်းစဉ်များကိုဆက်စပ်ရန် အကူအညီပေးသည်။ အသိပညာတည်ဆောက်ခြင်းအဆင့်တွင် ကျောင်းသားများသည် မတူညီသောဘာသာရပ်များမှ အသိပညာများကို ပေါင်းစပ်ခြင်းနှင့်အသုံးချခြင်းပြုရမည်။ ပြဿနာဖြေရှင်းခြင်းသည် ကျောင်းသားများ လုပ်ဆောင်မှု၏ဗဟိုဖြစ်သည်။ စုစည်းခြင်းအပိုင်းသည် ကျောင်းသားများအတွက် ရှင်းလင်းဖော်ပြထားသော သဘောတရားအမျိုးမျိုးကို ဆက်စပ်ပေးရန် ဆရာများအတွက် အခွင့်လမ်းကောင်းတစ်ခုဖြစ်သည်။ ထို့ပြင် ကျောင်းသားများ၏လေ့လာစူးစမ်းမှုတွင် ဆက်စပ်မှုများကို နားလည်စေရန် အထောက်အပံ့ပေးသည်။



# ၆။ တက်ကြွစွာသင်ယူမှုကို ကိုယ်တိုင်ပြုလုပ်ခြင်း ကျောင်းသားများအတွက် လေ့လာရေးကျွမ်းကျင်မှု

ကျောင်းသားများသည် ဆရာ မပါဘဲ ကိုယ်တိုင်လေ့လာသင်ယူရမည့် အချိန်များရှိပါသည်။ ထိုအချိန်များတွင် လေ့လာရေးကျွမ်းကျင်မှု (study skills) လိုအပ်ပါသည်။ သို့မှသာ ကျောင်းသားများသည် တစ်ဦးတည်းဖြစ်စေ၊ အဖော်နှင့်ဖြစ်စေ ဖတ်စာအုပ်များမှတဆင့် လေ့လာနိုင်ကြမည် ဖြစ်ပါသည်။

ဆရာက ကြိုတင်သိမြင်ခြင်းအပိုင်းနှင့်စတင်ပြီး သင်ယူမည့်ရည်ရွယ်ချက်ကိုချမှတ်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ထို့နောက် ကျောင်းသားများသည် ဖတ်ရှုခြင်းနှင့်လေ့လာခြင်းကို ကိုယ်တိုင်လုပ်နိုင်ပါသည်။ ပြီးလျှင် ကျောင်းသားများသည် စာသင်ခန်းသို့ပြန်လာ၍ ဆွေးနွေးခြင်းနှင့်စုစည်းခြင်းအပိုင်းတွင် ပါဝင်ပါလိမ့်မည်။ ဤသို့အားဖြင့် သင်ယူမှုအသစ်ကို သူတို့ကိုယ်တိုင် အပြည့်အဝလုပ်နိုင်ပါမည်။

## ဖတ်ရှုခြင်းနှင့်မေးမြန်းခြင်း

ဤအပိုင်းသည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လေ့ကျင့်နိုင်သောသင်ယူရေးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ အောက်ပါအဆင့်များပါဝင်သည်။

၁။ ကျောင်းသားများသည် စာအုပ်ပါအခန်းတစ်ခုကို အပိုင်းလိုက်ဖတ်သည်။ ခေါင်းစဉ်တစ်ခုပြီးတစ်ခု ဖတ်သည်။ ဖတ်နေစဉ်ဘေးဘက်တွင် အဓိကစကားလုံးများကို ရေးထားသင့်သည်။

၂။ ဘေးတွင်ရေးထားသော အဓိကစကားလုံးများကို အစဖော်ပေးမည်။ အချိတ်အဆက်စကားလုံးများအဖြစ် အသုံးပြု၍ ကျောင်းသားများသည် ဖတ်စာအုပ်ကို ပြန်နွှေးကြသည်။ ထိုသို့ပြုလုပ်ရာတွင် ဖတ်စာအုပ်အား ခြုံငုံ၍မေးသည့်စာမေးပွဲတွင် ပါလာနိုင်သည်ဟုထင်သော မေးခွန်းများကို မေးကြသည်။

၃။ မေးခွန်းများ၏အဖြေကို အသံကျယ်ကျယ်ဖြေဆိုသင့်သည်။

၄။ ရှေ့လာမည့် တစ်ချိန်ချိန်တွင်ဖြေဆိုရမည့်စာမေးပွဲအတွက် ဖတ်စာကိုလေ့လာခဲ့ခြင်း ဟုတ်၊ မဟုတ် ကျောင်းသားများကို သတိပေးပါ။ ကျောင်းသားများသည် ဖတ်စာအုပ်ကို အဆက်မပြတ်ပြန်နွှေးရန်အတွက် မေးခွန်းနှင့်အဖြေများကို အကြိမ်ကြိမ် မကြာခဏလေ့ကျင့်ကြမည်။

၅။ မေးခွန်းများကို ပြန်လေ့ကျင့်သည့် နည်းလမ်းကောင်းတစ်ခုမှာ ဤသို့ဖြစ်ပါသည်။ ကျောင်းသားများက ၂၀ စင်တီမီတာ × ၅၀ စင်တီမီတာ ရှိသောစာရွက်ချပ်တစ်ခုကို အဆင်သင့်လုပ်ထားသည်။ စာရွက်၏ တစ်ဖက်တွင် ဖတ်စာအုပ်၏ဘေးနားတွင်မှတ်ထားသော စကားလုံးများမှထွက်ပေါ်လာသည့် မေးခွန်းများကို ရေးချသည်။ အခြားတစ်ဖက်တွင် မေးခွန်း၏အဖြေများကို ရေးသည်။ စာမေးပွဲအတွက် စာကျက်သောအခါ ဤစာရွက်များကို အသုံးပြုသည်။ မေးခွန်းနှင့်အဖြေများကို ပြန်နွှေးသင့်သည်။

## ဆန်းစစ်လေ့လာခြင်း၊ မေးခွန်းထုတ်ခြင်း၊ ဖတ်ရှုခြင်း၊ ပြန်ဖတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း
**Survey-Question-Read-Recite-Review (SQRRR)**

ဤနည်းသည် ကိုယ်တိုင်ဦးဆောင်ညွှန်ကြားသော လေ့လာရေးအစီအစဉ်တစ်ခုဖြစ်သည်။ ဤနည်းကို ကျောင်းသားများတစ်ဦးချင်း လုပ်ဆောင်ရာတွင်အသုံးပြုရန် ရည်ရွယ်သည်။ SQRRR နည်းသည် ကမ္ဘာ့အထင်ရှားဆုံး လေ့လာရေးနည်းတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဤနည်းသည် ကျောင်းသားများအား ဖတ်စာကို ဂရုတစိုက် ခွဲခြမ်းစိတ်ဖြာကြည့်ရန် လမ်းညွှန်မှုပေးသည်။ ထို့နောက် ထပ်ခါထပ်ခါ ပြန်လည်လေ့ကျင့်ကြမည်။ သို့မှသာ ကျောင်းသားများသည် ဖတ်စာကိုကောင်းစွာသင်ယူနိုင်ပြီး အဓိကအချက်များကို ပြန်လည်မှတ်မိကြမည်။ သတိပြုရန်မှာ ပြန်လည်မှတ်မိခြင်း (recall) သည် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့်မတူပါ။ ကျောင်းသားများအတွက် ရည်ရွယ်ချက်မှာ ဖတ်စာကိုစဉ်းစာရန်ဖြစ်လျှင် ကျောင်းသားများသည် ဖတ်စာကိုလေ့လာပြီးနောက် စုစည်းခြင်းအပိုင်း၏ လုပ်ဆောင်ချက်များတွင်ပါဝင်သင့်သည်။

SQRRR တွင်အောက်ပါအဆင့်များပါဝင်သည်။

၁။ **ဆန်းစစ်လေ့လာခြင်း** (S) – အသေးစိတ်မဖတ်မီ သင်ခန်းစာအခန်း (chapter) တစ်ခုကို ကြိုတင်ဆန်းစစ်လေ့လာပါ။

(က) ခေါင်းစဉ် (title) ကိုဖတ်၍ ဘာပြောသည်၊ ဘာကိုဆိုလိုသည် တို့ကိုစဉ်းစားကြည့်ပါ။
(ခ) ခေါင်းစဉ်ကြီးများ (heading) နှင့် ခေါင်းစဉ်ငယ်များ (sub-heading) ကိုဖတ်ပါ။
(ဂ) အကျဉ်းချုပ်ပါဝင်လျှင် ဖတ်ပါ။
(ဃ) ဓါတ်ပုံများ၊ ဇယားချပ်များနှင့် အခြားသရုပ်ဖော်ပုံများ အောက်မှစာတမ်းများကိုဖတ်ပါ။
(င) ကိုးကားသောစာအုပ်စာရင်းများ (သို့မဟုတ်) ဖတ်စာပါအကြောင်းအရာနှင့်ဆက်စပ်သော စာအုပ်စာရင်းများပါဝင်ခြင်းရှိ၊ မရှိ ကြည့်ပါ။

၂။ **မေးခွန်းမေးခြင်း**(Q) – ဘာအကြောင်းဖတ်မလဲဟု ကိုယ့်ကိုယ်ကိုမေးပါ။

(က) အခန်း၏ခေါင်းစဉ် (title) က ဘာကိုဆိုလိုသလဲ။
(ခ) ဒီဘာသာရပ်အကြောင်း ငါဘာသိထားသလဲ။
(ဂ) ဒါကိုဖတ်ဖို့ခိုင်းတုန်းက ဒီအခန်း၏အကြောင်းကို ဆရာဘာပြောခဲ့သလဲ။
(ဃ) ခေါင်းစဉ်ကြီး၊ ခေါင်းစဉ်ငယ်များသည် ဘယ်လိုမေးခွန်းများကို ညွှန်းဆိုထားသလဲ။
(င) သင်ခန်းစာထဲမှ ပြန်လည်လေ့ကျင့်ရန်မေးခွန်းများကို ဖတ်ပါ။ မဖတ်ခင် ဘာအဖြေတွေပေးနိုင်သလဲ။

၃။ **စာဖတ်ခြင်း**(R) – တက်ကြွစွာဖတ်ပါ။

(က) ဆန်းစစ်လေ့လာခြင်း၊ မေးခွန်းမေးခြင်းအပိုင်းများတွင် မေးခဲ့သည့်မေးခွန်းများကိုဖြေရန် ဖတ်ပါ။
(ခ) လေ့လာမှုကိုအထောက်အကူပြုရန် ဖေါ်ပြထားသော မြေပုံ၊ ကားချပ်၊ ဇယားနှင့် အခြားရုပ်ပုံများအားလုံးကို ဖတ်ပါ။
(ဂ)မျဉ်းသားထားသောစာလုံးများ၊ စာလုံးစောင်းများ၊ ထင်ထင်ရှားရှားဖြစ်အောင် ဖေါ်ပြထားသောစာလုံးများနှင့် စာကြောင်းများကို အထူးဂရုပြု၍ဖတ်ပါ။

၄။ **ပြန်ဖတ်ခြင်း**(R) – အဆင့်(၃)တွင်ဖော်ပြထားသည့် စာဖတ်ခြင်းအပိုင်းတွင် ဖတ်ခဲ့သောစာများကို အကျဉ်းချုပ်ဖြစ်စေ၊ မှတ်စုတိုများဖြစ်စေ ပြန်ဖတ်ပါ။

၅။ **ပြန်လည်သုံးသပ်ခြင်း**(R) – အားလပ်သည့်အချိန်တွင် သင်ယူလေ့လာခဲ့သည်များကို ပြန်လည်လေ့ကျင့်ပါ။

(က) ပြန်လည်အမှတ်ရစေရန် မှတ်စုများ၊ ဖတ်စာဘေးတွင် မှတ်ထားသောအချက်များကိုအသုံးပြုပါ။

(ခ) ဖတ်ပြီးလျှင် ချက်ချင်းပြန်လည်သုံးသပ်ပါ။

(ဂ) အခါအားလျော်စွာ ပြန်လည်၍သုံးသပ်ပါ။

(ဃ) စာမေးပွဲမဖြေမီ (သို့မဟုတ်) ဆွေးနွေးပွဲမတိုင်မီ ထပ်မံ၍ပြန်လည်သုံးသပ်ပါ။

(Source: Manzo 1994 မှ ယူထားပါသည်)

## နှစ်ဦးတွဲလေ့လာခြင်း – JUICE နည်း

JUICE သည် ဆရာ မပါဘဲ နှစ်ဦးတွဲလေ့လာသင်ယူသော အဆင့်များ (၅)ဆင့်ပါ နည်းလမ်းတစ်ခု ဖြစ်သည်။ JUICE သည် လုပ်ဆောင်ခြင်း (Job)၊ နားလည်ခြင်း (Understand)၊ သင်ကြားခြင်း (Instruct)၊ ဝေဖန်ခြင်း (Critique) နှင့် လဲလှယ်ခြင်း (Exchange) တို့၏ အစအင်္ဂလိပ်စာလုံးများကို အတိုကောက်ယူထားသော နည်းလမ်းတစ်ခုဖြစ်သည်။ အောက်တွင် JUICE ၏အဆင့်များကို ရှင်းလင်းစွာဖော်ပြထားသည်။

၁။ **လုပ်ဆောင်ခြင်း** (Job) – ဖတ်မည့်သူနှစ်ဦးလုံးသည် ဖတ်ရန်စာ၏အစိတ်အပိုင်းတစ်ခုကို ရွေးချယ်သည်။ ဖတ်ရန်အချိန်သတ်မှတ်သည်။ (ဖတ်ရန်စာအစိတ်အပိုင်းသည် စာအုပ်ထဲမှစာမျက်နှာအချို့(သို့မဟုတ်) အခန်းတစ်ခု ဖြစ်နိုင်သည်။)

၂။ **နားလည်ခြင်း** (Understand) – ရွေးချယ်ထားသောအပိုင်းကို နှစ်ဦးစလုံးဖတ်ကြသည်။ မှတ်မိဖို့ထက် ယေဘုယျနားလည်မှုကို အာရုံစိုက်သည်။ ဖတ်သောစာ၏ အရေးကြီးသောအပိုင်းနှင့် ခက်ခဲသောအပိုင်းများကို အမှတ်အသားပြုသည်။ အတွဲထဲမှမည်သည့်တစ်ယောက်က အခြားတစ်ယောက်ကို ဤအပိုင်းအား ပြန်သင်ပေးမည်ကို ဆုံးဖြတ်ကြသည်။

၃။ **သင်ကြားခြင်း** (Instruct) – အတွဲထဲမှတစ်ယောက်ကို ဖတ်စာ၏ရွေးချယ်ထားသောအပိုင်းအတွက် သင်ကြားပြသသူအဖြစ် တာဝန်ချထားသည်။ အဆိုပါပုဂ္ဂိုလ်သည် ဖတ်ရှုသောအပိုင်းတွင်ပါဝင်သည့် အကြောင်းအရာများကို သူ၏တွဲဖော်အား ရှင်းပြသည်။ မေးခွန်းများလည်း မေးသည်။

၄။ **ဝေဖန်ခြင်း** (Critique) – အတွဲမှအခြားတစ်ဦးက ကျောင်းသားအဖြစ်သရုပ်ဆောင်သည်။ သင်ကြားပြသသည်ကို နားထောင်သည်။ အမှားများကို ရှာဖွေသည်။ အကြောင်းအရာနှင့်ပတ်သက်၍လည်း မေးခွန်းများ မေးသည်။ ဤအပိုင်းသည် ခက်ခဲသောအပိုင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နှစ်ဦးတွဲလေ့လာသင်ယူမှု အောင်မြင်စေရန်အတွက် သင်ကြားပြသသူသည် ရှင်းရှင်းလင်းလင်းတင်ပြနိုင်ရန် အားထုတ်ရသောကြောင့် ဖြစ်သည်။

၅။ **လဲလှယ်ခြင်း** (Exchange) – သင်ကြားပြသသူက ရှင်းလင်းပြောပြပြီးသောအခါ ကျောင်းသားအဖြစ် သရုပ်ဆောင်သူက သင်ကြားခဲ့သမျှကို ပြန်၍အကျဉ်းချုပ်ပြောပြသည်။ နှစ်ဦးစလုံးက သူတို့ဆွေးနွေးသင်ယူခဲ့သမျှကို ဖလှယ်ကြသည်။ စစ်ဆေးသည့်မေးခွန်းများလည်း ထုတ်ကြသည်။ ဖတ်စာတွင်မည်သည့် အချက်များသည် အရေးကြီးကြောင်းသဘောတူသတ်မှတ်ကြသည်။ နောက်ထပ်သင်ခန်းစာတစ်ခုကို ဆက်လက်လေ့လာသောအခါ ကျောင်းသားနှစ်ဦးသည် ဆောင်ရွက်ရမည့်နေရာချင်းလဲ၍ ဤနည်းအတိုင်း ဆက်လက်လုပ်ဆောင်ကြသည်။

# နောက်ဆက်တွဲ(၁)
# ကျောင်းသားနှင့်ဆရာ၏လုပ်ဆောင်ချက်အတွက် စံထားချက်များနှင့် စည်းမျဉ်းများ

## ၁။ ကျောင်းသားများအတွက်စံထားချက်များနှင့် စည်းမျဉ်းများ

### ပထမစံထားချက်

ကျောင်းသားက အဆင့်မြင့်မေးခွန်းများကို သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်ခြင်းနှင့် တောင်းဆိုခြင်းပြုလုပ်သည်။

| **အညွှန်း** | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ကျောင်းသားက ဆရာနှင့် အတန်းဖော်များ မေးသော အဆင့်မြင့်မေးခွန်းများကို ကျိုးကြောင်း ဆီလျော်စွာ တုံ့ပြန်ချက်ပေးသည်။ | ဆရာနှင့်အတန်းဖော်များ မေးသောအချက်အလက်များ နှင့် မှတ်ဉာဏ်ကိုစမ်းသော မေးခွန်းများကို အဓိကဖြေဆိုသည်။ | ဆရာနှင်အတန်းဖော်များ မေးသော အဆင့်မြင့်မေးခွန်း များကို တခါတရံဖြေဆို နိုင်သည်။ | ဆရာနှင့်အတန်းဖော်များ မေးသော အဆင့်မြင့်မေးခွန်း များကို အမြဲတမ်းဖြေဆို နိုင်သည်။ |
| ကျောင်းသားက ဆရာနှင့် အတန်းဖော်များ၏ ဆီလျော်မှု နှင့်တက်ကြွစွာသင်ယူမှုကို ထင်ဟပ်သော အဆင့်မြင့် မေးခွန်းများနှင့် အဖွင့်မေးခွန်း များကို တောင်းဆိုသည်။ | ဆရာနှင့်အတန်းဖော်များ၏ အချက်အလက်များနှင့် မှတ်ဉာဏ်ကိုစမ်းသော မေးခွန်းများကို အဓိကထား၍ တောင်းဆိုသည်။ | ဆရာနှင့်အတန်းဖော်များ၏ အဆင့်မြင့်မေးခွန်းများကို တခါတရံတောင်းဆိုသည်။ | ဆရာနှင့်အတန်းဖော်များ၏ အဆင့်မြင့်မေးခွန်းများကို အမြဲတမ်းတောင်းဆိုသည်။ |

## ဒုတိယစံထားချက်

ကျောင်းသားများသည် ဝေဖန်ပိုင်းခြားစဉ်းစားမှုကိုထင်ဟပ်သော ပြောဆိုခြင်းနှင့် ရေးသားခြင်းတို့ကို ပြုကြသည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ရှင်းလင်းတင်ပြရာတွင် အဆက်အစပ်ရှိသည်။ | အဆက်အစပ်မရှိ၊ တစ်ခုခုကို အာရုံစူးစိုက်ထားခြင်းမရှိ။ | အများအားဖြင့် အဆက်အစပ်ရှိ။ | သေသေချာချာအာရုံစူးစိုက်သည်။ အဆက်အစပ် ခိုင်ခိုင်မာမာရှိသည်။ |
| ပုံနှိပ်ထုတ်ဝေရာတွင် စာလုံးပေါင်း၊ သတ်ပုံ၊ သဒ္ဒါမှန်ကန်မှုရှိသည်။ | အရွယ်နှင့်မလိုက်သော စာလုံးပေါင်း၊ သတ်ပုံ၊ သဒ္ဒါ အမှားများ အတော်များများ ပါဝင်။ | အရွယ်နှင့်လျော်ညီသော စာလုံးပေါင်း၊ သတ်ပုံ၊ သဒ္ဒါ အမှားတချို့ပါဝင်။ | စာလုံးပေါင်း၊ သတ်ပုံ၊ သဒ္ဒါ အမှားအနည်းငယ်သာပါဝင်။ |
| ပုံနှိပ်ထုတ်ဝေသည့်စာတွင် အဓိကအတွေးအခေါ်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။(သို့မဟုတ်)အကြောင်းအရာများကို အထောက်အပံ့ပေးသည့်အချက်များနှင့် အဆက်အစပ်ရှိရှိယုတ္တိကျကျ ဖော်ပြထားသည်။ | အဓိကအတွေးအခေါ် အကြောင်းအရာကို ရှင်းလင်းစွာဖော်ပြထားခြင်းမရှိ။ အထောက်အပံ့ပေးသည့် အချက်များနှင့်လည်းအဆက်အစပ်မရှိ၍ ယုတ္တိမကျ။ | အထောက်အပံ့ပေးသည့် အချက်များနှင့် အများအားဖြင့် အဆက်အစပ်ရှိသော အကြောင်းအရာများနှင့်အတူ အဓိကအတွေးအခေါ် များပါဝင်သည်။ | ရှင်းလင်းစွာဖော်ပြထားသော အဓိကအတွေးအခေါ်များ (သို့မဟုတ်) အထောက်အပံ့ ပေးသောအချက်များနှင့်လည်း ယုတ္တိကျကျ အဆက်အစပ်ရှိသောအကြောင်းအရာများပါဝင်သည်။ |
| အထောက်အပံ့ပေးသည့် အချက်များသည် မှန်ကန်မှုနှင့် ခိုင်လုံမှုရှိသည်။ | မှန်ကန်မှုနှင့်ခိုင်လုံမှုမရှိ။ | မှန်ကန်၍ခိုင်လုံသော အချက်များဖြင့် မကြာခဏ အထောက်အပံ့ပေးသည်။ | မှန်ကန်၍ခိုင်လုံသောအချက် များဖြင့် အမြဲအထောက်အပံ့ ပေးသည်။ |
| ပုံနှိပ်ထုတ်ဝေသည့်စာသည် ပရိသတ်ကိုဆွဲဆောင်နိုင်သည်။ ဝေါဟာရကြွယ်သည်။ အရေးအသားကောင်းသည်။ | ရည်ရွယ်သောပရိသတ် အတွက်ရေးသားဖော်ပြခြင်းမရှိ။ ဝေါဟာရသုံးနှုန်းမှုမဆီလျော်။ | ရည်ရွယ်သောပရိသတ်အတွက် အကြာခဏရေးသားဖော်ပြသည်။ သင့်လျော်သောဝေါဟာရများကိုသုံးစွဲသည်။ အရေးအသားကောင်းသည်။ | ရည်ရွယ်သောပရိသတ် အတွက်အမြဲတမ်းရေးသား ဖော်ပြသည်။ သင့်လျော်သော ဝေါဟာရများကိုသုံးစွဲသည်။ အရေးအသားအလွန်ကောင်းသည်။ |
| ပုံနှိပ်ထုတ်ဝေသည့်စာတွင် အဆိုများနှင့် နိဂုံးချုပ်ချက်များကို အထောက်အပံ့ပေးသည့် သက်သေအထောက်အထားများထင်ဟပ်နေသည်။ | အဆိုနှင့်နိဂုံးချုပ်ချက်များကို အထောက်အပံ့ပေးသည့် သက်သေအထောက်အထား မရှိ။ | အဆိုနှင့်နိဂုံးချုပ်ချက်များကို အထောက်အပံ့ပေးရန် သက်သေအထောက်အထားကို မကြာခဏဖော်ပြသည်။ | အဆိုနှင့်နိဂုံးချုပ်ချက်ကို အထောက်အပံ့ပေးရန် သက်သေအထောက်အထား ကိုအမြဲတမ်းဖော်ပြသည်။ |
| စာမရေးမီပြုလုပ်ရသော နည်းဗျူဟာများကိုသုံးစွဲမှုအားဖော်ပြထားသည်။ (ဥပမာ အကြံဉာဏ်ထုတ်ခြင်း (brainstorming)၊ အချက်အလက်များဆင့်ပွားခြင်း (clustering)၊ ဇာတ်လမ်းအဆက်အစပ်ရေးဆွဲခြင်း (story mapping) ) | စာမရေးမီပြုလုပ်ရသော နည်းဗျူဟာများကိုသုံးစွဲမှု အားဖော်ပြထားခြင်းမရှိ။ | စာမရေးမီပြုလုပ်ရသောနည်းဗျူဟာများကိုသုံးစွဲမှုအား မကြာခဏဖော်ပြထားသည်။ | စာမရေးမီပြုလုပ်ရသော နည်းဗျူဟာများကိုသုံးစွဲမှုအား အမြဲတမ်းဖော်ပြထားသည်။ |

## တတိယစံထားချက်

ကျောင်းသားများသည် စတင်ဆောင်ရွက်ခြင်း၊ စိတ်ဓာတ်နိုးကြားခြင်းနှင့် စာသင်ခန်းတွင်းနှင့်စာသင်ခန်းပြင်ပတွင် သင်ယူခြင်းပြုသည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ကျောင်းသားကစီမံကိန်းများ၊ လုပ်ဆောင်ချက်များကို စာသင်ခန်းလေ့ကျင့်ခန်း ထက်သာလွန်၍ လုပ်ဆောင်သည်။ | စာသင်ခန်းလေ့ကျင့်ခန်းထက် သာလွန်၍ စီမံကိန်းများ၊ လုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်းမရှိ။ | စာသင်ခန်းလေ့ကျင့်ခန်း ထက်သာလွန်၍ စီမံကိန်းများ၊ လုပ်ဆောင်ချက်များကို တခါတရံလုပ်ဆောင်သည်။ | စာသင်ခန်းလေ့ကျင့်ခန်း ထက်သာလွန်၍ စီမံကိန်း များ၊ လုပ်ဆောင်ချက်များကို မကြာခဏလုပ်ဆောင်သည်။ |
| ကျောင်းသားက စာသင်ခန်း ပြင်ပတွင် စာသင်ခန်းနှင့် သက်ဆိုင်သောကိစ္စများကို အတန်းဖော်များ၊ ဆရာများ နှင့် အခြားစာသင်ခန်းပြင်ပရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း အားဖြင့် သင်ယူသည်။ | စာသင်ခန်းပြင်ပတွင် စာသင် ခန်းနှင့် သက်ဆိုင်သောကိစ္စ များကို အတန်းဖော်များ၊ ဆရာများ နှင့်အခြားစာသင် ခန်းပြင်ပရှိ ပုဂ္ဂိုလ်များနှင့် သင်ယူမှုပြုလုပ်လေ့မရှိ။ | စာသင်ခန်းပြင်ပတွင် စာသင် ခန်းနှင့် သက်ဆိုင်သောကိစ္စ များကို အတန်းဖော်များ၊ ဆရာများနှင့် အခြားစာသင် ခန်းပြင်ပရှိ ပုဂ္ဂိုလ်များနှင့် တခါတရံသင်ယူမှုပြုသည်။ | စာသင်ခန်းပြင်ပတွင် စာသင် ခန်းနှင့် သက်ဆိုင်သောကိစ္စ များကို အတန်းဖော်များ၊ ဆရာများနှင့် အခြားစာသင် ခန်းပြင်ပရှိ ပုဂ္ဂိုလ်များနှင့် မကြာခဏသင်ယူမှုပြုသည်။ |
| ကျောင်းသားက ကျောင်းပြင်ပ ရှိသတင်းအချက်အလက်ရနိုင် သောနေရာများကို ရှာဖွေ သည်။ (ဥပမာ–စာကြည့် တိုက်၊ အင်တာနက်၊ သတင်းစာ၊ ပြတိုက်) | ကျောင်းပြင်ပရှိသတင်း အချက်အလက်ရနိုင်သော နေရာများကိုရှာဖွေလေ့မရှိ။ (ဥပမာ– စာကြည့်တိုက်၊ အင်တာနက်၊ သတင်းစာ၊ ပြတိုက်) | ကျောင်းပြင်ပရှိသတင်း အချက်အလက်ရနိုင်သော နေရာများကို တခါတရံ ရှာဖွေသည်။ (ဥပမာ– စာကြည့်တိုက်၊ အင်တာနက်၊ သတင်းစာ၊ ပြတိုက်) | ကျောင်းပြင်ပရှိသတင်း အချက်အလက်ရနိုင်သော နေရာများကို မကြာခဏ ရှာဖွေသည်။ (ဥပမာ– စာကြည့်တိုက်၊ အင်တာနက်၊ သတင်းစာ၊ ပြတိုက်) |
| ကျောင်းသားက ဆရာနှင့် အတန်းဖော်များ၏ မေးခွန်း များနှင့်အဆိုများကို မတိုက် တွန်းရဘဲ၊ သင့်တင့်လျောက် ပတ်စွာ တုံ့ပြန်သည်။ | ဆရာနှင့် အတန်းဖော်များ၏ မေးခွန်းများနှင့်အဆိုများကို မတိုက်တွန်းရဘဲ၊ သင့်တင့် လျောက်ပတ်စွာ တုံ့ပြန်လေ့ မရှိ။ | ဆရာနှင့် အတန်းဖော်များ၏ မေးခွန်းများနှင့်အဆိုများကို မတိုက်တွန်းရဘဲ၊ သင့်တင့် လျောက်ပတ်စွာ တခါတရံ တုံ့ပြန်သည်။ | ဆရာနှင့် အတန်းဖော်များ၏ မေးခွန်းများနှင့်အဆိုများကို မတိုက်တွန်းရဘဲ၊ သင့်တင့် လျောက်ပတ်စွာ မကြာခဏ တုံ့ပြန်သည်။ |
| ကျောင်းသားက နည်းလမ်း အသစ်များတွင် မတိုက်တွန်း ရဘဲ၊ ပါဝင်လုပ်ဆောင်သည်။ | နည်းလမ်းအသစ်များတွင် မတိုက်တွန်းရဘဲ၊ ပါဝင်လုပ်ဆောင်လေ့မရှိ။ | နည်းလမ်းအသစ်များတွင် မတိုက်တွန်းရဘဲ၊ တခါတရံ ပါဝင်လုပ်ဆောင်လေ့မရှိ။ | နည်းလမ်းအသစ်များတွင် မတိုက်တွန်းရဘဲ၊ မကြာခဏ ပါဝင်လုပ်ဆောင်သည်။ |

## စတုတ္ထစံထားချက်

ကျောင်းသားက သင်ယူရာတွင်လည်းကောင်း၊ မေးခွန်းမေးမြန်းရာတွင်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာရာတွင်လည်းကောင်း၊ အတွေးအခေါ်အယူအဆများကိုထုတ်ဖော်ရာတွင်လည်းကောင်း၊ ရပ်တည်ချက်ကိုဖော်ပြရာ၌လည်းကောင်း၊ ထင်မြင်ချက်ပေးရာတွင်လည်းကောင်း ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိသည်။

| **အညွှန်း** | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ကျောင်းသားက တွေးခေါ်ယူဆချက်များ၊ ရပ်တည်ချက်များနှင့် ထင်မြင်ချက်များ အပေါ် ဆရာနှင့်အတန်းဖော်များထံမှ တုံ့ပြန်ချက်ကို စတင်၍တောင်းခံသည်။ | တွေးခေါ်ယူဆချက်များ၊ ရပ်တည်ချက်များနှင့် ထင်မြင်ချက်များအပေါ် ဆရာနှင့်အတန်းဖော်များထံမှ တုံ့ပြန်ချက်ကို စတင်တောင်းခံလေ့မရှိ။ | တွေးခေါ်ယူဆချက်များ၊ ရပ်တည်ချက်များနှင့် ထင်မြင်ချက်များအပေါ် ဆရာနှင့်အတန်းဖော်များ ထံမှတုံ့ပြန်ချက်ကို တခါတရံ တောင်းခံသည်။ | တွေးခေါ်ယူဆချက်များ၊ ရပ်တည်ချက်များနှင့် ထင်မြင်ချက်များအပေါ် ဆရာနှင့်အတန်းဖော်များ ထံမှတုံ့ပြန်ချက်ကို မကြာခဏတောင်းခံသည်။ |
| ကျောင်းသားက အကြောင်းအရာတွင်ဖြစ်စေ၊ ကိုယ်တိုင်စဉ်းစားပုံ၌ဖြစ်စေ၊ တွေ့ရှိရသောအားနည်းချက်များကို အသိအမှတ်ပြုသည်။ သင့်တင့်လျောက်ပတ်စွာတုံ့ပြန်သည်။ | ကျောင်းသားက အကြောင်းအရာတွင်ဖြစ်စေ၊ ကိုယ်တိုင်စဉ်းစားပုံ၌ဖြစ်စေ၊ တွေ့ရှိရသော အားနည်းချက်များကို အသိအမှတ်ပြုလေ့မရှိ။ သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်ခြင်းလည်းမရှိ။ | ကျောင်းသားက အကြောင်းအရာတွင်ဖြစ်စေ၊ ကိုယ်တိုင်စဉ်းစားပုံ၌ဖြစ်စေ၊ တွေ့ရှိရသော အားနည်းချက်များကိုတခါတရံ အသိအမှတ်ပြုသည်။ တခါတရံ သင့်တင့်လျောက်ပတ်စွာတုံ့ပြန်သည်။ | ကျောင်းသားက အကြောင်းအရာတွင်ဖြစ်စေ၊ ကိုယ်တိုင်စဉ်းစားပုံ၌ဖြစ်စေ၊ တွေ့ရှိရသော အားနည်းချက်များကို မကြာခဏအသိအမှတ်ပြုသည်။ မကြာခဏ သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်သည်။ |
| ကျောင်းသားက အမိန့်သံပါသော ဖော်ပြချက်များကို ယုတ္တိရှိ မရှိ၊ ခိုင်လုံမှုရှိ မရှိ စစ်ဆေးသည်။ | အမိန့်သံပါသော ဖော်ပြချက်များကို ယုတ္တိရှိ မရှိ၊ ခိုင်လုံမှုရှိ မရှိ စစ်ဆေးလေ့မရှိ။ | အမိန့်သံပါသော ဖော်ပြချက်များကို ယုတ္တိရှိ မရှိ၊ ခိုင်လုံမှုရှိ မရှိ တခါတရံ စစ်ဆေးသည်။ | အမိန့်သံပါသော ဖော်ပြချက်များကို ယုတ္တိရှိ မရှိ၊ ခိုင်လုံမှုရှိ မရှိ မကြာခဏ စစ်ဆေးသည်။ |
| ကျောင်းသားက အများ၏ ဆန့်ကျင်မှုနှင့်ရင်ဆိုင်ရသော အခါ ကျိုးကြောင်းဆီလျော်သော၊ ခိုင်လုံမှုရှိသော ရပ်တည်ချက် (သို့မဟုတ်) ဆုံးဖြတ်ချက်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ပြောဆိုသည်။ | အများ၏ ဆန့်ကျင်မှုနှင့် ရင်ဆိုင်ရသောအခါ ကျိုးကြောင်းဆီလျော်သော၊ ခိုင်လုံမှုရှိသော ရပ်တည်ချက် (သို့မဟုတ်) ဆုံးဖြတ်ချက်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ပြောဆိုခြင်းမရှိ။ | အများ၏ဆန့်ကျင်မှုနှင့် ရင်ဆိုင်ရသောအခါ ကျိုးကြောင်းဆီလျော်သော၊ ခိုင်လုံမှုရှိသောရပ်တည်ချက် (သို့မဟုတ်) ဆုံးဖြတ်ချက်ဖြင့် တခါတရံ ခိုင်ခိုင်မာမာ ရပ်တည်ပြောဆိုနိုင်သည်။ | အများ၏ဆန့်ကျင်မှုနှင့် ရင်ဆိုင်ရသောအခါ ကျိုးကြောင်းဆီလျော်သော၊ ခိုင်လုံမှုရှိသောရပ်တည်ချက် (သို့မဟုတ်) ဆုံးဖြတ်ချက်ဖြင့် မကြာခဏ ခိုင်ခိုင်မာမာရပ်တည်ပြောဆိုနိုင်သည်။ |

## ပဋ္ဌမစံထားချက်

ကျောင်းသားသည် သတင်းအချက်အလက်များနှင့် မိမိကိုယ်တိုင်ဘက်လိုက်မှုရှိနေခြင်းကို ရှာဖွေကြည့်ရှု သည်။ ခွဲခြမ်းစိတ်ဖြာ၍ကြည့်သည်။ ပေါင်းစပ်သည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ကျောင်းသားသည် နေရာများ စွာမှရရှိသော သတင်းအချက် အလက်များကိုရှာဖွေရန်နှင့် အကဲဖြတ်ရန်စွမ်းရည်ကို အသုံးပြုသည်။ | နေရာများစွာမှရရှိသော သတင်းအချက်အလက် များကိုရှာဖွေရန်နှင့် အကဲဖြတ်ရန်စွမ်းရည်ကို အသုံးပြုလေ့မရှိ။ | နေရာများစွာမှရရှိသော သတင်းအချက်အလက်များ ကိုရှာဖွေရန်နှင့် အကဲဖြတ်ရန်စွမ်းရည်ကို တစ်ခါတစ်ရံအသုံးပြုသည်။ | နေရာများစွာမှရရှိသော သတင်းအချက်အလက်များ ကိုရှာဖွေရန်နှင့် အကဲဖြတ်ရန်စွမ်းရည်ကို မကြာခဏအသုံးပြုသည်။ |
| ကျောင်းသားသည် မိမိကိုယ် တိုင်ဘက်လိုက်မှုရှိခြင်းကို အသိအမှတ်ပြုသည်။ မိမိ၏ လုပ်ဆောင်ချက်တွင် အဆိုပါ ဘက်လိုက်မှုရှိခြင်းကို ထည့် သွင်းတွက်ချက်သည်။ | မိမိကိုယ်တိုင်ဘက်လိုက်မှု ရှိခြင်းကို အသိအမှတ်ပြုလေ့ မရှိ။ မိမိ၏လုပ်ဆောင်ချက်တွင် အဆိုပါဘက်လိုက်မှုရှိခြင်းကို ထည့်သွင်းတွက်ချက်လေ့မရှိ။ | မိမိကိုယ်တိုင်ဘက်လိုက်မှုရှိ ခြင်းကို တခါတရံအသိ အမှတ်ပြုသည်။ မိမိ၏လုပ် ဆောင်ချက်တွင် အဆိုပါ ဘက်လိုက်မှုရှိခြင်းကို တခါတရံ ထည့်သွင်းတွက်ချက်သည်။ | မိမိကိုယ်တိုင်ဘက်လိုက်မှုရှိ ခြင်းကို မကြာခဏအသိ အမှတ်ပြုသည်။ မိမိ၏လုပ် ဆောင်ချက်တွင် အဆိုပါ ဘက်လိုက်မှုရှိခြင်းကို မကြာခဏ ထည့်သွင်းတွက်ချက်သည်။ |
| ကျောင်းသားသည် မိမိ၏သိ နားလည်မှုကို စောင့်ကြည့် စစ်ဆေးသည်။ အကြောင်း အရာနှင့် ကျိုးကြောင်းဖော်ပြ ချက် မှားယွင်းမှုများကို အသိအမှတ်ပြုသည်။ | မိမိ၏သိနားလည်မှုကို စောင့်ကြည့် စစ်ဆေးလေ့မရှိ။ အကြောင်းအရာနှင့် ကျိုးကြောင်းဖော်ပြချက် မှားယွင်းမှုများကို အသိအမှတ်ပြုလေ့မရှိ။ | မိမိ၏သိနားလည်မှုကို တခါ တရံစောင့်ကြည့် စစ်ဆေး သည်။ အကြောင်းအရာနှင့် ကျိုးကြောင်း ဖော်ပြချက်မှား ယွင်းမှုများကို တခါတရံ အသိအမှတ်ပြုသည်။ | မိမိ၏သိနားလည်မှုကို မကြာခဏစောင့်ကြည့်စစ် ဆေးသည်။ အကြောင်းအရာ နှင့် ကျိုးကြောင်းဖော်ပြချက် မှားယွင်းမှုများကို မကြာခဏ အသိအမှတ်ပြုသည်။ |
| ကျောင်းသားသည်အမျိုး အစားအမျိုးမျိုး၊ အဆင့် အမျိုးမျိုးမှရရှိသော သတင်း အချက်အလက်များကို အမျိုး အစားသတ်မှတ်သည်။ အဆင့်ခွဲခြားသတ်မှတ်သည်။ | အမျိုးအစားအမျိုးမျိုး၊ အဆင့် အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များ ကို အမျိုးအစားသတ်မှတ် လေ့မရှိ။ အဆင့်ခွဲခြားသတ် မှတ်လေ့မရှိ။ | အမျိုးအစားအမျိုးမျိုး၊ အဆင့်အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များ ကို တခါတရံအမျိုးအစား သတ်မှတ်သည်။ တခါတရံ အဆင့်ခွဲခြားသတ်မှတ်သည်။ | အမျိုးအစားအမျိုးမျိုး၊ အဆင့်အမျိုးမျိုးမှရရှိသော သတင်းအချက်အလက်များ ကို မကြာခဏအမျိုးအစား သတ်မှတ်သည်။ မကြာခဏ အဆင့်ခွဲခြားသတ်မှတ်သည်။ |
| ကျောင်းသားများသည် အတွေးအခေါ်အယူအဆ အသစ်၊ ထင်မြင်ချက်အသစ် များကို ဖော်ထုတ်ရန်၊ ဖော်ပြ ရန်နှင့် ကာကွယ်ပြောဆိုရန် ရှိပြီးသားအသိပညာနှင့် အသစ်တည်ဆောက်ထား သောအသိပညာတို့ကို အသုံးပြုသည်။ | အတွေးအခေါ်အယူအဆ အသစ်၊ ထင်မြင်ချက်အသစ် များကို ဖော်ထုတ်ရန်၊ ဖော်ပြ ရန်နှင့် ကာကွယ်ပြောဆိုရန် ရှိပြီးသားအသိပညာနှင့် အသစ်တည်ဆောက်ထား သောအသိပညာတို့ကို အသုံးပြုလေ့မရှိ။ | အတွေးအခေါ်အယူအဆ အသစ်၊ ထင်မြင်ချက်အသစ် များကို ဖော်ထုတ်ရန်၊ ဖော်ပြ ရန်နှင့် ကာကွယ်ပြောဆိုရန် ရှိပြီးသားအသိပညာနှင့် အသစ်တည်ဆောက်ထား သောအသိပညာတို့ကို တခါတရံအသုံးပြုသည်။ | အတွေးအခေါ်အယူအဆ အသစ်၊ ထင်မြင်ချက်အသစ် များကို ဖော်ထုတ်ရန်၊ ဖော်ပြ ရန်နှင့် ကာကွယ်ပြောဆိုရန် ရှိပြီးသားအသိပညာနှင့် အသစ်တည်ဆောက်ထား သောအသိပညာတို့ကို မကြာခဏအသုံးပြုသည်။ |
| ကျောင်းသားများသည် ကျိုးကြောင်းခိုင်လုံသည့် နှုတ်ဖြင့်ပြောဆိုချက်များနှင့် ရေးသားတင်ပြချက်များတွင် အတွေးအခေါ်အယူအဆ အသစ်နှင့်ထင်မြင်ချက်အ သစ်များကို အကျဉ်းချုပ် ဖော်ပြသည်။ | ကျိုးကြောင်းခိုင်လုံသည့် နှုတ်ဖြင့်ပြောဆိုချက်များနှင့် ရေးသားတင်ပြချက်များတွင် အတွေးအခေါ်အယူအဆ အသစ်နှင့်ထင်မြင်ချက်အ သစ်များကို အကျဉ်းချုပ် ဖော်ပြလေ့မရှိ။ | ကျိုးကြောင်းခိုင်လုံသည့် နှုတ်ဖြင့်ပြောဆိုချက်များနှင့် ရေးသားတင်ပြချက်များတွင် အတွေးအခေါ်အယူအဆ အသစ်နှင့်ထင်မြင်ချက်အ သစ်များကို အကျဉ်းချုပ် တခါတရံဖော်ပြသည်။ | ကျိုးကြောင်းခိုင်လုံသည့် နှုတ်ဖြင့်ပြောဆိုချက်များနှင့် ရေးသားတင်ပြချက်များတွင် အတွေးအခေါ်အယူအဆ အသစ်နှင့်ထင်မြင်ချက်အ သစ်များကို အကျဉ်းချုပ် မကြာခဏဖော်ပြသည်။ |

## ဆင့်မစံထားချက်

ကျောင်းသားသည် သချာ်နှင့်သိပ္ပံတွင် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို အသုံးပြုသည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ကျောင်းသားသည် ပညာဗဟုသုတပြည့်စုံသော ကိုယ်ပိုင်ကြိုတင်ယူဆချက် များအားတည်ဆောက်သည့် စွမ်းရည်ကိုပြသသည်။ | ပညာဗဟုသုတပြည့်စုံသော ကိုယ်ပိုင် ကြိုတင်ယူဆချက် များအား တည်ဆောက်သည့် စွမ်းရည်ကို ပြသလေ့မရှိ။ | ပညာဗဟုသုတပြည့်စုံသော ကိုယ်ပိုင်ကြိုတင်ယူဆချက်များ အားတည်ဆောက်သည့်စွမ်း ရည်ကို တခါတရံပြသသည်။ | ပညာဗဟုသုတပြည့်စုံသော ကိုယ်ပိုင်ကြိုတင်ယူဆချက် များအားတည်ဆောက်သည့် စွမ်းရည်ကို မကြာခဏပြသ သည်။ |
| ကျောင်းသားသည် အချက်အလက်များကို သင့်တင့်သည့်နေရာမှရယူ သည်။ စုဆောင်းသည်။ ရေတွက်သည်။ သင့်တင့် လျော်ပတ်စွာတင်ပြသည်။ | အချက်အလက်များကို သင့်တင့်သည့်နေရာမှရယူရန်၊ စုဆောင်းရန်၊ ရေတွက်ရန်၊ သင့်တင့်လျော်ပတ်စွာ တင်ပြရန်မလုပ်နိုင်။ | အချက်အလက်များကို သင့်တင့်သည့်နေရာမှရယူရန်၊ စုဆောင်းရန်၊ ရေတွက်ရန် သင့်တင့်လျော်ပတ်စွာ တင်ပြရန်တခါတရံ လုပ်နိုင်သည်။ | အချက်အလက်များကို သင့်တင့်သည့်နေရာမှရယူရန်၊ စုဆောင်းရန်၊ ရေတွက်ရန် သင့်တင့်လျော်ပတ်စွာ တင်ပြရန် အမြဲမပြတ်လုပ် နိုင်သည်။ |
| ကျောင်းသားသည် အချက် အလက်အသစ်ကို ရှိပြီးသား အသိပညာနှင့်ဆက်စပ်၍ အကျဉ်းချုပ်သည်။ ခွဲခြမ်း စိတ်ဖြာကြည့်သည်။ | အချက်အလက်အသစ်ကို ရှိပြီးသားအသိပညာနှင့် ဆက်စပ်၍ အကျဉ်းချုပ်ခြင်း၊ (သို့မဟုတ်) ခွဲခြမ်းစိတ်ဖြာခြင်း မလုပ်နိုင်။ | အချက်အလက်အသစ်ကိုရှိ ပြီးသားအသိပညာနှင့်ဆက် စပ်၍ အကျဉ်းချုပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းကို တခါတရံ လုပ်နိုင်သည်။ | အချက်အလက်အသစ်ကိုရှိ ပြီးသားအသိပညာနှင့်ဆက် စပ်၍ အကျဉ်းချုပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းကို အမြဲ မပြတ်လုပ်နိုင်သည်။ |
| ကျောင်းသားသည် ခွဲခြမ်း စိတ်ဖြာသုံးသပ်၍ရရှိသည့် ရလဒ်မှကျိုးကြောင်းခိုင်လုံ သော၊ ခုခံ ကာကွယ်နိုင်သော နိဂုံးချုပ်ကိုရေးဆွဲသည်။ | ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ရရှိ သည့်ရလဒ်မှ ကျိုးကြောင်း ခိုင်လုံသော၊ ခုခံကာကွယ် နိုင်သော နိဂုံးချုပ်ကို ရေးဆွဲနိုင်ခြင်းမရှိ။ | ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ရရှိ သည့်ရလဒ်မှကျိုးကြောင်း ခိုင်လုံသော၊ ခုခံကာကွယ် နိုင်သောနိဂုံးချုပ်ကို တခါတရံ ရေးဆွဲနိုင်သည်။ | ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ရရှိ သည့်ရလဒ်မှကျိုးကြောင်းခိုင် လုံသော၊ ခုခံကာကွယ်နိုင် သောနိဂုံးချုပ်ကို မကြာခဏ ရေးဆွဲနိုင်သည်။ |
| ကျောင်းသားသည် ကျိုးကြောင်းခိုင်လုံသော၊ ခုခံကာကွယ်နိုင်သောအဆို များတွင် ခွဲခြမ်းစိတ်ဖြာ၍ရရှိ သည့်ရလဒ်ကို အဓိပ္ပါယ် ဖွင့်ဆိုသည်။။ | ကျောင်းသားသည် ကျိုးကြောင်းခိုင်လုံသော၊ ခုခံကာကွယ်နိုင်သောအဆို များတွင် ခွဲခြမ်းစိတ်ဖြာ၍ရရှိ သည့်ရလဒ်ကို အဓိပ္ပါယ် ဖွင့်ဆိုခြင်းမပြုလုပ်နိုင်။ | ကျောင်းသားသည်ကျိုး ကြောင်းခိုင်လုံသော၊ ခုခံကာ ကွယ်နိုင်သောအဆိုများတွင် ခွဲခြမ်းစိတ်ဖြာ၍ရရှိသည့်ရလဒ် ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း တခါတရံပြုလုပ်နိုင်သည်။ | ကျောင်းသားသည်ကျိုး ကြောင်းခိုင်လုံသော၊ ခုခံကာ ကွယ်နိုင်သောအဆိုများတွင် ခွဲခြမ်းစိတ်ဖြာ၍ရရှိသည့် ရလဒ်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း အမြဲမပြတ်ပြုလုပ်နိုင်သည်။ |

# ၂။ ဆရာအတွက်စံထားချက်များနှင့် စည်းမျဉ်းများ

## ပထမစံထားချက်

ဆရာများသည် ကျောင်းသားတစ်ဦးချင်းကို တန်ဖိုးထားသော ကျောင်းသားဗဟိုပြုစာသင်ခန်းများကို စီစဉ်သည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ဆရာသည် ဘာသာရပ်နှင့် ပတ်သက်၍ကွဲပြားသည့် အမိပ္ပါယ်ဖွင့်ဆိုချက်များကို အားပေးသည်။ | အဖြေမှန်ကို ပုံစံတကျရွတ်ဆိုခြင်းကို အလိုရှိသည်။ | ကွဲပြားသောအဖြေ တချို့ကို လက်ခံသည်။ | ကွဲပြားသောအဖြေများကို အမြဲမပြတ်လက်ခံ၍ အားပေးသည်။ |
| ဆရာသည် ကျောင်းသားများအား အတွေးအခေါ်အယူအဆများ၊ ထင်မြင်ယူဆချက်များကိုထုတ်ဖော်ရန်နှင့်အထောက်အပံ့ပေးရန် အားပေးတိုက်တွန်းခြင်းပြုသည်။ | အတွေးအခေါ်အယူအဆများ၊ ထင်မြင်ချက်များကို ထုတ်ဖော်ရန်နှင့်အထောက်အပံ့ပေးရန် အားပေးတိုက်တွန်းခြင်းကို ပြုလုပ်လေ့မရှိ။ | အတွေးခေါ်အယူအဆများ၊ ထင်မြင်ချက်များကို ထုတ်ဖော်ရန်နှင့်အထောက်အပံ့ပေးရန် အားပေးတိုက်တွန်းခြင်းကို မကြာခဏ ပြုလုပ်သည်။ | အတွေးခေါ်အယူအဆများ၊ ထင်မြင်ချက်များကိုထုတ်ဖော်ရန်နှင့်အထောက်အပံ့ပေးရန် အားပေးတိုက်တွန်းခြင်းကို အမြဲမပြတ် ပြုလုပ်သည်။ |

## ဒုတိယစံထားချက်

ဆရာစီစဉ်သော စာသင်ခန်းအနေအထားသည် သင်ခန်းစာနှင့်ဆီလျော်သော အကြောင်းအရာ၊ အခြေခံမှုများ၊ သင်ယူရေးလုပ်ဆောင်ချက်များ၊ အဖွဲ့လိုက်ဆောင်ရွက်ရန်နည်းလမ်းများကို ထင်ဟပ်စေသည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| သင်ခန်းစာလိုအပ်ချက်အရနှင့်ထိရောက်သော အပြန်အလှန်သင်ယူမှုအတွက် ကျောင်းသားများအုပ်စုဖွဲ့ရာတွင် လိုက်လျောညီထွေမှုရှိသော စာသင်ခန်းပြင်ဆင်မှုများကို ပြုလုပ်သည်။ | စာသင်ခုံများကို အတန်းလိုက်စီထားသည်။ လုပ်ဆောင်ချက်အမျိုးမျိုးအတွက် ထိုင်ခုံအနေအထားများကို လိုက်လျောညီထွေပြင်ဆင်မှုမရှိ။ | လုပ်ဆောင်ချက်အမျိုးမျိုးအတွက် ထိုင်ခုံများပြင်ဆင်နေရာချထားမှုကိုမကြာခဏ ပြောင်းလဲသည်။ | လုပ်ဆောင်ချက်အမျိုးမျိုးအတွက် လိုအပ်ချက်အရ ထိုင်ခုံများ ပြင်ဆင်နေရာချထားမှုကို အမြဲမပြတ် ပြောင်းလဲသည်။ |
| ဆရာသည် သင်ယူမှုပတ်ဝန်းကျင်နှင့်စာသင်ခန်းနံရံများတွင် ကျောင်းသားများ၏လုပ်ဆောင်ချက်များထားရှိခြင်းကို သေသေချာချာဆောင်ရွက်သည်။ | ဆရာသည် သင်ယူမှုပတ်ဝန်းကျင်နှင့်စာသင်ခန်းနံရံများတွင် ကျောင်းသားများ၏လုပ်ဆောင်ချက်များထားရှိခြင်းကို ဆောင်ရွက်ခြင်းမရှိ။ | ဆရာသည် သင်ယူမှုပတ်ဝန်းကျင်နှင့်စာသင်ခန်းနံရံများတွင် ကျောင်းသားများ၏လုပ်ဆောင်ချက်များထားရှိခြင်းကို မကြာခဏ ဆောင်ရွက်သည်။ | ဆရာသည် သင်ယူမှုပတ်ဝန်းကျင်နှင့်စာသင်ခန်းနံရံများတွင် ကျောင်းသားများ၏လုပ်ဆောင်ချက်များထားရှိခြင်းကို အမြဲမပြတ် ဆောင်ရွက်သည်။ |

## တတိယစံထားချက်

ဆရာများသည် ပြဋ္ဌာန်းထားသည့်သင်ရိုးညွှန်းတမ်းတွင် ပါဝင်သောသင်ခန်းစာများကို ထိရောက်စွာ သင်ကြားသည်။

| **အညွှန်း** | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ဆရာသည် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကိုသေချာစေရန်အတွက် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို နည်းအမျိုးမျိုးဖြင့်ချဉ်းကပ်သည်။ | သင်ခန်းစာအကြောင်းအရာကိုဖြစ်စေ၊ ကျောင်းသားများ၏လိုအပ်ချက်ကိုဖြစ်စေ ထည့်သွင်းမစဉ်းစားဘဲ သင်ခန်းစာအားလုံးကိုနည်းတစ်မျိုးဖြင့်သာ သင်ကြားသည်။ | တက်ကြွစွာသင်ယူမှုနည်းဗျူဟာများနှင့်စုပေါင်းသင်ယူမှုနည်းလမ်းများကို တခါတရံအသုံးပြုသည်။ | K-W-L နှင့်အပြန်အလှန်သင်ကြားခြင်း အစရှိသည့် တက်ကြွစွာသင်ယူမှုနည်းဗျူဟာများနှင့် စုပေါင်းသင်ယူမှုနည်းလမ်းများကို မကြာခဏအသုံးပြုသည်။ |

## စတုတ္ထစံထားချက်

ဆရာများသည် နိုင်ငံသားပညာရေး၊ HIV/AIDS ပညာရေး၊ လိင်ကွဲပြားမှုနှင့်ဆိုင်သောပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ပညာပေးရေးနှင့် ကလေးများအခွင့်အရေး စသည့်စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများ သင်ကြားရေးအစီအစဉ်တွင် ထည့်သွင်းပါဝင်စေသည်။

| **အညွှန်း** | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ဆရာသည် အတန်းတွင်းဆွေးနွေးပွဲများ၌ စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများကို ထည့်သွင်းဆွေးနွေးသည်။ | ဆရာသည် အတန်းတွင်းဆွေးနွေးပွဲများ၌ စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများကို ထည့်သွင်းဆွေးနွေးမှုမရှိ။ | အတန်းတွင်းဆွေး နွေးပွဲများ၌ စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများကို တခါတရံ ထည့်သွင်းဆွေးနွေးသည်။ | နေ့စဉ်သင်ကြားသည့် အစီအစဉ်အတွင်း စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများနှင့် သက်ဆိုင်သောသင်ခန်းစာများကို မကြာခဏထည့်သွင်းသင်ကြားသည်။ |
| ဆရာသည် စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများနှင့် ပတ်သက်၍ ကျောင်းသားများက သူတို့၏အမြင်ကို ဖော်ပြနိုင်ရန် စာဖတ်ရန်နှင့် စာရေးရန်အခွင့်အရေးပေးသည်။ | စာသင်ခန်းနှင့် ဆက်နွယ်သောကိစ္စများနှင့် ပတ်သက်၍ ကျောင်းသားများအား စာဖတ်ရန်နှင့် စာရေးရန် အခွင့်အရေးကို ပေးလေ့မရှိ။ | စာသင်ခန်းနှင့် ဆက်နွယ် သောကိစ္စများနှင့် ပတ်သက်၍ ကျောင်းသားများအား စာဖတ်ရန်နှင့် စာရေးရန် အခွင့်အရေးကို တခါတရံ ပေးသည်။ | စာသင်ခန်းနှင့် ဆက်နွယ် သောကိစ္စများနှင့် တ်သက်၍ ကျောင်းသားများအား စာဖတ်ရန်နှင့် စာရေးရန် အခွင့်အရေးကို မကြာခဏ ပေးသည်။ |

## ပဉ္စမစံထားချက်

ဆရာများသည် တက်ကြွစွာသင်ယူမှုကိုမြှင့်တင်ရန် သင်ကြားမှုအစီအစဉ်ကိုရေးဆွဲသည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ဆရာက တက်ကြွသင်ယူသော သင်ကြားနည်းများကို အသုံးပြုသည်။ | ဆရာကသာ ပို့ချသည့်ပုံစံကို အချိန်တိုင်း အသုံးပြုသည်။ | ဆရာက ပို့ချသည့်ပုံစံကို မကြာခဏ အသုံးပြုသည်။ ကျောင်းသားများက မေးခွန်း တချို့မေးကြသည်။ | ဆရာက ပို့ချသည့်ပုံစံကို အသုံးပြုလေ့မရှိ။ကျောင်းသား၏တုံ့ပြန်မှုကို အခြားကျောင်းသားများထံ မကြာခဏလွှဲပြောင်းပေးသည်။ |
| ဆရာက ကျောင်းသားများ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အဖွဲ့ငယ်နှင့် တစ်တန်းလုံး ပါဝင်သောနည်းများကို ပေါင်းစပ်အသုံးပြုသည်။ | ကျောင်းသားများသည် သင်ခန်းစာအားလုံးတွင် တစ်တန်းလုံးအနေဖြင့် ပါဝင်သည်။ | ကျောင်းသားများသည် နှစ်ယောက်တွဲနှင့်အဖွဲ့ငယ်များတွင် တခါတရံ ပါဝင်လုပ်ဆောင်ရသည်။ | ကျောင်းသားများသည် နှစ်ယောက်တွဲနှင့်အဖွဲ့ငယ်များတွင် မကြာခဏပါဝင် လုပ်ဆောင်ရသည်။ |
| လုပ်ဆောင်မှုအသီးသီးအတွက် အချိန်ကိုစနစ်တကျ စီမံခန့်ခွဲသည်။ | အချိန်ကိုစီမံခန့်ခွဲခြင်းမရှိ။ သင်ခန်းစာ၏သဘာဝ(သို့မဟုတ်) ကျောင်းသားများ၏လိုအပ်ချက်များကို စဉ်းစားခြင်းမရှိ။ | သင်ခန်းစာ၏သဘာဝနှင့် ကျောင်းသားများ၏လိုအပ်ချက်အရ အချိန်စီမံခန့်ခွဲမှုကို မကြာခဏပြုလုပ်သည်။ | သင်ခန်းစာ၏သဘာဝနှင့် ကျောင်းသားများ၏လိုအပ်ချက်များအရ အချိန်ကို အမြဲမပြတ်စီစဉ်သည်။ |

## ဆဋ္ဌမစံထားချက်

ဆရာများသည် အဆင့်မြင့်စဉ်းစားမှုကိုမြှင့်တင်ရန် အတွေးအခေါ်ပါသောမေးခွန်းများကို အသုံးပြုသည်။

| အညွှန်း | ပြုပြင်ရန်လိုအပ် | ကျေနပ်ဖွယ်ရှိ | ထူးချွန် |
|---|---|---|---|
| ဆရာက အတွေးကိုနှိုးဆွသော အဆင့်မြင့်မေးခွန်းများကို မေးသည်။ | အဆင့်နိမ့်မေးခွန်းများနှင့် အချက်အလက်ကိုသာမေးသော မေးခွန်းများကို အမြဲမပြတ်မေးသည်။ | အဆင့်မြင့်မေးခွန်းများကို မကြာခဏမေးသည်။ | အဆင့်မြင့်မေးခွန်းများကို အမြဲမပြတ် မေးသည်။ |
| ဆရာကကျောင်းသားများအား သူတို့၏အတွေးအခေါ် အယူအဆနှင့် ထင်မြင်ချက်များကို ဖော်ပြရန်နှင့် အထောက်အပံ့ပေးရန် အားပေးတိုက်တွန်းခြင်း ပြုသည်။ | ကျောင်းသားများအား သူတို့၏အတွေးအခေါ် အယူအဆနှင့်ထင်မြင်ချက်များကို ဖော်ပြရန်နှင့် အထောက်အပံ့ပေးရန် အားပေးတိုက်တွန်းခြင်း လေ့မရှိ။ | ကျောင်းသားများအား သူတို့၏အတွေးအခေါ်အယူအဆနှင့်ထင်မြင်ချက်များကို ဖော်ပြရန်နှင့် အထောက်အပံ့ပေးရန် မကြာခဏ အားပေးတိုက်တွန်းသည်။ | ကျောင်းသားများအား သူတို့၏အတွေးအခေါ်အယူအဆနှင့်ထင်မြင်ချက်များကို ဖော်ပြရန်နှင့် အထောက်အပံ့ပေးရန် အမြဲမပြတ် အားပေးတိုက်တွန်းသည်။ |

# နောက်ဆက်တွဲ(၂) – ဆွေးနွေးရန်ဖတ်စာများ

## ဆင်များနှင့်တောင်သူများ

အာဖရိကနိုင်ငံများစွာတွင် ဆင်ကောင်ရေဆက်လက်လျော့နည်းလျက်ရှိသည်။ အခြားအာဖရိကတိုင်းပြည်များတွင်မူထိန်းသိမ်းစောင့်ရှောက်ရေးကို ရေရှည်လုပ်ဆောင်လာကြသောကြောင့် သမိုင်းတလျှောက်တွင် ယခင်ထက်ဆင်ပေါများလာသည်အထိ အောင်မြင်နေသည်။

သဘာဝတောရိုင်းတိရစ္ဆာန်ပါရဂူများက ဤအချက်ကို အောင်ပွဲဟုခေါ်ဆိုကြသည်။ သို့သော် ဆင်းရဲရုန်းကန်နေရသောအာဖရိကတောင်သူတစ်ဦးအနေဖြင့် သူမ၏မသေချာမရေရာသည့် ဘဝရှင်သန်မှုအတွက် သဘာဝလောက၏ခြိမ်းခြောက်ခြင်းနမူနာတစ်မျိုးဖြစ်နေသည်။ ဆင်များက ကောက်ပဲသီးနှံများကိုရှားပါးအောင် အငမ်းမရရှာဖွေစားသောက်လာပြီး ဆင်ကောင်ရေတိုးပွားလာခြင်းသည် စိုက်ခင်းအားလုံးကို နာရီအနည်းငယ်အတွင်း ဖျက်ဆီးပစ်နိုင်သည်။ မျိုးစေ့နှင့်ဓါတ်မြေသြဇာဈေးနှုန်းမြင့်တက်လာခြင်း၊ ကမ္ဘာတစ်ဝှမ်းဖြန့်ကျက်မှု (globalization)၏ အကျိုးသက်ရောက်ခြင်း စသည်တို့၏ခြိမ်းခြောက်မှုကိုခံနေကြရသော စိုက်ခင်းကြီးများ၏အမြတ်အစွန်းသည်လည်း ကျဆင်းလျက်ရှိနေကြသည်။ တစ်နိုင်စိုက်ပျိုးရေး သမားတောင်သူနှင့် သူ၏မိသားစုအတွက် ဆင်အုပ်စုတစ်စု၏ ရုတ်တရက်ဝင်ရောက်ကျူးကျော်မှုသည် တစ်ရာသီစိုက်ပျိုးသီးနှံများနှင့် အိုးအိမ်များပျက်စီးခြင်းကိုဖြစ်စေနိုင်ပြီး ဆင်းရဲနွမ်းပါးရပ်တည်ရာအခြေမဲ့ဘဝသို့ ရောက်စေနိုင်သည်။

ဤအကြောင်းများကြောင့် တောင်သူများစွာတို့က ဆင်ပစ်ခွင့်နှင့် ဆင်သား၊ ဆင်သားရေ၊ ဆင်စွယ် စသည်တို့ကို ရောင်းဝယ်ခွင့်ပြန်ဖွင့်ပေးရန် တောင်းဆိုလာကြသည်။ ဆင်စွယ်တစ်ချောင်း၏တန်ဖိုးငွေသည် ဆင်းရဲနွမ်းပါးသောတောင်သူတစ်ဦးအတွက် နှစ်ပေါင်းများစွာလုပ်စာဝင်ငွေနှင့်ညီမျှနိုင်သည်။ ဆင်းရဲသောတောင်သူများ၏ စားဝတ်နေရေးအခက်အခဲက ဆင်များ၏အသက်ရှင်ရေးထက် ပိုမိုခဲယဉ်းသောဒေသမျိုးတွင် ဤအကြောင်းပြချက်သည် လက်ခံနိုင်ဖွယ်ရှိသောအဆိုတစ်ရပ်ဖြစ်နေသည်။ ထို့ပြင် တရားဝင်ရောင်းဝယ်ခွင့် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ဆင်စွယ်မှောင်ခိုသမားများ၏ကြမ်းတမ်းသောအမူအကျင့်ကိုထိန်းချုပ်ရန် အသုံးပြုလေ့ရှိသောစစ်ဆင်ရေးအရ ရဲဝန်ထမ်းများခန့်ထားရသောကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။

သို့သော် သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေးဝါဒီများစွာတို့က ဤအဆိုကိုထိတ်လန့်တကြား တုံ့ပြန်ခဲ့ကြသည်။ ဆင်ပစ်ခွင့်တရားဝင်ဥပဒေကို အကန့်အသတ်ဖြင့် ထုတ်ပြန်သည့်တိုင်အောင် လူတိုင်း လွတ်လပ်စွာကျင့်သုံးလာကြပြီး ဆင်မျိုးပြုန်းအောင်တွန်းပို့နိုင်ကြောင်း ထိုပုဂ္ဂိုလ်များကန့်ကွက်ကြသည်။ ဆင်စွယ်ကုန်ကူးခြင်းနှင့်ဆက်နွယ်နေသောအကျင့်ပျက်ခြစားမှုနှင့်ခေါင်းပုံဖြတ်မှု ပြန်ပေါ်ပေါက်လာနိုင်သည်။ လူများစွာအနေဖြင့်လည်း ဆင်ကိုသတ်ဖြတ်ခြင်းသည် ဝေလငါးကိုသတ်ဖြတ်ရသကဲ့သို့သော စက်ဆုတ်ရွံရှာဖွယ်ကောင်းသည့်အလုပ်ကို ကြီးကျယ်မြင့်မြတ်ပြီး ဉာဏ်ရည်ထက်မြတ်သည့်အလုပ်ဟုယူဆလာနိုင်သည်။ ။

# တစ်သျှီလင်
## (Liam O'Flaherty)

Kilmillick လေညှင်းခံတံတား၏ကမ်းပါးပေါ်တွင် ပင်လယ်ကိုကျောခိုင်းပြီး၊ ကျေးရွာနှင့် နေဘက်သို့မျက်နှာမူ လျှက်ထိုင်နေကြသည်။ နေရောင်နှင့်ထိသော ပင်လယ်ရေညှိအနံ့များကို သယ်ဆောင်လာသည့် လေအေးတစ်ချက်က သူတို့၏နောက်ကျောဘက်မှ တိုက်ခတ်နေလေသည်။ သူတို့အရှေ့တွင်ရှိ သော ရွာကလေးမှာ တိတ်ဆိတ်လျှက်ရှိသည်။ အိမ်ငယ်လေး၏မီးခိုးခေါင်းတိုင်မှ ခပ်စောင်းစောင်းလိမ့်တက်သွားသော မီးခိုးတန်းမှလွဲ၍ အခြားရွေ့လျားမှုမရှိ။ တနင်္ဂနွေနေ့ခင်းပိုင်းစောစောဖြစ်၍ Kilmurrage ရွာသား ယောကျ်ားမိန်းမအားလုံးသည် ဘောလုံးပွဲကြည့်နေကြ၏။ အဖိုးကြီးသုံးယောက်သည် သူတို့လူငယ်ဘဝတုန်းကဖမ်းရသော ငါးကြီးအကြောင်းပုံပြင်ဇာတ်လမ်းများ ပြောနေကြ၏။

ရုတ်တရက်ဆိုသလို ရွက်ဖျဉ်တစ်ချပ်လွင့်လာပြီး တံတားပတ်လည်သို့ ရွက်လှေဖြူဖြူလေးတစ်စင်း လှည့်ပတ်ဝင်လာသည်။ အဖိုးကြီးသုံးယောက်က ချက်ချင်းခုန်ထပြီး တံတားအောက်နားကိုရောက်လာသော ရွက်လှေဘက်ဆီသို့ငုံ့ကြည့်ကြသည်။ အဖိုးကြီးများအနက် အတက်ကြွဆုံး Patsy Conroy ဆိုသူက သဘော်ချည်သောကြိုးကိုဆွဲ၍ ရွက်လှေကို အသေချည်ထားလိုက်သည်။ ထို့နောက် သူပြန်လာပြီး ကုန်းပေါ်တက်ရန်ပြင်ဆင်နေသော ရွက်လှေသမားကို ဝိုင်းကြည့်နေသူနှစ်ဦးနှင့်လာရောသည်။ ညာဘက်ခြေထောက်ဆာ၍ ညာဘက်နားရွက်နောက်တွင် အသားပိုဖုလုံးရှိသူ Brian Manion က "ဒီရွက်လှေလေး လှလိုက်တာ၊ ဒီရွက်လှေကိုထိန်းသိမ်းဖို့ ငွေအများကြီးကုန်ကျမှာပဲ"ဟု သူ၏ကျောကိုကုတ်ရင်း ပြောလိုက်၏။ "ဟိုမှာကြည့်ကြစမ်း – တောက်ပနေတဲ့ ကြေးဝါဘောင်တန်းတွေနဲ့ ရွက်လှေအလယ်ကအခန်းငယ်ရဲ့ ကြမ်းပြင်ကိုခင်းထားတဲ့ကော်ဇော၊ ဒါမျိုးရွက်လှေနဲ့ တစ်ပတ်လောက် ငါးဖမ်းသွားချင်လိုက်တာ" ဟု Mick ကပြောသည်။

Mick Feeney က သူ၏အနီရောင်နှာခေါင်းရှည်ကြီးမှ အသက်ပြင်းပြင်းရှူလိုက်သည်။ အနီရောင် ဘေးကွပ်ထားသောသူ၏မျက်လုံးပြာများသည် ခုန်ထွက်လိုက်၊ ခုန်ဝင်လိုက်ဖြစ်နေသလိုထင်ရ၏။ သူ၏တုတ် ကောက်ထိပ်ဖျားကိုလက်နှစ်ဖက်ဖြင့်ဖမ်းကိုင်ပြီး သူ၏ပုတိုတိုခြေနှစ်ချောင်းကားလျှက် ရွက်လှေကို ငုံ့ကြည့်လိုက်သည်။

Patsy Conroy က ဘာတစ်ခွန်းမျှမဟ။ ခါးထောက်လျှက် ခပ်ကွာကွာရပ်နေသည်။ သူသည် အသက်၇၂– နှစ်ရှိပြီဖြစ်သော်လည်း ခါးမတ်ဆဲ၊ ပျော့ပျောင်းဆဲ၊ တက်ကြွဆဲဖြစ်သည်။ သို့သော် သူ၏မျက်နှာသည် အဝါရောင်ရှိပြီး သားရေကဲ့သို့တွန့်လိမ်နေသည့်အရေပြားနှင့် သွားမရှိသောသွားဖုံးကို သူ၏အဖိုးအိုမေးစေ့တွင် အထင်းသားတွေ့နေရသည်။ သူ၏မျက်လုံးကလေးများသည် အဖြူရောင်မျက်ခုံးမွေးစုပ်ဖွားများအောက်တွင် ဟိုကြည့်ဒီကြည့်နှင့် ပစ္စည်းတစ်ခုခုကိုခိုးယူရန် ကြိုးစားနေသည့်ပုံစံဖြင့် ရွက်လှေကို စဉ်းလဲစွာစိုက်ကြည့်နေသည်။ သူသည်နေပူသည့်ကြားထဲက သူ၏လည်ပင်းကို အဝါရောင်မာဖလာလည်စည်းဖြင့် မေးစေ့အထိ၊ ထပ်ခါထပ်ခါပတ်၍စည်းထားသည်။

"ဘုံဆိုင်နီးနီးနားနား ဘယ်မှာရှိလဲဗျ" ဟု အဖြူရောင်ဝါဂွမ်းပိတ်ချောအင်္ကျီနှင့် ဘောင်းဘီရှည်ဝတ်ထားသော မျက်နှာနီနီလူကြီးက ရွက်လှေကုန်းပတ်ပေါ်မှနေ၍မေးသည်။

အဖိုးကြီးများကသူ့ကိုအားလုံးပြောပြကြသည်။

"လာ၊ အရက်သွားသောက်ကြစို့ Totty " ဟု မျက်နှာနီနီနှင့်လူကြီးက ကပြောလိုက်သည်။

"ကောင်သားပဲ" ဟု ကျန်လူတစ်ယောက်က ပြောသည်။

မျက်နှာနီနီနှင့်လူကြီးက သံလှေကားမှတဆင့် ဆိပ်ခံဘောပေါ်သို့တက်လာစဉ် သူ၏တင်ပါးအိတ်ထောင်ထဲမှ သျှီလင်ဒင်္ဂါးစေ့တစ်စေ့ ထွက်ကျလာသည်။ ထိုသျှီလင်ဒင်္ဂါးစေ့သည် လှေကားရင်းရှိကြိုးခွေပေါ်သို့ အသံမြည်၍လိမ့်ကျသွားသည်။ မျက်နှာနီနီနှင့်လူကြီးက ထိုအဖြစ်ကိုသတိမပြုမိဘဲ သူ၏အဖော်မိတ်ဆွေနှင့်အတူ ဆိပ်ခံဘောပေါ်သို့ ဆက်တက်သွားသည်။ အဖိုးကြီးများသည် ဒင်္ဂါးစေ့ကျသွားသည်ကိုမြင်သော်လည်း မျက်နှာနီနီနှင့်လူကြီးကို မည်သူကမျှပြောမပြကြ။ သူတို့အချင်းချင်းလည်းမပြောပြကြ။ သျှီလင်ဒင်္ဂါးစေ့ ကြိုးခွေပေါ်သို့ကျ၍ အရောင်လက်လက်ဖြစ်လျှင်ဖြစ်ချင်း အဖိုးကြီးသုံးယောက်သည် သတိပြုမိပြီး စကားပြောမထွက်နိုင်လောက်အောင် နှမြောနေကြသည်။ အဖိုးကြီးတိုင်းက သျှီလင်ဒင်္ဂါးစေ့ကို အာသာငန်းသောအကြည့်ဖြင့် ခပ်မြန်မြန်တစ်ချက်ကြည့်ပြီး ချုံပုပ်ထဲကယုန်ကိုမြင်၍ လက်တစ်ဖက်မြှောက်ကာရပ်လျှက် အခြားတစ်နေရာသို့စိုက်ကြည့်ဟန်ဖြင့်နေသည့် ခွေးကဲ့သို့ အချင်းချင်း လှည့်ကြည့်ပြီး အခြားဖက်ကိုဆက်ကြည့်နေကြသည်။

အဖိုးကြီးတိုင်းသည် အခြားနှစ်ဦးစလုံးကသျှီလင်ဒင်္ဂါးစေ့ကျကြောင်းတွေ့ပြီးပြီဟု သိထားသော်လည်း မိမိ၏ လျှို့ဝှက်ချက်ကို ကျန်လူနှစ်ဦးသိသွားမည်စိုး၍ စကားမပြောဘဲတိတ်ဆိတ်နေကြသည်။ သူတို့တစ်ဦးစီသည် သင်္ဘော ကုန်းပတ်အောက်သို့ဆင်းပြီး ငွေဒင်္ဂါးကိုကောက်ယူ၍ မေးမြန်းခံရခြင်းမရှိဘဲ ပြန်တက်လာရန် မဖြစ်နိုင်ကြောင်းသိထား ကြသည်။ အကြောင်းမှာ–သင်္ဘောအခန်းငယ်ထဲတွင် ဦးထုပ်ဖြူဆောင်းထားသော လူကြီးတစ်ဦးရှိနေသည်။ ရံဖန်ရံခါ ဆိုသလို ထိုလူကြီး၏ဦးထုပ်သည် စကြံန်လမ်းပေါက်ဖက်သို့ပေါ်ပေါ်လာပြီး အိုးခွက်ပန်းကန်ဆေးကြောသံကိုလည်း ကြားနေရသည်။ ငွေဒင်္ဂါးနှင့်စကြံန်လမ်းမှာ နှစ်ပေခန့်သာဝေးသည်။ Patsy Conroy မှအပ ကျန်အဖိုးကြီးနှစ်ယောက် သည် လှေကားကိုဆင်း၍ ပြန်တက်မလာနိုင်လောက်အောင် အသက်ကြီးအိုမင်းလျက်ရှိကြ၏။ ထို့ပြင် ဘေးပတ်လည် တွင်မည်သူမျှမတွေ့မမြင်ရဘဲ လှေကားကိုဆင်း၍ပြန်တက်လာနိုင်သည့်တိုင်အောင် ကျန်အဖိုးကြီးများက သျှီလင်ဒင်္ဂါး ကို မိမိမရရှိလိုက်လျှင် အခြားမည်သူ့ကိုမှ မပိုင်စေလိုသောကြောင့် ကောက်ရသူမပိုင်အောင် ကာကွယ်တားဆီးမည်ဖြစ် ကြောင်း သူတို့တစ်ဦးချင်းသိထားပြီးဖြစ်၏။ သို့တိုင်အောင် သျှီလင်ဒင်္ဂါးပြားစေ့သည် လိုချင်စရာကောင်း လောက် အောင်တောက်ပနေသောကြောင့် အဖိုးကြီးသုံးဦးတို့သည် သျှီလင်ပြားစေ့နှင့်နှစ်ပေအတွင်းရှိ အရာဝတ္ထုများအပေါ် ရင်ခုန်စွာစိုက်ကြည့်၍ ဦးနှောက်ကစားနေကြသည်။ သူတို့သည် ဆူဆူညံညံရန်ဖြစ်သံမျိုးလောက် ကျယ်လောင်သော အသံမျိုးနည်းတူ နာကျည်းသောတိတ်ဆိတ်မှုဖြင့် စိုက်ကြည့်နေကြသည်။ Mick Finney ၏နှာခေါင်းမှ အသက်ရှူသံ သည် သူ၏အတွေးကြံစည်မှုကို ဖြေးဖြေးနှင့် အသေးစိတ်ရှင်းပြနေဘိသကဲ့သို့ ကျန်လူနှစ်ဦးအား ဖော်ထုတ်ပြနေသည်။ Brian Manion က သူ၏လက်များကို ဂဏာမငြိမ်လှုပ်ရှားနေပြီး လက်ဝါးနှစ်ဖက်အားပွတ်နေသည်ကို ကျန်အဖိုးကြီး နှစ်ယောက်တွေ့မြင်သောကြောင့် သူ၏အငန်းမရဖြစ်နေမှုကို ပြစ်တင်ဆဲဆိုကြသည်။ Patsy Conroy တစ်ဦးတည်း သာလျှင်တိတ်ဆိတ်နေသည်။ သို့သော် သူ၏တိတ်ဆိတ်မှုက ကျယ်လောင်လျှက်ရှိသည်။ သူ၏ဉာဏ်များသည့်ဦးခေါင်း ထဲတွင် ဘာတွေးနေသည်ကို မသိနိုင်သောကြောင့် ကျန်လူနှစ်ဦးကိုဒေါသဖြစ်စေသည်။

ပြီးတော့နေရောင်ကလည်း နွေးထွေးစွာထွန်းလင်းနေသည်။ လတ်ဆတ်သော ဆားငန်ရေ၏အနံ့သည် ရေဆာစိတ်ကိုဖြစ်ပေါ်စေပြီး Kelly ၏ဆိုင်မှ အမြုပ်တစီစီထနေသော သိပ်ကောင်းသည့် ဘီယာအေးအေးတစ်ခွက်ကို သတိရစရာဖြစ်လေသည်။ လိုချင်တပ်မက်စိတ်များ တဖွားဖွားပေါ်ပေါက်လာသောကြောင့် အဖိုးကြီးသုံးဦးအနက် မည် သူမှ ထိုဒင်္ဂါးကို အခြားလူတစ်ယောက်ပိုင်ဆိုင်ကြောင်း သတိမပြုမိကြတော့ပေ။ သို့ဖြင့် အဖိုးကြီးတစ်ဦးစီသည် ကျန် နှစ်ဦး၏အရက်မဲ့သောလိုချင်တပ်မက်စိတ်ကို မုန်းတီး၍ဒေါသဖြစ်နေကြသည်။ သူတို့တစ်ဦးစီ၏စိတ်ထဲတွင် အချင်းချင်း လူသတ်လိုသောစိတ်များပင်ဖြစ်ပေါ်နေကြပေပြီ။ သို့ဖြင့် သုံးမိနစ်ကုန်သွားလေသည်။ ရွက်လှေပိုင်ရှင်နှစ်ဦး မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြီ။ Brian Manion နှင့် Mick Finney တို့သည် တုန်တုန်ရီရီဖြင့် နှုတ်ခမ်းများလှုပ်နေကြ၏။

ထို့နောက် Patsy Conroy က ဆိပ်ခံဘောပေါ်မှ ကျောက်ခဲတစ်ခဲကိုကုန်းကောက်လိုက်သည်။ ထိုကျောက်ခဲကို ရွက်လှေ၏ကုန်းပတ်ပေါ်သို့ ပစ်ချလိုက်သည်။ အခြားလူကြီးနှစ်ဦးက မသိစိတ်ဖြင့် မိုက်မဲစွာတုတ်ချောင်းဖြင့် ကျောက်ခဲကို တားဆီးရန် မသိမသာလှုပ်ရှားလိုက်ကြ၏။ ထို့နောက် သူတို့၏မေးရိုးများလှုပ်ကာ စကားစပြောလာကြသည်။ Patsy Conroy က "ဟေ့ – ဟိုမှာ" ဟု လက်ခုပ်နှစ်ဖက်ကြားမှ အော်ပြောလိုက်သည်။ တင်ပါးတွင်ပုဝါပတ်ထားသော မျက်နှာဖြူဖတ်ဖြူရော်နှင့်လူကြီးတစ်ယောက်သည် ကြားစကြံန်လမ်း၏ ဒုတိယလှေကားထစ်သို့ထွက်လာသည်။ သူက "မင်းတို့ဘာအလိုရှိသလဲ" ဟုမေး၏။

Patsy Conroy က " ကျေးဇူးပြု၍ ခင်ဗျာ" "ကျွန်တော့်လက်ကလွတ်ကျသွားတဲ့ အဲဒီသျှီလင်ပြားစေ့ကို ကျွန်တော့်ဆီကောက်ပေးပါလား" ဟုပြောလိုက်သည်။

ထိုလူကြီးကခေါင်းငြိမ့်ပြီး သျှီလင်ပြားစေ့ကိုကောက်ကာ "ဖမ်းလိုက်" ဟုဆို၍ ဘောတံတားပေါ်သို့ ပစ်တင် ပေးလိုက်သည်။ Patsy Conroy က သူ၏ဦးထုပ်ကိုလက်ဖြင့်တွန်းတင်ပြီး ဒင်္ဂါးစေ့ကို ဒိုင်ဗင်ထိုးဖမ်းယူလိုက်သည်။ ကျန်လူနှစ်ဦးသည် အံ့အားသင့်မှင်သက်မိသောကြောင့် ကုန်းကောက်ခြင်း၊ ရှာဖွေခြင်းမပြုနိုင်ကြ။ သူတို့သည်ဒင်္ဂါးပြား စေ့ကို Patsy က တံတွေးထွေး၍ သူ၏အိတ်ထောင်ထဲသို့ထည့်လိုက်သည်ကိုသာကြည့်လိုက်ကြရသည်။ တံတားပေါ်သို့ ရဲတစ်ဦးအလား ပိန်ပိန်ရှည်ရှည်ကျောမွဲမွဲ၊ မာဖလာလည်စီးအဝါရောင်ကိုလည်ပင်းတွင်ပတ်လျက် ခပ်ကျယ်ကျယ် နာရှုံ့ကာတက်သွားသော Patsy ကိုသာ သူတို့ဆက်၍ကြည့်နေလိုက်ကြရပြန်သည်။

သူတို့အချင်းချင်းကြည့်ပြီး သူတို့၏မျက်နှာများတွင် ဒေါသခိုးထွက်နေကြသည်။ သူတို့နှစ်ဦးစလုံး တုတ်ချောင်း ကိုမြှောက်၍ "ဟဲ့ငတုံး မင်းဘာကြောင့်သူ့ကိုမတားလိုက်သလဲ" ဟု ပြစ်တင်ကြိမ်းမောင်းပြီး နေကြတော့သည်။

။

# ကိုလံဘတ်ကိုသတိရခြင်း
(Bucksnort Trout)

လွန်ခဲ့သောနှစ်ပေါင်းနှစ်သောင်းခန့်၌ ယခု ဘာရင်းရေလက်ကြား (**Bering Strait**) ဟုခေါ်သည့် နေရာပေါ်ရှိ ကုန်းမြေသည် ဖြတ်သွား၍မရလောက်အောင် နိမ့်ကျသွားခဲ့ပြီး ကမ္ဘာ၏အပိုင်းနှစ်ပိုင်းကို သီးခြားဖြစ်သွားစေခဲ့ပါသည်။ သစ်ပင်များနှင့်တိရစ္ဆာန်များ၊ လူများနှင့်ယဉ်ကျေးမှုများ၊ ကိုးကွယ်ယုံကြည်မှုနှင့်အနာရောဂါများ သီးခြားကွဲကွာသွားခဲ့ရာမှ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၊ အောက်တိုဘာလ၏နေသာသောနံနက်ခင်းတစ်ခုတွင် ခရစ္စတိုဖာကိုလံဘတ်သည် စန်ပယ်ပဒေါကျွန်းမှ သဲသောင်ကိုသင်္ဘောနှင့်တိုက်မိပြီး ကမ္ဘာ၏အပိုင်းနှစ်ပိုင်းကို ပြန်လည်ပေါင်းစပ်ပေးလိုက်ပါသည်။

လူတစ်ယောက်က မသိဘဲနှင့်ဒီလိုပထမဆုံးပေါင်းစပ်ပေးလိုက်တယ်ဆိုတာ စဉ်းစားကြည့်လျှင်အံ့ဩစရာကောင်းလှသည်။ ထိုအချိန်မှစ၍ ခရစ္စတိုဖာကိုလံဘတ်သည် ကမ္ဘာ၏စူးစမ်းခြင်းကို ထာဝရခံရလေတော့သည်။ ကိုလံဘတ်သည် အီတာလျံလူမျိုးမြေပုံထုတ်လုပ်သူဖြစ်ပြီး၊ တစ်ချိန်က ဂျီနိုအာမြို့တွင်သိုးမွေးများရောင်းဝယ်သူဖြစ်ခဲ့သည်။ သူသည် **Castilla** နယ်မှစပိန်ဘုရင်မ **Queen Isabella** ကို မသေချာသောတရုတ်ပြည်ခရီးအတွက် သင်္ဘောသုံးစင်းပေးရန်စည်းရုံးနိုင်ခဲ့သည်။ (**Aragon** နယ်နှင့်ဆက်စပ်လျှက်ရှိသောနယ်မြေ၏ဘုရင်ဖြစ်သည့် သူမ၏ခင်ပွန်း King Ferdinand ကိုမူ မစည်းရုံးနိုင်ခဲ့ပေ။) သို့သော် စပိန်စစ်သားများက စပိန်နိုင်ငံကိုနှစ်ပေါင်း ၈၀၀ တိုင်တိုင် အုပ်ချုပ်ခဲ့သည့် တောင်ပိုင်းပြည်နယ်မှ မွတ်ဆလင် **Moors** များကို တိုက်ထုတ်ပစ်နိုင်သည့်အချိန်အထိ မိဖုရားက ကိုလံဘတ်အားစောင့်ဆိုင်းစေခဲ့သည်။ တကယ့်ထူးခြားသော ၁၄၉၂ ခုနှစ်ဖြစ်ပါသည်။ **Moors** များကို စပိန်နိုင်ငံမှ နှင်ထုတ်နိုင်ခဲ့ကြသည်။ စပိန်နိုင်ငံတွင် ဘာသာရေးသန့်စင်မှုတည်ထောင်ခဲ့ပြီး ခရစ်ယာန်ဘာသာမှအပ ကျန်ဘာသာအားလုံးကို တရားမဝင်ဘာသာအဖြစ် ကြေညာခဲ့သည်။ ဩဂုတ်လတွင် ကိုလံဘတ်သည် သူ၏နာမည်ကျော်ခရီးကို စတင်ခဲ့သည်။ စပိန်နိုင်ငံအတွက် ထို ၁၄၉၂ ခုနှစ်သည် ဘာသာရေးအစွန်းရောက်ခုနှစ်၊ သည်းခံမှုမရှိသောခုနှစ်နှင့် အသစ်အဆန်းရှာဖွေတွေ့ရှိသောခုနှစ် ဖြစ်ခဲ့ပေသည်။

ကိုလံဘတ်၏ကမ္ဘာနှစ်ခြမ်းကို ပြန်လည်ပေါင်းစပ်ပေးမှုအပြီးတွင် စီးဆင်းသွားခဲ့သောသိမြင်မှုများသည် ကမ္ဘာတစ်ဝှမ်းလုံးကို ကြီးကြီးကျယ်ကျယ် လျင်လျင်မြန်မြန်ပြောင်းလဲစေလိုက်ပါသည်။ ဥရောပသားများအား အင်ဒီယန်းတွေပေးလိုက်သော အပင်များကို သူတို့သည် သေသေချာချာပျိုးထောင်ထားပြီး ဆွေစဉ်မျိုးဆက်ပေါင်းများစွာ ပိုကောင်းအောင်လုပ်ခဲ့သည်။ မကြာခင်မှာပဲ အာလူး၊ ပြောင်း၊ ချည်မျှင်ရှည်ဝါဂွမ်း စသည်တို့သည် ကမ္ဘာဟောင်း၏ငတ်မွတ်ခေါင်းပါးမှုကို ဖျောက်ဖျက်လိုက်ပြီး လူဦးရေပေါက်ကွဲမှုများ ဖြစ်ပေါ်စေလိုက်ပါသည်။ စီးပွားရေးမှစ၍ အစားအစာချက်ပုံအထိ အားလုံးပြောင်းလဲကုန်၏။ ခရမ်းချဉ်သီးမပါသော အီတာလျံအစားအစာ (သို့မဟုတ်) ငရုတ်သီးမပါသော အင်ဒီယန်းအစားအစာ (သို့မဟုတ်) အာလူးမပါသော အိုင်းရစ်ရှ်အစားအစာများကို မည်သူစိတ်ကူးကြည့်နိုင်မည်နည်း။ (ဆေးတံနှင့်စုံထောက်ကြီးရှားလော့ဟုမ်းကိုရော မည်သူစိတ်ကူးနိုင်အံ့နည်း)။ ဤအရာများအားလုံးသည် ကမ္ဘာသစ်မှရောက်လာခြင်းဖြစ်သည်။ ချည်မျှင်ရှည်နှင့် ဝါဂွမ်းသာမရှိလျှင် ဥရောပတွင် ချည်မျှင်နှင့်အထည်စက်ရုံများရှိလာနိုင်မည် မဟုတ်ပေ။ ထို့ပြင် စက်မှုတော်လှန်ရေးလည်း ဖြစ်ချင်မှဖြစ်လာပါလိမ့်မည်။

အခြားတစ်ဖက်ကိုကြည့်လိုက်လျှင် ကျွဲ၊ နွားမရှိသော အနောက်တောရိုင်းဟုခေါ်သည့် ကမ္ဘာသစ် (သို့မဟုတ်) မြင်းမရှိသော မြေပြန့်မှအင်ဒီယန်းများကို မည်သူစိတ်ကူးလို့ရနိုင်မည်နည်း။ ဤနှစ်မျိုးစလုံးကို စပိန်လူမျိုးများက ၁၄၉၃ခုနှစ်တွင် ကမ္ဘာသစ်ကိုယူဆောင်လာခဲ့ခြင်းဖြစ်ပြီး ထိုတိရစ္ဆာန်တို့သည် နေရာသစ်တွင် နေသားတကျဖြစ်လာကြကာ မျိုးဆက်ပြန့်ပွားလာကြခြင်း ဖြစ်ပေသည်။ ၁၅၈၀ခုနှစ်များတွင် စွန့်စားခရီးသွားသူ စပိန်လူမျိုးကာဘေဇာ ဒီဗာကာသည် မက္ကဆီကိုပင်လယ်ကွေ့မှနေ၍ မုန်တိုင်းတိုက်ခံရပြီး၊ တက္ကဆပ်ကမ်းခြေပေါ် ရောက်ခဲ့ရပါသည်။ သူသည် တက္ကဆပ်ကိုပထမဆုံးတွေ့သော ဥရောပသားတစ်ဦးဖြစ်သော်လည်း သူ့အရင်ကတည်းက စပိန်မှ ကျွဲ၊ နွားများက ရောက်နှင့်နေခဲ့ပြီးဖြစ်သည်။ ထိုအချိန်က အဆိုပါ ကျွဲ၊ နွားများကို ကြည့်ရသည်မှာ အင်မတန်ရိုင်းပြီး ထိုနေရာ၌ နေသားကျနေပုံရပါသည်။ ထို့ကြောင့် သူက အမေရိကန်ဒေသခံဖြစ်မည်ဟု ထင်ခဲ့မိသည်။ အမေရိကန်မြေပြန့်ကျယ်ကြီးတွင်နေထိုင်ကြသော အင်ဒီယန်းများဖြစ်သည့် လာကိုတာစူးလူမျိုးတို့တွင် သူတို့၏ဘဝကို တိုးတက်စေသော ထိုအင်မတန်ကောင်းသည့်တိရစ္ဆာန်များရောက်လာပုံနှင့်ပတ်သက်ပြီး ဒဏ္ဍာရီများရှိကြသည်။ အဲလ်ခွေးများသည် ရေကန်အနက်ကြီး၏အောက်ခြေတွင်ရှိသော မှော်နိုင်ငံမှရောက်လာခြင်းဖြစ်သည်ဟူ၍ ပြောကြသည်။ တကယ်တော့ မြင်းများဖြစ်ပါသည်။

သို့သော်မကောင်းသောရလဒ်အဖြစ် ကိုလံဘတ်နှင့်သူ၏နောက်လိုက်များယူလာသည့် ရောဂါများသည် ဆယ်စုနှစ်အနည်းငယ်အတွင်း၌ပင် ယဉ်ကျေးမှုထွန်းကားသောနိုင်ငံများစွာကို ဖျောက်ဖျက်ပစ်လိုက်နိုင်ခဲ့ပါသည်။ ဥပမာ– ဟစ်စပန်နီယိုလာ (ယခု ဟေတီနိုင်ငံနှင့်ဒိုမီနီကန် သမ္မတနိုင်ငံ)၏ ကာရစ်ဘီယန်ကျွန်းတွင် နေထိုင်ကြသော တိုင်နိုလူမျိုးများသည် နှစ်ပေါင်း၄၊ဆယ်အတွင်းတွင် သန်းတစ်ဝက်မှတစ်ယောက်မျှမကျန်တော့သည်အထိ လျော့ကျသွားခဲ့ပါသည်။ ကိုလံဘတ်ရောက်လာပြီးနှစ်ပေါင်းများစွာကြာသည်အထိ ဥရောပစွန့်စားခရီးသွားများသည် မြောက်အမေရိကကမ်းရိုးတန်းသို့ မရောက်နိုင်ခဲ့သော်လည်း စပိန်လူမျိုးများယူလာသောရောဂါသည် မြောက်ဘက်သို့လျှင်မြန်စွာပြန့်နှံ့နေခဲ့ပြီးဖြစ်၍ ၁၆၀၇ခုနှစ်၌ ကပ္ပတိန်ဂျိမ်းစ်မစ်သ်သည် ဗာဂျီးနီးယားရှိ ဂျိမ်းစ်တောင်းသို့ရောက်ချိန်တွင် ဒေသခံလူများသည် ကစဥ့်ကလျားဖြစ်နေခဲ့ကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ တောင်ပိုင်းမှစပိန်စွန့်စားခရီးသွားသူများမှ စလိုက်သောကျောက်ရောဂါကြောင့် သူတို့၏လူဦးရေလေးပုံတစ်ပုံလောက်သေဆုံးသွားခဲ့ပြီး လူမျိုးစုတစ်စုကနေမြောက်ဘက်ကိုလက်ဆင့်ကမ်းလိုက်၍ ဖြစ်ပါသည်။

ကရစ်ဘီယန်တွင် ထိုနှစ်မတိုင်မီနှစ်ပေါင်းတစ်ရာ၌ ဒေသခံလူများသည် ကြောက်စရာကောင်းလောက်သည့်နှုန်းနှင့်သေနေကြသောအခါ စပိန်လူမျိုးများသည် အာဖရိကမှအလုပ်သမားများကို အတင်းအကြပ်ခိုင်းစေရန် တင်သွင်းခဲ့ပြီး ကျွန်စနစ်၏မျိုးဆက်နှင့်ကမ္ဘာ့အသစ်တွင် လူမျိုးစုံသွေးနှောထားသော လူတွေကို ပေါ်လာစေခဲ့ပါသည်။

ဤအရာအားလုံးသည် မိမိကိုယ်မိမိ မည်သည့်နေရာရောက်နေမှန်းမသိသောသူတစ်ဦးကြောင့် ဖြစ်ပျက်လာခဲ့ကြရသည်။ ။

## အိုင်ဗင်နှင့် ဖျံအရေခွံ

(စကော့တလန်ရိုးရာပုံပြင်တစ်ခုက Bucksnort Trout ၏ပြန်လည်ပြောပြချက်)

စကော့တလန်မြောက်ဖက်ကမ်းခြေတလျှောက် ဆောင်းလေဟာအမှောင်ညတွေနဲ့ မှုန်မှိုင်းတဲ့နေ့တွေရယ်မှာတိုက်ခတ်ပြီး လှိုင်းအမြင့်ကြီးတွေက အနက်ရောင်ကျောက်တုံးတွေကို ရိုက်ခတ်နေပါတယ်။ ဒါပေမယ့် နွေရာသီမှာတော့ပင်လယ်ရေဟာငြိမ်သက်နေပြီး နေ့တာလည်းပိုရှည်တော့ နေရောင်ဟာ နှစ်ဆယ့်လေးနာရီရှိနေပါတယ်။ အဲဒီအချိန်မှာတော့ တံငါသည်တွေဟာ သူတို့ရဲ့ငါးဖမ်းပိုက်ကွန်တွေကို ပင်လယ်ထဲချပြီး သူ့တို့ဝမ်းစာရှာဖို့ကြိုးစားပါတယ်။ နွေရာသီမှာတောင် ရုတ်တရက်မုန်တိုင်းက သူတို့ကိုလွှမ်းမိုးသွားနိုင်ပါတယ်။ ဒါမှမဟုတ် မြူနှင်းတွေကတိတ်တဆိတ်တရိပ်ရိပ်တက်လာလို့ သူတို့လမ်းပျောက်သွားနိုင်ပါတယ်။ အဲဒီအခါမှာတော့ သူတို့ရဲ့မိသားစုတွေကကမ်းခြေကိုသွားပြီး ရေလှိုင်းတွေမှာအရိပ်အယောင်ရှာကြပါတယ်။ တခါတလေမှာတော့ ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ ဖျံတစ်ကောင်က သူတို့ကိုပြန်ကြည့်ချင်ကြည့်နေတတ်ပါတယ်။ လူတွေကလည်း အဲဒီဖျံကိုတွေ့ပြီး တွေးတောကြတာပေါ့။

ပင်လယ်နားမှာရှိတဲ့ ကျောက်ဆောင်ကလိုဏ်လေးတစ်ခုပေါ်မှာ တံငါသည်တစ်ယောက်ရယ်။ သူ့မိန်းမနဲ့သူ့တို့သား အိုင်ဗင်စင်တို့နေကြတယ်။ အဲဒီနေ့ကတော့ တစ်နှစ်လုံးမှာနေ့တာအရှည်ဆုံးနေ့ပေါ့။ နွေရာသီအလယ်မရောက်ခင်တစ်နေ့ပေါ့။ သန်းခေါင်ချိန်နားမှာ ကောင်းကင်ကတောက်ပတဲ့လိမ္မော်ရောင်အောက်မှာ အသက်(၇)နှစ်သာသာရှိသေးတဲ့ အိုင်ဗင်လေးဟာ ခရုခွံတွေရယ်၊ ပိုက်ကွန်အစုတ်အပြတ်တွေနဲ့ လှိုင်းတွေကပို့လိုက်တဲ့အရာတွေရှာရင်း ကမ်းခြေနားကကျောက်ဆောင်တွေကို လိုက်ကြည့်နေတယ်။ ရုတ်တရက် လေထဲကအသံတစ်သံသူ့ဘက်ကိုလွင့်မျောလာတယ်။ ဒီကမ္ဘာကမဟုတ်တဲ့အသံတွေ ညီညီညာညာသီချင်းဆိုနေသလိုပါပဲ။ မဟုတ်သေးပါဘူး။ ကမ်းခြေကငှက်တွေ တေးသီနေတာဖြစ်မှာပါ။ ဘာသံတွေပါလိမ့်။ ကမ်းခြေပေါ်ကအငူလေးနားက ကျောက်ဆောင်တွေအောက်ခြေကအပေါက်တစ်ပေါက်ကနေ မီးခိုးတွေနွယ်တက်နေတာကို တွေ့လိုက်ရပါတယ်။ လှိုင်းတွေကွဲလို့ထွက်လာတဲ့ရေမှုံတွေများလား။ မဟုတ်သေးပါဘူး။ ဒါမီးခိုးတွေပါ။

အိုင်ဗင်ဟာ သွားကြည့်ချင်ပါတယ်။ ဒါပေမယ့် သူ့ခြေထောက်တိုတိုလေးတွေက သူ့ကို ကျောက်ဆောင်အမြင့်ကြီးတွေပေါ်ကို သယ်မသွားနိုင်ပါဘူး။ ဒါကြောင့်သူ့အမေသူ့ကိုခေါ်တဲ့အခါ သူဟာဆက်မစူးစမ်းတော့ဘဲ သူတို့မိသားစုနေတဲ့အိမ်ကလေးကို ပြန်လာခဲ့ပါတယ်။

အချိန်အားဖြင့် (၇) နှစ်ကျော်သွားပါပြီ။ ဒီတစ်ခါလည်း နွေရာသီအလယ်မရောက်ခင်တစ်နေ့ သန်းခေါင်အချိန်မှာ ကမ်းခြေကိုတစ်ခါပြန်ရောက်နေပါတယ်။ ထူးဆန်းတဲ့သီချင်းဆိုသံတွေကို တစ်ခါပြန်ကြားရတယ်လို့ထင်ပြီး အငူနားမှာရှိတဲ့ ကျောက်ဆောင်တွေအောက်ခြေက အပေါက်ကနေမီးခိုးထွက်လာတာကို တစ်ခါပြန်တွေ့ရပြန်တယ်။ ဒီတစ်ခေါက်တော့ ဘာဖြစ်လို့အဲဒီနေရာကိုသွားမကြည့်သလဲမသိပါဘူး။ အရေးပေါ်ကိစ္စတစ်ခုခုကြောင့် သူ့မိဘရဲ့အိမ်ကလေးကို ပြန်သွားရတာဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သူ့အဖေရဲ့ကျန်းမာရေးက အရင်ကလိုမဟုတ်တော့ဘူး။ မိဘနှစ်ပါးစလုံးက အသက်ကြီးလာပြီကိုး။

နောက်ထပ် (၇)နှစ်ကြာသွားပါပြီ။ သူ့အဖေဟာလည်း ပင်လယ်ရေအေးထဲမှာငါးဖမ်းရလို့ ပင်ပန်းနေပါပြီ။ ဒါကြောင့် သူ့မိဘတွေဟာမြို့ထဲမှာပြောင်းနေပြီး အနားယူကြပါတယ်။ သူတို့ရဲ့အိမ်ကလေးကိုတော့ အိုင်ဗင့်ကိုပေးလိုက်တယ်။ သူ့အတွက်အဖော်ဆိုလို့ ကမ်းခြေကငှက်တွေရဲ့အော်သံပဲရှိတာပေါ့။ သူဟာ နေ့တွေမှာအချိန်အကြာကြီးငါးများပြီး ညအချိန်မှာ သစ်ရွက်ဆွေးခြောက်မီးပုံလေးနဲ့မီးလှုံရပါတယ်။ သူ့ခမျာ အထီးကျန်နေရှာမယ်လို့ ထင်ရပါတယ်။

နွေရာသီအလယ်မတိုင်မီ တစ်နေ့ထပ်ရောက်လာတော့ အိုင်ဗင်ဟာ သီချင်းဆိုတာရယ်၊ မီးခိုးရယ်ကိုမှတ်မိလာတယ်။ သန်းခေါင်အချိန်မှာ သူဟာကမ်းခြေကိုလမ်းလျှောက်သွားတယ်။ ထူးဆန်းတဲ့ ဒီလောကထဲကမဟုတ်တဲ့သီချင်းသံဟာ နားဝင်ချိုချိုညီညီညာညာလေး သူ့နားထဲဝင်လာတယ်။

ဒီတခါမှာတော့ ဘယ်ကျောက်ဆောင်ကမှ သူ့ကိုတားလို့မရပါဘူး။ ပြီးတော့ သူ့ကိုပြန်ခေါ်မယ့်လူလည်းတစ်ယောက်မှမရှိဘူးလေ။ အိုင်ဗင်ဟာ ကမ်းခြေတလျှောက်အငူလေးဘက်ကို လျှောက်လာခဲ့တယ်။ နီးလာတော့ သူဟာမီးလောင်သံတဖျောက်ဖျောက်ကြားရပြီး ကျောက်ဆောင်မှာမီးရောင်ပြန်ဟပ်တာကိုပါ မြင်လာရတယ်။ သာယာတဲ့သီချင်းသံဟာ လိုဏ်ဂူထဲကထွက်နေပြီး လိုဏ်ဂူဝမှာတော့ မီးခိုးရောင်ပါးပါးလှပ်လှပ် အရေခွံအပုံတစ်ပုံတွေ့ရပါတယ်။ ဖျံအရေခွံတွေ။

အိုင်ဗင်ဟာ အလှဆုံးလို့ထင်တဲ့တစ်ခုကိုရွေးလိုက်ပြီး တဖြည်းဖြည်းသတိကြီးစွာနဲ့ အပုံထဲကဆွဲထုတ်လိုက်တယ် ဒီဖျံအရေခွံကိုလုံးလိုက်ပြီး အိမ်ကိုတခါတည်း ပြန်ယူလာခဲ့တယ်။ အိမ်ရောက်တာနဲ့ သစ်သားသေတ္တာထဲမှာ ဒီဖျံအရေခွံကို သော့ခတ်ထားလိုက်ပြီး သော့ကိုတော့သူ့လည်ပင်းမှာ ဆွဲထားတဲ့ သားရေကြိုးမှာ ချည်ထားလိုက်ပြီး အိပ်ယာဝင်သွားတယ်။ မနက်မှာသူဟာ သူ့အိပ်ယာကစောင်ကိုယူပြီး လိုဏ်ဂူဆီပြန်လာခဲ့တယ်။ အဲဒီမှာ သူတွေ့တာက —

အဲဒီမှာ အလွန်လှပပြီးဝမ်းနည်းနေတဲ့ မိန်းမပျိုလေးတစ်ယောက် တုန်တုန်ရီရီနဲ့ကွေးနေပြီး သူ့ရဲ့အဝတ်အစားမဲ့နေတဲ့ကိုယ်ခန္ဓာကို သူ့လက်တွေရယ်၊ ဆံပင်ရှည်ကြီးရယ်နဲ့ဖုံးထားတာကို တွေ့ရတယ်။ စကားတစ်ခွန်းမှမပြောဘဲ အိုင်ဗင်လည်းအမျိုးသမီးကိုသူ့စောင်နဲ့ပတ်လိုက်ပြီး အိမ်ကိုပြန်ခေါ်လာခဲ့တယ်။

အိုင်ဗင်ဟာ ဒီအမျိုးသမီးကို ကြင်ကြင်နာနာဆက်ဆံပြီး အချိန်ကြာလာတော့ သူတို့နှစ်ယောက်ချစ်သွားကြတယ်။ သူတို့မှာ သားတစ်ယောက်ရပြီး၊ နောက်တော့ နောက်တစ်ယောက်ထပ်ရလာတယ်။ အိုင်ဗင်ဟာ စိတ်ချမ်းသာပြီး အမျိုးသမီးဟာလည်း မိခင်ကောင်းတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့် မကြာခဏဆိုသလို သူ့မိန်းမဟာ ပင်လယ်ဘက်ကို ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ငေးကြည့်နေတာကို အိုင်ဗင်တွေ့ရတယ်။ သူဟာသူ့မိန်းမကို သစ်သားသေတ္တာထဲမှာဘာရှိလဲဆိုတာကို မပြောပါဘူး။ ပြီးတော့ သူ့မိန်းမကိုလည်းသေတ္တာမဖွင့်ရဘူးလို့ တားမြစ်ထားတယ်။

နှစ်တွေထပ်ကြာသွားပါပြီ။ တခါတော့ ခရစ်စမတ်မရောက်ခင် တစ်နေ့မှာအိုင်ဗင်ဟာသူ့မိသားစုကို ဘုရားကျောင်းသွားဖို့ ပြင်ဆင်ခိုင်းပါတယ်။ ဒါပေမယ့် သူ့မိန်းမက နေမကောင်းဘူးလို့ပြောပြီး အိုင်ဗင်နဲ့ သူ့သားတွေကိုပဲ သွားဖို့ပြောသတဲ့။

ဒါနဲ့ပါတ်သက်ပြီး အိုင်ဗင်အနေနဲ့ စိတ်ဆိုးချင်ဆိုးပါလိမ့်မယ်။ အင်္ကျီအလျင်စလို ဝတ်လိုက်ရလို့ အိုင်ဗင်ဟာ သူ့ကုတင်တိုင်မှာချိတ်ထားတဲ့သော့ကို မေ့ကျန်ခဲ့ပြီး ဘုရားကျောင်းကို အဲဒီသော့မပါဘဲ ထွက်သွားခဲ့ပါတယ်။

သန်းခေါင်ကျော်မှာ အိုင်ဗင်နဲ့သူ့သားတွေ ဘုရားကျောင်းက ပြန်လာကြပါတယ်။ အိမ်ပြန်မရောက်ခင် အိမ်တံခါးပွင့်နေတာ လှမ်းမြင်ရပါတယ်။ သစ်သားသေတ္တာပွင့်နေပြီး သော့ခလောက်မှာလည်း သော့တန်းလန်းဖြစ်နေတာတွေ့ရပါတယ်။ သူ့မိန်းမကတော့ မရှိတော့ပါဘူး။

တခါတလေ သူတို့သားတွေကမ်းခြေမှာလမ်းလျှောက်ရင် ပင်လယ်ရေအေးထဲကနေ ဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ဖျံလှလှတစ်ကောင် သူတို့အနားကလိုက်လာတယ်လို့ပြောကြပါတယ်။ ပြီးတော့ တခါတလေ အိုင်ဗင်ငါးဖမ်းနေတဲ့အခါ အဲဒီဝမ်းနည်းတဲ့မျက်လုံးကြီးတွေနဲ့ဖျံလှလှဟာသူ့ပိုက်ကွန်ထဲကို ဟဲရင်းငါးတွေမောင်းပေးတယ်လို့လည်း ပြောကြသေးတယ်။ အဲဒီဖျံက အိုင်ဗင်ရဲ့မိန်းမဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်။ ဘယ်သူမှ မပြောနိုင်ပါဘူး။ ကျွန်တော်တို့အားလုံးသိတာကတော့ အိုင်ဗင်ဟာသူ့မိန်းမကို ဒီလောကမှာ နောက်ထပ်ဘယ်တော့မှ မတွေ့တော့ဘူးဆိုတာပါပဲ။

## ဂျက်နှင့်ပဲနွယ်ပင်

(Bucksnort Trout ပြန်လည်ပြောပြချက်)

ဂျက်ကို အရင်တုန်းကသာသိခဲ့ကြမယ်ဆိုရင် ငယ်ငယ်ရွယ်ရွယ်လေးနဲ့ဂျက်တစ်ယောက် ချမ်းသာလာလိမ့်မယ်လို့ မျှော်လင့်ထားကြမှာမဟုတ်ဘူး။ ဘောင်းဘီအပြဲကထွက်နေတဲ့ ဘယ်ဘက်ဒူးခေါင်းရယ်၊ ဘွတ်ဖိနပ်အစုတ်ကနေ ပြူထွက်နေတဲ့ညာဘက်ခြေမရယ်နဲ့ ပါးစပ်မှာလည်းဂျုံရိုးကိုကိုက်ထားတဲ့ ကောင်လေးတစ်ယောက်ကို ဘယ်လိုမှ မျှော်လင့်ထားကြမှာမဟုတ်ဘူးလေ။ ဂျက်ကိုအောင်မြင်သူတစ်ယောက်အဖြစ်လည်း လက်ခံကြမှာမဟုတ်ပါဘူး။ ဒါပေမယ့်ဖြစ်ပုံက ဒီလိုပါ ---

ဂျက်ဟာ သူ့အမေနဲ့အတူ သားအမိနှစ်ယောက်တည်းနေရရှာတယ်။ နှစ်ယောက်စလုံးက မွဲပြာကျနေတာပေါ့။ မိုးခေါင်တဲ့အချိန်တွေဆို ပြောင်းဖူးဖုတ်ပဲ စားရရှာတယ်။ အိမ်မှာမွေးထားတဲ့ကြက်တွေတောင် တခြားအိမ်မှာသွားပြီး အစာရှာရတယ်။ နွားဖြူမကလည်း နို့မထွက်တော့ဘူးလေ။

"ဂျက်ရေ" လို့သူ့အမေက အဝတ်ရေညှစ်ရင်း လှမ်းခေါ်လိုက်တယ်။ "နွားဖြူမကို ဈေးထဲဆွဲသွားတော့။ ရောင်းရင် ဘယ်လောက်ရမလဲ၊ ကြည့်သာရောင်းခဲ့။ အခုသွားတော့ ပြန်ရင်ပိုက်ဆံပါပါစေ။"

"ဟုတ်ကဲ့၊ အမေ" လို့ ဂျက်ကပြောလိုက်သည်။ "ဟဲ့၊ တောက်၊ နွားဖြူမ၊ သွားစမ်း" ဆိုပြီး ဂျက်နဲ့နွားဖြူမတို့ဟာ လမ်းပေါ်ကိုအိပ့်အိပ့်နဲ့ထွက်သွားကြတော့တယ်။ သိပ်ဝေးဝေးမရောက်ခင်မှာပဲ ရယ်ချင်စရာကောင်းတဲ့အဖိုးကြီးတစ်ယောက်ကို သစ်ငုတ်တိုပေါ်မှာထိုင်လျှက်သားတွေ့လိုက်ရတယ်။

"မင်္ဂလာပါ ဂျက်"

"မင်္ဂလာပါ အဖိုး"

"မင်းက တော်တော်လေးထက်မြက်မယ့်ပုံပဲကွ။ ဒါပေမယ့် ငါပြောရဲတယ်။ မင်းဟာ ငါးဂဏန်းဆိုတာ ဘယ်လောက်မှန်းသိမှာ မဟုတ်ဘူး"

"သိတာပေါ့ အဖိုးရာ။ လက်တစ်ဖက်စီမှာ နှစ်ခုစီ၊ ပြီးတော့ အဖိုးပါးစပ်ထဲမှာ တစ်ခုလေ"

"ဟုတ်လိုက်လေကွာ၊ တကယ့်ကို တော်ပါပေတယ်၊ မင်းကိုပြောဖို့ရှိတယ်။ မင်းရဲ့နွားဖြူမနဲ့ ဟော့ဒီထူးဆန်းတဲ့ ပဲ့စေ့တွေကို လဲရအောင်"။ အဲဒီနောက် အဖိုးကြီးက ထူးဆန်းတဲ့အရောင်တွေနဲ့ ပုံသဏ္ဌာန်မျိုးစုံပဲစေ့တွေကို လက် တစ်ဆုပ်စာ ထုတ်ယူပြလိုက်တယ်။

"လုပ်စမ်းပါ၊ မင်းလဲမယ် မဟုတ်လား"

"ငါပြောမယ် ဂျက်၊ အဲဒါ မှော်ပဲစေ့တွေပဲကွ"

ဂျက်က သူ့မေးစေ့ကိုပွတ်ပြီး "ကောင်းပါပြီ"လို့ပြောလိုက်တယ်။

ဂျက်တစ်ယောက် နွားမပါဘဲပြန်လာတာကိုမြင်တော့ သူ့အမေက ဝမ်းသာအားရနဲ့ လှမ်းအော်လိုက်တယ်။

"ပြန်ရောက်တာ မြန်လှချည်လားဟေ့။ နွားဖိုးဘယ်လောက်ရခဲ့လဲ။ ဆယ်ပေါင်တော့မကဘူးထင်တယ်နော်။ ပေါင်နှစ်ဆယ်ရတယ်မဟုတ်လား။ မင်းကိုကြည့်ရတာ သုံးဆယ်တော့ရခဲ့ပုံမပေါ်ဘူး"

"ဒီပဲစေ့တွေကို ကြည့်ပါအုံးအမေ"

ကောင်းပြီဆိုပြီး သူ့အမေက ပဲစေ့တွေကို ယူကာပြူတင်းပေါက်မှ လွှင့်ပစ်လိုက်တယ်။ အဲဒီနောက် စိတ်ဆိုးဆိုးနဲ့ဇက်ပိုးကိုအုပ်ထည့်လိုက်တော့ သူလည်းကုတင်ပေါ်ခုန်တက်ပြီး ရှောင်လိုက်ရတာပေါ့။

နောက်တစ်နေ့မနက်ရောက်တော့ နေရောင်ထိုးနေကျပြူတင်းပေါက်မှာ အစိမ်းရောင်ကိုဂျက်မြင်လိုက်ရတယ်။ မျက်မှောင်ကြုတ်ပြီး နောက်တစ်ခေါက်သူပြန်ကြည့်လိုက်မိတော့ အဟုတ်ကိုပဲ၊ သူ့ပြူတင်းပေါက်ဘေးနားမှာ အလွန်ကြီးမားတဲ့ ပဲနွယ်ပင်ကြီးတစ်ပင်ဟာ ကောင်းကင်အထိ ထိုးတက်နေတယ်လေ။ ဂျက်က အပင်နားသွားပြီး စတက်ဖို့ပြင်လိုက်တယ်။ သူ တက်တယ်၊ တက်တယ်၊ တက်တယ်၊ တက်တယ်၊ တက်တယ်၊ တက်တယ်၊ ကောင်းကင်ပေါ်ရောက်တဲ့အထိတက်သွားခဲ့တယ်။ ပဲပင်ပေါ်ကဆင်းပြီး တိမ်တိုက်ပေါ်တက်ကြည့်လိုက်တယ်။ အဲဒီမှာ တိမ်စိုင်တွေက သူ့ခန္ဓာကိုယ်ကို ထမ်းထားနိုင်တာတွေ့လိုက်ရတယ်။ ဒီလိုနဲ့သူဟာ တိမ်စိုင်တစ်ခုကနေတစ်ခုကို ခုန်ခုန်ပြီး အလွန်ကြီးမားတဲ့ ရဲတိုက်ကြီးဆီရောက်တဲ့အထိ သွားနေတာပေါ့။ အဲဒီနောက် ရဲတိုက်တံခါးကြီးကို ထုလိုက်တယ်။ မကြာပါဘူး။ တံခါးရွက်ကြီးတွေ ပွင့်လာတော့တယ်။ အဲဒီမှာ သူမြင်ဖူးသမျှထဲမှာအရုပ်အရှည်ဆုံးနဲ့ ကိုယ်ခန္ဓာအကြီးဆုံးမိန်းမကြီးတစ်ယောက်ရပ်နေတာကို တွေ့လိုက်ရတယ်။

''မင်္ဂလာပါ သခင်မကြီး၊ မနက်စာဘာရှိသလဲ ခင်ဗျာ''ဆိုပြီး ဂျက်က အမျိုးသမီးရဲ့ခြေထောက်ကြီးနှစ်ချောင်းကြားကနေ မီးဖိုချောင်ကို ပြေးဝင်သွားတယ်လေ။ ကုလားထိုင်ခြေထောက်တွေကနေ တွယ်တက်ပြီး စားပွဲပေါ်ကို ရောက်လာတယ်။ ပြီးတော့ ယာဂုဇလုံကြီးကို စားဖို့ပြင်တော့တာပေါ့။

''မင်း၊ မင်းကို ငါ့ယောကျ်ားဘီလူးကြီးက သူ့ယာဂုကိုစားလို့ဆိုပြီးဖမ်းလိမ့်မယ်။ သူ တော်ကြာလာစားတော့မယ်။ မင်း ထတော့''

အဲဒီအချိန်ကလေးမှာပဲ အရှေ့ကတံခါးကြီးပိတ်သံ ''ဂျိုင်း''ကနဲ ကြားလိုက်ရတယ်။

''ထွီ''

''အင်္ဂလိပ်တစ်ကောင်ရဲ့ သွေးနံ့ရတယ်ဟေ့၊

အသေလား၊ အရှင်လားကွ၊

အရိုးတွေကို အမှုန့်ကြိတ်ပြီး၊

ပေါင်မုန့်လုပ်ပစ်လိုက်မယ်''

''ဟေ့ ဂျက်၊ ကြေးအိုးကြီးထဲ ဝင်ပုန်း။ မြန်မြန်ဝင်။ မြန်မြန်ဝင်။''

အဲဒီတော့ ဂျက်လည်း ကြေးအိုးကြီးထဲတွားဝင်သွားကာ အိုးဖုံးကြီးကိုသူ့ဘာသာ''ဂွမ်း''ကနဲ ပိတ်ချလိုက်တယ်။ အခုအိုးကြီးက သံတန်းကြီးတစ်ခုမှာ ချိတ်လျက်သားပေါ့။ မီးဖိုပေါ်တွဲလောင်းကျနေတဲ့ အဲဒီအိုးကြီးထဲကိုရောက်တဲ့သူ ဘယ်သူမဆို မီးမြိုက်ခံရစမြဲလေ။

ဘီလူးကြီးက စားပွဲမှာထိုင်ချပြီး ယာဂုတွေစားတယ်။ ပြီးတော့ ရွှေဒင်္ဂါးအိတ်ကို ယူလာခိုင်းလိုက်တယ်။ ''သုံး၊ ဆယ့်တစ်၊ ကိုး၊ နှစ်၊ ဆယ့်လေး''အဲဒီလို ရေတွက်ပါတော့တယ်။ ဘီလူးကြီးခမျာ သင်္ချာကောင်းကောင်း မတွက်တတ်ရှာဘူးလေ။ ဒီတော့ ရေတွက်ရင်းစိတ်ရှုတ်လာပြီး မကြာခင်မှာပဲ အိပ်ပျော်သွားပါတော့တယ်။

အဲဒီအချိန်မှာ ဂျက်က အိုးထဲကနေအလျင်အမြန်ခုန်ထွက်ပြီး ငွေအိတ်ကိုဇတ်ကနဲဆွဲယူ၊ တံခါးကနေ ပြေးထွက်၊ တိမ်တွေပေါ်ခုန်ကာခုန်ကာနဲ့ ပဲနွယ်ပင်ကနေ လျှောဆင်းသွားတယ်။ အောက်ကိုရောက်တော့ သူနဲ့သူ့အမေတို့ပျော်ကြတာပေါ့။

သိပ်မကြာပါဘူး။ ဂျက်တစ်ယောက် နောက်တစ်ခါစွန့်စားပြန်တယ်လေ။ တက်တယ်။ တက်တယ်။ တက်တယ်။ ပဲနွယ်ပင်ပေါ်ကနေ မိုးပေါ်ရောက်တဲ့အထိတက်ပြန်တယ်။ တိမ်စိုင်တွေကိုကျော်၊ တံခါးကိုနောက်တစ်ခါခေါက်၊ ယာဂုစားပြီး ဘီလူးကြီးရန်က လွတ်လွတ်ကျွတ်ကျွတ်လွတ်မြောက်ခဲ့ပြန်တယ်။

''ထွီ''

ဒီတစ်ကြိမ်မှာတော့ ရွှေဥဥတဲ့ကြက်မကြီးကို ယူသွားခဲ့တယ်။ တံခါးကနေ ခုန်ထွက်၊ ဒုတိယအကြိမ် ပဲနွယ်ပင်ကနေ လျှောဆင်းသွားပြန်တယ်။ အောက်ကိုရောက်တော့ သူနဲ့သူ့အမေတို့ ပိုပြီးပျော်ကြတာပေါ့။

သိပ်မကြာပြန်ပါဘူး။ ဂျက်နောက်တစ်ခါ စွန့်စားပြန်ပါတယ်။ သူတက်တယ်။ တိမ်ပေါ်ခုန်ဆင်းတယ်။ တံခါးခေါက်တယ်။ စားတယ်။ အဲဒီနောက်တော့–

'' ထွီ ''

ဒီတစ်ကြိမ်မှာတော့ ဘီလူးကြီးရန်ကလုံးလုံးမလွတ်တော့ဘူး။ ဖြစ်ပုံက ဒီလိုပါ။ မီးဖိုချောင်ထဲ ဘီလူးကြီးဝင်လာတော့ ဂျက်က အရင်အတိုင်းအိုးထဲဝင်ပုန်းနေလိုက်တယ်။ အဲဒီနောက် ဘီလူးကြီးက သူတီးဖို့စောင်းယူခိုင်းလိုက်ခါ ခဏတီးပြီးအိပ်ပျော်သွားတယ်လေ။ ဂျက်ကလည်း ထုံးစံအတိုင်းအိုးထဲကနေထွက်လာပြီး စောင်းကို ဆွဲယူလိုက်တာပေါ့။ အဲဒီအချိန်မှာစောင်းက '' သခင်ကြီး၊ သခင်ကြီး '' ဆိုပြီး ရုတ်တရက် ထမြည်ပါလေရော။ အဲဒီလိုလုပတဲ့တူရိယာကလေးက ဒီလိုဆိုးရွားတဲ့အသံကြီးထွက်ပေါ်လာမယ်လို့ ဘယ်သူတွေးမိပါ့မလဲ။ အဲဒီတော့ ဘီလူးကြီးက ချက်ချင်းနိုးလာပြီး ဂျက်ကိုလိုက်တော့တာပေါ့။ ဂျက်ကလည်း အော်နေတဲ့စောင်းကို ဒရွတ်တိုက်ဆွဲပြီးတော့ ခုန်ခုန်ပြီးပြေးတယ်။ ပဲနွယ်ပင်ကို ဘီးလူးကြီးထက်အရင်ရောက်တယ်။ ပြီးတော့ ဆင်းပြေးတယ်။ ဆင်းပြေးတယ်။ ဆင်းပြေးတယ်။ ဘီလူးကြီးကလည်း အလှမ်းကျယ်ကြီးတွေနဲ့ လိုက်လာတယ်။

'' အမေ့ရေ၊ ရဲတင်းနဲ့ခုတ်၊ ရဲတင်းနဲ့ခုတ်။ အမေ့–––'' ဆိုပြီး ဂျက်ကအော်တယ်။ သူ့ခြေထောက်နဲ့မြေကြီး ထိထိချင်းပဲ သူ့အမေဆီက ရဲတင်းကိုယူပြီး–

'' ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ် ''

ပင်နွယ်ပင်ကို ခုတ်ဖြတ်လိုက်တော့တယ်။

" ဝုန်း " " အား "

ပဲနွယ်ပင်လည်း လဲကျ၊ ဘီလူးကြီးလည်း ပြုတ်ကျသွားတယ်။ ချိုင့်ကြီးတောင်ဖြစ်သွားတာပေ့ါ။ တစ်နှစ်နှစ်နှစ်လောက်ကြာတော့ အဲဒီချိုင့်ကြီးကို ဖို့ပစ်လိုက်ပြီး သူနဲ့သူ့အမေနေတဲ့ အိမ်အသစ်ရဲ့နောက်ဘက်မှာ ရေကန်လုပ်လိုက်ကြတာပေ့ါ။ နို့ထွက်ကောင်းတဲ့ နွားမနှစ်ကောင်၊ ဆူဆူဖြိုးဖြိုး ကြက်တစ်အုပ်၊ အပင်ထွားထွား ပြောင်းတစ်ခင်းနဲ့ လူတစ်ယောက်ဟာ ဘယ်သူများရှိအုံးမှာလဲ။ သူတို့ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြတာကိုကြားရတယ်။ တခါတလေ သူတို့ဆီရောက်တဲ့အခါ နှုတ်ဆက်ကြောင်းပြောလိုက်ပါ။ ။

## ဆေးလိပ်သောက်သူများအတွက် ကြားနာကြစို့။
**(Stallmore Dodge)**

ကမ္ဘာ့နေရာအနှံ့အပြားတွင် စီးကရက်သောက်ခြင်းကိုဆန့်ကျင်သောလှုပ်ရှားမှုများ ပိုမိုများပြားလာနေသည်။ အလုပ်ခွင်တွင်ဖြစ်စေ၊ အားလပ်ချိန်များတွင်ဖြစ်စေ၊ ဆေးလိပ်သောက်ခြင်းကို နေရာအချို့နှင့်ခပ်ဝေးဝေး နေရာများတွင်ခွင့်ပြုထားဆဲဖြစ်သည်။ အချို့နေရာများတွင် ဆေးလိပ်ထုတ်လုပ်သူများကို ဆေးလိပ်ကြောင့်ဖြစ်ပေါ်စေသောရောဂါများအတွက် ဆေးဝါးကုသခကျခံရန် တရားစွဲဆိုကြသည်။ စီးကရက်ထုတ်လုပ်သူများ၏အခွင့်အရေးနှင့် ဆေးလိပ်သောက်သူများ၏အခွင့်အရေးကို တစ်စုံတစ်ယောက်က ကာကွယ်ပြောဆိုရန်အချိန်တန်ပြီ။ ဤနေရာတွင် ထိုအချက်ကို ကျွန်ုပ်တို့ဆောင်ရွက်မည်ဖြစ်သည်။ ရှင်းပြပါမည်။ ဆေးရွက်ကြီးထုတ်လုပ်မှုတွင် လူကောင်းအတော်များများပါဝင်ကြပြီး သူတို့၏ထုတ်ကုန်ကို လူကောင်းများစွာကနှစ်သက်သုံးဆောင်ကြ၏။ သူတို့၏အခွင့်အရေးများကို လေးစားသင့်သည်။ သူတို့ကို သွားမနှောင့်ယှက်ကြပါနှင့်။

တခါတရံ မီတာ (၂၀၀) ပတ်လည်အကျယ်အဝန်းမျှရှိတဲ့ မိသားစုဆေးရွက်ကြီး စိုက်ခင်းတစ်ခုကိုစိတ်ကူးကြည့်ပါ။ စိုက်ခင်းရှင်မိသားစုသည် နေ့တိုင်းနေ့တိုင်း စိုက်ခင်းမြောင်းအတိုင်းလိုက်၍ တစ်မြောင်းချင်းပြုစုပျိုးထောင်ကြသည်။ ဆေးရွက်များအစွမ်းကုန်ကြီးထွားနိုင်ရန် ကလေးများပင်လျှင်ရွက်ဝါများကို ချွေချနိုင်ကြသည်။ ဆေးရွက်များကိုလက်ဖြင့်ခူးပြီး မြည်းတပ်လှည်းပေါ်တွင်အထပ်လိုက်တင် ထို့နောက် ဆေးရွက်များကိုချိတ်ဆွဲပြီး အခြောက်လှမ်းကြသည်။ ဆေးရွက်ဆေးများကို မြို့ထဲတွင်လေလံတင်ရောင်းချပြီးသောအခါ ဆေးရွက်တောင်သူမိသားစုသည် လိုအပ်သောအရာများဝယ်ယူသုံးစွဲရန် ဝင်ငွေရရှိကြသည်။ သူတို့၏လက်ထဲမှငွေကို ယူပစ်ရက်ကြမည်လား။

ဆေးလိပ်သောက်သူကို စိတ်ကူးကြည့်ပါ။ အမျိုးသမီးငယ်တစ်ဦးသည် နံနက်စောစောမိုးမလင်းခင်၌ အလုပ်သွားရန် ရထားကိုအမှီလိုက်ရ၏။ ရထားဘူတာရောက်ချိန်နှင့်ရုံးတက်ချိန်အကြား ကော်ဖီတစ်ခွက်သောက်ပြီး စီးကရက်တစ်လိပ်ဖွာရန်(၁၅)မိနစ်ခန့်အချိန်ရသည်။ ထိုအလွန်တိုတောင်းသည့်ကာလအတွင်း သူမသည်သူမ၏ လောကကိုအုပ်စိုးခွင့်ရပြီး ငြိမ်းချမ်းမှုရရှိသည်။ သူမ၏ကျန်အချိန်များသည် အခြားသူတစ်ဦးဦးပိုင်ဆိုင်မည်။ ယခုအချိန်ကို ကော်ဖီတစ်ခွက်၊ စီးကရက်တစ်လိပ်ဖြင့် သူမတစ်ဦးတည်းပိုင်ဆိုင်သည်။ ထိုပျော်ရွှင်ချမ်းမြေ့မှုကိုလည်း သူမထံမှသိမ်းယူလိုက်မလား။

ဆေးရွက်ကြီးတောင်သူမိသားစုများ၏ ကောင်းကျိုးကိုပျက်ဆီးစေပြီး၊ အလုပ်ကြိုးစားသော ဤအမျိုးသမီးလိုပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာဘဝကို ကျူးကျော်ဝင်ရှုပ်သည့်အစွန်းရောက်သူများ၊ တယူသန်များ၊ နိုင်လိုမင်းထက်ပြုသူများသည် မိမိတို့ကိုယ်ကိုရှက်သင့်ကြ၏။ ။

# ကမ္ဘာ့လေထုကို အပူချိန်မြင့်တက်စေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုအားလျှော့ချရန် ချုပ်ဆိုထားသည့်ကျိုတိုသဘောတူညီချက်ကို ဆန့်ကျင်ပြောဆိုသည့် ပြန်လည်ပြင်ဆင်ထားသော ဟောပြောပို့ချမှု

ကျိုတိုသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် ကမ္ဘာ့လေထုကိုအပူချိန်မြင့်တက်စေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှု (greenhouse gas emission)ကို မဖြစ်မနေလိုက်နာကြရန် လက်ခံထားကြသည်။ ဤသတ်မှတ်ထားသည့်အတိုင်းအတာသည် နိုင်ငံအသီးသီး၏ ၁၉၉၀–ခုနှစ်သတ်မှတ်ချက်အရ အနုတ် ၈% မှ အပေါင်း ၁၀% အတွင်းရှိသည်။ ဤနှုန်းထားသည် ၂၀၀၈ မှ ၂၀၁၂ အတွင်း ၁၉၉၀ ခုနှစ်သတ်မှတ်ချက်များထက် ၅% လျှော့ကျလိမ့်မည်။ တောင်းဆိုထားသောလျှော့ချနှုန်းမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပနိုင်ငံအများစုတွင် ၈% ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ၇% ဖြစ်ပြီး ကနေဒါတွင် ၆% ဖြစ်သည်။ နယူးဇီလန်၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့တွင် ဓါတ်ငွေ့ထုတ်လွှတ်မှုကိုတည်ငြိမ်အောင်ထိန်းသိမ်းကြမည်။ နော်ဝေးကဲ့သို့သောနိုင်ငံများသည် ဓါတ်ငွေ့ထုတ်လုပ်မှု ၁% တိုးလာနိုင်စရာရှိသည်။

နိုင်ငံများသည် လေထုထဲမှကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ကို စုပ်ယူသည့်သစ်တောများအားတိုးချဲ့ခြင်းဖြင့် သတ်မှတ်ချက်ကိုရောက်အောင်ဆောင်ရွက်နိုင်သည်။ ဤသို့သစ်တောများတိုးချဲ့ခြင်းကို မိမိတို့နိုင်ငံများတွင်ပြုလုပ်နိုင်သည်။ (သို့မဟုတ်) အခြားနိုင်ငံများနည်းတူ အကျိုးဖြစ်စေသည့်စီမံကိန်းများကို ငွေပေး၍ဆောင်ရွက်နိုင်သည်။

သဘောတူစာချုပ်သည် နိုင်ငံပေါင်း(၅၅)နိုင်ငံကသဘောတူလျှင် အတည်ဖြစ်နိုင်သည်။ ဤနိုင်ငံများထဲတွင် ဓါတ်ငွေ့ထုတ်လုပ်မှုတွင်တာဝန်ရှိသည့် စက်မှုနိုင်ငံများပါဝင်ရမည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံတို့သည် ထိုစာချုပ်ကိုထောက်ခံမည်မဟုတ်ကြောင်းဖော်ပြထားကြပြီးဖြစ်သည်။

ဤသဘောတူညီချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ လက်မခံသင့်သောအကြောင်းရင်းများစွာရှိသည်။ သိပ္ပံပညာရှင်အများစုက မကြာမီကစတင်ခဲ့သော ကမ္ဘာ့မြေမျက်နှာပြင်နှင့်လေထုအပူချိန်မြင့်တက်မှုသည် သဘာဝဖြစ်စဉ်၏အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ထောက်ပြကြသည်။ ဤကဲ့သို့သော ပြောင်းလဲမှုများသည် ကမ္ဘာ့သမိုင်းတွင်အကြိမ်များစွာဖြစ်ပွားခဲ့ပြီး အနာဂတ်တွင်လည်း ဖြစ်ပျက်လိမ့်အုံးမည်ဟုဆိုကြသည်။ ထို့ပြင်ပြောင်းလဲမှုများသည် တဖြည်းဖြည်းသာဖြစ်၍ သုတေသနပြုလုပ်ရန်နှင့် နိုင်ငံများအချင်းချင်းတိုင်ပင်ဆွေးနွေးကြရန် အချိန်လုံလောက်သည်ဟုဆိုသည်။

ကမ္ဘာ့လေထုကိုပူနွေးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချရေးအတွက် ရုတ်တရက်အပြောင်းအလဲပြုလုပ်ရန်မလိုအပ်သေးပါ။ အခြေအနေကိုပြေလည်သွားစေနိုင်သည့် အထောက်အထားများမတွေ့သေးပါ။ သိပ္ပံပညာရှင်များ၏ထောက်ခံမှုကိုမရသောအရာကိုစွာအားအလျင်စလိုမပြုမီ စောင့်ကြည့်ဝါဒကိုကျင့်သုံးသင့်သည်။

စီးပွားရေးအရ အကြီးအကျယ်ဆုတ်ယုတ်မည့်အန္တရာယ်လည်းရှိသည်။ ထင်ရှားကျော်ကြားသည့် စီးပွားရေးပါရဂူများက စာချုပ်တွင်ပါဝင်သည့်နိုင်ငံများသည် စီးပွားရေးကျဆင်းမှု ၂၀% ရှိမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရရှိသောအကျိုးရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ရုရှားပြည်ထောင်စု၊ ကနေဒါ၊ စကင်ဒီနေးဗီးယားနိုင်ငံများ၊ ဘောလ်တစ်နိုင်ငံများ၏ မြောက်ပိုင်းရာသီဥတုစိုက်ပျိုးရာသီသည်ရှည်ကြာသဖြင့် သီးနှံထုတ်လုပ်မှုပိုမိုတိုးတက်လာသည်။

အဆိုပါသဘောတူစာချုပ်သည် စက်မှုထွန်းကားသည့်အနောက်နိုင်ငံများအတွက် တရားမျှတမှုမရှိပါ။ ထိုနိုင်ငံများနေရာတွင် စီးပွားရေးကျဆင်းပြီး စက်မှုဖွံ့ဖြိုးခါစ တရုတ်နှင့်အိန္ဒိယကဲ့သို့သောနိုင်ငံများက အစားထိုးဝင်ရောက်ကြလိမ့်မည်။ တရုတ်နှင့်အိန္ဒိယတို့သည် ကျိုတိုသဘောတူစာချုပ်နှင့်မသက်ဆိုင်ပါ။ စက်မှုထွန်းကားသောနိုင်ငံများက ဓါတ်ငွေ့ထုတ်လုပ်မှုလျှော့ချချိန်တွင် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် ပြစ်ဒါဏ်မခံရဘဲ ဓါတ်ငွေ့ထုတ်လွှတ်မှုပိုများလာကြလိမ့်မည်။ နောက်ဆုံးအကျိုးရလဒ်မှာ ကမ္ဘာ့အပူချိန်ကိုတိုးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုသည် ကျိုတိုစာချုပ်မတိုင်မီကထက် ပိုများလာလိမ့်မည်။

ကျွန်ုပ်တို့သည် သိပ္ပံပညာရှင်အနည်းစုနှင့် ကောင်းကင်ပြိုကျတော့မည်ဟုပြောဆိုကြသည့် အစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကို နားမထောင်သင့်။ သူတို့၏သုတေသနလေ့လာချက်သည် သိပ္ပံနည်းမကျ။ သတိကြီးစွာနှင့်ချင့်ချိန်ပြောဆိုသူများကိုသာ နားထောင်သင့်သည်။ အတွေးခေါ်သူတချို့က ပင်လယ်ရေမြင့်တက်

လာပြီး ကျွန်းနိုင်ငံများစွာနှင့်ကမ်းခြေများ ပင်လယ်ရေအောက်ရောက်သွားလိမ့်မည်ဟုပင်ပြောဆိုကြသေးသည်။ ဤအဆိုသည် အဓိပ္ပါယ်မရှိပါ။ ဤကဲ့သို့လည်းဖြစ်မလာသေး။ နောင်တွင်လည်းဖြစ်လာမည်မဟုတ်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားကျောက်ခေတ်သို့ပြန်ခေါ်သွားမည့် လိမ်ညာပြောဆိုသူများနှင့် အစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ဘေးမှကိုယ့်ကိုကိုယ်ကာကွယ်ကြရလိမ့်မည်။ ကမ္ဘာကြီးကိုပူနွေးစေသည့် ဓါတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်လိုက်သည်နှင့်တပြိုင်နက် ကမ္ဘာတဝှမ်းမှလူသန်းပေါင်းများစွာတို့ အငတ်ဘေးကျရောက်လိမ့်မည်။ ကမ္ဘာ့စီးပွားရေးကျဆင်းပြီး လူလတ်တန်းစားတို့၏လူနေမှုစနစ်လည်း ကွယ်ပျောက်သွားလိမ့်မည်။ လူတိုင်းအလုပ်လက်မဲ့ဖြစ်၍ အအေးဒဏ်ဖြင့်ခိုက်ခိုက်တုန်နေကြလိမ့်မည်။ ။

## ဘာမထီဆိတ်သုံးကောင်

**(Aarne Thompson, Translated by D.L. Ashliman)**

ဟိုးရှေးရှေးတုန်းက ဆိတ်သိုးသုံးကောင်ဟာ တောင်ကုန်းပေါ်သွားပြီးအစာရှာဖို့ ထွက်ခွာလာကြတယ်။ သူတို့သုံးကောင်ကို "ဘာမထီဆိတ်တွေ"လို့ခေါ်ကြတယ်။

သူတို့သွားမယ့်လမ်းမှာ တသွင်သွင်စီးနေတဲ့စမ်းချောင်းကလေးကိုဖြတ်ကျော်ဖို့ တံတားတစ်ခုရှိတယ်။ အဲ့ဒီတံတားအောက်မှာ အကောင်ကြီးကြီးအရုပ်ဆိုးဆိုး တစ္ဆေကြီးတစ်ကောင်နေတယ်။ တစ္ဆေကြီးရဲ့မျက်လုံးကပန်းကန်ပြားလောက်ကြီးပြီး နှာခေါင်းက မီးထိုးတဲ့သံချွန်ကြီးလိုပဲရှည်တယ်။

ပထမဦးဆုံး အငယ်ဆုံးဆိတ်သိုးကလေးက တံတားကိုဖြတ်တယ်။ တံတားက "တဂွီ ဂွီ" နဲ့ အသံမြည်တာပေ့ါ။

"ဟေ့ တံတားကို တဂွီဂွီလုပ်နေတာ ဘယ်ကောင်လဲကွ" တစ္ဆေ ကြီးက ကြုံးဝါးလိုက်တယ်။

"ကျွန်တော်ပါခင်ဗျာ" အငယ်ဆုံးဆိတ်သိုးလေးက ဖြေတယ်။ "ကျွန်တော်တောင်ပေါ်သွားပြီး အစာရှာမလို့ပါ" ဆိတ်သိုးလေးက အသံသေးသေးလေးနဲ့ဖြေတယ်။

"ငါမင်းကို ဝါးစားပစ်မယ်" လို့တစ္ဆေကြီးက ပြောတယ်။

"မလုပ်ပါနဲ့ခင်ဗျာ။ ကျွန်တော်ကသိပ်ပြီးငယ်ပါတယ်။ ခဏနေရင် နောက်ထပ်ဆိတ်သိုးတစ်ကောင်လာပါလိမ့်မယ်။ သူက ကျွန်တော့်ထက် အကောင်ကြီးပါတယ်" လို့ ဆိတ်သိုးလေးကပြောတယ်။

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ" ဆိုပြီး တစ္ဆေကြီးကသွားခွင့်ပေးတယ်။

ခဏကြာတော့ ဒုတိယဆိတ်သိုးတစ်ကောင် တံတားကို ဖြတ်လာတယ်။ "ဂွီဂွီ ဂွီဂွီ" နဲ့မြည်ပြန်တာပေ့ါ။

"ဟေ့ တံတားကို တဂွီဂွီ လုပ်နေတာဘယ်ကောင်လဲကွ" လို့ တစ္ဆေကြီးက ကြုံးဝါးလိုက်တယ်။

"ကျွန်တော် ဒုတိယဆိတ်သိုးပါခင်ဗျာ။ ကျွန်တော်တောင်ပေါ်မှာ အစာသွားရှာမလို့ပါ" သူရဲ့အသံက အသံသေးသေးလေးတော့ မဟုတ်ဘူး။

"ငါမင်းကို ဝါးစားပစ်မယ်" လို့ တစ္ဆေကြီးကပြောတယ်။

"မလုပ်ပါနဲ့ ခင်ဗျာ။ ခဏနေရင်ဆိတ်သိုးကြီးလာပါလိမ့်မယ်။ သူက ကျွန်တော့်ထက် အကောင်ကြီးပါတယ်"။

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ"လို့ တစ္ဆေကြီးကသွားခွင့်ပေးလိုက်ပြန်တယ်။

ခဏကြာတော့ဆိတ်သိုးကြီးရောက်လာတယ်။ တံတားကိုလည်းဖြတ်ရော တံတားကမြည်ပြန်ရော။ သူ့ခန္ဓာကိုယ်ကကြီးတော့ တံတားက "ဂျိန်းကနဲ ဂျိုင်းကနဲ" မြည်တာပေ့ါ။

"ဟေ့ အပေါ်က ဆူဆူညံညံလျှောက်နေတာ ဘယ်ကောင်လဲကွ"တစ္ဆေကြီးက ကြုံးဝါးလိုက်တယ်။

"ငါကွ။ ဘာမထီဆိတ်သိုးကြီးပဲ" ဆိုပြီး လည်ချောင်းကွဲသံကြီးနဲ့ ပြန်ပြောလိုက်တယ်။

"ငါမင်းကို ဝါးစားမယ်" လို့ တစ္ဆေကြီးက ကြုံးဝါးပြန်တယ်။

"ကောင်းပြီ တက်လာခဲ့။ ငါ့မှာလှံနှစ်ချောင်းပါတယ်။ မင်းမျက်လုံးကို နားရွက်ကနေပေါက်ထွက်အောင်ထိုးလိုက်မယ်။ ငါ့ဆီမှာ ကျောက်တုံးကြီးနှစ်လုံးလည်းပါတယ်။ မင်းရဲ့အရိုးတွေအသားတွေကို တစ်စစီ ဖြစ်အောင် ထုပစ်မယ်"။

အဲဒါတွေကတော့ ဆိတ်သိုးကြီးပြောလိုက်တဲ့ စကားလုံးတွေပဲ။ ပြီးတော့ အပေါ်တက်လာတဲ့ တစ္ဆေ ကြီးဆီကို တဟုန်ထိုးပြေးပြီး သူ့ရဲ့ဂျိုနဲ့ မျက်လုံးကိုထိုးဖောက်လိုက်တယ်။ သူ့ရဲ့ခွာနဲ့ အရိုးတွေအသားတွေကျေကုန်အောင်ကြိတ်ထည့်လိုက်ပြီး စမ်းချောင်းထဲကို ကန်ချလိုက်တယ်။ ပြီးတော့ တောင်ကုန်းပေါ်ကိုတက်သွားတယ်။ ဆိတ်သုံးကောင်ဟာဝလွန်းတာကြောင့် အိမ်ပြန်ဖို့အခက်ကြုံရပြန်တယ်။ အင်း အဆီသာကျမသွားဘူးဆိုရင် သူတို့ကတော့ ဝပြီးရင်း ဝရင်းပါပဲ။ ။

ပုံပြင်လေးကတော့ ဒါပါပဲ။

# ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်

**Academic Controversy - ပညာရှင်များငြင်းခုံဆွေးနွေးခြင်း။** ကွဲလွဲသောထင်မြင်ချက်များအပေါ် ဆွေးနွေးရန်အတွက် စုပေါင်းလုပ်ဆောင်ရသောနည်းလမ်းတစ်ခုဖြစ်သည်။

**Active Learning - တက်ကြွစွာသင်ယူခြင်း။** မေးခွန်းမေးခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် ကိုယ်တိုင်လမ်းညွှန်ရသော သင်ကြားခြင်းတို့ပါဝင်သည့် သင်ယူရန်ချဉ်းကပ်နည်းတစ်ခုဖြစ်သည်။ ဤနည်းသည် အလွတ်ကျက်မှတ်၍သင်ယူခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

**Advance Organizer - ကြိုတင်စီစဉ်ခြင်း။** ခေါင်းစဉ်နှင့်ပတ်သက်၍ ကျောင်းသားများ၏စဉ်းစားချက်ကို ထုတ်ယူရန်နှင့် စိတ်ဝင်စားမှုကိုမြှင့်တင်ရန် သင်ခန်းစာ၏အစပိုင်း ကြိုတင်သိမြင်ခြင်းအပိုင်းတွင်ပြုလုပ်သော လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် ခေါင်းစဉ်အကြောင်းအတိုချုပ်ပြောခြင်းလည်းဖြစ်နိုင်သည်။ ဖတ်စာကို စာတစ်ကြောင်းဖြင့် အတိုချုပ်ရေးထားခြင်းလည်းဖြစ်နိုင်သည်။ မေးခွန်းတစ်ခုကို ပြုစုခြင်းလည်းဖြစ်နိုင်သည်။

**Anticipation - ကြိုတင်သိမြင်ခြင်း။** သင်ခန်းစာတစ်ခု၏ အစပိုင်းလုပ်ဆောင်ချက်ဖြစ်သည်။ လုပ်ဆောင်ချက်များတွင် ခေါင်းစဉ်အကြောင်း ကျောင်းသားများသိထားသည်များကိုအမှတ်ရစေခြင်း၊ ခေါင်းစဉ်နှင့်ပတ်သက်၍ မေးခွန်းထုတ်ရန်အားပေးခြင်းနှင့် ကျောင်းသားများ၏သင်ယူမှုအတွက် ရည်ရွယ်ချက်ချမှတ်ခြင်းတို့ပါဝင်သည်။

**Assessment - အကဲဖြတ်စစ်ဆေးခြင်း။** ကျောင်းသားများ ဘာသင်ယူနေသည်၊ ဘယ်လိုသင်ယူနေသည်တို့ကို ရှာဖွေသောလုပ်ဆောင်ချက်ဖြစ်သည်။ ဆရာများ ဘယ်လိုသင်ကြားသည်၊ သင်ကြားသည့်ရလဒ်က ဘာဖြစ်သည်တို့ကို လေ့လာစောင့်ကြည့်သော လုပ်ဆောင်ချက်လည်းဖြစ်သည်။ စစ်ဆေးခြင်းသည် သင်ခန်းစာတစ်ပုဒ်ကိုသင်ကြားနေစဉ် ထိုသင်ခန်းစာ၏အကျိုးသက်ရောက်မှုကိုကြည့်ရှုသော သင်ခန်းစာတစ်လျှောက်စစ်ဆေးခြင်း (formative Assessment) ဖြစ်နိုင်သည်။ သို့မဟုတ် သင်ခန်းစာ၏အောင်မြင်မှုကို သင်ခန်းစာအဆုံးတွင်စစ်ဆေးသော အဆုံးသတ်စစ်ဆေးခြင်း (summative assessment) လည်းဖြစ်နိုင်သည်။ စစ်ဆေးခြင်းသည် သင်ယူရရှိသောသဘောတရား၊ အချက်အလက်နှင့် သဘောထားအစရှိသည့် ပါဝင်သောအကြောင်းအရာများ (content) ကိုလည်း အဓိကထားစစ်ဆေးနိုင်သည်။ ထို့ပြင် ပြန်လည်အသုံးချရန် ကျောင်းသားများသင်ယူခဲ့သောကျွမ်းကျင်မှုများကို စစ်ဆေးသည့်ဖြစ်စဉ် (process) ကိုလည်း အဓိကထားနိုင်သည်။

**Best Practices - အကောင်းဆုံး လေ့ကျင့်မှု။** ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု၍ အကျိုးသက်ရောက်မှုရှိသော သင်ကြားနည်းများဖြစ်သည်။ သုတေသနပြုထားသော နည်းလမ်းများလည်းပါဝင်သည်။

**Brainstorming - အကြံဉာဏ်ထုတ်ခြင်း။** ဝေဖန်ပိုင်းခြားစဉ်းစားခြင်းမပြုဘဲ အလျင်အမြန်ပြုလုပ်သော နည်းလမ်းတစ်ခုဖြစ်သည်။ အကြံဉာဏ်ထုတ်ခြင်းနည်းကို ဆွေးနွေးရန်အတွက် အတွေးအခေါ်အယူအဆအကြံဉာဏ်အမြောက်အများရရှိစေရန် အသုံးပြုသည်။ အကြံဉာဏ်ထုတ်ပြီးနောက်မှသာ နှိုင်းချိန်စဉ်းစားခြင်းက လိုက်ပါလာတတ်သည်။

**Building Knowledge - အသိပညာတည်ဆောက်ခြင်း။** တက်ကြွစွာသင်ယူသည့်နည်းတစ်ခုတွင် သင်ခန်းစာ၏ အလယ်သို့ ဦးတည်သောအဆင့်ဖြစ်သည်။ ဤအဆင့်တွင် ကျောင်းသားများသည် အကြောင်းအရာတစ်ခုကို လေ့လာစူးစမ်းသည်။ မေးခွန်းများ၏အဖြေကိုလည်း ရှာဖွေသည်။

**Character Map - ဇာတ်ကောင်မြေပုံ။** စုစည်းခြင်းအပိုင်းတွင် မကြာခဏအသုံးပြုသည့် ဇယားကားချပ်ဖြင့် ဖော်ပြသောနည်းတစ်ခုဖြစ်သည်။ ဤနည်းသည် စာဖတ်သူများအတွက် ဇာတ်ကောင်စရိုက်များကို နှိုင်းယှဉ်ကြည့်ရန်

နှင့် မှတ်တမ်းအဖြစ်ထားရှိရန်လွယ်ကူသည်။

**Community Agreements - လူမှုအသိုင်းအဝိုင်း၏ သဘောတူညီမှုများ။** သဘောတူညီထားပြီးဖြစ်သည့် အမူအကျင့်ဆိုင်ရာစံများဖြစ်သည်။ ဤစံများကို ကျောင်းသားများအဖွဲ့လိုက်စုပေါင်းလုပ်ဆောင်နေစဉ် တိုးတက်မှုရှိစေသည်။ အာရုံစိုက်ထားသောလုပ်ဆောင်ချက်များကို ကျောင်းသားများဆက်လက်လုပ်ဆောင်နိုင်စေရန်အသုံးပြုနိုင်သည်။

**Consolidation - စုစည်းခြင်း။** တက်ကြွစွာသင်ယူသည့်နည်းတစ်ခုတွင် သင်ခန်းစာ၏အဆုံးပိုင်းသို့ဦးတည်သောအဆင့်ဖြစ်သည်။ ဤအဆင့်တွင် ကျောင်းသားများသည် သင်ယူလိုက်သောအရာများအပေါ် ပြန်လည်စဉ်းစားသုံးသပ်သည်။ အသိပညာအသစ်ကို အဓိပ္ပါယ်ဖွင့်ဆိုသည်။ ဝေဖန်ထောက်ပြသည်။ အသုံးပြုသည်။ ဆွေးနွေးငြင်းခုံသည်။ ပြုပြင်မွမ်းမံသည်။

**Cooperative Learning - စုပေါင်းသင်ယူခြင်း။** ကျောင်းသားများအား တစ်ဦးစီ၏သင်ယူမှုအတွက် တာဝန်ယူစေသောအဖွဲ့လိုက်လုပ်ဆောင်ရသည့် ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ကျောင်းသားတစ်ဦးစီသည် သူတို့၏ကိုယ်တိုင်သင်ယူမှုအတွက်လည်းတာဝန်ရှိသည်။ ပူးပေါင်းသင်ယူခြင်း (collaborative learning) သည် စုပေါင်းသင်ယူခြင်းနှင့် အဓိပ္ပါယ်ဆင်တူသည်။

**Critical Incident Journal - အရေးကြီးသောအဖြစ်အပျက်မှတ်တမ်း။** ကျောင်းသားများလက်တွေ့လုပ်၍ သင်ယူနေစဉ်အတွင်း ရရှိခဲ့သောအတွေ့အကြုံများအပေါ် ပြန်လည်စဉ်းစားဆင်ခြင်ရန် အသုံးပြုသောမှတ်တမ်းတစ်ခု ဖြစ်သည်။ ဤမှတ်တမ်းသည် အဓိကအတွေ့အကြုံများအပေါ် အာရုံစိုက်ထားသည်။ ထို့ပြင် အတွေ့အကြုံများအပေါ် ပြန်လည်စစ်ဆေးရန် ကျောင်းသားများကိုဦးဆောင်မှုပေးသည်။

**Critical Thinking - ဝေဖန်ပိုင်းခြားစဉ်းစားခြင်း။** မူလအဆိုပြုချက် (သို့မဟုတ်) မူလထင်မြင်ချက်များကို ဖော်ပြခြင်းနှင့် ထိုအဆိုပြုချက်နှင့်ထင်မြင်ချက်များကိုအကျိုးအကြောင်းပြ၍ အထောက်အပံ့ပေးခြင်းတို့ကို အလေးထားသည့် စဉ်းစားခြင်းကိုချဉ်းကပ်သည့်နည်းတစ်ခုဖြစ်သည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို ကျောင်းသားများက နှုတ်ဖြင့်ဖြစ်စေ၊ စာရေး၍ဖြစ်စေ သူတို့၏အဆိုပြုချက်နှင့် ထင်မြင်ချက်များကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အထောက်အပံ့ပေးခြင်းပြုလုပ်သောအခါ ထိထိမိမိအသုံးပြုသည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို ကျောင်းသားများက အခြားလူများ၏အဆိုပြုချက်များကို ဝေဖန်ထောက်ပြသောအခါ သဘောပေါက်လက်ခံလာအောင်အသုံးပြုသည်။

**Directed Listening Thinking Activity (DL-TA) - လမ်းညွှန်မှုဖြင့်စဉ်းစား၍နားထောင်ခြင်း လုပ်ဆောင်ချက်။** လမ်းညွှန်မှုဖြင့်စဉ်းစား၍စာဖတ်ခြင်းလုပ်ဆောင်ချက် (DR-TA) ကဲ့သို့ပင် ဤနည်းသည် ဆရာက ကျောင်းသားများအားအသံထွက်၍စာဖတ်ပြခြင်းကို လက်ခံသည်။ အောက်တွင် ရှုပါ။

**Directed Reading Activity (DRA) - လမ်းညွှန်မှုဖြင့်စာဖတ်ခြင်းလုပ်ဆောင်ချက်။** နားလည်ခြင်းအဆင့် (comprehension-level) ရှိသောမေးခွန်းများဖြင့် ကျောင်းသားများ၏အသံတိတ်စာဖတ်ခြင်းကိုလမ်းညွှန်သောအသိပညာတည်ဆောက်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းတွင် ရပ်နားသည့်နေရာများနှင့် အပိုင်းလိုက်ဖတ်ခြင်းတို့ပါဝင်သည်။

**Directed Reading Thinking Activity (DR-TA) - လမ်းညွှန်မှုဖြင့်စဉ်းစား၍ စာဖတ်ခြင်းလုပ်ဆောင်ချက်။** ဇယားကားချပ်များဖြင့်လမ်းညွှန်၍ ကျောင်းသားများ၏အသံတိတ်စာဖတ်ခြင်းပါဝင်သည့် အသိပညာတည်ဆောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ ဇယားကားချပ်များသည် ကျောင်းသားများအားခန့်မှန်းရန်၊ ခန့်မှန်းချက်များကိုခုခံပြောဆိုရန်နှင့် ရှေ့ဆက်ဖတ်ရန်ကူညီသည်။

**Discussion Web - ဆွေးနွေးပွဲကွန်ယက်။** ဇယားကားချပ်များဖြင့်ဖော်ပြသော နည်းတစ်ခုဖြစ်သည်။ ဇယားကားချပ်များကိုအသုံးပြု၍ စုပေါင်းဆွေးနွေးမှုကိုချဉ်းကပ်သည့် နည်းတစ်ခုလည်းဖြစ်သည်။

**Dramatic Roles - ဇာတ်လမ်းတွင်ပါဝင်သည့်ကဏ္ဍများ။** ဇာတ်လမ်းတွင် သရုပ်ဆောင်သည့်ဇာတ်ကောင်များ၏ အခန်းကဏ္ဍများကိုစစ်ဆေးခြင်းအားဖြင့် စာပေဖန်တီးမှုများကိုဆွေးနွေးသော ဆက်နွယ်ဖွဲ့စည်းမှုကိုလေ့လာသည့် (structuralist) နည်းစနစ်တစ်ခုဖြစ်သည်။

**Dual-entry diary - နှစ်ပိုင်းပါမှတ်တမ်း။** ဖတ်နေသောစာတပုဒ်ကို တုံ့ပြန်ရေးသားရန်ပုံစံတစ်ခုဖြစ်သည်။ စာရွက်ကို ကော်လံနှစ်ခုခွဲသည်။ တစ်ဖက်တွင်ဖတ်စာထဲမှကိုးကားသော စာပိုဒ်ကိုရေးရန်ဖြစ်သည်။ အခြားတစ်ဖက်တွင် အဆိုပါ စာပိုဒ်အပေါ် စာဖတ်သူ၏ထင်မြင်ချက်ကိုရေးသည်။

**Elbow Partner - ဘေးချင်းကပ်အတူထိုင်သူ။** အဖွဲ့လိုက်လုပ်ဆောင်ချက်များတွင် တစ်ဖက်တည်းအတူထိုင်သူ ကျောင်းသားကိုဆိုလိုသည်။

**Experiential Learning - အတွေ့အကြုံမှသင်ယူခြင်း။** ကျောင်းသားများသည် အတွေ့အကြုံမှတိုက်ရိုက်သင်ယူသော စာသင်ခန်းပြင်ပတွင်ပြုလုပ်သည့် လက်တွေ့လုပ်ဆောင်ချက်များအတွက် ယေဘုယျအသုံးအနှုန်းတစ်ခုဖြစ်သည်။ လူမှုရေးလုပ်ငန်းလက်တွေ့လုပ်ခြင်းဖြင့်သင်ယူခြင်း (service-learning) (အောက်တွင် ရှုပါ) သည် အတွေ့အကြုံမှသင်ယူသောနမူနာတစ်ခုဖြစ်သည်။

**Face Partner - မျက်နှာချင်းဆိုင်ထိုင်သူ။** အဖွဲ့လိုက်လုပ်ဆောင်ချက်များတွင် မျက်နှာချင်းဆိုင်ထိုင်သူ (သို့မဟုတ်) နောက်ဘက်တွင်ထိုင်သူကိုဆိုလိုသည်။ ကုလားထိုင်များကိုနေရာရွှေ့နိုင်လျှင် မျက်နှာချင်းဆိုင်ထိုင်နိုင်သည်။ခုံများရွှေ့မရလျှင် ကျောင်းသားတစ်ဦးကကိုယ်ကိုလှည့်၍ နောက်မှကျောင်းသားနှင့်စကားပြောနိုင်သည်။

**Fishbowl - စက်ဝိုင်းပုံသဏ္ဍာန်ဆွေးနွေးပွဲ။** (ဥပမာ– ငါးအလှမွေးသည့် ဖန်အိုးကလေးကို ဝိုင်းဝန်းကြည့်ရှုခြင်း)။ ကျောင်းသား ၆ ဦးခန့်ကုလားထိုင်များတွင်ဝိုင်းထိုင်၍ဆွေးနွေးကြပြီး ကျန်ကျောင်းသားများကဘေးပတ်လည်မှဝိုင်း၍ နားထောင်ခြင်းဖြစ်သည်။

**Free Writing - လက်တန်းအလွတ်ရေးခြင်း။** အကြောင်းအရာခေါင်းစဉ်တစ်ခုအပေါ် အာရုံစိုက်ထားသော အချိန်ကန့်သတ်မထားသည့်ရေးသားခြင်းဖြစ်သည်။ ဤအလွတ်ရေးခြင်းသည် အများကိုဖြန့်ဝေရန်ကြေညာစာ ရေးသားခြင်းမျိုးမဟုတ်ဘဲ ကျောင်းသားများ၏ကိုယ်ပိုင်အတွေးကို ထုတ်ဖော်ပြသရန်အလေးထားသည်။

**Graphic Organizer - ဇယားကားချပ်။** စိတ်ထဲတွင်ရှိသောအကြံဉာဏ်များကို အစီအစဉ်တကျထုတ်ဖော်ပြသရာတွင် ကျောင်းသားများ၏တုံ့ပြန်မှုကိုစီစဉ်ရန်အတွက် အသုံးပြုသောကားချပ် (သို့မဟုတ်) ဇယားတစ်ခုဖြစ်သည်။ ဥပမာ– ဝေါဟာရအဓိပ္ပါယ်ကွန်ယက် (semantic webs)၊ တီဇယား (T-Charts)။

**Jigsaw - ဂျစ်ဆောနည်း။** စုပေါင်းသင်ယူသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ဤနည်းတွင် ကျောင်းသားများသည် မူလအဖွဲ့များ (home groups) နှင့် ကျွမ်းကျင်သူအဖွဲ့များ (expert groups) တွင်ပါဝင်ပြီး သင်ခန်းစာပါအကြောင်းအရာများကို အပြန်အလှန်သင်ကြားကြသည်။ မူလအဖွဲ့ (home group) သည် ကျောင်းသားများအတူတကွလေ့လာသင်ယူသည့်အခါနှိုင်းယှဉ်ကြည့်လျှင် အချိန်ကြာကြာတွဲရသည့်အုပ်စုများဖြစ်သည်။ ကျွမ်းကျင်သူအဖွဲ့များ (expert groups) သည် ကျောင်းသားများတာဝန်ယူဆောင်ရွက်ရန်သင့်သလို ဖွဲ့စည်းထားသောအဖွဲ့များဖြစ်သည်။

**Journals - နေ့စဉ်မှတ်တမ်း။** ကျောင်းသားများ သူတို့သင်ကြားနေသည့်အပေါ်တုံ့ပြန်ချက်ကို မှတ်သားသော မှတ်စုစာအုပ်ဖြစ်သည်။ အလေးထားသည့်အချက်မှာ စဉ်းစားချက်များပါဝင်သောပုဂ္ဂိုလ်ရေးတုံ့ပြန်ချက်ကို ပို၍ရေးသား

ရန်ဖြစ်သည်။ မှတ်စုရေးသားခြင်းမဟုတ်ပါ။ (မှတ်စုရေးသားခြင်းမှာလည်း တန်ဖိုးရှိပါသည်။ သို့ရာတွင် နေ့စဉ်မှတ်တမ်း (Journals) တွင် ရေးသားသည့်တုံ့ပြန်ချက်နှင့် ရည်ရွယ်ချက်ချင်းမတူပါ။)

**JUICE** (Job, Understand, Instruct, Critique, Evaluate) - (အလုပ်၊ နားလည်ခြင်း၊ ညွှန်ကြားခြင်း၊ ဝေဖန်ခြင်း၊ အကဲဖြတ်ခြင်း)။ နှစ်ယောက်တွဲသင်ယူသော ကျောင်းသားများအသုံးပြုရန် ရေးဆွဲထားသောလေ့လာသင်ယူရေး နည်းတစ်ခုဖြစ်သည်။

**Just in time lecture - အချိန်မီသင်ကြားခြင်း။** ဤနည်းကိုအထူးသဖြင့် လုပ်ငန်းခွင်ဆွေးနွေးပွဲ (workshop) များတွင် အသုံးပြုသည်။ ဤနည်းသည် ကျောင်းသားများသိရန်လိုအပ်သည်ထက်မပိုဘဲ သင်ကြားသည့် သင်ခန်းစာအကျဉ်းချုပ် ဖြစ်သည်။ ဤသို့သင်ပေးခြင်းဖြင့် ကျောင်းသားများလုပ်ဆောင်ရမည့်အလုပ်ကို အကောင်အထည်ဖော်နိုင်သည်။

**K-W-L - သိပြီး၊ သိလို၊ သိလာ။** သင်ခန်းစာတစ်ပုဒ်၏အဆင့်များဖြစ်သော ကြိုတင်သိမြင်ခြင်း၊ အသိပညာတည် ဆောက်ခြင်းနှင့် စုစည်းခြင်းတို့ကိုလွှမ်းခြုံသည့်ဇယားကားချပ် (graphic organizer) တစ်ခုဖြစ်သည်။ ကျောင်းသား များက သူတို့ဘာသိသည်၊ ဘာကိုသိချင်သည်နှင့် ဘာကိုသင်ယူသည်တို့ကိုမှတ်တမ်းတင်သည်။

**Learning Log - သင်ယူမှုအခြေပြဇယား။** ကျောင်းသားများသည် သင်ယူမှုတစ်ခုကိုလုပ်ဆောင်ခဲ့စဉ် ဖြတ်သန်းခဲ့ သောအဆင့်များကို ပြန်ကြည့်ရန်ရေးသားထားသည့် ဆင်ခြင်သုံးသပ်ချက်ဖြစ်သည်။

**Levels of Thinking - စဉ်းစားခြင်းအဆင့်များ။** အသိဉာဏ်ဆိုင်ရာစိန်ခေါ်မှု၏ ပမာဏကိုရည်ညွှန်းသည်။ စဉ်းစားမှု အမျိုးမျိုးတွင်ပါဝင်သည့်ခက်ခဲရှုပ်ထွေးသော စိတ်ပိုင်းဆိုင်ရာအလုပ်ကိုလည်းရည်ညွှန်းသည်။ စဉ်းစားခြင်းအဆင့်များကို ဤသို့ယူဆထားပါသည်။ အချက်အလက်ကိုမှတ်မိရုံသက်သက်သည် ပို၍လွယ်ကူသည်။ ထို့ကြောင့် အဆင့်နိမ့်တွင် ပါဝင်သည်။ ထို့နောက် စိတ်ကူးအကြံဉာဏ်ကိုအသုံးချသည် (သို့မဟုတ်) အခြားအကြံဉာဏ်များနှင့် နှိုင်းယှဉ်ကြည့် သည်။

**M-Chart-M-ကားချပ်** ။ ကော်လံသုံးခုပါဝင်သော ဇယားတစ်ခုဖြစ်သည်။

**Mix/Freeze/Pair - ရောနှော/ရပ်နား/နှစ်ဦးတွဲ။** စုပေါင်းဆောင်ရွက်သည့် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ကျောင်း သားများသည် အတန်းထဲတွင်လှည့်လည်သွားလာနေကြပြီး ဆရာက ရပ်ခိုင်းသောအခါရပ်ကြသည်။ အနီးဆုံးလူနှင့် နှစ်ယောက်တွဲ၍ ခေါင်းစဉ်တစ်ခုကိုဆွေးနွေးကြသည်။

**One Stay, Three Stray - တစ်ကောင်နေ သုံးကောင်ပျံ** ။ စုပေါင်းသင်ယူသည့် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ မူလအဖွဲ့ တစ်ခုမှကျောင်းသားများသည် အခြားမူလအဖွဲ့များသို့သွားကြသည်။ အဆိုပါအဖွဲ့များ၏အကြံဉာဏ်များကို မိမိတို့၏ မူလအဖွဲ့သို့ပြန်လည်တင်ပြကြသည်။

**Paired Reading/Paired Summarizing - နှစ်ဦးတွဲစာဖတ်ခြင်း၊ နှစ်ဦးတွဲအကျဉ်းချုံးခြင်း။** စုပေါင်းလုပ်ဆောင် ချက်တစ်ခုဖြစ်သည်။အတွဲများကဖတ်စာတစ်ပုဒ်ကိုအတူတကွဖတ်ပြီးထိုအကြောင်းအရာကိုတစ်ဦးနှင့်တစ်ဦးမေးကြသည်။

**Pens in the Middle - ဘောပင်များကို အလယ်မှာချနည်း။** စုပေါင်းသင်ယူသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်း သည်အဖွဲ့ဝင်များကို အချိန်အညီအမျှရရှိစေသည်။

**Predicting from Terms - ဝေါဟာရများကိုအခြေပြု၍ ခန့်မှန်းခြင်း။** စာမဖတ်မီစုပေါင်းဆောင်ရွက်သည့်နည်း တစ်ခုဖြစ်သည်။ ကျောင်းသားများသည် ဖတ်စာထဲမှစကားလုံးအချို့ဖြင့် ဇာတ်လမ်းတစ်ပုဒ်ကိုဖန်တီးရန် ဝေါဟာရများ စွာကိုအသုံးပြု၍ နှစ်ယောက်တွဲဖြစ်စေ၊ အဖွဲ့ငယ်ဖြင့်ဖြစ်စေ လုပ်ဆောင်ကြသည်။

**Question Board - မေးခွန်းသင်ပုန်း။** ကျောင်းသားများသည် သူတို့ရှာဖွေလိုသောအရာများနှင့် ပတ်သက်၍ မေးခွန်းများရေးရန် အသုံးပြုသောပစ္စည်းတစ်ခုဖြစ်သည်။ အကြောင်းအရာခေါင်းစဉ်များသည် လေ့လာသင်ယူနေသော စာအုပ်နှင့် ဆက်စပ်မှုရှိချင်မှရှိမည်။

**Quick-Write - အမြန်ရေးချနည်း။** မေးခွန်းတစ်ခုကိုဖြစ်စေ၊ ဆရာက အစဖော်ပေးထားသောအချက်ကိုဖြစ်စေ အကျဉ်းချုပ်တုံ့ပြန်ရေးသားခြင်းဖြစ်သည်။

**Quiet signal - ငြိမ်သက်ရန်အချက်ပြခြင်း။** တိတ်ဆိတ်ငြိမ်သက်ရန်နှင့် ကျောင်းသားများ၏အာရုံစူးစိုက်မှုကို ရရှိစေရန် တိတ်ဆိတ်စွာအချက်ပြခြင်း ဖြစ်သည်။ ဤနည်းကို လုပ်ငန်းခွင်ဆွေးနွေးပွဲများတွင် လုပ်ဆောင်ချက်များစွာကို တပြိုင်နက်လုပ်ဆောင်သောအခါ အသုံးပြုသည်။

**RAFT - ကဏ္ဍ၊ ပရိသတ်၊ ပုံစံ၊ အကြောင်းအရာ။** သင်ခန်းစာတစ်ပုဒ်၏စုစည်းခြင်းအပိုင်းတွင် အသုံးပြုသော စာရေးသားသည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ကျောင်းသားများသည် အပိုင်းလေးခုကိုထည့်သွင်းစဉ်းစားရမည်။ အခန်းကဏ္ဍ (Role) ဘယ်သူရေးနေသလဲ။ ပရိသတ် (Audience) ဘယ်သူဖတ်မလဲ။ ပုံစံ (Format) စာပေပုံစံကဘာလဲ။ ခေါင်းစဉ် (Topic) ဘာအကြောင်းအရာလဲ။

**Reading and Questioning - စာဖတ်ခြင်းနှင့်မေးခွန်းမေးခြင်း။** စုပေါင်းသင်ယူလေ့လာသည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ကျောင်းသားနှစ်ယောက်တွဲသည် ဖတ်စာကိုဖတ်သည်။ မေးခွန်းများ ချရေးသည်။ ထို့နောက်မေးခွန်းများကို ဖြေဆိုကြသည်။ နောက်ပိုင်းတွင် ထိုမေးခွန်းနှင့်အဖြေများကို လေ့လာရေးအထောက်အကူအဖြစ် အသုံးပြုကြသည်။

**Reading with Stops - ရပ်နား၍စာဖတ်ခြင်း။** ဆရာသည် ကျောင်းသားများအား မေးခွန်းတစ်ခု၏အဖြေကိုရှာဖွေရန် ဖတ်စာ၏အစိတ်အပိုင်းတစ်ခု (စာပိုဒ်တစ်ပိုဒ် သို့မဟုတ် စာမျက်နှာတစ်ဝက်) ကို တိတ်ဆိတ်စွာဖတ်ရန် အသုံးပြုသော နည်းတစ်ခုဖြစ်သည်။ ဤနည်းကို လမ်းညွှန်မှုဖြင့်စာဖတ်ခြင်း (DRA) နှင့် လမ်းညွှန်မှုဖြင့် စဉ်းစား၍စာဖတ်ခြင်း (DR-TA) တို့တွင် မကြာခဏအသုံးပြုသည်။

**Reciprocal Teaching - အပြန်အလှန်သင်ကြားခြင်း။** စုပေါင်းစာဖတ်ခြင်းနှင့်ဆွေးနွေးခြင်း လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ အဖွဲ့ဝင်များသည် ဆရာအဖြစ်တစ်လှည့်စီ သရုပ်ဆောင်ကြသည်။

**ReQuest - အပြန်အလှန်မေးမြန်းခြင်း။** စုပေါင်းသင်ယူသော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ကျောင်းသားအတွဲများ သည် စာတစ်ပုဒ်ကိုဖတ်၍ တစ်ယောက်နှင့်တစ်ယောက် မေးခွန်းမေးကြသည်။ ဤအခေါ်အဝေါ်သည် ပြန်လည်၍ (re / again) နှင့် မေးခွန်း (question) တို့မှ ဆင်းသက်သည်။

**Rubric - စည်းမျဉ်း။** ကျောင်းသားများအတွက် ပေးထားသောတာဝန်တစ်ခုတွင် လုပ်ဆောင်ရန်အချက်များ အပြည့်အစုံပါဝင်သည့် ဖော်ပြချက်တစ်စုံဖြစ်သည်။ စည်းမျဉ်းများသည် အကောင်းဆုံးဖြစ်စေရန်ရေးဆွဲထားသော စံထားချက်များမှ ထွက်ပေါ်လာသည်။ ကျောင်းသားများအား မည်သို့ကောင်းအောင် ဆောင်ရွက်ရမည်ကိုဖော်ပြသော အကဲဖြတ်စစ်ဆေးသည့်ပုံစံတစ်ခုဖြစ်သောကြောင့် စည်းမျဉ်းများကို အသုံးပြုကြသည်။

**Save the Last Word for Me - နောက်ဆုံးစကားပြောခွင့်ပေးပါ။** ဆွေးနွေးသည့်နည်းတစ်ခု ဖြစ်သည်။ ကျောင်းသားများသည် ဖတ်စာမှရွေးချယ်ထားသောကိုးကားချက်များကို ဦးဆောင်ဆွေးနွေးရန် အလှည့်ကျသည်။ ဤအခေါ်အဝေါ်သည် ၁၉၆၀ ခုနှစ်ခန့်က ခေတ်စားခဲ့သောသီချင်းတစ်ပုဒ်မှ ယူထားသည်။

**Scaffolding - ငြမ်းဆင်ခြင်း။** ကျောင်းသားများအား တာဝန်တစ်ခုကိုအောင်မြင်စွာဆောင်ရွက်ရန် ပေးထားသော ယာယီအကူအညီဖြစ်သည်။ နောက်ထပ်မလိုအပ်တော့လျှင် အကူအညီကိုဖယ်ရှားသည်။

**Semantic Map - ဝေါဟာရဖွင့်ဆိုချက်မြေပုံ။** ဇယားကားချပ်တစ်ခုဖြစ်သည်။ အတွေးအခေါ်အယူအဆများကို အဓိကအတွေးအခေါ်အယူအဆ၏ အရံများအဖြစ် အစဉ်အတိုင်း စာရင်းပြုစုဖော်ပြထားသည်။

**Service-learning - လူမှုရေးလုပ်ငန်းလက်တွေ့လုပ်ခြင်းဖြင့် သင်ယူခြင်း။** စာသင်ခန်း၏ပြင်ပနှင့် ရပ်ရွာထဲတွင် သင်ကြားမှုကိုတိုးချဲ့သော နည်းတစ်ခုဖြစ်သည်။ ကျောင်းသားများသည် ကျောင်းတွင်သင်ကြားနေသည့် ဘာသာရပ် တစ်ခုနှင့်ဆက်နွယ်သောနယ်ပယ်တစ်ခုတွင် ဝန်ဆောင်လုပ်ငန်းကို အကျိုးရှိစွာပြုလုပ်သည်။ ဤနည်းသည် ပညာရပ် များသင်ယူခြင်းနှင့် ပုဂ္ဂိုလ်ရေးဖွံ့ဖြိုးတိုးတက်မှုနှစ်မျိုးစလုံးအတွက် သူတို့၏ဝန်ဆောင်လုပ်ငန်းအတွေ့အကြုံကို ပြန်လည်စဉ်းစားရန် ကျောင်းသားများကို ဦးဆောင်သည်။

**Shared Inquiry - ဖလှယ်စူးစမ်းခြင်း။** ဝေဖန်ပိုင်းခြားစဉ်းစားရန်နှင့် လွတ်လပ်စွာဆုံးဖြတ်ချက်ချရန်အတွက် ဆွေးနွေးပွဲပြုလုပ်သည့်နည်းတစ်ခု ဖြစ်သည်။ ဆွေးနွေးပွဲသည် အဓိပ္ပါယ်ကောက်ယူသောမေးခွန်းများ (interpretive questions) ကို အသုံးပြုသည်။ ဤမေးခွန်းများသည် အဖွင့်မေးခွန်းများဖြစ်ပြီး ဖတ်စာအပေါ်စူးစိုက်ထားသည်။

**Spec Sheet - အချက်အလက်ပြစာရွက်။** ဤအသုံးအနှုန်းသည် အချက်အလက်ပြစာရွက် (specification sheet) ကို အတိုဖော်ပြထားခြင်းဖြစ်သည်။ အချက်အလက်ပြစာရွက်သည် ရေးသားထားသည့်စာ (essay) တစ်ပုဒ်တွင် ပါဝင်သင့်သည့်အချက်များကို ဖော်ပြသည့်စာရင်းဖြစ်သည်။

**SQRRR (Survey, Question, Read, Recite, Review) –(ဆန်းစစ်လေ့လာခြင်း၊ မေးခွန်းထုတ်ခြင်း၊ ဖတ်ရှုခြင်း၊ ပြန်ဖတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း)။** ကျောင်းသားတစ်ဦးချင်းအသုံးပြုရန် လေ့လာနည်းတစ်ခု ဖြစ်သည်။

**Structured Overview - ခြုံငုံသုံးသပ်ခြင်း။** သင်ခန်းစာတစ်ခု၏အစပိုင်းတွင်ပြောကြားသော အတိုချုပ်မိတ်ဆက်စကား ဖြစ်သည်။ ရည်ရွယ်ချက်မှာ ခေါင်းစဉ်ကိုမိတ်ဆက်ပေးရန်နှင့် အရေးကြီးသောဝေါဟာရတချို့ကို ပြောပြရန်ဖြစ်သည်။

**T-Chart - တီဇယား။** ကော်လံနှစ်ခုပါသော ဇယားတစ်ခုဖြစ်သည်။

**Text Coding - ဖတ်စာကို သင်္ကေတအမှတ်အသားပြုခြင်း။** ကျောင်းသားများစာတစ်ပုဒ်ကိုဖတ်ခြင်း၊ လိုအပ်သောအချက်အလက်ကိုရှာဖွေခြင်းနှင့် ဘေးနားတွင်မှတ်သားထားခြင်းတို့ ပါဝင်သည့်နည်းစနစ်တစ်ခုဖြစ်သည်။

**Thematic Unit – အကြောင်းအရာတစ်ခုကို ကဏ္ဍခွဲ၍သင်ကြားခြင်း။** တခြားဘာသာရပ်များအပါအဝင် ရှုထောင့်အမျိုးမျိုးမှခေါင်းစဉ်တစ်ခုကိုစစ်ဆေးရန် သင်ခန်းစာစီစဉ်သည့်အစိတ်အပိုင်းဖြစ်သည်။ ဤနည်းတွင် စာဖတ်ခြင်းနှင့်စာရေးခြင်းမှလေ့လာစောင့်ကြည့်ခြင်း၊ ပြဇာတ်ကခြင်းနှင့်ပန်းချီရေးဆွဲခြင်းအထိ ကျယ်ပြန့်သောလုပ်ဆောင်ချက်များပါဝင်လေ့ရှိသည်။

**Think/Pair/Share - စဉ်းစား/တွဲ/ဖလှယ်။** မေးခွန်းမေးသည့်နည်းစဉ်တစ်ခုဖြစ်သည်။ဤနည်းတွင် မေးခွန်းတစ်ခုကို အတန်းသို့မေးသည်။ ကျောင်းသားများက (၁) တစ်ဦးချင်းအဖြေကို စဉ်းစားမည်။ (၂) မိမိ၏အတွဲနှင့် အဖြေများကို နှိုင်းယှဉ်ကြည့်သည်။ (၃) အတွဲတချို့ကို ရွေးချယ်၍မိမိတို့၏အတွေးအမြင်များကို အတန်းသို့မျှဝေသည်။

**Three-Part Journal - သုံးပိုင်းပါမှတ်တမ်း။** စာသင်ခန်းအတွင်း စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ အတွေ့အကြုံများနှင့် ဆက်စပ်နေသော လက်တွေ့လုပ်ဆောင်၍သင်ယူသည့် လုပ်ဆောင်မှုအတွင်းရရှိသည့်အတွေ့အကြုံများကို ပြန်လည် စဉ်းစားရန် ကျောင်းသားများအသုံးပြုသည့်မှတ်တမ်းတစ်ခုဖြစ်သည်။

**Trade a Problem - ပြဿနာတစ်ခုကို လဲလှယ်ခြင်း။** စုပေါင်းသင်ယူသည့် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ အဖွဲ့တစ်ခုမှ ကျောင်းသားများသည် အခြားအဖွဲ့မှကျောင်းသားများဖြေရှင်းရန်အတွက် လေ့လာနေသည့်အကြောင်းအရာနှင့် ပတ်သက်၍ မေးခွန်းများပြုစုကြသည်။

**Value Line - တန်ဖိုးမျဉ်း။** စုပေါင်းလုပ်ဆောင်သည့် နည်းတစ်ခုဖြစ်သည်။ ကျောင်းသားများသည် 'ဟုတ်တယ်၊ မဟုတ်ဘူး' အဖြေနှစ်မျိုးပါဝင်သည့် မေးခွန်းတစ်ခုအပေါ် သူတို့၏ရပ်တည်ချက်နှင့်ပတ်သက်၍ စိတ်ကူးမျဉ်း(imaginary line) တလျှောက် နေရာယူကြသည်။

**Walk Around/Talk Around - လှည့်သွား/လိုက်ပြော ။** သင်ခန်းစာတစ်ခု၏ ကြိုတင်သိမြင်ခြင်းအပိုင်းတွင် အကြံ ဉာဏ်များကိုဖလှယ်ရန် စုပေါင်းလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။

**Warm-up - သွေးပူလေ့ကျင့်ခန်း။** ရေခဲခွဲသင်္ဘော (ice-breaker) ဟုလည်းခေါ်သည့် သွေးပူလေ့ကျင့်ခန်းတစ်ခုကို အဖွဲ့လိုက်လုပ်ဆောင်ချက်မတိုင်မီ အသုံးပြုသည်။ သွေးပူလေ့ကျင့်ခန်းသည် ကျောင်းသားများကို လန်းဆန်းစေပြီး အတူတကွအလုပ်လုပ်ရန် အဆင်သင့်ဖြစ်စေသည်။ သွေးပူလေ့ကျင့်ခန်းနည်းတချို့ကို ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြ ထားပါသည်။ အဆိုပါနည်းများမှာ ထူးခြားချက်ရှိသူကိုရှာဖွေခြင်း၊ လျှို့ဝှက်သောစွမ်းရည်များ၊ အမှန်နှစ်ခု အမှားတစ်ခု၊ ပင့်ကူအိမ်ဖွဲ့ခြင်း၊ အချစ်ရေ ချစ်လိုက်တာ၊ ကျွန်ုပ်ကိုစကားပြောပါ၊ မွန်ရေ မော့ကြည့်ပါ (Scavenger hunt; Secret Talents; I love you, Dear; Spider Web; Talk to Me and Look Up Mon) တို့ဖြစ်သည်။

**What? So What? Now What? - ဘာလဲ။ ဒီတော့ဘာဖြစ်လဲ။ ယခုကော။** K-W-L သင်ကြားနည်းနှင့်တစ်ဆက်တည်း ပြုလုပ်လေ့ရှိသည့် နည်းတစ်ခုဖြစ်သည်။ ဆိုလိုချက်မှာ သင်ယူခဲ့ပြီးသည့်အကြောင်းအရာကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ တနည်းပြောရလျှင် ကျွန်တော်တို့ယခု တစ်ခုခုကို သိပြီ။ ဘာကြောင့် အဲဒါက အရေးကြီး ရသလဲ။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ဘာလုပ်သင့်သလဲ။

**Writing across the Curriculum - သင်ရိုးညွှန်းတမ်းတစ်ခုလုံးနှင့်သက်ဆိုင်သည့် ရေးသားခြင်း။** သင်ယူခြင်းနှင့် စဉ်းစားခြင်းကို အထောက်အကူဖြစ်စေရန် အသုံးပြုသောရေးသားခြင်း ဖြစ်သည်။ အထူးပြုသည့်အချက်မှာ ဤစာမျိုး သည် စူးစမ်းလေ့လာရန်ရေးသားထားသည့် စာတိုဖြစ်လေ့ရှိသည်။ ဤစာမျိုးတွင် မေးခွန်းအတွက်အဖြေများ၊ ကြိုတင် ခန့်မှန်းချက်များနှင့် အတန်းအားစစ်ဆေးရန်မေးခွန်းများ ပါဝင်ကောင်းပါဝင်နိုင်သည်။

# REFERENCES

Anderson, L. W. 2000. *Taxonomy for learning, teaching, and assessing: A revision of Bloom's taxonomy of educational objectives,* complete edition. New York: Longman.

Anderson, L. W., D. R. Krathwohl, P. W. Airasian, K. A. Cruikshank, R. E. Mayer, P. R. Pintrich, J. Raths, and M. C. Wittrock. 2000. *A taxonomy for learning, teaching, and assessing: A revision of Bloom's taxonomy of educational objectives*. New York: Pearson Allyn and Bacon.

Atwell, N. 1987. *In the middle: Writing, reading, and learning with adolescents*. Portsmouth, NH: Heinemann.

Ausubel, D. P. 1968. *Educational psychology: A cognitive view.* New York: Holt, Rinehart and Winston.

Baloche, L. 1997. *The Cooperative classroom*. New York: Prentice Hall.

Bean, J. 1996. *Engaging ideas: The professor's guide to integrating writing, critical thinking, and active learning in the classroom*. San Francisco: Jossey Bass.

Beck, I. L., M. G. McKeown, and L. Kucan. 2002. *Bringing words to life*. New York: Guilford.

Bleich, D. 1975. *Subjective criticism*. Baltimore: Johns Hopkins University Press.

Bloom, B. S., ed., et al. 1969. *Taxonomy of educational objectives: The classification of educational goals. Handbook I: Cognitive Domain*. New York: McKay.

Brown, R. 1958. *Words and things*. Garden City, NY: Basic Books.

Browne, M. N., and S. Keeley. 1997. *Asking the right questions: A guide to critical thinking (5th Edition)*. New York: Prentice Hall.

Buehl, D. 2001. *Classroom strategies for interactive learning*. Newark, DE: International Reading Association.

Calkins, L. M. 2000. *The art of teaching writing*. New York: Longman.

Campus Compact. 2000. *Introduction to service-learning toolkit*. Providence, RI: Campus Compact.

Daniels, H. 2002. *Literature circles: Voice and choice in book clubs and reading groups*. Portland, ME: Stenhouse.

De Bono, E. 1973. *Lateral thinking: Creativity, step-by-step*. New York: Perennial.

Egan, K. 1992. Teaching as storytelling. In C. Temple and P. Collins, eds., *Stories and readers*. Norwood, MA: Christopher-Gordon.

Elbow, P. 1998. *Writing without teachers*, 2nd ed. New York: Oxford.

Freire, P. 2000. *Pedagogy of the oppressed*. New York: Continuum.

Frye, N. 1968. *The educated imagination*. Bloomington, IN: Indiana University Press.

Gardner, H. 1993. *Frames of mind: The theory of multiple intelligences*. New York: Basic Books.

Gibbs, J. 2001. *Tribes: A new way of learning and being together*. Windsor, CA: Center Source Systems.

Gillet, J. W., C. Temple, and A. Crawford. 2004. *Understanding reading problems: Assessment and instruction*. 6th ed. White Plains, NY: Longman.

Glasser, W. 1993. *The quality school teacher*. New York: Harper Collins.

Graves, D. H. 1982. *Writing: Teachers and children at work*. Portsmouth, NH: Heinemann.

Gunning, T. G. 2000. *Creating literacy instruction for all children*. Boston: Allyn and Bacon.

Halpern, D. 1995. *Thought and knowledge: An introduction to critical thinking*. Mahwah, NJ: Lawrence Earlbaum Associates.

Heimlich, J. E., and S. D. Pittelman. 1986. *Semantic mapping: Classroom applications*. Newark, DE: International Reading Association.

Herrenkohl, L. R., and M. R. Guerra. 1998. Participant structures, scientific discourse, and student engagement in fourth grade. *Cognition and Instruction* 16: 431-473

Herrenkohl, L. R., and J. Wertsch. 1999. The use of cultural tools: Mastery and appropriation. In I. E.Sigel, ed., *Development of mental representation: Theories and applications*. Mahwah, NJ: Lawrence Erlbaum Associates.

Inhelder, B., H. Sinclair, and M. Bovet. 1974. *Learning and the development of cognition*. Cambridge, MA: Harvard University Press.

Kagan, S. 1997. *Cooperative learning*. San Clemente, CA: Kagan Cooperative Learning.

Kermode, F. 1975. *The sense of an ending*. Chicago: University of Chicago Press.

Kurland, D. 1995. *I know what it says…What does it mean? Critical skills for critical reading*. New York: Wadsworth.

Luke, A. 2000. Critical literacy in Australia: A matter of context and standpoint. *Journal of adolescent and adult literacy* 43 (5): 448-461.

Macrorie, K. 1998. *The I-search paper*. Portsmouth, NH: Boynton/Cook.

Manzo, A. 1969. The ReQuest procedure. *Journal of Reading* 31 (11): 123-126

Manzo, A., and U. Manzo. 1994. *Teaching children to be literate: A reflective approach*. Orlando, FL: Harcourt.

Marzano, R. 1992. *A different kind of classroom: Teaching with dimensions of learning*. Washington, DC: Association for Supervision and Curriculum Development.

Marzano, R., D. Pickering, and J. Pollock. 2001. *Classroom instruction that works: Research-based strategies for increasing student achievement*. Washington, DC: Association for Supervision and Curriculum Development.

Mathews, S. R. 2003. *Encouraging and assessing spontaneous use of critical thinking strategies.* Paper presented at the 13th European Reading Conference, Tallinn, Estonia.

Moss, J. 1998. Planning instructional units. In C. Temple, M. Martinez, J. Yokota, and A. Naylor, *Children's books in children's hands*. Needham Heights, MA: Allyn and Bacon.

Murray, D. M. 2003. *A writer teaches writing*, 2nd. ed. Portsmouth, NH: Heinemann.

Neisser, U. 1976. *Cognition and reality: Principles and implications of cognitive psychology.* New York: Freeman.

O'Flaherty, L. 1937. A shilling. *The short stories of Liam O'Flaherty*. London: Case.

Ogle, D. 1986. K-W-L: A teaching method that develops active reading of expository text. *The Reading Teacher*, 39: 564-570.

Palincsar, A. M., and A. L. Brown. 1984. Reciprocal teaching of comprehension fostering and comprehension monitoring activities. *Cognition and Instruction* (1): 117-175

Paul, R. 1993. *Critical Thinking: What every person needs to survive in a rapidly changing world*. Santa Rosa, CA: Foundation for Critical Thinking.

Pearce, C. 2003. The question board. *The Thinking Classroom*, 4, (1): 43-44.

Pearce, C. R. 1999. *Nurturing inquiry: Real science for the elementary classroom*. Portsmouth, NH: Heinemann.

Pearson, P. D. and R. C. Anderson. 1984. A schema-theoretic view of basic processes in reading. In P. David Pearson. et. al., eds., *Handbook of reading research*. New York: Longman.

Plecha, J. 1992. Shared inquiry. In C. Temple and P. Collins, eds., *Stories and readers*. Norwood, MA: Christopher-Gordon.

Rapaport, R. 1986. Desecrating the holy woman: Derek Freeman's attack on Margaret Mead. *American Scholar*, 55 (3): 313-347

Rosenblatt, L. 1937. *Literature as exploration*. New York: Modern Language Association.

__________. 1978. *The Reader, the text and the poem*. Carbondale, IL: Southern Illinois University Press.

Santa, C. 1988. *Content writing, including study systems*. Dubuque, IA: Kendall/Hunt.

Sims Bishop, R. 1990. Mirrors, Windows, and Sliding Glass Doors. *Perspectives* 6: ix-xi.

Slavin, R. 1994. *Cooperative learning: Theory, research, and practice*. Boston: Allyn and Bacon.

Stauffer, R. G. 1969. *Teaching reading as a thinking process*. New York: Harper and Row.

Steele, J. L., and K. Meredith. 1997. *Reading and writing for critical thinking, Guidebook I.* New York: Open Society Institute.

Temple, C. 2003. *The B/C teachers' upgrade guide*. Dar es Salaam: Tanzanian Ministry of Education and Culture.

_________. 2000. *Critical thinking across the curriculum: RWCT in higher education*. New York: Open Society Institute.

_________. 2005. Critical thinking and critical literacy. *The Thinking Classroom* 6 (2): 15-20.

Temple, C., R. Nathan, N. Burris, and F. Temple. 1993. *The beginnings of writing*, 3rd ed. Needham Heights, MA: Allyn and Bacon.

Tierney, R. J., M. Carter, and L. Desai. 1991. *Portfolio assessment in the reading-writing classroom*. Norwood, MA: Christopher-Gordon.

Unrau, N. 1997. *Thoughtful teachers, thoughtful learners: A guide to helping adolescents think critically*. New York: Pippin.

Vacca, R. T., and J. L. Vacca. 1996. *Content area reading*, 5th ed. White Plains, NY: Longman.

Valencia, S., W. McGinley, and P. D. Pearson. 1990. *Assessing reading and writing: Building a more complex picture for middle school assessment.* Champaign, IL: University of Illinois, Center for the Study of Reading.

Vaughn, J., and T. Estes. 1986. *Reading and reasoning beyond the primary grades.* Boston: Allyn and Bacon.

Wagner, B. J. 1976. *Drama as a learning medium*. Washington, DC: NEA.

Zohar, A., Y. Weinberger, and P. Tamir. 1994. The effect of the Biology Critical Thinking Project on the development of critical thinking. *Journal of Research in Science Teaching* 31: 183